မောင်သာနိုး

# ထင်းရှူးပင်ရိပ်



တတိယအကြိမ်

# ထင်းရှူးပင်ရိပ်

**မောင်သာနိုး**

**ကျောက်ဆောင်ဂါစာအုပ်**
၄၀ ၊ က ၊ သံလွင်လမ်း ၊ ဗဟန်း ၊ ရန်ကုန်မြို့။
ဖုန်း – ၅၃၈၁၆၄ ၊ ၅၂၄၁၆၇ ၊ ၅၃၉၇၃၇ ။

စာမူခွင့်ပြုချက်အမှတ်    -  ၄၂၀၀၆၆၀၅၁၂
မျက်နှာဖုံးခွင့်ပြုအမှတ်   -  ၄၂၀၀၂၈၀၆၀၅

**ပုံနှိပ်ခြင်း**

ပထမအကြိမ်   -  (၁၉၆၈) ယမင်းစာပေ
ဒုတိယအကြိမ်   -  (၁၉၉၈) ရာပြည့်စာအုပ်တိုက်
တတိယအကြိမ်   -  (၂၀၀၆) ကျောက်ဆောက်စာအုပ်တိုက်

အုပ်ရေ  -  ၁၀၀၀

**ပုံနှိပ်သူ**

မျက်နှာဖုံးနှင့်အတွင်း - ဦးကျော်ငွေးမင်း (၀၅၉၉၂)
အောင်သိန်းသန်းအော့ဖ်ဆက်
အမှတ် (၄၄/ခ) ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဒေါ်ခင်လေးနွယ် (၀၃၉၃၆)
ကျောက်ဆောက်စာအုပ်တိုက်
အမှတ် (၄၀/က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**စာအုပ်ချုပ်**

ကိုတင်အေး (လှိုင်)

**တန်ဖိုး  -  ၄၀၀၀ ကျပ်**

# မာတိကာ


နေ့စွဲများ က
အခနာက်တိုင်း ကဗျာ ၁


## အင်္ဂလိပ် ကဗျာ


ဘလိတ်၊ ဝီလျံ
Blake, William ၂၅
ဝဒ်စဝသ်၊ ဝီလျံ
Wordsworth, William ၃၆
ကိုးလရစ်၊ ဆင်မြူယလ် တေလာ
Coleridge, Samuel Taylor ၆၅
ဘိုင်ရွန်၊ ဂျော့ ဂေါ်ဒွန်
Byron, George Gordon ၇၅
ရှယ်လီ၊ ပါဆီ ဘစ်ရှီ
Shelly, Percy Bysshe ၉၀
ကိတ်စ်၊ ဂျွန်
Keats, John ၁၂၉
ယိတ်စ်၊ ဝီလျံ ဘတ္တလာ
Yeats, William Butler ၁၆၀

အဲလီယတ်၊ ထောမတ်စ် စတန်း
Eliot, Thomas Stein ၁၇၁
ထောမတ်စ်၊ ဒီလန်
Thomas, Dylan ၁၉၃


## မြင်သစ် ကဗျာ


ဘို့ဒလယ် ပီယာ ရှားလ်
Baudelaire, Pierre Charles ၂၀၅
ရန်ဘိုး၊ ရှန်း အာထည်ရ်
Rimbaud, Jean Arthur ၂၂၁
ဗဲရလဲန်း၊ ပေါလ်
Verlaine, Paul ၂၃၂
မာလာမေ၊ စတေဖနယ်
Mallarmé, Stephane ၂၄၄
ဗာလေရီ၊ ပေါလ်
Valéry, Paul ၂၅၄
အပေါ်လီနယ်၊ ဂည်လောမယ်
Apollinaire, Guillaume ၂၆၇
အာရာဂွန်၊ လူဝီ
Aragon, Louis ၂၈၁


## ဂျာမန် ကဗျာ


ဂည်ထယ်၊ ယိုဟန် ဗိုလဂန် ဖွန်
Goethe, Johann Wolfgang von ၂၈၇
ရီလကယ်၊ ရေနယ် မာရီယာ
Rilke, Rainer Maria ၃၀၆


## စပိန် ကဗျာ


လောရကာ၊ ဂါရသီယာ
Lorca, Garcia ၃၁၉
နေရူဒါ၊ ပါဘလို
Neruda, Pablo ၃၃၆

## အီတလီ ကဗျာ

လီယိုပါဒီ၊ ဂျာကိုမို
Leopardi, Giacomo ၃၄၃

## ရုရှ ကဗျာ

ပုရှကင်၊ အလက်ဆန္ဒရ် ဆယ်ရဂဲယဲဗစ်ချ်
Pushkin, Alexander Sergeyevich ၃၅၃
ဘလောက်၊ အလက်ဆန္ဒရ် အလက်ဆန္ဒရောဗိချ်
Blok, Alexander Alexandrovich ၃၆၂
မာယာကောဖ်စကီးယ်၊ ဗလာဒီမိရ် ဗလာဒီမီရောဗစ်ချ်
Mayakovsky, Vladimir Vladimirovich ၃၆၉
ပါစတျရ်နာက်၊ ဘောရစ် လီယောညီဒေါဗစ်ချ်
Pasternak, Boris Leonidovich ၃၇၇
ယက်ဖတူရှင်ကို၊ ယက်ဗဂဲနီ
Yevtushenko, Yevgeny ၃၈၂

စာရေးသူနဲ့ ခေါင်းစဉ် အညွှန်း ၃၉၀
Index of authors and titles ၃၉၃

## နေ့စွဲများ

| ရာဇဝင် | စာပေ | အနုပညာ |
|---|---|---|
| ၁၇၅၅ ကုန်းဘောင်တည် | | |
| ၁၇၅၆-၆၃ ခုနှစ်နှစ် စစ်ပွဲ | | |
| | ၁၇၆၄-၇၀ ရှူးဆိုး 'ဖြောင့်ချက်များ' | |
| ၁၇၇၆ အမေရိကန် လွတ်လပ်ရေး | ၁၇၆၇ လက်ဝဲသုန္ဒရ 'မဲဇာတောင်ခြေ' | |
| | ၁၇၈၅ ရာမရကန် | ၁၇၈၄ ဒေးဗစ် 'ဟော်ရေရှိုင်း' |
| ၁၇၈၉ ပြင်သစ်တော်လှန်ရေး | ၁၇၈၉ ဘလိတ် 'အပြစ်မဲ့မှု တေးများ' | |
| | ၁၇၉၈ ဝဒ်စဝသ်နဲ့ ကိုးလရစ် 'လီရိက ဘာလဒများ' | ၁၈၀၀ ဂိုယာ 'မာယာနုဒ' |
| | ၁၈၀၂ ရှတိုးဘရိယန် | |
| ၁၈၀၄-၁၄ နပိုလီယန် | | ၁၈၀၅ တန်နာ 'သဘော်ပျက်' |
| | ၁၈၀၇ ဟဲဂဲလ် | |
| | ၁၈၁၃ စကော့တ် 'ဝေဗာလီ' | |
| ၁၈၁၅-၂၄ လူဝီ ၁၈ | | |

| | | |
|---|---|---|
| | ၁၈၂၀ ရှယ်လီ<br>'ပရောမီသယပ်စ်' | |
| | ၁၈၂၄ ဘိုင်ရွန်<br>'ဒွန်ဟွန်' | ၁၈၂၁ ကန်စတ<br>ဘလ် 'ပေးဝိုင်း' |
| ၁၈၂၆ ရန္တပို<br>စာချုပ် | ၁၈၂၆ ဟိုလဒလင် | ၁၈၂၅ ကော<br>ရော့တ် 'အဲကွိဒတ်' |
| ၁၈၂၅-၇၀<br>လူဝီ နပိုလီယန် | ၁၈၂၉-၄၈<br>ဘာလ်ဇာက် | |
| | ၁၈၃၁ ပုသျှကင်<br>'ယဲဗဂဲနီ ဩညီဂင်' | |
| | ၁၈၃၅ ဘာလ်ဇာက်<br>'ဂေါရယော' | ၁၈၃၄ ဒဲလကရွာ<br>'အဲလဂျီးယားစ် |
| | လှိုင်ထိပ်ခေါင်တင် ဖွား | က မိန်းမများ ' |
| ၁၈၃၇ ဝိတိုရိယ<br>နန်းတက် | ၁၈၄၀ လဲရမန်တော့ဖ်<br>'သူရဲကောင်း' | |
| | ၁၈၄၃ ပိုး 'ပင်ဒူလမ်' | ၁၈၄၅ ကူးဘဲ<br>'ကျောက်တုံးခွဲသူများ' |
| ၁၈၄၈ 'ကွန်မြူနစ်<br>ကြေညာစာတမ်း'<br>၁၈၅၂ ပဲခူးသိမ်း | ၁၈၅၀ တင်နီဆန်<br>'အင် မဲမောရီအမ်' | |
| | ၁၈၅၂ ဂိုတျယ်<br>(အနုပညာအတွက်<br>အနုပညာဝါဒ စတင်) | ၁၈၅၀ ကူးဘဲ<br>'အသုဘ' |
| | ၁၈၅၅ မြဝတီဦးစ<br>ကွယ်လွန် | |

| | | |
|---|---|---|
| | လှိုင် ‘ဝိဇယကာရီ’ | |
| | ၁၈၅၇ ဖလိုးဘဲ | |
| | ‘မဒမ် ဘော်ဗရီ’ | |
| | ဘိုးဒလယ် | ၁၈၆၂ ဒိုးမယဲ |
| | | ‘တတိယတန်းရထား’ |
| | | မီးလက် |
| | | ‘ကော်ပြားနဲ့ လူ’ |
| | ၁၈၆၆ ဒေါ့စတာ | ၁၈၆၆ မနယ် |
| | ယဲစကီး | ‘ပလေ့သမား’ |
| | ၁၈၆၇ အိဘဆင် | |
| | ‘ပီးယားဂင့်’ | |
| | ၁၈၆၉ | |
| | တော်လစတွိုင်း | |
| | ‘စစ်နဲ့ငြိမ်းချမ်းရေး’ | |
| | ဦးပုည ကွယ်လွန် | |
| ၁၈၇၀-၇၁ | ၁၈၇၀ ရဲန်ဘိုးလှူပ်ရှား | |
| ပြင်သစ် ပရပ်ရှာ | | ၁၈၇၂ မော်နယ် |
| စစ်ပွဲ | | ‘နေထွက်’ |
| | | (အင်ပရက်ရှင်းနစ် |
| | ၁၈၇၄ ဗယ်ရလန်း | ပန်းချီ) |
| | ၁၈၇၆ မာလာမေ | |
| | | ၁၈၈၀ ဆေဇန်း |
| | | ‘မွန်တိန်း’ |
| | | ၁၈၈၁ ရနွားရ် |
| | | ‘လှေစီးအဖွဲ့’ |
| | ၁၈၈၃ နီးရှ (ဂျာမန် | ၁၈၈၄ မော်နယ် |
| | ဒဿန ဆရာ | ပင်လယ်ကြမ်း’ |
| ၁၈၈၅ | ၁၈၈၅ လာဖော့ဂ် | ၁၈၈၅ ဆာရား |
| မြန်မာပြည်သိမ်း | | ‘ဂျုံခင်း’ |

| | |
|---|---|
| | ဗန်ဂေါဟ် |
| | 'အာလူး စားနေ |
| | သူများ' |
| ၁၈၈၇ ရဲန်ဘိုး | |
| 'လင်းပြချက်များ' | |
| ၁၈၈၈ စထယ်ရင်ဘယ် | ၁၈၈၉ ရော့ဒန် |
| 'ယူလယယ်' | 'အတွေးသမား' |
| ၁၈၉၁ ဟာဒီ 'တက်စ်' | (ပန်းပု) |
| (ပန်းသား မစာဉ) | |
| ၁၈၉၆ ဟောက်စ်မန် | ၁၈၉၅ မန့် |
| 'ရှရော့ပရှလုလင်' | 'ဆီရိယမ်' |
| | ၁၈၈၉ ဂိုဂဲန် |
| | တဟီတီသူများ' |
| ၁၉၀၀ ဖရွိုဒ် | |
| 'အိပ်မက်' | |
| ၁၉၀၄ ချဲဟော့ဖ် | ၁၉၀၃ ပိကာဆို |
| ဂျိမ်းလှကျော် | 'လာဗီယယ်' |
| 'မောင်ရင်မောင် | |
| မမယ်မ' | |
| ၁၉၀၇ အဲလီယတ် | |
| 'ပရှဖရော့က်' | |
| ၁၉၀၇ ရီလ်ကယ် | ၁၉၀၈ ဘရန်းကုရှ် |
| ဘယ်ဂဆွန်း | 'အနမ်း' (ပန်းပု) |
| | မာတစ် |
| | 'အခန်းနီနီ' |
| ၁၉၀၉ ရှိုဒ် | ၁၉၀၉ ပိကာဆို |
| အိတ်ချဂျိဝဲလ်စ် | 'ဗော်လာ' |
| ၁၉၁၂ | ၁၉၁၁ မာတစ် |
| မာယာကော့ဖစကီးယ် | 'မော်ရောကို |

| | | |
|---|---|---|
| | ဦးလတ် 'စပယ်ပင်' | ရှမျှော်ခင်း' |
| | ၁၉၁၃ 'ပင်ရင်ဆီပိယ | ၁၉၁၃ ကန်ဒန်စကီ |
| | မာသဲမာတီကာ' | 'ကွန်ပိုဇီရှင်း ၇' |
| | ၁၉၁၃ အပေါ်လီနယ် | |
| | 'အယ်လ်ကောလ်' | |
| | လောရင့်စ် 'သားများ' | |
| | ပရူစ်တ် | ၁၉၁၅ ဟွန်ဂရစ် |
| ၁၉၁၄-၁၈ | | 'ဟာလယ်ဂွင်' |
| ပထမကမ္ဘာစစ် | | |
| | ၁၉၁၈ ဘလော့က် | ၁၉၂၁ ပီကာဆို |
| | ဟော့ပကင်းစ် | 'ဂီတသမား သုံးဦး' |
| | ၁၉၂၁ ဗစ်ဂင်စတိုင် | |
| | ၁၉၂၂ အဲလီယတ် | |
| | 'ကန္တာရ' | |
| | ဗာလေရီ | |
| | 'မန္တရားများ' | |
| | ဂျိုက်စ် 'ယူလီဆိစ်' | |
| | ပေါင်းဒ် 'ကဗျာများ' | ၁၉၂၅ |
| | | မက္ကစ်ဘဲကမန် |
| | | 'တုံးလုံးမယ်' |
| | ၁၉၃၀ အော့ဒန် | |
| | ၁၉၃၄ ကာနပ် | ၁၉၃၃ ဒါလီ |
| | ၁၉၃၆ အဲလ်ယတ် | |
| | 'ဘန့်တ် နော်တန်' | |
| | | ၁၉၃၇ ပီကာဆို |
| | | ဂွဲရနီကာ' |
| | ဒီလန် တော့မတ်စ် | |
| ၁၉၃၉ ဒုတိယ | ၁၉၃၈ ဆားရ်တရ် | |
| ကမ္ဘာစစ် | 'နော့ဆယ' | |

( ဦးဝင်းဖေက ကျေးဇူးပြုတယ် )

# အနောက်တိုင်းကဗျာ

၁

## ‘စိန်ခြူးကြာညောင်’ နဲ့ ‘ကွန်မြူနစ် ကြေညာစာတမ်း’

ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က စာရေးသူဟာ နိုင်ငံခြားသား သတင်းစာဆရာ တစ်ဦးနဲ့အတူ ဗမာပန်းချီဆရာ တစ်ဦးအိမ် အလည်ရောက်သွားပါတယ်။ အတော်အသင့် ထင်ရှားတဲ့ ပန်းချီဆရာတစ်ဦးပါပဲ။ ပန်းချီအကြောင်း စကားပြောကြယင်းက နိုင်ငံခြားမိတ်ဆွေက ‘ခင်ဗျားတို့ဆီမှာ ခုဘယ်လိုဟရင်းတွေ လိုက်နေကြပါသလဲ’ လို့ မေးလိုက်ပါတယ်။ ကျွန်တော့် မိတ်ဆွေပန်းချီဆရာခမျာ သူ့မေးခွန်းကို နားမလည်နိုင်အောင် ဖြစ်သွားရပြီး ကြောင်နေတော့တယ်။ ကျွန်တော်ကပဲ ဝင်ပြီး ‘ဪ ကျွန်တော်တို့ဆီမှာ ဟရင်းတွေ ဘာတွေသိပ်မရှိသေးပါဘူး ခင်ဗျာ၊ အစဉ်အလာလမ်းကြောင်းအတိုင်း ဒီလိုပဲရေးဆွဲနေကြပါတယ်’လို့ ပြောလိုက်ရပါတယ်။ အဲဒီအချိန်အပိုင်းဆီက ခေတ်ပြိုင် အနုပညာဟရင်းတွေကို ခေတ်မီမီ လေ့လာသိမြင်နေတဲ့ ပန်းချီကျော်တွေလဲ မြန်မာပြည်မှာရှိကောင်းရှိနေပါလိမ့်မယ်။ ဒါပေမဲ့ တော်တော် များများကဖြင့် ကျွန်တော့်မိတ်ဆွေလို ကိုယ်သင်လာခဲ့ဖူးတဲ့ရေးနည်းဆွဲနည်းကလေးနဲ့ပဲ လူပုံဆွဲလိုက် ရှုမျှော်ခင်းပုံဆွဲလိုက်၊ ရေဆေးဆွဲလိုက်၊ ဆီဆေးဆွဲလိုက် ဒါလောက်နဲ့ ပြီးနေကြသူတွေပါပဲ။ ‘မော်ဒန်အတ်’တို့ ‘ဆာရီယဲလစ်ဇင်း’တို့ ‘အင်ပရက်ရှင်နစ်ဇင်း’ တို့ဆိုတဲ့ အသံတွေပန်းချီလောကက ကြားရတာ မကြာသေးပါဘူး။

ဒါပေမယ့် ဒီနေရာမှာ မြန်မာပန်းချီလောကဟာ မြန်မာ စာပေလောက ထက် ကံကောင်းပါတယ်။ ခုနေခါမှာ ခေတ်ပေါ်မြန်မာပန်းချီကားတွေပေါ်နေပြီ၊ ပေါ်တာမှ တော်တော်အဆင့်အတန်းမီမီ ပေါ်နေပြီဖြစ်ပေမဲ့ 'မော်ဒန်' မြန်မာ ကဗျာရယ်လို့ မူးလို့မှုရှူစရာ မရှိသေးပါဘူး။ ဟုတ်ကဲ့၊ ကျွန်တော်တို့ အောင်ချိမ့်ဟာ လက်ဝဲသုန္ဒရလို ရတုပိုဒ်စုံမရေးတော့ပါဘူး၊ ကျွန်တော်တို့ အိုအောင်ဟာလဲ ရှင်မဟာ ရဋ္ဌသာရလို ဇာတ်ကြီးဆယ်ဖွဲ့ထဲက ကောင်းနိုးရာရာရှာပြီး ပျို့တစ်ပုဒ် ခမ်းခမ်း နားနားဖြစ်အောင်အားထုတ်တာမျိုး မလုပ်တော့ပါဘူး။ ဒါပေမယ့်အကြောင်း အရာတွေ ပိုပြီးကျယ်ပြန့်လာတာ၊ မျိုးစုံလာတာ၊ စာဟန်တွေသစ်လာတာ (သစ်လာ တာကော ဟုတ်မှဟုတ်ရဲ့လား)က လွဲယင် စာပေမှာစိမ့်ဝင်နေတဲ့ 'ခံစားနိုင်စွမ်း' ဆိုတာကတော့ ပိန်မသာ လိန်မသာပါပဲ။ (ပူးတွဲ ပေးထားတဲ့ ဇယားကိုကြည့်ပါ)

ကနေ့အချိန်မှာ ကျနော်တို့ဟာအဘက်ဘက်က ခေတ်နဲ့ရင်ပေါင်တန်းနိုင် အောင် အားထုတ်နေကြပြီ။ ခေတ်ကို အတော်အသင့်လိုက်မီလာတာလဲရှိရဲ့။ ဒါပေမယ့် နောက်ကျနေတာက များနေသေးတယ်။ အဲဒီများတဲ့ထဲမှာ စာပေက ထိပ်ကပြေး နေတယ်။ ဒီတော့ ကျနော်တို့ ဘာလုပ်ကြမလဲ။ ကျနော်တို့ ကြိုးစား ကြရမယ်၊ လေ့လာကြရမယ်။ သူများတွေ ဘယ်အဆင့်ရောက်နေတယ်ဆိုတာ ကို လေ့လာသိမြင်ပြီး ကိုယ်ကိုယ်တိုင်ရဲ့အဆင့်၊ ရောက်နေတဲ့ အခြေအနေကိုလည်း သိမြင်ကြရပေ လိမ့်မယ်။ သိမြင်လာတာနဲ့အမျှ ပိုပြီး အစွမ်းထက်လာအောင်၊ အားကောင်းလာအောင် လုပ်ကြရမှာလဲ။ 'ပြည်သူ့အတွက် စာပေ' လို့ ကျွေးကြော် နေချိန်မှာ ကျွန်တော်တို့ ကဗျာတွေဟာ ပြည်သူကိုအကျိုးပြုနေရဲ့လား။ အကျိုးပြု နေရင်လည်း ဘယ်လောက် အဆင့်အထိ ထက်ထက်မြက်မြက်ပြုနေတာလဲ။ ဒီထက် ထက်မြက်လာအောင်ကော မလုပ်နိုင်တော့ဘူးလား။ ဘယ်လို လုပ်ကြမလဲ။ ဒါကို ကျွန်တော်တို့ ဆန်းစစ်ကြရပါလိမ့်မယ်။

ရာဇဝင်စာအုပ်ကို ခဏ ကောက်ကိုင်ပြီး ကျွန်တော်တို့တိုင်းပြည် အဘက် ဘက်က ခေတ်နောက်ကျခဲ့ရခြင်း အကြောင်းကို ဆန်းစစ်ကြည့်ယင် အဓိက အကြောင်းရင်းက 'အထီးကျန်ခြင်း' ဝါ 'အဆက်ပြတ်ခြင်း' ဆိုတာကို တွေ့ရပါ လိမ့်မယ်။ သူများတကာတွေ ကျောက်တိုင် ကျောက်လုံးကြီးတွေနဲ့ နန်းတော်ကြီးတွေ ဘုရားကျောင်းကြီးတွေ တည်ဆောက်နေကြချိန်မှာ ကျွန်တော်တို့က သစ်ကလေး ဝါးကလေးနဲ့ 'သစ်ခက်တဲနန်း' အပြိုင်ဆောက်ကြတုန်းပဲ။ သူများတကာတွေ ရေနွေးငွေ့ကို ကကြိုးတန်ဆာဆင်ပြီး စက်ကြီးတွေ၊ ယာဉ်ကြီးတွေ မောင်းနှင်လာနေ

ချိန်မှာလည်း ကျွန်တော်တို့က 'ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်'တုန်းပဲ။ သူများ တကာတွေက 'ပစ္စည်းမဲ့ လူတန်းစားမှာ ဘာမှဆုံးရှုံးစရာ မရှိဖူး၊ နှောင်ကြိုးပဲ ဆုံးရှုံးစရာရှိတယ်' လို့ ကမ္ဘာတုန်အောင် ဟစ်ကြွေးလိုက်တဲ့ အချိန်မှာလဲ ကျွန်တော် တို့ကတော့ 'စိန်ခြူးရယ်တဲ့ ကြာညောင်ကြာညောင်' ကောင်းတုန်းပဲ။ ကျွန်တော်တို့ ဖိုးဖွားတွေရဲ့ ဒီ 'အဆက်ပြတ်မှု' အစဉ်အလာဆိုးကို ကျွန်တော်တို့ဟာ ကနေ့အထိ အမွေခံချင်ကြတုန်းပဲ ဖြစ်နေတယ်။ ကျွန်တော်တို့ အဖိုးအဖွားတွေထက် အများကြီး အခွင့်အလမ်းသာလာပြီဖြစ်တဲ့ ကျွန်တော်တို့တစ်တွေဟာ ဒီ 'ဗမာ့ဉာဉ်' ကြီးကို အစတုံးပစ်ဖို့ ကောင်းလှပြီ။

ဒီလို တင်ပြလိုက်တဲ့အတွက် ကျွန်တော်တို့ ဆိုလိုတာကို အဓိပ္ပာယ် အကောက် မမှားလိုက်ဖို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့က သူများလုပ်တဲ့ အတိုင်း လိုက်လုပ်ရမယ်၊ အတုခိုးရမယ်လို့ ဂျောက်တွန်းနေတာမဟုတ်ဖူး။ သူများ ရောက်နေတဲ့ အဆင့်ကို သိရမယ်၊ သူများ သုံးနေတဲ့ နည်းနာတွေကို သိရမယ်၊ သူ့နည်းထဲက ကိုယ်လက်ခံနိုင်တာကို ယူသုံး၊ ကိုယ့်ဟာ ကိုယ်တီတွင်သင့်တာ တီတွင်၊ ဒီလိုလုပ်ခြင်းဖြင့် သူ့ထက်မကျော်ရင်သာရှိစေ၊ နောက်တော့ မကျစေရဖူး၊ ရင်ပေါင် တန်းရှိ နေစေရမယ်လို့ ကျွန်တော်တို့ကဆိုချင်တယ်။ ဒီ ဆိုလိုချက်အတိုင်းပဲ ဒီစာအုပ်ကို ကျွန်တော်ပြုစုပါတယ်။ ဒီ စာအုပ်ထဲမှာ ကျွန်တော်ရွေးချယ်တင်ပြထား တဲ့ ကဗျာဆရာ အားလုံးကို ကျွန်တော် သဘောကျတာ မဟုတ်ပါဖူး။ သူ့မှာထူးချွန် တာရှိခဲ့ယင်၊ သူ့နည်း ကို သိသင့်တယ်လို့ ယူဆယင် စာရင်းထဲမှာထည့်လိုက်တာပါပဲ။ ဒီ စာအုပ်ဟာ ကနေ့ခေတ်ရဲ့ ဩဇာတိက္ကမ ကြီးမားတဲ့ ကမ္ဘာ့အစိတ်အပိုင်းဖြစ်တဲ့ အနောက်တိုင်းက ကဗျာဆရာတွေရဲ့ ကဗျာ့လမ်းကြောင်းတွေ၊ သူတို့ သုံးနေတဲ့ နည်း (တက်ခနိက) တွေ၊ အယူအဆတွေ့ကို အထိုက်အလျောက်စုံစုံစေ့စေ့ မိတ်ဆက်ပေးနိုင်အောင်၊ 'နိပါတ်ခင်း' ပြနိုင်အောင် အားထုတ်ထားပါတယ်။

၂

## ဦးနောက်တိုး၊ ရှုဆိုးနဲ့ ကိုးလရစ်

အနောက်တိုင်းကဗျာဆိုတာလဲ အနောက်တိုင်း ယဉ်ကျေးမှု၊ ဝါ ကမ္ဘာ့ ယဉ်ကျေးမှုနဲ့ အမျှ သက်တမ်းရှည်ခဲ့ပါပီ။ ရာစုနှစ်လောက်နဲ့ ပြောလို့ မရဖူး၊ ထောင် နဲ့ ချီပီး ပြောကြရတဲ့ ကိစ္စဖြစ်နေပါတယ်။ ဒါကြောင့် 'အနောက်တိုင်း ကဗျာလက်ရွေးစင်'

လို့ အမည်ခံလိုက်ရသော်လည်း ဒီ စာအုပ်ငယ်မှာ ဟိုးမားရဲ့ အက်ပစ်ကဗျာကြီး တွေအကြောင်း ပြောပြနိုင်လိမ့်မယ် မဟုတ်ဘူး။ မနေ့တနေ့ကလို့တင် ထင်ရတဲ့ ရှိတ်စပီး ယားကိုတောင် မျက်လုံးလေးမော့ပီး မကြည့်အားပါဖူး။ ကြည့်ဖို့လဲ မရည်ရွယ်ဖူး။ အတိတ်ခေတ် ယဉ်ကျေးမှုတွေကို လူယဉ်ကျေးတို့ မည်သည် လေ့လာ ရကြမယ်၊ 'လူတော သူတော' ဝင်ပြီး စကားပြောနိုင်ရုံလောက်ဖြစ်ဖြစ် ကြာဖူး နားဝ ရှိရမယ် ဖြစ်ပေမဲ့ ဒီတာဝန်ကို စာပေဗိမာန်က 'စွယ်စုံကျမ်း' ပညာရှိများ၊ တက္ကသိုလ်က မျက်မှန်ထူထူနဲ့ လူ့ဗိုက်ရွဲကြီးများက တာဝန်ယူကြပါလိမ့်မယ်။ ဒီ စာအုပ်အနေနဲ့ ကတော့ 'ခေတ်ပေါ်ကဗျာ' (မော်ဒန်ပေါ်အဲထရီ) သက်သက်ကို လမ်း'ကြောင်း' ပြလိုယင်းပါ။

ခေတ်ပေါ်ကဗျာရဲ့ ခြေရာကို ကောက်တဲ့နေရာမှာတော့ သူ့ အထက်က အစ်ကိုတော်ဖြစ်တဲ့ ရောမန္တိက ကဗျာရဲ့အကြောင်းကို မပြောလို့မရပါဖူး။ ဒါကြောင့် ဒီစာအုပ်ကို ရောမန္တိကကဗျာနဲ့ စပြီး 'ပြည်တည်' ထားပါတယ်။ ရောမန္တိက ကဗျာမှာမှလည်း အင်္ဂလိပ်ရောမန္တိက ကဗျာဟာ ရှေ့ဆောင်ရှေ့ရွက်လို့ဆိုနိုင်တဲ့ အတွက် အင်္ဂလိပ် ကဗျာဆရာတွေဟာ ဒီစာအုပ်ရဲ့ ရှေ့တန်းစာမျက်နှာတွေမှာနေရာ ရကုန်ကြပါတယ်။

'ရောမန္တိက' ဆိုတဲ့ ဝေါဟာရကို မြန်မာလို အမျိုးမျိုးပြန်ဖို့ ကြိုးစားခဲ့ဖူး ကြပါပြီ။ အစောဆုံး ဘာသာပြန်ကတော့ 'စိတ်ကူးယဉ်ဝါဒ' ဖြစ်လိမ့်မယ်ထင်ပါ တယ်။ အချို့ကလဲ 'ယဉ်မပါဘဲ 'စိတ်ကူးဝါဒ' လို့ ဆိုကြတယ်။ (ကျွန်တော်ကိုယ်တိုင် ဒီလို သုံးဖူးပါတယ်) ဆရာဇော်ဂျီက 'ဘဝအလွမ်း'၊ 'ဘဝအမော'၊စသဖြင့် သုံးတယ်။ နောက်အကျဆုံး သုတေသန ဆွေးနွေးပွဲမှာ တင်သွားတဲ့စာတမ်းတစ်စောင်မှာတော့ 'ခံစားမှု အဓိကပြုဝါဒ' လို့ သုံးနှုန်းသွားတာကြားလိုက်မိသလိုပါပဲ။ ဒီအခေါ်အဝေါ် တွေဟာ ရောမန္တိကဝါဒရဲ့ အင်္ဂါတစ်ပိုင်းစီကို ညွှန်းပြရာမှာဖြင့် မှန်ကြတယ်။ ရောမန္တိကဝါဒဟာ စိတ်ကူးယဉ်လည်းဟုတ်တာပဲ၊ စိတ်ကူးလည်းဟုတ်တာပဲ။ ဘဝ အလွမ်းလည်းဟုတ်တာပဲ၊ ဘဝအမောလည်းဟုတ်တာပဲ၊ ခံစားမှုကို အဓိကထား တာလည်းမှန်တာပဲ။ ဒါပေမဲ့ဘယ်သင်းမှ ဒီဝါဒရဲ့ ဘက်စုံသဘောသွားကို မချုံငုံ မိကြဖူး။ ဒီတော့ ကျွန်တော်တို့တော့ နောက်ဆုံးမှာ တစ်ပေကုလားရွာက ဦးနောက်တိုး ရဲ့ အဆိုပြုချက်ကိုပဲ ကြိုက်လိုက်ရတယ်။ 'တစ်ပေကုလား' ဆိုတာ 'တစ်ပေကုလား' ပဲပေါ့။ တစ်ပေရှိတဲ့ ကုလားလေး တည်ထောင်လို့လေး ဘာလေးနဲ့ ဘာလို့ပြောနေတော့မလဲ။

အထက်နားက ဆိုခဲ့ပြီးအတိုင်း ရောမန္တိကဝါဒဆိုတာ မူရင်းက အင်္ဂလိပ်တွေရဲ့ ဝါဒပါ။ 'ရောမန္တိက'ဆိုတဲ့စကားလုံးရဲ့ ဇစ်မြစ်က 'ရောမန့်စ်' ခေါ်တဲ့ စိတ်ကူးယဉ် ဝတ္ထုပါပဲ။ အဲဒီကနေ ဆင့်ပွားလာတဲ့ အဓိပ္ပာယ်တွေလည်း သူ့မှာ ကပ်ပါလာပါတယ်။ ၁၈ရာစုတုန်းက ရောမန္တိက ရှုမျှော်ခင်းဆိုတာ ကြည်နူး လွမ်းဆွတ်ဖွယ်စိတ်ခံစားရမှုတွေကို ဖြစ်စေတဲ့ ပန်းချီကားမျိုးကို ဆိုလိုပါတယ်။ ဂန္တဝင်စာပေကို ဆန့်ကျင်တဲ့စာပေဂိုဏ်းကို 'ရောမန္တိက'ဆိုတဲ့အမည်နဲ့ စတင် သမုတ်လိုက်သူကတော့ ဂျာမန်ဝေဖန်ရေးသမား ဖရိုက်ဒရစ် ရှလယ်ဂယ်လို့ဆိုပါ တယ်။ ဂျာမနီကနေ အင်္ဂလန်၊ ပြင်သစ်တို့ဆီ ဒီအသုံးရောက်သွားတယ်။ ဒီသုံးနိုင်ငံ အပြန်ပြန်ဆက်သွယ်ဆက်စပ်ရာက ရောမန္တိကဝါဒ စတင်ပေါ်ပေါက်ခဲ့ခြင်းပါပဲ။

၁၇၅၀ မှာ ပြင်သစ်စာရေးဆရာ ရူဆိုးက စာတန်းတစ်စောင်ရေးတယ်။ စာတန်းထဲမှာ သူက လူဟာ သဘာဝအရ ကောင်းပါတယ်။ တိုးတက်မှု၊ ယဉ်ကျေးမှုတို့က ဖျက်ဆီးလိုက်ခြင်းပါလို့ ရေးလိုက်တယ်။ တခါ ၁၇၈၁-၈၈ မှာထုတ်တဲ့ သူ့ရဲ့နာမယ်ကျော် 'ဖြောင့်ချက်များ'ဆိုတဲ့ စာအုပ်ထဲမှာ သူက 'ကျုပ်ဟာ ကျုပ်တွေ့ဖူးတဲ့ ဘယ်သူနဲ့မှမတူအောင် ဖန်ဆင်းထားသူတစ်ဦးပါ။ ကျုပ်ဟာ သက်ရှိဘယ်သူနဲ့မှ မတူအောင် ဖန်ဆင်းထားသူတစ်ဦးပါ။ ကျုပ်ဟာသက်ရှိဘယ်သူနဲ့မှ မတူအောင် ဖန်ဆင်းထားတာ ဖြစ်တယ်ဆိုတာကို ကျုပ်ရဲရဲဝံ့ဝံ့ ယုံကြည်တယ်။ ကျုပ်က ပိုမကောင်းချင်သာရှိမယ်။ သူများနဲ့ မတူကွဲပြားခြားနားတာတော့ အမှန်ပဲ' လို့ ရေးလိုက်ပြန်တယ်။ ဒါဟာဖြင့် ရောမန္တိကဝါဒီတွေရဲ့ ကျွေးကြော်သံဖြစ်သွားပါတယ်။ ဒါကြောင့် ရူဆိုးကို ရောမန္တိကအကြိုလို့ခေါ်ကြပါတယ်။ ရူဆိုးရဲ့ ဒီစကားလုံးတွေဟာ အနောက်ဥရောပမှာ ပြန့်နှံ့လို့သွားပါတယ်။ စောစောပိုင်း သူ့အရေးအသားတွေကလဲ ပြန့်နှံ့နေပြီးသားပါ။ သူ့အတွေးအခေါ်တွေဟာ အဲဒီအချိန်က စာပေသမားတွေစိတ်ထဲ တွေ့ကြုံခံစားနေရတာနဲ့ သွားပြီးဒက်ထိတိုးမိပါတော့တယ်။

အဲဒီအချိန်ပိုင်းက နဝဂန္တဝင်ခေတ်လို့ ခေါ်တဲ့ ရှေးဟောင်းဂန္တဝင် စာပေအစဉ်အလာ စည်းစနစ်တွေကို ထိန်းသိမ်းလိုသူတို့ရဲ့ ခေတ်နိဂုံးချုပ်စပြုနေတဲ့အချိန်ပိုင်းပါ။ လူထုပုံပြင်တို့ အလယ်ခေတ် စိတ်ကူးယဉ်မှုတို့ဆီ ပြန်လည်ဝင်နေကြပါပြီ။ အင်္ဂလန်မှာ လူထုပုံပြင်တွေ အကြီးအကျယ် လိုက်ကောက်စုဆောင်းနေကြတယ်။ ဂျာမနီမှာ ဂန္တဝင်ပြဇာတ်ပုံစံတွေကို စတင်ပယ်ရှားဖို့ ကြိုးပမ်းနေကြတယ်။ ရှေးဘာလဒကဗျာတွေ နမူနာယူပြီး ဘာလဒအသစ်တွေရေးကြတယ်။ ဒါပေမယ့်

ခေါင်းဆောင်တဦးဖြစ်တဲ့ ဂည်ထယ်ကိုယ်တိုင်က ဂန္တဝင်ဝါဒထဲ ပြန်လှည့်သွားတာမျိုး ဖြစ်ခဲ့လေတော့ ဂျာမနီမှာ ရောမန္တိကဝါဒခေတ်ခံကလေးများ ရှိနေပါလျက် အောင်အောင်မြင်မြင်မပေါ်ပေါက်ခဲ့ရဘူး။ တကယ့်ပီပီပြင်ပြင် ရောမန္တိကရုပ်လုံးဟာ အင်္ဂလန်မှာသွားပြီးပေါ်ပါတယ်။ အင်္ဂလန်မှာလည်း ရောမန္တိက ခေတ်ခံ ကလေးတွေ ကတော့ အနှစ်ငါးဆယ်လောက် ကတည်းက ပေါ်ထွက်နေခဲ့ပြီးပါ။ ဒါပေမယ့် ရောမန္တိက ဝါဒ မီးရှူးသန့်စင်ရာ အချိန်အဖြစ် တရားဝင် သတ်မှတ်ကြတာ ကတော့ ဝဒ်စဝသ်နဲ့ ကိုးလရစ်တို့ရဲ့ 'လိရိကဘာလဒများ' ထုတ်ဝေတဲ့ ၁၇၉၈ပါပဲ။ ဒီစာအုပ် ဒုတိယ အကြိမ်ရိုက်(၁၈၀၀)မှာပါတဲ့ နိဒါန်းကို 'ရောမန္တိကဝါဒ ကြေညာစာတမ်း'လို့ ခေါ်ကြတယ်။ အဲဒီအချိန်မှာ ကိုးလရစ်က ဂျာမနီမှာ အချိန်အတော်ကြာ နေဖူးခဲ့ ပြီးပြီ။ ဝဒ်စဝသ်ကလဲ ပြင်သစ်ပြည်မှာ တော်လှန်ရေး မဖြစ်မီကလေး သွားရောက် ခဲ့ပြီးပြီ။ ဂျာမန်တွေရဲ့ တော်လှန်လိုတဲ့ အတွေးအခေါ်တွေ၊ အင်္ဂလိပ်စာရေး ဆရာ အတော်များများအပေါ်မှာ လာရိုက်ခဲ့ပါတယ်။ ဒီလိုရိုက်ခတ်ခဲ့မှုကြောင့်လဲ အင်္ဂလန်မှာ ရောမန္တိကဝါဒ ထွန်းပေါက်လာခဲ့ရပါတယ်။ ဒါပေမယ့် အင်္ဂလန်မှာ ပေါ်ပြီးလို့ နှစ်အတန်ကြာမှပဲ ဂျာမနီမှာ ရောမန္တိကဝါဒရယ်လို့ တခေတ်ထလာ ရတယ်။ အဲ. . . ဒီဝါဒရဲ့ ရှေ့ပြေးအတွေးကို စတင်မျိုးစေ့ချခဲ့သူရဲ့ဇာတိမြေ (ပြင်သစ်ပြည်)မှာတော့ ဒီ့ထက်မက နောက်ကျပါသေးတယ်။ ကြာလည်းတော်တော် ကြာအောင် ပျိုးထောင်ယူရတယ်။ နဝဂန္တဝင်ဝါဒ ကြိုးဟ်မင်းက တော်တော်နဲ့ ခွာချလို့ မရတဲ့ဘူး။

၃

## သူပုန်တပ်သားကြီးရဲ့အလွမ်း

နိုင်ငံရေးအရ ကြည့်လျှင်တော့၊ ရောမန္တိကဝါဒဟာ အာဏာပိုင်စနစ်၊ မှုးမျိုး မတ်မျိုး အရာရှိကြီးတွေ စိုးမိုးချယ်လှယ်မှုတို့ကို ဆန့်ကျင် တိုက်ခိုက်လိုတာက ပေါက်ဖွား လာခြင်းပါပဲ။ ရောမန္တိကတွေဟာ လွတ်လပ်လိုကြတယ်။ တော်လှန်လိုကြတယ်။ သူပုန်ဆန်ချင်ကြတယ်။ သူတို့ဇာတ်ကောင်ဟာသူပုန်ပဲ။ (ဥပမာဘိုင်ရွန်ရဲ့ ဒွန်ဟွန်) စက်မှုတော်လှန်ရေးပေါ်လာတဲ့အတွက် လူတွေဟာ လူနဲ့မတူတော့ဖူး။ စက်ဆန် ကုန်ကြပြီလို့လဲ ရောမန္တိကတွေက ယုံကြည် ကြတယ်။ 'ရောမန္တိကဝါဒဟာ အနှစ် သာရကတော့ ညှုတန်ရဲ့ သိပ္ပံအတွေးအခေါ် တွေကို ဆန့်ကျင်တော်လှန်ခြင်း ပါပဲ' လို့ ပညာရှင်တဦးက မှတ်ချက်ချပါတယ်။

ရောမန္တိကဝါဒရဲ့ အခြေခံအင်္ဂါရပ်များကတော့ (၁)တစ်ဦးချင်းဝါဒ (၂) လွတ်လပ်လိုခြင်း (၃) စိတ်လှုပ်ရှားမှု ဝါ ခံစားမှု (၄) ကျင့်ဝတ်တရား (၅) ဘဝအလွမ်း ဘဝအမောတို့ ဖြစ်ပါတယ်။ ဒီအယူအဆတွေဟာ ရှုဆိုးရဲ့လူဆိုတာ သဘာဝအရ ကောင်းတယ်၊ ယဉ်ကျေးမှုက ဖျက်ဆီးလိုက်တာ။ လူဆိုတာ တစ်ဦးနဲ့တစ်ဦး မတူဘူး ဆိုတဲ့ အတွေးအခေါ်က ဆင်းသက်လာတာချည့်ပါပဲ။

လူဆိုတာ အခြေခံက ကောင်းပါတယ်၊ ယဉ်ကျေးမှုတို့ တိုးတက်မှုတို့က ဖျက်ဆီးပစ်လိုက်တာပါဆိုတာကို ယုံကြည်ခံလို့ရှိလျှင် ဒီလူရဲ့ အတွင်းစိတ်ကို ယုံကြည်ရပေလိမ့်မယ်။ ဒီလူရဲ့အတွင်း အဇ္ဈတ္တအတ္တက ဖွင့်အံလာတွေကိုလည်း ဖေါ်ထုတ်ရင့်ကျူးပြရပေလိမ့်မယ်။ ဒီလိုနဲ့ ရောမန္တိကတွေဟာ အတ္တကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ရတာ၊ ဝိညာဉ်ကို စနစ်တကျ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးပြီး ပြန်လည်တင်ပြ ဖော်ကျူးရတာကို အင်မတန်နှစ်ခြိုက်ကြတယ်။ သူတို့ကဗျာတွေမှာ ဇာတ်ကောင်ဟာ စာရေးသူရဲ့ အတ္တပါပဲ။ 'ဒွန်ဟွန်'ဟာ ဘိုင်ရွန်ပါပဲ။ ဩကာသလောက၊ သတ္တလောကမှာ လျှို့ဝှက် နက်နဲတဲ့ သဘောတွေရှိတယ်။ ဒီသဘောတွေဟာ တစ်ဦးစီတစ်ဦးစီရဲ့ အတ္တမှာ အမျိုးမျိုးလာပီး ထင်ဟပ်ကြတယ်။ ဒါကို ဖေါ်ထုတ်ရမယ်လို့ သူတို့ယုံတဲ့အတိုင်း ကဗျာတွေရေးကြတယ်။ ဥပမာ ကိစ်ရဲ့ 'နိုင်တင်ဂေးလ်သို့ တမ်းချင်း'၊ ရှယ်လီရဲ့ 'မိုးဆွေငှက်သို့'။

ဒီလိုတစ်ဦးချင်း အတ္တကို ယုံကြည်သူတွေ၊ ကိုယ့်အတ္တကို ကိုယ်စိတ်ရှိလက်ရှိ ဖော်ကျူးလိုသူတွေဟာ လွတ်လပ်မှုကို ခုံမင်တာ မဆန်းဘူးပေါ့။ ဒီတစ်ဦးချင်း လွတ်လပ်လိုမှုဟာ ရောမန္တိကတို့အလျင် ဟိုပဝေသဏီခေတ်ကနေ ကနေ့ဆိုရှယ်လစ်ခေတ်ထိ လူသားရဲ့မွေးရာပါ ခေါင်းကိုက်ရောဂါ ဖြစ်နေပါပြီ။ ဆိုဗီယက်ယူနီယံက ကဗျာဆရာပေါက်စတို့ရဲ့ 'သူပုန်'ထမှု၊ ချက်ကိုဆလိုဗားကီးယားက 'လစ်ဘရယ်ဖြစ်ပေါ်ရေး'။ ဒါတွေအားလုံးဟာ ဒီအခြေခံစိတ်လေးမှာ မြစ်ဖျားခံပါတယ်။ ရောမန္တိကတွေဟာ ဒီ စိတ်ကြောင့်ပဲ ဂန္တဝင်ဝါဒရဲ့ စည်းကြီးကမ်းကြီး အချုပ်အချယ်ကို ဆန့်ကျင်ခဲ့ကြတယ်။ လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူ ဖေါ်ကျူးရေးကို အားထုတ်ခဲ့ကြတယ်။ ဒီလိုစိတ်ပိုင်း လွတ်လပ်မှုတင်မက နိုင်ငံရေး လွတ်လပ်မှုကိုပါ သူတို့ တောင့်တခဲ့ကြတယ်။ ဂန္တဝင်ခေတ်က တစ်ဦးနဲ့တစ်ဦး ဆန့်ကျင်နေတာမျိုးကနေ အခုလူတစ်ဦးနဲ့ လူတန်းစားတစ်ခု ဆန့်ကျင်တာမျိုး ဖြစ်လာတယ်။ သက်ဦးဆံပိုင် စနစ်နဲ့ အထက်တန်းလွှာ လူတန်းစားကို ရောမန္တိကတွေက ဆန့်ကျင်လာပါတယ်။ သူတို့ရဲ့ သူရဲကောင်းကတော့ ဘိုင်ရွန်ပေါ့။ ('ဒွန်ဟွန်'ကြည့်) ဘိုင်ရွန်

ဟာ ကဗျာရေးရုံတင်မက၊ နောက်ဆုံးလူကိုယ်တိုင်ပါ လွတ်လပ်ရေးစစ်ပွဲထဲ ဝင်တိုက်ဖို့ သွားခဲ့သေးတယ် မဟုတ်လား။

ဂန္တဝင်ဝါဒီတွေက ဆင်ခြင်တုံတရားကို ဦးစားပေးကြတယ်။ ရောမန္တိကတွေက ဆင်ခြင်တုံတရားကို ရယ်သွမ်းသွေးလိုကြတယ်။ (ကိစ် 'နိုက်တင်ဂေးလ်' ကြည့်) လူဆိုတာ သဘာဝအခြေခံအရ ကောင်းတယ်ဆိုလျှင် သူ့စိတ်လှုပ်ရှားမှုကို ယုံကြည်ရပေလိမ့်မယ်။ အခြေခံက မကောင်းဘူး၊ ဆိုးတယ်ဆိုမှသာ ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ်ပေးရပေမပေါ့။ တကယ်ကတော့ ဆင်ခြင်တုံတရားနဲ့ ဆင်ခြင်လို့မရတဲ့ နေရာမျိုးမှာတောင် စိတ်လှုပ်ရှားမှု ဝါ ခံစားမှုက မှန်မှန်ကန်ကန် ဦးဆောင်လမ်းညွှန်သမှု ပြုနိုင်ပါသေးတယ်။ ဒီလို တွေးခေါ်မှုမျိုးနဲ့ ရောမန္တိကတွေဟာ ကဗျာတွေအများကြီး ရေးခဲ့ကြပါတယ်။ ဥပမာ - ဝဒ်စဝသ်ရဲ့ 'သေခြင်းမဲ့ တရားတမ်းချင်း'၊ ရှယ်လီရဲ့ 'မိုးဆွေငှက်'၊ 'ကဗျာဆရာရဲ့ အိပ်မက်'။ ရောမန္တိကတို့ဟာ ဆင်ခြင်တုံတရားထက် ခံစားမှုကို ဦးစားပေးလိုတယ်။ အကျိုးသင့်အကြောင်း သင့်တွေးတောယူခြင်းထက် စိတ်ထဲ တွေ့ကြုံခံစားမိလာရတာကို အသားပေးလိုတယ်။ ဉာဏ်အသိ(Knowing)ထက် ဈာန်သိ (Insight)ကို အမွှမ်းတင်ကြတယ်။

လူသားရဲ့ ပင်ကိုယ်က ကောင်းမြတ်နေမှုကို ယုံကြည်ခြင်းနဲ့အတူ တစ်ပြိုင်နက် ဖြစ်ပေါ်လာတာကတော့ လူသားရဲ့ ပါရမီဖြည့်နိုင်စွမ်းကို ယုံကြည်ခြင်းပါပဲ။ လူသားရဲ့ စိတ်ပိုင်းရော ရုပ်ပိုင်းပါ တိုးတက်လာမှုဟာ ဖြစ်နိုင်တယ်။ ပါရမီဆည်းပူးလို့ ရတယ်လို့ သူတို့ကယုံတယ်။ လောကီသဘာဝကို ကျော်လွန်သွားပြီး လောကုတ္တရာ မြင့်မြတ်မှုမျိုးအထိ ကြိုးပမ်းအားထုတ်သွားလို့ ရတယ်လို့ သူတို့က လက်ခံကြတယ်။ (ဥပမာ ဝွည်ထယ်ရဲ့ 'ဖော့စ်တ်') တစ်နည်းမှာတော့ သူတို့တစ်တွေဟာ သူတို့ခေတ်က အထက်တန်းလွှာတွေရဲ့ အကျင့်စာရိတ္တ ပျက်ပြားမှုတွေ၊ ဖောက်ပြန်မှုတွေကို ပြစ်တင်ရှုတ်ချရင်း ခုလိုကျင့်ဝတ်ပိုင်း အမြင်တွေ ရကုန်တယ်နဲ့တူပါရဲ့။

ခေတ်ဟာ စာပေမှာ ရောင်ပြန်ဟပ်မြဲပါပဲ။ ရောမန္တိကတို့ရဲ့ ခေတ်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အလွန် ဗရုတ်ဗရက်နိုင်လှတဲ့ခေတ်ပါ။ ဒီခေတ်၊ ဒီအခြေ၊ 'သည်မင်းသည်စိုး သည်သူခိုးနဲ့ သည်မိုး သည်လေ သည်လူတွေ'ကို ဆန့်ကျင်ယင်း ပေါ်ပေါက်လာရတဲ့ ရောမန္တိကဝါဒဟာ အပျက်အမြင်ဘက်ကို ရှေ့ရှုနေပါတယ်။ ရောမန္တိကတွေရဲ့ ကဗျာမှာ ဘဝကို၊ လောကကို ဒုက္ခဘုံအဖြစ် ခြယ်မှုန်းကြတာ မကြာမကြာတွေ့ရပါလိမ့်မယ်။ ဘဝအမော ဘဝအလွမ်းကို ငြီးငွေ့နေတဲ့ နိဗ္ဗိန္ဒ ဆရာဂုလေးတွေအဖြစ် သူတို့ကိုတွေ့ကြရမယ်။

ထင်းရှူးပင်ရိပ်

“တို့ရဲ့ အသန့်စင်ဆုံး ရယ်မောသံဟာ
ဒုက္ခတစ်ခုခုနဲ့ ပြွမ်းနေတတ်တယ်၊
ငါတို့ရဲ့ အလှဆုံးတေးဆိုတာ အဆွေးဆုံးအတွေးကို ပြောပြတဲ့
တေးတွေပေါ့”

ရှယ်လီ

“လူတွေထိုင်တဲ့ပြီးတစ်ယောက်ညည်းသံတစ်ယောက်ကြားရတယ်။
ကြေကွဲဖွယ် နောက်ဆုံးဆံဖြူအနည်းငယ်ကို သွက်ချာပါဒက
လှုပ်ခါပစ်တယ်၊
ငယ်ရွယ်ခြင်းဟာ ဖြူရော်၊ တစ္ဆေလိုပိန်ပါးလာပြီး သေလွန်ရတယ်”။

ဂျွန်ကိစ်

ရောမန္တိကတွေဟာ ဒဿနတစ်ရပ်ကို ထူထောင်သူတွေလို့လည်း ဆိုနိုင်တယ်။ ၁၇ ရာစု သိပ္ပံပညာတွေက စကြာဝဠာဆိုတာကို စက်အဆောက်အအုံတခုလို တင်ပြခဲ့ကြလေတော့ လူဆိုတာ သဘာဝတရား(ဩကာသလောက)နဲ့ တခြားစီဖြစ်လေဟန်၊ အပြင်ပ တစ်နေရာကနေ စကြာဝဠာထဲရောက်လာခဲ့ရဟန်၊ သူတွေ့နေရတဲ့ ကမ္ဘာနဲ့ တစ်သီးတစ်ခြားရှိနေရလေဟန် ထင်မှတ်စေရတော့တယ်။ ဝဒ်စ်ဝသ်လို ရောမန္တိကတစ်ဦးအဖို့ ဒါ မှားတယ်လို့ မြင်လာပါတော့တယ်။ သူက ကမ္ဘာကို ဇီဝရုပ်အဖွဲ့အစည်းတစ်ခုလို့ မြင်လာတယ်။ သဘာဝ တရားဆိုရာမှာ ကြိုဟ်တွေ၊ တောင်တွေ၊ တောတွေ၊ လူတွေ ပါဝင်နေတယ်။ ဖြစ်ရ၊ မြင်ရ၊ ကြားရ၊ ခံစားရတာတွေဟာ ဆက်သွယ်နေကြတယ်။ ဒြပ်ကြီးတစ်ခုရဲ့ အစိတ်အပိုင်းတွေ အဖြစ်ပါဝင်နေကြတယ်လို့ မြင်လာပါတယ်။ ရှုခင်း ရှုကွက်နဲ့ ကဗျာဆရာရဲ့ ခံစားမှုဆက်သွယ်ခြင်းမရှိလို့ဆိုလျှင်မှားတယ်။ ပြင်ပလောကဖြစ်တဲ့ ရေမြေတော တောင်နဲ့ လူ့ခံစားရချက် နှစ်ခုပြိုင် ရပ်တည်နေတာမဟုတ်ဘူး။ လူ့ခံစားမှုနဲ့ သက်မဲ့ဝတ္ထုများဟာ တစ်ဦးနဲ့တစ်ဦး ပြန်လှန်ဆက်သွယ်နေကြခြင်းသာ ဖြစ်တယ်။ အတူတကွ တိုးတက်ဖြစ်ပေါ်နေကြခြင်းသာဖြစ်တယ်။ ဒီလိုဖြစ်နေကြတဲ့ သဘောကို ထုံးတမ်းစဉ်လာအကြောင်းနဲ့ အကျိုး၊ ရုပ်နဲ့နာမ်၊ ကိုယ်နဲ့စိတ်နှစ်ခုပြိုင် ရပ်တည်မှုတရား(ဒွန္ဒဝါဒ)တွေနဲ့ ရှင်းလင်းတင်ပြလို့ မရဖူး။ ဒီလိုမြင်ပြီးသကာလ သူ့ဝန်းကျင်နဲ့ သူ့ခံစားမှု၊ စာနာမှုတွေ ရောယှက်နေလေဟန် ရေးသီဖွဲ့ဆိုတဲ့ ရောမန္တိက ကဗျာ

ဆရာဟာဖြင့် သဘာဝတရားကို အမြင်သစ်ဖွင့်နေခြင်းပဲ ဖြစ်ပါ တော့တယ်။ ကဗျာရုပ်ပုံ ဖော်ကျူးမှုရေးရာ တော်လှန်နေရာက သူဟာ ဒဿနရေးရာ အတွေးအခေါ် တော်လှန်ရေးပါ လုပ်နေခြင်းဖြစ်ပါတော့တယ်။

ရောမန္တိကဝါဒဟာ အလိုမပြည့်ရခြင်း၊ မျှော်ခေါ်တောင်တမိခြင်းများအပေါ် အခြေခံဖြစ်ပေါ်လာတဲ့ လှုပ်ရှားမှုတစ်ရပ်ပဲဖြစ်ပါတယ်။ သူ့ခေတ်နဲ့သူတော့ တော်လှန်တက်ကြွတဲ့ လှုပ်ရှားမှုတစ်ရပ်ပါပဲ။ ရောမန္တိကတွေမှာ အောင်မြင်ခဲ့တာတွေရှိသလို အားနည်းချက်တွေလည်းရှိခဲ့တယ်။ အားနည်းချက်မှာလည်း တစ်ဦးချင်းအားနည်းချက် အမျိုးမျိုးရှိသလို လှုပ်ရှားမှု တစ်ခုလုံးရဲ့ အားနည်းချက်လည်းရှိတယ်။ ရောမန္တိကတွေမှာ လွှမ်းချုံနေတဲ့ မဟာ့မဟာ အားနည်းချက်ကတော့ အတွေးအခေါ်ကို ပညာသားပါပါ စနစ်တကျဖွဲ့စည်းသီကုံးပြီးမှ ဖော်ကျူးပြတာမျိုး မလုပ်ခဲ့နိုင်ခြင်းပါပဲ။ အဲဒီတော့ သူတို့ရဲ့ ခံစားနိုင်စွမ်းဟာ တိမ်နေတယ်။ မနက်ဖူး။ သူတို့က ခံစားမှု၊ ခံစားမှုဆိုပြီး ခံစားမှုကိုပဲ ခံစားရတဲ့အတိုင်း လက်လွတ်စပယ် ရေးချပစ်လိုက်တာဖြစ်လေတော့ သူတို့ကဗျာကို ဖတ်ရတာဟာ ပန်တျာကျောင်းက ပထမနှစ်ကျောင်းသားလေး ဆွဲထားတဲ့ တောကား တောင်ကားလေးတစ်ကား ကြည့်ရသလိုပဲ။ လှပါရဲ့၊ ပေါ့နေတယ်။ ကြည်နူးဖွယ်ပါပဲ၊ အားပျော့နေတယ်။ စိတ်ကို 'ခိုက်'မသွားစေနိုင်ဖူး။ ထိ-ငြိပြီး မသွားစေနိုင်ဘူး။

၄

## ပင်မရေစီးနဲ့ လှိုင်းဝဲဩဃ

ရောမန္တိကဝါဒဟာ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ဒီသုံးနိုင်ငံမှာပဲ ဗဟိုပြု အခြေစိုက်နေခဲ့ပါတယ်။ ဒါပေမယ့် ဥရောပ အနှံ့အပြားကိုရော၊ အနောက်ကမ္ဘာလုံး ခြမ်းကိုပါ ပြန့်နှံ့သွားခဲ့တယ်။ အီတလီ၊ ပိုလန်၊ ရုသျှတို့မှာလဲ ရောမန္တိကဝါဒ ပေါ်ခဲ့တာပါပဲ။ ဒါပေမယ့် ပင်မသုံးနိုင်ငံမှာလောက် မပြင်းထန်ဘူး၊ ထူးထူးခြားခြားမရှိ လှဘူး။ (ကျွန်တော်တို့လက်ရွေးစင်မှာ အင်္ဂလိပ်ရောမန္တိကလှုပ်ရှားမှုကို တော်တော်လေး စုံစေ့အောင် ထည့်ပေးထားတယ်။ ကျန်နိုင်ငံများထဲကတော့ ဂျာမနီက ဂွဉ်ထယ်၊ ရုသျှက ပုသျှကင်၊ ဒီနှစ်ဦးပဲ ထည့်ပေးနိုင်ပါတယ်) ရောမန္တိက ဝါဒလို့သာ ချုံငုံပြီး ခေါ်လိုက်ရပေမယ့် တစ်နေရာနဲ့ တစ်နေရာကလဲ မတူဘူး။ သူ့နည်းသူ့ဟန်နဲ့ 'ရောမန္တိက' နေတာတွေဖြစ်ပါတယ်။ ရောမန္တိကခေတ်ရယ်လို့ စာပေရာဇဝင်ဆရာတို့က အချိန်ကို ပိုင်းယူလေ့ရှိသော်လည်း တကယ့်တကယ်တိတိ ကျကျကွန်ပါနဲ့

ထောက်ပြလို့မရတဲ့ အခြေအနေတွေလည်းရှိပါတယ်။ တချို့နေရာ တွေမှာ (ဥပမာ ကျွန်တော်တို့ တိုင်းပြည်) ရောမန္တိက အငွေ့အသက်ကို တွေ့နေရ သေးတာလည်း ရှိရဲ့။ ဒါပေမယ့် ခြုံကြည့်ယင်တော့ ရောမန္တိကဝါဒဟာ ၁၉ရာစု ဒုတိယတစ်ဝက် လောက်ကပဲ နေရာအများအပြားမှာ ရက်လည်ဆွမ်းသွတ်ပြီးသွားခဲ့ ပါပြီ။ သူချုပ်ငြိမ်း သွားပုံတွေကလည်း တစ်နေရာနဲ့ တစ်နေရာကွဲပြားပါတယ်။ ပြင်သစ်ပြည်မှာဆိုရင် သူပြီးတဲ့နောက် ဝတ္ထုမှာ အမှန်ဝါဒနဲ့ အဲဒီနောက် သဘာဝဝါဒ၊ ကဗျာမှာ ပါနဲဆယန် ဝါဒနဲ့ အဲဒီနောက် သင်္ကေတဝါဒတို့က ထိုးဝင်လာတာနဲ့ ရောမန္တိကဝါဒ ခေါင်းလျှိုး ထွက်ပြေးခဲ့ရတယ်။ ဂျာမနီမှာတော့ ဝတ္ထုမှာ အမှန်ဝါဒကို နေရာဖယ်ပေးခဲ့ရပေမဲ့ ကဗျာမှာတော့ သင်္ကေတဝါဒ တက်လာတဲ့တိုင် သူက အပြုံးအပျက်ဖူး။ ကနေ့တိုင် တွေ့ရတုန်းပဲ။ အင်္ဂလန်မှာ ရောမန္တိကဝါဒဟာ ၁၈၃၂မှာ နိဂုံးချုပ်တယ်လို့ အဆိုရှိ ကြတယ်။ ဒါပေမယ့် သူ့နောက်တက်လာတယ်ဆိုတဲ့ 'ဝိတိုရိယန်စာပေ' ဟာလဲ တကယ့်တကယ် ကတော့ တယ်မထူးလှပါဘူး။ နည်းနည်း ပါးပါး ကွာခြားတာတွေပဲ ရှိပါတယ်။ အင်္ဂလိပ်ကဗျာ မှာ ရောမန္တိကခေတ်ကုန်ပြီး 'မော်ဒန်' လမ်း ပြောင်းဝင် လာတာကတော့ ၁၉ရာစု ကုန်ခါနီး ၂၀ ရာစု စခါနီးကျမှ သာဖြစ်ပါတယ်။

ဒါကြောင့် ရောမန္တိကဝါဒပြီးတော့ ဘာဝါဒတက်လာသလဲမေးရင် ဖြေဖို့ မလွယ်ပါဘူး။ တိုင်းပြည်လိုက်မေးယင်သာ ဖြေလို့ရမယ်။ အကြမ်းဖျင်း ကြည့်ရလျှင် တော့ ရောမန္တိကဝါဒနောက်မှာ တိုင်းပြည်တိုင်းလိုလိုမှာ အမှန်ဝါဒတစ်မျိုးမဟုတ် တစ်မျိုးရောက်လာတယ်လို့ ပြောနိုင်ပါရဲ့။ ခေတ်က နီးကပ်လွန်း အားကြီးနေတဲ့ အတွက် လှိုင်းကလေးတွေ၊ ဝဲကလေးတွေနဲ့ ပင်မရေစီးကို ခွဲခြားမမြင်နိုင်သေးဘဲ ရှိနေတာလားတော့ မပြောတတ်ဘူး။ ဒါမှမဟုတ်ရင်လည်း လှိုင်းတွေဂယက်တွေ ထကြွ နေကြတာက များပြားပြင်းထန်လွန်းလို့ ပင်မရေစီးရယ်လို့ မရှိကိုမရှိတော့ဘဲ ဖြစ်နေရော့လားလည်း မသိဘူး။ တစ်ခုတော့ ပြောနိုင်ရဲ့ ရောမန္တိကလှုပ်ရှားမှု နောက်ပိုင်းမှာ အနောက်တိုင်းစာပေလောကကမှာဖြင့်ရင် လမ်းကြောင်းတွေ၊ ဝါဒတွေ တချို့လည်း သက်ဆိုးရှည်၊ တချို့လည်း အဖတ်မတင် အမျိုးမျိုးပေါ်ပေါက်ခဲ့တယ် ဆိုတဲ့ အကြောင်းပါပဲ။ အဲဒါတွေထဲက အချို့ကတော့ အမှန်ဝါဒ၊ သဘာဝဝါဒ၊ သင်္ကေတဝါဒ၊ ရုပ်ပုံဝါဒ၊ ဒေသဝါဒ၊ ဖော်ကျူးရေးဝါဒ၊ စွဲထင်မှုဝါဒ၊ အမှန်လွန်ဝါဒ၊ အနာဂတ်ဝါဒ၊ ဆိုရှယ်လစ်အမှန်ဝါဒ၊ လူဝါဒတို့ ဖြစ်ပါတယ်။

၅

## သိပ္ပံ၊ သဘာဝ၊ သင်္ကေတ

၁၉ ရာစုအလယ်လောက်မှာ သိပ္ပံပညာမှာ တိုးတက်မှုတွေ အသစ်ကြုံ လာရပြန်တယ်။ 'ဆင့်ကဲဖြစ်စဉ်' သဘောတရားရှေ့တန်းရောက်လာရတယ်။ ဒီ သဘောတရား အမြင်ကြောင့် လူဆိုတာ ရောမန္တိကတွေ ခြယ်မှုန်းခဲ့လေ့ရှိတဲ့ သူရဲကောင်း အဆင့်ကနေ စကြာဝဠာကြီးရဲ့ အလယ်မှာ သေးသေးမွှားမွှားကလေး၊ သဘာဝ အင်အားစုတွေရဲ့ အနိုင်ကျင့်တာကို ကျားသနားမှ နွားချမ်းသာဖြစ်နေရတဲ့ သနားစရာ သတ္တဝါကလေးမျှ ဖြစ်လာပါတော့တယ်။ လူဆိုတာ ဗီဇတရားနဲ့ ဝန်းကျင်တို့ရဲ့ မတော်တဆ ဖန်တီးလိုက်ချက်တစ်ခုပဲ။ သူ့အကြောင်းကို ဒီတရားနှစ်ခုနဲ့ ရှုမြင်နားလည်ရမယ်လို့ လက်ခံလာကြပါတော့တယ်။ စာပေမှာ ဒီအမြင်ကို သဘာဝဝါဒလို့ ခေါ်ပါတယ်။ ဦးဆောင်တင်ပြသူကတော့ ပြင်သစ်စာရေးဆရာ ဇိုလာပါပဲ။ သူကဝတ္ထုရေးတယ်ဆိုတာ စမ်းသပ်ခန်းထဲမှာ စမ်းသပ်လုပ်ကိုင်ရခြင်းမျိုးပဲလို့ယုံတယ်။ ဒီလိုဒီလို ဝန်းကျင်မှာ၊ ဒီလိုဗီဇတရားနဲ့ ဒီလိုဇာတ်ကောင်တွေ ထည့်မွှေလိုက်၊ ဘယ်လိုဖြစ်လာကြမလဲ စောင့်ကြည့်လိုက်၊ ပြီးတာပဲ။ အပူချိန် ဘယ်နှစ်ဒီဂရီမှာ ဘယ်ဝတ္ထုထဲ ဘယ်အက်ဆစ်ထည့် ဘယ်လိုဓါတ်ငွေ့ထွက်လာမလဲ ကြည့်ရသလိုပဲပေါ့။ ဒါ သဘာဝဝါဒပါပဲ။

ဒါပေမယ့် ဆင်ကဲ့ဖြစ်စဉ်ဝါဒကြောင့်မဟုတ်ဘဲ သူ့နည်းနဲ့သူ ရောမန္တိက ဝါဒကို ဆန့်ကျင်ရင်း သဘာဝဝါဒီဖြစ်လာသူတွေလည်းရှိသေးတယ်။ ပြင်သစ်ပြည်က ပါနဲ့ဆယန် ကဗျာဆရာတွေပါပဲ။ သူတို့က (ဂိုတျယ်၊ ဒါ လိစ်လယ်၊ အေရေဒီယာ) ရာဇဝင်ကြောင်းဖြစ်ရပ်တွေနဲ့ သဘာဝဖြစ်စဉ်တွေကို ရုပ်ဝတ္ထုကျကျ ရှုမြင် မှတ်သားပြီး သရုပ်ဖော် တင်ပြလိုက်ရင် ပြီးရောဆိုတဲ့ ရည်ရွယ်ချက်မျိုး ထားရှိကြတယ်။ ဒါလိစ်လယ်ရဲ့ ကဗျာတစ်ပုဒ်ဟာ အကောင်းဆုံးနမူနာပေါ့။ ကန္တာရထဲမှာ ဆင်တွေဖြတ်သွားနေကြတယ်။ ဆင်တွေပေါ်လာလိုက်၊ ပျောက်ကွယ်သွားလိုက်ဖြစ်နေပုံကို ကဗျာဆရာက ဂန္ထဝင်ဝါဒီဆန်ဆန် ခမ်းခမ်းနားနား သရုပ်ဖေါ် ရေးခြယ်ပြတယ်။ ပြီး အဲဒီမှာပဲထားခဲ့တယ်။ ပြီးရော။ ဒါပေမယ့်သဘာဝဝါဒဟာ ကဗျာမှာထက် စကားပြေမှာ အဖွံ့ဖြိုးဆုံးဖြစ်ခဲ့ပါတယ်။ (ဖလိုဘယ်၊ အိဘဆင်)

သဘာဝဝါဒီရဲ့ ရုပ်ဝတ္ထုကျရေး အဓိကရည်ရွယ်ချက်ဟာ ကဗျာစျာန်နဲ့ အံမဝင်ခွင်မကျ ဖြစ်လာရပါတော့တယ်။ ကဗျာစိတ်ကူးတွေကို ဒီရည်ရွယ်ချက်က

ဖိအစ်ထားသလို ဖြစ်နေတယ်။ သူခံစားရတာကို ထိထိမိမိဖော်ကျူးနိုင်စွမ်း မရှိလာတော့ဘူး။ စာဖတ်သူကလည်း အားမလိုအားမရ ဖြစ်လာတယ်။ အနုပညာသည်ကိုယ်တိုင်ကလဲ သူ့နည်းကို သူသစ္စာဖောက်ချင်ချင်ဖြစ်လာတော့တယ်။ ဒီလိုနဲ့သဘာဝဝါဒရဲ့နေရာကို ဝါဒသစ်တစ်ခုဟာ တဖြည်းဖြည်းချင်း ဝင်ရောက်ယူလာပါတော့တယ်။

သင်္ကေတဝါဒကို တစ်နည်းပြောရရင် ရောမန္တိကဝါဒကို အလွန်အကျွံလုပ်ပစ်ခြင်းလို့ ဆိုရမလားမသိဘူး။ သင်္ကေတဝါဒရဲ့ ရှေ့ပြေးဆိုရသူတွေကိုလေ့လာကြည့်ရင် ဒီတိုင်းတွေ့ရတယ်။ သူတို့တစ်တွေဟာ ကိုယ်တိုင်က ရောမန္တိကဝါဒီတွေပဲ။ ရောမန္တိကဝါဒကို ဆန့်ဆွဲရင်းနဲ့ သူတို့ဟာ ဘိုးသူတော် ဖြစ်မှန်းမသိဖြစ်ဆိုသလို သင်္ကေတဝါဒီများ ဖြစ်လာခဲ့ကြရပါတယ်။ ပြင်သစ်က ရှေရာဒါနယ်ဗာလ်ဟာ ဒီလိုကဗျာဆရာ တစ်ဦးပေါ့။ သူဟာ မကြာမကြာစိတ္တဇဆေးရုံ ရောက်ရတဲ့လူပါ။ ဒါကြောင့်ပဲလားတော့မသိဘူး၊ သူဟာ သူ့စိတ်ကူးယဉ်မှုတွေ၊ ခံစားမှုတွေကိုတကယ်ဘဝနဲ့ ရောထွေးပစ်လေ့ရှိတယ်။ မြင်တွေ့ရတဲ့ ရုပ်ကမ္ဘာဟာ စိတ်ထဲမှာခံစားကြုံတွေ့ရတဲ့ စိတ်ကူးထည်တွေနဲ့ ဆက်စပ်နေတယ်။ အိပ်မက်တို့ စိတ်ကူးယဉ်မှုတို့ဟာ တကယ့်ရုပ်ဘဝနဲ့ ဆက်သွယ်နေတယ်လို့ သူယုံကြည်တယ်။ သူ့ ဆွန်းနက်ကဗျာတစ်ပုဒ်မှာဆိုရင် သူ့ကို ဝဒ်စ်ဝသ်က အစ်ကိုခေါ်ရမတတ်ပဲ၊ 'ကောင်းကင်မှာဩကာသလောကရှိပုံများ'၊ 'အထီးကျန်နေရာများက ဝိညာဉ်များ'၊ကျောက်တုံးတို့ရဲ့အောက်က သန့်စင်တဲ့ဝိညာဉ်များ'အကြောင်း ထည့်ရေးစပ်ခဲ့ပါတယ်။

သင်္ကေတဝါဒ ဖြစ်ပေါ်လာမှုမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့အဂ္ဂါအယ်လင်ပိုးပါဘဲ။ ပိုးအပါအဝင် အမေရိကန်က ရောမန္တိကစာရေးအချို့ဟာ(ဟော်သွန်း၊ မယ်လဗီလ်၊ ဝှစ်တမင်၊ အီမာဆင်)သင်္ကေတဝါဒဆီရှေ့ရှုနေခဲ့ကြတယ်လို့ အဆိုရှိတယ်။ ၁၈၄၇မှာ ပြင်သစ်က ရောမန္တိကကဗျာဆရာ ဘော့ဒလယ် ဟာပိုးကို ပထမဆုံးအကြိမ် ဖတ်ရတယ်။ အင်မတန် စိတ်ထဲစွဲငြိသွားတာနဲ့ ပိုးရဲ့ပုံပြင်တွေကို ပြင်သစ်လို ဘာသာပြန်ထုတ်ခဲ့တယ်။ အဲဒီကစပြီး ပြင်သစ်စာပေမှာ အဂ္ဂါအယ်လင်ပိုးရဲ့ ဩဇာဟာ အရေးကြီးလာပါတော့တယ်။ ပိုးရဲ့ ဝေဖန်ရေးဆောင်းပါးတွေဟာ သင်္ကေတဝါဒလှုပ်ရှားမှုရဲ့ ကျမ်းစာတွေ ဖြစ်လာတယ်။ ရောမန္တိကတို့ရဲ့လက်လွတ်စပယ်လုပ်မှုကို သူကပြုပြင်ပေးလိုက်ပြီး ရောမန္တိကတို့ရဲ့ စကားလုံးသုံးဖြုန်းမှုကိုလဲ သိပေးလိုက်တယ်။ ကဗျာဆိုတာ ဈာန်ဝင်ပြီး စပ်ရတယ်ဆိုတဲ့နေရာမှာ သူက တမင်ကို ကြံစည်စီစဉ်ပြီး စပ်ယူရတယ်လို့ ကြွေးကြော်လိုက်တယ်။

ဒါပေမယ့် သဘာဝဝါဒဖြစ်မလာဘဲ ရောမန္တိကလွန်အကျိုးတရားများ ဖြစ်ပေါ်လာစေခဲ့တယ်။ ပိုးရဲ့ကဗျာနဲ့ ကိုးလရစ်ရဲ့ 'ကူဗလခန်'လို ရောမန္တိကကဗျာမှာ တူညီတာ အများအပြားပဲရှိပါတယ်။ ဒါပေမယ့် ပိုးက ရောမန္တိကဝါဒရဲ့အင်္ဂါရပ်အချို့ကိုသာ အရအမိဖက်တွယ်ဆုပ်ကိုင်ပြီး ဖွံ့ဖြိုးအောင်လုပ်ပေးနိုင်တဲ့အတွက် ရောမန္တိကဝါဒကို လုံးဝတစ်မျိုးတစ်ဖုံဖြစ်သွားအောင် ပြောင်းလဲပစ်နိုင်စွမ်းခဲ့ပါတော့တယ်။ သူကမတိမကျရှိမှုဟာ တကယ့်ကဗျာ ဂီတကောင်းတို့ရဲ့ အခြေခံအင်္ဂါရပ်လို့ဆိုပါတယ်။ ဝိုးတဝါးနိုင်မှု၊ မတိမကျလုပ်ပြီး၊ အရိပ်အညွှန်းပြမှုဆိုတာ သင်္ကေတဝါဒရဲ့ အဓိကရည်ရွယ်ချက်တစ်ခုပါဘဲ။

မတိမကျဖြစ်အောင် ဝိုးတဝါးဖြစ်အောင်လုပ်ရာမှာ နယ်ဗာလ်လို စိတ်ကူးယဉ်ကမ္ဘာနဲ့ တကယ့်ရုပ်ကမ္ဘာ ရောထွေးပစ်ရုံတင်မကဘူး။ အာရုံငါးပါးတို့ရဲ့ ခံစားမှုတွေကိုပါ ရောပစ်ကြပါတယ်။ ဘိုဒလယ်က 'အဝေးမှာ ရောယှက်သွားတဲ့ ရှည်လျားလျား ပဲ့တင်သံများပမာ မွှေးရနံ့များ၊ အရောင်များ၊ အသံများ အချင်းချင်းခေါ်ထူးနေကြရဲ့' လို့ ရေးခဲ့ပါတယ်။ ဒါဟာဖြင့် ပြင်သစ်ကဗျာလောကမှာ တော်လှန်ရေးတစ်ရပ်ဖြစ်သွားတော့တယ်။ သင်္ကေတဝါဒလှုပ်ရှားမှုဟာ ပြစ်သစ်ဆန်းဂိုဏ်းစနစ်စည်းကမ်းများကို ရိုက်ချိုးလိုက်ပြီး ပြင်သစ်ဂန္ထဝင်အစဉ်အလာရဲ့ ပြတ်သားမှု၊ ကျိုးကြောင်း ယုတ္တိရှိမှုဆိုတာတွေကို ရေစုန်မျှောပစ်လိုက်တယ်။ ကဗျာမှာ ဂီတရဲ့ အကျိုးသက်ရောက်မှုများအောင် ကြိုးစားကြပါတော့တယ်။

၆

## ကဗျာအတွက်ကဗျာ

ကဗျာကို ဂီတဘက်နွယ်အောင်၊ ဂီတသဘောသက်ရောက်အောင် လုပ်တယ်ဆိုတာဟာ တနည်းအားဖြင့်တော့ ကဗျာကို တစ်ဦးချင်းရဲ့ စိတ်ခံစားမှုများ၊ စိတ်လှုပ်ရှားမှုများ ကျက်စားရာအဖြစ်လုပ်ခြင်းပါပဲ။ ရောမန္တိကတွေထက်တောင် တစ်ဦးချင်းသဘောဆောင်လာတဲ့ လက္ခဏာပါပဲ။ ကဗျာဟာ ကဗျာဆရာတစ်ဦးထဲရဲ့ ပုဂ္ဂလိကကိစ္စရပ်လေး တစ်ခုလိုဖြစ်လာပြီး၊ စာဖတ်ပရိသတ်နဲ့ ဆက်သွယ်လို့မရအောင် ဖြစ်လာရပါတော့တယ်။ သင်္ကေတဝါဒဆိုတဲ့ အမည်ကိုက ခပ်ရှုပ်ရှုပ်ပါ။ မာလာမေတို့ ပြောတဲ့သင်္ကေတဆိုတာ အများနားလည်တဲ့ သင်္ကေတမျိုးမဟုတ်ပါဖူး။ အများနားလည်နေတာက သင်္ကေတမျိုးမဟုတ်ပါဘူး။ အများနားလည်နေတာက သင်္ကေတဆိုတာ တစ်စုံတစ်ခုကိုယ်စား လူအများက ဝိုင်းပြီးအမှတ်အသားပြုထားတဲ့ အရာတစ်ခုဖြစ်ပါတယ်။ ဥပမာ ဆေးရုံကို ကြက်ခြေနီ၊ ပညာကို မီးရှူး။ ရှေးရှေးက

စာဆိုတွေသုံးခဲ့ကြတဲ့ သင်္ကေတဆိုတာလည်း အလားတူသဘောဆောင်ပါတယ်။ သဘောသဘာဝ တူမျှတာကိုယူပြီး သင်္ကေတပြုခဲ့ကြခြင်းပါ။ 'ရွှေလိပ်ပြာရှင်စေ့မယ်' ဆိုရာမှာ 'လိပ်ပြာ'ဟာဝိညာဉ်ကို ပြောတာပါပဲ။ ရှေးအယူအရ ဝိညာဉ်ဟာ လိပ်ပြာကလေးနဲ့တူတယ်ဆိုလို့ ဒီလိုသုံးခြင်းဖြစ်ပါတယ်။ 'သကျမျိုးရိုး ခြသေ့်မင်း'လို့ ဘုရားကိုခေါ်ဝေါ်တာဟာလည်း ရဲရင့်တာခြင်းတူလို့ ခေါ်တာဖြစ်ပါတယ်။ သင်္ကေတဝါဒီတွေရဲ့ သင်္ကေတက ဒီလိုမဟုတ်ပါဘူး။ ကဗျာဆရာကသူ့မှာဖြစ်ပေါ်လာတဲ့စိတ်အတွေးတွေ ကို ကိုယ်စားပြုဖို့ သူထင်သလို ရွေးချယ်သုံးနှုန်းလိုက်တဲ့ ပစ္စည်းတွေပါ။ ဥပမာ ကဗျာ ဆရာတစ်ယောက်က သူအိပ်ချင်စိတ်ဖြစ်လာတာကို ပြောချင်ရင် 'ငှါခေါင်းထဲ ပိုးနသန်ကောင်တွေ တွားဝင်လာနေတယ်'လို့ ပြောတာမျိုးပါ။ တနည်းအားဖြင့်တော့ သူ့အတွေး၊ သူ့စိတ်ကူးတွေကို တမင်လူများတကာ မရိပ်မိအောင် ဖုံးကွယ်ပေးတဲ့ မျက်နှာဖုံးလို ရုပ်ဖျောက်စရာ ပစ္စည်းများပါပဲ။ မာလာမေက ဒီလိုပြောပါတယ်။ 'ပါနဲဆယန်တွေက အရာဝတ္ထုကို သူရှိနေတဲ့ အတိုင်းပဲယူပြီး ကျုပ်တို့ရှေ့ချပြတယ်။ အဲဒီတော့ လျှို့ဝှက်တဲ့သဘောမပါတော့ဘူး။ အဲဒီတော့ ဖန်ဆင်းနေရတာပဲလို့ ယုံရတဲ့ အရသာကိုစိတ်ထဲမှာ မရှိစေတော့ဘူး။ ပစ္စည်းတစ်ခုကို နာမည်ထုတ်ပြောလိုက်တာဟာကဗျာဖတ်ရတဲ့အရသာကို လေးပုံသုံးပုံလျော့သွားစေတယ်။ ကဗျာအရသာဆိုတာက နည်းနည်းချင်းနည်းနည်းချင်း ခန့်မှန်းလို့ရရှိတဲ့ အခါမျိုးမှာမှ ပေါ်တာကလား။ အရိပ်အမြွက်ပြပေး၊ သိချင်အောင်ဆွပေး၊ ဒါဟာစိတ်ကူးကိုစွဲမက်စရာဖြစ်စေတယ်။'

သင်္ကေတဝါဒ လှုပ်ရှားမှုဟာ ပထမတော့ ပြင်သစ်ပြည်အတွင်းမှာပဲ နယ်သန့်နေခဲ့ပါတယ်။ လေးလေးနက်နက်ခေါင်လွန်းတဲ့ ကဗျာမျိုးကိုမှလဲ သုံးကြတယ်။ နောင်မှာတော့တစ်စတစ်စနဲ့ အနောက်တိုင်း ကမ္ဘာတစ်ခုလုံး ပြန့်နှံ့သွားပြီး ဒီနည်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးချလာကြပါတော့တယ်။ ကနေ့ခေတ်ရဲ့ စာပေရာဇဝင်ဟာ သင်္ကေတဝါဒဖြစ်ပေါ်လာပုံ သဘာဝဝါဒနဲ့ ဆန့်ကျင်ခဲ့ရပုံ ရာဇဝင်ပါပဲလို့ ဆိုကြပါတယ်။ ကနေ့ ခေတ်ပေါ်ကဗျာ('မော်ဒန်') ဆိုတာ သင်္ကေတဝါဒကဗျာက စလိုက်တာပါပဲ။ ဂျွန်ကိစ်ရဲ့ ပထမဆုံးကဗျာစာအုပ်ကို ဖတ်ရတော့ လီးဟန့်က ဂျွန်ကိစ်ဟာ 'ကဗျာအတွက် ကဗျာ'ရေးတာပဲလို့ မှတ်ချက်ချပါသတဲ့။ သင်္ကေတဝါဒီတွေလည်း ထိုနည်းလည်းကောင်းပါပဲ။ ထေယော်ဖိလ် ဂိုတျယ်ဖြန့်ဖြူးခဲ့တဲ့ 'အနုပညာအတွက် အနုပညာ'ဆိုတဲ့ ဆောင်ပုဒ်ပေါ်မှာ သူတို့ရဲ့ လှုပ်ရှားမှုကို တည်ဆောက်ထားခြင်းပါပဲ။

## ၃

## 'လက်ပတ်နာရီရှာတဲ့ထာဝရတရား'

ပင်မ သင်္ကေတဝါဒ နောက်ပိုင်းမှာ ဆက်လက်ခဲ့ထွင်ဖို့ ကြိုးစားကြတာ တွေကတော့ အများကြီးပါပဲ။ မာလာမေကိုယ်တိုင်ကလဲ သူ့စောစောပိုင်းက ကဗျာနဲ့ နောက်ပိုင်း ကဗျာထူးခြားအောင် လုပ်လာတာတွေ့ရတယ်။ အခြားပုဂ္ဂိုလ်တွေကလည်း သစ်သထက်သစ်အောင် ကြိုးစားကြတာပဲ။ အပေါ် လီနယ်က ပထမပုဒ်ထီးပုဒ်မတွေ ဖြုတ်တယ်၊ နောက်တြိယာအဆက်အစပ်တွေကိုပါ ဖြုတ်ပစ်ခဲ့ပြန်တယ်။ ဘို့ဒလယ် ကို သူကဘောင်ကျဉ်းတယ်လို့ ဝေဖန်လာတယ်။ သူ့ရဲ့စာပေသားမြေး အမှန်လွန် ဝါဒီတွေလက်ထဲ ရောက်တဲ့အခါမှာတော့ ကိုးရို့ကားယားရုပ်ပုံတွေရရှိ အောင် ကြိုးစားကြတော့တယ်။ စကားလုံးတိုင်းကို အဓိပ္ပါယ်တန်ဖိုးရှိပုံချင်း အတူတူပဲလို့ သူတို့ ကဆိုလာကြတယ်။ အတွင်းစိတ်၊ မသိစိတ်ကို ဖွင့်ကြည့်လိုက်နိုင်ပြီ ဆိုတဲ့အခါမှာ တော့ ဒီအတိုင်းဖြစ်ရပေမှာပဲလို့ ဆိုကြတယ်။ ဂုစတဇ်မော်ရီးက 'ကျုပ်က ကျုပ်မမြင်ရတာကိုသာ၊ ကျုပ်ခံစားရတာကိုသာယုံတယ်၊ ကျုပ်အဖို့ အတွင်းစိတ် အနေဟာသာ ထာဝရတည်တံ့တယ်၊ ငြင်းစရာမရှိအောင်စစ်မှန်တယ်' လို့ ပြောလာ ပါတယ်။ ငြင်းစရာမရှိအောင် မှန်တယ်ဆိုရင် သူ့အထဲရှိနေတာတွေ အားလုံးဟာ မြင့်မြတ်ပေတာပေါ့။ သူကထုတ်လုပ်လိုက်တဲ့ အရာတိုင်းဟာ အရေးပါနေ၊ တန်ဖိုး ရှိနေတော့တာပေါ့။ လုံးဝဖွင့်လှစ်ပြလိုက်ရင် သတ္တိရှိရှိအသုံးပြု လိုက်ရင် မသိစိတ်ဟာ သစ်လွင်တဲ့၊ ပိုမြင့်မြတ်တဲ့ အမှန်တရားကို ဖော်ပေးနိုင်ပေလိမ့်မယ်။ ဒီလိုဖြစ်အောင် နိုးနေတဲ့အခါ သိရတဲ့အမှန်တရားကို အိပ်မက်နဲ့ရောပေးလိုက်ရမယ် လို့ သူတို့ကဆိုပါတယ်။ ဒီလိုလွန်ကဲတဲ့ အမှန်တရားကို ဖော်ထုတ်ရေးဟာ အန္ဒရေ ဘရီတန် ခေါင်းဆောင်တဲ့ အမှန်လွန်ဝါဒီတွေရဲ့ ရည်ရွယ်ချက်ပါပဲ။ မသိစိတ်ကို နှိုက်ချွတ်လေ့လာမယ်ဆိုတဲ့ လှုပ်ရှားမှုမှာ သူတို့ဟာ တတိယအဆင့်ပေါ့။ ပထမ ရောမန္တိက၊ ဒုတိယ သင်္ကေတဝါဒီတွေလေ။ အိပ်မက်နဲ့ အမှန်ဘဝကို အမှန်လွန် ဖြစ်အောင် ရောမွှေပေးတဲ့နည်းကတော့ မစပ်အပ်ဆုံး ရုပ်ပုံတွေကို အသုံးပြုခြင်း ပါဘဲ။ တစ်ခုနဲ့တစ်ခု မဆက်စပ်လေလေ၊ အင်အားပိုကောင်းလာ လေလေ ဖြစ်လာပါတော့ တယ်။ ဥပမာ ဘရယ်တန်ရဲ့ 'ထာဝရ တရားဟာ ကမ်းစပ်နားမှာ သန်းကောင်မတိုင်မီလေးမှာ လက်ပတ်နာရီရှာဖွေ နေတယ်' 'ကနေ့မနက် တောင်တန်းရဲ့ သမီးဟာ လင်းနို့တို့ရဲ့ အကော်ဒီယမ်ကို ဒူးပေါ် တင်ထားတယ်' ဆိုတာမျိုး၊ အယ်လွာရဲ့ ' ကျိုးနာနေတဲ့ ဆိုင်းဝိုင်းများနဲ့ ခင်းကျင်းထားတဲ့ နံရံများ

တလျှောက် မိမိတို့ရဲ့ ခဲပုပ်နားရွက်များကို ဆန့်ထုတ်ယင်း မိုးကြိုး သံနဲ့ရောထွေးတဲ့ အနမ်းကို ကြိုတင် ကာကွယ်ကာ'ဆိုတာမျိုးပေါ့။

သူတို့ကဗျာက ဖတ်ရုံသက်သက်နဲ့မရဘူး။ စာဖတ်သူကပါ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားပေးမှဖြစ်တယ်။ ကဗျာဆရာရဲ့ ရုပ်ပုံတွေထဲမှာ စာဖတ်သူကလည်း မိမိရဲ့အတွေးတွေထည့်ပေးပြီး ပြည့်စုံလာအောင် ပူးတွဲလုပ် ဆောင်ပေးရတယ်။ ဒီလိုနဲ့ သူတို့ကဗျာဟာ သမားရိုးကျ ဝါကျအဆောက်အအုံ အတွင်းမှာပဲ ဘာသာစကား အလွန်အမင်း ကျစ်လစ်နေတာ၊ သိသာတဲ့ အဓိပ္ပာယ် ကင်းမဲ့နေတာ တွေ့ရတယ်။ ဆယ်နှစ်လောက် လှုပ်လှုပ်ရွရွဖြစ်ပြီးတဲ့နောက်မှာတော့ အဖွဲ့ဝင်တွေ တစ်ယောက်တစ်လမ်းသွားကြ၊ လမ်းခွဲကြယင်းနဲ့ အမှန်လွန်ဝါဒ လှုပ်ရှားမှုဟာ ပျက်သွားပါတယ်။ ခေါင်းဆောင်နှစ်ဦးဖြစ်ကြတဲ့ အယ်လွာနဲ့ အာရာဂွန်တို့ကလဲ ကွန်မြူနစ်တွေ ဖြစ်သွားကြပါတော့တယ်။

၈

## သူရူး၊ သူပုန်၊ အမှိုက်ပုံးနဲ့ သတို့သမီး

ဝဒ်စဝသ်တို့ ရောမန္တိကတွေ၊ ပြင်သစ်ကလူတွေ ဦးဆောင်ဦးရွက်ပြုခဲ့တဲ့ သင်္ကေတဝါဒီတွေရဲ့ စိတ် - စိတ် - စိတ်နဲ့ တ စိတ်ထဲစိတ်နေပုံကို ဖတ်ရ၊ ကြားရ တာဟာ ပျင်းစရာကြီးပါပဲ။ ရာစုနှစ်တွေနဲ့ချီပြီး အမြစ်တွယ်လာခဲ့တဲ့ နာမ်ဝါဒကြီးက တစ်လျှောက်လုံး လူသားတွေရဲ့ဦးနှောက်ကို ကိုက်ခဲလာခဲ့ရာမှာ ခေတ်သစ်လူ့ဘောင်ရဲ့ ရှုပ်ရှုပ်ပွေပွေ လူမှုဆက်ဆံရေး စနစ်ကြီးနဲ့သွားတိုးမိပြန်တော့ ဒီလိုကြုံတွေ့ရတာ ဟာ ဆန်းတော့မဆန်းပေဘူး။ ဒီ လူတွေရဲ့ ဘဝရာဇဝင်ကို လေ့လာကြည့်လိုက်ရင်လည်း ခေါင်းဆောင်ဆိုတဲ့လူတွေဟာ များသောအားဖြင့် စိတ္တဇဆေးရုံကို ခဏခဏ သွားရတဲ့လူနဲ့ လမ်းပေါ်မှာ အရူးကြီးလို ရှောက်လှည့်နေပြီး တွေကရာပလက်ဖောင်း မှာထိုးအိပ်တဲ့လူနဲ့၊ ဘိန်းစားပြီး မိန်းမပွေတွေရဲ့ လက်မောင်းပေါ် အိပ်မက်မက်သူနဲ့ အမျိုးစုံပဲ တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် သူတို့တွေရဲ့ နာမ်ဝါဒအမြင်တွေ ကယောင် ကယင် လူပုံပန်းတွကို ဘေးချိတ် လိုက်ပြီး သူတို့ကဗျာလေးတွေ သက်သက်ကို ယူကြည့်လိုက်လျှင်တော့ အင်မတန် အားကောင်းပြီး 'ထိမိ'တဲ့ ကဗျာလေးတွေကို တွေ့ရပါလိမ့်မယ်။ မြန်မာမာစကားပုံက 'နွားမှ တတ်မည်'ဆိုသမဟုတ်လား။

ကျွန်တော်တို့ မြန်မာမှာ နိဗ္ဗိန္ဒ ကဗျာတွေ၊ လောကနဲ့ ဘဝကိုစိတ်ပျက်အားလျော့တဲ့ ကဗျာတွေ အင်မတန်ပေါတာပေါ့။ ဒါပေမဲ့ ဘို့ဒလယ်ရဲ့ 'စပလီးန်'လောက်

စိတ်ပျက်အားလျော့မှုကို ဖတ်ရသူရင်ထဲ အသည်းထဲခိုက်သွားစေနိုင်တဲ့ ကဗျာကတော့ ရှားပေလိမ့်မယ်။ (စာမျက်နှာ ၃၉၁)

အနုအလှ ကဗျာတွေကိုလည်း ကျွန်တော်တို့ သီဖွဲ့ခဲ့ကြတယ်။ ဒါပေမဲ့ ဗာလေရီရဲ့ 'ခြေလှမ်းများ' (စာမျက်နှာ ၂၃၆)ရဲ့ အနားကို သီမှသီနိုင်ခဲ့ရဲ့လား ဆိုတာတော့ အပြောရခက်ပေလိမ့်မယ်။

ဒါမှမဟုတ်ရင်လဲ ရိလ်ကယ်ရဲ့ 'ကျားသစ်' (စာမျက်နှာ ၅၃၆)' စပိန်ကချေသည်' (စာမျက်နှာ ၅၃၉)စသဖြင့် စသဖြင့်။

ဒါဖြင့် ဒီသင်္ကေတဝါဒဆိုတာ ဒီလို နာမ်တရားရဲ့ ချောက်ချားမှု၊ ကဗျာဉာဏ်၊ တိရစ္ဆာန်၊ မိန်းမ ဒါတွေလောက် ဖွဲ့သီလို့ရတဲ့ဝါဒလား။ ဒီနေရာမှာ ကျွန်တော်တို့ (အာရာဂွန်တို့လို အမှန်လွန်ဝါဒက လုံးဝ ကူးပြောင်းသွားသူတွေကို ခဏ ဘေးချိတ်ပြီး) ၁၉၁၇ ဆိုရှယ်လစ် တော်လှန်ရေးဝန်းကျင်က ရုရှားပြည်ရဲ့ စာပေလောကကို နည်းနည်းငဲ့စောင်း ကြည့်ကြဖို့ ကောင်းပါတယ်။

ဘော့ဒလယ်ရဲ့ သင်္ကေတဝါဒ ဥရောပတိုက်ကြီးမှာ ပြန့်နှံ့သွားတော့ ရုရှားပြည်ကိုလည်း ရောက်သွားတာပါပဲ။ ပြင်သစ် ပုံစံကို ယူသူရှိသလို ကိုယ့်အမျိုးသားဟန်ဖြစ်အောင် လုပ်ယူတဲ့သူတွေလည်းရှိခဲ့တယ်။ ရဲန်ဘိုးထက် ဂိုဂိုးလ်ကို ပိုပြီးအားကိုးလာကြတယ်။ အဲဒီအချိန်က ၁၉၀၅ တော်လှန်ရေးရဲ့ ရတ်ရက် ရက်ရက်အချိန်မှာပါ။ ပညာတတ် လူတတ်တန်းစားဟာ အလိုမကျမှုတွေဖြစ်၊ ဒေါသတွေထ၊ စိတ်အားတွေပျက်၊ ဖြစ်နေရတဲ့အချိန်ပိုင်းဖြစ်တဲ့အတိုင်း စာပေလောကမှာလည်း ဒီလူတွေရဲ့ "ရင်ဖွင့်သံ"တွေ လွှမ်းမိုးနေပါသေးတယ်။ ဒါပေမယ့် ဒီလိုအချိန်မျိုးမှာကိုပဲ စိတ်ပျက်အားငယ်သံတွေ ကြားထဲကနေ တက်ကြွတဲ့တော်လှန်လိုတဲ့အသံတွေ ထွက်လာခဲ့ပါတယ်။

တစ်ယောက်က -

> **ပန်းပွင့်လေးရဲ့ သဏ္ဌာန်နဲ့ ရနံ့ကြားမှာ**
> **သိမ်မွေ့တဲ့ ဆက်သွယ်မှုရှိတယ်**

နောက်တစ်ယောက် -

> **ပစ္စုပ္ပာန်ထဲမှာ မနေလေနဲ့**
> **အနာဂတ်ကိုသာ ကဗျာဆရာပိုင်တယ်။**

ထင်းရှူးပင်ရိပ်

နောက်တစ်ယောက် -

ငါက အဆောက်အဦးတွေ မီးလောင်နေစေချင်တယ်၊
ငါက မုန်တိုင်းတွေ ညပ်အော်နေစေချယ်တယ်၊

နောက်တစ်ယောက် -

တောင်ကမ်းပါးအစွန်းမှာ ငါရပ်နေရတယ်
မိုးပေါ်မှာဝဲစရာ တောင်ပံလည်းမပါ။
ငါဘာများလုပ်ရပါ့မလဲကွယ်၊
သူပုန်ထရမလား၊ လက်နက်ချရမလား၊

နောက်တစ်ယောက်က -

သူ့စိတ်ထဲမှာသူ့ခေတ်တွေကို တိုင်းတာနေတယ်
သူ့ဘဝသူတိုင်းဖို့တော့ အချိန်မရရှာဖူး၊

အလားတူပဲ ကဗျာအဆိပ်၊ အိပ်မက်ဘိန်း၊ ခရစ်တော်နဲ့ ဒိဩြနဲဆု၊ စကားလုံးနဲ့ ပန်းချီဆွဲလိုသူ၊ အမျိုးမျိုးတွေ့ကြရတယ်။ သူတို့ထဲမှာ အကြီးမားဆုံး ဖြစ်တဲ့ ဘလောက်ကလဲ သူရဲ့ ထူးဆန်းလှို့ဝှက်တဲ့မိန်းမလှနဲ့ ('မြေကြီးပေါ်မှ သူ့ကို သစ္စာဖောက်ဖို့အတွက် မိုးပေါ်မှာ သူ့ကို ချစ်ရဖို့ ကံဆောင်လေတယ်') သူ့'အနာဂတ် မြင် စိတ်အဆွေး'နဲ့၊ သူ့ 'ချစ်အပ်တဲ့ကံခေသူတိုင်းပြည်'နဲ့ 'အစဦးတွင် ဂီတ ရှိလေ၏' နဲ့ ရှိနေခဲ့ပါတယ်။

အနာဂတ်ဝါဒီဆိုတဲ့ လူတွေကတော့ 'ပြည်သူ့ပါးကို ရိုက်လိုက်ခြင်း' (၁၉၂၂)မှာ 'အတိတ်က ကျဉ်းမြောင်းတယ်၊ ပုသျှင်ကင်နဲ့ သုခမိန်အဖွဲ့ဟာ အီဂျစ် ကျောက်စာတွေလောက်မှ ဖတ်လို့နားလည်စရာမရှိဖူး။ ပုသျှကင်၊ တော်လစတွိုင်းနဲ့ အပေါင်းအသင်းများကို ခေတ်ပေါ်ကဗျာ သင်္ဘောပေါ်ကနေ ရေထဲပစ်ချကြရမယ်' လို့ ကြွေးကြော်လိုက်ပါတယ်။ သူတို့ခေါင်းဆောင် ကလဲဘညိကော့ဖ်က သဘာဝကို သာဝရဗရုတ်ဗရက်ဖြစ်စဉ်တခုလို့ ယုံကြည်တယ်။ 'ကြိယာခေတ်ဆိုတာ အက္ခရာရဲ့ စောင်းကြိုးထဲမှာ ပုန်းနေတဲ့ တစ္ဆေသရဲများဆိုတာကို သဘောပေါက်ပြီးတဲ့နောက် ဘာသာစကား အားလုံးရဲ့ တူညီမှုသဘောကိုရှာ'ဖို့အားထုတ်ခဲ့တယ်။ သူတို့ဂိုဏ်း အပြင် 'လယ်သမားကဗျာဂိုဏ်း'၊ နတ္တိ ဝါဒဂိုဏ်း၊ ဖော်ကျူးမှုဝါဒဂိုဏ်း၊ စကြာဝဠာ ဂိုဏ်းဆိုတာတွေလဲ ရှိသေးတယ်။

၁၉၁၇တော်လှန်ရေးကြီး ပေါ်ပေါက်လာတဲ့အခါ ဒီကဗျာဆရာတွေဟာ ပြဿနာတစ်ခုကို ရင်ဆိုင်ကြရပါတော့တယ်။ ဘယ်ဘက်က ရပ်တည်မလဲဆိုတဲ့ ပြဿနာပဲပေါ့။ ကဗျာဆရာ အတော်များများကိုတော့ တော်လှန်ရေးကာလအတွင်း (၁၉၀၅-၁၃)ကပဲ ဂေါ်ရကီက စည်းရုံးထားပြီး ဖြစ်ပါတယ်။ သင်္ကေတဝါဒီတွေ ဂိုဏ်းကွဲကုန်ပါတယ်။ တချို့ကတော့ စိတ်သမားပီပီ တော်လှန်ရေးကို ကျောခိုင်း သွားကြတယ်။ ဘလော့က်အပါအဝင် ကဗျာဆရာအများကတော့ တော်လှန်ရေးထဲ ပါလာခဲ့ကြတယ်။ သူတို့တစ်တွေကဖြင့် သင်္ကေတဝါဒ နိမိတ်ပုံအစွမ်းကို ရာဇဝင် လမ်းကြောင်းနဲ့ ပြည်သူ့အရေးတို့မှာ အောင်မြင်စွာအသုံးချလိုက်ကြပါတော့တယ်။ သူတို့ အဲသလို ကျင့်သုံးတာကို ဘယ်နည်းနဲ့မှ 'ဝါဒဖြန့်စော်နံ'တယ် 'အနုပညာ မဆန်ဖူး'လို့ မပြောနိုင်ဘူး။ ပြောလို့မရဘူး။ ရေးထားတဲ့အကြောင်းအရာက တော်လှန်ရေးပဲ၊ ဒါပေမယ့် အနုပညာက မြောက်နေတော့ တော်လှန်ရေးဆိုလျှင် အော့ကြောလန်ချင်တဲ့လူများကကို လေးစားလာရပါတော့တယ်။ ခုလက်ရွေးစင်မှာ ဘလော့က်ရဲ့ 'တစ်ဆယ့်နှစ်'ထဲက ကောက်နုတ်ချက်ထည့်ထားပါတယ်။ အဲဒါက တော်လှန်ရေး အောင်မြင်ပြီးမှ ရေးတဲ့ကဗျာပါ။ ၁၉၀၅ ဆီက ရေးတဲ့ သူ့ကဗျာ တစ်ပုဒ်မှာလည်း -

အမှောင်ထဲမှာ ခွန်အားနဲ့သတ္တိကို ငါမမြင်ဘူး၊
လည်တိုင်တွေငိုက်လို့ တိတ်တဆိတ်သွားလေလိုက်ကြတာ၊
ငါ ဆိတ်ငြိမ်ခြင်းနဲ့ သချိုင်းတို့ရဲ့ နိုင်ငံကို သွားခဲ့တယ်၊
လျှို့ဝှက်စွာ ကုန်လွန်ခဲ့တဲ့ ရာစုနှစ်များဆီကိုပေါ့။

အဲလိုအသက်ရှင်နေမှုမျိုးကို ငါစက်ဆုပ်လိုက်တာ၊
ရှက်ဖွယ် သေးဖွဲ၊ တရားမျှတမှုမရှိ၊ ညစ်ထည်းပေကျံလို့၊
တခါတလေလည်း ခေါ်သံကို ငါက လှောင်ထူး ထူးလိုက်တယ်။
ကယ်တော်မူပါ အော်တဲ့ ကျွန်မျိုးငါတယ်ရွံဆိုကိုး။

ဒါပေမယ့် ပြင်းပြပြတံပိုးမှုတ်သံ မိုးခွင်ပြည့်သွားသွားချင်း၊
မီးလျှံအောင်လံ ပွင့်လွင့်သွား သွားချင်း၊
ငါအော်လိုက်တော့တယ်၊ တိုက်ပွဲရဲ့ တေးသံရှင်ဟေ့ ငါက

ထင်းရှူးပင်ရိပ်

မိုးချွန်းသံနဲ့ တညီတညာ ဝင်ပြီး ငါတေးသီတယ်။

ကဗျာရဲ့ ဓားတဲ့ဟေ့၊ ကြည့် လျှပ်ရောင်က ပြနေတယ်။

သစ္စာရှိသံမဏိပေါ်မှာ ရွှေကလိုပဲ နီရဲလို့၊

ငါပြည်သူတွေကြား ရောက်ရပြန်ပြီ ငါက ကဗျာဆရာလေ၊

လျှပ်ရောင်လျှပ်ပန်းက ဖော်ပြလိုက်တဲ့ အရာကို ငါမြင်ပေါ့။

ရယ်လို့ ပြည်သူတွေဖက်က ရပ်တည်လိုတဲ့ တိုက်ပွဲဝင်ကဗျာဆရာတစ်ဦးရဲ့ ကဗျာဝါဒကို ဘလောက်က ထုတ်ဖော်ခဲ့ပါတယ်။ မာယာကော့ဖစကီးယ်က ဘယ်လိုပဲ ပြောပြော၊ သင်္ကေတဝါဒီချင်း တူပေမယ့်အသက်ရှူပုံချင်း ကွဲပြားပုံကို ဖော်ပြလိုက်ခြင်းပါပဲ။

ဟုတ်ကဲ့၊ ဆိုရှယ်လစ်သွားတဲ့ ဆိုဗီယက် ရုသျှမှာ ထုံးစံအတိုင်း 'ရောယောင်နောက်လိုက် အမြှောက်ကြိုက်ကလေးတွေ'လည်း ဒုနဲ့ဒေးပေါ့။ သူတို့ဆီကတော့ ကဗျာထွက်မလာပါဘူး။ ကချလာပဲ ထွက်လာပါတယ်။ ဒါပေမဲ့ အချိန်ဟာ အင်မတန်ကျွမ်းကျင်တဲ့ တံမြက်စည်းတချောင်းပါ။ သူက အာဏာရပါတီနဲ့ ကပ်ရပ်ပြီး ပါတီကြိုက်တွေသာ တွန်းအော်လေ့ရှိတဲ့ အကြမ်းပညာသများတွေကို တဖြည်းဖြည်းနဲ့ မြူနီစီပယ် အမှိုက်ပုံးထဲ ပို့ပေးလိုက်ပါတယ်။ နောက်ဆုံး အနုပညာကျောက်မျက်ရွဲလေးတွေကသာ ရာဇဝင်သတို့သမီးရဲ့ ဘယက်သွယ်အဖြစ် ကျန်ရစ်ခဲ့မြဲပါ။

၉

## တက္ကသိုလ်

ကျွန်တော် အနောက်တိုင်းကဗျာ စာအုပ် ပြုစုဖို့စိတ်ကူးခဲ့တာကတော့ ကြာပါပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်တက္ကသိုလ်မှာ ကျောင်းသားဘဝက စာပေသူငယ်ချင်း တွေနဲ့ ဆုံစည်းမိကြ၊ စာပေအကြောင်း၊ စကားပြောမိကြချိန်ကည်းကပဲ ဆိုကြပါစို့။ တချို့ကဗျာလေးတွေကို ချတောင်ပြန်မိတယ်။ ဒါပေမယ့် စာတစ်စောင်ပေတဖွဲ့ကို ဖြစ်မလာတဲ့နိုင်ဘူး။ ဒီအချိန်မှာပဲ စာအုပ်ကို ထုတ်ပေးမယ့် 'ယမင်း'နဲ့ တွေ့တယ်။ ကျွန်တော်အပြေးအလွှား ရေးရပါတော့တယ်။ အိမ်မှာ သူငယ်ချင်း ကိုအောင်ကျော်ရဲ့ ကလေးတွေ ဂျွမ်းပစ်နေကြတဲ့ကြားက ရေးတယ်။ စာပုံနှိပ်စက်မှာ တချောက်ချောက်စက်ရိုက်နေကြတဲ့ကြားက ရေးတယ်။ တစ်ခါတလေ လက်ဖက်ရည်ဆိုင်မှာပါ ထိုင်ရေးတယ်။ အများဆုံး ရေးခဲ့တာကတော့ ရန်ကုန်တက္ကသိုလ် ဘာသာပြန် ဌာနက မိတ်ဆွေ ကိုကျော်အောင်ရဲ့ အခန်းလွတ် ထဲမှာပါပဲ။ ပြောရင်ယုံနိုင်စရာ တောင်မရှိဘူး။ အင်္ဂလိပ်ရောမန္တိက နောက်ပိုင်းနားကနေ စာအုပ်ဆုံးထိကို ကျွန်တော်ရေးခဲ့တာ တစ်လတောင်မပြည့်ဘူး ရက်အစိတ်ပဲ ရှိတယ်။ နောက်ပိုင်း ရက်များမှာ ညမအိပ်ဘဲ အလင်းထိုင်ရေးခဲ့ပါတယ်။

ဒီတော့အကျိုးဆက်ကနှစ်မျိုး ကြုံရပါတော့တယ်။ တစ်-ရေးယင်း၊ ရိုက်ယင်း၊ ရေးယင်း စက်လို ထုတ်လုပ်ခဲ့ရတာဖြစ်လေတော့ နောက်ပိုင်းစာတွေဟာ နကိုကမှ ထောင့်ချင်ရတဲ့ထဲ မချောတော့ပါဖူး။ (ပုသျှကင်အချို့ကတော့ အရင်ကပဲ ပြန်ပြီးပါ) ကဗျာကိုရွေးချယ်တာ၊ ရှင်းလင်းတာတွလဲ အချိန်ယူပြီးရေးရယင် ကောင်းသင့်တာလောက် မကောင်းနိုင်တော့ပါဘူး။ နှစ်-ချင့်ချင့်ချိန်ချိန် တင်တင် ကူးကူး စီစဉ်လုပ်နိုင်တာမဟုတ်လေတော့ နောက်ပိုင်းမှာ စာမျက်နှာတွေ မှန်းထား တာထက် ပိုထွက်ကုန်တဲ့အတွက် အများကြီးဖြုတ်ပစ်ခဲ့ရပါတယ်။ ကြော်ငြာထားတဲ့ ကဗျာဆရာထဲက လေးဦးငါးဦးဖြုတ်ခဲ့ရတဲ့အပြင် ပါလာတဲ့ ကဗျာဆရာတွေရဲ့

ထင်းရှူးပင်ရိပ်
ကဗျာတွေကိုလဲ တစ်ဦးကို အနည်းဆုံး ငါးပုဒ်မှန်းထားခဲ့ရာက နှစ်ပုဒ် အချို့တစ်ပုဒ်ပဲ ပေးနိုင်ပါတော့တယ်။ အမေရိကန် ကဗျာ တစ်ကဏ္ဍလုံး ဖြုတ်လိုက်ရတဲ့အတွက်လဲ ကျွန်တော်ဝမ်းမသာပါဘူး။ ရောဘတ်ဖရော့စ်ရဲ့ ကဗျာလေးတွေကို ကျွန်တော် သဘောကျပါတယ်။

ကျွန်တော် ဘာသာပြန်နည်းက လုံးစေ့ပတ်စေ့ အတိအကျ ဘာသာပြန်တဲ့နည်းဖြစ်ပါတယ်။ အချို့အလေ ကွင်းစကွင်းပိတ်ထဲမှာ ဖော်ပြလိုက်ရတာကလွဲလို့ မူရင်းစာကိုယ်နဲ့ တိကျနိုင်သမျှ တိကျစွာ တူညီနိုင်အောင် ကြိုးစားထားပါတယ်။ အင်္ဂလိပ်ဘာသာပြန်တွေရဲ့ အကူအညီကို ယူသော်လည်း မူရင်းကို အဓိကထားပါတယ်။ ဥရောပဘာသာစကားတွေကိုကျွန်တော်မတတ်ကျွမ်းပါ။ ဒါပေမဲ့ သူတို့ ဥရောပစကားတွေက တစ်ခုနဲ့တစ်ခု ဆင်ဆင်ပဲများတာမို့ တစ်ခုတတ်ထားရင်၊ သဒ္ဒါအဆောက်အအုံအကြောင်း အလုပ်ဖြစ်ရုံသိထားရင်၊ အဘိဓာန်တစ်ခု အနားမှာ ရှိရင် ဖတ်လို့ရပါတယ်။ အချို့စာဖတ်သူများ ဆန္ဒရှိပါက မူရင်းနဲ့ ယှဉ်ဖတ်ကြည့်နိုင်အောင် စကားပြေနဲ့ ပြန်တာ ဖြစ်ပေမယ်လို့ စာကြောင်းကိုတော့ တတ်နိုင်သမျှ သူ့နကိုက အနေအထားအတိုင်း စီစဉ်ပေးထားပါတယ်။

ဒီစာအုပ်ပြုစုရာမှာ စာအုပ်စာတမ်းများ အကြံဉာဏ်များနဲ့ ကူညီကြတဲ့ ညွန့်ကြူ၊ ဦးချမ်း၊ ငြိမ်းကျော်၊ မင်းမော်၊ ကိုစံဖော်၊ ကိုအောင်ကျော်၊ ဦးအုန်း။ နားအေးပါးအေးစာရေးစရာ 'ရိပ်မြုံ'လေးတစ်ခု ဖန်တီးပေးတဲ့ ကိုကျော်အောင်၊ ခေတ်ပေါ်ကဗျာကို နားလည်ဖို့ အားထုတ်ရာမှာ အကူအညီများစွာ ပြုခဲ့တဲ့ ဦးဝင်းဖေတို့ကို အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ဖို့ မေ့ကျန်ခဲ့ရင်ဖြင့် ကျွန်တော်ဟာ အတော်ကျေးဇူးမသိတတ်တဲ့ လူတစ်ယောက်ဖြစ်နေပါလိမ့်မယ်။ စာအုပ်ကို စနစ်တကျ ဖြစ်နိုင်အောင် ကြိုးစားပေးကြတဲ့ 'ယမင်း' ဝိုင်းတော်သားများ ကိုလည်း ကျေးဇူးတင်ပါတယ်။

မောင်သာနိုး

ရန်ကုန်၊ ဇူလိုင် ၂၆ ၊ ၁၉၆၈

# အင်္ဂလိပ်ကဗျာ

## ဝီလျံဘလိတ်

ဂန္ထဝင်ခေတ်နဲ့ ရောမန္တိကခေတ် စပ်ကြားက ကဗျာဆရာလို့ အဆိုပြုကြတဲ့ ဝီလျံ ဘလိတ် (၁၇၅၇-၁၈၂၇) ဟာ ငယ်စဉ်ကတည်းက 'အမြင်ရတယ်'လို့ နာမည်ကြီး ခဲ့သူဖြစ်တယ်။ တမန်တော်ကို လယ်ကွင်းထဲမှာ မြင်ခဲ့ရ ဆိုသလို၊ အနာဂတ် အကြောင်းပြောနိုင်ဆိုသလို ပြောကြတယ်။ စိတ်ကူးယဉ်လွန်းတာလား တော့မသိဘူး။ ကဗျာကိုလည်း ၁၂နှစ်သားကတည်းက စစပ်ခဲ့တာပဲ။ သူ့ခမျာ မရှိ ဆင်းရဲသားမိဖက် မွေးခဲ့သူဖြစ်တော့ ကျောင်းပညာကို ကောင်းကောင်းမသင်ခဲ့ရဘူး။ ဖခင်လုပ်သူက လက်ထွင်းဘလောက်ဆရာတဦးထံ အလုပ်သင်အဖြစ် အပ်ခဲ့တယ်။ ဒီဘလောက် ပညာနဲ့ပဲဘလိတ်အသက်မွေးခြင်းပြုခဲ့ပါတယ်။ ပန်းချီကားတွေကိုလည်း ရေးခဲ့သေး ရဲ့။ သူ့ကဗျာစာအုပ်တွေကိုသူကိုယ်တိုင် သူ့မိန်းမအကူအညီနဲ့ တစ်ရွက်ချင်း ရိုက်ခဲ့ တာဖြစ်တယ်။ သူက ကြေးနီပြားပေါ် စာကို ခြစ်ရေး၊ ဘေးကသရုပ်ဖော်ပုံ တွေဆွဲ၊ ပြီးမင်ဆွတ်ပြီး တစ်ရွက်ချင်းနှိပ်။ အဲဒီတုန်းကတော့ လူတွေက သူ့ကဗျာကိုလည်း မကြိုက်ကြသေးဘူးဆိုတော့ စာအုပ်တွေလည်း မလောက်လေး မလောက်စားပေ့ါ။ နောက်တော့လည်း ဘလိတ်လက်နဲ့ထွင်းထု ရိုက်နှိပ်ခဲ့တဲ့ စာအုပ်တွေဟာ အစု အဆောင်း ဝါသနာရှင်တို့အဖို့ အဖိုးအနဂ္ဃတန်ပစ္စည်းတွေ ဖြစ်လာတော့တယ်။

ဘလိတ်ဟာ ကျောင်းပညာကောင်းစွာ မသင်ခဲ့ရဘဲ ကိုယ့်ဘာသာ လေ့လာခဲ့ရသူဆိုတော့ သူ့အတွေးအခေါ်ဟာ ကလေးဆန်ပြီး ထိုးထိုးထွင်းထွင်း ရှိလှတယ်။ သူ့အတွေးအခေါ်မျိုး ဘယ်သူမှမတွေ့ဖူးသေးဘူးလို့ သူပြောလေ့ရှိ တယ်။ သရုပ်မှန် လွန်းအားကြီးလို့ ဟုတ်မှဟုတ်ရဲ့လား ထင်ရတာလည်းရှိတယ်။ ဘလိတ်

ဟာ လောကကြီးနဲ့ လိုက်လျောညီထွေ မနေတတ်ဘူး။ ခွကျတတ လူလို့ ဝေဖန်ခံရတယ်။ သူပုန်ပါပဲ။

၁၇၇၅ အမေရိကန်တော်လှန်ရေးကနေ ၁၇၉၆နပိုလီယန်ခေတ်ထလာချိန်ထိ ဘလိတ်ဟာ ပြောင်တင်းတင်းသူပုန် လုပ်နေခဲ့တယ်။ တော်လှန်ရေးနှစ်ခုစလုံးကိုပဲ သူကထောက်ခံတယ်။ ဘုရင်နဲ့အုပ်စိုးသူတွေကို ရှုတ်ချခဲ့တယ်။ ဒါကိုစောစောပိုင်းက သူ့အနာဂတ်ဟော ကဗျာများမှာ တွေ့နိုင်သလို သူ့လိရိက ကဗျာအများစုမှာလည်း တွေ့နိုင်တယ်။ ပြင်သစ်တော်လှန်ရေးအတွက် မျှော်လင့်ချက် အကြီးအကျယ်ထားစဉ် ၁၇၈၉က ရေးတဲ့ 'အပြစ်မဲ့မှုတေးများ'နဲ့ ပြင်သစ်နဲ့ အင်္ဂလန်စစ်ဖြစ်စဉ် ၁၇၉၄မှာ ရေးတဲ့ 'ခံစားမှုတေးများ' ကွာခြားပုံကို လေ့လာကြည့်ရင် တွေ့ပါလိမ့်မယ်။

ပြင်သစ်-အင်္ဂလိပ် စစ်ဖြစ်လာတော့ သူ့အယူအဆကြောင့် ဘလိတ်မှာ နေရေးထိုင်ရေး ခွကျကုန်ရတယ်။ ၁၇၉၇ စီးပွားရေးပျက်ကပ်ကြောင့်လည်း အလုပ်အကိုင်မဖြစ်ဘဲရှိရတယ်။ နပိုလီယန်က တော်လှန်ရေးကို အာဏာရှင်ခေတ်ဆိုးအဖြစ် ပြောင်းပစ်လိုက်တဲ့အခါကျတော့ ဘလိတ်ဟာနိုင်ငံရေးကို စိတ်ပျက်လာခဲ့တော့တယ်။ ဒါပေမဲ့ ၁၈၀၃မှာ စစ်သားတစ်ယောက်နဲ့ ငြင်းရင်း ခုန်ရင်း သူ့ခမျာ အစိုးရ အကြည်ညိုပျက်အောင် ပြောဟောမှုနဲ့ တရားစွဲ ခံရသေးတယ်။ အမှုက လွတ်ခဲ့ရပေမယ့် သူ့အတော် 'ဖြုံ'သွားတယ်။ ၁၇၉၆က ၁၈၀၀အတွင်း သူ့ကဗျာတွေဟာ နိုင်ငံရေးမှိန်လာတယ်။ ခရစ်ယန်သမ္မာကျမ်းစာ ပိုဆန်လာတယ်။ လူလည်း ပိုဆင်းရဲလာတော့ လူ့လောကကောင်းစားရေးဆိုတာ လုပ်မှရပါ့မလားဆိုတဲ့ သံသယမျိုး ဝင်လာပါလေရော။

ဒါပေမဲ့ ဘာသာရေးမှာတောင် ဘလိတ်ဟာ သူပုန်ပါပဲ။ သူက ယေရှုခရစ်ကို ကောင်းမှုတရားရဲ့ သင်္ကေတ၊ ထာဝရဘုရားကို အာဏာရှင်၊ နှိပ်စက်သူ၊ ခရစ်က လူသား၊ ထာဝရဘုရားက နိုင်ငံနဲ့အာဏာ၊ အဲသလို မြင်တယ်။ သူကနိုင်ငံနဲ့အာဏာကို ဆန့်ကျင်တဲ့ဘက်က လူအဖြစ် ရပ်တည်တယ်။ ဒီအကြောင်းကို သူရဲ့'ထာဝရ ခရစ်ဝင်ကျမ်း'နဲ့ အခြားစာများမှာ ဖတ်နိုင်တယ်။

စက်မှုတော်လှန်ရေးဟာ ဘလိတ်ရဲ့ဘဝကို ထိပါးရိုက်ခတ်ခဲ့တယ်။ သူ့လက်ထွင်းဘလောက်အလုပ်ပျက်ခဲ့ရတယ်။ ဒါကို ဘလိတ်က သူ့ကဗျာတွေထဲမှာ ထည့်ရေးတယ်။ ကဗျာဟာ သူ့အဖို့ ထွက်ပြေးနားခိုရာ မဟုတ်ဘဲနဲ့ နေ့စဉ်ဘဝကို ဘောင်ခွဲ့ဆက်လက်ရာပဲဖြစ်တယ်။ စိတ်ကူးမှု ကဗျာဆရာတွေက သူတို့ဟာ ထာဝရတည်တံ့တဲ့လူ ယေဘုယျအတွေ့အကြုံခံစားမှုများရဲ့ အသံ၊ ဝါ၊ သင်္ကေတရယ်လို့

ဆိုလေ့ရှိတယ်။ ဘလိတ်ကလဲ ဒါကိုယုံတယ်။ သူ့ခေတ် အတွေ့အကြုံက အချစ်၊ အလှအပ၊ အမှန်တရား၊ ရမက်လောက်နဲ့တင် မပြီးဖူး။ စစ်၊ ဖိနှိပ်မှု၊ ဆင်းရဲမှု၊ ကြောက်လန့်မှု မတရားမှု၊ ခွင့်ရေးမညီညာမှု စတဲ့လူမှုရေးဒုက္ခတွေ ပြွမ်းနေတယ်။ ဒါတွေမှာ ဘလိတ်က လူသားမျှော်ခေါ်ချက်ကို မြင်ပြီးစိတ်ကူးခွန်အား ထည့်ပေးလိုက်တော့ သူ့ကဗျာဟာ ကနေ့ခေတ်ထိ အသက်ဝင် ပီပြင်နေတယ်၊ မှတ်တိုင်တစ်တိုင် ဖြစ်ခဲ့တယ်။ ဒီလက်ရွေးစင်မှာတော့ လီရိကကဗျာအချို့ကိုသာ ဖော်ပြနိုင်ပါတယ်။

## ညနေကြယ်သို့

ဆံပင်လှပသူ အသင် ညနေခင်း တမန်နတ်
နေဟာ တောင်တန်းတို့ အပေါ် နားခိုချိန် ခုခါမှာသင်ရဲ့
တောက်ပတဲ့ မေတ္တာမီးရှူးကို ထွန်းညှိပါဖိ။ ထိန်ညီးတဲ့မကိုဋ်ကို
ဆောင်းပါဖိ။ ငါတို့ရဲ့ ညနေခင်း စက်ရာပေါ်ပြုံးပါဖိ။
ငါတို့ရဲ့ချစ်ခြင်းများအပေါ် ပြုံးပါဖိ။ ကောင်းကင်ရဲ့ ကန့်လန့်ကာ
ပြာပြာ များကို သင်ဆွဲလိုက်တော့ အချိန်သင့် အိပ်ပျော်ကာ
မျက်လုံးလှလှလေးများ မှိတ်ကုန်ကြတဲ့ ပန်းပွင့်အသီးသီးအပေါ်
သင့်ငွေနှင်းမှုန်ကို ကြဲပါဖိ။ သင့်ရဲ့ အနောက်လေကို အိုင်ပေါ်မှာ
အိပ်ပါစေလေ။ ငြိမ်ဆိတ်ခြင်းကို သင့်မျက်လုံးလက်လက်များနဲ့
စကားဆိုပါ။
ဆည်းဆာကို ငွေရောင်နဲ့ ဆေးလိုက်ပါ။ မြန်စွာ၊ သိပ်မြန်စွာ
သင် ဖဲခွာတော့တယ်။ အဲဒီခါဝံပုလွေက ဒေါမာန်ထန်တော့ကာ
ခြင်္သေ့ကညိုမဲမဲ တောအုပ်ထဲ ပြူးကြည့်နေလေတော့တယ်။
ငါတို့ သိုးအုပ်များရဲ့ အမွေများဟာ သင်းနှင်းရည်မွှန်နဲ့
လွှမ်းထားပါတယ်။ သင့်အရှိန်အဝါနဲ့ စောင့်ရှောက်လိုက်ပါဖိ။

['ကဗျာပုံကြမ်းများ' မှ]

'ညနေကြယ်' (Evening Star) ဆိုတာ မြန်မာလို သောကြာကြယ်ပေါ့။ ဘလိတ်က ဒီကြယ်ထံ တိုင်တည်နေဟန် ကဗျာရေးဖွဲ့ထားတယ်။ ကြယ်ရဲ့ ရောင်ခြည်မျှင်တွေကို ဆံပင်နဲ့ တင်စားထားတယ်။ သူ့ရဲ့အလင်းကိုပဲ မီးရှူးလို၊ မကိုဋ်လို ဆိုပြန်တယ်။ မီးရှူးမှ မေတ္တာမီးရှူး။ ဒီမေတ္တာအပြည့်ပါတဲ့ မီးရှူးရှင် သောကြာကြယ်

က လင်းပြတာကိုပဲ လူသားတို့အပေါ် ပြုံးပြသလို ရေးဖွဲ့ထားတယ်။ လူသားတို့ရဲ့ ချစ်ခြင်းမေတ္တာဆိုတာတွေကို ပြုံးတာလှောင်တာတဲ့လေ။ (သောကြာ ကြယ် 'ဝေနု'ဟာ ခေါမတို့ အယူအဆအရ မေတ္တာနတ်သမီး ဖြစ်တယ်) ကောင်းကင် ရဲ့ ကန့်လန့်ကာ ပြာပြာတို့ကို ဆွဲတယ်ဆိုတာကတော့ ကြယ်ရောင် ကြောင့် ကောင်းကင်က အပြာတွေ လွင့်စင်ပြီး လင်းလာရတာကို တင်စားတာပါ။ လူဆိုတာ အိပ်ချိန်ကျလည်း အိပ်ချင်မှ အိပ်တယ်။ ပန်းလေးတွေကတော့ အချိန် မှန်တယ်။ အချိန်ကျရင် မျက်လုံးလှလှလေးတွေ မှိတ်ကုန်ကြတာပဲ။ အဲဒီ ပန်းလေးတွေ အပေါ်ကို ဆီးနှင်းဖြူဖြူလေးတွေ ကြဲချပေးပါတဲ့။ အနောက်လေဆိုတာ ကြမ်းကြမ်း တိုက်တဲ့ အနောက်လေလည်းရှိ နုနုတိုက်တဲ့ လေပြေလေညင်းလည်းရှိရဲ့။ ဘယ်သင်း ပဲဖြစ်ဖြစ် ကြည်မြငြိမ်ဆိမ်တဲ့ ရေအိုင်ပေါ်မှာ လှုပ်ရှားဆော့မကစားစေချင်ဖူး။ အိပ်ပျော်သလို ငြိမ်ကျလို့ နေစေချင်တယ်။ အဲသလို ငြိမ်နေတဲ့ အငြိမ်ကိုမှ လူလို သဘောထားပြီး သောကြာကြယ်က မျက်လုံးလေးနဲ့ စကားပြောနေပါတဲ့။ ဆည်းဆာ အမှောင်ကိုလည်း ငွေရောင်ကြယ်အလင်းနဲ့ ပက်ဖြန်းသွန်းလောင်းပေး ပါတဲ့။

ဒါပေမယ့် အားလုံးသိကြတဲ့အတိုင်း သောကြာကြယ်ဟာ ကြာကြာ မနေတတ်ဘူး။ ညနေစောင်းလေးမှာပဲ သူ့ကိုတွေ့ရတတ်တယ်။ တော်ကြာ သူကွယ်ဝင်သွားတာပဲ။ အဲသလိုအရောင်ပေမဲ့ ကြယ်လည်းမရှိ၊ ညကလည်း နက်လာတဲ့အခါမျိုးမှာ တောသတ္တဝါတို့ဟာ ခေါင်းပြူစပြုလာတော့မယ်။ သားကောင် ကို ရှာဖွေတော့မယ်။ ဒေါသတွေထန်၊ မျက်လုံးတွေပြူးကြည့်ကုန်ကြပြီ။ ငါတို့ သိုးကလေးတွေကိုများ လာဆွဲမှဖြင့်။ ခုချိန်မှာ သောကြာကြယ်တော့ မရှိတော့ဘူး။ ဒါပေမဲ့ သူရှိစဉ်က ကျတဲ့ နှင်းရည်ကတော့ သိုးတွေပေါ်မှာ ရွှဲစိုတုန်းဘဲ။ စာဆိုက သောကြာကြယ်ကိုပဲ တန်ခိုးတော်ရှင်တစ်ဦးလို တိုင်တည်လိုက်တယ်။ သင်မရှိပေမဲ့ သင့်ပရိတ်ရည်မွန်းထားတဲ့ သိုးလေးတွေကို သားရဲဘေးမှ ကာကွယ် လိုက်ပါတဲ့။ ဒီနေရာမှာ တကယ်သိုး တွေကိုပဲပြောတာလား လူကိုပဲ သင်္ကေတပြုပြီး သိုးရယ်လို့ ဆိုလေသလား ဆိုတာတော့ ကြိုက်သလို တွေးဒေါ်ယူပါ။ ဘလိတ်ဟာ သင်္ကေတ သမားဖြစ်တယ်။ တန်ခိုးတွေ၊ ဘာတွေယုံတဲ့ ဂမ္ဘီရဝါဒီလည်းဖြစ်တယ် ဆိုတာတော့ မမေ့နဲ့။

မူရင်းကဗျာကို ကာရန်မပါ၊ ရစ်သမ်နဲ့ပဲရေးထားတယ်။ ဒါပေမဲ့ အသံယူပုံ ကောင်းလွန်းလို့ ကာရန်မပါတာကို မေ့ပျောက်သွားပြီး သူ့ဂီတသံမှာ မျောသွား ရတယ်။ အကောင်းဆုံး အင်္ဂလိပ်လိရိက ကဗျာထဲမှာ တစ်ပုဒ်အပါအဝင်ဖြစ်တယ်

လို့ အဆိုရှိတယ်။ 'ငြိမ်ဆိတ်ခြင်းကို သင့်မျက်လုံးလင်းလက်လက်များနဲ့ စကားဆိုပါ။ ဆည်းဆာကို ငွေရောင်နဲ့ ဆေးလိုက်ပါ' ဆိုတဲ့ အလင်္ကာဟာ အသံမဲ့ အရာကို အသံမြည်လာအောင်လုပ်နိုင်စွမ်းရုံမကဘူး၊ အာရုံခံစားမှုအားလုံးကို တခုထဲဖြစ်လာအောင် ကြည်နူးစဖွယ် ရောမွှေလိုက်ခြင်းလည်းဖြစ်တယ်။ လူတိုင်းပဲ တစ်ဘဝမှာ တစ်ကြိမ် ခံစားကြုံတွေ့ဖူးတဲ့ စိတ်ကူးအတွေ့အကြုံ တစ်ခုလည်းဖြစ်တယ်။

တေး

သာယာလှပါဖိ တစ်လယ်က တစ်လယ် ကူးလူးကာ
နွေရတုရဲ့ ဂုဏ်အလုံးကို ခံစားခဲ့ရတာလေ၊
နောက်ဆုံးမေတ္တာမင်းသား နေရောင်ခြည်ထဲ
တွားနေခိုက် မြင်လိုက်ရတော့တယ်၊

သူက မယ့်ဆံကေအတွက် နှင်းပန်းလေးတွေ ပြတယ်၊
မယ့်နဖူးတွက်တော့ ရှက်သွေးဖြာနေတဲ့ နှင်းဆီပွင့်လေးတွေ၊
သူ မယ့်ကို သူရဲ့လှပတဲ့ ဥယျာဉ်ထဲ ဖြတ်ခေါ်သွားတယ်
သူ့ရွှေရောင်ပျော်မွေ့မှုအားလုံး ပေါက်ရောက်ရာပဲ့၊

လှပတဲ့ မေလဆီးနှင်းများနဲ့ မယ့်တောင်ပံများ စိုနေတယ်
သူရိန်ကလဲ မယ့်အသံဒေါသကို မီးမြိုက်ပေးရဲ့၊
သူမယ့်ကို ပိုးပိုက်ကွန်နဲ့ ဖမ်းလိုက်တယ်
ပြီရွှေဖြိုင့်ထဲ လှောင်ထားလိုက်ပါရော၊

မယ်တေးသီတာ ထိုင်နားထောင်ရတာကို သူမြတ်နိုးတယ်
ရယ်ကာမောကာနဲ့လည်း မယ့်ကို ကလူကစားရဲ့၊
အဲဒီနောက်၊ မယ့်ရွှေတောင်ပံကို ဖြန့်ကြည့်ကာ
မယ့် လွတ်လပ်မှု ဆုံးပါးခြင်းကို သရော်နေလေရဲ့၊

['ကဗျာပုံကြမ်းများ' မှ]

အပေါ် ယံကြည့်ရင်တော့ ကျေးငှက်လေး တစ်ကောင်က သူ့ဇာတ်လမ်းကို ပြန်ပြောပြနေတာပါပဲ။ လယ်ကွင်းတစ်ခုက ကူးလူးပျံသန်းပြီး နွေရတုရဲ့ သာမောဖွယ် တွေကို ခံစားခဲ့ရတာများ အင်မတန် ကြည်နူးစရာကောင်းပါဖိတယ်လို့ ကျေးငှက်

လေးက လွမ်းလွမ်းဆွေးဆွေးနဲ့စားမြုံ့ပြန်ပြတယ်။ 'ဂုဏ်'ယူတယ်ဆိုတာ အကောင်းဆုံး အလှဆုံးကို ဂုဏ်ယူကြမြဲပေါ့။ ဒါကြောင့် 'နွေရတုရဲ့ ဂုဏ်အလုံး'ဆိုတာ နွေရတုရဲ့ အလှအပအားလုံးလို့ ပြောတာပါပဲ။ အဲဒီလို မြူတူးကျက်စားနေရာက နောက်ဆုံးမှာ မေတ္တာရွှေမင်းသားကို တွေ့ခဲ့ရတယ်တဲ့။ မင်းသားက နေရောင်ခြည်ထဲမှာ ငှက်ချောင်း သူမှဆိုးတို့ တံထွာ'တွား'လို့လာတယ်။ ဆံပင်မှာ ပန်ရအောင် နှင်းပန်းလေးကိုပြ၊ နဖူးမှာဆင်ရအောင် နှင်းဆီပန်းပြနဲ့မြူဆွယ်တယ်။ (ဒီမယ်ကျေးငှက်ဟာ သာမန်ကျေးငှက်မဟုတ်တော့ဘူး၊ မင်းသားကလဲ မေတ္တာမင်းသားဆိုလေတော့ သာမန်မုဆိုးက ငှက်ကို ဖမ်းတာမျိုးမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ရိပ်စားမိလာရပြီ) ပြီး သူပျော်စံရာ ဥယျာဉ်ဆီခေါ်သွားတယ်။ 'သူ့ရွှေရောင်ပျော်မွေ့မှုအားလုံးပေါက်ရောက်ရာ ဥယျာဉ်လို့ဆိုတယ်။ ပျော်ရွှင်မှုဆိုတဲ့တရားကိုပဲ သစ်ပင်လိုတင်စားပြီး ဥယျာဉ်ထဲ ပေါက်ရောက်တယ်လို့ အလင်္ကာ ပြုထားပုံဟာ အင်မတန် ထိမိတယ်။ ဥယျာဉ်ထဲရောက်တော့ သူ့တောင်ပံမှာ နှင်းရည်တွေ စိုကုန်ရပေါ့တဲ့။ ပျော်မွေ့မှုအပင်ပေါက်တဲ့ ဥယျာဉ်ထဲမှာ တောင်ပံတွေ နှင်းရည်ရွှဲရတာဟာ ဖြင့် ကျေးမကလေး မင်းသားနဲ့ ဘယ်လိုအဖြစ်မျိုး ရောက်ကုန်ပြီဆိုတာ ကျွန်တော်တို့ ခန့်မှန်းလို့ရပါပြီ။ နေကလဲပူတော့ ဒေါသနဲ့ ရန်ထောင်ခနေတဲ့အရှိန်ကို မီးမြိုက်ပေးသလိုပါပဲတဲ့။ အဲဒီမှာဘဲ ငှက်ကလေးခမျာ မင်းသားရဲ့ပိုက်ကွန်ထဲ မိသွားပါပြီ။ ပြီး လှောင်ခြိုင့်ထဲ ထည့်လှောင်ထားတာကို ခံရတော့တယ်။ သူတေးသီတာကို မင်းသားက ထိုင်နားထောင်လေ့ရှိတယ်။ ကျေးကလေးကို ရယ်မော တို့ကစားလေ့လဲရှိတယ်။ ပြီးရွှေတောင်ပံလေးကိုဖြန့်ကြည့်ပြီး 'ရှက်ပါတယ်ပျော့၊ငှက်မလေးတကောင်၊ ခါတိုင်းလို လွတ်လွတ်လပ်လပ် ပျံလည်း မပျံနိုင်တော့ဘူး'လို့ သူများလွတ်လပ်မှုဆုံးရတာကိုများ သရောက်နေတော်မူအားသေးပါသတဲ့။

ဒီကျေးကလေးရဲ့ ဇာတ်လမ်းအောက်ကွယ်မှာ တကယ်ကတော့ ဘလိတ်ဟာ လူသားအိမ်ထောင်ရေးကို ရေးဖွဲ့လိုက်တာဖြစ်ပါတယ်။ လူသားနှစ်ဦး ချစ်ကြိုက်ကြပြီး အိမ်ထောင်ပြုလိုက်ကြပြီဆိုတာ တစ်ဦးကိုတစ်ဦး အကျဉ်းချ လိုက်တာပေါ့။ ဘာမှ မလွတ်လပ်တော့ဘူး။ ဘလိတ်က လွတ်လပ်တဲ့ လိင်ဘဝကို ယုံကြည်တယ်လို့ဆိုတယ်။ ဒီကဗျာလေးဟာ အိမ်ထောင်ရေးစနစ်၊ အိမ်ထောင်ရေး စည်းကမ်းကို တိုက်ခိုက်လိုက်တဲ့ ကဗျာတစ်ပုဒ်ပါပဲ။ အင်မတန် နာမည်ကြီးတယ်။ ဒီကဗျာကို ရေးစဉ်က ဘလိတ်ဟာ ၁၄နှစ်သားပဲရှိသေးသတဲ့။

❖

**အလိုနေကြာပန်းငဲ့**

**အလို နေကြာပန်းငဲ့၊ အချိန်ကိုငြီးငွေ့ပြီမို့**
**နေမင်းရဲ့ ခြေလှမ်းတွေကို ရေတွက်နေသူငဲ့၊**
**ခရီးသည်ရဲ့ ခရီး ပြီးဆုံးရာ**
**ရွှေပြည်သာယာကို ဖွေရှာနေသူငဲ့။**
**ဆန္ဒဖြင့် ပန်းလျှလုံးပါးခဲ့ရသူ လုလင်နဲ့**
**နှင်းပွင့် မသာအဝတ်လွှမ်းထားသူ ဖြူရော်ရော် လုံမတို့**
**သင်္ချိုင်းထဲက ထမြောက်ကာ၊ ငါ့နေကြာပန်း**
**သွားလိုရာကို တောင့်တနေကြပေါ့။**

**['ခံစားမှုတေးများ' မှ]**

နေကြာပန်းဆိုတာ နေသွားရာလိုက်ပြီး မျက်နှာမူလေ့ရှိတယ်။ ဒီလိုနေကို လိုက်ကြည့်နေတာက နေသွားရာကိုသူကလည်း လိုက်ချင်ရှာလို့လို့ ကဗျာဆရာက တင်စားလိုက်တယ်။ သူ့ခမျာ ခုလို မြေကြီးထဲ အမြစ်တွယ်ပြီး မရွေ့မရှား နေလာတာကို ငြီးငွေ့လာရှာပြီ။ ကြာလည်းကြာပြီမဟုတ်လား။ နေမင်းဆိုတဲ့ခရီးသည်ရဲ့ ခရီးအဆုံးမှာတော့ သာယာတဲ့ ရွှေပြည်တော်ကြီး ရှိပေလိမ့်မယ်လို့ သူမျှော်ကိုးမိရှာတယ်။

ဒီနေရာမှာ နေကြာပန်းဆိုတာ သစ်ပင်များ အမြစ်တွယ်ထားသလို မလှုပ်မလွန့်သာနဲ့ အကျဉ်းကျနေရတဲ့ လူ့ဘဝကို သင်္ကေတ ပြုထားတာပါပဲ။ နေကတော့ ဘဝရဲ့အမြစ်ဖျားခံရာလို့ဆိုတယ်။ ဒီလိုနဲ့ နေနဲ့အတူ မျက်နှာကို လှည့်ကာ လှည့်ကာ လိုက်နေရပေမဲ့ လွတ်လွတ်လပ်လပ် မရုန်းထွက်နိုင်ဘဲရှိနေရာကအမြဲထာဝရ ဘဝကို တောင့်တရှာဖွေမိတယ်။ 'ရွှေပြည်သာယာ'ဆိုတာ ထာဝရဘဝ (ကောင်းကင်ဘုံ၊ နိဗ္ဗာန်) ကို ခေါ်ထားတာပါပဲ။

အဲသလို မလွတ်မလပ်နဲ့ ချုပ်တည်းနေရမှုကြောင့် လူငယ်၊ လုံမငယ်တို့ ဘဝ ဆုံးကြရတယ်။ ဆန္ဒလိုအင် မပြည့်ပဲ နွမ်းလျကာ လုံးပါးပါးသွားရတယ်။ 'နှင်းပွင့်မသာဝတ် လွှမ်းထားသူ ဖြူရော်ရော်'ဆိုတာ လူသေ သရုပ်ဖော်စကားပေါ့။ နောက်ဆုံး သူတို့ သေရာက ရှင်သန်ထမြောက်လာတယ်။ ချုပ်တည်းမှု စည်းကမ်းတွေ ရိုက်ချိုးပြီး လွတ်လွတ်လပ်လပ်ပဲ ဆန္ဒလိုအင်ကို ကာမသုခ ပြည့်ဝ သွားတဲ့ အခါမှာဖြင့် လှည့်စားမှုအချုပ်အနှောင် (စည်းကမ်းတို့ ကျင့်ဝတ်တို့ ဥပဒေတို့ဆိုတာ

လှည့်စားချက်တွေချည့်) ကို ကျော်လွန်ကာ ထာဝရဘဝကို မျှော်ခေါ် တောင့်တမိကြပေလိမ့်မယ်လို့ ကဗျာဆရာက ဆိုလိုတယ်။

❖

**ပျားတဲ့နှင်းဆီ**

**အိုနှင်းဆီ၊ မင်းဖျားနေပါကလား**

**ညည်းညူညူနဲ့ မုန်တိုင်းထန်စဉ်**

**ညအခါမှာ ပျံသန်းလာသူ**

**မမြင်ရတဲ့ပိုးကောင်ဟာ**

**နီတျာတျာ ပျော်ရွှင်မှုနဲ့ပြီးတဲ့**

**မင့်စက်ရာကို တွေ့သွားလေတော့**

**သူရဲ့မည်းမှောင်လျှို့ဝှက်တဲ့အချစ်က**

**မင်းဘဝကို ဖျက်ဆီးခဲ့လေပေါ့။**

['ခံစားမှုတေးများ'မှ]

နာမည်ကြီးလှတဲ့ ဘလိတ်ရဲ့ ဒီကဗျာလေးကို ရိုးရိုးအပေါ်ယံ အဓိပ္ပာယ်ကိုပဲ ကြည့်ဖတ်ဖတ်၊ နက်နက်နဲနဲ တွေးတော ဆင်ခြင်ကြည့်ချင်လည်းကြည့်၊ ကြိုက်သလိုရပါတယ်။ နှင်းဆီပန်းလေးဟာ နာမကျန်းဖူးတဲ့၊ ညှိုးလျော့နွမ်းလျစပြုနေပြီပေါ့။ မုန်တိုင်းထန်တဲ့ ညဥ့်အခါမှာ မမြင်ရတဲ့ပိုးတစ်ကောင်ပျံလာတယ်။ နှင်းဆီပွင့်လေးရဲ့ စက်ရာပေါ် ဝင်အိပ်သွားတယ်။ အဲဒီပိုးကောင်လေးရဲ့ 'မည်းတဲ့ အချစ်ကပဲ နှင်းဆီလေးရဲ့ ဘဝကို ဖျက်ဆီးခဲ့ပါပြီတဲ့။

ပျော်ရွှင်မှုကိုပဲ 'နီတျာတျာ'ရယ်လို့ သုံးတာ၊ အချစ်ကိုပဲ 'မဲမှောင်လျှို့ဝှက်' တယ်လို့ ပြောတာအလွန်ရဲရင့်တယ်။ အချစ်ကြောင့် ဘဝရှင်သန်တယ်လို့သာ ဆိုကြတယ်။ ခုတော့ အချစ်ကြောင့်ပဲ နှင်းဆီရဲ့ ဘဝဟာ ပျက်စီးရပေါ့တဲ့။

❖

ထင်းရှူးပင်ရိပ်

**အရှုးတော**

လေရိုင်းတို့ ငိုနေကြတယ်
ညကလည်း အေးစက်လို့၊
လာခဲ့ပါ အိပ်ခြင်းငှဲ၊
ငါ့အဆွေတို့ကို ဖွင့်ပြပါ၊
ဒါပေမယ့် ဟော နံနက်ဟာ အရှေ့
တောင်မတ်မတ်တို့အပေါ်မှာ ပြုံးလာပြီ
အရုဏ်ဦးရဲ့ လှုပ်ရှရှင့်ကျမ်းများ
မြေပြင်ကို ပြစ်တင်နေကြပြီ၊

ကြည့် - လမ်းပွင့်လာတဲ့
ကောင်းကင်ရဲ့ အမိုးခုံးဆီ
ကြေကွဲမှု ပြွမ်းနေတဲ့
ငါ့တေးသံများ လွင့်သွားကြပေါ့၊
ညဥ့်ရဲ့နားကို ရိုက်ခတ်ကြကာ
နေ့ရဲ့မျက်လုံးများကို ငိုစေကြပေါ့၊
အော်မြည်တဲ့ လေတို့ကို ရူးသွပ်စေပြီး
မုန်တိုင်းနဲ့အတူ ဆော့ကစားကြပေါ့၊

တိမ်တိုက်ပေါ်က သရဲသဘက်ပမာ
အော်ညည်းနေတဲ့ ဒုက္ခနဲ့အတူ၊
ညဥ့်နောက်က ငါတအားလိုက်၊
ညဥ့်နဲ့အတူ ပါသွားတော့မယ်၊
သက်သာမှုတို့ ပွားစီးလာရာ
အရှေ့ကို ငါကျောပေးလိုက်ရဲ့၊
အကြောင်းကတော့ အလင်းရောင်ဟာ ငါ့ဦးနှောက်ကို
အရူးအမူးနာကျင်ခြင်း စွဲကပ်စေလို့ပါ၊

['ကဗျာပုံကြမ်းများ'မှ]

'အရှုးတေး'လို့ ခေါင်းစဉ်တပ်ထားတဲ့အတိုင်း တွေ့ကရာ ရေးထားတာပဲလို့ ထင်စရာရှိတယ်။ နောက်ဆုံးအပိုဒ်ကို ဖတ်ကြည့်ရင်ဖြင့် သာမန်အတွေးအခေါ် မဟုတ်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ 'တိမ်တိုက်ပေါ်က သရဲသဘက်'ဟာ အလင်းရောင်နဲ့ တွေ့တဲ့အခါ အင်မတန် နာကျင်ရပါသတဲ့။ ဆိုလိုတာကတော့ ပုထုဇဉ်လူသားမှာ အကန့်အသတ်ရှိတယ်။ အဲသလို အကန့်အသတ်ထက် ကျော်လွန်ပြီး လုပ်ဆောင်နိုင်စွမ်း မရှိပါကလားလို့ သိရတဲ့အခါ အရှုံးအမှုးနဲ့ စိတ်အားမာန်လျော့ ဖြစ်ရပြီး စိတ်ဒုက္ခခံစားရတယ်။ ဒါကိုဖွဲ့ခြင်းပဲ။

မုန့်တိုင်း တည်းည်း မြည်ဟီးတိုက်ခတ်ပြီး ချမ်းအေးလှတဲ့ညမှာ အိပ်လို့မရဘဲ ဖြစ်နေတယ်။ စိတ်သောကတွေ ရောက်နေတယ်။ အိပ်ပျော်သွားရင်ဖြင့် စိတ်ခံစားရတာတွေ ပွင့်ထွက်လာ နိုင်မှာပဲ။ ဒါကြောင့်အိပ်ခြင်းကို တောင့်တမိတယ်။ ဒါပေမဲ့ မအိပ်လိုက်ရဖူး။ အရှေ့တောင် မတ်မတ်စောက်စောက်တို့အပေါ်မှာ နေပြုလာပြီ။ အာရုဏ်ကျင်းလာပြီ။ ညတုန်းကတော့ မိုးပေါ်မပျံနိုင်ဘဲ မြေကြီးရဲ့ သစ်ပင်သစ်ကိုင်းမှာသာ နားခိုနေခဲ့ရတဲ့ ငှက်ကလေးတွေက ခုတော့ နားခိုစရာမလို၊ မိုးပေါ်ပဲ ပျံနေကြတော့မှာမို့ မြေကြီးကို အပြစ်တင်နေကြပေါ့တဲ့။ 'အလကား မြေကြီး'တဲ့။ ဘုရားပြီးတော့ ငြမ်းကို ရှုပ်ရန် ကောလို့ ဆဲကြတဲ့သဘောပဲ။

ကောင်းကင်မှာ လင်းလာတာကိုပဲလမ်းပွင့်လာတာလို့ရေးဖွဲ့ထားတယ်။ ကောင်းကင်ပြင်ဟာ လုံးလုံးခုံးခုံးကြီးလို မြင်ရတော့ ကောင်းကင်အမိုးခုံးလို့အနောက်တိုင်း ကဗျာဆရာတို့ ရေးဖွဲ့လေ့ရှိကြတယ်။ အဲဒီကောင်းကင်ဆီကို သူ့တေးသံတွေ ရောက်သွားပါသတဲ့။ တေးကလည်း အလွမ်းအဆွေးတေးတွေ။ ဒီတေးတွေက ညရဲ့ နားကိုလည်းသွားပြီး ရိုက်ခတ်တယ် (ညလည်း ကြားတယ်) နေ့ကလည်း ကြားသမို့ လွမ်းလွန်းလို့ မျက်လုံးအစုံကတောင် မျက်ရည်တွေတွေကျရတယ်။ တဝူးဝူး တိုက်နေတဲ့ လေတွေလည်း ဒီတေးသံ ကြားရတော့ ရှူးကြောင်ကြောင် ဖြစ်ကုန်ကြရတယ်။ မုန့်တိုင်းနဲ့တွေ့တော့ အတူကစားကြသတဲ့။

ဒီအထိဟာ သူ့ဒုက္ခခံစားရမှုကိုဖွဲ့တာပဲ။ အဲသလိုဒုက္ခအကြောင်း ငိုမြည်းတမ်းရာက နေ့အလင်းလာပြီဆိုတော့ အလင်းရောင်ကို ရင်မဆိုင်ရဲဘဲ ညနဲ့အတူ ထွက်ပြေးတော့မယ်တဲ့။ တိမ်တိုက်ပေါ်က သရဲသဘက်တစ်ကောင်ပမာ ဒုက္ခကို ပွေ့ပိုက်ရင်း ညနောက်က တအားလိုက်တော့မယ်တဲ့။ တကယ်ကတော့ ဒုက္ခကြောင့် သူအော်ညည်းနေရတာပဲ။ ဒါကိုပဲ 'အော်ညည်းတဲ့ ဒုက္ခ'ရယ်လို့ နေရာပြောင်းလဲ စပ်လိုက်တယ်။ အရှေ့က အလင်းရောင် လာတယ်ဆိုရင် ညရဲ့ဒုက္ခတွေက သက်သာ

ရာရကြမြဲပဲ။ နေ့ဘက်လုလာလေလေ သက်သာရာက တိုးတက်လေလေပဲ။ ဒါကြောင့် 'သက်သာမှုတို့ပွားစီးလာရာ အရှေ့'လို့ဆိုတယ်။ အဲဒီအရှေ့ကို သူကျောပေးပြီး ညနဲ့အတူ အနောက်ကို ထွက်ပြေးတော့မယ်။ ဘာလို့လဲဆိုတော့ အရှေ့ရဲ့ အလင်းရောင်က သူ့ဦးနှောက်ကို 'အရူးအမူး နာကျင်ခြင်း'ဖြစ်စေလို့ပါတဲ့။

ဒီနေရာမှာ အရှေ့ရဲ့ အလင်းဆိုတာ အသိဝင်လာခြင်းကို သင်္ကေတ ပြုလိုက်ခြင်းပါပဲ။ စောစောပိုင်းက တင်ပြခဲ့တဲ့အတိုင်း လူသားဟာ ကန့်သတ်ချက် ထက်ကျော်လွန်ပြီး ဘာမှမလုပ်နိုင်ပါလားဆိုတာ သဘောပေါက်သွားရတဲ့အခါမှာ စိတ်အားပျော့ကျ အားငယ်ရခြင်းကို တင်စားဖွဲ့ဆိုခြင်းပါပဲ။

■

## ဝိလျံ ဝဒ်စဝသ်

အင်္ဂလိပ် ရောမန္တိက ကဗျာဆရာတွေထဲမှာ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဝဒ်စဝသ် (၁၇၇၀-၁၈၅၀)ဟာ ရှေ့နေသားဖြစ်ပြီး ကိန်းဗရစ် တက္ကသိုလ်မှာ ပညာသင်ခဲ့တယ်။ ၁၇၉၀မှာ ပြင်သစ်ပြည်၊ အဲလပတောင်တန်း၊ အီတလီပြည်တို့ဆီ ခြေကျင်ခရီးထွက်ခဲ့ဖူးတယ်။ ၁၇၉၁မှာ တစ်ခါ ပြင်သစ်ပြည်ကို ရောက်ရပြန်ပြီး တစ်နှစ်နေခဲ့တယ်။ အဲဒီကတော်လှန်ရေး လှုပ်ရှားမှုတွေကို သိပ်သဘောကျခဲ့ပြီး စိတ်ထဲစွဲလန်းလာခဲ့တယ်။ ပြင်သစ်သူ အာနက်ဗာလျံ (မာရီအန်) ဆိုသူလေးနဲ့ ချစ်ကြိုက်ခဲ့ကြပြီး သမီးတစ်ယောက်ရခဲ့တယ်။ တစ်သက်လုံး ပြင်သစ်မှာပဲ အခြေစိုက် မယ်လို့ စိတ်ကူးမိသေးသတဲ့။ ဒါပေမယ့် တော်လှန်ရေးပြီးတဲ့ နောက်ပိုင်းဖြစ်ရပ်တွေ ကြောင့် စိတ်ဓာတ်တွေ ကျဆင်းခဲ့ရတယ်။ အင်္ဂလန်ပြန်ရောက်လာပြီး နှမဖြစ်သူ ဒေါ်ရသီနဲ့ အင်္ဂလန်မှာ လျှောက်လှည့်နေခဲ့ကြရာက ၁၇၉၅မှာ ကိုးလရစ်နဲ့ မိတ်ဆွေ ဖြစ်ကြတယ်။ အင်မတန် ခင်မင်ရင်းနှီးသွားကြပြီး မောင်နှမနှစ်ယောက် ကိုးလရစ် နေတဲ့ အရပ် (ဆမ္မားဆက်)တောင် ပြောင်းရွှေ့နေထိုင်ခဲ့ကြတယ်။ ၁၇၉၈မှာ သူနဲ့ ကိုးလရစ် နှစ်ယောက်ပေါင်းပြီး ‘လီရိကဘာလဒကဗျာများ’ဆိုတဲ့ စာအုပ်ကို ထုတ်တယ်။ အင်္ဂလိပ် ကဗျာပြန်လည်ဆန်းသစ်ရေး ရှေ့ဆောင်တဲ့ စာတစ်အုပ်ပါပဲ။ အဲဒီနှစ်ကုန်မှာ ဂျာမနီကို အတူသွားကြပြန်တယ်။ အဲဒီမှာပဲ ဝဒ်စဝသ်ဟာ ‘သပရီလုဒ’ကို

စတင်ခဲ့ တယ်။ 'ရှသ'၊ 'လူစီဂရေး'၊ 'လူစီအကြောင်း'နဲ့ အခြားကဗျာများကို ရေးခဲ့တယ်။ ၁၈၂၀ခုနှစ်မှာ ပြင်သစ်ပြန်ရောက်ရပြန်ပြီး အဲဒီက ကမ်းခြေမှာ သူရယ်၊ အာနက်ရယ်၊ သမီးလေးရယ် တတွဲတွဲလမ်းလျှောက်နေကြတာကို တွေ့ကြရပါသတဲ့။ ဒါပေမယ့် နောက်နှစ်မှာပဲ အင်္ဂလန်မှာ သူ့နှမသူငယ်ချင်း မေရီဟတ်ချင်ဆန်နဲ့ လက်ထပ်လိုက်ပါတယ်။ ၁၈၀၅မှာ 'သပရီလုဒ' အပြီးသတ်ခဲ့တယ်။ ဒါပေမယ့် သူကွယ်လွန်မှပဲ ဒီကဗျာကို ထုတ်ဖြစ်တယ်။ ၁၈၀၇မှာ ဂရစမီယာကိုပြောင်းရွှေ့ နေထိုင်ကြတယ်။ အဲဒီမှာပဲ ဝဒ်စဝသ် ခေါင်းချသွားပါတယ်။ ၁၈၄၃မှာ ဆောက်သီ မရှိတော့ 'စာဆိုတော်' ခန့်ထားခြင်းခံခဲ့ရတယ်။

ဝဒ်စဝသ်ဟာ ရုပ်ကတော့ တည်တည်သုန်သုန်မှုန်မှုန်ပဲ။ ဒါပေမဲ့ အင်မတန် စိတ်ချမ်းသာမှု ရှိသူလို့ ဆိုကြတယ်။ ကိုယ်တိုင်ကလည်းဖွင့်ပြောဖူးတယ်။ ဒါပေမယ့် သူဟာ ပစ္စည်းဥစ္စာ ကြွယ်ဝသူတော့ မဟုတ်ဘူး။ ရှစ်နှစ်သားမှာ မအေဆုံးခဲ့ရပြီး၊ မောင်နှမတစ်တွေ အကွဲကွဲအပြားပြားနေခဲ့ရသူဖြစ်တယ်။ သူစိတ်ချမ်းသာတာဟာ ရုပ်ဝတ္ထုထက်၊ စိတ်စေတသိတ်ကို ဦးစားပေးတတ်တာကြောင့် သဘာဝကို ချစ်မြတ်နိုးတာကြောင့်ရယ်လို့ ကောက်ချက်ချတတ်ကြပါတယ်။

သူရော သူ့မိတ်ဆွေကိုးလရစ်ကပါ ရောမန္တိကအယူလက်ခံကြသူလို့ ဆိုလေ့ရှိတယ်။ ရောမန္တိက အယူအဆအတိုင်း သူက ကဗျာဆိုတာ 'ပြင်းပြတဲ့ ခံစားမှုများကနေ အလိုလို လျှံထွက်လာတာ' ရယ်လို့ဆိုတယ်။ သူတို့နှစ်ဦးရဲ့ 'လိရိကဘာလဒများ' ကဗျာစာအုပ် ဒုတိယအကြိမ် ရိုက်မှာပါတဲ့ နိဒါန်းဟာဖြင့် 'ရောမန္တိကဝါဒ ကြေညာစာတမ်း'လို့ ဆိုကြရတယ်။ သူတို့က 'ဒီဘာလဒတွေဟာဖြင့် အပြောစကားဟာ ကဗျာအရသာအတွက် ဘယ်လောက်ထိ ဆီလျော်မလဲ စမ်းသပ်ကြည့်တာပါ ရယ်လို့ ရေးထားတယ်။ အဲဒီကဗျာ အများစုဟာတော့ တယ်မစွံပါဖူး။ ဒါပေမဲ့ ဝဒ်ဝစသ်ရဲ့ ကဗျာတွေဟာ စကားပြောဆန်ဆဲ့ အသုံးအနှုန်း၊ သဘာဝရုပ်ဝတ္ထုများနဲ့ ကျွမ်းဝင်ရင်းနှီးမှုတို့ကြောင့် ထူးခြားလှပနေတာ အမှန်ပါပဲ။ လိရိကကဗျာဆိုရင် ထုံးတမ်းစဉ်လာအတိုင်း ခမ်းခမ်းနားနား စကားကြီး စကားကျယ်တွေ သုံးလာခဲ့ကြရာက သူက ရိုးရိုးပြောစကားလေးတွေ သုံးလိုက်တော့ ကဗျာဟာ ပွင့်လင်းတယ်၊ အဆင့်အတန်းမြင့်မြင့်နဲ့ လွယ်ကူတယ်။ ရိုးရိုးရှင်းရှင်းနဲ့ စိမ့်ဝင်နိုင်စွမ်း ရှိနေတယ်။ ဒါကြောင့် သူ့ကဗျာတွေဟာ အောင်မြင်လာပါတော့တယ်။

အသက် ၄၀ နားနီးတော့ ဝဒ်စသ်ဟာ 'ကဗျာ နှစ်စောင်တွဲ'ကို ထုတ်ပါတယ်။ ခုနေခါတော့ သူဟာ အသစ်အဆန်းထွင်သူ သက်သက်မျှ မဟုတ်တော့ဘဲ

ဩဇာညောင်းသူတစ်ဦးဖြစ်ပါပြီ။ သူက ကဗျာဖွဲ့စရာ အကြောင်းကြီးသုံးရပ်ရှိတယ်လို့ ဆိုပါတယ်။ 'လူ၊ သဘာဝတရား၊ လူ့ဘဝ'ပါတဲ့။ ခုစာအုပ်မှာ ဒီသုံးခုကို လေးလေးနက်နက် တင်ပြလာပါပြီ။

လေးဆယ်ကျော်လာတော့ သူ့ကဗျာဟာ ကျဆင်းလာတယ်။ ကိုးလရစ်နဲ့ ပေါင်းရာက တဖြည်းဖြည်းနဲ့ တော်လှန်တဲ့ အမြင်တွေ လျော့ကုန်တယ်။ လွတ်လပ်မှုတို့ လူငယ်ဘာဝ မျှော်ခေါ် ချက်တို့ဆိုတာတွေ ယုံသေးသော်လည်း လူက ကွန်ဆားဗ တစ်ဖြစ်လာခဲ့တယ်။ လွတ်လပ်စွာ ရေးသားခွင့်ကို ဆန့်ကျင်လာတယ်။ လွတ်လပ်ခွင့်ထက် လုံခြုံရေးကို အဓိကထားတတ်လာတယ်။ ၁၈၁၃မှာ ဝက်စက်လဲန်းမှာ တံဆိပ်ခေါင်း ဖြန့်ဖြူးခွင့်တွေဘာတွေ အစိုးရဆီက ရလာတယ်။ ၁၈၁၈ မှာ သူ့ကို အားပေးတဲ့ လော့လွန်ဇဒေလအတွက် ရွေးကောက်ပွဲမဲဆွယ်ပေးတာမျိုး လုပ်လာတယ်။ အာဏာရပါတီက သူ့ကို သမာဓိ တရားသူကြီးခန့်တယ်။ ၁၈၂၁မှာ လုံးဝတိုရီဖြစ်သွားတာပါပဲ။ ၁၈၄၃မှာ ဆောက်သီရဲ့နေရာမှာ 'စာဆိုတော်' ဖြစ်လာတယ်။ ယုံကြည်မှုမရှိတော့ ကဗျာဟာ အားမန်ကင်းလာတော့တာပေါ့။ အနှစ်မဲ့ စကာလုံးဖောင်းပွမှုတွေ အသေးအဖွဲ့ကို ဝိတ္ထာရချဲ့တာတွေ လုပ်လာတယ်။ သူ့ကို ဘရောင်နင်က 'ကျဆုံးလေတဲ့ ခေါင်းဆောင်ကြီး'လို့ ကင်ပွန်းတပ်တယ်။ ရှယ်လီကတော့ -

> *'ဂုဏ်ရောင် ပြောင်တဲ့ ဆင်းရဲမှုမှာ သင့်အသံဟာ အမှန်တရားနဲ့ လွတ်လပ်မှု တေးသံများ ရက်လုပ်ခဲ့ပေရဲ့။ ဒါတွေကို စွန့်ခွာသွားလေတော့ ဒီလို ဖြစ်ခဲ့ပြီးကာမှစွန့်လွှတ်ရက်လေခြင်းလို့ ငါကြေကွဲကျန်ရစ်ခဲ့ပါရဲ့'တဲ့။*

**သနားစရာ့ဆူဇန်ရဲ့ စိတ်ကူး**

**ဝုဒ်လမ်းမရဲ့ထောင့်မှာ နေ့အလင်း ပေါ်လာတဲ့ခါ၊**
**တေးကြော်တဲ့ မြေလူးငှက် ချိတ်ထားတယ်၊ တေးကြော်လာခဲ့တာ**
**သုံးနှစ်ရှိပေါ့။**
**သနားစရာ ဆူဇန်ဒီနေရာဖြတ်သွားရင်း နံနက်ခင်းရဲ့**
**ငြိမ်ဆိတ်ခြင်းမှာ ငှက်ရဲ့ တေးသံ ကြားခဲ့ရသပေါ့။**
**ဖမ်းစားတတ်တဲ့ တေးသံပေပဲ။ ခမျာဘာဖြစ်သွားပါ့။**
**မှို့တက်နေတဲ့ တောင်တန်း သစ်ပင်အုပ်တို့ကို သူမြင်လာတယ်၊**

ထင်းရှူးပင်ရိပ်
တောက်ပတဲ့ ရေငွေ့ဆိုင်တွေ လော့သဗာရီ ကိုဖြတ်
လွင့်မျောလာ၊
မြစ်တစ်စင်းကလည်း ချိပဆိုက်တောင်ချိုင့်ကို ဖြတ်စီး လေရဲ့။
စိမ်းလဲ့လဲ့မြက်ခင်းများကို ရှိုမြောင်ခလယ်မှာ
သူ မြင်ယောင်တယ်။
သူရေပုံးလေးနဲ့ မကြာခဏဖြတ်သွားခဲ့တဲ့ ရှိုမြောင်ပ။
ပြီးချိုးသိုက်လိုသိုက်မြုံပိတဲ့ အထီးတည်း တဲငယ်လေးတစ်ခု၊
မြေပြင်ပေါ်မှာ တခုတည်းသော သူချစ်တဲ့ နေအိမ်ပေါ့။
သူကြည့်နေတယ်၊ သူ့နှလုံးသား ကောင်းကင်ဘုံမှာပ။ ဒါပေမဲ့
မှုန်မွှားသွားကုန်ပေါ့။
နှင်းမြူရယ်၊ မြူရယ်၊ တောင်ရယ်၊ တောရယ်။
မြစ်လည်းမစီးဆင်းတော့၊ တောင်လည်း မို့မတတ်လေတော့ဘူး။
ဆေးရောင်အားလုံး သူ့မျက်လုံးအစုံကနေ ပျောက်ကွယ်
သွားကြပေါ့။

ဆူဇန်ဆိုတာ အစေခံမလေးတစ်ဦးပါ။ တောက မြို့တက်အိမ်ဖော်လုပ်နေရသူလေးပါ။ သူလေးဟာ မတတ်သာလို့ မြို့ကြီးမှာလာပြီး အလုပ်လုပ်နေရပေမယ့် တောသူပီပီ တောကိုပဲ မွေ့တယ်။ တောကို လွမ်းမိတယ်။ သူ အလုပ်လုပ်ရာအိမ်ကနေ ဈေးကို မနက်တိုင်းသွားရတဲ့အခါ သူဖြတ်သွားတဲ့ ဝုဒ်လမ်းမထောင့်ကဆိုင်တစ်ဆိုင်မှာ 'တိုင့်အကွယ် ချိုင့်ငယ်နဲ့ဆွဲ' ထားတဲ့ မြေလူးငှက်ကလေးတစ်ကောင် တေးသီနေတာ ကြားရလေ့ရှိတယ်။ ငှက်ကလေး အဲသလို လှောင်ချိုင့်ထဲက တေးသီလာတာ သုံးနှစ်ရှိပေါ့တဲ့။ ဒီလိုဆိုလိုက်တော့ သူ့တေးသံကို ကြားလာရသူ ဆူဇန်လည်း မြို့ရောက်နေတာ အနည်းဆုံး သုံးနှစ်ရှိရှာရောပေါ့။ မြေလူးဆိုတာ အင်္ဂလိပ် တောရပ် ငှက်တစ်မျိုးပါပဲ။ ဒီငှက်နဲ့ ဆူဇန်ဟာ ဘဝတူချင်းဖြစ်တယ်။ ငှက်ကလည်း တောငှက်၊ လူကလည်းတောသူ၊ ငှက်ရော လူပါ အကျဉ်းခံဘဝ၊ ကိုယ်ပျော်ရာကို စွန့်ပြီး အဝေးရောက်နေရတဲ့ဘဝ။ ဒါကြောင့် ဒီငှက်လေး တကြော်ကြော် သီသံကြားရင် ဆူဇန်အဖို့ တစ်ခုခုကဖမ်းစားခံလိုက်ရသလိုပဲ။ ငေးကြောင်သွားတယ်။ ပြီး သူ့မျက်စေ့ထဲမှာ လန်ဒန် ရွှေမြို့တော်ကြီးရဲ့ နေရာမှာ သူကျက်စားပျော်မွေ့ခဲ့တဲ့ မြင့်မြင့်မားမား တောင်တန်းကြီးကို မြင်ယောင်လာတယ်။ သစ်ပင်တွေ၊ မိုးတိမ်တိုက်တွေ၊ မြစ်တွေ၊ ချိုင့်ဝှမ်းတွေကို မြင်ယောင်လာမိတော့တယ်။ တောငှက်ရဲ့ အသံက

တောရှုခင်းကို လွမ်းတလာအောင် နှိုးဆွပေးလိုက်တာပါပဲ။ ရှိုမြောင်ခလယ်မှာ စိမ်းစိုစိုမြက်ခင်းလေးရှိတယ်။ အဲဒီ ရှိုမြောင်ကိုဖြတ်ပြီး သူရေခပ်နေကျ။ မလှမ်းမကမ်းမှာ သူတို့နေတဲ့ တဲငယ်ကလေး။ မြို့ကြီးပေါ်က တိုက်တာ တွေကို ဆူဇန်မခင်ဘူး။ အဲဒီ သူတို့ မိသားစုနေတဲ့ တဲလေးသာ ကမ္ဘာပေါ်မှာ အမြတ်နိုးဆုံး အိမ်ပါ။ ဒီ ရှုခင်းလေးကို မြင်ယောင်ရင်း သူ့ခမျာ နတ်ပြည်ရောက် နေရသလို ကြည်နူးရွှင်ပျနေမိတယ်။ ဒါပေမယ့် တကယ်မဟုတ်ဘူး မဟုတ်လား။ မကြာခင်မှာပဲ သူမြင်ယောင်နေတဲ့ တောတွေ၊ တောင်တွေဟာ မှုန်ဝါးပျောက်ကွယ်သွားတယ်။ မြစ်လည်းမစီး၊ တောင်ကြီးလည်း မမို့တက်တော့ဘူး။ အပြာ၊ အစိမ်း၊ အဝါ၊ အနီစတဲ့ တောတောင်ရှုခင်းရဲ့ ဆေးရောင်စုံတွေ သူ့မျက်စိရှေ့ကနေ ကွယ်ပျောက် လွင့်ပြယ်သွားပါတော့တယ်တဲ့။

❖

## ကောက်ရိတ်သမ

ကြည့်စမ်းပ၊ လယ်ပြင်ထဲမှာ တစ်ယောက်တည်း
ဟိုမယ့်တစ်ကိုယ် တောင်တန်းသူမကလေး၊
သူ့တစ်ကိုယ်တည်းရိတ်ကာ၊ တေးဆိုကာနဲ့
သည်မှာရပ်ပ့ါ၊ မရပ်လည်း ညင်သာလှမ်းပ့ါ၊
တစ်ယောက်တည်းကောက်ကိုဖြတ်ကာ စည်းတဲ့ကာ၊
လွမ်းဖွယ်တေးကို သီကျူးနေရှာတယ်၊
အိုနားဆင်ပ့ါ၊ ကျယ်ပြောတဲ့ရှိုမြောင်မှာ
တေးသံပြည့်လျှံစွေဖြိုးနေပေ့ါ၊
အာရေဗျ သဲကန္တာပြင်
အရိပ်ကောင်း တစ်နေရာဆီက ခရီးသည်
နွမ်းလျလျ အစုများအဖို့ ဒီထက်နှစ်လိုဖွယ်တေးကို
ဘယ်နိုက်တင်ဂေးလ်မှ မသီခဲ့စဖူး၊
ဝေးလှတဲ့ ဟီဗရိဒီဆဆီမှာ
ပင်လယ်တို့ရဲ့ ငြိမ်ဆိတ်ခြင်းကို ဖြိုခွင်းတဲ့
ဥသြငှက်ဆီကလည်း နွေဦးချိန်မှာ
သလောက် စူးရှရှအသံမကြားရစဖူး၊

သူဘာဆိုတာလည်း ဘယ်သူမှ ငါ့ပြောမပြတော့ဘူးလား၊
လွမ်းမောဖွယ်တေးသံလေးတွေဟာ
ရှေးက၊ ကြေကွဲဖွယ်၊ ဝေးလံတဲ့ အရာများဖွဲ့ပေလား
ပဝေရှေးက စစ်ပွဲများ အကြောင်းပေလား၊
ဒါမှမဟုတ် သာမန်သေးဖွဲဖွဲတေးမျိုး
ကနေ့ခေတ် အကျွမ်းတဝင် ကိစ္စမျိုးပေလား၊
ပေါ်ပေါက်ခဲ့ပြီ ပေါ်ပေါက်လတ္တံ့ဖြစ်တဲ့
ကြေကွဲမှု၊ ဆုံးရှုံးမှု၊ နာကျင်ရမှုပေလား၊
အကြောင်းက ဘာဖြစ်ဖြစ် လုံမကတော့ သီနေရဲ့၊
သူ့တေးဟာ အဆုံးမရှိနိုင်တော့တဲ့အတိုင်းပဲ၊
တံစဉ်ပေါ်မှာ ငုံ့ကိုင်းလို့
အလုပ်လုပ်ရင်း တေးဆိုနေတာ ငါမြင်ရတာပဲ၊
ငါနားထောင်နေမိရဲ့ - မတုန်မလှုပ်၊ ငြိမ်လို့၊
တောင်ပေါ်ကို တက်လာပြန်တော့လည်း
နောက်ထပ် မကြားရတဲ့နောက် အတော်ကြာထိပဲ
ဒီဂီတသံကို ငါ့နှလုံးသားမှာ သယ်လာခဲ့မိတယ်၊

ဒီကဗျာလေးကတော့ ရှင်းပါတယ်။ ကောက်ရိတ်ရင်း တေးသီနေတဲ့ လုံမလေး တစ်ယောက်ဖွဲ့ကဗျာတပုဒ်ပါပဲ။ နေရာက တောင်ပေါ်ဒေသမှာ ဖြစ်ပါတယ်။ စာဆို ဝဒ်စဝသ်ဟာ တောင်ပေါ်မှာ ခရီးသွားရင်း လယ်ဘေးလယ်ကွင်းထဲက လုံမတစ်ဦး တေးသီနေတာ ကြားရတယ်။ လယ်ကွင်းထဲမှာ သူတစ်ယောက်တည်းပါ။ ကဗျာဆရာက သူရပ်ပြီး နားထောင်နေ သလို ကျွန်တော်တို့ စာဖတ်သူတွေကိုလည်း ရပ်ပြီးနားထောင်ဖို့ ဖိတ်ခေါ်လိုက် တယ်။ အဲသလို မရပ်နိုင်ရင်လည်း အသာအယာ သွားပါနော်တဲ့။ ခမျာလေး တေးသီတာကို နှောင့်ယှက်သလို ဖြစ်သွားမှာ စိုးသ ပေါ့လေ။ ဆိုနေတာက အားရပါးရ အော်ဟစ်ဆိုနေတာဖြစ်တယ်။ လျှိုမြောင်တစ်ခု လုံး သူ့တေးသံတွေ လျှံလို့နေတယ်။ (မူရင်းမှာ မြစ်ရေလျှံတဲ့ ကြိယာနဲ့ သုံးထားတယ်) အာရေဗျ သဲကန္တာရထဲ ခရီးသွားရတဲ့ ခရီးသည် အုပ်စုများအဖို့ အိုအေဆစ် အရိပ် အာဝါသကောင်းကောင်း မှာ အမောအပန်း ဖြေနေခိုက် နိုင်တင်ဂေးလ် ငှက်ကလေး ရဲ့ တေးသံကို ကြားရတာ အင်မတန် အေးမြပြီး အပန်းပြေစေပါတယ်။ နိုက်တင် ဂေးလ်ငှက်ရဲ့ တေးသံထက်ပဲ ဒီလုံမရဲ့ တေးသံက ချိုမြပါသတဲ့။ ဟိုအဝေး က

ဟီဗရိဒ်ဆ ကျွန်းများမှာ နွေဦးရာသီ ချိန်၊ ပင်လယ်တွေထဲ ငြိမ်ဆိတ်နေချိန်၊ တချက်တချက် ကြားရတဲ့ ဥသြတွန်သံလေး ဟာလည်း အလွန်လွမ်းဆွတ်စရာ ကောင်းပါတယ်။ အဲဒီဥသြတေးသံထက်လဲ ဒီလုံမရဲ့ အသံကပိုစူး၊ ပိုသာယာပါသတဲ့။ ဘာသီချင်းတွေများ ခုလိုအားပါးတရ ဆိုနေသလဲတော့ မသိဘူး။ သီချင်းကတော့ အလွမ်းသီချင်းပဲ။ ရှေးကအလွမ်းအဆွေးဇာတ်လမ်းတွေ အကြောင်း၊ ရှေးက စစ်ပွဲတွေအကြောင်းပဲလား။ အဲသလို မလေးနက်ဘဲ ကနေ့ခေတ် ကြုံဆုံနေရတဲ့ သာမန်ကိစ္စမျိုး အကြောင်းပဲလား။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဘယ်တော့မှ မရိုးတဲ့ အလွမ်းအဆွေး၊ အဆုံးအရှုံး အနာအကျင် အကြောင်း ပေပဲလား၊ ဘာအကြောင်း အရာပဲဖြစ်ဖြစ်လေ၊ လုံမကတော့ သီနေလိုက် ပုံများ အဆုံးမရှိတော့တဲ့ အတိုင်းပါပဲ။ ကိုယ်လေးငုံ့ကိုင်ကာ တံစဉ်နဲ့ ကောက်ရိတ်ရင်း တေးဆိုနေတာကို ဝဒ်စဝသ် မြင်ရ တယ်။ မတုန်မလှုပ် ကျောက်ရုပ်လို ဖြစ်ပြီး ရပ်နားထောင်နေခဲ့ မိတယ်။ နောက်လယ် ကွင်းနားကခွာ၊ တောင်ပေါ်တက်လာခဲ့ပြန်တော့လည်း နောက်ဆုံးတေးသံကို မကြားရ တော့တာ အကြာကြီးကြာသွားတဲ့တိုင် သူ့အသည်း နှလုံးထဲမှာတော့ ဒီတေးသံလေး ဟာ ပါလာပါလေရဲ့တဲ့။

ဒီကောက်ရိတ်သမရာ၊ စာစောက သနားစရာ ဆူဇန်မှာပါ ဝဒ်စဝသ်ဟာ အများဆိုင်မဟုတ်တဲ့ တစ်ယောက်တည်း တစ်ဦးတည်းရှိတဲ့ လူကိုရေးဖွဲ့တာဖြစ် တယ်။ ယေဘုယျသဘောမဆောင်ဖူး။ ကဗျာအနုပညာဆိုတာ တစ်ဦးတည်း ပုဂ္ဂလိက မဖွဲ့ရဖူး။ ယေဘုယျသဘောကိုသာ သရုပ်ဖော်ရမယ်။ ကောက်ရိတ်သမဆို ရင် အားလုံးသောကောက်ရိတ်သမတွေကို ကိုယ်စားပြုနိုင်ရမယ်။ အားလုံးရဲ့ 'စံပြ'ဖြစ်ရမယ်။ အခုတော့ ဝဒ်စဝသ်က အဲဒီလိုမဟုတ်ဘဲနဲ့ သူတွေ့ခဲ့ဖူးတဲ့ မိန်းကလေးတစ်ဦးဆို တစ်ဦးကိုသာ ရေးဖွဲ့ခြင်း ဖြစ်တာမို့လို့ ကျဉ်းမြောင်းတယ်လို့ ဝေဖန်ရေးဆရာတို့က ထောက်ပြလေ့ရှိတယ်။ ဒါပေမယ့် ခုခေတ်မှာ ဒါမျိုးကို ပိုကြိုက်ကြပြီ။

❖

**လူစိ**

**သူနေတာက လူသူအရောက်အပေါက်ကင်းတဲ့ အရပ်များမှာ၊**
**ဒဗစမ်းချောင်းတို့နဘေးမှာပေါ့။**
**ချီးကျူးမယ့်သူမရှိတဲ့ မိန်းကလေးတစ်ဦးပါ။**
**ချစ်မယ့်သူလည်း အလွန်ရှားပါရဲ့။**

ထင်းရှူးပင်ရိပ်

မျက်စေ့အမြင်မှ တစ်ဝက်ကွယ်နေတဲ့
ရေညှိတက်ကျောက်တုံးနံဘေးက ဝိုင်းယလဲ့တ်ပန်းကလေးပါ။

ကောင်းကင်မှာ တစ်ပွင့်တည်း ဝင်းပခိုက်
ကြယ်ပွင့်လေးတမျှ လှပေရဲ့။

လူသူမသိ သူနေခဲ့တယ်၊ လူစီ ဆုံးသွားတာကို
သိမယ့်သူလည်း အလွန်ရှားပါးလိမ့်မယ်၊
ဒါပေမယ့် သူခမျာ မြေကြီးထဲ ရောက်နေပါပေါ့၊ ဩော်
ငါ့အဖို့ ခြားနားသွားဘိခြင်း၊

ဝဒ်စဝသ်ရဲ့ ကဗျာတွေထဲမှာ 'လူစီ'ကဗျာလေးတွေဟာ အင်မတန်ကျော်ကြားပါတယ်။ လူစီဆိုတာ ဝဒ်စဝသ်ကလေးသာသာဘဝက ကြုံဆုံဖူးတဲ့ကလေးမလေးတစ်ဦးလို့ဆိုတယ်။ ငယ်စဉ်ကကြုံဆုံခဲ့ရပြီး နောင်မတွေ့ရတော့ဘူးတဲ့။ သူ့ကဗျာအဆိုအရတော့ ငယ်ငယ်ရွယ်ရွယ်သေသွားရှာပြီပေါ့။ ဒီကဗျာလေးတွေမှာ ဝဒ်စဝသ်ကတောရဲ့သမီးလေးတစ်ယောက်အကြောင်း ဖွဲ့ရင်းကပဲတောကို ဖွဲ့သလိုဖွဲ့တယ်။ တောသူဆိုတဲ့ သဘာဝရဲ့ သမီးငယ်နဲ့ သဘာဝတရားကို တသားတည်းကျအောင် ဖွဲ့ထားတယ်။ တောတောင်ရေမြေဆိုတဲ့ သဘာဝတရားနဲ့ လူစီဟာ တသွေးတည်း တသားတည်းဖြစ်နေပါတယ်။ လူစီကဗျာ ၅ပုဒ်ရှိတဲ့အနက်က ခုကဗျာဟာ နံပါတ် ၃ ပါ။ အားလုံးကို ဂျာမနီမှာ အလည်အပတ်ရောက်စဉ် ရေးတာပါ။

စောစောပိုင်း ကဗျာလေးတွေမှာ သူညည မြင်းစီးပြီး သူလေးတို့ တဲငယ်ဆီရောက်ခဲ့ပုံ၊ လူစီတို့ တဲနားရောက်လေ ရင်ဖိုလေ ဖြစ်ပြီး ချစ်သူတို့တံထွာ အမိပ္ပာယ်မရှိ 'လူစီသာသေခဲ့ရင်ကောင်းမှာ'လို့ အတွေးဝင်လာမိပုံ၊ ပင်လယ်ရပ်ခြားရောက်တဲ့ခါ ကိုယ့်တိုင်းပြည် အင်္ဂလန်ကို လွမ်းမိပုံ၊ အဝေးကအင်္ဂလန်ရဲ့ တောင်တန်းကြီးတွေဆီမှာ လူစီတစ်ယောက် ဗိုင်းငင်နေရှာ၊ ကစားနေရှာမှာပဲလို့ မှန်းဆမိပုံများကို ရေးဖွဲ့ထားတယ်။ ပြီး ခုကဗျာလာတယ်။ ကျန်ကဗျာများမှာ လူစီတစ်ယောက်နေရောင်ထဲမိုးထဲပြေးလွှားရင်း ကြီးပြင်းလာတော့ သဘာဝက 'သည်လောက်လှတဲ့ ပန်းမျိုးတစ်ခါမှ မစိုက်ဖူးသေးဘူး၊ ဒီကလေးမကို ငါသိမ်းပိုက်မှပဲ' လို့ စဉ်းစားပုံ၊ သူ့ကိုတောအလှ၊ တောင်အလှ၊ စမ်းချောင်းတို့ရဲ့ အလှများ ပေးအပ်နှင်းမယ်လို့ဆိုပုံ၊ ဒီလိုနဲ့ လူစီသေဆုံးသွားခဲ့ပုံ၊ နောက်ဆုံးမှာ ဝဒ်စဝသ်က သူလေးဟာ မြေကြီးပေါ်နေထိုင်စဉ်က ထိတွေ့မှုများကို ခံစားနိုင်တော့မယ် မဟုတ်ဘူး။ မလှုပ်မရှား၊ မကြား

မမြင်၊ ကျောက်ဆောင်တွေ၊ သစ်ပင်တွေနဲ့ တသားတည်း ဖြစ်သွားပြီလို့ ဆင်ခြင်မိပုံများ ရေးဖွဲ့ထားပါတယ်။

ခု ရွေးနှုတ်ပေးထားတဲ့ ကဗျာမှာ များသောအားဖြင့် ရှင်းနေပါလိမ့်မယ်။ လူစီလေးဟာ လူသူအရောက်အပေါက်နည်းတဲ့တောရပ်မှာ နေတဲ့အကြောင်း၊ လှပေမယ့် ချီးမွမ်းမယ့်သူမရှိ၊ ချစ်မယ့်သူမရှိ ဖြစ်ရပုံအကြောင်း တင်ပြထားတယ်။ ဒုတိယ အပိုဒ်ကအလင်္ကာလေးနှစ်ခုဟာ အလွန်ကောင်းပါတယ်။ ရေညှိတက်နေတဲ့ ကျောက်တုံးရဲ့ဘေးနားမှာဝိုင်းယလဲတ်ပင်ကလေးရှိတယ်။ ကျောက်တုံးတဖက်က ကြည့်လိုက် တော့ ပန်းပွင့်လေးဟာ မမြင်တဝက် မြင်တဝက် ဖြစ်နေတယ်။ လူစီ့ အလှကိုလည်း အဲသလို ကောင်းစွာ မမြင်ကြရဖူးလို့ ဆိုလိုတယ်။ ရေညှိတက်နေတဲ့ ကျောက်တုံး ဘေးက ပန်းပင်လို့ ဆိုလိုက်တာက တောပန်းလို့ ပြောပြနေပါတယ်။ တစ်ခါ လူစီကို ကြယ်လေးနဲ့ နှိုင်းပါတယ်။ ကြယ်မှ 'ကောင်းကင်မှာ တစ်ပွင့်တည်း ဝင်းပ ခိုက်ကြယ်'လို့ ဆိုထားတာက အင်မတန်လှပါတယ်။ ဒီလို လူသူမသိ နေခဲ့ရာက နောက်ဆုံး လူမသိ သူမသိဘဲ သူမှာ သေဆုံးသွားခဲ့ရတယ်။ ဒါဟာဖြင့် ကဗျာဆရာအဖို့ အင်မတန် ထိခိုက်လှုပ်ရှားသွားရတဲ့ ကိစ္စတခုပဲ။ လူစီ ရှိစဉ်ကနဲ့ လူစီ မရှိတဲ့နောက် သူ့စိတ်ခံစားလှုပ်ရှားမှုနှစ်ခုဟာ ခြားနားပါဘိခြင်းလို့ ကောက်ချက်ချလိုက်တယ်။

❖

## ဒဲဖဒိလ

ချိုင့်ဝှမ်းများ၊ တောင်များအထက်က မိုးခွင်မှာ မျောနေတဲ့
တိမ်တိုက်တစ်ခု ပမာ ငါတစ်ကိုယ်တည်း လှည့်လည်ခဲ့ရာ
ရုတ်တရက် အုပ်တစ်အုပ်ကို မြင်လိုက်ရတယ်
ရွှေရောင် ဒဲဖဒိလ တပ်တစ်တပ်ပါ၊
ကန်ရဲ့နံဘေးသစ်ပင်တို့ရဲ့အောက်မှာ
လေပြေထဲ တောင်ပံခတ်ကြ ကခုန်ကြလို့၊

နဂါးငွေ့တန်းတလျှောက် ထွန်းပကာ
မှိတ်တုတ်နေတဲ့ ကြယ်တွေလို အဆက်မပြတ်ပဲ
ကမ်းကွေ့ ကမ်းပါးစွန်းတလျှောက်မှာ

မဆုံးတောတဲ့ မျဉ်းတန်းအတိုင်း ဖြန့်နေကြတယ်၊
တစ်ချက်လှမ်းကြည့်ရာ တစ်သောင်းမျှ ငါမြင်ရတယ်
တက်ကြွစွာ ကခုန်ရင်း ခေါင်းလေတွေခါလို့၊

သူတို့ဘေးက လှိုင်းလေးတွေလည်းကတယ်၊ ဒါပေမယ့် သူတို့က
မြူးကြွမှုမှာ တလက်လက် လှိုင်းတို့ထက် သာပေရဲ့၊
ခုလိုပျော်မြူးတဲ့ အဖော်အပေါင်းအနီးမှာ
ကဗျာဆရာ တစ်ဦးအဖို့ ရွှင်မြူးဖို့အပြင်ဘာမှ မတတ်နိုင်ဘူး၊
ငါငေးယင်း - ငေးနေမိတယ် - ဒီမြင်ကွင်းဟာ
ဘယ်လို ဘဏ္ဍာမျိုး ငါ့ဆီဆောင်ကြဉ်းခဲ့ပြီဆိုတာတော့ မရိပ်မိခဲ့ဘူး၊

အကြောင်းကတော့ မကြာခဏ အိပ်ရာထက်မှာ ငါ
ဟိုးတွေး ဒီတွေး ဝါ ဘာမှမတွေးဘဲ လှဲနေမိရာ
တစ်ကိုယ်ထီးတည်း ဘဝရဲ့ သုခချမ်းသာ မည်တဲ့
အဇ္ဈတ္တ မျက်လုံးမှာ သူတို့လင်းခနဲ ပေါ်လာကြတယ်၊
အဲဒီခါ ငါ့နှလုံးသားဟာ ပီတိပြည့်လျှမ်းသွားကာ
ဒဲဖဒိုလတို့နဲ့အတူ ကခုန်ပါလေရော၊

'ဒဲဖဒိုလ'ဆိုတာဝါဖျော့ဖျော့ရောင် ပန်းတစ်မျိုးပါပဲ။ ဝဒ်စဝသ် ကန်တစ်ကန်နား လမ်းလျှောက်ရင်း ရောက်သွားတော့ ကန်နံဘေး အုပ်ဖွဲ့ပေါက်နေကြတဲ့ ဒဲ့ဖဒိုလ ပန်းပင်လေးတွေတွေ့တယ်။ လေယူရာတိမ်းပြီး ကခုန်သလို ဖြစ်နေကြတယ်။ ဒီပန်းလေးတွေကိုကြည့်ပြီး သူစိတ်ကြည်နူးခဲ့ရတယ်။ သို့သော် ဒါနဲ့တင် မပြီးသေဘူး။ နောင်မှာလည်း သူလဲလျောင်းရင်း နဖူးပေါ် လက်တင်နေမိတိုင်း စိတ်အာရုံမှာ ဒီပန်း လေးတွေကို မြင်ယောင်ကာ ကြည်နူးမှုအသစ် ဖြစ်ဖြစ်နေရပါသေးတယ်တဲ့။

'ဒီမြင်ကွင်းဟာ ဘယ်လိုဘဏ္ဍာမျိုး ငါ့ဆီဆောင်ကြဉ်းခဲ့ပြီဆိုတာတော့ မရိပ်မိဘူး'။ ဒီမြင်ကွင်းကြည့်သခိုက် ကြည်နူးရုံပဲလို့ ထင်မိတယ်။ ဒီထက်မက ငါ့စိတ်မှာလာပြီး ရိုက်ခတ်ခဲ့ပြီဆိုတာ မရိပ်စားမိဖူးလို့ ဆိုလိုတယ်။ 'ဘဏ္ဍာ'ဆိုတာ သူရရှိသွားတဲ့ စိတ္တပသာဒကိုပြောတာ။ ဘာလဲဆိုတာ နောက်အပိုဒ်မှာ တင်ပြထားတယ်။

ဝဒ်စဝသ်ရဲ့ နာမည်ကျော် ကဗျာတစ်ပုဒ်ပါဘဲ။ သဒ္ဒါဘက်ကရ အလွန်ကောင်းမွန်တယ်။ ကျွန်တော်တို့ ဘာသာပြန်မှာ သယ်မပေးနိုင်ဘူး။

❖

**တမ်းချင်း**

*ငယ်စဉ်တောင်ကျေး ကလေးဘဝကို သတိရမိရာမှ မသေခြင်း တရားအကြောင်း တင်ပြချက်များ*

**ကလေးဟာ လူကြီးရဲ့အဖေပဲ၊**

**ငါ့နေ့ရက်တွေဟာ တစ်ရက်နဲ့တစ်ရက်**

**သဘာဝ ကိုးကွယ်မှုနဲ့ ရစ်နှောင်လို့သာ ရှိစေချင်တော့၊**

(၁)

**မြက်ခင်း၊ တောအုံ၊ စမ်းချောင်း၊ မြေကြီး၊ သာမန်မြင်ကွင်းဟူသမျှ ငါ့အဖို့ရာမှာ ကောင်းကင်ဘုံရဲ့ အလင်းရောင်နဲ့ ဝတ်ရုံဆင်မြန်း ထားသလို၊**
**အိပ်မက်ရဲ့ တင့်တယ်မှု သစ်လွင်မှုရယ်လို့**
**ထင်ခဲ့မိတဲ့ အချိန်အခါရှိခဲ့ဖူးရဲ့၊**
**ခုတော့ ပဝေရှေးက ဖြစ်ခဲ့ဖူးသလို မဟုတ်တော့ဘူး**
**ဘယ်ဆီကိုပဲ လှည့်ကြည့်ကြည့်**
**နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ်**
**မြင်ဖူးခဲ့တဲ့ အရာတွေကို ခုငါမမြင်နိုင်စွမ်းတော့ဘူး၊**

ခေါင်းစဉ်မှာ တင်ပြထားတဲ့အတိုင်း ဒီကဗျာမှာ ဝဒ်စသ်က ကလေးဘဝက အကြောင်းတွေ ပြန်လည်စဉ်းစားရင်း မသေခြင်းတရားအကြောင်းကို ဆွေးနွေးမယ် ဖြစ်တယ်။ ခေါင်းစဉ်ငယ်အောက်က စားသုံးကြောင်းက သူရဲ့ 'သက်တံ'ဆိုတဲ့ ကဗျာထဲက ကောက်နုတ်ပြီး ကိုးကားထားတာဖြစ်တယ်။ အဲဒီကဗျာငယ်မှာ ဆိုလိုတာကတော့ သူဟာငယ်စဉ်က သက်တံကိုမြင်ရင်၊ ရင်ခုန်ရတယ်တဲ့။ ခု ကြီးတော့လည်း အဲသလို ခုန်တာပါပဲတဲ့။ သူ့ဘဝဟာဖြင့် အဲသလို ငယ်စဉ်မှာရော ကြီးစဉ်မှာပါ သဘာဝ ကိုးကွယ်မှုနဲ့ အဆက် မပြတ် ရှိစေချင်တယ်လို့ ဖြစ်ပါတယ်။ ခု ကဗျာမှာတော့ ကလေးဘဝက အတွေ့ အကြုံရယ်၊ လူကြီးဘဝ အတွေ့အကြုံရယ် ကွားခြားပုံကိုပြမယ်။ ပြီးမှ မသေခြင်း တရားအကြောင်း ဆင်ခြင်ကာ ကောက်ချက်ချမယ်။

**ထင်းရှူးပင်ရိပ်**

သူငယ်စဉ်က ရေမြေတောတောင် စသဖြင့် သာမန်ရှုခင်း ရှုကွက်လေး တစ်ခု ကြည့်မြင်ရတိုင်း ကောင်းကင်ဘုံရဲ့ အလင်းရောင်နဲ့ ဝတ်ရုံထားတယ်။ တကယ်နဲ့တောင်မတူတန်အောင် အိပ်မက်ထဲက လှခြင်းမျိုး၊ သစ်လွင်တာမျိုးလို့ ထင်ခဲ့မိဖူးတယ်တဲ့။ ခု ကြီးလာတဲ့အခါမှာတော့ အဲသလို မဟုတ်တော့ဘူးတဲ့။ အလျင် ရှေးငယ်စဉ်က မြင်သလို မမြင်တော့ဘူး။ နေ့မှာပဲဖြစ်ဖြစ် ညမှာပဲဖြစ်ဖြစ် ဘယ်ဘက်ကို လှည့်ကြည့်ကြည့် အလျင်ငယ်စဉ်ကလို မမြင်တော့ဘူး၊ အလျင်က လှသလို မလှတော့ဘူး။

(၂)

**သက်တံက ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့။**
**လှပါပေ့ နှင်းဆီပန်းကလည်း။**
**ကောင်းကင်ပြင် ဟင်းလင်းဖြစ်နေချိန်မှာလည်း သော်တာလက**
**ဝန်းကျင်ကို ကြည်နူးစွာ ရှုနေပါရဲ့။**
**ကြယ်လင်းတဲ့ညမှာ ရေလှိုင်းလေးတွေကလည်း**
**လှပါပေ့၊ တင့်တယ်ပါပေ့။**
**နေရောင်ခြည်ဟာ တင့်တယ်လှတဲ့ မွေးဖွားခြင်းတစ်ရပ်ပါ။**
**ဒါပေမယ့် ငါသိပါတယ်။ ငါသွားလေရာရာ**
**တင့်တယ်ခြင်းတစ်ခု မြေပြင်ပေါ်က ထွက်ခွာသွားခဲ့ပေါ့။**

ဒီ ဒုတိယအပိုဒ်မှာ ပထမအပိုဒ်တုန်းက နည်းနည်းပြောခဲ့တာကို ထပ်ပြော ပါတယ်။ သဘာဝရှုခင်းတွေဟာ ငယ်စဉ်ကလှသလိုခု မလှတော့ဘူးဆိုတဲ့အကြောင်း။ သဘာဝရှုခင်းတွေကတော့ ရှေးယခင်ကအတိုင်းပါပဲ။ သက်တံဟာလည်း ထွက်လာ လိုက်၊ ပျောက်သွားလိုက်ပါဘဲ။ နှင်းဆီပန်းကလည်း လှပစွာ ထွန်းလင်း လို့ပဲ။ (သည်လို ရွှန်းဝင့်ဝင့်ထွန်းပနေပုံဟာ ဘေးဘီကိုကြည်နူးစွာ ရှုစားနေပုံနဲ့ တူတယ်) ကန်ရေပြင်မှာ ကြယ်ရိပ်ကလေးတွေ လာထင်နေလေတော့ လင်းလင်း လက်လက် ရေလှိုင်းလေးတွေကလည်း အရင်လို လှရက်ပါပဲ။ နေမင်းဟာ တစ်နေ့ တစ်ကြိမ် မွေးဖွားမြဲ မွေးဖွားနေတာကလည်း တင့်တယ်လှပခြင်း ပြည့်လျှမ်းလို့ မွေးဖွားရက်ပါပဲ။ ဒါပေမယ့် ငယ်စဉ်ကလှပုံမျိုးကို သူမမြင်တော့ဘူး။ အဲဒီအလှက ဖြင့် မြေပေါ်ကထွက်သွားခဲ့ပါပြီ။

(၃)

ခုတော့ ငှက်ကလေးတွေက ပျော်မြူးဖွယ်တေးကို ဒီလို သီနေကြတဲ့ခါ၊
သိုးကလေးတွေကလည်း ဗုံသံနဲ့လိုက်အောင် ကသလို
ခုန်ပေါက်နေကြတဲ့အခါ၊
ငါ့တစ်ယောက်တည်းမှာပဲ ကြေကွဲဖွယ်အတွေးက ရောက်လာတယ်၊
အချိန်မီ ရင့်ကျူးသံတစ်သံက အဲဒီအတွေးမှ သက်သာရာရစေရဲ့၊
ငါလည်း တစ်ဖန်အားပြည့်လာတယ်၊
ရေတံခွန်လေးတွေက တောင်စွန်းဆီကနေ တံပိုးမှုတ်နေကြပေါ့၊
ငါ့အဆွေးဓာတ်ဟာ ရတုရာသီကို မတော်မတရား မပြုစေနဲ့တော့၊
တောင်တွေဖြတ်လို့ ပဲ့တင်သံများ စုဝေးလာတာ ငါကြားတယ်၊
လေတွေလည်း အိပ်ပျော်ရာ လယ်ကွင်းများကနေ ငါ့ဆီ လာကြပေါ့၊
မြေပြင်တစ်ခုလုံး မြူးကြွလို့ပဲ၊
ကုန်းကရော ပင်လယ်ကပါ
ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်မှုထံ အပ်နှံကြတယ်၊
မေလရဲ့ အသည်းနှလုံးနဲ့
တိရစ္ဆာန်တိုင်း ပျော်ပွဲ ကျင်းပနေတော့တယ်၊
အချင်း ပျော်ရွှင်မှုရဲ့ သားငယ်၊
ငါ့ဝန်းကျင်မှာ အော်ပါ့၊ မင်းအော်သံ ကြားစမ်းပါရစေ
အချင်း ပျော်ရွှင်တဲ့ သိုးကျောင်းသားလေးငဲ့၊

ဩကာသလောကတစ်ခုလုံးမြူးရွှင်နေတယ်။ အဲဒီအချိန်မှာ ကဗျာဆရာတစ်ဦးပဲ ကြေကွဲပူဆွေးနေတယ်။ အော်သံ တစ်သံကြားလိုက်ရမှ သူသတိရလာပြီး အများနဲ့ရောနှော ပျော်မြူးမိတဲ့အကြောင်း ရေးဖွဲ့ထားတဲ့အပိုဒ်ဖြစ်ပါတယ်။

ငှက်ကလေးတွေ ပျော်မြူးဖွယ်တေးသီနေချိန်၊ သိုးကလေးတွေကလည်း ဗုံသံနဲ့လိုက်အောင် ကသလို ခုန်ပေါက်နေကြချိန်မှာ စာဆိုတစ်ယောက်တည်းပဲ ဆွေးနေတယ်။ အဲဒီ အဆွေး၊ ဝါကြေကွဲဖွယ်အတွေးကတော့ စောစောက ဒုတိယအပိုဒ်မှာ ပါတဲ့ 'တင့်တယ်ခြင်းတစ်ခု မြေပြင်ပေါ်က ထွက်ခွာသွားခဲ့ပေါ့' ဆိုတဲ့ အတွေးပါပဲ။ အဲသလိုတွေးပြီး ဆွေးနေချိန် 'ရင့်ကျူးသံ' တစ်ခုက သက်သာရာ ရစေတယ်တဲ့။ (ဒီနေရာမှာ ရင့်ကျူးသံဟာ ဘာလဲလို့ အမျိုးမျိုးတွေးဆကြတယ်။

တချို့က ဒါ သူ့ 'သက်တံ' ကဗျာကို ရည်ညွှန်းတာလို့ ပြောကြတယ်။ ဒါပေမယ့် ဒါလောက်အတွေးခေါင်စရာ မလိုဘူးထင်ပါတယ်။ ကဗျာကို ဆက်ဖတ်သွားလျှင် ဒါဟာ သိုးကျောင်းသားလေး အော်သံကို ဆိုလိုတာဖြစ်တဲ့အကြောင်း အောက်ဆုံး အကြောင်းမှာ တွေ့ရပါလိမ့်မယ်။ နွမ်းခွေနေတဲ့ သူ့စိတ်မှာလည်း အားမာန် ပြည့်လာရတော့တယ်။ တောင်စောင်း ပေါ်ကနေ ရေတံခွန်လေးတွေ ဒလဟော စီးကျနေတာကလည်း တံပိုးမှုတ်သလို ဂီတသံတစ်သံ ဖြစ်ပေါ်စေတယ်။ သက်ရှိ သက်မဲ့ အရာဝတ္ထုတွေ မြူးပျော်နေချိန်မှာ သူတစ်ယောက်က ဆွေးနေရင် ရာသီဥတု ကို မတော်မတရား ပြုသလို ဖြစ်နေရော့မပေါ့။ မဆွေးတော့ဘူးတဲ့။ လေတွေဟာ အိပ်ပျော်ရာ လယ်ကွင်းတွေကနေ တိုက်ခတ် လာနေကြပြီ။ (လယ်ကွင်းထဲ သွားအိပ်သလိုငြိမ်နေရာက တိုက်ခတ်လှုပ်ရှားလာကြပြီ) မြေပြင်တစ်ခုလုံး မြူးရွှင်လို့။ ကုန်းရေလေ ဩကာသ လောကတစ်ခုလုံး မိမိတို့ ဘဝကို ပျော်ရွှင်မှုဆီပေးအပ်ဆက် နှင်းလိုက်ကြပြီ။ ပျော်ရွှင်တဲ့ သိုးကျောင်းသားလေးရယ် အော်ပါဦး၊ ငါလည်း ပျော်လာပါပြီ။

(၄)

**အချင်းမင်္ဂလာရှိတဲ့ သတ္တဝါတို့ သင်တို့ တစ်ဦးကိုတစ်ဦး**
**ခေါ်သံ ငါကြားပါရဲ့။ သင်တို့ပျော်မြူးတော့**
**ကောင်းကင်ပြင်ပါ သင်တို့နဲ့ လိုက်ရယ်မောတာ ငါကြားရဲ့။**
**ငါ့အသည်းနှလုံးဟာ သင်တို့ရဲ့ ပွဲတော်မှာပါ။**
**ငါ့ခေါင်းဟာ ပွဲတော်ရဲ့၊ ပန်းသရဖူ ဆောင်းလို့ပါ။**
**သင်တို့ချမ်းသာမှု ပြည့်ဝပုံကို ငါခံစားမိရဲ့၊ ငါအကုန်ခံစားမိရဲ့။**

**ဗိလ္လပတဲ့ မေလနံနက်ခင်းမှာ**
**ကမ္ဘာမြေကိုယ်တိုင်က အလှပြင်နေချိန်၊**
**အဝေးအနီး ချိုင့်ဝှမ်းတစ်ထောင်မှာ**
**ဘက်တိုင်းမှာ**
**ကလေးတွေက ပန်းသစ်တွေ**
**ကောက်နေချိန်၊ နေမင်းက ပူနွေးထွန်းလင်းချိန်၊**
**တလေးငယ်ဟာ မိခင်ရဲ့လက်ထဲမှာ ခုန်ပေါက်နေချိန်၊**

ငါသုန်မှုန်နေမိလျှင် အမင်္ဂလာနေ့ ဖြစ်တော့မပေါ့။
ငါကြားတယ်၊ ကြားတယ်၊ ရွှင်မြူးစွာနဲ့ ငါကြားပေရဲ့။
ဒါပေမယ့် သစ်ပင်တစ်ပင်၊ အများကြီးထဲက တစ်ပင်ရယ်။
ငါစိုက်ကြည့်နေခဲ့ရာ တစ်ခုတည်း လယ်ကွင်းပြင်ရယ်
သူတို့နှစ်ဦးလုံးကတော့ ကွယ်ပသွားပြီဖြစ်တဲ့ အရာတစ်ခုအကြောင်း
ပြောပြနေရဲ့။

ငါ့ခြေရင်းက ပန်းစီပန်းလေးကလည်း
ဒီဇာတ်လမ်းကိုပဲ ပြောနေပြန်ရဲ့။
ဘယ်ဆီများ အိပ်မက်အလင်းရောင် ထွက်ပြေးပြီလဲ
သူအခုဘယ်မှာလဲ တင့်တယ်မှုရယ်၊ အိမ်မက်ရယ်လေ။

ဩကာသလောကတစ်ခုလုံး မြူးပျော်နေချိန်မှာ သူကမပျော်နိုင်ဘဲ သုန်မှုန်နေမိလျှင် ဖြစ်မှုကျူးလွန်တာပဲဆိုတာသူသိရဲ့။ ဒါပေမယ့် သဘာဝရှုခင်းကိုထပ်ကြည့်မိပြန်တော့ အလျှင်ကအလှမျိုး မရှိတော့တာကိုဖြင့် မထင်မမြင်ဘဲ မနေနိုင်အောင် ဖြစ်ရတယ်ရယ်လို့ ဒီအပိုဒ်မှာ စပ်ဆိုထားတယ်။

'သင်တို့ တစ်ဦးကိုတစ်ဦး ခေါ်သံကြားပါရဲ့'လို့ ဆိုရာမှာ ခေါ်သံကသူကို စိတ်သက်သာရာရစေတဲ့ သိုးကျောင်းသားလေးရဲ့ အော်သံကိုပြောတာပါပဲ။ ဩကာသ လောကထဲက လောကသားတွေဟာ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ခေါ်ကြမြဲ၊ ဆက်သွယ်ကြမြဲလို့ ကဗျာဆရာက ဆိုလိုတယ်။ ဒီလိုအချင်းချင်း ခေါ်ကြသံကြားပြီး သူလည်း ကြည်နူးရပါပြီလို့ ပြောချင်တာပါပဲ။ ဝဒ်စဝသ်ဟာ သိုးကျောင်းသားလို၊ သိုးလေးတွေလို သက်ရှိသတ္တဝါတွင်မကဘူး၊ ရေမြေတောတောင် သစ်ပင်ပန်းမန် စမ်းချောင်းရေတံခွန် ကောင်းကင်ပြင်အားလုံး အသက်ဝင်လှုပ်ရှားနေသယောင် လုပ်ထားတာကို သတိပြုပါ။ 'ငါ့အသည်းနှလုံးဟာ သင်တို့ရဲ့ ပွဲတော်မှာပါ' ဆိုတာက မင်းတို့ မြူးပျော်နေတာ ငါစာနာခံစားလို့ ရပါတယ်လို့ ပြောချင်တာပါပဲ။ ရှေးရောမတွေဟာ ပွဲတော်မှာ ပန်းသရဖူဆောင်းပေးကြသလို ငါလည်း မင်းတို့ ပွဲတော်မှာ ဧည့်သည်တော်အဖြစ် ပန်းသရဖူဆောင်းပေးခြင်းခံနေရပါပြီတဲ့။ ကမ္ဘာမြေကို အမယ်ကြီးနဲ့ နှိုင်းပါတယ်။ သူလိုအဖွားကြီးကိုယ်တိုင်က သနပ်ခါးလူး၊ ပန်းပန်နေတယ်လို့ ဆိုလိုက်တာက ဒီပွဲတော်ကြီးမှာ သတ္တဝါတိုင်း ပါဝင်ပုံကို ဖော်ကျူးလိုက်တာပါပဲ။ နီးဝေးထောင့်စပ်အောင် ကလေးတွေ ပန်းကောက်နေ ကြတယ်ဆိုတဲ့

ထင်းရှူးပင်ရိပ်

ပန်းချီကွက်ကလည်း အားလုံးမြူးပျော်ရွှင်နေကြပုံကို ထပ်လောင်း အားဖြည့်ပေးတယ်။ ဘာမှ ကောင်းကောင်းမလှုပ်ရှားနိုင်သေးတဲ့ကလေးငယ် ကတောင်မိခင်ရဲ့ လက်ထဲကနေ ခုန်ပေါက်နေသေးတယ်ဆိုပြန်တော့ မြူးပျော်ကြပုံ သရုပ်ဖော်ကွက်ဟာ 'ကမ်းကုန်'မတတ် ဖြစ်နေပါပြီ။ ဒီလို ပျော်မြူးနေကြချိန်သူသုန်မှုန်မိလျှင် သူ့အဖို့ အမင်္ဂလာနေ့ဖြစ်မယ်ပေါ့။ သူဒါကိုသိပါရဲ့။ သိသော်လည်း သစ်ပင်တစ်ပင်ရယ်၊ လယ်ကွင်းတစ်ကွင်းရယ်၊ ပန်းစီပန်းလေးရယ်(တကယ်ကတော့ ဒီသစ်ပင် ဒီလယ်ကွင်း တိတိကျကျ ဆိုလိုတာ မဟုတ်ပါဘူး၊ သဘာဝရှုခင်းထဲက တစ်ခုခုကို မြင်မိတာပါပဲ) မြင်မိပြန်တော့ အလျင်ကနဲ့မတူတာ သွားသတိရတယ်။ ငယ်စဉ်က မြင်ရသလို အိပ်မက်ရဲ့အလှ၊ ကောင်းကင်ဘုံရဲ့အလှ မရှိဘဲဖြစ်နေတာ သတိရမိတော့တယ်။

(၅)

ငါတို့ဇာတိဟာ အိပ်ပျော်ခြင်း၊ မေ့ပျောက်ခြင်း တစ်ခုမျှသာ၊
ငါတို့နဲ့အတူ ထွက်လာတဲ့ ဝိညာဉ်၊ ငါတို့ဘဝရဲ့ ကြယ်ဟာ
သူ့ဝန်းကျင်က အခြားတစ်နေရာမှာပါ။
အဝေးဆီက လာခဲ့ခြင်းပါ။
လုံးဝမေ့ပျောက်ခြင်းနဲ့မဟုတ်ဘဲ၊
အလျင်လက်ချည့်ဗလာ မဟုတ်ဘဲ၊
အရောင်အဝါတိမ်တိုက်တသီတတန်းနဲ့သာ ငါတို့ဟာ
ငါတို့စံအိမ်ဖြစ်တဲ့ ဒေဝဆီက လာခဲ့ကြတယ်။
ငါတို့ကလေးဘဝမှာ ငါတို့ဝန်းကျင်မှာ ကောင်းကင်ဘုံရှိနေတယ်။
အကျဉ်းထောင်ရဲ့ မှောင်ရိပ်များဟာ ကြီးပြင်းလာဆဲ
သူငယ်ရဲ့အပေါ် စတင်ကျရောက်တယ်။
ဒါပေမယ့်အလင်းရောင်ကိုရော၊ အလင်းစီးဆင်းလာရာကိုရော သူမြင်တယ်၊
သူမြူးပျော်ရာမှာ မြင်ခြင်းဖြစ်တယ်၊
နေ့စဉ်အရှေ့က ဝေးသထက်ဝေးရာ ခရီးထွက်ရမယ့်
လူရွယ်ဟာလည်း သဘာဝရဲ့ နတ်ဝင်သည် ဖြစ်တုန်းပါပဲ။
မှိုင့်မြတ်တဲ့ အရောင်အလင်းက
သူ့ခရီးလမ်းမှာ လိုက်ပါလို့ပဲ။

**နောက်ဆုံးမှာတော့ အလင်း သေဆုံးသွားကာ**
**သာမန်နေ့တာရဲ့ အလင်းထဲမှုန်ဝါးသွားတာကို လူသားမြင်ရတော့တယ်။**

ဝဒ်စဝသ်ဟာ ပထမလေးပိုဒ်ကို ရေးပြီးလို့ သုံးလေးနှစ်ကြာပြီးကာမှ ဒီအပိုဒ် ၅ ကို စတင်ရေးပြန်ခြင်းဖြစ်တယ်။ ဒီကာလအတွင်းမှာ သူ့အနေနဲ့ အတွေးအခေါ်တွေလည်း ရင့်ကျက်လာပြီ။ ဘဝ ဒဿနတွေလည်း တော်တော်လေ့ကျက်ဆင်ခြင်လာတတ်ပြီ။ ညီတစ်ယောက်ရယ် သားတစ်ယောက်ရယ် ဆုံးခဲ့ရတာကြောင့်လည်း ပိုပြီးတည်ကြည်လာပြီ။ ဒါကြောင့် ခုအပိုဒ်ကစပြီး လေးလေးနက်နက် ဖြစ်လာတော့တယ်။ ပထမလေးပိုဒ်တုန်းကလို ပေါ့ပေါ့နဲ့ နားလည်လို့မရတော့ဘူး။

ဒီအပိုဒ်မှာ ဆိုလိုတာကတော့ လူဟာ မွေးဖွားလာစက သူလာခဲ့ရာ ကောင်းကင်ဘုံရဲ့ အရောင်အဝါ ပါလာတယ်။ ဒါကြောင့် ကလေးဘဝမှာ အဲဒီအရောင် အဝါက ဝန်းရံနေတယ်။ တော်ကြာလာတော့ ဝိညာဉ်အဖို့ အကျဉ်းတိုက်သဖွယ်ဖြစ်တဲ့ လောကရဲ့အမှောင်က စတင်ဝန်းရံပါတော့တယ်။ နောက်ဆုံး လူကြီးလည်းဖြစ်ရော အရောင်အဝါဟာ ကွယ်ပသွားပြီး သာမန်လောကအလင်းပဲ ရှိတော့တယ်လို့ဖြစ်တယ်။

'ငါတို့ဇာတိဟာ အိပ်ပျော်ခြင်း၊ မေ့ပျောက်ခြင်းတစ်ခုမျှသာ'ဆိုတာက ဒီလောကကြီးထဲ မွေးဖွားလာခဲ့ရတာဟာ အိပ်ပျော်ရသလိုပဲတဲ့။ အိပ်နေသူတစ်ဦးဟာ မအိပ်ခင်က အကြောင်းကို မသိတော့သလို၊ ငါတို့ဟာလည်း ဒီဘဝ အလျင်က ဘဝကို မသိတော့ဘူး၊ မေ့ပျောက်ကုန်ကြပြီလို့ ဆိုလိုတယ်။

'ငါတို့နဲ့အတူ ထွက်လာတဲ့ ဝိညာဉ်' - အတ္တဝါဒ အမြင်ဖြစ်တယ်။ 'ငါတို့' ဆိုတာက ရုပ်၊ 'ဝိညာဉ်'ဆိုတာက နာမ်။ ရုပ်နဲ့အတူဖြစ်ပေါ်လာတဲ့ နာမ်။ ဒီနာမ်က ရုပ်ကိုဦးဆောင်သမို့ 'ငါတို့ဘဝရဲ့ကြယ်'လို့ တင်စားသုံးပါတယ်။

'သူ့ဝန်းကျင်က အခြားတစ်နေရာမှာပါ' ဝိညာဉ်ရဲ့ မူရင်းကျက်စားရာ အရပ် (ဝန်းကျင်)ဟာ ဒီလောကမှာမဟုတ်ဘူး။ အခြားတစ်နေရာမှာတဲ့၊ ကောင်းကင်ဘုံပေါ့။

'လုံးဝမေ့ပျောက်ခြင်းနဲ့ မဟုတ်ဘဲ အလျင်းလက်ချည့်ဗလာမဟုတ်ဘဲ' - အတိတ်ဘဝကို လုံးလုံးမေ့တာတော့မဟုတ်။ အတိတ်ဘဝက အရောင်အဝါတွေလည်း လုံးဝဘာမှမပါဘဲလာခဲ့တာမဟုတ်ဘူး။ ကောင်းကင်ဘုံရဲ့ အရောင်အဝါဟာ နောက်က သီတန်းပြီး လိုက်ပါလာတယ်။ ကလေးဘဝမှာ အဲဒီအရောင်အဝါ ရှိသေး

တယ်။ တဖြည်းဖြည်း ကလေးကနေလူကြီး ဖြစ်ဖြစ်လာမှတော့ အဲဒီအရောင်အဝါ မှိန်မှိန်သွားပြီး နောက်ဆုံး ပျောက်ကွယ်သွားတယ်။

'အကျဉ်းတိုက်'ကခန္ဓာကိုယ်၊ 'အကျဉ်းထောင်ရဲ့ မှောင်ရိပ်များ'ကသေခြင်း တရား ဓမ္မတာ သဘောများ။ ဒီအရိပ်တွေက ကလေးကြီးအပေါ် တစ်စတစ်စ ကျလာကြတယ်။ ဒါပေမယ့် လုံးဝမျက်ခြည်တော့ မပြတ်သေးဘူး။ မြင်တုန်းပဲ။ 'သူမြူးပျော်ရာမှာ မြင်တယ်' ဆိုတာက သူမြူးပျော်နေတာကိုက အဲဒီအရောင်အဝါရဲ့ ရောင်ပြန်ဟပ်ချက်ပဲလို့ ဆိုလိုတယ်။ အရှေ့ဆိုတာ နေထွက်ရာအရပ်မဟုတ်လား။ ဒါကြောင့် အလင်းရောင်လာရာ ကောင်းကင်ဘုံကို 'အရှေ့'လို့ တင်စားသုံးလိုက် တယ်။ လူငယ်ဟာ အဲဒီကောင်းကင်ဘုံနဲ့ တစ်နေ့တခြား ဝေးဝေးသွားရတော့မယ်။ ဒါပေမယ့် အလင်းရောင်ဟာ သူနဲ့လိုက်ပါတုန်းပဲ။ 'သဘာဝရဲ့ နတ်ဝင်သည်'ဆိုတာ သဘာဝကို ကိုးကွယ်သူပေါ့။ ဝဒ်စဝသ်က ဒီနေရာမှာ ဒေဝနဲ့ သဘာဝကို တစ်ခု တည်း သဘောထား ရေးဖွဲ့လိုတယ်။ နောက်ဆုံး လူကြီးဖြစ်လာတော့ ဒီအလင်းဟာ ပျောက်ကွယ်သွားတော့တယ်တဲ့။

(၆)

**တမ္ဘာမြေဟာ ရင်ခွင်ထဲမှာ သူ့ကိုယ်တိုင် ပျော်မွေ့စရာတွေ ဖြည့်ထားတယ်၊**
**သူ့သဘာဝအမျိုးအစားအတိုင်း တောင့်တဖွယ်တွေရှိတယ်၊**
**မိခင်ရဲ့ စိတ်ဓာတ်လိုလို စိတ်မျိုးနဲ့ပဲ၊**
**မထိုက်မတန် စေတနာမျိုး မဟုတ်ဘဲနဲ့၊**
**နိုးရှာသူ အထိန်းမကြီးဟာ သူ့တတ်စွမ်းသမျှ**
**သူ့မွေးစားသား သူ့အတူနေလူသားကို**
**သူသိဖူးတဲ့ အရောင်အဝါတွေနဲ့ သူလာခဲ့ရာ**
**ဗဟာနန်းတော်ကို မေ့ပျောက်သွားအောင် လုပ်ရှာရဲ့၊**

ကမ္ဘာမြေက သူ့ဆီရောက်လာတဲ့ လူသားကို သူလာခဲ့ရာ ကောင်းကင်ဘုံ ကို မေ့သွားအောင် သူ့မှာ (ကမ္ဘာမြေမှာ) ရှိသမျှအလှအပတွေနဲ့ ချော့မြူသိမ်းသွင်း တယ်လို့ ဒီအပိုဒ်က ဆိုလိုတယ်။ ကမ္ဘာမြေကိုလူသားရဲ့ မိခင်ရင်းမဟုတ်တဲ့ အထိန်းမကြီးသဖွယ် တင်စားထားတယ်။ အထိန်းဆိုတာ မိခင်ရင်းလို မေတ္တာ စေတနာမျိုးတော့ မရှိပေဘူးပေါ့။ ဒါပေမယ့် သူ့စေတနာဟာ ဖောက်လွဲဖောက်ပြန် စေတနာမျိုးမဟုတ်ပါဘူးတဲ့။ မိမိဆီရောက်လာတဲ့ လူသားကို မိမိရင်ခွင်မှာ (မူရင်း

'ပေါင်ခွင်') ရှိနေတဲ့ ပျော်မွေ့စရာတွေ တောင့်တဖွယ်ရာတွေနဲ့ ကမ္ဘာမြေမှာ ပျော်အောင်၊ ကောင်းကင်ဘုံကို မေ့အောင်လုပ်တယ်လို့ ဖွဲ့သီထားတယ်။ 'သူ့သဘာဝ အမျိုးအစားအတိုင်း တောင့်တဖွယ်တွေ' ဆိုတာက မြေကြီး (လောက)သဘာဝနဲ့ လိုက်ဖက်တဲ့ ဆန္ဒစိတ်များကို ပြောတာပါ။ 'သူသိဖူးတဲ့ အရောင်အဝါ'ဆိုတာ ကောင်းကင်ဘုံရဲ့ အရောင်အလင်းပေါ့။ 'မဟာနန်းတော်'ကလည်း ကောင်းကင်ဘုံ ပါပဲ။

(၇)

အသစ်မွေးဖွားအပ်တဲ့ ပျော်ရွှင်ချမ်းသာတို့ကြားက ကလေးငယ်ကို ကြည့်ပါ။
ပစ်ဂမီရွယ် ခြောက်နှစ်သား ချစ်စရာ သားသားလေး၊
ကြည့်၊ သူ့လက်ကလေးတွေနဲ့ လုပ်ထားသမျှကြားမှာ လျောင်းနေတယ်၊
မိခင်ရဲ့ ရူတ်တရက် အနမ်းတွေကြောင့် စိတ်ဆိုးလို့၊
ဖခင်ရဲ့ မျက်လုံးအစုံက အလင်းရောင်ကလည်း သူ့အပေါ် ကျလို့၊
ကြည့်စမ်း၊ သူ့ခြေရင်းမှာ အစီအစဉ်ကလေး တစ်ခုလိုလို စနစ်တစ်ခု လိုလို၊
လူ့ဘဝကို သူ့အိပ်မက် မက်ထားတာရဲ့ အစိတ်အပိုင်းတစ်ခုလေ၊
မင်္ဂလာဆောင်လား၊ ပွဲလမ်းသဘင်လား၊
ငိုယိုပွဲလား၊ အသုဘလေလား၊
အခု ဒါက သူ့နှလုံးသားကိုရယူ (ဆုပ်ကိုင်)ထားတယ်၊
ဒါနဲ့လိုက်အောင် သူ့တေးကို သူဖွဲ့သီတယ်၊
အဲဒီနောက်တော့ သူ့စကားကို အရောင်းအဝယ်တို့
အချစ်တို့၊ ရန်ပွဲတို့က အချီအချစကားနဲ့ လိုက်ဖက်အောင် လုပ်ပေးဦးတော့မယ်၊
ဒါပေမယ့် မကြာပါဘူး၊
ဒါကိုဘေးလွှင့်ပစ်ကာ
ရွှင်မြူးမှုအသစ်၊ မာနအသစ်နဲ့၊
ဇာတ်လိုက်လေးဟာ အခြားအခန်းကို လေ့လာတော့တယ်၊
မကြာမကြာသူ့ 'စရိုက်ဇာတ်ခုံ' လေးကို
ဘဝက ယာဉ်ပေါ် တင်လာလေ့ရှိတဲ့ သွက်ချာပါဒရှင် သူ့အိုအထိ၊
လူမျိုးပေါင်းစုံနဲ့ ဖြည့်ပေးနေပါတော့တယ်၊
သူ့အလုပ်တာဝန်တစ်ခုလုံးဟာ
မဆုံးနိုင်တဲ့ အတုခိုးခြင်းဖြစ်တဲ့အတိုင်းပဲ၊

**ထင်းရှူးပင်ရိပ်**

ဒီအပိုဒ်မှာ ကလေးငယ်ဟာ လူကြီးကို အတုယူပုံကို ဖွဲ့သီထားပါတယ်။ လူပြည်ရောက်လာစဆိုတော့ လူ့လောကချမ်းသာဟာ ကလေးအဖို့ 'အသစ်မွှေးဖွား အပ်တဲ့ ပျော်ရွှင်ချမ်းသာပေါ့။ ခြောက်နှစ်သားရွယ် သားသားလေးဆိုတဲ့အတွက် ဒီကဗျာရေးချိန် (၁၈၀၂)က ၆နှစ်သားရွယ်ဖြစ်တဲ့ ဝဒ်စဝသ်ရဲ့ သားလေးကိုကြည့်ရေး တယ်လို့ အဆိုရှိတယ်။ တကယ်ကတော့ ဘယ်ကလေးမဆို ယူနိုင်တာပါပဲ။ ကလေးဟာ သူ့လက်ကလေးတွေနဲ့ လျှောက်လုပ်ထားတဲ့ ကစားစရာ အပုံကြားမှာ လဲလျောင်းနေပါတယ်။ အမေက သားလေးကိုကြည့်ရင်း ချစ်မေတ္တာတွေပေါက်ကွဲ လာတော့ ကောက်ကာ ငင်ကာ နမ်းပစ်လေ့ ရှိတာကြောင့် ကလေးဟာ စိတ်တိုနေ တယ်။ ဖအေလုပ်သူ (ဝဒ်စဝသ်)ကတော့ သူ့သားလေးကို မေတ္တာအပြည့်နဲ့ စိုက် ကြည့်နေတယ်။ ကလေးလေးက အရုပ်ကလေးတွေကို စီစဉ်ကစားနေပုံက လူ့ဘဝ အကြောင်း သူအိပ်မက်မက်ထားပုံကို ပုံချကြည့်နေသလို မင်္ဂလာဆောင်လိုလို အသုဘချလာပုံလိုလိုပဲ။ ကလေးဟာသူ့အကစားနဲ့ သူပျော်နေတယ်။ သူ့အကစား က သူ့အသည်းနှလုံးကို ဆွဲကိုင်ထားတယ်။ ဒီအကစားနဲ့ လိုက်ဖက်အောင်လည်း တေးတွေဖွဲ့သီရင့်ကျူးနေတယ်။ မကြာမီ သူနည်းနည်း ကြီးပြင်းလာပြန်တော့လည်း လူကြီးတွေရောင်းဝယ်ကြ၊ ချစ်ကြ၊ ရန်ဖြစ်ကြရာမှာ ပြောဆိုတဲ့စကားတွေကို အတုခိုးပြောဆို ကြည့်ပေဦးတော့မယ်။ မကြာမီဒါကိုစွန့်ပစ်ကာ လူ့ဘဝဇာတ်ခုံက အခန်းတွေကို အတုခိုးလုပ်နေသူမို့ သူငယ်လေးကို 'ဇာတ်လိုက်ကလေး'လို့ ခေါ်ထားတယ်။ လူ့စရိုက်တွေကို တင်ဆက်ရာမို့ 'စရိုက်ဇာတ်ခုံ'လို့ခေါ်တယ်။ ဒီဇာတ်ကောင်တွေကို ယာဉ်တစ်ခုနဲ့ သယ်လာသလို ဘဝက လူစုံတင်ပြီးသယ်လာ လေ့ရှိတယ်။ ချာတိတ်ကလေးကနေ သွက်ချာပါဒ ရောဂါခံစားနေရသူ လူအိုအထိ လူမျိုးစုံပါတယ်။ ဒီဇာတ်ကောင်ပေါင်းစုံကိုပဲ လိုက်တုပြီး လူငယ်လေးက ကပြ ကြည့်တယ်။ သူ့ဇာတ်ခုံမှာ တင်ကြည့်တယ်။သူ့ဘဝမှာ လုပ်စရာတာဝန်ဆိုတာ အတုခိုးတဲ့အလုပ်ပဲ ဖြစ်တော့သလို မမောနိုင် မပန်းနိုင်လိုက်တု နေတော့တာပါပဲ။

(၈)

**မိမိဝိညာဉ်ရဲ့ ကြီးမားခမ်းနားမှုကို**
**မိမိပြင်ပန်းပုံဟန်က ဖုံးဝှက်ထားလေတဲ့ အိုအချင်း။**
**မိမိအမွေရပစ္စည်းများကို ထိန်းသိမ်းထားသေးတဲ့အချင်း**
**အတော်ဆုံးဒဿနဆရာ။ ထာဝရ ဝိညာဉ် အမြဲကျက်စားရာ**
**မြစ်လို့မို့၊ နားပင်းနှုတ်ဆိတ်သော်လည်း၊ ထာဝရနက်နဲမှုကို ဖတ်နိုင်စွမ်းသူ။**

အချင်းအကန်းတို့ကြားက မျက်လုံး . . .
ငါတို့တစ်သက်လုံး အပတ်တကုတ်ဖွေရှာကြပေမယ့်
အမှောင်၊ သချိုင်းရဲ့ အမှောင်ထဲမှာ ပျောက်ဆုံး သွားရတဲ့၊
အမှန်တရားတို့တည်ရာ
ကြီးမားတဲ့ ပရောဖက် မင်္ဂလာရှိတဲ့ ပုရောဟိတ်ငဲ့။
သခင်က ကျေးကျွန်အပေါ် လွှမ်းသလို၊ နေ့အလား
မိမိရဲ့ မသေခြင်းတရားက လွှဲဖယ်မရ
လွှမ်းမိုးခံနေရသသူအချင်းငဲ့။
မိမိဘဝရဲ့ အထွတ်အထိပ်မှာ ကောင်းကင်ဘုံဖျား လွတ်လပ်မှုရဲ့
ခွန်အားနဲ့ အရောင်အဝါ ထွန်းလင်းနေလေတဲ့ အချင်း ကလေးငယ်။
မလွှဲမရှောင်သာတဲ့ ဝန်ထုပ်ကိုများ ဆောင်ယူဖို့ရာ
ဘာ့ကြောင့် သလောက် စိတ်ပါလက်ပါ ဒုက္ခခံပြီး နှစ်များကို နှိုးဆော်နေပါသလဲ။
သင့်ရဲ့ မင်္ဂလာရှိမှုနဲ့ မမြင်မစမ်း ပဋိပက္ခဖြစ်နေရပါသလဲ။
ဘာမှမပြခင်မှာ သင့်ဝိညာဉ်ဟာ မြေကြီးဝန်ထုပ်ကို ရမှာပါ။
ဆီးနှင်းလိုလေးလံ၊ ဘဝတမျှ နက်ရှိုင်းကာ
အလေးအပင် တစ်ခုနဲ့ ထုံးတမ်းက သင့်အပေါ် ဖိစီးမှာပါ။

ဒီအပိုဒ်ကို ကဗျာဆရာက ကလေးငယ်ကို မေးခွန်းထုတ်နေဟန် သီကုံးထားပါတယ်။ ကောင်းကင်ဘုံရဲ့ အရောင်အဝါကို ရရှိနေသေးတဲ့ အသင်ဟာ ဘာ့ကြောင့် လောကီဝန်ထုပ်ကို မျှော်ခေါ်နေရပါသလဲလို့ မေးပါတယ်။

ကလေးငယ်ကို သူကဒဿနဆရာ၊ ပုရောဟိတ်၊ ပရောဖက်စသဖြင့် ခေါ်ထားပါတယ်။ ဒါဟာ သူ့အယူအဆအရ သူခေါ်တာပါပဲ။ သူ့ အယူအဆက ကလေးငယ်မှာ ကောင်းကင်ဘုံရဲ့ အရှိန်အဝါ ရှိသေးတယ်။ ရုပ်တရားထက် နာမ်တရား အသိက ပိုကဲနေသေးတယ်။ ဒါကြောင့် မြူးပျော်ချမ်းမြေ့ပြီး အသက်ဝင် တက်ကြွနေတယ်လို့ ယူဆတာကိုး။ တစ်နည်းအားဖြင့် ကလေးကိုကြည့်လိုက်တော့မှ ဘဝဆိုတာ အပြတ်သဘောမဟုတ် ဆက်ကာ ဆက်ကာရှိတယ်။ ဝိညာဉ်ဟာ မသေ၊ ထာဝရတည်တံ့တယ်။ (ဒါကြောင့် ကလေးဟာ အတိတ်ဘဝက ဝိညာဉ် တန်ခိုးတွေ ပါလာတာပေါ့)လို့ သဘောပေါက်ရတာကိုး။ ဒါကြောင့် သူက ကလေးကို ကြည့်ပြီး ဒီအသိတွေရတာမို့ ကလေးကို ဒဿနဆရာ ဘာညာနဲ့ တင်စားခေါ်နေတာပါပဲ။

ကလေးဟာ ပြင်ပအသွင်က သေးနုတ်သော်လည်း ဝိညာဉ်အရှိန် အဝါက ကြီးမားတယ်တဲ့။ 'အမွေရပစ္စည်း'ဖြစ်တဲ့ ကောင်းကင်ဘုံ အရောင်အဝါကို ထိန်းသိမ်းထားတယ်တဲ့။ လောကီ ဆူသံပူသံတွေကို 'နားပင်း'ပြီး သူ့ဝိညာဉ်အမြင်ကို ထုတ်မပြောပြဘဲ 'နှုတ်ဆိတ်'တယ်တဲ့။ (ကလေးစကားမပြောတတ်တာကိုပဲ ကဗျာဆန်ဆန် တင်စားလိုက်တာ) လူကြီးတွေ မမြင်တော့တဲ့ ကောင်းကင်ဘုံ အရှိန်အဝါကို မြင်နိုင် စွမ်းသူမို့ 'အကန်းတို့ကြားက မျက်လုံး'တဲ့။ လူတွေဟာ မသေခြင်းတရားကို နားလည်ဖို့ ကြိုးစားပမ်းစား ရှာဖွေကြသော်လည်း သေသာသွားကြတယ်၊ မသိကြရဘူး။ ဒီတရားကို သဘောပေါက်ချင်လျှင် (စောစောက တင်ပြခဲ့သလို) ကလေးကို လေ့လာရမယ်။ ဒါကြောင့် ကလေးကို 'အမှန်တရားတို့တည်ရာ ပရောဖက်'တဲ့။ သခင်က ကျေးကျွန်အပေါ် လွှမ်းမိုးသလို မသေခြင်းတရား လွှမ်းမိုးနေသူတဲ့။ မိမိဝိညာဉ်ကိုသာ ရှုမြင်ရခြင်းဆိုတဲ့ 'ဘဝရဲ့အထွတ်အထိပ်မှာ လောကီကြောင့်ကြဗျာပါဒတွေမရှိဘဲ စိတ်ဓာတ်လွတ်လပ်မှုဆိုတဲ့ 'ကောင်းကင်ဘုံဖျားလွတ်လပ်မှု'ရဲ့ ခွန်အားနဲ့ အရောင်အဝါ ထွန်းပနေပြန်ပေါ့တဲ့။ အဲသလို ဝိသေသနအမျိုးမျိုးတွေနဲ့ ကလေးကိုခေါ်လိုက်ပါတယ်။ ကလေးဟာ လူကြီးတွေရဲ့အမှုတွေကို တုတုနေလေတော့ လူကြီးဘဝရဲ့ ဒုက္ခမြားမြောင်ကို ကြိုတင်ဖိတ်ခေါ်သလို ဖြစ်နေတယ်။ ခေါ်မနေပါနဲ့တဲ့။ ဒါတွေဟာ မလွှဲမရှောင်သာ မင်းဆီရောက်လာမှာပါ။ မင်းလည်း ကြီးလာလျှင် ဒီလောကတာဝန်တွေကို ထမ်းရမှာပါတဲ့။ မင်းဒီလို လောကီအမှုကို တုလုပ်နေတာက မင်းရဲ့ကောင်းကင်အရောင်အဝါ မပြယ်သေးတဲ့ ဘဝနဲ့ ပဋိပက္ခ ဖြစ်နေပါတယ်တဲ့။ လူ့ဘောင် ထုံးတမ်းဆိုတဲ့တရားက ဆီးနှင်းလို အေးစက်လေးလံပြီး 'ဘဝတမျှ နက်ရှိုင်း'စွာ မင့်အပေါ် ဖိစီးပါလိမ့်မယ်တဲ့။ 'ဘဝတမျှ နက်ရှိုင်း'တယ် ဆိုတာက ဘဝဆိုတာ ထုံးတမ်းစည်းကမ်းတွေ လိုက်လုပ်နေရတဲ့ အဆင့်ပဲ ရှိတော့မယ်။ ဘဝနဲ့ ထုံးတမ်းအတူတူဖြစ်တော့မယ်။ ဘဝဆိုတာ ဘာမှမနက်တော့ဘူး ထုံးတမ်းတွေကို လိုက်နာရုံအဆင့်ပဲ ရှိတော့တယ် စသည်ဖြင့် ဆိုလိုတယ်။

## (၉)

**အိုဝမ်းမြောက်ဖွယ်ပ။ ငါတို့ရဲ့ ပြာဖုံးမီးခဲတို့အတွင်းမှာ**
**အသက်ရှင်စွမ်းတဲ့ တစ်စုံတစ်ရာရှိသေးတာ**
**သလောက်ထွက်ပြေးတတ်တဲ့ဟာကို**
**သဘာဝက သတိရသေးတာဖြင့် (ဝမ်းမြောက်ဖွယ်ပ)။**

ငါတို့ရဲ့အတိတ်နှစ်များအကြောင်း တွေးမိခြင်းက ငါ့မှာ
ထာဝရမင်္ဂလာဖြစ်ပေါ်လာစေတယ် ။ (ဒီလိုမင်္ဂလာဖြစ်ရတာဟာ)
အသစ်ပေါ်လာတဲ့ မျှော်လင့်ခြင်းက သူ့ရင်ထဲမှာ တောင်ပံခတ်လို့၊
အလုပ်များများ၊ နားနေနေ၊ ကလေးဘဝရဲ့
ရိုးရိုးကလေး ခံယူချက်ဖြစ်တဲ့ ပျော်ရွှင်မှုနဲ့ လွတ်လပ်မှုဆိုတဲ့
မင်္ဂလာဖြစ်ဖို့ အထိုက်ဆုံးအကြောင်းကြောင့်တော့ မဟုတ်ရိုးအမှန်ပါ။
ဒါတွေအတွက် ငါဟာ ငါရဲ့
ကျေးဇူးတင်ချီးမွမ်းထေးကို ဟစ်ကြွေးနေတာမဟုတ်ဘူး။
အာရုံနဲ့ ဗဟိဒ္ဓဝတ္ထုတရားများ
ငါတို့ဆီမှလွတ်သွားမှုများ၊ ကွယ်ပျောက်သွားမှုများကို
ခေါင်းမာမာနဲ့ ဒွိဟဖြစ်ခြင်းများ။
တကယ်မတွေ့မသိရတဲ့ လောကများမှာ လူးလာနေရသူ
သတ္တဝါတစ်ဦးရဲ့ မရေမရာ သံသယဖြစ်ရခြင်းများ။
ပြစ်မှုကျူးလွန်သူတစ်ဦး ပြုန်းကနဲ လူမိခံရသလို ငါတို့ရဲ့သေမြဲ သဘာဝ
တုန်လှုပ်သွားရတဲ့ မြင့်မြင့်မားမား အတွေးများအတွက်သာပါ။
ဘာတွေပဲဖြစ်ကြစေကာ၊
ငါတို့နေ့တာတစ်ခုလုံးရဲ့ အလင်းရောင်စမ်း ဖြစ်နေသေးတဲ့၊
ငါတို့မြင်မှုအားလုံးရဲ့ အဓိကအလင်းဖြစ်နေသေးတဲ့
ပထမဆုံးစိတ်ခံစားမှုများ၊
မှုန်တဝါးသတိရမှုများအတွက်သာပါ (တေးသီနေတာပါ)။
(ဒါတွေဟာ) တို့ကို ထောက်ခံတယ်၊ စောင့်ရှောက်တယ်၊ ငါတို့ရဲ့
ဆူညံညံနှစ်များကို ထာဝရဆိတ်ငြိမ်မှုဘဝအတွင်း ခဏတာများ
ထင်ရအောင်လုပ်နိုင်တဲ့ တန်ခိုးရှိတယ်။ နိုးကြားလာမိရင်၊
မပျောက်ပျက်တော့တဲ့ အမှန်တရားများဖြစ်တယ်။
(ဒါတွေကို) ဥပေက္ခာကရော အရူးအမူးကြိုးပမ်းမှုကပါ
လူကြီးရော လူငယ်ပါ၊
ပျော်ရွှင်မှုနဲ့ ပဋိပက္ခဖြစ်နေတဲ့ အရာအားလုံးကရော
ဘယ်သင်းကမှ လုံးဝမချေဖျက်နိုင် မဖျောက်ဖျက်နိုင်စွမ်းဘူး။
ဒါကြောင့် မိုးလေငြိမ်သက်တဲ့ ရာသီမှာ

ထင်းရှူးပင်ရိပ်
ငါတို့ဟာ ပင်လယ်က ဝေးဝေး ရောက်နေကြစေကာ
ငါတို့ဝိညာဉ်များကတော့ ငါတို့ကို ဒီဆီ သယ်လာတဲ့
သေခြင်းကင်းရာ ပင်လယ်ကို မြင်စွမ်းကြရတယ်၊
တစ်ခဏတွင်းမှာပဲ အဲဒီဆီ ခရီးလွှင့်သွားနိုင်စွမ်းကြရတယ်၊
ကလေးတွေ ကမ်းစပ်မှာ ဆော့ကစားနေတာ မြင်ကြရပြီး၊
အင်အားကောင်းလှတဲ့ လှိုင်းတံပိုးတွေ ထာဝရလိမ့်နေသံ ကြားကြတော့တယ်၊

ဒီအပိုဒ်ရဲ့ အဓိပ္ပာယ်အချုပ်က ဒီလိုဖြစ်ပါတယ်။ ကလေးက လူကြီးဖြစ်လာပြီး လောကဝန်ထုပ် ဖိစီးကာ ကောင်းကင်ဘုံအလင်းနဲ့ ကင်းဝေးသွားရပေမယ့် စိတ်ချမ်းသာစရာ မျှော်လင့်ချက်တော့ရှိပါသေးတယ်တဲ့။ ငယ်စဉ် ကလေးဘဝ အကြောင်း စဉ်းစားမိခြင်းဟာ သူ့မှာ ကြည်နူးချမ်းမြေ့စရာဖြစ်တယ်။ အဲဒီလို ကြည်နူးရတာက ကလေးဘဝက ပျော်ပါးရပုံ၊ လွတ်လပ်ပုံတို့ကို စားမြုံ့ပြန်မိလို့ မဟုတ်ဘူး။ ကလေးဘဝနဲ့ ဆက်စပ်စဉ်းစားရင်း ရုပ်ဘဝရဲ့ မတည်မြဲပုံ၊ ရုပ်ဘဝမှာ ထွန်းလင်းနေတဲ့ အရောင်အဝါရဲ့ တကယ့်တကယ်တည်ရှိပုံ ထာဝရဘဝကြီးထဲမှာ ဒီရုပ်ဘဝဟာ ခဏပန်းမျှ ထင်ရပုံစတဲ့ တွေးခေါ် ဆင်ခြင်မိခြင်းများအတွက်ကြောင့် ပါပဲတဲ့။ ဒီဆင်ခြင်မိတဲ့အရာတွေကို ဘာကမှ ဖျက်ဆီးမပစ်နိုင်ဖူး။ ဒီအကြောင်းတွေ ဈာန်ဝင်စားရင်း ထာဝရဘဝတေးသံကို ကြားယောင်မိလို့ပါပဲတဲ့။

'ပြာဖုံးမီးခဲတို့'ဆိုတာ အတိတ် (ကလေးဘဝ)ကို ဝိုးတဝါးသတိရခြင်းများကို ပြောတာ။ 'အသက်ရှင်စွမ်းတဲ့ တစ်စုံတစ်ရာ'ဆိုတာ မပျောက်မပျက် သတိရသေးတာကိုပြောတာ။ 'သလောက်ထွက်ပြေးတတ်တဲ့ဟာ'ဆိုတာ အလွန်မေ့ပျောက်လွယ်ဖွယ်ဖြစ်တဲ့ ကလေးဘဝက ကောင်းကင်ဘုံ အရောင်အဝါကိုပြောတာ။ ဒီတရားကို လူ့'သဘာဝ'က သတိရသေးတယ်။ ဒါဟာဖြင့် ဝမ်းသာစရာပါပဲတဲ့။ ကလေးဆိုတာ အလုပ်များများ နားနေနေ၊ ပျော်တယ်၊ လွတ်လပ်တယ်၊ ဒါဟာ ကလေးရဲ့ 'ရိုးရိုးကလေးခံယူချက်'ပဲ။ များသောအားဖြင့် ကလေးဘဝကို သတိရတယ်ဆိုရင် ဒီနှစ်ခု (ပျော်တာ၊ လွတ်လပ်တာ)ပဲ သတိရကြတာပဲ။ သူကတော့ ဒါကြောင့် ဝမ်းသာရတာ၊ မင်္ဂလာရှိတာမဟုတ်ပါဘူးတဲ့။ 'အာရုံနဲ့ ဗဟိဒ္ဓ ဝတ္ထုများ'ဆိုတာက အာရုံငါးပါးကျက်စားရာ ဗဟိဒ္ဓကမ္ဘာကြီးပေါ့။လူသားဟာ ဒီလောကကြီးကို သံသယရှိတယ်။ ရုပ်ဝတ္ထုတွေကို အာရုံခံစားလို့မရ။ လွတ်ထွက်သွားရတာ၊ ကွယ်ပျောက်သွားရတာနဲ့ပတ်သက်ပြီး သို့လော သို့လော တွေးတောမိတယ်။ တကယ်မရှိ 'အနတ္တ'

သာဖြစ်တဲ့ လောကကြီးကိုပဲသံသယဖြစ်ရတယ်။ ဒါတွေကို ဆင်ခြင်ကြည့်တာကို သေခြင်းတရားက ကြောက်တယ်။ ဘာနဲ့တူသလဲဆိုတော့ ပြစ်မှုကျူးလွန်နေသူ တစ်ဦးကို ရုတ်တရက်ဖမ်းမိရင် တုန်လှုပ်သွားသလို ဒီတရားတွေကိုဆင်ခြင်တဲ့အခါ သေခြင်းတရားခမျာ တုန်လှုပ်သွားရတယ်တဲ့။ အဲဒီလို မြင့်မြင့်မားမား တွေးတော မိတာတွေကြောင့် သူဝမ်းသာမိခြင်းပါတဲ့။ ဘယ်လို တွေးတာလဲဆိုတော့ (စောစောက တင်ပြခဲ့သလို) 'ပထမ'အရွယ် ကလေးဘဝက ကောင်းကင်ဘုံ အရောင် အဝါကို 'ခံစားရမှုများ'၊ ကောင်းကင်ဘုံကို 'မှန်တဝါးသတိရမှုများ' ပေါ့။ ဒီအတွေးတွေက သူ့အယူအဆကို ထောက်ခံတယ်။ ဘဝမှာအနေရဲအောင် 'စောင့်ရှောက်တယ်'။ ထာဝရတရားဆိုတဲ့ ဆိတ်ငြိမ်တဲ့ အနန္တဘဝမှာ လူ့ဘဝဆိုတာ ခဏပန်းမျှရယ်လို့ သဘောပေါက်စေတယ်။ ဒီအမှန်တရားတွေဟာ တစ်ခါသဘောပေါက်မိလျှင် ဖျောက်ဖျက်လို့ မရတော့ဘူး။ ဒီလိုသဘောပေါက်ထားလျှင် ထာဝရတရားဆိုတဲ့ ပင်လယ်ကြီးနဲ့ ဘယ်လောက်ပဲ ဝေးဝေးမှာ ရောက်နေစေဦးတော့။ စိတ် စိတ်ဝိညာဉ်ကတော့ အဲဒီပင်လယ်ကြီးကို လှမ်းမြင်ရမယ်။ တစ်ခဏအတွင်းမှာ ထာဝရပင်လယ်ထဲရောက် သွားရတယ် (မျက်မှောက်ပြုရတယ်)။ ထာဝရ ကလေး ငယ်တွေကို မြင်မိတယ်။ 'လှိုင်းတံပိုး လိမ့်သံ' ပမာထာဝရလောကရဲ့ဂီတကိုလည်း ကြားရပါတော့တယ်တဲ့။

(၁၀)

**ဒီတော့ သီကြ၊ အချင်းငှက်တို့သီကြ ပျော်မြူးဖွယ်တေးကို သီကြ။**
**သိုးငယ်လေးတွေလည်း ဗုံသံကိုက်အောင်**
**ခုန်ပေါက်ကြပါစေလေ။**
**ငါတို့လည်း စိတ်ကူးထဲကနေ မင်းတို့ လူအုပ်နဲ့အတူ**
**ပလွေကျူတဲ့ မင်းတို့၊ ဆော့ကစားတဲ့ မင်းတို့၊**
**ကနေ့ မိမိတို့ရဲ့ အသည်းနှလုံးထဲကနေ**
**မေလရဲ့ ပျော်ရွှင်မှုကို ခံစားနေကြတဲ့ မင်းတို့နဲ့အတူ ပါပါ့မယ်။**
**တစ်ခါက ထိန်ထိန်ညီးလှတဲ့ ထွန်းလင်းမှုဟာ**
**အခု ငါ့မြင်ကွင်းမှ ထာဝရကွယ်ပျောက်သွားပြီ ဖြစ်ပေမယ့်**
**မြက်ပင်ဆီက တောက်ပမှု၊ ပန်းပွင့်ဆီက အရောင်အဝါ (ကိုမြင်ရတဲ့)**
**အချိန်နာရီကို ဘယ်အရာကမှ ပြန်ယူပေးမှာ မဟုတ်ပေမယ့်လည်း**
**ငါတို့မဆွေးတော့ဘူး။ ကြွင်းကျန်ရစ်သမျှမှာပဲ**

**ထင်းရှူးပင်ရိပ်**
**ခွန်အားကို ဖွေရှာရယူတော့မယ်။**
**ရောက်ရှိပြီးရင် ထာဝရ ရပ်တည်ရမယ်သာဖြစ်တဲ့**
**မူလခံစားတတ်မှုမှာ။**
**လူသား ဒုက္ခက**
**ပေါ်ပေါက်လာတဲ့ နှစ်သိမ့်ဖွယ် အတွေးများမှာ။**
**သေခြင်းတရားကို ဖောက်ထွင်းရှုတတ်တဲ့ ယုံကြည်မှုမှာ**
**ဒဿနစိတ်ဓာတ်ကိုဆောင်ကြဉ်းပေးတဲ့နှစ်ကာလများမှာ**
**(ခွန်အားကို ဖွေရှာရယူတော့မယ်)။**

သဘာဝရှုခင်းကိုမြင်လျှင် ငယ်စဉ်ကလေးဘဝကတွေ့ခဲ့တဲ့ အရောင်အဝါမျိုး၊ အလှအပမျိုးကို အခုမတွေ့တော့ပေမယ့် မဆွေးတော့ဘူး။ အတွေ့အကြုံကရလာတဲ့ ဒဿနအတွေးအခေါ်များမှာ နှစ်သိမ့်မှုရမယ်လို့ ဒီအပိုဒ်က ဆိုလို ပါတယ်။

'ဒီတော့' . . . အဲသလို ထာဝရတရားကို မျက်မှောက်ပြုနိုင်စွမ်းရှိလာလေတော့ မဆွေးတော့ဘူး။ သဘာဝရဲ့ သားငယ် သမီးငယ်တို့နဲ့အတူ ရောပါ ပျော်မွေ့တော့မယ်လို့ ဆိုလိုတယ်။ 'မြက်ပင်ဆီက တောက်ပမှု၊ ပန်းပွင့်ဆီက အရောင်အဝါ' ဆိုတာ အလျင်သူငယ်စဉ်က ဩကာသလောကကို ကြည့်ရင် တွေ့ခဲ့ရတဲ့ကောင်းကင်ဘုံဆန်တဲ့ အရောင်အဝါကိုပြောတာ။ ဒီအရောင်အဝါကို မြင်စွမ်းတဲ့ အချိန်မျိုးပြန်လည် မရနိုင်တော့ပေမယ့် မဆွေးတော့ဘဲ ကြွင်းကျန်သမျှမှာပဲ ခွန်အားဖွေရှာတော့မယ်တဲ့။ ကြွင်းကျန်သမျှဆိုတာက ဩကာသလောကကို မြင်လျှင် ကောင်းကင်ဘုံရဲ့ အရောင်အဝါကို တွေ့တတ်တဲ့ ကလေးဘဝက 'မူလခံစားတတ်မှု' လူသားဒုက္ခကို ကြည့်ရှုဆင်ခြင်ပြီး ရရှိအပ်တဲ့ အတွေးအခေါ်များ၊ သေခြင်းတရားကိုသဘောပေါက်ပြီး သေခြင်းမဲ့တရားကို နားလည်ခံယူလာတဲ့ ယုံကြည်ချက်၊ ဒဿနတွေးခေါ်မှုကြောင့် ရရှိအပ်တဲ့ စိတ်ဓာတ်ငြိမ်းချမ်းမှုကို ယူပေးမယ့် နှစ်ကာလ များကို ဆိုလိုတယ်။ ဒါတွေနဲ့ပဲ ခွန်အားပြည့်လာတယ်။ ဘဝကို ငြီးငွေ့ခြင်း၊ စိတ်ပျက်အားငယ်ခြင်း မဖြစ်တော့ဘူးတဲ့။

(၁၁)

**အိုအချင်းစိမ့်စမ်းတို့၊ မြက်ခင်းတို့၊ တောင်တို့၊ တောတို့။**
**ငါတို့ မေတ္တာချင်းကွဲပြားရမယ်လို့များ မထင်မိကြလေနဲ့။**
**ငါ့နှလုံးသားရဲ့ ခလယ်မှာ မင်းတို့ရဲ့ အင်အားကို ငါတွေ့သိပေရဲ့။**

မင်းတို့ရဲ့ အလေ့အထ ဩဇာအောက်မှာ နေနိုင်ဖို့ရာ
ပီတိစိတ်တစ်ခုကိုသာ ငါဖျောက်ဖျက်ခဲ့တာပါ။
ဒေါနဲ့ မောနဲ့ စီးဆင်းနေတဲ့ ချောင်းကလေးတွေကို ငါဟာ
သူတို့လိုပေါ့ပါးစွာ ပြေးလွှားခဲ့စဉ်ကထက်ပဲ ပိုချစ်မိတယ်။
အသစ်မွေးဖွားလာတဲ့ နေ့တာရဲ့ အပြစ်မဲ့ တောက်ပမှုဟာ
ခုထိ နှစ်လိုဖွယ်ရှိတုန်းပါပဲ။
ဝင်ဆဲနေရဲ့ ဝန်းကျင်မှာ စုဝေးနေကြတဲ့ တိမ်တိုက်တွေဟာ
လူသားရဲ့ သေမြဲသဘောကို ဆင်ခြင်လာခဲ့တဲ့
မျက်လုံးအဖို့ တည်ကြည်တဲ့ ဆေးရောင်ချယ်မှုန်းထားတော့တယ်။
နောက်ထပ်ပြေးပွဲတစ်ခုပြီးသွားပြီအခြားဆုလာဘ်တွေလည်းရခဲ့ပေါ့။
ငါတို့အသက်ရှင်ရာ လူသားအသည်းနှလုံးရဲ့ ကျေးဇူးကြောင့်
သူ့ရဲ့ကြင်နာမှု၊ ကြည်နူးမှု၊ ကြောက်ရွံ့မှုများရဲ့ ကျေးဇူးကြောင့်
ငါ့အဖို့တော့ဖြင့် ပွင့်လေသမျှမှာ အသိမ်ဖျင်းဆုံး ပန်းပွင့်ဟာပဲ
မျက်ရည်များအတွက် နက်ရှိုင်းလွန်းနေတဲ့ အတွေးများကို ပေးနိုင်စွမ်းရဲ့။

နောက်ဆုံးအပိုဒ်ဖြစ်တဲ့ ဒီအပိုဒ်မှာ စာဆိုက သဘာဝ အင်အားစုတို့ကို တိုင်တည် တောင်းခံလိုက်တယ်။ သူနဲ့မေတ္တာချင်း မကွဲပြားကြပါနဲ့၊ သူလည်း ဩကာသအလှရဲ့ ဩဇာကို ခံစားတတ်ပါပြီ။ ဒါပေမယ့် ဘဝအမောကြောင့် သူ့မေတ္တာဟာ တည်ကြည်လာပြီတဲ့။ အဲဒီလို လူပီတဲ့မေတ္တာ စေတနာကြောင့်လည်း သူ့အဖို့ သာမန်ပန်းပွင့်ကလေးဟာလည်း လေးနက်တဲ့ အတွေးကို ပေးနိုင်စွမ်းတယ်တဲ့။

အပိုဒ် ၁ နဲ့ ၃ တုန်းက စာဆိုက သူနဲ့ ဩကာသလောကနဲ့ အလှမ်းကွာနေတော့သယောင် သီဆိုခဲ့တယ်။ ငယ်စဉ်က အလှမျိုး ခု မမြင်စွမ်းတော့ဘူးရယ် လို့လေ။ ခုအပိုဒ်မှာ အဲသလို သူတို့နှစ်ဦး မေတ္တာချင်း အလှမ်းဝေးတာမျိုး မဖြစ်ပါစေနဲ့လို့ ဩကာသ လောကကသားတွေကို သူက တိုင်တည်လိုက်တယ်။ (အပိုဒ် ၁ တုန်းက မြက်ခင်း၊ တောတောင်၊ စမ်းချောင်း တို့ကိုပဲ ဒီအပိုဒ်မှာ ပြန်သုံးထားတာ သတိပြုပါ) သူ့နှလုံးသားရဲ့ အတွင်းသားမှာ သူဟာ ဩကာသလောကရဲ့ အရှိန်အဝါ စွမ်းပကားကို ခံစားလို့ရနေတယ်။ အဲဒီစွမ်းပကားရဲ့အောက်မှာ နေရိုးနေစဉ် နေနိုင်လေအောင် သူကြိုးစားတယ်။ ဟစ်ခုပဲမရှိတော့ဘူး။ အဲဒါက ကလေးဘဝတုန်းကလို

တိုက်ရိုက် ခံစားတတ်ခြင်းပဲ။ ဒါပေမယ့် သဘာဝရဲ့ အရောင်အဝါ၊ အလှအပကို မခံစားနိုင်တော့ပေမယ့် သူ့အရှိန်အဝါက လာပြီးရိုက်ခတ်နေတာကို သူခံစားလို့ရတယ်။ ဒေါ်နဲ့ မောနဲ့ လှုပ်ရှ စီးဆင်းနေတဲ့ ချောင်းကလေးကို ငယ်စဉ်က ပေါ့ပေါ့ပါးပါး ပြေးလွှားနိုင်ခဲ့စဉ်က ချစ်တာထက် ပိုချစ်တယ်။ အရုဏ်ကျင်းစ အလှအပကို ငယ်စဉ်က နှစ်ခြိုက်သလို ခုလည်း နှစ်ခြိုက်တုန်း။ ဝင်ဆဲနေရဲ့ ဝန်းကျင်စုဝေးနေကြတဲ့ တိမ်တောင်တိမ်တိုက်တွေကလည်း လှတုန်းပဲ။ လှသမှ အလျင်ကလို မဟုတ်တော့ဘဲ တည်တည်ငြိမ်ငြိမ် အလှမျိုးဖြစ်တယ်။ သေခြင်းတရားကို ရှုမြင် တတ်လာသူ ရင့်ကျက်လာသူရဲ့အမြင်မှာ ဒီအလှတွေဟာ တည်ငြိမ်တဲ့ အလှဖြစ်နေတယ်။ (သူ့ညီသေဆုံးခဲ့တော့ သူကိုယ်တိုင်က စိတ်ဓာတ် ရင့်ကျက်လာခဲ့ရတာကို ရည်ညွှန်းဟန်တူပါတယ်) ‘နောက်ထပ် ပြေးပွဲတစ်ခု ပြီးသွားပြီ။ အခြားဆုလာဘ်တွေ ကလည်း ရခဲ့ပေါ့’ ဆိုတာနဲ့ ပတ်သက်ပြီး ဝေဖန်ရေးဆရာတွေ အမျိုးမျိုး အဓိပ္ပာယ် ကောက်ကြပါတယ်။ အသင့်လျော်ဆုံးကတော့ ‘ဘဝအမောဆိုတဲ့ နောက်ထပ်အတွေ့အကြုံတစ်ခုကို ငါရခဲ့ပြီ ဒီအတွေ့အကြုံကဆင်ခြင်ယူရတဲ့ ဉာဏ်ပညာဆိုတဲ့ ဆုလာဘ်ကိုလည်းရပေပြီ’လို့ဖြစ်တယ်။ ‘လူသား အသည်းနှလုံး’ဆိုတာ လူသားရဲ့ စိတ်စေတနာများကို ပြောတာ။ ဒီမေတ္တာ စေတနာများကြောင့်သာ လူဟာ အသက်ရှင်နေလို့ ရတယ်လို့ ဆိုတယ်။ ဘဝဆိုတာ မေတ္တာရော၊ ပီတိရော၊ ကြောက်စိတ်ရော အစုံပါတာပဲ။ အဲဒီတရားတွေရဲ့ ကျေးဇူးကြောင့် သူဟာဖြင့်ရင် ဘာမဟုတ်တဲ့ ပန်းလေးတစ်ပွင့်ကို မြင်ရရင်ပဲ မျက်ရည်မယိုမဖိတ်နိုင်တော့လောက်အောင်ကိုထုထည်ကြီးမားတဲ့ ဒုက္ခ သုက္ခနဲ့ ရင်ဆိုင်ရတဲ့အခါ နက်နက်ရှိုင်းရှိုင်း ခံစားရတဲ့ ခံစားမှုမျိုးကို ရင်မှာ ပြည့်လျှမ်း သွားရပါတော့တယ်တဲ့။

ဝဒ်စဝသ်ရဲ့ မသေခြင်းတရား တမ်းချင်းဟာ အင်္ဂလိပ်စာပေမှာ ထိပ်တန်းက ပါတယ်။ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရနဲ့ ပြည့်စုံစွာ ဖွဲ့စည်းထားပုံ၊ တွေးခေါ်ဆင်ခြင်ထားပုံများဟာ ခမ်းနားလှပါတယ်။ မူရင်းကို ဖတ်ကြည့်မှ သူ့ခမ်းနားထယ်ဝါမှု လှပမှုအရသာကို ထိထိမိမိခံစားရနိုင်ပေလိမ့်မယ်။ ဘာသာပြန်မှာတော့ ဆိုလိုရင်းကိုတောင်သူကြွယ်ဝသလောက် ပြည့်ပြည့်စုံစုံ မဖော်ပြနိုင်ပေဘူး။ အကြမ်းဖျင်း သဘောပဲ ရနိုင်ပေလိမ့်မယ်။ ဒီကဗျာနဲ့ ပတ်သက်ပြီး ဝဒ်စဝသ်ရဲ့ တင်ပြချက်ကိုလည်း ဖတ်ကြည့်ကြပါဦး။

‘ဒီကဗျာကို ဂရစမီယာ၊ တောင်အင်းဒမှာ နေစဉ်စီကုံးခဲ့ခြင်းဖြစ်ပါတယ်။ ပထမအပိုဒ် လေးပိုဒ်နဲ့ နောက်အပိုဒ်တွေစပ်ကြားမှာ အနည်းဆုံး နှစ်နှစ်လောက်

ခြားသွားခဲ့ပါတယ်။ ဒီကဗျာရဲ့ အဆောက်အအုံဟာ တစ်စိတ်တစ်ဒေသမှီငြမ်းပြုနေတဲ့အတွက် ကျွန်တော့်စိတ်ရဲ့ အတွေ့အကြုံတွေ၊ ခံစားမှုတွေကို ထောက်ပြနေခြင်းဖြင့် အန္တရာယ်မဖြစ်တန်ရာပါဘူး။ ကလေးဘဝက ကျွန်တော့်စိတ်ထဲမှာ သေခြင်းတရားဆိုတာ ငါ့ဘဝနဲ့လည်း အကြုံးဝင်နေတယ်ဆိုတာကို အသိအမှတ်ပြုရတာလောက် ခက်ခဲတာမရှိတော့ဘူး။ အဲသလို ခက်ခဲရတာဟာ အရိုင်းအကြမ်း အသက်ရှင်နေလို ဇောဆိုတဲ့ အကြောင်းကြောင့်ထက် အဇ္ဈတ္တက အတ္တရဲ့အနိုင်မခံ အရှုံးမပေးလိုစိတ်ကြောင့်ပဲ ဖြစ်ပါတယ်။ အဲသလို ဆန်ဆန် စိတ်ထားမျိုးနဲ့ ကျွန်တော်ဟာ ဗဟိဒ္ဓဘဝဆိုတာ စဉ်းစားလို့မရဘဲ ဖြစ်နေတယ်။ ကျွန်တော်မြင်တွေ့သမျှကို ကျွန်တော်ကိုယ် တိုင်ရဲ့ ရုပ်မဆန်တဲ့ သဘာဝနဲ့ တခြားစီ မဟုတ်ဘဲ ဒီသဘာဝမှာပဲ ပါဝင်နေတဲ့ တရားမျိုးအဖြစ် ဆက်ဆံနေမိတော့တယ်။ မကြာခဏဆိုသလို ကျောင်းသွားရင်း ကျွန်တော်ဟာ ဒိဝိညာဉ်ဝါဒ ချောက်ကမ္ဘားကနေ ဒိဋ္ဌဘဝထဲ ကိုယ့်ကိုယ်ကိုယ် ပြန်ခေါ်ယူဖို့ သစ်ပင်တို့ နံရံတို့ကို ဆုပ်ကိုင်ထားခဲ့ရဖူးတယ်။ အဲဒီအချိန်က ကျွန်တော်ဟာ ဖြစ်ပျက် သင်္ခါရ သဘောတွေကိုပဲ လန့်နေမိတယ်။ နောင်အခါ များမှာတော့ကျွန်တော့်တို့အားလုံး ဖြစ်ဖို့သင့်တဲ့အတိုင်း ကျွန်တော်လည်း ဆန့်ကျင်ဖက်စရိုက်ကို ချိုးနှိမ်ရတာကို ရှုံရှာလာပြီး 'ခေါင်မာမာ ဒွိဟဖြစ်ရခြင်းများ' စတဲ့ စာကြောင်းများမှာ ဖော်ပြထားတဲ့ အတိုင်း သတိတရ ဖြစ်နေတာတွေကိုပဲ ကျေနပ်လာမိတော့တယ်။ ကလေးဘဝတုန်းက မြင်ရတဲ့ အရာဝတ္ထုတွေမှာ တွေ့ရှိရတဲ့အိပ်မက်ဆန်ဆန် ပေါ်လွင်မှုမျိုး အရောင်အဝါမျိုးကိုတော့ လူတိုင်းပဲ ပြန်လည်စဉ်းစားကြည့်မိလျှင် ထောက်ခံပါလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒီနေရာမှာ အသေးစိတ် မပြောလိုတော့ပါဘူး။ ဆက်လက်ပြီးတော့ ဝဒ်စဝသ်က သူဟာဒါကို အတိတ်ဘဝရှိတယ်ဆိုတဲ့တရားရဲ့ သက်သေအထောက်အထားလို့ ယူဆကြောင်း ဒီအတိတ်ဘဝယုံကြည်မှုကို ကဗျာဆရာ တစ်ယောက်အနေနဲ့ အကောင်းဆုံး အသုံးချလိုက်ဖို့ လုံလောက်တဲ့အထောက်အထား လူ့လောကမှာ ရှိတယ်လို့ ယူဆကြောင်းများ ရေးထားပါတယ်။

■

## ကိုးလရစ်

ဆယ်မြူယယ်တောလာရ်ရ ကိုးလရစ်ဂျ် (၁၇၇၂-၁၈၃၄)ဟာ ခရစ်ယာန်ဂိုဏ်းအုပ် ကျောင်းဆရာတစ်ဦးရဲ့သားပါ။ ကိန်းဘရစ်တက္ကသိုလ်ကို ရောက်ခဲ့ရဲ့။ ကျောင်းပညာထက် ဒိပြင်အတတ်ဆန်းတွေက ပိုစုံခဲ့တယ်။ ကျောင်းသားဘဝကတည်းက ဘိန်းစားတတ်တယ်လို့ အဆိုရှိတယ်။ တစ်ခါတော့ ကျောင်းကလစ်၊ စစ်ထဲလိုက်သွားလိုက်တာ သူ့အစ်ကိုများက မနည်းလိုက်သွားပြီး ကြိုးစားကြလို့ စစ်ထဲက ထွက်ခွင့်ရခဲ့တယ်။ အဲဒီနောက် ၁၇၉၄မှာ တက္ကသိုလ်က တစ်ခါတည်းထွက်ပစ်လိုက် တယ်။ ဘာဘွဲ့မှလည်းမရခဲ့ဘူး။ ဒါပေမယ့် ပလာတုန်းတို့၊ ဘသူတို့ ဆိုတဲ့ တွေးခေါ်ရှင်တွေရဲ့ စာတွေတော့ အများကြီး ဖတ်ဖြစ်ခဲ့တယ်။ တက္ကသိုလ်ကထွက်တဲ့နှစ်မှာပဲ ဆောက်သီနဲ့ ပေါင်းမိပြီး နှစ်ယောက်သားဆိုရှယ်လစ်ဝါဒဆန်ဆန်သဘောတရားတွေနဲ့ အဖွဲ့တစ်ဖွဲ့ ထူထောင်ဖို့ စီမံကိန်းတွေ ဘာတွေ ရေးဆွဲကြသေးရဲ့။ ဘာမှတော့ မလုပ်ဖြစ်လိုက်ဘူး။ ဆောက်သီနဲ့ ပေါင်းမိတဲ့အတွက် ညီမနှစ်ယောက်ကို တစ်ယောက်စီဝေယူဖြစ်သွားတယ် (၁၇၉၅)။ ဆောက်သီတို့အိမ်ထောင်ကတော့ သာယာပါရဲ့၊ ကိုးလရစ်တို့ အိမ်ထောင်ကတော့ အဆင်မပြေဘူး။ အဲဒီနှစ်မှာပဲ ဝဒ်စဝသ်နဲ့ သိကျွမ်းသွားရတဲ့အခါ ဝဒ်စဝသ်ရဲ့ နှမဒေါ်ရသီရဲ့ ဆက်ဆံရေး ပြေပြစ် ပုံကိုတွေ့လေ သူ့အိမ်ထောင်ရေး သူစိတ်ပျက်လေ ဖြစ်ရတယ်။

ဆမ္မားဆက်မှာ ဝဒ်စဝသ်နဲ့ တစ်နှစ်လောက် အတူနေခဲ့သေးတယ်။ ၁၇၉၈မှာ နှစ်ယောက်ပေါင်းပြီး 'လီရီကဘာလဒ'များ စာအုပ်ကို ထုတ်တော့ ကိုးလရစ်ရဲ့ 'သဘော်ာ သားအိုကြီး' ကဗျာ ပါလာတယ်။ 'ခရစ္စတဗဲလ်' ပထမပိုင်းနဲ့ 'ကူဗလခန်'ကိုတော့ ၁၇၉၇ကရေးတာ ဖြစ်ပါတယ်။ သူ့ရဲ့အကောင်းဆုံး ကဗျာတွေကို အဲဒီကနေ ၁၈၀၂အတွင်းမှာ ရေးခဲ့တယ်လို့ အဆိုရှိတယ်။ ၁၈၀၂မှာ ရေးတဲ့ 'အားလျှော့မိခြင်း' ကဗျာဟာဖြင့် ကဗျာကို သူနှုတ်ခွန်းဆက်ခဲ့တာပါပဲတဲ့။ ၁၇၉၈မှာ ဝဒ်စဝသ်တို့နဲ့ အတူ ဂျာမဏီကို သွားပြီး တစ်နှစ်လောက်နေခဲ့တဲ့အခါမှာ ကိုးလရစ်ဟာ ဂျာမန်ဒဿနဟောပြော ပွဲတွေတက်တယ်။ ဂျာမန်ဘာသာကို သင်ခဲ့တယ်။ အင်္ဂလန် ပြန်လာတော့ ဂျာမန် စာအုပ်တွေကို ဘာသာပြန်တယ်။ ဒီနောက် သတင်းစာဆရာလည်း လုပ်သေးတယ်။ သူ့ရဲ့အချိန်မမှန်ချင်တဲ့ ဉာဉ်ကြောင့် မမြဲဘူး။ ၁၈၀၃ မှာ စကော့တလန်ကို အလည်အပတ်သွားရာက ဒူလာရောဂါစွဲလာခဲ့တယ်။ နောက်နှစ်မှာ မော်လတာနဲ့ အီတလီကို သွားပြန်တော့ ကျန်းမာရေး ပိုဆိုးလာခဲ့ တယ်။ မကျန်းမာတော့ ဘိန်းကိုပဲ အားကိုးရင်း လုံးဝဘိန်းစားဖြစ်သွားတာပါပဲ။ ဟဇလစ်အပါအဝင် ကြည်ညိုသူများ သူ့ဆီလာတွေ့လေ့ရှိကြတယ်။ မကြာမကြာ ဟောပြောပွဲတွေလုပ်တယ်။ ရှိတ်စပီးယား နဲ့ မီလတန်အကြောင်း သူဟောပြောတာ တွေ (၁၈၁၁-၁၂)ဟာ အင်မတန်ကောင်း တယ်။ ဒီနှစ်များအတွင်း မှာတော့ ကိုးလရစ် ဟာ မိတ်ဆွေတွေ အိမ်မှာနေတာ ကများပါတယ်။ ၁၈၁၇မှာ 'ဗီအိုဂရာဖီအယ့် လိတေရရီ' ကျမ်းကို ထုတ်တယ်။ အသော့ရေးတာ အကျဉ်းချုံးထားတာတွေများ ပေမယ့် အင်္ဂလိပ်စာပေ ဝေဖန်ရေးကို စနစ်တကျ အခြေခံကျကျဖြစ်လာ အောင်လုပ် ရာမှာ ထိပ်တန်းက ပါဝင်ခဲ့တဲ့ စာအုပ်ပါပဲ။ ၁၈၂၅မှာ 'စဉ်းစားဉာဏ် အကူအညီ များ'ကို ထုတ်တယ်။ အဲဒီစာအုပ် ပထမပိုင်းမှာ အင်္ဂလိပ် အတွေးအခေါ်သမား တွေကို ဂျာမန်ဒဿနနဲ့ မိတ်ဆက်ပေး ခဲ့လေရဲ့၊ ၁၈၁၆ကစပြီး မိတ်ဆွေဆရာဝန် တစ်ဦးရဲ့အိမ် (ဟိုက်ဂိတ်)မှာ နေလာခဲ့ တာ ၁၈၃၄ ကွယ်လွန်တဲ့ထိပါပဲ။

ဝေဖန်သူတစ်ဦးက ကိုးလရစ်ကို ဦးနှောက်ထဲ ရှုပ်ရှုပ်ပွေပွေနဲ့ ဒဿန ဆရာပါ၊ ကံကောင်းထောက်မလို့ တကယ်ကဗျာတွေထွက်လာတာလို့ ဝေဖန်ဖူး တယ်။ ပြောလည်းပြောစရာပဲ။ ကိုးလရစ်ဦးနှောက်ထဲမှာ ဒဿနအတွေးအခေါ် တွေကလည်းရှိသေး။ စာပေဝေဖန်ရေးကလည်းရှိသေး။ ဒီထဲက ကဗျာရေးတာ ဖြစ်တယ်။ သူရေးတဲ့ကဗျာတိုင်းဟာ မကောင်းဘူး။ လေးငါးပုဒ်ပဲ စံတော်ဝင်ကဗျာလို့

သတ်မှတ်ကြတယ်။ အပေါ်စား ကဗျာတွေလည်း အများကြီးပဲ။ အပေါ်စားဆိုပေမယ့် အခြားကဗျာဆရာတစ်ယောက်က ရေးခဲ့လျှင်လည်း ဒီထက်မညံ့ ဒီထက်မကောင်းနိုင်တဲ့ပုံမှန်ကဗျာတွေ ဖြစ်ပါတယ်။ ဝေဖန်ရေးစာမှာရော ကဗျာမှာပါ ကိုးလရစ်ဟာ စံနှုန်းကိုတောက်လျှောက်ထိန်းမထားနိုင်ဘဲ တက်လိုက်၊ တော်ကြာ ကျသွားလိုက် ဖြစ်နေတယ်။ သက်လုံမရှိဖူး။ ဒါကြောင့် သူ့ကဗျာတွေထဲက အကောင်းအညံ့ ရွေးရတာ သိပ်လွယ်တယ်လို့ ဆိုကြတယ်။ အကောင်းဆုံးလက်ရာလို့ အများသဘောတူကြတာကတော့ 'သင်္ဘောသားအိုကြီး'၊ 'ခရစ္စတဗဲလ်'နဲ့ 'ကူဗလခန်' ဒီသုံးပုဒ်ပါပဲ။

ကိုးကရစ်က မီလတန်ရဲ့ အကြောင်းကို ဟောပြောတော့ မီလတန်ရဲ့ ကဗျာဆိုတာ'ရိုးရိုးလွယ်လွယ်ဖြစ်ရမယ်၊ အာရုံနဲ့ ထိတွေ့နိုင်ရမယ်၊ ခံစားမှုကို နှိုးဆွနိုင်စွမ်းရှိရမယ်'ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထောက်ခံသွားတယ်။ သူ့ကဗျာတွေဟာ အဲဒီသုံးချက်နဲ့ ကိုက်ညီနေတာကို တွေ့ကြရတယ်။ စကားလုံးလေးတွေဟာ ရိုးရိုးစကားလုံးလေးတွေပဲ။ သူ ရေးတာက ထူးထူးခြားခြား အဆန်းတကြယ်တွေ ဖြစ်လေတော့ ဒါတွေကိုရိုးရိုးလွယ်လွယ်စကားလုံးလေးတွေရဲ့ အင်အားနဲ့ သူက ထောက်ခံပေးထားတယ်။ သနားစိတ်၊ ချစ်စိတ်၊ ကြောက်စိတ်၊ လန့်စိတ်ဆိုတဲ့ အခြေခံ ခံစားမှုလေးတွေကို ဖေါ်ထုတ်ဖို့က သူ့ရည်ရွယ်ချက်ဖြစ်တယ်။ ဒါလေးတွေကိုပဲ သူကတစ်ခုပြီးတစ်ခုကူးပြောင်းကာ ရိုးရိုးတင်ပြရင်း စာဖတ်သူရဲ့ အာသာကို ဆွဲယူသွားတာကို 'ခရစ္စတဗဲလ်'မှာ တွေ့နိုင်တယ်။ အာရုံနဲ့ထိတွေ့နိုင်ရမယ်လို့ ဆိုတဲ့ အတိုင်းလည်း သူကထိတွေ့လွယ်မယ့် နိမိတ်ပုံကလေးတွေကိုသုံးတယ်။ပေါ်လွင်ပီပြင်အောင်ရေးတယ်။ တမင်ဖန်တီးထားတာ မဟုတ်ဘဲ သဘာဝအရ ဖြစ်သင့်ဖြစ်ထိုက်တာလို့ ထင်ရအောင်လုပ်တယ်။ သူ့သဘာဝလွန်ဝါဒ စာဖတ်သူကို ဆုပ်ကိုင်နိုင်စွမ်းတာဟာ အဲသလို ဖြစ်ရိုးဖြစ်စဉ်လေးတွေနဲ့ ဖမ်းသွားနိုင်မှုကြောင့်ပါပဲ။ ဥပမာ 'သင်္ဘောသား အိုကြီး'။ ခံစားမှုကို နှိုးဆွနိုင်စွမ်းရှိရမယ်ဆိုတဲ့အတိုင်းလည်း သူ့ကဗျာဟာ အဇ္ဈတ္တ စိတ်စေတနာများကို နှိုးဆွနိုင်စွမ်းရှိတယ်။ သနား၊ ချစ်၊ ကြောက်ဆိုတဲ့ အခြေခံစိတ် စေတနာတွေကို သူကလှုပ်နှဲ့ဖို့ ကြိုးစားသူကိုး။

ရောမန္တိကတွေရဲ့ အလယ်ခေတ်ပြန်လည်ဆန်းသစ်ရေးကို သူ့ကဗျာမှာ အများအပြားတွေ့နိုင်တယ်။ 'ခရစ္စတဗဲလ်' နဲ့ 'သင်္ဘောသားအိုကြီး'ဟာ အလယ်ခေတ်ရဲ့ ဝိနာဘာဝယုံကြည်မှုတွေပေပဲ့။ ဒါပေမယ့် သူက သူများလို အသက်မဲ့စွာ သုံးတာမျိုးမဟုတ်ဘဲ သူဖန်ဆင်းလိုတဲ့ သရုပ်မှာ ဒါကိုက လိုအပ်တဲ့ အင်္ဂါတစ်ပိုင်း ဖြစ်လေဟန် ရေးဖွဲ့တာဖြစ်တယ်။ စကားလုံးက ဂီတသံထွက်အောင်၊ မှော်စွမ်းထက်

လာအောင်ရေးသီရာမှာ ကိုးလရစ်ဟာ ပြိုင်ဖက်ကင်း ဆိုနိုင်ပါရဲ့။ သူ့သဒ္ဒါလင်္ကာရ နည်းကတော့ ထပ်ကြော့ဆိုတဲ့နည်း၊ စကားလုံးလေးတွေ ရှေ့နောက် ပြောင်းပေးတဲ့ နည်း၊ ရံဖန်ပိုးတဝါးဗျည်းတို့ကြား သိမ်မွေ့ မွေ့ သရလေးတစ်ခု ညှပ်ပေးလိုက်တဲ့ နည်းတို့များတယ်။ သူ့အဓိက ချွတ်ယွင်းချက်ကတော့ သမာဓိ အားနည်းခြင်း၊ ဝင်လာတဲ့စျာန်ကို တောက်လျှောက် ထိန်းမသွားနိုင်ခြင်းတို့ပါပဲ။ 'စိတ်ကူးယဉ်လွန်း' တယ်၊ 'ရုပ်မဆန်'ဘူး၊ 'သာမန်လူသားတွေရဲ့ဘဝနဲ့ ဘာမှမဆိုင်ဘူး' လို့ ဝေဖန်စရာ ဖြစ် ပေမယ့် ကဗျာရဲ့ ဂီတ၊ ကဗျာစိတ်ကူးရဲ့ နိမိတ်ပုံတို့ကို အရသာခံလို သူများ အဖို့တော့ သူ့ကဗျာဟာ လက်ဖျားခါလောက်အောင် ကောင်းပါပေတယ်။ ရောမန္တိက ဝါဒရဲ့ ညို့ခါတ်စွမ်းပကား အားလုံးသူ့ကဗျာမှာ ပါပါလေရဲ့။

### ကူဗလာခန်

ဇဲနဒူမှာ ကူဗလာခန်က
ခန့်ညားတဲ့ အပျော်စံနန်းတစ်ခု မိန့်တော်မှတ်လိုက်တယ်၊
မွန်မြတ်တဲ့မြစ် အာလဖဟာ
လူသား မရေမတွက်နိုင်တဲ့ ဂူငယ်တွေကိုဖြတ်ကာ
နေမဲ့ ပင်လယ်တစ်ခုထဲ စီးဆင်းသွားရာမှာပေါ့၊
ဒီလိုနဲ့ ငါးမိုင်နှစ်လီ ဩဇာထက်သန်တဲ့မြေကို
တံတိုင်းတွေ-မျှော်စင်ပြသာဒ်တွေနဲ့ ပတ်လည်ဝိုင်းရံလိုက်ကြတယ်၊
ကွေ့ကောက်ကောက်ချောင်းလေးတွေနဲ့ ပဝင်းနေတဲ့
ဥယျာဉ်တွေလည်းရှိတယ်၊
မွှေးရနံ့သီးတဲ့ သစ်ပင်အများအပြား အပွင့်တဝေဝေနဲ့ပေါ့၊
တောင်တန်းတွေတမျှ ရှေးကျတဲ့ တောအုပ်တွေလည်းရှိတယ်၊
နေရောင်သာတဲ့ စိမ်းလဲ့လဲ့ ကွက်လပ်တွေကို သိုင်းဖက်ကြလို့၊

ဒါပေမဲ့ အလို၊ ဆီဒါပင်အုပ်နဲ့ တဖက်တောင်စိမ်းစိမ်းအတိုင်း
ငဲ့ဆင်းသွားတဲ့ နက်ရှိုင်းစိတ်ကူးဆန်တဲ့ ချောက်ကြီးပါလား။
ဒေသကြမ်းတစ်ခုပေပ၊ လဆုတ်ရက် လအောက်မှာ
ချစ်သူသရဲသဘက်အတွက် ငိုကျွေးနေတဲ့ မိန်းမ
ကျက်စားသလို ချောက်ချားဖွယ်ကောင်းပါဘိ၊ မွန်မြတ်ပါဘိ၊

ဒီချောက်ထဲကနေ၊ အတောမသတ် ညံစီပွတ်လောရိုက်ကာ၊
ဒီကမ္ဘာမြေဟာ မြန်ဆန်လေးလံတဲ့သက်ပြင်းတွေ ရှူရှိုက်နေသလို
ရောမရေပန်းတစ်ခု ခဏအတွင်း ပေါ်ပေါက်လာရတယ်။
ဒီရေပန်းရဲ့ လျင်မြန်တဲ့ မပြတ်တဝက် ပြတ်တဝက် ပေါက်ကွဲမှု
အလယ်မှာ၊

ကြီးမားတဲ့ အပိုင်းအစများဟာ ခုန်ပေါက်နေတဲ့ မိုးသီးတို့ပမာ၊
စပါးနယ် တုတ်တံအောက်က ဖွဲစပါးတို့ပမာ၊ ခုန်ပျံနေကြတယ်။
ဒီကခုန်နေတဲ့ ကျောက်တုံးတို့ ခလယ်မှာ ချက်ချင်းနဲ့ အမြဲထာဝရ
မွန်မြတ်တဲ့ မြစ်ဟာ တစ်ခဏအတွင်း ထွက်ပေါ်လာလေတယ်၊
ငါးမိုင်မျှဝက်ပါ လှုပ်ရှားမှုနဲ့ ရစ်ကာခွေကာ
တောနဲ့ရှိုမြောင်ကိုဖြတ်ပြီး မြစ်မွန်စီးဆင်းသွားတယ်။
အဲဒီနောက် လူသားမရေမတွက်နိုင်တဲ့ ဂူငယ်တွေဆီရောက်သွားကာ၊
အသက်မဲ့သမုဒ္ဒရာထဲ ပွက်လောရိုက် ဆင်းဝင်သွားတယ်၊
ဒီပွက်လောရိုက်သံထဲမှာ ကူဗလာခန်ဟာ အဝေးဆီက
ရှေးသူဟောင်း အသံများ စစ်ကိုနိမိတ်ဖတ်တာ ကြားသတဲ့။

အပျော်စံနန်းရဲ့ အရိပ်ဟာ
လှိုင်းတွေပေါ်မှာ လမ်းခုလတ်က မျောနေတယ်၊
ရေပန်းနဲ့ ဂူငယ်များဆီက
ရောပြွမ်း ဂီတသံကို ကြားကြရလေရဲ့၊
ရှာမှရှား ဉာဏ်စွမ်းရဲ့ အံ့တစ်ပါးပေပ၊
ရေခဲဂူတွေနဲ့ နေရောင်သာတဲ့ အပျော်စံနန်းတဲ့လေ၊

စောင်းညင်းနဲ့ လုံမတစ်ယောက်
အိပ်မက်ထဲမှာ တစ်ခါက ငါမြင်ရတယ်။
အဘိဆီနီယန်သူကလေး တစ်ဦးပါပဲ၊
စောင်းညင်းကို သူတီးခတ်ကာ
အဗော်ရာ တောင်ကို တေးဖွဲ့သီတယ်၊
သူ့ဂီတနဲ့ တေးသံကို

ငါ့ အဇ္ဈတ္တမှာ ပြန်ဖော် ကျူးနိုင်ခဲ့ရင်ဖြင့်
နက်ရှိုင်းလှတဲ့ ပီတိအဟုန်နဲ့ ငါ့ကိုအောင်နိုင်မှာမို့လို့၊
ကျယ်လောင် - ရှည်လျားတဲ့ ဂီတသံနဲ့
အဲဒီ စံနန်းကို လေထဲမှာ ငါဆောက်လိုက်မှာပဲ။
အဲဒီနေရောင်သာတဲ့နန်းလေ၊ အဲဒီရေခဲဂူတွေလေ၊
ကြားရသူအပေါင်းလည်း ဒါတွေကို မြင်ကြပေလိမ့်မယ်၊
အားလုံးကပဲ အော်ကြလိမ့်မယ် - သတိပေါ့၊ သတိ
လင်းလက်လက် သူ့မျက်လုံးတွေ၊ ဖားလျားလျား သူ့ဆံပင်တွေ၊
သူ့ပတ်လည်မှာ စက်ဝန်းတစ်ဝန်း သုံးကြိမ်ရက်လုပ်လိုက်ကြ၊
မင်းတို့မျက်လုံးတွေကို မွန်မြတ်တဲ့ ကြောက်ခြင်းနဲ့ ပိတ်ထားကြ၊
သူဟာပျားရည်နှင်းရည်ကို စားသုံးလာခဲ့တာ၊
နတ်ဘုံရဲ့ နို့ရည်ကို သောက်သုံးလာခဲ့တာ။

'ကူဗလာခန်'ဟာ ကိုးလရစ်ရဲ့ အကောင်းဆုံးလက်ရာထဲမှာ တစ်ပုဒ်ပါတယ်။ အကြောင်းအရာကတော့ တကယ့်အဓိပ္ပာယ်မဲ့ အကြောင်းအရာပါပဲ။ ဘိန်းမှိန်းမှိန်းပြီး စိတ်ကူးယဉ်ယဉ်နဲ့ ရေးထားတာကိုး။ သို့သော်လည်း အင်္ဂလိပ်ကဗျာမှာ အလှဆုံးဆိုတဲ့ ကဗျာတွေထဲမှာ ထိပ်တန်းက ပါနေတယ်။ 'အကြီးမားဆုံး' ကဗျာစာရင်းထဲမှာတောင် ထည့်ကြတယ်။ ကိုးလရစ်ရဲ့ စာအလွန်ဖတ်တဲ့ ဝါသနာ၊ ဘိန်းစားတဲ့ ဝါသနာကနေ ဒီကဗျာ ပေါက်ဖွားလာခဲ့တာပါပဲ။ ကိုးလရစ်ကိုယ်တိုင်က ဒီကဗျာရေးဖြစ်ပုံကို စာအုပ်နိဒါန်းတစ်ခုမှာ ဘေးလူက ရေးသလိုနဲ့ရှင်းပြဖူးတယ်။ သူ့အသက် ၂၅နှစ်ရွယ် တစ်ညနေတော့ ဘိန်းတစ်လုံးမျိုခဲ့ပြီး ကုလားထိုင်ပေါ် ထိုင်စာဖတ်နေရင်းက အိပ်ပျော်သွားတယ်။ ဖတ်နေတဲ့စာအုပ်က ပါချာရဲ့ 'ခရီးသွားခြင်း'ဆိုတဲ့စာအုပ်။ အိပ်ပျော်သွားချိန်မှာ ဖတ်နေတဲ့အကြောင်းက 'အဲသည် နေရာမှာ ခန်းမင်းကြီး ကူဗလာခန်က နန်းတော်တစ်ဆောင် တည်ဆောက်ရန် အမိန့်ပေးတော်မူတယ်။ အဲသည်မှာ ခမ်းနားတဲ့ ဥယျာဉ်တစ်ခုကိုလည်း (စီရင်ကြရမယ်)။ ဒီလိုနဲ့ မြေဩဇာ ထက်သန်ပေတဲ့ မြေဆယ်မိုင်ကို တံတိုင်းဖြင့် ဝန်းရံလိုက်ကြတော့တယ်' ဆိုတဲ့အကြောင်း၊ ကိုးလရစ်ဟာ သုံးနာရီလောက် အားရပါးရ အိပ်ပျော်သွားတယ်။ အဲဒီလို အိပ်ပျော်နေချိန်မှာ သူ့အဆိုက သူဟာ 'တစ်စုံတစ်ရာ အာရုံတွေ့ထိခြင်း၊ ကြိုးပမ်းအားထုတ်ခြင်း မပြုရဘဲနဲ့ စီကုံးလိုက်ရလျှင် စာကြောင်း

ရေ နှစ်ရာက သုံးရာထက်နည်းမယ် မဟုတ်ဘူးဘို့ ယုံကြည်နေမိသတဲ့။ နိုးလာတဲ့ အခါကျတော့ ဒါတွေအားလုံးကို အဝေးက သတိရခြင်းမျိုးသတိရနေတယ်။ ဒါနဲ့ ကလောင်ရယ်၊ မှင်ရယ်၊ စက္ကူရယ် ယူခဲ့ပြီး မတုံ့မဆိုင်း ရေးချလိုက်တာ ခုဒီမှာ တင်ပြထားတဲ့ စာကြောင်းတွေ ထွက်ပေါ်လာတာပါပဲ။ အဲဒီအချိန်မှာ ကံမကောင်း ချင်တော့ ပေါ်ရလောက်က လူတစ်ယောက် ကိစ္စနဲ့ ရောက်လာလို့ တစ်နာရီလောက် ထွက်ပြီးလက်ခံတွေ့ဆုံနေရတယ်။ သူ့အခန်းပြန်လာတဲ့အခါကျ တော့ မသေးငယ်တဲ့ အံ့ဩခြင်း၊ ကြေကွဲခြင်းနဲ့ သူတွေ့ရတာကတော့၊ အိပ်မက်ထဲမှာ မြင်ရတာရဲ့ ယေဘုယျသဘောသွားကို ဝိုးတဝါးမှတ်မိသော်လည်း၊ ပြန့်ကြဲကြဲစာကြောင်း နဲ့ ရုပ်ပုံရှစ်ခု ဆယ်ခုလောက်ကလွဲလို့ ကျန်အားလုံးကွယ်ပျောက်သွားရပြီဆိုတဲ့ အဖြစ်ပါပဲ'တဲ့။

ကဗျာချစ်သူများအနေနဲ့တော့ "ပေါ်ရလောက်က လူ"ဆိုသူကို ခွင့်မလွှတ် နိုင်ဖြစ်ကြရမှာပဲ။ ဒါပေမယ့် ကိုးလရစ်က ကျန်သေးသမျှ မှတ်မိသေးသမျှ ကို စက္ကူပေါ် မှတ်တမ်းတင်ခဲ့နိုင်သေးတဲ့အတွက် အံ့ဖွယ်တစ်ပါးဆိုရမယ့် ကဗျာအပိုင်း အစတစ်ခု ထွက်ပေါ်လာခဲ့ရပါတယ်။အိပ်မက်ဆန်ဆန် ရုပ်ပုံကားလေးတွေ ပေါ်ပေါ်လွင်လွင် လှလှပပနဲ့ 'ကူဗလာခန်'ဟာ မြေကြီးပေါ်က နတ်ဘုံတစ်ဘုံကို သရုပ်ဖေါ်ထားတယ်။ အံ့ဘွယ်ဖြစ်သလို ယုံနိုင်စရာလည်းမရှိဘူး။ ဒါပေမယ့် ကဗျာစိတ်ကူး သက်သက်ကို အရသာခံလိုသူများ အဖို့တော့ ရှားမှရှား 'အံ့'တစ်ပါး ပါပဲ။

ဇဲနဒူဆိုတဲ့အရပ်မှာ တာရ်တာရ်တို့ရဲ့ ဘုရင်ခန်းမင်းကြီး ကူဗလာခန်က ထယ်ဝါ ခန့်ညားတဲ့ အပျော်စံနန်းတစ်ခုတည်ဆောက်စေလို့ အမိန့်တော်မြတ် ချမှတ် လိုက်တယ်။ အဲဒီအရပ်မှာ ရေတွက်လို့မရနိုင်အောင် များပြားလှတဲ့ ဂူငယ်လေးတွေ ရှိတယ်။ ဒီဂူငယ်လေးတွေကို ဖြတ်ပြီး အာလဖဆိုတဲ့ မြစ်တစ်စင်းစီးဆင်းသွားတယ်။ မြစ်က သာမန်မြစ်မဟုတ်ဘူး။ နတ်မြစ်ပါ။ သူစီးဆင်းသွားတဲ့ ပင်လယ်ကလည်း နေမထွန်းတဲ့ ပင်လယ်ပါ။ အဲသလို လူသူနဲ့ အလှမ်းဝေးပြီး နတ်များ နာနာဘာဝ များသာ ကျက်စားရာ ဖြစ်မယ်လို့ ထင်ရတဲ့ဒေသ (ဒီလိုထင်ရအောင် 'မွန်မြတ်တဲ့မြစ်' ဆိုတဲ့ စကားက ပို့ပေးတယ်) မှာ မြေကြီးကလည်း အင်မတန် ဩဇာထက်သန်တယ်။ (ကျွန်တော်တို့ ပုပ္ပားလိုပေါ့) အဲဒီမြေဆယ်မိုင်လောက်ကို နန်းတော်တည်ဆောက်ရာ တံတိုင်းတွေမျှော်စင်ပြသဒ်တွေ ဝန်းရံပေးလိုက်ကြပါတော့တယ်။ စံနန်းတော်ဟာ ဥယျာဉ်နဲ့ တွဲဖက်လို့ ထားတယ်။ ဥယျာဉ်ထဲမှာ ချောင်းငယ်ကလေးတွေ ကွေ့ကောက်

စီးဆင်းနေကြတော့ ချောင်းလေးတွေပေါ် နေရောင်ကျတဲ့အခါ တလင်းလင်း တလက်လက်နဲ့ပေါ့။ သစ်ပင်ပန်းမန်တွေကလည်းများပြားစုံပါဘိခြင်း။ သူများသစ်ပင်တွေက သစ်သီးသီးတယ်။ ဒီဥယျာဉ်က သစ်ပင်တွေကတော့ မွှေးရနံ့သီးတယ်တဲ့။ အပွင့်တွေက မွှေးပျံ့နေတာကို တင်စားထားတာပါပဲ။ ပန်းပွင့်တွေကလည်း ဝေဆာလှတယ်။ တောင်နဲ့တောယှဉ်ကြည့်လျှင် တောင်ကပိုပြီး ရှေးကျမြဲပဲ။ တော ဆိုတာက သစ်ပင်တွေစုထားတယ်။ သစ်ပင်ဆိုတာပဲ အနှစ်တစ်ရာဝန်းကျင်သာ အသက်ရှည်တာမဟုတ်လား။ ဒါပေမယ့် ဥယျာဉ်က သစ်ပင်အုပ်တွေကတော့ တောင်တန်းတွေသမျှ ရှေးကျတယ် ဆိုလိုက်တော့ အလွန်အိုမင်းရှေးကျတဲ့ သစ်ပင်ကြီးတွေရဲ့ သရုပ်ကို ဒီ့ထက်ဖော်နိုင်စရာမရှိတော့ဘူး။ သစ်ပင်တွေရဲ့ ခလယ်မှာ စိမ်းလဲ့လဲ့ မြက်ခင်းတွေရှိတယ်။ မြက်ခင်းတွေပေါ်မှာ သစ်ပင်တွေက အုပ်ဆိုင်းမထားဘူး။ ဘေးကဝန်းရံတာသာ ဖြစ်လေတော့ နေရောင်ခြည်ဟာ မြက်ခင်းပေါ်ကို ထိုးကျနေပါတယ်။ ဒီမြက်ခင်းတွေကို သစ်ပင်အုပ်တွေ ဝန်းရံနေတာကို ကဗျာ ဆရာက တောအုပ်တွေက မြက်ခင်းတွေကို 'သိုင်းဖက်'ထားကြတယ်လို့ ဖွဲ့ပါတယ်။

အဲဒီတောအုပ်ရဲ့တစ်ဖက် ခပ်လှမ်းလှမ်းမှာ စိမ်းစိုစိုတောင်တစ်တောင်ရှိတယ်။ တောင်နဲ့တွဲလျှက် ချောက်ဆိုတာကလည်းရှိမြဲပေါ့။ တောင်နံရံအတိုင်း ချောက်ကြီးဟာ ငဲ့ဆင်းပြီးသွားပါတယ်။ အင်မတန်နက်ပြီး စိတ်ကူးယဉ်ဆန်လှတဲ့ ချောက်ကြီးပါဘဲ။ ဒီချောက်ကြီးကို မြင်ရတော့ ဒီဒေသဟာ ကြမ်းလာတယ်။ ကြောက်စရာ၊ ချောက်ချားစရာ တောကြီးမျက်မည်းအသွင်ပေါ်လာတယ်။ နာနာဘာဝ ဝိနာဘာဝတို့ ကျက်စားရာ အရပ်လိုလိုချောက်ချောက်ချားချား ဖြစ်လာရတယ်။ ဒီလိုချောက်ချားဖွယ် ကောင်းတာကို ကိုးလရစ်ဖွဲ့ထားပုံက လဆုတ်ည တစ်ညမှာတဲ့။ လကလည်းမလင်းတစ်လင်းပေါ့။ သရဲသဘက် မိန်းမက သူ့ချစ်သူ သရဲသဘက်ကိုမျှော်ရင်း ငိုကြွေးနေတယ်တဲ့။ အဲသည် သရဲမငိုကြွေးရာ ကျက်စားရာ အရပ်တမျှ ဒီဒေသဟာ ချောက်ချောက်ချားချားရှိလှတယ်။ နာနာဘာဝ ဝိနာဘာဝစော်နံနေတယ်တဲ့။ ('မွန်မြတ်ပါဘိ'ဆိုတာ ဒါကိုပြောတာ။ နာနာဘာဝရယ်၊ နတ်ရယ်၊ ဘုရားရယ် သဘာဝရဲ့ဟိုဘက်က သတ္တဝါတွေချည့်ပဲ။ သူတို့နဲ့ ပတ်သက်ပြီး အင်္ဂလိပ်က Holy လို့သုံးတယ်။ မြန်မာလိုအတိအကျ ဖလှယ်စရာ စကားလုံး မရှိလို့ 'မွန်မြတ်'လုပ်လိုက်ရပါတယ်') အဲဒီ ချောက်ကြီးထဲကနေ ကူဗလာခန် တန်ခိုးနဲ့ ရေပန်းကြီးတစ်ခု ပေါ်ထွက်လာတယ်။ ရေပန်းကြီး ပေါ်လာပုံကလည်း ထိတ်လန့်ဘနန်းပါပဲ။ အတောမသတ် ညံ့စီပွတ်လော ရိုက်သွားတယ်။ ဧရာမသက်ပြင်း

ကြီးတွေနဲ့ ကမ္ဘာမြေကိုယ်တိုင်က ဟောဟဲ ဟောဟဲ နဲ့ အပူတပြင်းအသက်ရှူနေတဲ့ အတိုင်းပါပဲတဲ့။ ရေပန်းက ရေတွေပန်းထွက်လာပုံက အဆက်မပြတ်ပဲ။ တစ်ချီ ပန်းထွက်လာတဲ့ရေနဲ့ နောက်တစ်ချီပန်းထွက်လာတဲ့ရေတို့ရဲ့ကြားမှာ ဘာမှ မကြာဘူး။ ဒါကြောင့် ပြတ်တောင်းပြတ်တောင်းလို့ မဆိုဘဲ 'မပြတ်တစ်ဝက် ပြတ်တစ်ဝက်'နဲ့ ပေါက်ကွဲတယ်လို့ ဆိုလိုက်တယ်။ ရေတွေနဲ့အတူ ကျောက် ကျိုးကျောက်စ အစိုင်အခဲတွေလည်း ပါလာတယ်။ ဒီအပိုင်းအစတွေဟာ မိုးသီးတွေ မြေပေါ်ကျတော့ တဖြောက်ဖြောက်ခုန်သလို၊ စပါးနယ်တဲ့တုတ်တံ အောက်မှာ စပါးတွေ ခုန်သလို ခုန်ပျံတက်နေကြတယ်။ အဲသလိုကခုန်နေကြတဲ့ ကျောက်ဆောင် ကျောက်တုံးတို့ရဲ့ အလယ်ကနေ ရေတွေစီးဆင်းသွားတာမြစ်ကြီးဖြစ်သွားပါရော။ တစ်ခဏအတွင်း ချက်ချင်းပေါ်လာတဲ့မြစ်ပဲ။ ဒါပေမဲ့ ထာဝရတည်တော့မှာဖြစ် တယ်။ မြစ်ကြီးဟာ ဝက်ပါလို ကွေ့ကောက်ပြီးတောတွေ ရှို့မြောင်တွေကို ဖြတ်ကာ ငါးမိုင်ခန့် စီးသွားပြီးတဲ့နောက်၊ စောစောကပြောတဲ့ အနန္တဂူကလေးတွေဆီ ရောက်သွားတယ်။ အဲဒီကနေတစ်ခါ သမုဒ္ဒရာထဲ စီးဆင်းသွားတယ်။ ဝုန်းဝုန်းဒိုင်းဒိုင်း မြစ်နဲ့ စာလိုက်လျှင် သမုဒ္ဒရာက ငြိမ်နေသမို့ 'အသက်မဲ့'နေတယ်။ သမုဒ္ဒရာထဲကို မြစ်စီးဝင်ပုံကလည်း ပွက်လောရိုက် ဆူညံသွားပါတယ်။ အဲဒီ ပွက်လောရိုက်တဲ့ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေထဲမှာ ကွယ်လွန်လေပြီးသူ ရှေးသူဟောင်းများက (နာနာ ဘာ ဝတွေပဲပေါ့) ဟစ်အော်မြည်ကျွေးနေတဲ့ အသံတွေကြားရတယ်။ တရုတ်တို့ တာရ်တာရ်တို့ဟာ အဲသလို ရှေးသူဟောင်းများကို ကိုးကွယ်သူတွေမဟုတ်လား။ သူတို့ အော်သံကကူဗလာခန်ကိုမကြာမီစစ်ဖြစ်ရလိမ့်မယ်ဆိုတဲ့ အကြောင်း နိမိတ်ဖတ် ပြောကြားနေခြင်းပါပဲတဲ့။ စံနန်းတော်ရဲ့ အရိပ်က ရေပေါ်လမ်းခု လတ်မှာမျောနေတယ်။ အဲဒီနေရာဆီကဆိုလျှင် ရေပန်းနဲ့ဂူငယ်များ ဆီက တေးသံ တွေကြားရတယ်။ ခုလို နေရောင်လည်းရတယ်။ အေးမြတဲ့ ရေခဲဂူတွေလည်းရှိ တဲ့ အပျော်စံနန်းဟာဖြင့် ရှာမှရှား လူ့ဉာဏ်စွမ်းနဲ့ တည်ဆောက်ထားတဲ့ အံ့တစ်ပါး ပါပဲတဲ့။

ဒီအထိဟာ ကူဗလာခန်ရဲ့ စံနန်းတော်ဖွဲ့ပါပဲ။ နောက်တစ်ပိုဒ်မှာတော့ ဒီနန်း တော် အကြောင်းကို ကဗျာဆရာကပါပရိသတ်ကို ဘယ်လိုတင်ပြချင်တယ် ဆိုတာ စိတ်ကူးယဉ်လိုက်တယ်။

တစ်ခါတော့ သူ အိပ်မက်ထဲမှာ လုံမလေးတစ်ဦး စောင်းထီးနေတာ သူမြင် မက်ခဲ့ရတယ်တဲ့။ အဘိဆီနီယားက လုံမလေးတစ်ဦးပါပဲ။ သူစောင်းတီးပြီးဆိုနေတဲ့

တေးက အဇော်ရာတောင်ဖွဲ့။ ကိုးလရစ်ဟာ လုံမငယ်ရဲ့ ဂီတမှာယစ်မူးလို့သွားမိတယ်။ ခု သူအဲဒီဂီတကို ပြန်လည်ဖော်ထုတ်နိုင်စွမ်း ချင်ပါဘိတယ်တဲ့။ အဲဒီတော့မှ ဒီဂီတရဲ့စွမ်းပကားနဲ့ စံနန်းတော်ကို သူကစိတ်ကူးထဲမှာ ပြန်လည်ဖေါ်ထုတ်ဖန်ဆင်းပြဦးမှာကိုး။ အားလုံးသက်သက်နဲ့တင် မဟုတ်ဘဲ ဂီတရဲ့ အကူအညီနဲ့ ဖေါ်ထုတ်လိုက်တဲ့အခါကျတော့ ကြားရသူနားဆင်သူတွေပါ ဒီနန်းတော် ကို မြင်နိုင်စွမ်းကြပေလိမ့်မယ်။ (ဆင်ဖိုနီဂီတမျိုးကို ဆိုလိုကယ်) အဲဒီလို သူ့ဂီတကိုကြားကြရ၊ သူသရုပ်ဖေါ်တာကို မြင်ယောင်ကြရတဲ့လူအပေါင်းဟာ သူ့ကို လူသားပကတိလို့ မထင်ကြတော့ဘူး။ ဒေဝရဲ့ တမန်နတ်လို့ ထင်ကြပေ လိမ့်မယ်။ ဒါကြောင့် 'သတိထားကြဟေ့ - သတိထားကြ။ သူ့မျက်လုံး တွေဟာ ရိုးရိုးမဟုတ်ဘူး။ အရှိန်တဝင်းဝင်းနဲ့ လင်းနေတယ်။ ဆံပင်တွေကလည်း ဖားလျားလျားနဲ့ လွင့်လို့။ သူ့ဦးခေါင်း ဝန်းကျင်မှာ ရောင်ခြည်ဝန်းတစ်ခု လုပ်ပေးကြဟေ့။ ပြီးတော့ မင်းတို့မျက်လုံးတွေ ပိတ်ထားကြ၊ ကြောက်ကြောက်နဲ့ ပိတ်ထားကြ။ သူဟာ လူသာမန်မဟုတ်ဖူး။ ပျားရည်လိုချိုမြတဲ့ နှင်းရည်ဆိုတဲ့နတ် ဩဇာကို စားသုံးလာခဲ့တာ၊ နတ်ဘုံက နို့ကိုသောက်သုံးလာခဲ့တာ'လို့ အော်ကြလိမ့် မယ်တဲ့။ နတ်ဆိုတာ၊ ဒေဝဆိုတာ အများကတော့ မြတ်နိုးကိုးကွယ်စရာရယ်လို့ မှတ်ယူမြဲပဲ။ ကိုးလရစ်ကတော့ နာနာဘာဝဂိုဏ်းထဲ သွင်းပြီးကြောက်စရာလုပ်ထား တယ်။ ဒီနောက်ဆုံးအပိုဒ်ရဲ့ ဆိုလိုချက်ကတော့ သူဖေါ်လိုတဲ့ နန်းတော်သရုပ်ကို သူမြင်သလိုသာ တခြားသူတွေမြင်စွမ်းအောင် လုပ်နိုင်လျှင်ဖြင့် သူ့ကိုလူတောင်မ ထင်အောင် အံ့ဩကြရမယ်ဆိုတာပါဘဲ။

■

## ဘိုင်ရွန်

ဂျော့ဂေါ်ဒန် ဘိုင်ရွန်(၁၇၈၈-၁၈၂၄)ဟာ အင်္ဂလန်နယ်မြေကို ကျော်ပြီး ဥရောပထိ နာမည်ထွက်တဲ့ အင်္ဂလိပ်ကဗျာဆရာဖြစ်တယ်။ ကဗျာအရေးကောင်း သလို ပေးစာလည်းအရေးကောင်းတယ်။ သူ့ငွေးလည်း သူ့ငွေး၊ လူကလည်း လူပွေ၊ မျိုးရိုး လိုက်တယ်လို့ဆိုရမလားမသိဘူး။ သူ့ဦးလေးဟာ ကလေးကစားတဲ့ သင်္ဘောလေးတွေ နဲ့ အိမ်ကအစေခံနဲ့ ရေကြောင်းစစ်တိုက်တမ်း ကစားလေ့ရှိတယ်။ သူ့ကိုယ်ပေါ်မှာ ပိုးဟပ်တွေတက်လိုက်ဆင်းလိုက်နဲ့ လုပ်ပြီးပိုးဟပ်ပြိုင်ပွဲ ကျင်းပလေ့ရှိတယ်။ သူ့အဖေ က လင်ရှိမိန်းမတစ်ဦးနဲ့ ထွက်ပြေးဖူးတယ်။ အဲဒီမိန်းမသေမှ ဘိုင်ရွန်အမေကို ငွေမက်ပြီးလက်ထက်ယူတယ်။ ငွေကိုလည်း သူသုံးပစ်တာပါပဲ။ ကက်သရင်း (ဘိုင်ရွန်အမေ)က သူ့ယောကျ်ားကို အရူးအမူးချစ်ရှာပါတယ်။ သူကမတုံ့ပြန်ဘူး။ ဒီလိုနဲ့ ဘိုင်ရွန်ကိုမွေးတော့ သူတို့နှစ်ဦး ကွဲနေကြပါပြီ။ ရံဖန်ဆုံမိကြရင်လည်း အကြီး အကျယ် ရန်ဖြစ်ကြတာပဲ။

လက်သည်ကချော်ကချွတ်လုပ်လို့နဲ့တူပါရဲ့။ ဘိုင်ရွန်ဟာ ခြေကလေး ဆာပြီး မွေးလာခဲ့ရတယ်။ ရုပ်ကတော့ အဖေတူမို့ လူချော၊ ၁၀ နှစ်သားမှာ အဘိုး ဖြစ်သူဆုံးတာနဲ့ ဗယ်ရန်ဘွဲ့ကို ဆက်ခံရတယ်။ အဗာဒီးန်သဒ္ဒါကျောင်းမှာ ပညာသင် နေရာက ပိုနာမည်ကြီးလာတဲ့ ဟဲရိုးကို ပြောင်းတယ်။ အဲဒီကမှ ကိန်းဘရစ်

တက္ကသိုလ်ကိုရောက်တယ်။ တက္ကသိုလ်ရောက်တော့ ၁၇နှစ်သားမှာပေါ့။ ဂရိနဲ့ လက်တင်ကို တော်တော်နှံ့နှံ့စပ်စပ် ဖတ်ဖူးနေပါပြီ။ ရည်းစားကလည်း အနည်းဆုံး နှစ်ယောက်လောက်ရှိဖူးနေပါပြီ။ ၁၈နှစ်သားမှာ 'လူငယ်လူရွယ်ကဗျာ'များကို ရေးသူအမည်မဖော်ဘဲ ထုတ်တယ်။ နောက်လအနည်းငယ်အကြာပြန်ထွက်တော့မှ သူ့နာမည်ဖော်တယ်။ စာအုပ်အမည်ကိုလည်း 'ပျင်းရိစဉ်ကာလများ'လို့ ပြောင်းလိုက်တယ်။ ဒီစာအုပ်ကို "အီဒင်ဘာရာ ရီဗျူး"က အပြင်းအထန်ဝေဖန်တယ်။ ဒါကို ဘိုင်ရွန်က သူရဲ့ ပထမဆုံးပြောင်မြောက်တဲ့ သရော်စာဖြစ်တဲ့ 'အင်္ဂလိပ်စာဆိုများ နဲ့ စကော့ဝေဖန်ရေးသမားများ'ကဗျာနဲ့ ချေပခဲ့ပါတယ်။

ဘိုင်ရွန့်ဘဝဟာ အမြဲလှုပ်ရှားလို့နေတယ်။ ၁၈၀၉ကနေ ၁၈၁၁ထိ ဥရောပတစ်ခွင် ခရီးလှည့်ခဲ့တယ်။ ပေါ်တူဂီ၊ အလ်ဗားနီးယား၊ ဂရိတို့ကို ရောက်ခဲ့တယ်။ အဲဒီလိုခရီးလှည့်လည်ရင်းမှာပဲ 'Childe Harold' ပထမနှစ်ခန်းကို ရေးခဲ့တယ်။ (ပြန်လာတော့ အသက်၂၃နှစ်အရွယ်မှာ အထက်လွှတ်တော် အမတ်လုပ်တယ်။ 'Childe Harold' ကိုလည်း ထုတ်လိုက်တယ်။ စာပေ လောက ခြသေ့်ကြီးအဖြစ်တစ်ခါတည်း ဟိုးလေးတကျော်ဖြစ်သွားရတယ်။ စက်ကရိယာ တွေဖျက်ဆီးခဲ့တဲ့အလုပ်သမားတွေကို ကာကွယ်တဲ့ဘက်ကနေ ပါလီမန်မှာ ပထမဆုံးပြောခဲ့တဲ့ မိန့်ခွန်းကြောင့် နိုင်ငံရေးမှာလည်းနာမည်ကြီးသွားတယ်။ ခြေဆာ ပေမယ့် ရုပ်ကလူချောဆိုတော့ မိန်းမတွေကလည်း သူ့ကို 'လိုက်'ကြတယ်။ တစ်ယောက်ကဆိုရင်(နောင်လော့ဒ်မဲလဘုန်းကတော် ဖြစ်လာမယ့် လေဒီကရိုး လင်းလဲမ်း)သူ့အခန်းထဲကို ယောကျ်ားလေးယောင်ဆောင်ပြီးတောင် လာတွေ့တယ်။ သူကငြီးငွေ့လာလို့ စွန့်လိုက်တော့ ကိုယ့် ကိုယ်ကိုယ်ဓားနဲ့ ထိုးပြီးတောင် သေကြောင်း ကြံခဲ့တယ်။ ဘိုင်ရွန်ကတော့ တစ်ယောက်ပြီးတစ်ယောက်ပါပဲ။ ကရိုလင်းပြီးတော့ လေဒီအောက်စဖဒ်၊ ပြီး လေဒီဖရန်ဆစ်ဝက်ဗစတား၊ ပြီး သူ့နှစ်မဝမ်းကွဲဩဂတ်စတ်။

၁၈၁၅အစပိုင်းမှာ ရုပ်ရည်လှတဲ့ အန်အိဆဗဲလ် ဗိလဘန်ကယ်နဲ့ လက်ထပ်လိုက်တယ်။ သူကချစ်တာထက်အန်က သူ့ကိုပိုချစ်တယ်။ တစ်နှစ်လောက် ပေါင်းပြီးလို့ သမီးလေးတစ်ယောက်ရအပြီး တစ်လတောင် မရှိ သေးခင်မှာ သူ့နှစ်မနဲ့ မကင်းမရှင်းဖြစ်ပါတယ်လို့ စွပ်စွဲပြီး အန်က မိဘထံပြန်တယ်။ ဒါနဲ့ ကွဲကြပါတယ်။ လန်ဒန်မြို့ထဲမှာတော့ ဟိုးလေးတကျော်ဖြစ်သွားတော့တာပါပဲ။ ဘိုင်ရွန်လည်း အင်္ဂလိပ် လူ့အသိုင်းအဝိုင်းကို စိတ်နာပြီး အင်္ဂလန်က အပြီးထွက်သွားပါတော့တယ်။ ပြီး အီတလီမှာ အခြေချခဲ့တယ်။

ထင်းရှူးပင်ရိပ်

၁၈၁၆မှာ ဘိုင်ရွန်ဟာ ရှယ်လီ၊ မေရီဂေါ်ဒွန်၊ သူ့ဖအေတူညီမ ကလဲကလဲမွန်တို့နဲ့ တွဲမိရာက ကလဲကလဲမွန်နဲ့ယူဖြစ်ပြီး သမီးလေးတစ်ယောက်ရသေးတယ်။ ဒါပေမဲ့ သူ့ဉာဉ်အတိုင်း ကြာကြာ မပေါင်းချင်လေတော့ ကွဲကြတာပါပဲ။ စောစောက အမျိုးသမီးတွေအပြင် ဘိုင်ရွန်နဲ့ မရှင်းမရှင်းဖြစ်ကြတဲ့အမျိုးသမီးစာရင်းထဲမှာ ထည့်ရမယ့် တစ်ချို့တစ်လေကတော့ ဗင်းနစ်မှာ နေစဉ်က အိမ်ရှင်ရဲ့ဇနီး မာရိယာနာဆေဂါတီ၊ မာဂရိတာကော့ဂညီ၊ တယ်ရမ်ဆာဒီသိုလီ(သူ့ဇနီးပါလို့ပြောင်ကြောညာပြီး လေးနှစ်လောက်အတူတွဲ ခရီးသွားလာနေခဲ့သူ)တို့ဖြစ်တယ်။ အညတြတွေကတော့ ဒုနဲ့ဒေး။

ဥရောပမှာ နေ့စဉ်ကဗျာဉာဏ်ကတော့ အင်မတန်ရွှင်ခဲ့တယ်လို့ဆိုရမယ်။ 'ရှီလုံးအကျဉ်းသမား'၊ 'မန်ဖရက်'၊ 'မာဇက်ပါ'တို့ကို ရေးခဲ့တယ်။ Childe Harold ကို အပြီးသတ်ခဲ့တယ်။ သူ့ရဲ့အကြီးမျှားဆုံး ကဗျာလို့ဆိုရမယ့် 'Don Juan' (ဒေါန်ဟွန်) ကိုရေးခဲ့တယ်။ အင်္ဂလန်တုန်းက သူ့ကဗျာရဲ့ ရောမန္တိကဟန်၊ တော်လှန်ရေးသမား ဟန်ကို အထင်သေးကြပေမယ့် ဥရောပမှာတော့ သူ့ကို လွတ်လပ်မှုတိုက်ပွဲဝင် သူရဲကောင်းအဖြစ် ခရီးဦးကြိုပြုကြတယ်။ သူ့ရဲ့တော်လှန်ရေးစိတ်ဓါတ်ကလည်း အချစ်ကဗျာတွေမှာတောင် ပါလာတတ်တယ်။ ဒါပေမယ့် အာဏာရှင်စနစ်ကိုသာ မုန်းတယ်။ သူကိုယ်တိုင်က အရစ္စတိုကရက် ဆိုလေတော့ ဘိုင်ရွန်ဟာ သာမန် ပြည်သူတွေကို ချစ်ရကောင်းမှန်းမသိရှာဘူး။ 'ဒေါန်ဟွန်' တစ်နေရာမှာဆိုလျှင် 'ငါကလူတွေကို ဘုရင်တွေ လက်အောက်က လွတ်လပ်ရသလို လူအုပ်တွေ လက်ကလည်း လွတ်လပ်စေချင်တယ်။ ငါက ဘယ်ပါတီကမှမဟုတ်တော့ ပါတီအားလုံးကို တိုက်မယ် . . . "လို့ တောင် ရေးခဲ့တယ်။

၁၈၂၁ က စပြီး ဘိုင်ရွန်ဟာ အီတလီမှာ တော်လှန်ရေးလုပ်ငန်းတွေနဲ့ စပ်ယှက်လာတယ်။ ကိုယ်တိုင်ခေါင်းဆောင်ဖို့လည်း ကြိုးစားဖူးတယ်။ ၁၈၂၃ မှာ ဂရိ ပြည်သူတွေ တူရကီလက်အောက်ကလွတ်လပ်ရေးကြိုးပမ်းနေကြတာ ကြားရတော့ ပထမငွေအား၊ အကြံဉာဏ်အား အကူအညီပေးနေတယ်။ နောက်တော့ လူကိုယ်တိုင် ဝင်တိုက်ဖို့ လိုက်သွားတယ်။ ဒါပေမယ့် ရာသီဥတုရဲ့ ဒဏ်၊ အလျင်က ပွေခဲ့တာ တွေရဲ့ ဒဏ်ကြောင့် အပြင်းဖျားပါတော့တယ်။ သုံးလလောက်အကြာမှာ သေဆုံးခဲ့ရ တာပါပဲ။ သူ့နောက်ဆုံးစကားလေးတွေကတော့ 'ရှေ့သို့ချီကြ၊ သတ္တိရှိကြ၊ မကြောက်ကြနဲ့၊ ငါ့နမူနာကိုယူကြ'ပါတဲ့။

ကဗျာဆရာတစ်ဦးရဲ့ စာပေကိုလေ့လာရာမှာ သူ့ဘဝကို ထည့်စဉ်းစား

တာဟာ လုံးဝဥဿုံဆက်စပ်လို့ ရစကောင်းတာ မဟုတ်ပေမယ့် အထိုက်အလျောက် တော့ ဘဝနဲ့ စာပေဟာဆက်သွယ်နေတာပါပဲ။ ဘိုင်ရွန်ရဲ့ဘဝကိုကြည့်ရင်း၊ ငယ်စဉ်က မိဘအိမ်ထောင်ရေးအဆင်မပြေ၊ ခြေထောက်ကလေးက သိမ်၊ ဖအေ့ စိတ်ဓါတ်၊ မအေ့စိတ်ဓါတ်တွေ အမွေရ၊ လူ့အဖွဲ့အစည်းနဲ့ ရန်ဖြစ်လာခဲ့ရစသဖြင့် ဘဝနာခဲ့တာတွေ တွေ့ရမယ်။ ဒီလိုနဲ့သူဟာလူအဖွဲ့အစည်းကို မုန်းရင်းအတ္တသမား ဖြစ်လာခဲ့ရတယ်။ အတ္တသမားမို့လို့လည်း စွဲစွဲမြဲမြဲချစ်တတ်တာမျိုးမရှိခဲ့ဘူး။ အချစ် စစ်ဆိုတာတစ်ဦးတစ်ယောက်တည်းထံမှာ မိမိဘဝကို အပ်နှံရတာမဟုတ်လား။ ဒါပေမယ့် ဘိုင်ရွန်ဟာ အတ္တသမားသက်သက်လည်းမဟုတ်ဘူး။ အပြစ်သဘော ဒုစရိုက် သဘောကိုလည်း သဘောပေါက်သူဖြစ်တယ်။ ဒီသဘာဝ နှစ်ခုဟာ သူ့မှာ အမြဲပဋိ ပက္ခဖြစ်နေတယ်။ အဲသလိုပဋိပက္ခဖြစ်ချိန်မှာ သူ့ဘဝရဲ့ အကောင်းဆုံး အမွန်မြတ်ဆုံး လက်ရာနှစ်ခု ထွက်လာတာပါပဲ။ တစ်ခုက "ဒေါန်ဟွန်" တစ်ခုက "ဂရိ တော်လှန်ရေး"။

အဲသလို အခြေခံ သဘာဝနှစ်ရပ်အပြင် သူ့စိတ်သဘာဝကလေးတွေ ကလည်း တစ်ခုနဲ့တစ်ခု အားပြိုင်နေကြတယ်။ သူဟာတကယ့်ရောမန္တာက ကဗျာ ဆရာ ဖြစ်သလို ပြဇာတ်ဟန်သမားလည်းဖြစ်တယ်။ သံမဏိစိတ်ဓါတ်ကို ပြသနိုင်သ လို စိတ်ထိခိုက်လွယ်၊ လှုပ်ရှားလွယ်နဲ့ စိတ်ကူးယဉ်ဆန်သူလည်း ဖြစ်တယ်။ တက်ကြွ တဲ့ သူပုန်တစ်ယောက်ဖြစ်သလို တစ်ကိုယ်ကောင်းသမားလည်း ဖြစ်တယ်။ ဒီနှစ်ခု ဒွန်တွဲ နေတာကို သူ့ကဗျာမှာ အမြဲတွေ့နေရတယ်။ သူ့အတွေ့ အကြုံတွေဟာ သာမန် လူတစ်ယောက်ရဲ့ အတွေ့အကြုံတွေပါပဲ။ ဒါကို သူကရိုးရိုး လေးပဲ ပြန်လည် တင်ပြပါတယ်။ ခမ်းခမ်းနားနားလုပ်တာ ဘာမှမရှိဘူး။ သွက်တယ်၊ ရှင်တယ်၊ အကြောင်း အရာကတော့ လေးလေးနက်နက်ဖြစ်ဖို့ အားထုတ်တယ်။ ဒီအင်္ဂါရပ်တွေ ကတော့ ချီးကျူးစရာတွေပါပဲ။

### ခွဲခွာချိန်

ငြိမ်ဆိတ်ခြင်းရယ်၊ မျက်ရည်တွေရယ်နဲ့၊
အသည်းနှလုံးကွဲတစ်ဝက်ကယ်နဲ့၊
နှစ်ပေါင်းများစွာ ကွဲနေကြဖို့ရာ၊
ငါတို့နှစ်ဦးခွဲခွာကြတဲ့ခါ၊
မင့်ပါးဟာ ဖြူရော်လို့ အေးလို့၊

## ထင်းရှူးပင်ရိပ်

မင့် အနမ်းကပိုလို့ အေးစက်သေးရဲ့၊
တကယ်ပဲ အဲဒီအချိန်ပိုင်းလေးဟာ
ခု ပူဆွေးရမှုကို နိမိတ်ဖတ်ခဲ့လေရဲ့။

နံနက်ခင်းရဲ့ နှင်းစက်ကလေးက
ငါ့နဖူးမှာ အေးမြမြနဲ့ စိမ့်ဝင်နေတယ်။
ငါအခု ခံစားနေရတာကို
ကြိုတင်သတိပေးနေသလိုပါပဲကွယ်။
မင့်သစ္စာစကားတွေအကုန်ကျိုးပဲ့ပြီ။
မင့်ဂုဏ်သတင်းလဲပေါ့တန်ခဲ့ပေါ့။
မင့်နာမည်ကိုပြောနေကြတာ ငါကြားရဲ့။
ဒီနာမည်ရဲ့ အရှက်တကွဲဖြစ်ရမှုကိုလည်း မျှယူမိသေးတော့။

ငါ့ရှေ့မှာ မင့်နာမည်ကို ထုတ်ပြောနေကြတယ်။
ငါ့နားအဖို့ သေမင်းခေါင်းလောင်းသံပါ။
တုန်လှုပ်ခြင်းတစ်ခု ငါ့ကိုယ်ပေါ် လွှမ်းသွားတယ်၊
ဘာ့ကြောင့်များ မင်းကိုသလောက်တွယ်တာရပေါ့။
ငါမင့်ကို သိတယ်ဆိုတာ သူတို့မသိကြဘူး၊
မင့်ကိုကောင်းကောင်းကြီးသိခဲ့သူကိုမှလေ၊
အရှည်ပဲ မင့်ကိုနှမြောတသနေမိတော့မယ်ကွယ်၊
ပြောမပြနိုင်အောင် နက်ရှိုင်းစွာနဲ့ရယ်လေ။

တိတ်တဆိတ် တို့ ဆုံခဲ့ကြတယ်-
တိုးတိတ်တိတ်ပဲ ငါကြေကွဲရတယ်။
မင့် နှလုံးသား မေ့ရက်နိုင်တာ
မင့် စိတ်ကလှည့်စားတတ်တာကိုကွယ်။
နှစ်ပေါင်းများစွာ ရှည်ကြာပြီးတဲ့ခါ
ငါမင့်ကို တွေ့ရဦးမယ်ဆိုရင်လည်း၊
ဘယ်လိုများ မင့်ကို နှုတ်ဆက်ရပမလဲဟင်-
ငြိမ်ဆိတ်ခြင်းရယ်၊ မျက်ရည်တွေရယ်နဲ့ပါပဲ။

ဘိုင်ရွန် သူ့ ပထမဇနီးနဲ့ ကွဲရစဉ်က ရေးတဲ့ကဗျာလို့ဆိုပါတယ်။ ရိုးရိုးလွယ်လွယ်ကလေးနဲ့ အင်မတန်ထိတဲ့ ကဗျာကလေးပါပဲ။ မူရင်းမှာ စကားလုံးတွေက ဒီဘာသာပြန်ထက်ကျစ်လစ်သိပ်သည်းပြီး အရေအတွက်လည်း နည်းပါတယ်။ ချစ်သူချင်း ခွဲရတဲ့ ဝိပ္ပယောဂဒုက္ခဆိုတာ ပုထုဇဉ်သားတိုင်း သည်သံသရာမှာ မလွှဲမရှောင်သာတဲ့ တရားတစ်ပါးဖြစ်လေတော့ လူတိုင်းအလွယ်နဲ့ ခံစားနိုင်ပါလိမ့်မယ်။

## ညလိုလှသူ

တိမ်စင်တဲ့နယ်ရှစ်ခွင်၊ ကြယ်စုံတဲ့ ကောင်းကင်ပြင်ရဲ့
ညပမာ၊ လှပစွာသူ့လမ်းလျှောက်ပုံရယ်။
အမှောင်နဲ့အလင်းတို့ရဲ့ အကောင်းဆုံးဟူသမျှ
သူ့အသွင် သူ့မျက်လုံးတို့မှာ လာဆုံကြတယ်။
ထိန်ညီးတဲ့နေ့ကို နတ်ဒေဝါငြင်းခဲ့တဲ့
နူးညံ့ညံ့အလင်းရောင်မျိုး နုလို့နေရဲ့။

အရိပ်တစ်ခု ပို၊ အရောင်တစ်ခုလျော့နေရာ
ကျီးအရောင် ဆံကေမှာ လူးလွန့်နေတဲ့၊
မျက်နှာပေါ် နူးညံ့စွာလင်းလက်နေတဲ့
အမည်မဲ့အလှကို တစ်ပိုင်းချေဖျက်ပေးရဲ့
တည်ငြိမ်စွာလှပတဲ့ အတွေးတွေက
သူတို့စံအိမ် သန့်စင်ပုံ၊ ချမ်ဖွယ်ဖြစ်ပုံဖော်ပြနေကြ။

နူးညံ့လွန်း၊ ငြိမ်းအေးလွန်း၊ ရွှန်းမြလွန်းတဲ့
အဲဒီပါးပြင်ပေါ်မှာ၊ အဲဒီနဖူးပေါ်မှာ
မြတ်နိုးဖွယ်အပြုံးများ၊ ဝင်းလဲ့လဲ့အသွေးတို့က
ကောင်းမှုနဲ့ ကုန်လွန်ခဲ့ရတဲ့ အချိန်အခါ၊
သတ္တဝါအားလုံးအပေါ် ငြိမ်းချမ်းတဲ့စိတ်နဲ့
အပြစ်မဲ့မေတ္တာ ကိန်းရာနှလုံးသားတို့ကို ပြနေရဲ့။

[ဟီဗရူးတေးသံများ]

ဟီဗရူး တေးသံများဟာ အင်မတန်ကောင်းတဲ့ ဘိုင်ရွန်ရဲ့ အချစ်ကဗျာလေး တွေဖြစ်တယ်။ ဒီ ကဗျာဟာ အဲဒီကဗျာစုထဲက တစ်ပုဒ်ပါပဲ။

စာဆိုက သူ့ချစ်သူကိုညနဲ့ နှိုင်းထားပါတယ်။ ညမှမိုးသားတိမ်တိုက် ကင်းစင်ပြီး ကြယ်ပေါင်းစုံ ထွန်းလင်းတဲ့ညပါတဲ့။ အဲဒီလိုညမျိုးမှာ အမှောင်လည်း ရှိတယ်၊ အလင်းလည်းရှိတယ်။ အမှောင်မှာလည်း လှတာရှိတယ်၊ အလင်းမှာလည်း လှတာရှိတယ်။ အမှောင်မှာရှိတဲ့ အလှရော အလင်းမှာရှိတဲ့ အလှရော သူ့အသွင် သူ့မျက်လုံးအစုံမှာ လာဆုံကြပါတယ်တဲ့။ နေရောင် ထိန်ထိန်လင်းနေတဲ့နေ့မှာ နူးညံ့ တဲ့ အလင်းရောင်ဖျော့ဖျော့လေးမျိုးမရှိဘူး။ ဒေဝက မပေးတော်မူဘဲ ငြင်းပယ်ထား တယ်။ အဲဒီလိုညမျိုးမှ တွေ့ရတဲ့ အလင်းရောင်နုနုမျိုး သူ့ရုပ်သွင်မှာ တွေ့ရမယ်။

သူ့မျက်နှာမှာ အလင်းနဲ့အမှောင်ကို သမပြီးထားတယ်။ ထုံးစံအတိုင်း ရှိနေကျထက် အမှောင်ရိပ်တခုပိုနေတယ်။ ရှိနေကျထက် အလင်းတခုရောနေတယ်။ ပိုနေတဲ့အမှောင်ရိပ်က ကျီးအရောင်လို မဲနက်နေတဲ့ သူ့ဆံကေက အမည်မဲ့အလှကို တစ်ဝက်ချေဖျက်ပေးတယ်။ မနက်လွန်း မဖျော့လွန်း ဖြစ်စေတယ်။ တစ်ခုလျော့နေ တဲ့ အလင်းရောင်ကလည်း သူ့မျက်နှာရဲ့ အလင်းကို တစ်ဝက်ချေ၊ တစ်ဝက်ဖြည့်နဲ့ ခုနှိမ် ပေးလိုက်တယ်။ ဒီတော့မမှောင်လွန်း၊ မလင်းလွန်းဖြစ်သွားစေပြီး တည်ငြိမ်တဲ့ အလှ မျိုးဖြစ်သွားစေတယ်။ သည် မိန်းကလေးရဲ့ စိတ်အတွေးတွေ ကလည်း တည်တည်ငြိမ်ငြိမ်နဲ့ လှပကြတယ်။ သည်အတွေးလှလှကလေးတွေ ကြောင့်လည်း သည်မျက်နှာဟာ ပိုပြီး လှရသလိုပဲ။ သည်အတွေးလေးတွေက သူတို့စံအိမ် (ဦးခေါင်း) သန့်စင်ပုံ၊ ချစ်ဖွယ်ဖြစ်ပုံကို ဖော်ထုတ်နေကြသလိုပါပဲ။

သူ့ပါးပြင်၊ သူ့နဖူးတို့ဟာ နူးညံ့လှတယ်၊ ငြိမ်းအေးလှတယ်။ ရွှန်းရွှန်းစားစား ရှိလှတယ်။ ဒီပါးပြင်-ဒီနဖူးပေါ်က မြတ်နိုးဖွယ်အပြုံး၊ ဝင်းပပ အရောင်အသွေးတို့ ဟာဖြင့် သည်မိန်းကလေးဟာ မွန်မြတ်တဲ့ အနေအကျင့်မျိုးနဲ့သာ အချိန်ကို ကုန်လွန် ခဲ့သူဖြစ်တဲ့အကြောင်း မိုးအောက်မြေပြင်က သတ္တဝါအားလုံးကို ရန်လိုခြင်းမရှိ၊ ငြိမ်းချမ်းစွာ နေတတ်သူဖြစ်တဲ့အကြောင်း သူ့နှလုံးသားထဲမှာ အပြစ်ကင်းစင်တဲ့ မေတ္တာတရားသာ ကိန်းအောင်းနေသူဖြစ်တဲ့အကြောင်း ပြောပြနေသလိုရှိပါတော့ တယ်တဲ့။

❖

ရှိလုံးရဲတိုက်မွဲ့
နှောင်ကြိုးမဲ့စိတ်ဓာတ်ရဲ့ ထာဝရဝိညာဉ်
လွတ်လပ်မှုငဲ့၊ အသင်ဟာ အကျဉ်းခန်းများမှာ အတောက်ပဆုံး
ပါပေ။

သည်မှာ သင်ကိန်းအောင်းရာက အသည်းနှလုံးပေကိုး။
အသည်းနှလုံးဆိုတာ သင့်ကိုချစ်ခြင်းကသာချည်နှောင်နိုင်စွမ်းတယ်။
သင့်သားများကို သံချေကျဉ်းများနဲ့ စိုထိုင်းထိုင်း အကျဉ်းစခန်းရဲ့
နေ့မဲ့အမှောင်ဆီပို့အပ်လိုက်တဲ့အခါ -
သူတို့တိုင်းပြည်ဟာ သူတို့ညှင်းပန်းခံရမှုဖြင့် အောင်ပွဲခံတယ်
လွတ်လပ်မှုရဲ့ ကျော်ဇောသတင်းဟာလည်း လေတစ်ခွင်မှာ
တောင်ပံစီးတော့တယ်။
ရှိုလုံး၊ သင့်အကျဉ်းထောင်ဟာ မွန်မြတ်တဲ့ အရပ်ပေပ။
သင့်ကြေကွဲဖွယ်ကြမ်းပြင်ဟာ ယဇ်ပလ္လင်တစ်ခုပေပ အကြောင်းကတော့
သင့်ရဲ့အေးစက်စက် သမံတလင်းဟာ ရွံ့မြေဖြစ်ဘိတဲ့အလား
သူ့ရဲ့ခြေလှမ်းတွေက ပွတ်စားတဲ့ ခြေရာတစ်ခုကျန်ရစ်တဲ့ထိ
ဗွန်နီဗတ်နင်းသွားခဲ့လို့ပဲ။ ဘသူမှ ဒီခြေရာတွေကို မဖျက်စေနဲ့။
ဒါတွေဟာ မင်းဆိုးခေတ်ကနေ ဒေဝထံ ပန်ကြားနေကြတာ။

ဖရန်ဆွာဒေဗွန်နီဗတ်ဆိုတာ နိုင်ငံရေး အယူအဆကြောင့် ထောင်သွင်း အကျဉ်းချခံရတဲ့ ဆွစ်မျိုးချစ်တစ်ဦးပါပဲ။ ဒီကဗျာဟာ ဗွန်နီဗတ်ကို ရည်စူးဟန် ရေးဖွဲ့ထားခြင်းဖြစ်တယ်။ လူသားလွတ်မြောက်ရေးကို ရေးဖွဲ့တဲ့ ကဗျာတွေထဲမှာ အကောင်းဆုံးတစ်ပုဒ် အပါအဝင်အဖြစ် ထင်ရှားတယ်။

ကဗျာကို လွတ်လပ်မှုထံ တိုင်တည်တဲ့ အာလုပ်စကားနဲ့စထားတယ်။ အတုတ်အနှောင်မခံတဲ့ စိတ်ဓာတ်ရဲ့ ထာဝရဝိညာဉ်လို့ခေါ်လိုက်တယ်။ အသင်ဟာ ဖြင့် အကျဉ်းခန်းထဲမှာ အတောက်ပဆုံးပါပဲတဲ့။ ဘာလို့လဲဆိုတော့ အကျဉ်းခန်း ထဲမှာ လွတ်လပ်မှု ကိန်းဝပ်ရာက အသည်းနှလုံးဖြစ်တယ်တဲ့။ စိတ်ဓာတ်ရဲ့ လွတ်လပ်မှုကို ဘယ်သူမှ မချုပ်နှောင်နိုင်ဘူးလို့ အဆိုရှိတယ်မဟုတ်လား။ ခန္ဓာကိုယ်ကိုသာ ထောင်ထဲသွင်းထားလို့ရတယ်။စိတ်ဓာတ်ကိုဘယ်တန်ခိုးရှင်ကမှ အကျဉ်းမချနိုင်ဘူး။ စိတ်ဓာတ် ဝါ အသည်းနှလုံးကို ဖမ်းဆီးချုပ်ကိုင်ထားနိုင်တာ တခုပဲရှိတယ်။ အဲဒါက

တော့ လွတ်လပ်မှုကို မြတ်နိုးတဲ့စိတ်ပဲ။ လွတ်လပ်မှု့ရဲ့ သားရတနာများ (လွတ်လပ်ရေးတိုက်ပွဲဝင်သူများ)ကို သံခြေချင်းခပ်ကြ၊ စိုးထိုင်းထိုင်းနဲ့ နေ့ညမဟူ အမြဲမှောင်မည်းနေရာ အကျဉ်းခန်းများ (သူတို့ဆီမှာက မြေအောက်အကျဉ်းခန်းများဖြစ်တယ်) ထဲ ထည့်ထားလိုက်ကြတဲ့အခါ သူတို့အဲသလို အညှဉ်းပန်းခံနေရခြင်းကြောင့်ပဲ သူတို့တိုင်းပြည်ဟာ အောင်ပွဲဆင်နေခြင်းမည်တယ်။ လွတ်လပ်မှုရဲ့ ဂုဏ်သတင်းဟာလည်း အရပ်ရှစ်မျက်နှာမှာ လေဟုန်စီးပြီး ပျံ့သင်းသွားတော့တယ်။ အကျဉ်းခံရခြင်းဟာ ကျဆုံးခြင်းမဟုတ်ဘူးလို့ ဆိုလိုတာပါပဲ။

သည့်နောက် ကဗျာဆရာက ရှီလုံးရဲ့တိုက်ကြီး (အကျဉ်းထောင်ပြုထားရာ) ကို ပြောနေတဲ့ သဘောမျိုး ရေးပါတယ်။ ဟယ် ရှီလုံး၊ သင့်အကျဉ်းတိုက်ဟာ မွန်မြတ်တဲ့ အရပ်တစ်ရပ်ဖြစ်တယ်။ လူသားတွေကို ညှဉ်းပန်းရာဖြစ်လို့မို့ ကြေကွဲဖွယ်ဖြစ်တဲ့ သင့်ကြမ်းပြင်ဟာလည်း ယဇ်ပလ္လင်တစ်ခုသာဖြစ်တယ်တဲ့။ အကြောင်းကတော့ ဒီကြမ်းပြင်ပေါ်မှာ ဗွန်နီဗတ်လမ်းလျှောက်သွားခဲ့လို့ပဲ။ ဘယ်လောက်ကြာကြာ နေထိုင်သွားခဲ့ရသလဲဆိုရင် သူ့ခြေလှမ်းတွေ အပွတ်အတိုက်များလွန်းလို့ သမံတလင်းပြင်ဟာတောင် မြေပြင်ဖြစ်တော့သလို ခြေရာတွေ ထင်ကျန်ရစ်ခဲ့ရတယ်။ ဒီခြေရာတွေကို ဘယ်သူမှ မဖျက်ပစ်စေနဲ့တဲ့။ ဒီခြေရာလေးတွေဟာ မင်းဆိုး မင်းညစ်အာဏာရှင်စနစ်လက်အောက်က လွတ်မြောက်ပါရစေလို့ ဘုရားသခင်ထံ ပန်ကြားသလို ရပ်တည်နေကြခြင်းဖြစ်ပါတော့တယ်တဲ့။

❖

**ဝါတာလူး**

ပျော်ရွှင်မြူးတူးကြသံ တစ်သံ ညမှာ ပေါ်ထွက်နေတယ်၊
ဘယ်လဂျီယမ်ရဲ့ မြို့တော်ဟာ သူ့အလှနဲ့ သူ့သတ္တိကို
စုဝေးထားလေရဲ့၊ ဝင်းဝင်းလက်လက်နဲ့
မီးတိုင်များက မိန်းမလှများ၊ သူရဲများအပေါ် လင်းလို့၊
နှလုံးသားတစ်ထောင် ပျော်ရွှင်စွာ ခုန်နေကြတယ်၊
ဂီတသံဟာ ကာမဂုဏ်လှိုင်းငြိမ့်နဲ့ တက်ကြွလာတဲ့ခါ
ညင်သာတဲ့ မျက်လုံးများက စကားတုံ့ပြန်တဲ့ မျက်လုံးများကို
အချစ်ကြည့် ကြည့်လိုက်တယ်၊
လက်ထပ်ပွဲခေါင်းလောင်းသံလို မြူးလို့ရွှင်လို့၊

ဒါပေမယ့် ဟော၊ နားထောင်စမ်း၊ အသံပြင်းတစ်ခုဟာ လှိမ့်တက်လာတဲ့
မင်္ဂလာခေါင်းလောင်းသံလို မြည်နေပါကလား။
မင်းတို့မကြားကြဘူးလား - မဟုတ်ပါဘူး၊ လေပါ။
နို့မို့ရင်လည်း ကျောက်ထူတဲ့ လမ်းပေါ် တကျွိကျွိလိမ့်တဲ့လှည်းဂါ။
ဆက်ကကြပေ့၊ ပျော်ရွှင်မှုကို မချုပ်ချယ်ကြပစေနဲ့။
ငယ်ရွယ်မှုနဲ့ ပျော်ရွှင်မှု ပေါင်းဆုံပြီး နီတျာတျာအချိန်များကို
ပျံကြွနေတဲ့ ခြေများနဲ့ လိုက်ဖမ်းနေချိန်မှာ မနက်ထိ မအိပ်စတမ်း၊
ဒါပေမယ့်နားထောင်-ဟိုအသံပြင်းကြီးဖောက်လာပြန်ပြီ။
သူ့ပဲ့တင်သံကို တိမ်တွေက ပြန်ကြော့ပေးကြသလိုပဲ၊
ပိုနီးလာ၊ ပိုပီသလာ၊ ပိုကြောက်စရာကောင်းလာပေါ့၊
လက်နက်စွဲကြ၊ လက်နက်စွဲကြ၊ ဒါ-ဒါ အမြောက်စတင်မြည်
ဟိန်းသံပဲ။

အဲဒီမြင့်မားတဲ့ ခန်းမရဲ့ ပြူတင်းပေါက်လို ဂလိုဏ်ထဲမှာ
ဘရန်းစဝစ်ရဲ့ ကြမ္မာငင်သူ ဗိုလ်မှူးထိုင်နေတယ်၊ သူက
အဲဒီအသံကို ပွဲတော်အလယ်မှာ ပထမဆုံးကြားတာ၊
အသံလှိုင်းကို သေမင်းရဲ့ ဗျာဒိတ်နားနဲ့ ဖမ်းယူခဲ့တာပေါ့၊
သူကအသံနီးတယ်ထင်လို့ သူတို့ပြုံးကြတဲ့ခါ
သူ့နှလုံးသားကတော့ သူ့ဖခင်ကို သွေးစွန်းအလောင်းစင်ပေါ်
စန့်သွားစေခဲ့တဲ့ ဒီအသံကို ပိုသေသေချာချာ သိမိတော့တယ်၊
သွေးတစ်ခုထဲကသာ ငြိမ်သက်နိုင်မယ့် ဂလဲ့စားစိတ်ကိုလည်း
ဆွပေးတော့တယ်၊
သူစစ်မြေပြင်ထဲပြေးဝင်သွားပြီး ရှေ့တန်းက တိုက်ရင်း၊ ကျသွားပါရော။

အလို အဲဒီချိန် ဒီနေရာမှာ ဟိုသည်ပြေးကြလွှားကြ
မျက်ရည်တွေ ယိုစီးကြ၊ ပူဆွေးမှုနဲ့ တုန်လှုပ်ကြ
ပါးတွေဖြူရော်ကုန်ကြ၊ ခုနတစ်နာရီကတင်
ချစ်စရာရယ်လို့ ချီးမွမ်းတော့ နီရဲသွားခဲ့သေးတဲ့ပါးတွေ၊
ငယ်ရွယ်သူ နှလုံးသားများထဲက ဘဝကိုဖျစ်ထုတ်တတ်တဲ့
ရုတ်တရက်ခွဲခွာရခြင်းတွေ၊ ဘယ်တော့မှ ပြန်ကြော့နိုင်တော့မယ်
မဟုတ်တဲ့ ဆို့နစ်နစ် သက်ပြင်းတွေ၊ ဒီအပြန်အလှန် မျက်လုံးများ

ပြန်ဆုံရဦးမယ်လို့ ဘယ်သူခန့်မှန်းနိုင်ပါ့မလဲ၊
ဒီလောက်လှတဲ့ညမှာ သလောက်ထိတ်လန့်ဖွယ်မနက် ထွက်ပေါ်လာ
သေးတာကလား။

အပူတပြင်း စစ်ပြင်မှုများ လုပ်ကြတော့တယ်။
မြင်းရယ်၊ စုစည်းလာတဲ့ တပ်ဖွဲ့ရယ် တကျွိကျွိမြည်တဲ့ လှည်းရယ်၊
ပြင်းထန်တဲ့အရှိန်နဲ့ ရှေ့ကို တစ်အားသွန်တက်သွားကြကာ
အလျင်အမြန်ပဲ စစ်ရေးအနေအထားများ ဖွဲ့ယူကြတော့တယ်။
ပြင်းလှတဲ့ မိုးချုန်းသံက အဝေးမှာ ခွန်းဆင့်ဟည်းနေလေရဲ့။
အနီးမှာတော့ စစ်ချီစည်ရဲ့အသံက
မိုးသောက်ကြယ်မပေါ်မီ စစ်သားကို စိတ်တက်ကြွစေရဲ့။
မြို့သူမြို့သားတွေကတော့ ကြောက်စိတ်နဲ့ နှုတ်ဆိတ်ကာ စုဝေးနေကြ။
နှုတ်ခမ်းဖြူဖြူတွေနဲ့ တီးတိုးပြောနေကြရဲ့"ရန်သူတွေလာကြပြီလာကြပြီ"

ရိုင်းပြစွာ မြင့်မားစွာနဲ့ 'ကဲဗရန် တပ်စုသံ'ထွက်ပေါ်လာတယ်။
လောကီယလ်ရဲ့ စစ်ချီသံလေ။ အဲလဗင်းတောင်ကုန်းတို့
ကြားဖူး၊ သူ့ဆက်ဆွန်ရန်သူတွေလည်း ကြားဖူးသပေါ့။
ညဥ့်ရဲ့ မှုန်းတည့်ချိန်မှာ ဒီစစ်ဂီတဟာ တသိမ့်သိမ့်ရှိပါဘိ။
ကြမ်းပါဘိ၊ စူးရှပါဘိ၊ ဒါပေမယ် တောင်တန်းပလွေ
လေပြည့်လာသလို တောင်တန်းသားတွေမှာလည်း ကြမ်းတမ်းတဲ့
တိုင်းရင်းသား သတ္တိ ပြည့်ဝလာတယ်၊ လှုပ်ရှားဖွယ်
နှစ်တစ်ထောင် သတိရဖွယ်တွေ ဝင်စိမ့်လာတယ်၊
အဲဗန်တို့ ဒေါ်နယ်တို့ရဲ့ ဂုဏ်သတင်းဟာ လူမျိုးစုသားတိုင်းရဲ့
နားဝမှာ ပြည်လာနေတယ်။

သူတို့ဖြတ်သွားတော့ သဘာဝရဲ့ မျက်ရည်စက်များနဲ့ နှင်းစိုနေတဲ့
သစ်ရွက်စိမ်းတွေကို သူတို့အပေါ် အာဒင်းက ဝေ့ယမ်းလိုက်တယ်၊
သက်မဲ့ ဝတ္ထုများ ဝမ်းနည်းသပဆိုရင်ဖြင့်၊ ဝမ်းနည်းလို့ပဲ၊
မပြန်လာတော့မယ့် သူ့ရဲကောင်းတွေအတွက်လေ ဩော်၊
ညနေမတိုင်မီမှာ ခု သူတို့ခြေအောက်က မြက်ပင်များလို
အနင်းခံရရှာတော့မယ်၊ နောက်တစ်ချီမြက်တွေ ပြန်စိမ်းလန်းတဲ့ခါ။
သူတို့အထက်က ပေါက်တော့မယ်။ ဒီအသက်ရှိရဲစွမ်းရဲ့

မိုးလျှံအစုအဝေးဟာ၊ ရန်သူ့အပေါ် လိုမ့်ဆင်းရင်း၊
မြင့်မြင့်မားမား မျှော်လင့်ချက်နဲ့ လောင်းကျွမ်းရင်း
အေးစက်နိမ့်ကျစွာ မြူမှုန်ဖြစ်ကြရတဲ့အခါမှာလေ။
မနေ့မွန်းတည့်က သူတို့ကို ကာမဂုဏ်ဘဝအပြည့်နဲ့ မြင်ခဲ့ရတယ်။
မနေ့ညနေက လှပမှုရဲ့ စက်ဝန်းထဲမှာ ဝင့်ဝင့်ကြွားကြွား မြူးရွှင်လို့၊
သန်းခေါင်က ရန်ပွဲရဲ့အချက်ပေးသံကို ဆောင်ကြဉ်းလာတယ်၊
မနက်က လက်နက်များကိုင်ဖို့ အမိန့်ပေးသံ- နေ့ခင်းက
စစ်ပွဲရဲ့ ခမ်းနားထယ်ဝါမာန်တင်းတဲ့ အခင်းအကျင်း
မိုးကြိုးတိမ်လိပ်တွေ ဒီပေါ်လွှမ်းလာတယ်၊ သူတို့လွင့်သွားတော့
ကမ္ဘာမြေကို တခြားမြေမှုန်နဲ့ ထူထူလွှမ်းပြန်တယ်။
ဒါကိုမှ သူ့မြေမှုန်က အပုံလိုက် ပိတ်လှောင်လို့ လွှမ်းပြန်တယ်။
စီးသူရော မြင်းပါ-မိတ်ဆွေရော ရန်သူပါ- နီရဲရဲ သချိုင်းမှာ
ရောနှောလို့သာပဲ။

['ချိုင်းလ်ဟဲရိုးရဲ့ခရီး'မှ]

ဒီ'ဝါတာလူး'ကဗျာကို ဘိုင်ရွန်ရဲ့' ချိုင်းလ်ဟဲရိုးလ်ရဲ့ခရီး' ထဲက ထုတ်နုတ်ထားတာဖြစ်ပါတယ်။ ချိုင်းလ်ဟဲရိုးလ်ဆိုတာ ဘိုင်ရွန်က သူ့ကိုယ်သူ နာမယ်ပေးပြီး ခေါ်ထားတာပါ။ သူ ဥရောပ လျှောက်လည်ပြီး တွေ့ကြုံခံစားရသမျှကို ဒီကဗျာထဲ ထည့်ရေးထားတာပါပဲ။ ဝါတာလူးစစ်ပွဲ (၁၈၁၅)အကြောင်းကိုတော့ အားလုံး ကြားဖူးကြပါလိမ့်မယ်။ နပိုလီယန်ရဲ့ နောက်ဆုံး စစ်ပွဲပေါ့။ သူနဲ့ တိုက်ရတာက ဝယ်လင်တန် ခေါင်းဆောင်တဲ့အင်္ဂလိပ်တွေဖြစ်တယ်။ နပိုလီယန်နိုင်ခြေရှိပါရဲ့။ အင်္ဂလိပ်တွေဘက်ကို ပရပ်ရှင်တွေ စစ်ကူရောက်လာတဲ့အတွက် ရှုံးခဲ့ရတယ်။ အဲဒီစစ်ပွဲမတိုင်မီလေးကို ဘိုင်ရွန်က ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ နပိုလီယန်က အင်္ဂလိပ်တွေနဲ့ ပရပ်ရှင်တွေကို ခွဲပစ်ဖို့ ရည်ရွယ်လာတဲ့အကြောင်း ဝယ်လင်တန်သိရတယ်။ သူ့တပ်တွေကို ကွာတာဘရာ့စ်ဘက် ချီတက်ကြဖို့ ညွှန်ကြား လိုက်တယ်။ ပြီးတော့ သူ့သတင်း ရထားကြောင်းလူများတကာ မရိပ်မိရလေအောင် ကပွဲသွားနေလိုက်တယ်။ ခန်းမထဲမှာတော့ ပြင်သစ်တွေ မဝေးလှတဲ့အကြောင်း တီးတိုး မှာထားတယ်။ ညနေဘက် ရောက်လာတော့ တချို့အရာရှိများ ကပွဲက လစ်ထွက်စပြုတယ်။ သန်းခေါင်ရောက်တော့ အရာရှိအတော်များများကို ဆင့်ခေါ်တယ်။ အဲဒီနောက်ကြာ

သွားတော့ ဗိုလ်ကလေးတွေကိုအသာခေါ် ထုတ်ယူတယ်။ မနက်ရောက် တော့အားလုံး စစ်မြေဆီ ချီနေကြပါပြီ။ ဒီအချိန်ပိုင်းလေးကို ခု ကဗျာမှာ ဘိုင်ရွန် ဖွဲ့ဆို ထားခြင်းဖြစ်ပါတယ်။

ပထမအပိုဒ်က ကပွဲ သရုပ်ဖော်ချက်ပါ။ ဘယ်လဂျီယမ်ရဲ့ မြို့တော် (ဘရပ်ဆဲလ်)မှာ ကပွဲလုပ်နေတယ်။ မြို့တော်ရဲ့အလှ (မြို့တော်သူ မိန်းမချောများ) နဲ့ မြို့တော်ရဲ့ သတ္တိ (စစ်သည်တော်များ) စုံစုံညီညီ တက်ရောက်ကြသပေါ့။ မိန်းမများ စစ်သည်တော်များအပေါ် မီးတိုင်အလင်းက တလက်လက်နဲ့။ အားလုံးပျော်လို့။ အမျိုးသမီးများက ညင်သာတဲ့ မျက်လုံးတွေနဲ့ အမျိုးသားတို့ကို မေတ္တာရိပ်အပြည်နဲ့ ကြည့်လိုက်တယ်။ အမျိုးသားတို့ကလည်း ပြန်လည်ခွန်းတုံ့လှယ်သပေါ့။ အဲဒီလို ရွှင်မြူးနေကြချိန်မှာ မသာခေါင်းလောင်းသံ စတင်ကြားရသလို အမြောက်သံတစ်သံ ကြားကြရတယ်။

တချို့လည်း ဒီအသံမကြားဘူး၊ တချို့ကလည်း လမ်းပေါ်က လှည်းဘီးသံပါလို့ အမှုမဲ့ အမှတ်မဲ့ နေကြတယ်။ 'ငယ်ရွယ်မှုနဲ့ ပျော်ရွှင်မှု ပေါင်းဆုံပြီး'ဆိုတာ ငယ်ရွယ်သူနဲ့ အပျော်အပါးတွေ့ကြပြီလို့ ပြောတာပါပဲ။ 'နီတျာတျာအချိန်'ဆိုတာ မြူးကြွနေကြတဲ့အချိန်ပေါ့။ ဒီအချိန်ကို ပျံကြွသလို ကခုန်ယင်း ကုန်လွန်စေကြတယ်။ ဒါကို 'ပျံကြွနေတဲ့ ခြေများနဲ့ လိုက်ဖမ်းနေကြ'တယ်လို့ စာဆိုက ဖွဲ့ပါတယ်။ အဲဒီလို ဆက်ကတော့ အသံကလည်း ဆက်ကြားရတာပဲ။ ခုနက အသံပဲ မိုးတိမ်တွေ နဲ့ ရိုက်ခတ်ပြီး ပဲ့တင်ဟပ်လေရော့လား ထင်ရသတဲ့။ ခုနကထက် ပီပီမြည်မြည် ဖြစ်လာတယ်။ လက်နက်တွေ ဘာတွေ အသင့်ပြင်ကြရပြီ (ပိုဒ် ၂)

အဲဒီ ကပွဲခန်းမကို ဘရန်စဝစ် နယ်စားကြီးလည်း ရောက်နေတယ်။ သေရမယ့် လူဆိုတော့ သူ့ကို သေမင်းက ဒိဗ္ဗသောတ တပ်ပေးထားတယ်ထင်တယ်။ သူအရင်ဆုံးကြားတာ။ သူ့အဖေတိုက်ပွဲမှာကျစဉ်ကလည်း ဒီလိုအမြောက်သံကို အရင်ကြားရတာပဲ။ သူ့စိတ်ထဲမှာ ကလဲ့စားချေလိုဇော နိုးကြွလာတယ်။ ကလဲ့စား ဆိုတာ သွေးနဲ့ပဲ ပြန်ဆပ်လို့ရတာ။ သွေးထွက်ရမှ ဒီဇောငြိမ်သက်ရမြဲ။ ဒါနဲ့ သူ စစ်မြေပြင် ထွက်သွားတယ်။ တိုက်ပွဲမှာ ကျတာပါပဲ။ (ပိုဒ်၃)

စစ်သည်တော်တွေ စစ်မြေဆင်းရတော့မယ်ဆိုတော့ ချစ်သူတွေနဲ့ ခွဲရတာမို့ ငိုကြ ဆွေးကြနဲ့ပေါ့။ စောစောကလေးတင် သူ့ပါးလေးတွေ လှလိုက်တာလို့ မောင်က ညတော့ မယ်က ရှက်သွေးနဲ့ နီရဲသွားခဲ့သေးတဲ့ ပါးလေးတွေ ခုတော့

ဖြူရော်ကုန်ပြီ။ ရုတ်တရက် ခွဲခွာရမယ်ဆိုတော့ ငယ်ရွယ်သူများခမျာ နှလုံးသားကို တအားဖျစ်လိုက်သလို သေမတတ် ခံစားကြရတယ်။ ဆို့နစ်နစ်နဲ့ သက်ပြင်းချကြတယ်။ တော်ကြာ စစ်ပွဲမှာ သေကုန်မှာဆိုတော့ နောက်ထပ် ဒီသက်ပြင်းချသံ ကြားရတော့မယ်မဟုတ်ဘူး။ ခုလို ပျော်နေတုန်းမှာ ခုလို ဝမ်းနည်းဖွယ် ကြုံရသေးတော (မမျှော်လင့်တာတွေ ဖြစ်တတ်သေးတာ) ပြန်ဆုံရဦးမယ်လို့ ဘယ်သူ ခန့်မှန်းနိုင်ပါ့မလဲ။ (ပိုဒ် ၄)

အစစ ချီတက်ကြဖို့ ပြင်ဆင်ကြတယ်။ မြင်းရော၊ လူရော လက်နက်ခဲယမ်းတင်တဲ့ လှည်းတွေရော။ အဝေးက မိုးချုန်းသံလို အမြောက်သံကတော့ တိုးလို့သာ မြည်လာနေတယ်။ ခရာတွေ စည်တွေနဲ့ စစ်တပ်ကြီးချီသွားတာ။ ကြည့်ရင်းလမ်းတွေမှာလည်း လူစုတွေစုစုစုစုနဲ့ ကြောက်ရွံ့တုန်လှုပ်နေကြတယ်။ (ပိုဒ် ၅)

ကဲဗရန်ဆိုတာ ကုန်းမြင့်သားတစ်မျိုးပါ။ ဒီကုန်းမြင့်သားနာမည်ယူထားတဲ့ တပ်ဟာ ဝါတာလူးမှာ နာမည်ရခဲ့တယ်။ ခု သူတို့ရဲ့တပ်စု ခရာသံဟာ အသံအားလုံးပေါ်က လွှမ်းပြီး (မြင့်မားစွာ) ပေါ်ထွက်လာတယ်။ ‘အဲလဗင်’ဆိုတာ စကော့တလန်ကို ဂဲလစ်လိုခေါ်တာ။ ‘လော့ကီယလ်’က ကဲဗရန်လူမျိုးစုခေါင်းဆောင်။ ကဲဗရန်တွေရဲ့ စစ်ချီဂီတကို စကော့တလန်တောင်ကုန်းတွေကကြားဖူးသပေါ့တဲ့။ အင်္ဂလန်နဲ့ စကော့တလန် တောင်ပိုင်းက လူတွေက ဆက်ဆွန်တွေ။ တောင်ပေါ်သားတွေက ကဲလတစ်တွေ။ သူတို့နှစ်ဦးဟာ ကမ္ဘာရန်တွေပဲ။ ကုန်းမြင့်သားတွေက တောင်ပိုင်းဆင်းဆင်းလာပြီး လုယက်တိုက်ခိုက်လေ့ရှိတယ်။ ဟို အတိတ်ဆီကပါ။ ဒါကြောင့်ကုန်းမြင့်သားတွေကို တောင်ပိုင်းက ကြောက်ကြတယ်။ ခု အဲဒီ စစ်ဂီတကို ကြားကြရပါပြီ။ ကြောက်စရာပါပဲ။ သူတို့ တူရိယာက လေအိတ် နဲ့ ပလွေဖြစ်ပါတယ်။ ဒီပလွေကို မှုတ်ရင်း လေပြည့်လာသလို ကြားရသူ တောင်ပေါ် သား စစ်သည်တော်များလည်း သူရသတ္တိတွေ ပြည့်လာတယ်။ ရှေ့က သူတို့ဘိုးဘေး အာဇာနည်တွေ (ဆာဗန်နဲ့သား ဒေါ်နလ်တို့ဟာ ၁၈၄၅ သူပုန်ခေါင်းဆောင်တွေပါ)ရဲ့ စွမ်းဆောင်ချက်တွေ သတိရလာကြတယ်။ (ပိုဒ် ၆)

အာဒင်ဆိုဆာ ပြင်သစ် ဘယ်လဂျီယန်နယ်စပ်က တောတစ်တောပါ။ ခုစစ်သားတွေ ဖြတ်သွားရတဲ့ တောနဲ့နီးပါရဲ့၊ ဆိုင်တော့ မဆိုင်ဘူး။ တစ်တောတည်းပဲ ဖြစ်သလို ကဗျာဆရာက ဖွဲ့ထားပါတယ်။ စစ်သားတွေ ဖြတ်သွားတော့ အာဒင်တောက သူ့သစ်ရွက်စိမ်းစိမ်းတွေ ငှေ့ယမ်းခါချလိုက်တယ်။ သဘာဝရဲ့ မျက်ရည်စက်လို့ ဆိုရမယ့် နှင်းရည်တွေ စိုရွှဲလို့ပေါ့။ သက်မဲ့ဝတ္ထုများ ဝမ်းနည်းတတ်တယ်ဆိုလျှင်

ဒီသစ်ပင်တွေလည်း ဝမ်းနည်းတယ်နဲ့ တူပါတယ်။ ဒီစစ်သားတွေဟာ အသွားသာရှိပြီး အပြန်မရှိရှာကြဘူး။ ခု သူတို့ခြေအောက်က မြတ်ပင်လေးတွေလိုသူတို့လည်း ဗုန်းဗုန်းလဲကျပြီးခြေနဲ့ အနင်းခံရတော့မှာ။ သူတို့ ခန္ဓာတွေ မြေဖြစ်ကုန်တဲ့အခါ မြက်ပင်လေးတွေက သူတို့အပေါ်က အသစ် ပေါက်ကြဦးတော့မယ်။ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပြီး ခက်ထန်မာကျောတဲ့ စစ်သည်တပ်ဖွဲ့ ကို ကဗျာဆရာက 'သက်ရှိ ရဲစွမ်းရဲ့ မီးလျှံအစုအဝေး'လို့ ဖွဲ့တယ်။ ဒီစစ်သားတွေဟာ ကြီးကြီးကျယ်ကျယ် မျှော်လင့်ပြီး ရန်သူနဲ့ တိုက်ရင်း လဲကျသေကုန်တဲ့အခါ မြေမှုန့်တွေဖြစ်၊ သူတို့အပေါ်က မြက်သစ်တွေ စိမ်းစိမ်းစိုစို ပေါက်ကုန်တော့မှာပါ။ (အပိုဒ်၇)

နောက်ဆုံးအပိုဒ်မှာ ကဗျာဆရာက သင်္ချိုင်းရ သဘောကို ဆင်ခြင်တယ်။ မွန်းတည့်ကပဲ ကာမဂုဏ် ဘဝမှာ တက်တက်ကြွကြွတွေ့ကြရတယ်။ ညနေမှာ မိန်းမလှတို့အလယ် 'လှပမှုရဲ့ စက်ဝန်း' ကြွားကြွားဝင့်ဝင့် မြူးပျော်နေကြတယ်။ သန်းခေါင်မှာ တိုက်ပွဲခေါ်သံ ကြားရတယ်။ မနက်စစ်ဆင်ဖို့ အမိန့်သံနာခံရတယ်။ နေ့လယ် စစ်ချီရတယ်။ ညနေကျ အမြောက်ခိုးအမြောက်ငွေ့ဆိုတဲ့ 'မိုးကြိုးတိမ်လိပ်' ထဲ ရောက်ကြရပြီး အဲဒီ တိမ်တွေလည်းစင်ရော၊ ကမ္ဘာမြေမှာ စစ်သားတို့ အလောင်း ကဖြစ်တဲ့ မြေမှုန်က လွှမ်းသွားတယ်။ ဒီမြေသစ်ကိုတစ်ခါ ကမ္ဘာမြေရဲ့ မြေမှုန်က လွှမ်းပြန်ရော။ မြင်ရော၊ လူရော၊ ရန်သူရော၊ မိတ်ဆွေပါ မြေစာ ဖြစ်ကြရတော့ တာပါပဲတဲ့။

ဘိုင်ရွန်ရဲ့ 'ဝါတာလူး'ဟာ ရွှေပြည်အေး ဝါဒသမားတို့ အကြိုက်ကဗျာ တပုဒ်ပါပဲ။ သူဟာ လောကကို စိတ်နာသူ၊ အရာရာကို အပျက်ရှုထောင့်က မြင်လေ့ ရှိသူပီပီ၊ စစ်တို့တိုက်ပွဲတို့ဆိုတာကိုလည်းအပျက် အမြင်နဲ့ပဲ မြင်ပြီး ရေးထားတယ်။ သူ့ဘဝနောက်ဆုံးပိုင်းမှာ သူကိုယ်တိုင် ပါဝင်ဖို့ ကြိုးစားခဲ့တဲ့ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲမျိုးလိုအပ်ပုံ၊ အာနိသင်ရှိပုံကို သူမတင် ပြနိုင်ခဲ့ဘူး။ ဒါကြောင့် အဖွဲ့အနွဲ့ကောင်းတာကလွဲလို့ လေးလေးနက်နက် ဘာမှ မရှိလှပါဘူး။

❖

**အင်္ဂလန်ရောက် ခေါန်ဟွန်**

ဒေါန်ဟွန် ရှုတာ့စ် တောင်ကုန်းပေါ်မှာ (ရထားပေါ်က)

ဆင်းခဲ့တယ်

အချိန်က နေဝင်ဆည်းဆာ၊ နေရာက လှုပ်လှုပ်ရွရွနဲ့

လန်ဒန်လမ်းမများ ထကြွရာ အကောင်းနဲ့အဆိုး
ချိုင့်ဝှမ်းတစ်လျှောက် မျှော်ငေးနေတဲ့ တောင်ချိုင့်ပါပဲ။
ဝန်းကျင်တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်နေတယ်။
ဝန်ရိုးဆီက ကြားရတဲ့ လှည်းဘီးသံ တကျွိကျွိပဲရှိရဲ့
ပြီးမြို့ကြီးများရဲ့ ပျားလို၊ တပွက်ပွက်နဲ့၊ ရှုပ်ရှက်နေတဲ့
ညံစီစီအသံ အောက်တန်းလွှာတို့နဲ့ ဆူပွက်နေတဲ့အသံ။
ဟုတ်ကဲ့၊ ဒေါ်နိဟွန်ဟာ အတွေးမှာ နစ်မျောရင်း၊
တောင်ထိပ်မှာ ရထားနောက်က ရှောက်ထွက်လာခဲ့ပြီး
သလောက်ကြီးမားတဲ့ နိုင်ငံရဲ့ အံ့ဖွယ်မှာ ငေးမောရင်း
ထိန်းမနိုင် သိမ်းမရ၊ နစ်မြုပ်နေမိတော့တယ်
သူကရေရွတ်လိုက်တယ် 'ဒီမှာဖြင့် လွတ်လပ်မှုရဲ့ လက်ရွေးစင် ဒေသပါပဲ။
ဒီမှာ ပြည်သူ့အသံ မြည်ဟည်းနေတယ်။ ညှဥ်းပန်းမှုတို့
ထောင်တို့ အင်ကွီဇီရှင်းတို့က ဂူသွင်းခြင်းမခံရဘူး။ ပြန်ရှင်သန်ခြင်းက
အစည်းအဝေးသစ်၊ ရွေးကောက်ပွဲသစ်တို့ကနေ စောင့်နေတာပဲ။
'ဒီမှာ သစ္စာရှင်ဇနီးတွေ၊ သန့်စင်တဲ့ ဘဝတွေပဲ။ ဒီမှာ ပြည်သူတွေဟာ
'မိမိတို့ ကြိုက်သလိုသာ ငွေပေးကြတယ်။ ကုန်ဈေးတွေကြီးတယ်
ဆိုရင်လည်း
မိမိတို့ တစ်နှစ်တစ်နှစ် ဘယ်လောက်ရတယ်ဆိုတာပြဖို့
ငွေကို လွှင့်ပစ်ချင်ကြတဲ့ သဘောပါပဲ။
ဒီမှာ  တရားဥပဒေကို မချိုးဖောက်ကြဘူး။ ဘယ်သူမှ
ခရီးသည်ကို ထောင်ချောက်ချ မဖမ်းဘူး။ လမ်းတိုင်းရှင်းလို့ ဒီမှာ'
သူ့စကားကို ဓားတစ်လက်က ပြတ်သွားစေတယ်။
'ဒမ်း နင့်မျက်လုံးတွေ။ ပါတာထုတ်၊ မသေချင်ရင်'
ဟွန်ဟာ အင်္ဂလိပ်စကားဆိုလို့ တစ်လုံးမှ နားလည်တာ
မဟုတ်ဘူး။ သူတို့လက်သုံးစကား 'ဂေါ့ဒမ်'ပဲသိတယ်၊
ဒါတောင် အင်မတန် ရှားရှားပါးပါး ကြားဖူးတာမို့
သူတို့ရဲ့ 'ဆလာမ်'ဒါမှမဟုတ် 'ဒေဝစောင့်ရှောက်ပါစေ'
ဖြစ်လိမ့်မယ်လို့ ရုံဖန်ထင်မိသေး ဒီလိုထင်တာလည်း
မဆန်းပါဘူး၊ ကျုပ်ဟာ အင်္ဂလိပ်တစ်ဝက်ဖြစ်ပေမယ့်

(ကျုပ်ကံမကောင်းခြင်းပ)၊ သူတို့ 'ဒေဝစောင့်ရှောက်ပါစေ'
ဆိုတောင်းကြတာ ကြားဖူးတယ်လို့ မပြောနိုင်ဘူးဗျ။ ဒီလို (ဆဲတာ)
သာရှိတယ်။
ဒါပေမယ့် သူတို့အမူအရာကိုတော့ ဟွန် ချက်ချင်းပဲနားလည်လိုက်ရဲ့။
စိတ်ဆတ်သူ လက်မြန်သူ တစ်ဦးလည်းဖြစ်လေတော့
သူ့အကျႌထဲက ခါးပိုက်ဆောင် ပစ္စတိုတစ်လက်ဆွဲထုတ်
တိုက်ခိုက်လာသူတစ်ဦးရဲ့ အသည်းဆီ ပစ်ထည့်လိုက်တယ်။
ငနဲလည်း စားကျက်မှာ နွားသိုးလိမ့်လူးသလို လဲကျသွားပြီး
သူ့ဇာတိရွှံ့ထဲမှာ တွန့်လိမ်ရင်းက အနီးဆုံး
နောက်လိုက် ဝါ လက်ပါးစေကို ဟိန်းပြောလိုက်တယ် -
'အို' ဂျက်ရေ့ ငါတော့ ဒီက ဘလယ်ဒီပြင်သစ်ကောင်က
ဆော်ထဲ့ချလိုက်ပြီ'တဲ့
['ဒေါန်ဟွန်'မှ]

'ဒေါန်ဟွန်' ကဗျာရှည်ကြီးထဲက ကောက်နုတ်ချက်ဖြစ်ပါတယ်။ ရှင်းရှင်း အရပ်သုံးစကားနဲ့ ရေးထားတာ ဖြစ်တဲ့အတွက် အထူးအထွေ နားမလည်စရာရယ်လို့ မရှိသလောက်ပါဘဲ။ 'အင်ကွီဇီးရှင်း'ဆိုတာ ရာဇဝင်မှာ နာမည်ကြီး ဘာသာရေး မတူသူကို ကက်သလစ်တွေက ရက်ရက်စက်စက် နှိပ်စက်နည်းဖြစ်ပါတယ်။ 'ပြန်ရှင်သန်ခြင်း'ဆိုတာ ခရစ်ယာန်စကားပဲ။ လူသေတွေဟာ တစ်နေ့ကမ္ဘာ့အဆုံးမှာ ပြန်ရှင်လာကြရတယ်ဆိုတယ်။ အင်္ဂလန် မှာလည်း ပြည်သူ့ဆန္ဒတွေကို တစ်ချိန်မှာ တိမ်မြုပ်နေရဦးတော့ အစည်းအဝေးတို့ ရွေးကောက်ပွဲတို့မှာ ဖော်ထုတ်နိုင်တယ်။ 'ပြန်ရှင်သန်'လာမယ်လို့ ဒေါန်ဟွန်က တွေးတယ်။ 'ဒဲမ်း'၊ 'ဂေါ့ဒဲမ်' ဆိုတာ၊ 'ငရဲကျပါစေလို့' အဓိပ္ပာယ်ရတယ်။ အင်္ဂလိပ်လို အပြင်ထန်းဆုံး ဆဲတာပဲ။ လူရှေ့သူရှေ့မှာမသုံးရဘူး ရိုင်းတယ်။ ဗမာ'မအေ' 'သောက်'တို့နဲ့ ညီမျှပါတယ်။ ဒါပေမယ့် လူတွေက သုံးနေကြတာပါပဲ။ ဒေါန်ဟွန်ဟာ အင်္ဂလိပ်စကားဆိုလို့ တစ်လုံးမှ မတတ်ဘူး။ ဒါပေမယ့် ဒီစကားလုံးတော့ ကြားဖူး တယ်။ ကြားဖူးသမှ 'ရှားရှားပါးပါး'မို့လို့ (ဒါခနဲ့တာပါ။ ခဏခဏ ကြားရလွန်း အားကြီးလို့လို့ ပြောချင်တာပါ) အချင်းချင်းနှုတ်ဆက်တဲ့စကား ထင်ပါရဲ့လို့ ထင်မိသတဲ့။ သူများ လူမျိုးတွေက တော့ 'ဆလာမ်' (ငြိမ်းချမ်းပါစေ)၊ 'ဒေဝစောင့်ရှောက်ပါစေ'လို့ နှုတ်ဆက်ကြတယ်။

ဘိုင်ရွန်က သူကိုယ်တိုင် အင်္ဂလိပ် တစ်ဝက်(သူ့အမေကစကော့) ဖြစ်ပေမယ့် အင်္ဂလိပ်တွေသလို မင်္ဂလာစကားနဲ့ နှုတ်ဆက်တာ မကြားဖူးဘူး။ 'ဒဲမ်'၊ 'ဒဲမ်'နဲ့ နှုတ်ဆက်တာသာကြားဖူးပါတယ်တဲ့။ နောက်ဆုံး အပိုဒ်မှာလဲကျသွားတဲ့ဓားမြ ပြောတဲ့စကားထဲက 'ဘလယ်ဒီ' (သွေးသံရဲရဲ) ဆိုတာလည်း ဆဲစကားတစ်ခုပါပဲ။

'ဒေါန်ဟွန်'ဟာ ဘိုင်ရွန်ရဲ့ နာမည်အကြီးဆုံး ကဗျာဖြစ်ပါတယ်။ သူ့ခေတ်က အုပ်စိုးသူ လူတန်းစားကို သရော်တော်တော်နဲ့ သရုပ်ဖော်ခဲ့တာဟာ အင်မတန် ထိမိပြီး သူ့လေနဲ့ ကိုက်လှတယ်။ သူခံထားရသမျှ သူ့စိတ်ထဲမှာ နာကျည်းနေသမျှ တွေကို ဒေါန်ဟွန်မှာ အကုန်ဖွင့်ချထားတာပါပဲ။ ဒီကဗျာထဲမှာ စာဆိုတော် ဆောက်သီကို ရည်ညွှန်းပါတယ်ဆိုပြီး 'အုပ်ထည့်'ထားတယ်။ ဝဒ်စဝသ်တို့ ကိုးလရစ် တို့ကိုလည်း ချမ်းသာမပေးဘူး။ သူ့ဇနီး အန္နာဗဲလာကိုလည်း ဒေါန်ဟွန် အမေကို သရုပ်ဖော်ယင်း ထည့်ရေးခဲ့သေးတယ်။ သူ မုန်းတီးလာခဲ့တဲ့ လူ့အဖွဲ့အစည်းကို အားပါးတရ ဖွင့်ချနေရတာ ဖြစ်လေတော့ ကာရန်တွေ အလိုလို ကလောင်ထဲက စီးကျလာသလိုရှိပြီး သွက်လှတယ်။ ချွတ်ယွင်းချက်တွေ ရှိပေမယ့် စာဖတ်သူဟာ ဂရုစိုက်မနေအားဘဲ ရှေ့ဆက်ဖတ်လိုဇောနဲ့ စာထဲမှာ 'ပါ'သွားတော့တယ်။

❖

## တို့နောက်ကို မလည်ကြတော့ဘူးကွယ်

ဒီတော့၊ တို့နောက်ကို မလည်ကြတော့ဘူးကွယ်
သလောက် ညဥ့်နက်လှအောင်တော့။
အသည်းနှလုံးက ချစ်ကောင်းတုန်း၊
လက သာတုန်း ရှိပစေတော့။

ဓားဟာ ဓားအိမ်ကို ပန်းစေတယ်၊
ဝိညာဉ်က ရင်ကို နွမ်းစေမြဲ။
နှလုံးသားဟာ အသက်ရှူဖို့ တန့်ရမယ်၊
အချစ်လည်း နားနေရမှာပဲ။

ထင်းရှူးပင်ရိပ်

ညဆိုတာ ချစ်ရေးအတွက် ဖြစ်လာတာ
နေ့ပြန်လာတာလည်း မြန်လွန်းပေမယ့်
တို့နောက်ကို မလည်ကြတော့ဘူးကွယ်
လဝန်းရဲ့ အရောင်မှာကွဲ့။

မောင်နဲ့မယ် နှစ်ယောက်တွဲပြီး လျှောက်လည်ကြတာ တော်တော် ညဥ့်နက်သွားတယ်နဲ့တူပါရဲ့။ အသိတရားတစ်ခုဝင်လာတယ်။ ဒါကြောင့် ပြောပြလိုက်တယ်။ နောင်ကိုဆိုလျှင်တော့ သလောက်ညဥ့်နက်အောင် လျှောက်မလည်ကြစို့နဲ့ ကွယ်ရဲ့နော်တဲ့။ အသည်းနှလုံးကတော့ ချစ်လို့ကောင်းတုန်း၊ လမင်းကလည်း ထိန်ထိန် သာတုန်း ရှိသေးပေမယ့် မလည်ကြစို့နဲ့တဲ့။

ဘာလို့ညဥ့်နက်အောင် လျှောက်မလည်တော့ဘဲ နေရမှာလည်းဆိုတာကို ဒုတိယအပိုဒ်မှာ ရှင်းပြထားတယ်။ ဓားကို ဓားအိမ်ထဲက ချွတ်ချည် စွပ်ချည်ချည့် လုပ်နေလျှင် ဓားအိမ်ပွန်းရတယ်၊ နာရတယ်။ အလားတူပဲ ဝိညာဉ်ဟာ အလုပ်လုပ်လွန်းလျှင် သူကိန်းအောင်းရာ ရင်တွင်းမှာ ထိခိုက်နိုင်ပါတယ်တဲ့။ ဒါကြောင့် အမြဲ အလုပ်လုပ်မနေဘဲ နားနားနေနေလည်းရှိရဦးမယ်တဲ့။ နှလုံးသားကို ဆက်လက်အသက်ရှုစေလိုလျှင် နားတာတန့်တာ ရှိစေရမယ်။ အချစ်ဟာလည်း တစ်လျှောက်တည်းချစ်မနေဘဲ နားနေရမယ်။

ညဆိုတာ ချစ်သူတို့အတွက် သက်သက်ဖြစ်လာတာပါလို့ပြောကြတယ်။ အဲဒီလိုညမှာ ချစ်ကောင်းနေတုန်း နေ့ပြန်ရောက်လာတာကလည်း သိပ်မြန်အားကြီးတာပဲတဲ့။ ညဟာဘာမှ မကြာလိုက်သလိုပဲ။ ဒါပေမယ့်မဖြစ်ဘူး၊ ခုနကတင်ပြခဲ့သလို ချစ်မှုမှာလည်း နားတယ်ဆိုတာ ရှိရမယ်။ လသာသာထဲလျှောက်လည်တာမျိုး နောင်မလုပ်တော့ဘူးလို့ ဆိုလိုပါတယ်။

အချစ်ဆိုတာ လေးဆူဒီပါ သီတာရေမြေ ဆုံးစေတော့ ချစ်နေမှာပဲလို့ အများက ဆိုလေ့ရှိကြချိန်မှာ ထူးထူးခြားခြား တချစ်တည်း ချစ်နေလို့ မဖြစ်ဘူး။ အချစ်ကြောင့် လူဥပဒ်ဖြစ်နိုင်တယ်။ ဓားက ဓားအိမ်ကို ဝိညာဉ်က ရင်ကို အန္တရာယ်ပြုနိုင်သလိုပဲရယ်လို့ တင်ပြလိုက်တာဟာ အစဉ်အလာကို တော်လှန်ခြင်း မည်ပါပေတယ်။ တော်လှန်ရေးသံပါတယ်ရယ်ဆိုပြီး ဒုတိယအပိုဒ်ဟာ အလွန် နာမည်ကြီးပါတယ်။

## ရှယ်လီ

ပါးဆီဘစ်ရှဲရှယ်လီ (၁၇၉၂-၁၈၂၂)ဟာ ချမ်းသာတဲ့ မိဘများက မွေးခဲ့သူပါပဲ။ ငယ်စဉ်ကပဲ ဉာဏ်ထက်တယ်။ ခံစားတတ်တယ်။ အချုပ်အချယ်ကို မုန်းတယ်။ ရုပ်ကလည်း သနားကမား။ ဒါကို အဖော်တွေက မနာလိုဘဲ သူ့ကို မတည့်ချင်ကြဘူး။ အီတန်နဲ့ အောက်စဖို့ဒ်မှာ ပညာသင်တဲ့အခါ သူ့ထက် ငယ်သူတွေက သူ့ကိုပြောင်လှောင်ပြီး ကြီးသူတွေက အနိုင်ကျင့်တာ ခံခဲ့ရတယ်။ ဒီတော့ သူကလည်း အများနဲ့ လိုက်လျောမနေချင်တော့ဘဲ တစ်စွတ်ထိုးလုပ်ချင်တာတွေဖြစ်လာတယ်။ စည်းကမ်းကို မလိုက်နာချင်ဘူး။ သိပ္ပံပညာကို ဝါသနာကြီးတယ်။ တိတ်တိတ် ကြိတ် စမ်းသပ်တာတွေ လုပ်လေ့ရှိတယ်။ တစ်ခါတော့ အီတန်မှာရှိစဉ်က အခန်းထဲ ဆရာဝင်လာတဲ့အခါ ဓာတုဗေဒ မီးအပြာရောင်တွေနဲ့ တွေ့ရလို့ ဆရာကမေးတဲ့ အခါ ‘ဆရာ၊ ကျွန်တော် မာရ်နတ်ကိုပင့်နေတာပါ’လို့ ပြန်ပြောဖူးသတဲ့။ ဂေါ်ဒွင်ရဲ့ ‘နိုင်ငံရေးတရားမျှတမှု’ စာအုပ်ကို သူသိပ်သဘောကျပြီး နိုင်ငံရေး ဝေဖန်မှုတွေလည်း လုပ်လေ့ရှိတယ်။ အဖော်အပေါင်းတွေက သူ့ကို ‘အရူးရှယ်လီ’ လို့ခေါ်ကြသတဲ့။ ၁၉နှစ်သားမှာ တောမတ် ဂျက်ဖာဆန်ဟော့ဂ်ဆိုတဲ့ သူငယ်နဲ့ ပေါင်းမိပြီး နှစ်ယောက်သား ‘ဒေဝမဲ့ဝါဒလိုအပ်ခြင်း’ဆိုတဲ့ စာအုပ်ကလေးကို အမည်မခံဘဲ ထုတ်ကြတယ်။ ဒါနဲ့ အောက်စဖို့ဒ်က ကျောင်းထုတ် ခံရတော့တာပါပဲ။

အိမ်ပြန်ရောက်တော့ ဖအေလုပ်သူကလည်း ဒေါ်ပွနေပြီ။ ဘာမှမပေးမကမ်း လုပ်နေလို့ နှမတွေ မုန့်ဖိုးထဲကစုပေးတာလေးတွေပဲ သုံးနေရတယ်။ အဲဒီအချိန်မှာ ဟော်တယ် ပိုင်ရှင်သမီးလေး ဟဲရိယဲတ်ဝက်စဘာရုဖ် ဆိုတာကို တွေ့တယ်။ ၁၆နှစ် သမီးလေး။ ကလေးမလေးက ကျောင်းပြန်မသွားချင်ဘူး။ ဖခင်က အတင်းသွားရမယ် လုပ်နေတယ်။ ဒီလို 'နှိပ်စက်'နေတာကို ရှယ်လီတွေ့ရတော့ 'ကယ်တင်'မှုပဲလို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီချိန်မှာ သူ့မှာရည်းစားရှိပြီးပါ။ နှမဝမ်းကွဲ ဟဲရိယဲတ်ဂရုဖ် ဆိုတာနဲ့ ချစ်နေကြပါတယ်။ ဒါပေမယ့်သူက မိစ္ဆာဒိဋ္ဌိ'အယူအဆတွေနဲ့ လာသိမ်းသွင်းနေလို့တဲ့ မချောက လန့်နေခဲ့တယ်။ ပြတ်တော့မပြတ်သေးဘူး။ တော်နေတော့ ရှယ်လီနဲ့ ဟဲရိယဲတ် ဝက်စဘာရုဖ်တို့ ထွက်ပြေးကြပါတာပဲ။ အီဒင်ဘာရာမှာလက်ထပ်တယ်။ အိုင်ယာလန်မှာ ဟန်းနီးမွန်းထွက်တယ်။ အိုင်ယာလန်မှာရှိစဉ်အဲဒီက ကက်သလစ်တွေကို သူ့ဒေဝမဲ့ဝါဒဟောပြောစည်းရုံးတယ်။ မရပါဘူး။ 'အခွင့်အရေးများ ကြေညာစာတန်း'ဆိုတာကို လက်နဲ့ရေးကူးပြီး မိုးပျံဘော်လုံးတွေမှာတပ်လွှတ်၊ ပုလင်းထဲထည့်ပြီး ရေထဲမျှောနဲ့ ဝေခဲ့တယ်။

၁၈၁၂မှာ အင်္ဂလန် ပြန်ရောက်တော့ သူ့ကဗျာစုမှာ အရေးပါတဲ့ ကဗျာတစ်ပုဒ်ဖြစ်တဲ့ 'ဘုရင်မမဲဗ်'ကို ထုတ်တယ်။ ဘာသာရေးနဲ့ လူ့အဆောက်အအုံကို အပြင်းအထန် ဝေဖန်ထိခိုက်ထားလေရဲ့။ အသက် ၂၁မှာ ကလေးအဖေဖြစ်ရတယ်။ သမီးလေးကို သူ့ 'ဘုရင်မမဲဗ်'ထဲက ဇာတ်လိုက်မင်းသမီး နာမယ်ကိုယူပြီး အိုင်ယန်နသီလို့ မှည့်လိုက်တယ်။ ကျောင်းဆရာမ အီလိဇဘတ် ဟစ်ချင်နာ ဆိုသူနဲ့ ဘာလိုလို သတင်းထွက်လာတယ်။ မကြာမီလပိုင်းအတွင်းမှာ ရှယ်လီဟာ ဂေါ်ဒွင်နဲ့ စာပေးစာယူလုပ်တယ်။ ဂေါ်ဒွင်ရဲ့ ၁၇နှစ်သမီးလေး မေရီနဲ့လည်း လူချင်းဆုံမိကြတယ်။ ဖအေလို တော်လှန်ဝေဖန်တဲ့ အမြင်ရှိတဲ့ မိန်းကလေးတစ်ဦးဆိုတော့ ရှယ်လီနဲ့ စိတ်သဘောထားချင်း တိုက်ဆိုင်ကြသပေါ့။ ဒါနဲ့ ၁၈၁၄မှာ သူတို့နှစ်ဦး ဆွစ်ဇာလန်ထွက်ပြေးကြပါရော။ အဲဒီတွင် ရှယ်လီဟာ ဂေါ်ဒွင်မိသားရဲ့ ဘဝထဲမှာ ရုတ်ရုတ်ရက်ရက် ပါလာခဲ့ပြန်တယ်။ ဂေါ်ဒွင်ရဲ့ ပထမဇနီးက အမျိုးသမီးတို့ အခွင့်အရေးကို ရေးသူပေါ့။ သူနဲ့ရတဲ့သမီးကရှယ်လီနဲ့ ထွက်ပြေးတဲ့ မေရီပါပဲ။ ဒီအလျှင်က အဒေါ်ကြီးဟာ ပါရီမှာ အမေရိကန်တစ်ဦးနဲ့ သမီးတစ်ယောက်ရခဲ့တယ်။ နာမည်က ဖင်နီတဲ့။ ဖင်နီဟာ ရှယ်လီကို တစ်ဖတ်သတ်ချစ်နေတယ်လို့ သတင်းကြီးတယ်။ ဒေါ်ဂွင်ရဲ့ ဒုတိယဇနီးက မစွစ်ကလဲမွန်းတဲ့။ သူ့အလျှင်အိမ်ထောင်နဲ့သမီးဖြစ်သူကလာရာက ဘိုင်ရွန်နဲ့ သမီးတစ်ယောက် ရဖူးသူပေါ့။ ရှယ်လီနဲ့ မေရီတို့ ဥရောပ သွားတော့ ဒီကလာရာက အတင်းလိုက်လာတယ်။

၁၈၁၅မှာ အင်္ဂလန်ပြန်လာတော့ ရှယ်လီအတွက် ဟဲရီယဲတ်က သားလေး တစ်ယောက်မွေးထားနှင့်တာကို တွေ့ရတယ်။ ရှယ်လီ့အဘိုးလည်း ဆုံးသွားသမို့ အမွေ တနှစ်ကို ပေါင် ၆,၀၀၀ရလိုက်တယ်။ ဒီအထဲက တစ်နှစ်ကို ပေါင် ၂၀၀ သူ့ဇနီး ဟဲရီယဲတ်ကို ခွဲပေးတယ်။ မေရီနဲ့အတူ လာနေလှည့်ဖို့လည်း ဖိတ်ခေါ်လိုက် တယ်။ ဒါကိုဟဲရီယဲတ်ကငြင်းတယ်။ နောက်နှစ်နွေရာသီမှာ ရှယ်လီနဲ့ မေရီတို့ ဆွစ်ဇလန် သွားကြပြန်တယ်။ ကလာရာလည်းပါလာပြန်တာပဲ။ အဲဒီမှာ ဘိုင်ရွန်နဲ့ တွေ့ရသိကျွမ်း ရတယ်။ ပြန်လာတော့ ဖင်နီရော ဟဲရီယတ်ပါ ကိုယ့်ကိုယ်ကိုယ် သတ်သေထားကြပါပြီ။ ဖင်နီသတ်သေတာဟာ ရှယ်လီကို မရနိုင်တော့မှန်းသိလို့ ဘဝကို စွန့်ပစ်သွားတာလို့ သတင်းဖြစ်တယ်။ ဟဲရီယဲတ်ကဆိုလျှင် သူ့ကိုယ်သူ သတ်သေမယ့်အကြောင်း အလျင်ကပဲ ရှယ်လီကိုပြောဖူးတယ်၊ မယုံခဲ့ဘူး။ ခုတကယ် လုပ်ပြသွားတော့ ရှယ်လီဟာ တစ်ဘဝလုံး ဖြေဆည်မရ ဖြစ်ခဲ့ရတယ်လို့အဆိုရှိတယ်။

၁၈၁၆ ဒီဇင်ဘာမှာ ရှယ်လီနဲ့ မေရီတရားဝင်လက်ထပ်လိုက်ကြတယ်။ အဲဒီတွင် ဟဲရီယဲလတ် အဖေက ကလေးနှစ်ယောက်ကို ဥပဒေကြောင်းနဲ့ကိုင်ပြီး ပြန်တောင်းတယ်။ ဒီလိုလူ့ထုံးတမ်းစဉ်လာတွေ ဆန့်ကျင်တဲ့ လူတစ်ဦးဆီမှာ ကလေး တွေကြီးပြင်းဖို့ မထိုက်တန်ဖူးလို့ အကြောင်းပြတယ်။ တရားဝန်ကြီးချုပ် လော့ဒ်အယ် လဒန်က ထောက်ခံဆုံးဖြတ်ချက် ပေးလိုက်တယ်။ ရှယ်လီလည်း ဘိုင်ရွန်လိုပဲ မိမိ တိုင်းပြည်က လူတွေလုပ်ပုံကို စိတ်နာပြီး ၁၈၁၈မှာ အင်္ဂလန်က အပြီးထွက်သွားပြီး အီတလီသွားနေခဲ့တယ်။

အီတလီမှာဘိုင်ရွန်နဲ့သိပ်ခင်ကြသပေါ့။ သူက ဘိုင်ရွန်ကို အင်မတန်လည်း ကြည်ညိုတယ်။ ဒီအချိန်ပိုင်းဟာ သူ့ကဗျာဉာဏ်အဖွံ့ဖြိုးဆုံးလည်းဖြစ်တယ်။ အင်မီလီယာ ဗိဗိယာနီနဲ့ မစ္စစ်ဂျိန်ဝီလျံစ်ဆိုသူတို့နဲ့ ဘာလိုလိုဖြစ်သေးပေမယ့် သူ့စိတ်ကို ထိန်းတတ်လာပါပြီ။ သူ့ရဲ့နာမည်ကျော် လက်ရာများဖြစ်တဲ့ 'သဆင်ဆီ' 'ပရော်မီသယပ်စ်' လွတ်မြောက်ခြင်း'၊ 'ဟဲလာ့စ်' 'အဲ့ပိဆိုခ်ဒန်'၊ 'အဒွန်းနေ့စ်'တို့ကို ဒီအချိန်ပိုင်းက ရေးခဲ့တာပေါ့။

၁၈၂၁မှာ စပဲဇီယာ ပင်လယ်ကွေ့ကိုပြောင်းနေကြတယ်။ ပင်လယ် ကမ်းပါး တောင်ကုန်း မတ်မတ်လေးမှာ ဖြစ်တော့ သာယာပေမယ့်ကြောက်စရာလည်း ကောင်းတယ်လို့ မေရီကပြောပြဖူးတယ်။ သူ့မိတ်ဆွေ ဗိုလ်အက်ဒွပ် ဝီလျံစ်က လှေလေးတစ်စင်း လုပ်ပေးထားတယ်။ ၁၈၂၂ ဇူလိုင် ၁ရက်နေ့မှာ ရှယ်လီနဲ့ ဝီလျံစ် ဟာ အီတလီကို ရောက်လာစ မိတ်ဆွေလီဟန့်နဲ့ ဘိုင်ရွန်ကိုကြိုဖို့ လှေကလေးနဲ့

ထွက်လာခဲ့ကြတယ်။ ဇူလိုင် ၈ ရက်နေ့မှာ လှေကလေးနဲ့ပဲ အိမ်ပြန်လာခဲ့ကြတယ်။ အိမ်ပြန်မရောက်တော့ဘူး။ လမ်းမှာ ဘာဖြစ်တယ်ဆိုတာ အတိအကျမသိရဘူး။ လှေချင်းတိုက်မိသလား၊ မုန်တိုင်းမိသလား မပြောတတ်ဘူး။ နှစ်ပတ်လောက်ကြာတော့မှ အလောင်းနှစ်လောင်းကိုတွေ့ကြရတယ်။ ရှယ်လီရဲ့ အိတ်ထောင်ထဲမှာ သူ့မိတ်ဆွေကိစ်ရဲ့ ကဗျာစာအုပ်လေးကို တွေ့ရပါသတဲ့။ အဲဒီအချိန်မှာ ရှယ်လီဟာ ၃၀ ပြည့်ဖို့ တစ်နှစ်ပဲ လိုပါတော့တယ်။

ကားလ်မာ့က်စ်က ရှယ်လီသာ ငယ်ငယ်ရွယ်ရွယ်မသေခဲ့ရလို့ဆိုလျှင် ဆိုရှယ်လစ်တစ်ယောက် ဖြစ်လာမှာပဲလို့ ပြောတယ်။ ရှယ်လီဟာ ကမ္ဘာကြီးကို ပြောင်းလဲပစ်လိုသူ ဖြစ်တယ်။ သူ့ကဗျာတွေမှာ တော်လှန်ရေးစိတ်ဓာတ်ဟာ အမြဲ စိမ့်ဝင်နေတယ်။ သူ့ဘဝကို ကြည့်လျှင်လဲ ငယ်ငယ်လေးတည်းက 'သူပုန်'စိတ်ဓာတ် ကိန်းအောင်းလာခဲ့တာကို တွေ့ရမှာပဲ။ သူပုန်စိတ်ဓာတ်ရှိကြတဲ့ ကဗျာဆရာချင်း တူတူ သူက လူသားကို အပြစ်ကင်းတယ်၊ စွမ်းပကားရှိတယ်လို့ မြင်ရာမှာ ထူးခြားတယ်။ သာယာဝပြောတဲ့ လူ့လောကသစ်ဟာ အတိတ်မှာ မဟုတ်ဘူး၊ အနာဂတ်မှာ ပေါ်လာရမှာဖြစ်တယ်လို့ ယုံကြည်ရာမှာ ထူးခြားတယ်။ စောစောပိုင်းက သူ့အနေနဲ့ လောကနဲ့ ရန်ဖြစ်ချင်တာ ရှိပေမယ့် နောက်ပိုင်းမှာ ဒါမျိုးမရှိတော့ဘူး။ သူ့ကဗျာတွေမှာ ဂီတသံဟာ အင်မတန် ထက်သန်တယ်။ ဖတ်ရသူရဲ့ စိတ်အာရုံကို ဆွဲကိုင်ဖမ်းထားနိုင်တဲ့ စွမ်းပကားရှိတယ်။ နိမိတ်ပုံတွေက ဝိုးတဝါးနဲ့ စိတ္တဇ ဆန်တာလည်း ရှိတယ်။ သူ့ပါရမီဟာ လိရိကမှာ အပြည့်ပေါ်လွင်တယ်လို့ ပြောစမှတ် ရှိတယ်။ ဒါပေမယ့် သူ့အလင်္ကာတွေဟာ မထိဘူး၊ လက်လွတ်စပယ်နဲ့ တည်ဆောက်ထားတာတွေ များတယ်လို့ ဝေဖန်ကြတာလည်းရှိရဲ့။

## ညဉ့်သို့

အနောက်ဘက်လှိုင်းပေါ်မှာ အသော့ ရှောက်ခဲ့ပါ။
ညရဲ့ဝိညာဉ်ငဲ့၊
သင့်ကို ကြောက်ဖွယ် ချစ်ဖွယ်ဖြစ်လာစေတဲ့
ရှင်မြူးမှု၊ ကြောက်ရွံ့မှု အိပ်မျက်များကို
ရှည်ကြာ အထီးကျန်တဲ့ နေ့အလင်းတစ်ချိန်လုံးသင်ရက်လုပ်နေခဲ့ရာ
နှင်းမြူမှုန်မွှား အရှေ့ဘက်ဂူထဲက
အသော့အမြန် လှမ်းခဲ့ပါ။

ကြယ်လေးတွေ ပြောက်ထားတဲ့
မှုန်ပြာပြာ ဝတ်ရုံနဲ့ သင့်သဏ္ဍာန်ကို ရုံလိုက်ပဲ့၊
နေ့ရဲ့မျက်လုံးအစုံကို သင့်ဆံကေနဲ့ ကန်းစေလိုက်ပဲ့၊
မောလျသွားတဲ့ထိ သင်းကလေးကို နမ်းပစ်လိုက်ပဲ့၊
အဲဒီနောက် မြို့ပြ၊ ပင်လယ်၊ ကုန်းမြေပေါ်တို့မှာ လှည့်ကာ
သင့်ဘိန်းရည် တောင်ဝှေးနဲ့ အားလုံးကိုတို့ပဲ့ . . . .
လာပါတော့၊ စောင့်ရကြာသူငဲ့၊

ငါအိပ်ရာအထ အရုဏ်ဦးကို မြင်တဲ့အခါ
သင့်ကို တမ်းမိတယ်၊
အလင်းရောင်ဟာ မြင့်မြင့်ခရီးနှင်နေပြီး နှင်းမြူကွယ်ပတဲ့ခါ၊
မွန်းတည့်ချိန်ဟာ ပန်းပင်သစ်ပင်တို့ပေါ် လေးလံစွာ လဲလျောင်းနေတဲ့ခါ
မချစ်တဲ့ ဧည့်သည်လို လေးလေးတွဲ့တွဲ့နဲ့
မောလျလျနေ့လည်း နားခိုရာဆီ ဦးလှည့်တော့တဲ့အခါ၊
ငါသင့်ကို တမ်းမိတယ်၊

သင့်နောင်တော် သေခြင်းရောက်လာပြီး စကားဆိုတယ်
ကျုပ်ကို အလိုရှိပါစတဲ့၊
အမှေးပါးလွှမ်းမျက်လုံးနဲ့ သင့်ချစ်စရာသားငယ် အိပ်ခြင်းကလည်း
မွန်းတည့်ချိန် ပျားပိတုန်းလို ညည်းတွားလာသေးရဲ့
ငါသင့်နဘေးမှာ မှေးစက်ရမလား
ငါ့ကို အလိုရှိပါစတဲ့၊ . . . ငါပြန်ပြောလိုက်တယ်
မလိုချင်ဘူး၊ မင်းကို မလိုချင်ဘူးလို့၊

မင်းသေသွားတဲ့အခါ သေခြင်းက လာပါလိမ့်မယ်
မြန်မြန်၊ သိပ်မြန်မြန်ပ၊
မင်းထွက်ပြေးသွားတော့ အိပ်ခြင်း လာပါလိမ့်မယ်၊
ငါမင်းဆီကတောင်းခံတဲ့ဆုကို သူတို့ဘယ်သူ့ဆီကမှ
ငါတောင်းခံလိမ့်မယ်မဟုတ်ဘူး၊ ချစ်တဲ့ညဉ့်ရယ်၊
မင်းချဉ်းလာနေတဲ့ အသွားနှုန်းကို သွက်ပေးလိုက်ပဲ့၊
မြန်မြန် မြန်မြန်သာ လာပါတော့၊

ဒီကဗျာမှာ ရှယ်လီက ညကို သတ္တဝါတဦးလိုစကားပြောနေပါတယ်။ ဘာနတ် ညာနတ်ဆိုသလိုညရဲ့နတ် (ဝိညာဉ်)ဆိုတာမျိုးရှိသလို တင်စားပြီး ခေါ်ဟစ်လိုက်ပါတယ်။ အနောက်ဘက် လှိုင်းကလေးတွေပေါ်မှာ ခတ်သုတ်သုတ်ကလေး လမ်းလျှောက်လာခဲ့ပါတဲ့။ သူငေးမျှော်ကြည့်နေတဲ့ ပင်လယ်ပြင်ပေါ်ကို တစ်စတစ်စနဲ့ ညကျရောက်လာပုံကို ဖွဲ့ထားတာပါပဲ။ နေ့တစ်နေ့လုံးမှာ ညဟာ အရှေ့ဘက်ဆီက ဂူကြီးထဲမှာ ပုန်းအောင်းနေတယ်။ နေ့က ကြာလည်းကြာ အထီးကျန်သလို ပျင်းစရာကလည်း ကောင်းပါဘိသနဲ့။ အဲဒီတစ်နေ့တာလုံး ညခမျာ ဂူထဲမှာ အိပ်ပြီး အိပ်မက်တွေ မက်နေခဲ့တယ်။ အိပ်မက်ကလည်း ကြောက်စရာရော၊ ပျော်စရာရောစုံလို့။ ကြောက် စရာအိပ်မက်ကို မက်ထားတော့ ညဟာ ကြောက်စရာဖြစ်ရတယ်။ ပျော်စရာ အိပ်မက်ကို မက်ထားတာကြောင့်လည်း ချစ်စရာဖြစ်လာရတယ်။ အခု မြူနှင်းတွေ သန်းနေတဲ့ အဲဒီအရှေ့လောကဓာတ် ဂူကြီးထဲက ထွက်ခဲ့ပါတော့တဲ့။

ညအမှောင်မှာ ကြယ်လေးတွေကို ဟိုတစ်ပြောက် ဒီတစ်ပြောက် ရှိနေတာဟာ ဝတ်ရုံပေါ် ပန်းပြောက်ထိုးထားသလိုပဲ။ ဒီဝတ်ရုံကို ဝတ်လိုက်ပါတော့တဲ့။ နေ့တာပေါ်မှာ ညအမှောင်ကျရောက်လာတာက နေ့ရဲ့မျက်လုံးအစုံပေါ် ညက ဆံမျှင်တွေ ဖြန့်ချပြီး မမြင်အောင်လုပ်လိုက်သလိုရှိတယ်။ အဲသလို မျက်လုံးလေးတွေကို ဆံပင်တွေနဲ့ ဖြန့်ချပြီး မမြင်အောင် လုပ်လိုက်သလိုရှိတယ်။ အဲသလို မျက်လုံးလေးတွေကို ဆံပင်နဲ့ ပိတ်ထားပြီးမှ ဒီနေ့မင်းသမီးလေးကို မောလျသွားတဲ့အထိ နမ်းပစ်လိုက်ပါ ညရယ်တဲ့။ အဲဒီလိုနမ်းရှုပ် နှုတ်ဆက်ပြီးတော့မှ မြို့ပြ၊ ပင်လယ်၊ ကုန်းမြေတို့ပေါ် လျှောက်သွားပြီး သင့်တော်ဝေ့းနဲ့လိုက်တို့ပါတဲ့။ တောင်ဝေ့းက ဘိန်းရည်သုတ်ထားတယ်။ ဒါကြောင့် ဒီတောင်ဝေ့းအတို့ခံရတဲ့ သတ္တဝါအပေါင်း မူးမေ့ပြီး အိပ်ပျော်ကုန်ကြရတယ်လေ။

စာဆိုဟာ ညကိုမှချစ်တတ်တယ်။ ညကို မနက်ရော၊ နေ့မွန်းတည့်ချိန်ရော နေဝင်ဆည်းဆာမှာရော မျှော်မိတယ်။ မနက် အိပ်ရာထမှာ အရုဏ်ကျင်း လာတာကြည့်ပြီးလည်း ညကိုပဲ တမ်းတမိတယ်။ မြူနှင်းတွေ ကွယ်ပျောက်လို့ အလင်းရောင်ဟာ ဟိုမိုးမြင့်မြင့်ပေါ်မှာ ခရီးနှင်နေခဲ့တဲ့အခါ မွန်းတည့်ချိန်ဆိုတဲ့ နတ်ကလည်း သစ်ပင်ပန်းမန်တွေပေါ် လေးလံတဲ့ သူ့ခန္ဓာကိုယ်ကြီးနဲ့ ဖိပြီး လဲလျောင်းနေတဲ့အခါ တစ်နေကုန် အပူပေးအလင်းပေးနဲ့မို့မောလျနေတဲ့နေ့ခမျာ နားခိုရာဆီခြေဦးလှည့်တဲ့ခါလည်း စာဆိုကတော့ ညကိုပဲ တမိတယ်။ သူက နေ့ကို မချစ်ဘူး။ ဒါကြောင့်နေ့ကို 'မချစ်တဲ့ညည့်သည့်'တဲ့။ နေပြန်သွားတာကိုလည်း နှေးတယ်၊ လေးလေးတွဲတွဲမသွားချင်

သွားချင်လုပ်နေတယ်တဲ့။

အိပ်တာတို့ သေတာတို့ဟာ တစ်သဘောထဲပါပဲ။ ဒါကြောင့် ညရဲ့သားချင်းတွေချည်းပဲ။ အိပ်ခြင်းက ညရဲ့သားငယ်၊ သေခြင်းက ညရဲ့နောင်တော်။ သေခြင်းကလည်း အလားတူပဲ စကားစတယ်။ အိပ်ခြင်းကလည်း အလားတူပဲစကားစတယ်။ အိပ်တယ်ဆိုလျှင် လူမှာမျက်ခွံဖုံးသွားတယ် တချို့ငှက်များမှာတော့ အမေးပါးကလေးလွှမ်းသွားတယ်။ ဒါကြောင့် 'အမေးပါးလွှမ်းမျက်လုံးနဲ့'လို့ အိပ်ခြင်းကို ဖွဲ့တယ်။ စာဆိုက အိပ်လည်းမအိပ်လို၊ သေလည်းမသေလိုသေးဘူး။

ညဆိုတာကို မခံစားနိုင်တော့တဲ့အခါမှာ သေတာပဲ။ သေလျှင် နေ့ညမထူးခြားတော့ဘူးပေါ့။ စာဆိုလို ညချစ်သူ တစ်ဦးအဖို့တော့ ညကုန်လို့ နေ့ရောက်လာလျှင် အိပ်တာပဲပေါ့။ အချိန်တန်လျှင်အိပ်ရ၊ အချိန်တန်လျှင်သေရမှာပဲ။ သူတို့ကို အထူး တလည် ဖိတ်ခေါ်မနေပါဘူး။ ညကိုပဲသူအထူး အမြတ်တနိုး ဖိတ်ခေါ်တယ်။ ချဉ်းကပ်လာနေပြီ မှန်ပါရဲ့၊ နှေးတယ်ထင်နေတယ်၊ နှုန်းကို သွက်လိုက်ပါဦးတဲ့ စောင့်ရကြာပေါ့တဲ့။

ညနဲ့တကွ ဆိုင်ရာ ရှုခင်းများကို လူလိုလုပ်သွားပုံ ရုပ်ပုံဖော်ပုံများ အင်မတန် ချစ်စရာနဲ့ လှပတဲ့ ကဗျာတစ်ပုဒ်ပါပဲ။

**မိုးဆွေငှက်သို့**

ခရီးဦးကြိုပါရဲ့၊ မင်္ဂလာဝိညာဉ်ငဲ့။
ကောင်းကင်ဘုံကနေ ဝါ ကောင်းကင်ဘုံနားကနေ
မင်းရဲ့ ပြည့်ဝတဲ့ နှလုံးသားကို
မတွေးတောစဖူး အနုပညာရဲ့ထွေပြားတဲ့ ဂီတသံတွေနဲ့
သွန်းချလိုက်တဲ့ မင်းဟာဖြင့် ငှက်မဟုတ်ပါဘူးကွယ်။

မြင့်စွာ ပိုလို့ပဲမြင့်မားစွာ
မီးလျှံတိမ်လိပ်တစ်ခုလို
ကမ္ဘာမြေကနေ မင်း ခုန်တက်သွားလေတယ်။
ပြာလဲ့လဲ့ ဇလ္လာပြင်မှာ တောင်ပံခတ်သွားတော့တယ်၊
တေးသီရင်း ပျံတက်၊ ပျံတက်ရင်း တေးသီနေတော့တယ်။

ထင်းရှူးပင်ရိပ်

နစ်မြုပ်နေတဲ့နေရဲ့
ရွှေရောင်လျှပ်နွယ်ထဲမှာ
အပေါ်က တိမ်တွေ တောက်မြူးနေရာ
ပြေးပွဲလွှတ်စ ခန္ဓာမဲ့ ပီတိအဟုန်ပမာ
မင်းဟာ မျောလိုက်- ပြေးလွှားလိုက်နဲ့။

ဖျော့တော့တော့ မရမ်းရောင် ညနေဟာ
မင့်အပျံခရီးတစ်ဝိုက် အရည်ပျော်ဆင်းနေရဲ့။
နေ့ကြောင်တောင် အလင်းရောင်ထဲက
ကောင်းကင်ရဲ့ ကြယ်တစ်ပွင့်ပမာ
မင်းဟာ မမြင်ရဘူး၊ ဒါပေမယ့် မင်းရဲ့ စူးရှရှ မြူးကြွမှုကို
ငါကြားရရဲ့။

ကြည်လင်ဖြူဖွေးတဲ့ အရုဏ်ဦးမှာ
ငါတို့မမြင်ရတော့တဲ့ထိ ပါးလျသွားလေတဲ့
ရွှန်းဝင်းဝင်း ဆီမီးတိုင်ရှင် ငွေအဝန်းရဲ့
မြားတံတွေလို ချွန်မြမြနဲ့
မင်းဂီတသံ အဲဒီမှာ ရှိနေတာ ငါတို့ သိပါတယ်။

ညဥ့်ဟင်းလင်းပွင့်နေချိန်
အထီးတည်း မိုးတိမ်တစ်ခုကနေ
စန်းလဟာ သူ့ရောင်ခြည်တွေ မိုးရွာချကာ
ကောင်းကင်မှာ လျှံထွက်နေတော့သလို
မြေပြင်- လေပြင်တစ်ခုလုံး မင့်အသံ ဟည်းနေတော့တယ်။

မင်းဘာလဲတို့မသိဘူး
ဘာဟာ မင်းနဲ့ အတူဆုံးပါလိမ့်။
မင့်ထံမှောက်က တေးဂီတ မိုးရွာချသလို
ရှုမောဖွယ် တောက်ပတဲ့ မိုးစက်များ
သက်တံမိုးတိမ်များဆီက စီးဆင်းမလာချေဘူး။

မိမိအပူမဲ့နေခဲ့တဲ့ ပျော်လင့်ချက်များ
ကြောက်ရွံ့မှုများကို စာနာစိတ်
လောကမှာပေါ်ပေါက်လာတဲ့ထိ
အလိုလိုဖြစ် တေးတို့ကို သီကျူးရင်း
အတွေးအခေါ်အလင်းရောင်ထဲ
ပုန်းကွယ်နေတဲ့ ကဗျာဆရာရဲ့ပမာ။

ခန်းသဥ္စာ ပြည့်လျှမ်းအောင်
မေတ္တာလိုချိုမြတဲ့ ဂီတနဲ့သာ
တိတ်တခိုးအချိန်အခါမှာ
မေတ္တာဝန်ပိနေတဲ့ ဝိညာဉ်ကို နှစ်သိမ့်နေရှာတဲ့
နန်းပင်တိုင်ဆောင်က ဂုဏ်ကြီးရှင်လုံမရဲ့ပမာ

မိမိကို မြင်ကွင်းက ကွယ်ပေးတဲ့
ပန်းပင် မြတ်ပင်တို့ကြားမှာ
မိမိရဲ့လေလို အရောင်အဆင်းကို
မြင်သူမဲ့ ပြန့်ကြဲနေလေသသူ
နှင်းစက်ခ လှိုမြွောင်က ရွှေရောင်တီစုန်းရဲ့ပမာ။

မိမိရဲ့ သစ်ရွက်စိမ်းစိမ်းတို့ထဲမှာ
ရိပ်မြုံခိုနေရင်းက
ပူနွေးနွေးလေတို့ရဲ့ အပျိုရည်ဖျက်ခြင်းကိုခံရရာ
နောက်ဆုံး သူ့ဆီကရတဲ့ မွှေးရနံ့ကပဲ
ဒီလေးလံတဲ့ တောင်ပံရှင်ခိုးသူတို့ကို မွှေးလွန်းခြင်းနဲ့မူးမေ့သွား
စေသသူနှင်းဆီရဲ့ပမာ။

မိုတ်တုတ်မိုတ်တုတ် မြက်ခင်းပေါ်က
နွေဦးမိုးပေါက်တို့ရဲ့အသံ၊
မိုးကြောင့် နိုးထလာတဲ့ ပန်းပွင့်၊
ပျော်မြူး၊ ကြည်လင်၊ သစ်လွင်မှု
ရှိရှိသမျှထက် မင်းဂီတက သာပါပေရဲ့။

ထင်းရှူးပင်ရိပ်

ဝိညာဉ်၊ ဝါ၊ ငှက်ငဲ့၊ မင်းအတွေးတွေဟာ
ဘယ်လိုချိုမြတဲ့ အတွေးတွေလဲ တို့ကိုသွန်သင်ပါဘိ။
သလောက်နတ်ဆန်တဲ့ ပီတိရေလျှံကို
ထုတ်လွှင့်တဲ့ မေတ္တာဖွဲ့ ဒါမှမဟုတ်
သူရာဖွဲ့တေးကို ငါမကြားဖူးသေးဘူး။
ထိမ်းမြားမင်္ဂလာတေး၊
အောင်ပွဲခံတေးတို့လည်း
မင်းတေးနဲ့ ယှဉ်လိုက်ရင်အားလုံး
အနှစ်မဲ့အကြွားစကားမျှ ဖြစ်လိမ့်မယ်
ဖုံးကွယ်နေတဲ့ ဟာကွက်တစ်ခု ရှိနေသလို ခံစားရတဲ့ အရာတစ်ခုပဲ
ဖြစ်လိမ့်မယ်။

ဘယ်ဝတ္ထုများဟာ မင့်ပျော်မြူးဖွယ်
တေး စီးစိမ့်လာရာ စမ်းများပါလဲ။
ဘယ်လယ်၊ ဘယ်လှိုင်း၊ ဘယ်တောင်များပါလဲ။
ဘယ်ကောင်းကင်- ဘယ်လွင်ပြင် သဏ္ဍာန်မျိုးပေလဲ၊
သင့်မျိုးတူကို ဘယ်လိုချစ်မှုလဲ ဒုက္ခကို ဘယ်လိုမသိမှုလဲ။

မင်းရဲ့ ကြည်လင်ထက်သန်တဲ့ ပီတိမျိုးနဲ့ဆိုရင်
မောဟဆိုတာ မဖြစ်နိုင်လိမ့်ဘူး။
ဥပဒ္ဒဝေါ အရိပ်အရောင်လည်း
မင်းအပါး သီလာမယ် မဟုတ်ဘူး။
မင်းဟာ ချစ်ရဲ့၊ အချစ်ရဲ့ ကြေကွဲဖွယ် ပြည့်ဝမှုကိုတော့
မသိလေဘူး။

နိုးနေစဉ်၊ ဝါ၊ အိပ်နေစဉ်မှာ မင်းဟာ
ငါတို့သေမျိုးတွေ အိပ်မက်တာထက်
ပိုမို မှန်ကန် နက်နဲတဲ့ တရားများကို
သေခြင်းထဲက ဆင်ခြင်ထားတာ ဖြစ်မှာပဲ၊
နို့မို့ရင် မင်းတေးသံတွေက သလောက်ကြည်လင်တဲ့ ရေအလျဉ်နဲ့
ဘယ်စီးနိုင်ပမလဲ။

ငါတို့က ရှေ့ကိုရော နောက်ပါကြည့်တယ်၊

မရှိလေတာကိုမှ တောင့်တတတ်တယ်။
တို့ရဲ့အသန့်စင်ဆုံး ရယ်မောသံဟာ
ဒုက္ခတစ်ခုခုနဲ့ ပြွမ်းနေတတ်တယ်။
ငါတို့ရဲ့ အလှဆုံးတေးဆိုတာ အဆွေးဆုံးအတွေးကို ပြောပြတဲ့
တေးတွေပေါ့။

ဒါပေမယ့် မုန်းစိတ်၊ မာနစိတ်၊ ကြောက်စိတ်တို့ကို
ငါတို့ရှုမုန်းတတ်ကြရင်
ငါတို့ဟာ မျက်ရည်မကျဖို့
မွေးလာတဲ့ သတ္တဝါများဖြစ်ခဲ့ရင်
ငါတို့ မင့်ပီတိဟုန်အနီးအနား ဘယ်ပုံရောက်လာကြလိမ့်မယ်ဆိုတာ
ငါမသိတော့ဘူး။

ပျော်မြူးဖွယ် အသံဆိုတဲ့
တေးဂီတသံအားလုံးထက်ပဲ
စာအုပ်များမှာ တွေ့ကြရတဲ့
ရတနာအားလုံးထက်ပဲ
မင်းကဗျာ စွမ်းရည်က သာပါပေရဲ့၊ အသင်မြေမုန်းသူငဲ့။

မင်းဦးနှောက်ကသိမယ့်
ဝမ်းမြောက်ခြင်းရဲ့ တစ်ဝက်ပဲ ငါ့ကိုသင်ပေးပါ။
အလွန် ညီညာပြေပြစ်တဲ့ ရူးမူးခြင်း
ငါ့နှုတ်ခမ်းက စီးဆင်းလိမ့်မှာမို့
ကမ္ဘာလောကက နားဆင်ပါလိမ့်မယ်၊ ငါအခု နားဆင်နေသလိုလေ။

ရှယ်လီရဲ့ ‘မိုးဆွေငှက်’ဟာ အသံသာတယ်၊ ရုပ်ပုံလေးတွေလှတယ်၊ ဒါကြောင့် နာမယ်ကြီးပါတယ်။ မိုးဆွေငှက်ကို ပြောပြနေသလိုဟန်မျိုးနဲ့ ရေးဖွဲ့ထားပါတယ်။

သူ့မိုးဆွေငှက်က တကယ်ငှက်လား၊ နတ်ပဲလားမသိရဘူး။ ဒါကြောင့် ‘မင်္ဂလာဝိညာဉ်ငဲ့’လို့ အာလုပ်ပြုထားတယ်။ တချို့ကဗျာဆရာတွေက မိုးဆွေငှက်ကို ကောင်းကင်ဘုံ တံခါးဝကနေ တေးသီတယ်လို့ ဆိုဖူးတယ်။ ရှယ်လီကတော့ ကောင်းကင်ဘုံပဲလား၊ ကောင်းကင်ဘုံနားကပဲလားမသိဘူးတဲ့။ အဲဒီကဗျာဆရာ

မျိုးကိုရော ကောင်းကင်ဘုံဆိုတာကိုပါ သရော်တော်တော် လုပ်လိုက်တာပါပဲ။ အားရပါးရ ဟစ်ကြော်တေးသီတာကို 'ပြည့်ဝတဲ့ နှလုံးသားကို သွန်းချလိုက်'တယ်လို့ ဖွဲ့ထားတယ်။ သွန်းချသမှ အရင်က ဒီလိုဂီတမျိုး ဖွဲ့မယ်လို့ ဘယ်သူမှ မတွေးတောဖူးတဲ့။ အနုပညာရဲ့ အမျိုးမျိုးအထွေထွေ ဂီတသံစဉ်တွေနဲ့ သွန်းချခြင်းပါ။ ဒီလို တေးကြော်နေတဲ့မင်းဟာ ငှက်မဟုတ်တန်ရာဘူးတဲ့။

အလွန်အားကောင်းတဲ့ မီးပုံတစ်ခုက မီးလျှံ မီးခိုလိပ်များ မိုးပေါ် ထောင်တက်သွားတာ အင်မတန်မြန်တယ်။ အဲသလိုပဲ မိုးဆွေငှက်ကလေးဟာ မြင့်သထက်မြင့်စွာ တအားပျံတက်နေပါတော့တယ်။ အချိန်က နေဝင်ဆည်းဆာ။ မိုးကုပ်စက်ဝိုင်းအောက် နစ်မြုပ်နေတဲ့ နေရဲ့ လျှပ်ပန်းလျှပ်နွယ်လို ရွှေရောင်ဝင်းဝင်းတွေရဲ့ အထက်မှာ တိမ်တွေဟာလည်း တောင်ပနေတယ်။ အဲဒီဝါဝါဝင်းဝင်းမိုးပြင်ထဲမှာ မိုးဆွေငှက်လေးဟာ  မျောလိုက်၊ ပြေးလွှားလိုက် လုပ်နေတယ်။ ငှက်သာမန်မဟုတ်၊ ဝိညာဉ်သာ ဖြစ်လေတော့ ခန္ဓာကိုယ်မရှိတဲ့ ပီတိဟုန် တစ်ခုလွင့်ပျံနေသလို ထင်ရတယ်။ လွင့်ပျံနေတာကလည်း အင်မတန်မြန်တော့ ပြေးပွဲစတင်ကာစနဲ့ တူတယ်။ ပြေးပွဲစကာ စမှာသာ မြန်တာ၊ နောက်ပိုင်းကျလေအားလျော့ပြီး နှေးကုန်လေမဟုတ်လား။ ညနေဟာ အနီနဲ့ အပြာရောယှက်တဲ့ မရမ်းရောင်ဖြစ်နေတယ်။ အပြာက ကဲကဲလာပြီမို့ မရမ်းရောင်ဟာ ဖျော့ဖျော့လာနေပြီ။ အဲဒီ ညနေဟာလည်း မိုးတစ်ခွင်မှာ တဖြည်းဖြည်း လွင့်ပျံလာနေတယ်။ ဒါကို ငှက်ကလေးပျံသန်းရာ ခရီးတဝိုက် ညနေ 'အရည်ပျော်ဆင်းနေ' တယ်လို့ စပ်ပါတယ်။ မိုးဆွေငှက်ကလေးကိုလည်း မမြင်ရဘူး။ နေ့ကြောင်တောင် အလင်းရောင်မှာ ကြယ်ကို မမြင်ရလိုပါပဲ။ အသံပဲကြားရတယ်။ အင်မတန် စူးရှပြီး မြူးမြူးကြွကြွရှိလှတဲ့အသံပါပဲ။ ဘယ်လောက် စူးရှသလဲဆိုလျှင် ငွေလဝန်းရဲ့ရောင်ခြည်မြားတံလေးတွေလို ချွန်နေတာပါတဲ့။ လဆိုတဲ့ ငွေသားအဝန်းအဝိုင်းရဲ့ ဆီမီးတိုင်ဆိုတဲ့ အလင်းဟာ ညပိုင်းမှာ တော့ 'ရွှန်းဝင်းဝင်း'ပဲ။ အရုဏ်လည်း ကျင်းလာရော ပါးပါးသွားလိုက်တာ နောက်ဆုံး မမြင်ရတော့ဘူး။ မြူတိမ်ကင်းစင်သမို့ဟာလာဟင်းဖြစ်နေတဲ့ ညအခါ လဝန်းဟာ တစ်ခုတည်းရှိတဲ့ တိမ်တိုက်ကနေပြီး ရောင်ခြည်မိုးရွာချတယ်။ ရောင်ခြည် ဆိုတဲ့ မိုးရေတွေဟာ ကောင်းကင်တစ်ခုလုံး လျှံထွက်နေတော့တယ်။ အဲဒီအတိုင်းပဲ ခုလည်း မိုးဆွေငှက်ရဲ့ ဂီတသံဟာ မြေမြင်လေပြင်တစ်ခုလုံးမှာ လွှမ်းမိုးနေလေတယ်။

စောစောက ပြောခဲ့သလို မိုးဆွေငှက်ဟာ ဘာလဲ။ ငှက်ပဲလား၊ ဝိညာဉ်လား၊ ငါတို့မသိရဘူး။ မင်းကိုအတိအကျမသိရတောင် မင်းနဲ့ အတူဆုံးအရာကို

သိချင်ပါတယ်တဲ့။ မိုးဆွေငှက်ဆီက ရွှာချတဲ့ ဂီတမိုးလို လှပတဲ့ မိုးစက် မိုးပေါက်များကို တကယ့်သဘာဝမိုး (သက်တံ မိုးတိမ်များဆီက စီးဆင်းလာတဲ့မိုး)ဆီက မတွေ့ရဘူး။ တစ်နည်းသက်တံတွေဘာတွေနဲ့ အင်မတန် လှတယ်ဆိုတဲ့ သဘာဝမိုးရဲ့ မိုးစက်မိုးပေါက်များဟာ မင်းရဲ့ ဂီတမိုးလောက် မလှဘူး။ (အမြင်အာရုံနဲ့ အကြားအာရုံကိုတစ်ခုတည်းလို ယှဉ်ထားတယ်။)

အဲဒီနောက်မှာ ကဗျာဆရာက မိုးဆွေငှက်ကို ဘာနဲ့တူမလဲရှာကြည့်ရင်း ဥပမာလေးတွေ တင်ပြပါတယ်။ ကမ္ဘာပေါ်က လူသားတွေမှာ မျှော်လင့်ချက်တွေ ကြောက်ရွံ့စိတ်တွေ (အငတ်ဘေးမှ ကြောက်ခြင်း၊ မတရားမှုမှ ကြောက်ခြင်း) ရှိနေကြတယ်။ ဒါတွေကို ကမ္ဘာလောက က အမှုမဲ့ပစ်ထားတယ်။ အဲဒါကို အမှုမဲ့ မထားပဲ ထောက်ထားစာနာစိတ်ရယ်လို့ လောကမှာ ပေါ်ပေါက်လာအောင် ကဗျာဆရာက တေးတွေ ဖွဲ့သီတယ်။ ဘယ်သူကမှ အဖွဲ့ခိုင်းလို့မဟုတ်။ မိမိရဲ့ နှလုံးသားက အလိုလို စိမ့်ထွက်လာတဲ့ တေးတွေပါ။ ဒီလိုတေးမျိုး သီနိုင်အောင် အတွေးအခေါ်ထဲ နစ်မြုပ်နေတယ်။ သူ့ကို ဘယ်သူမှ မမြင်ကြဘူး၊ ပုန်းကွယ်နေသလိုပဲ။ မိုးဆွေငှက်ဟာ ကဗျာဆရာနဲ့ တူလေသလား။ ဂီတဟာ မေတ္တာတရားလိုပဲ ချိုမြတယ်။ ဒါကြောင့် မေတ္တာဝန်ပိနေတဲ့ ပင်တိုင်စံမင်းသမီးလေးဟာ သူ့မိဘရားများမသိအောင် တိတ်တခိုး နဲ့ပဲ ခန်းသဥ္စာလျှံထွက်မတတ်တေးတွေ သီကျူးလို့ စိတ်ဖြေနေရရှာတယ်။ မိုးဆွေငှက်ဟာ ပင်တိုင်စံလို အချစ်ဝန်ပိနေသူပဲလား။ တီစုန်းလေးကို လူသူ တိရစ္ဆာန် မမြင်ရအောင် မြက်ပင် ပန်းပင်တို့က ကွယ်ပေးနေတယ်။ ဒီပန်းပင် မြက်ပင်တွေကြားမှာ တီစုန်းလေးက သူ့လေလို မှုန်ဝါးဝါးအလင်းရောင်ကို ဖြန့်ကြဲပေးနေတယ်။ သူအဲဒီလို အလင်းရောက်ဖြန့်ဖြူးနေတာကို ဘယ်သူမှမမြင်ကြဘူး။ မိုးဆွေငှက်ဟာ တီစုန်းလေးလိုများလား။ နှင်းဆီပွင့်လေးဟာ သူပိုင် သစ်ရွက်စိမ်းတို့ထဲမှာ ပုန်းခိုနေရှာတယ်။ ဒီလို နေတဲ့ထဲကိုပဲ ပူနွေးနွေး လေပြေညင်းတို့က အတင်းဝင်ရောက်ပြီး သူ့မွှေးရနံ့ကို တအားကြူကြတယ်။ အပျိုရည်ဖျက်ကြတယ်။ နောက်ဆုံးမတော့ နှင်းဆီပန်းလေးရဲ့ မွှေးရနံ့က မွှေးလွန်းအားကြီးတော့ အဓမ္မဝင်ကြူသူခိုးသား ကိုရွှေလေပြေညင်းတို့ မူးလဲကုန်ကြရတယ်။ လေပြေညင်းက ဖြည်းဖြည်းလွင့်ပျံ့လာတတ်တာမို့ 'လေးလံတဲ့တောင်ပံရှင်' လို့ခေါ်ထားတယ်။ မိုးဆွေငှက်လေးဟာ နှင်းဆီပွင့်လေးနဲ့ တူလေသလားတဲ့။ ဒီဥပမာအားလုံးမှာ မြင်ရတဲ့အရာတွေချည်း ဖြစ်နေတာကို သတိပြုပါ။ မိုးဆွေငှက်က မမြင်ရဘူးကို။ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေတဲ့ မြက်ပင်တို့အပေါ်မှာ နွေဦးမိုးပေါက်တွေ တဖြောက်ဖြောက်ကျသံ

မိုးအကျမှာ နိုးထလာတဲ့ ပန်းပွင့်လေးစသဖြင့် လောကမှာ ပျော်မြူးတာ၊ ကြည်လင်တာ၊ သစ်လွင်တာ ရှိရှိသမျှထက် မိုးဆွေငှက်ရဲ့ တေးသံက သာလွန်တယ်။

သလောက်ချိုမြတဲ့ ဂီတသံကို သီကျူးနိုင်အောင် အတွေးတွေကလည်း အင်မတန် ချိုမြလှပေလိမ့်မယ်။ အဲဒီအတွေးလေးတွေကို တို့ကို သင်ပြပါဘိတဲ့။ သူရာ ဖွဲ့တေး မေတ္တာဖွဲ့တေးတွေကို တို့ကို သင်ပြပါဘိတဲ့။ သူရာ ဖွဲ့တေး မေတ္တာဖွဲ့တေး တွေ ကြားဖူးပါရဲ့။ မိုးဆွေငှက်ရဲ့ ဂီတလောက် မွန်မြတ်တဲ့ ပီတိရေလျှံကို စီးဆင်းစေနိုင်ခြင်း မရှိဘူး။ မင်္ဂလာဆောင်က တေးဂီတ၊ အောင်ပွဲခံတဲ့ တေးဂီတတို့ဆိုတာလည်း မိုးဆွေငှက်ရဲ့တေးနဲ့ ယှဉ်ကြည့်လျှင် ဘာမှ အနှစ်သာရမပါ ဗလာချီလေထွား ထားတာ၊ တစ်ခုခုလိုနေတာပဲဖြစ်လိမ့်မယ်။ အဲဒီတော့ ဒီမြူးကြွတဲ့တေးသံ စီးစိမ့်လာစေတဲ့ အကြောင်းတရားတွေက ဘာတွေများလဲ။ ဘယ်တော၊ ဘယ်သမုဒ္ဒရာ၊ ဘယ်တောင်တွေ၊ ဘယ်ကောင်းကင်၊ ဘယ်လွင်ပြင်တွေကိုကြည့်ပြီး ခုလိုမြူးရွှင်ရွှင် တေးသီနိုင်ရတာလဲ။ မျိုးတူ မိုးဆွေငှက်မလေးကို ချစ်ရတာကြောင့်ပဲ ခုလို အားပါးတရ တေးသီနိုင်တာလား။ ဒုက္ခဆိုတာကို မသိဖူး၊ မကြုံဖူးတဲ့ ဘဝမို့လား။ မိုးဆွေငှက်လေးလို ထက်သန်လှတဲ့ ပီတိဟုန်မျိုးနဲ့ဆိုလျှင် ထိုင်းမှိုင်းလေးလံမှုဆိုတာလည်း အရိပ်အရောင်တောင် သီလာမယ်မဟုတ်ဖူး။ ဘေးအနှောင့်အယှက်ဆိုတာလည်း အရိပ်အရောင်တောင် သီလာမယ်မဟုတ်ဖူး မင်းဟာချစ်တော့ ချစ်ရတယ်၊ တို့လူသားတွေမှာ ကြုံရတဲ့ အချစ်ဆန္ဒ ပြည့်ဝရခြင်း ဒုက္ခကိုတော့ မင်း မသိဘူးတဲ့။

သေမျိုးဖြစ်တဲ့ လူသားတွေဟာ သေခြင်း တရားနဲ့ စပ်လျဉ်းလို့ ဆင်ခြင်ကြည့်ကြတယ်။ ဘာမှ ရေရေရာရာ မသိကြရဘူး။ အိပ်မက်မက်နေသလို ဝိုးတဝါးသေခြင်းတရားရဲ့ သဘောမှန်ကို မသိရတာကြောင့်လည်း ကြောက်ရွံ့ပြီး မပျော်နိုင်မရွှင်နိုင် ဖြစ်ကြရတယ်။ မိုးဆွေငှက်လေး ပျော်မြူးနေပုံထောက်တော့ သူဟာ သေခြင်းတရားနဲ့ ပတ်သက်ပြီး လူသားတို့ထက်ပဲ သဘာဝ အမှန်ကို နက်နက်နဲနဲ သိထားတယ်နဲ့တူတယ်။ ဒါကြောင့်သေခြင်းတရားကို မကြောက်တော့ဘဲ ပျော်ရွှင်နေနိုင်တာပေါ့။ လူသားတွေက အတိတ်ကိုရော အနာဂတ်ကိုပါ မျှော်ခေါ်ကြည့်ချင်တယ်။ မရှိတဲ့ဟာကို တောင့်တတယ်။ ဒီတော့ ဒုက္ခကိုချည်း မြင်ရ-ကြုံရတော့တာပဲ။ ဒါကြောင့် လူရဲ့ အရိုးဆုံးဟာသဆိုတာတောင်မှ ဒုက္ခအကြောင်း တစ်ခုခုပြွမ်းနေတတ်တယ်။ အလှဆုံး အသာယာဆုံး တေးဆိုတာ လွမ်းစရာအကောင်းဆုံး အကြောင်းအရာကို ပြောပြတဲ့တေးပဲ။ လူသားမှာ မုန်းစိတ်၊ မာနစိတ်၊ ကြောက်စိတ်

တွေရှိတယ်။ မွေးကတည်းက မျက်ရည်ကျဖို့ မွေးလာတာဖြစ်တယ်။ ဒီလိုမဟုတ်လျှင် တော့ဖြစ်လျှင် မိုးဆွေဌက်ရဲ့ ပီတိမျိုးရနိုင်ပေမှာပဲ။ ပျော်မြူးဖွယ် အသံဆောင်တဲ့ ဂီတအားလုံး၊ စာအုပ်တွေထဲက အသိပညာ အားလုံးထက်ပဲ မိုးဆွေဌက်ရဲ့ တေးကဗျာ က သာပါပေတယ်။ ဒါကြောင့် မင်းဦးနှောက်က သိမယ့် ဝမ်းမြောက်ခြင်းအကြောင်း တစ်ဝက်မျှကိုပဲ သင်ပေးပါ။ အလွန်လှတဲ့ တေးဂီတတွေ (=ရှုးမူးခြင်း) ငါ့နှုတ်ဖျားက ထွက်လာမယ်။ အဲဒီအခါ အခုငါနားဆင်နေသလို ငါ့တေးကို ကမ္ဘာလောကက နားဆင်ကြပေလိမ့်မယ်-တဲ့။

ဒီကဗျာထဲမှာ ပေးထားတဲ့ ဥပမာလေးတွေဟာ အင်မတန် ထိမိတယ်၊ သရုပ်ပီတယ်။ ကဗျာတစ်လျှောက်လုံးမှာ ရှယ်လီဟာ ပေါ့ပေါ့ပါးပါး လွတ်လွတ် လပ်လပ်နဲ့ စကားပြောသွားတာပဲ။ မိုးဆွေဌက်ကို ပြောရင်းက လူ့အကြောင်းတွေကို ပြောပြသွားတယ်။ သရော်သွားတာတွေလည်းပါတယ်။ အတွေးအခေါ် ဘဝအမြင် ဆိုတာကတော့ တူတာ-မတူတာအမျိုးမျိုးရှိပေမပေါ့။

## အနောက်လေသို့ တမ်းချင်း

(၁)

အိုအနောက်လေရိုင်း၊ သရဒရာသီရဲ့ ဘဝအသက်ငွေ့အသင်
ပရိတ်ရွတ်သူထံပါးမှ တစ္ဆေတွေ ထွက်ပြေးကြသလို မမြင်ရတဲ့
သင်ရဲ့ထံပါးမှ သစ်ရွက်အသေများ၊

အဝါ၊ အနက်၊ ဖြူရော်ရော်၊ နီမောင်းမောင်းရယ်နဲ့
ရောဂါဆိုးစွဲကပ်နေတဲ့ ဗိုလ်ခြေများ လွင့်ပြေးရသူအချင်း၊
မည်းမှောင်မှောင် ဆောင်းလအိပ်ရာဆီသို့ တောင်ပံတပ် သစ်စေ့များကို

ယာဉ်နဲ့ပို့ဆောင်ပေးသူအချင်း။ အဲဒီမှာ သူတို့အသီးသီး မြေပုံထဲက
အလောင်းကောင်လို အေးစက်-နိမ့်ကျစွာလျောင်းနေကြရမယ်။
သင်ရဲ့ဝသန္တရာသီသူ ပြာလဲ့လဲ့ညီမက

အိပ်မက်မက်နေတဲ့ ကမ္ဘာမြေပေါ် တံပိုးမှုတ်တဲ့ကာ(သိုးအုပ်ပမာ လေထဲမှာ
အစာစားဖို့ ဖူးငုံလှလှလေးတွေကို မောင်းထုတ်ရင်း)
လွင်ပြင်နဲ့တောင်ကုန်းမှာ သက်ရှိဆေးရောင်တွေ ရနံ့တွေ ပြည့်မွမ်းပေးတဲ့ ထိပေါ့။

ထင်းရှူးပင်ရိပ်
နေရာတကာမှာလှုပ်ရှားနေလေတဲ့ ဝိညာဉ်ရိုင်းငဲ့၊
ဖျက်ဆီးသူ-ထိန်းသိမ်းသူငဲ့၊ ကြားပဲ့၊ အို၊ ကြားပဲ့။

(၂)

မတ်စောက်တဲ့ ကောင်းကင်ရဲ့ ရုတ်ရက်ခတ်မှုအလယ်၊ သင့်ရေစီးပေါ်မှာ၊
တိမ်အလွတ်တွေဟာ မြေပြင်ရဲ့ရော်ရွက်တွေလိုလွင့်နေကြသူအသင်၊
ကောင်းကင်နဲ့ သမုဒ္ဒရာတို့ရဲ့ ယှက်လိမ်ကနေတဲ့ သစ်ကိုင်းတွေက လှုပ်ခါလိုက်တာပေါ့။

မိုးနဲ့လျှပ်တို့ရဲ့ တမန်များပေပ။ နောက်ပြီး
သင့်လေလှိုင်းအကြွရဲ့ ပြာလဲ့လဲ့ မျက်နှာပြင်ပေါ်မှာ
ခက်ထန်ထန် မဲနဒ်တစ်ဦးရဲ့ ဦးခေါင်းမှ

မြောက်တက်လာတဲ့ တောက်တောက်ပပ ဆံမျှင်အလား၊
မိုးကုတ်စက်ဝိုင်းရဲ့ မှုန်ဝါးဝါးအစွန်းကနေ ဇင်းနစ်ရဲ့ အမြင့်အထိ
ချဉ်းလာဆဲ မုန်တိုင်းရဲ့ ဆံမျှင်များ ပြန့်ကြဲနေတယ်။ သေဆဲ
နှစ်ရဲ့ မသာတေးသံအသင်၊ ဒီနှစ်အဖို့ ခုကုန်ဆဲညဟာ
သင်ရဲ့ရေခိုးရေငွေ့တို့ ပေါင်းစုဖွဲ့စည်းထားတဲ့ ခွန်အားနဲ့
ခုံးခံထားရာ ကျယ်ပြောတဲ့ သင်္ချိုင်းဂူရဲ့ အမိုးခုံးဖြစ်လိမ့်မယ်။

အဲဒီ သိပ်သည်းတဲ့ လေထုထဲကနေ
မည်းနက်တဲ့ မိုး၊ မီးလျှံ၊ မိုးသီးတို့ ပေါက်ကွဲထွက်လိမ့်မယ်။ အို၊ ကြားပါဘိ။

(၃)

ဘိုင်းယီး ပင်လယ်အော်က ချော်ရည်ကျွန်းကလေးဘေးမှာ
ကျောက်သလင်းလို ရေစီးကြောင်းများရဲ့ ဆူညံသံဖြင့် ချော့သိပ်ခံရင်း၊
မြင်ယောင်ရုံနဲ့ပဲ အာရုံလွင့်ပါသွားရလောက်အောင် လှပတဲ့

ပြာလဲ့ရောင်ရေညှိပင်တွေ-ပန်းပင်တွေ ပေါက်ရောက် လွှမ်းခြုံနေကာ
ရေလှိုင်းရဲ့ ပိုသည်းထန်တဲ့ နေ့ခင်းထဲမှာ တုန်ခါနေကြတဲ့
နန်းတော်အို- ပြဿဒ်အိုများကို အိပ်ရင်းက မြင်ယောင်ရင်း။

လဲလျောင်းနေခိုက်၊ မြေထဲပင်လယ်ပြာကို
သူ့ရဲ့နွေရတုအိပ်မက်များမှ နိုးစေသသူအသင်။ သင်ရဲ့

သွားလမ်းအတွက် အတ္တလန်တိတ်ရဲ့ တပြေးညီအင်အားစုများဟာ
ချောက်ကြီးများအဖြစ် ပြိုကွဲပေးကြရပြီး ဟိုးအောက်ဆီမှာ
သမုဒ္ဒရာရဲ့အစေးမဲ့ သစ်ရွက်များကို ဝတ်ဆင်ထားကြသသူ
စိုစွတ်စွတ်သစ်တောများ - ပင်လယ် ပန်းပင်များကလည်း

သင့်အသံကို သိကြသမို့ ရုတ်တရက် ကြောက်စိတ်နဲ့ ရော်ကြ၊
တုန်လှုပ်ကြ၊ ကွဲပြတ် ပြုတ်ကျကြလေတဲ့အသင် အို၊ ကြားပ့ါ။

(၄)

ငါသာ သင်သယ်ဆောင်သွားနိုင်မယ့် သစ်ရွက်တစ်ရွက်ဖြစ်ခဲ့ရင်
ငါသာ သင်နဲ့အတူ ဝဲပျံသွားနိုင်မယ့် တိမ်မြန်တစ်တိုက်ဖြစ်ခဲ့ရင်
သင်ရဲ့ တန်ခိုးရှိန်အောက်မှာ သက်ပြင်းရှိုက်ကာ၊ သင့်

ခွန်အားရဲ့ လှုပ်ရှားမှုကို ဝေမျှယူရပြီး သင့်လောက်သာ
မလွတ်လပ်သူ လှိုင်းတစ်လှိုင်းဖြစ်ခဲ့ရင်၊ အို ထိန်းချုပ်မရသူငဲ့၊
သင့်ကောင်းကင် ခရီးနှုန်းကို ကျော်လွန်ဖို့ဆိုတာ အိပ်မက်

မဟုတ်လို့တောင် ထင်ခဲ့တဲ့အချိန်၊ သူငယ်ဘဝမှာတုန်းကလိုသာ
ငါဖြစ်နေလို့မို့ ကောင်းကင်တလွှား သင်လှည့်လည်ရာမှာ
သင့်ရဲ့ဖော်ဖြစ်နိုင်ခဲ့ရင်၊ ငါအလွန်အမင်း ဒုက္ခရောက်နေချိန်မှာ

ခုလို သင့်ထံအသနားခံသံတွေနဲ့ ကြိုးပမ်းနေလိမ့်မယ်မဟုတ်ဘူး။
အို ငါ့ကို လှိုင်းလို၊ သစ်ရွက်လို၊ တိမ်လိပ်လို ချီမသွားပါဘိ။
ဘဝရဲ့ ဆူးခက်များအပေါ် ငါကျနေပေ့ါ၊ ငါသွေးထွက်နေပေ့ါ။

ပဲ့ပြင်မရတဲ့ လျင်မြန်တဲ့၊ မာနထန်တဲ့- သင်နဲ့တူလွန်းသူ တစ်ဦးကို
လေးလံတဲ့ အချိန်ကာလအလေးတစ်ခုက တုပ်နှောင်-ဦးနှိမ်ထားပါပေ့ါ။

(၅)

တောဟာ သင်ရဲ့စောင်းဖြစ်သလို ငါ့ကို သင့်စောင်းပြုပါ၊
တောရဲ့သစ်ရွက်တွေလို ငါ့သစ်ရွက်များ ကြွေလေလည်း ဘာအရေးလဲ

ထင်းရှူးပင်ရိပ်
သင်ရဲ့ အားကောင်းလှတဲ့ ဂီတသံများရဲ့ ရုန်းရင်းခတ်မှုဟာ

နှစ်ဦးလုံးထံမှ ဝမ်းနည်းမှု ပြွမ်းပေမယ့် ချိုသာတဲ့ နက်နဲတဲ့ သရဒ
တေးသံတစ်သံရရှိပါလိမ့်မယ်။ ကြမ်းတမ်းတဲ့ ဝိညာဉ်ငဲ့၊ သင်ဟာ
ငါ့ဝိညာဉ်ဖြစ်ပါဘိ။ သင်ဟာ ငါဖြစ်ပါဘိ၊ ထန်ပြင်းသူငဲ့။

အသစ်မွေးဖွားခြင်းတစ်ခု မြန်ဆန်စေဖို့ ရော်ရွက်များပမာ
စကြာဝဠာတစ်လွှားမှာ ငါ့အတွေးအခေါ်သေများကို လွှင့်ပေးပါ။
ပြီး ဒီကဗျာကို သရဇ္ဈာယ်ခြင်းအားဖြင့်

မငြိမ်းသေတဲ့ မီးဖိုက ပြာများ- မီးပွားများပမာ
ငါ့စကားလုံးများကို လူသားထုကြား ဖြန့်ကြဲပေးပါ။
ငါ့နှုတ်ခမ်းများကတစ်ဆင့် မနိုးကြားသေးတဲ့ ကမ္ဘာမြေအဖို့
အတိတ်နိမိတ် တံပိုးဖြစ်ပါဘိ။ အိုလေ၊
ဆောင်းရောက်လာက၊ နွေဦးဟာ သိပ်ဝေးဝေးကျန်နေပါဦးမလား။

'အနောက်လေ'ဟာ ရှယ်လီရဲ့ အထိမိဆုံး ရသပေါင်းစုံ ပေးစွမ်းနိုင်ဆုံး ကဗျာတစ်ပုဒ်ပဲ။ တော်လှန်ရေးတေးသံကဗျာတစ်ပုဒ်လည်းဖြစ်တယ်။ ဒီကဗျာ ဖြစ်ပေါ် လာပုံနဲ့ ပတ်သက်ပြီး ရှယ်လီကိုယ်တိုင်က ဒီလိုပြောပြတယ်။ 'ဒီကဗျာကို (အီတလီ ပြည်) ဖလောရင့်စ်အနီး အာနိုမြို့စွန်က တောလေး တစ်တောထဲမှာ စိတ်ကူးရပြီး အများဆုံးလည်းရေးချခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနေ့က ပြင်းလည်းပြင်း၊ လှုပ်လည်းလှုပ်ရှ တဲ့အရှိန်အဟုန်နဲ့ ဒီမုန်တိုင်းလေဟာ သရဒမိုးအဖြစ်ရွာချစရာ ရေခိုးရေငွေ့ တွေကို စုဆောင်းနေချိန်ဖြစ်တယ်။ ကျွန်တော် ကြိုတင် ထင်ခဲ့တဲ့ အတိုင်းပဲ နေဝင်ချိန်မှာ မိုးသီးမိုးပေါက်တွေနဲ့ ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုအဖြစ် စတင်လာပြီး ဆီဆာပင်ဒေသတွေမှာသာ ထူးထူးခြားခြား ကြုံရတဲ့ ခမ်းခမ်းနားနား မိုးသီးမိုးပေါက် တွေနဲ့ ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုအဖြစ် စတင်လာပြီး ဆီဆာပင် ဒေသတွေမှာသာ ထူးထူးခြားခြား ကြုံရတဲ့ခမ်းခမ်းနားနား မိုးထစ်ချုန်းသံတွေ၊ လျှပ်စီးလျှပ်နွယ်တွေ ရောပါလာပါတယ်'။

ကဗျာရဲ့ ဆိုလိုရင်း အကျဉ်းချုပ်ကတော့ ကဗျာဆရာဟာ လူ့လောက သာယာဝပြောရေးအတွက် မြင့်မားတဲ့ ရည်ရွယ်ချက်တွေ ရှိပေမယ့် ဘဝလမ်းအဆင် မပြေဘဲ စိတ်ပျက်လက်ပျက်ဖြစ်နေရချိန်ဖြစ်တယ်။ သူ့အတွေးအခေါ်တွေကို

ကမ္ဘာမှာ ဖြန့်ချိကာ လူမှုတော်လှန်ရေးကြီးတစ်ရပ် ပေါ်ပေါက်လာစေချင်ပေမယ့် အာမှ မတတ်နိုင်ဘဲ ဒီတိုင်းထိုင်ကြည့်နေရချိန်ဖြစ်တယ်။ အဲဒီအချိန်မှာ အနောက်လေကို သွားတွေ့တယ်။ နောက် လေဟာ အင်မတန်အင်အားကောင်းတဲ့ သဘာဝစွမ်းအား တစ်ခုဖြစ်ပြီး အဟောင်းတွေဖြိုဖျက်၊ အသစ်တွေဖန်ဆင်းကာ ဩကာသလောကမှာ မဟာတော်လှန်ရေးကြီးတစ်ရပ် ဆင်နွှဲလေ့ရှိသူဖြစ်တယ်။ ဒီတော့ ကဗျာဆရာက မိမိကို သူ့ရဲ့စောင်းအဖြစ် အသုံးပြုပြီး မိမိအတွေးအခေါ် တွေကို လူ့လောကမှာ ဖြန့်ဖြူးပေးပါ။ ဆောင်းရာသီကြမ်းပြီးလျှင် သာယာတဲ့ နွေဦးရာသီရောက်လာသလို ဖိနှိပ်မှု၊ သွေးစုပ်မှု ခေတ်ကြီးပြီးလျှင် သာယာဝပြောတဲ့ ခေတ်သစ်တစ်ခုလာမြဲဖြစ်ရမယ့်အတိုင်း ကမ္ဘာမှာလူမှုတော်လှန်ရေးကြီးတစ်ရပ် ပေါ်ပေါက်လာအောင် လှုံ့ဆော်ပေး ပါလို့ အနောက်လေကို တိုင်တည်ထားခြင်းဖြစ်ပါတယ်။ (အနောက်လေဆိုတာ သရဒရာသီမှာ တိုက်ခတ်လေ့ရှိတဲ့ လေပြင်းကို ပြောခြင်းဖြစ်ပါတယ်။ ဝသန္တရာသီ မှာတိုက်တဲ့လေနုအေး အနောက်လေလည်း ရှိသေးရဲ့။ အဲဒါကို ရှယ်လီက 'သင့်ရဲ့ ဝသန္တရာသီသူ ပြာလဲ့လဲ့ညီမ'လို့ ခေါ်ထားပါတယ်)

ဒီကဗျာမှာ အပိုဒ် ၅ ပိုဒ်ပါတယ်။ ဒီအပိုဒ် ၅ ပိုဒ်ကို ဒီလိုပိုင်းပြီး နားလည်အပ်တယ်။ အပိုဒ် ၁ က အနောက်လေရဲ့ ကုန်းမြေပေါ်မှာ စွမ်းပကား၊ အပိုဒ် ၂ က ကောင်းကင်မှာ စွမ်းပကား၊ အပိုဒ် ၃ သမုဒ္ဒရာပြင်ပေါ်မှာ စွမ်းပကား၊ ပိုဒ် ၄ က ကဗျာဆရာရဲ့ ဘဝအခြေအနေ၊ အပိုဒ် ၅ က အနောက်လေသို့ တိုင်တည်ချက်။

ကုန်းမြေပေါ်မှာ အနောက်လေ အစွမ်းပြပုံ ဖော်ပြတဲ့ အပိုဒ် ၁ မှာမှ ၂ပိုင်း ခွဲနိုင်ပြန်တယ်။ တစ်၊ သရဒရာသီရဲ့ ရော်ရွက်ဟောင်းတွေကို တိုက်ထုတ်သွားခြင်း၊ နှစ်၊ နွေဦးဝသန္တရာသီမှာ ပွင့်လန်းလာမယ့် သစ်စေ့များကို ကြဲဖြန့်ခြင်း။ ပြင်းထန် ကြမ်းတမ်းမောက်လာလှတဲ့ အနောက်လေကို 'အို အနောက်လေရိုင်း'လို့ ကဗျာဆရာက ခေါ်ဝေါ်လိုက်တယ်။ သတ္တဝါမှာ လေကို ရှူရှိုက်ခြင်းသာ အသက်မည်သလို သင်ဟာသရဒရာသီရဲ့ 'အသက်ငွေ့'ပါပဲတဲ့။ ပရိတ်ရွတ်သူ ထံပါးမှ တစ္ဆေသရဲတွေ 'ဒူရေ ဒူရေ သွားဟုံဟုံ' ဖြစ်ကုန်သလို မမြင်ရတဲ့ သင့်ထံပါးက လည်း ရော်ရွက်တွေလွင့်ထွက်ပြေးကြရတယ်တဲ့။ ရော်ရွက်ကို 'အသေ'လို့ ဆိုလိုက်တာဟာ 'တစ္ဆေ'ဆိုတဲ့ ဥပမာနဲ့ ဟပ်မိနေပါတယ်။ ရော်ရွက်တွေဟာ အဝါ၊ အနက်၊ နီမောင်းမောင်းရောင်စုံပဲ။ အရောင်ဖျော့ဖျော့တွေဆိုတော့ 'ရောဂါဆိုး စွဲကပ်'ပြီး

သေရတဲ့ မသာတွေလိုပဲပေါ့။ များလွန်းတဲ့ အတွက် 'ဗိုလ်ခြေ'တွေလို့သုံးတယ်။ တစ်ခါ အနောက်လေဟာ သစ်စေ့များကိုလည်း သူတို့ဆောင်းလမှာ အိပ်စက်နေကြမယ့် အိပ်ရာမြေကြီးဆီယာဉ်နဲ့ သယ်သလို သယ်ယူဖြန့်ဖြူးပေးသေးတယ်။ သစ်စေ့လေးတွေ ကလေထဲမှာ ဝဲကာ ပျံတာမို့ 'တောင်ပံတပ်'သစ်စေ့များလို့ ခေါ်လိုက်တယ်။ မြေကြီး ထဲဝင်အောင် အိပ်စက်နေရမှာမို့ 'မည်းမှောင်မှောင် အိပ်ရာ' လို့ ဖွဲ့တယ်။ အဲသလို သစ်စေ့လေးတွေ မြေကြီးထဲ အိပ်စက်နေကြတာဟာဖြင့် သင်္ချိုင်းက မြေပုံထဲမှာ အလောင်းတွေ လဲလျောင်းနေတာနဲ့ တူပါဘိတော့။ ဒီလို သူတို့ အိပ်နေကြရာက ဝသန္တရာသီရောက်လာတဲ့ခါ အခုအနောက်လေရဲ့ ညီမဖြစ်သူ လေနုအေး အနောက် လေ ရောက်လာပြီး အိပ်မက်မက်နေတဲ့ ကမ္ဘာမြေပေါ်မှာ တံပိုးမှုတ်လိုက် ပါတော့ တယ်။ သိုးကျောင်းသားက ခြံထဲက သိုးလေးတွေကို အစာစားဖို့အပြင် ထွက်ကြတော့ လို့အချက်ပေး တံပိုးမှုတ်လိုက်တဲ့အတိုင်းပါပဲ။ အဲဒီတော့ ခုနက သစ်စေ့လေးတွေ ဘဝကနေ လှပတဲ့ ဖူးငုံလေးတွေ လေထုထဲထိုးထွက်လာကြမယ်။ လွင်ပြင်တွေ တောင်ကုန်းတွေမှာ သက်ဝင်လှုပ်ရှားလာတဲ့ ပန်းလေးတွေရဲ့ ဆေးရောင်တွေ ရနံ့တွေ ပြည့်လျှမ်းသွားပေလိမ့်မယ်။ ဒါကြောင့် အနောက်လေဟာ (ရွက်ဟောင်းတွေကို ဖြိုခွင်းပစ်သူမို့) ဖျက်ဆီးသူလည်း ဟုတ်ရဲ့။ (သစ်စေ့လေးတွေကို အပင်ပေါက် ပွင့်လန်းလာတဲ့ထိ ထိန်းသိမ်းပြုစုပေးသူမို့) ထိန်းသိမ်းသူလည်း ဟုတ်ရဲ့။

ဒုတိယအပိုဒ်မှာ ကောင်းကင်တခွင် အနောက်လေရဲ့ တန်ခိုးစွမ်းပြပုံကို သုံးပိုင်းခွဲပြီး ဖွဲ့ဆိုထားပါတယ်။ (၁) မြင့်မားလှတဲ့ ကောင်းကင်ကို မတ်စောက်လှ တယ်လို့ခေါ်လိုက်ပါတယ်။ ကောင်းကင်မှာမငြိမ်သက်ဘူး၊ ရုတ်ရက်ခတ်နေတယ်။ ဒီရုတ်ရက်ခတ် ကောင်းကင်မှာမှ အနောက်လေဟာ ရေအလျင်လို စီးနေတယ်။ ဒီရေအလျင်မှာမှ တိမ်တိုက် အလွတ်တွေဟာ ရော်ရွက်များ မြေပြင်မှာ လွင့်သလို လွင့်မျောနေကြတယ်။ ဒီတိမ်အလွတ်ဆိုတဲ့ ရော်ရွက်တွေဟာ ကောင်းကင်နဲ့ သမုဒ္ဒရာဆိုတဲ့ သစ်ပင်ကြီးရဲ့ ယှက်လိမ်နေတဲ့ သစ်ကိုင်းများ လှုပ်ခါလိုက်ရာမှာ ကြွေကျလာကြတာပါ။ သူတို့ဟာဖြင့် မိုးနဲ့လျှပ်ပန်းလျှပ်နွယ်များရဲ့ တမန်များမှာပဲ။ (မုန်တိုင်းထန်နေတဲ့အခါ ကောင်းကင်နဲ့ ရေပြင်အစပ် မိုးကုတ်စက်ဝိုင်းဆီမှာ တိမ်လိပ်မိုးသားတွေနဲ့ ရောထွေးယှက်တင်ဖြစ်နေတာမို့ 'တစ်ပင်ကို နှစ်ပင် ယှက်'နေတဲ့ သစ်ပင်သစ်ကိုင်းများသဖွယ် မြင်ရပါတယ်) (၂)အနောက်လေ ဟာ ကြွချီ တက်ချီ ဖြစ်နေတဲ့ လေလှိုင်းလုံးကြီးတစ်ခုနဲ့တူတယ်။ တိမ်တိုက်တစ်ခု ကွယ်ထားခြင်း မရှိလျှင် သူ့ကို မြင်ရတာဟာ (ကောင်းကင်ရဲ့ အရောင်အတိုင်း)

ပြာလဲ့လဲ့ပဲပေါ့။ ဒီကြွတက် နေတဲ့ လေလှိုင်းလုံးကြီးရဲ့ မျက်နှာပြင်ပေါ်မှာ မုန်တိုင်းရှေ့ပြေး တိမ်မြွှာ တိမ်မျှင် လေးတွေတက်လာနေကြတယ်။ မှုန်ဝါးဝါး ဖြစ်နေတဲ့ မိုးကုတ်စက်ဝိုင်းကနေ မိုးပေါ်က အမြင့်ဆုံးအမှတ် (ဇင်းနစ်သ်)အထိပါဘဲ။ မဲနဒ်နတ်သမီးများအရှူးအမူးကတဲ့ခါ သူတို့ရဲ့ဆံမျှင်များ လေထဲ တလွင့်လွင့် ဖြစ်နေတာနဲ့တူတယ်။ (၃) သရဒရာသီမှာ တိုက်ခတ်တဲ့အနောက်လေဟာ ကုန်ဆုံးဆဲ နှစ်အဖို့ မသာတေးသံပါပဲ။ ဒီနှစ်ဟာ သင်္ချိုင်းဂူထဲရောက်သွားရင် အဲဒီသင်္ချိုင်းဂူရဲ့ အမိုးခုံးကခု မုန်တိုင်းထနေတဲ့ ညပဲဖြစ်လိမ့်မယ်။ အဲဒီအမိုးခုံးကြီးကို အနောက်လေက စုပေါင်းဖွဲ့စည်းထားတဲ့ရေခိုးရေငွေ့ထုကြီး က ခုံးခံပေးနေလိမ့်မယ်။ ဒီရေခိုးရေငွေ့ထုကြီးဟာ သိပ်သည်းလာပြီး မိုးတိမ်ဖြစ်သွားရာက (မည်းမှောင်တဲ့ ကောင်းကင်က လာတာမို့) မည်းနက်တဲ့မိုးတွေ၊ မီးလျှံလိုလျှပ်တွေ၊ မိုးသီးတွေ ပေါက်ကွဲ ထွက်လာပါလိမ့်မယ်တဲ့။

တတိယပိုဒ်က သမုဒ္ဒရာပေါ် အနောက်လေ တန်ခိုးပြပုံကို ဖော်ကျူးပါတယ်။ ဒီမှာလည်း သုံးပိုင်းပဲ။ (၁) နွေရာသီမှာ ငြိမ်လို့မို့ အိပ်မောကျသလိုဖြစ်နေတဲ့ မြေထဲပင်လယ်ကို နိုးထလာစေတယ်။ မြေထဲပင်လယ်ဟာ ဘိုင်းယီး ပင်လယ်အော်က ချော်ရည်ကျွန်းကလေး (အနားမှာ ဗဲဆုဗီယ မီးတောင်ရှိတယ်၊ မီးတောင်ရဲ့ ချော်ရည်က ဖြစ်နေတဲ့ကျွန်း) ဘေးမှာ လဲလျောင်းအိပ်ပျော်နေတယ်။ ကျောက်သလင်းကို ကြည်လင်တဲ့ ရေစီးကြောင်းတွေရဲ့ ဆူမြည်သံက သူ့ကို ချော့သိပ်နေပါသတဲ့။ ဘိုင်းယီးပင်လယ်အော်မှာ ရှေးခေတ်က ရောမတွေ ဆောက်ခဲ့တဲ့ အဆောက်အဦတွေ ရေမြှုပ်နေတာကို ကြည်လင်တဲ့ ကမ်းစပ်ရေပြင်ထဲမှာ မြင်ကြရတယ်။ ရေထဲက အလင်းဟာ ရေပေါ်က အလင်းထက် ပိုလင်းတယ်။ ပိုလင်းအားသည်းထန်တယ်ဆိုတယ်။ အဲဒီ ရေတွင်းအလင်းရောင်ထဲမှာ ရေက လှုပ်ရှားနေသမို့ ခုနက ရှေးဟောင်းအဆောက်အဦပျက်တွေဟာလည်း တုန်ခါနေကြသယောင်ပါဘဲ။ သူတို့အပေါ်မှာ ရေညှိပင်တွေ ပင်လယ်ပန်းပင်တွေပေါက်နေကြတယ်။ ဒီပင်လယ်တွင်း သစ်ပင်လေးတွေကလည်း ဘယ်လောက်တောင် လှလိုက်သလဲဆိုလျှင် သူတို့ကို မျက်စိထဲမှာ မြင်ယောင် ကြည့်မယ်ဆိုရင်ပဲ စက္ခု အာရုံက မလိုက်နိုင်ဘဲ 'လက်မှိုင်ချ'ရလိမ့်မယ်တဲ့။ မြေထဲ ပင်လယ်ဟာ အိပ်ပျော်ရင်းက ဒီအဆောက်အဦပျက်တွေကို အိပ်မက်ထဲမှာ မြင်ယောင်နေတယ်။ ဒါကိုမှ အနောက်လေက သွားလှုပ်နှိုးလိုက်ပါတယ်။ (၂) အနောက်လေ တိုက်ခတ် လိုက်တော့ အတ္တလန်တိတ် သမုဒ္ဒရာမှာ ရေမလှိုင်းကြီးတွေ ဖြစ်ပေါ်လာရတယ်။ လှိုင်းလုံးတစ်ခုနဲ့ တစ်ခုကြားမှာ

ရောမချိုင့်ကြီးတွေဖြစ်ကုန်တာပေါ့။ ဒါကိုပဲ ကဗျာဆရာက အနောက်လေကို လမ်းဖောက်ပေးတဲ့ အနေနဲ့ အတ္တလန်တိတ် သမုဒ္ဒရာရဲ့ တပြေးညီတဲ့ ရေမျက်နှာပြင်ဟာ (အားကောင်းတဲ့ ရေတွေမို့ 'အင်အားစုများ'လို့ ခေါ်ထားတယ်) ပြိုကွဲပေးရပြီး ချောက်ကြီးတွေ ဖန်တီးပေးရပါတယ် တဲ့။ (၃) ဟိုပင်လယ်ပြင်အောက်ခြေမှာ ပင်လယ်တွင်း ပေါက်ရောက်တဲ့အပင်တွေရှိတယ်။ သူတို့မှာ အစေးမရှိဘူး။ ဒီပင်လယ်အောက် သစ်ပင်တွေဟာ ကုန်းပေါ်ကအပင်တွေနဲ့ အတူ ရာသီအလိုက် (အရွက်ကြွေတာလို) ပြုပြင်ပြောင်းလဲတာတွေရှိတယ်။ ဒါကို ကဗျာဆရာက ဒီသစ်ပင်တွေဟာ သင့်အသံကိုသိကြတယ်။ ဒါနဲ့ လန့်ဖျပ်ပြီး အရောင်ရော်ကုန်ကြ၊ တုန်လှုပ်ကြ၊ အစိတ်အပိုင်းတွေပြုတ်ကျကြ ဖြစ်ကုန်တယ်လို့ ဖွဲ့ပါတယ်။

စတုတ္ထအပိုဒ်ကတော့ ကဗျာဆရာရဲ့ အဖြစ်ဆိုးပုံကို ဖော်ပြတဲ့အပိုဒ်ပါပဲ။ ကဗျာဆရာက သူသာ သစ်ရွက်တစ်ရွက် တိမ်တိုက်တစ်တိုက်၊ လှိုင်းတစ်လှိုင်း၊ ကလေးငယ်လေး ဖြစ်ခဲ့လျှင်ခုလိုအနောက်လေထံ အသနားခံမနေပါဘူးတဲ့။ တခါတည်း သူနဲ့လိုက်ပါ သွားရမှာပေါ့တဲ့။ ခုတော့ အဲသလိုမဟုတ်တဲ့အတွက် သူ့ကို ခေါ်သွားပါလို့ ပန်ကြား လိုက်တယ်။ သူဟာ ဘဝဆူးခက်များအပေါ် လဲကျနေလို့မို့ သွေးရှင်ရှင် ယိုစီးနေရပါပြီတဲ့။ သူ့စိတ်သူ့မာနတွေကလည်း ကာလရှည်ကြာ ဒုက္ခခံစားရမှုက မွှမွခြေပစ်ခြင်းခံနေရပါပြီတဲ့။

ပင်လယ်ပေါ် မုန်တိုင်းကျတော့ လှိုင်းတွေထပြီး ပင်လယ်ပြင်ဟာ ကွဲချိကျချိဖြစ်နေတယ်။ ဒါကို 'သင်တန်ခိုးရှိန်အောက်မှာ သက်ပြင်းရှိုက်ကာ' လို့ ဖွဲ့ပါတယ်။ လှိုင်းတွေကို လေက သယ်သွားသလိုရှိတယ်။ ဒါကို 'သင့်ခွန်အားရဲ့ လှုပ်ရှားမှုကို ဝေမျှယူ'တယ်လို့ဆိုတယ်။ လှိုင်းဆိုတာလည်း ဟိုလူး သည်လိမ့်နဲ့ လွတ်လွတ်လပ်လပ် လှုပ်ရှားတာပဲ၊ ဒါပေမယ့် လေလိုတော့မလွတ်လပ်ပေးဘူးပေါ့။ ဒါကြောင့် 'သင့်လောက်သာ မလွတ်လပ်သူ'လို့ဆိုတယ်။ ငယ်ငယ်ကလေးဘဝတုန်းကလည်း စာဆိုဟာ လွတ်လွတ်လပ်လပ် ခုန်ပေါက်ပြေးနေတာပဲ။ လေနဲ့အပြေးပြိုင်လျှင် နိုင်မယ်ဆိုတာ စိတ်ကူးယဉ်အိပ်မက်မဟုတ်ဘူး၊ တကယ်ဖြစ်နိုင်တယ်လို့ ကလေးကထင်တယ်။ အဲဒီလို ကလေးဆိုလျှင်လည်း သင်နဲ့ ရဲဖော်တစ်ဦးလို ပြေးလိုက်နေပါရဲ့လို့ 'သင့်ကောင်းကင်. . . ဖြစ်နိုင်ခဲ့လျှင်' စတဲ့စာကြောင်းများက ဆိုလိုတယ်။ ကဗျာဆရာဟာ အနောက်လေနဲ့တူတာ သုံးခုရှိတယ်၊ 'ပုံပြင်မရဘူး'= စည်းကမ်းဥပဒေတွေကိုမုန်းတယ်။ 'လျင်မြန်တယ်'= စိတ်ထက်တယ်၊ ဝေါဝေါ ဒိုင်းဒိုင်း လုပ်တတ်တယ်။ 'မာနထန်တယ်' = အနိုင်မခံ မဟုတ်မခံစိတ်ရှိတယ်။ ခုတော့

ဒီလိုစိတ်မျိုးရှိတဲ့သူ့ကို ကာလရှည်ကြာ ဒုက္ခခံရခြင်းများက မတိုးတက်အောင် ဟန့်တားထားတယ် (တုပ်နှောင်)၊ စိတ်ဓာတ်ကျဆင်းစေတယ်။ (ဦးနှိမ်)။

နောက်ဆုံးအပိုဒ်ကတော့ အနောက်လေကို တောင်းခံခန်းပါပဲ။ လေတိုက်ဖြတ်သွားတဲ့ခါ တောထဲမှာ သစ်ရွက်တွေလှုပ်ရှားပြီး အသံမြည်တာပေါ့။ ဒါကိုပဲ အနောက်လေက တောကို စောင်းအဖြစ် တီးခတ်တယ်လို့ တင်စားထားတယ်။ အလားတူပဲကဗျာဆရာက သူ့ကိုလည်း စောင်းပြုလုပ်တီးခတ်ပါတဲ့။ အနောက်လေဆီက 'စျာန်'ရပြီး ကဗျာရေးစေတာကို ပြောတာပါ။ တောမှာ သစ်ရွက်တွေ ကြွေရသလို သူ့မှာလည်း လူ့စွမ်းအင်တွေ ကြွေနေရပြီဖြစ်ပေမယ့် သူမမှုပါဘူးတဲ့။ အနောက်လေရဲ့ဂီတက ပြင်းထန်တယ် ရှန်းရင်းခတ်နေတယ်။ ဒီကြမ်းတမ်းမှုထဲကို တောနဲ့ စာဆိုတို့ရဲ့ အဆွေးဓာတ်ပါခဲ့ပေမယ့် ချိုသာတဲ့ တေးသံကိုသာ ပေါင်းစပ်ပေးလိုက်ရရင်၊ အလွှန်လှပလာပါလိမ့်မယ်တဲ့။ ကဗျာဆရာက သူဟာ အနောက်လေရဲ့ စွမ်းပကားမျိုး အားမန်မျိုး ရှိစေချင်မိတယ်။ ကမ္ဘာမှာ လူမှုအဆောက်အအုံပြောင်းလဲ ရမှာကတော့ ဓမ္မတာပဲ။ ဒါပေမယ့် လူ့အဖွဲ့အစည်း သစ်ဟာ မြန်မြန်ပေါ်ထွန်းစေချင်တယ်။ မြန်မြန်ပေါ်အောင် တော်လှန်ရေးလုပ်ရ မယ်။ အဲသလို တော်လှန်ရေးလုပ်ဖြစ်ဖို့ သူ့အတွေးအခေါ်တွေကို ကမ္ဘာမြေတစ်လွှားမှာ ဖြန့်ဖြူးပေးပါလို့ အနောက်လေကို ပန်ကြားလိုက်တယ်။ ရှယ်လီမှာ တော်လှန်လိုတဲ့ အတွေးအခေါ်တွေရှိတယ်။ ဒါပေမဲ့ ဘာမှအကောင်အထည်မဖော်ဖြစ်ဘူး။ ဒါကြောင့် 'သေ'နေတယ်လို့ ဆိုပါတယ်။ သူ့စကားလုံးတွေဟာ 'မီးပွား'တွေပါ။ လုံးဝ မသေသေးပါဘူး။ ဒီ 'မီးပွား'စကားလုံးတွေကို ဒီကဗျာကတဆင့် လူ့လောကမှာ ဖြန့်ကြဲပေးပါတဲ့။ ကမ္ဘာကြီးဟာ မနိုးကြားသေးဘူး။ ဒီမနိုးကြားတဲ့ ကမ္ဘာကို 'ထလော့' လို့ တံပိုးမှုတ်သလို သူ့ကဗျာတွေ (ငါ့နှုတ်ခမ်းများ)ကနေ လှုံ့ဆော်လိုက်ပါတဲ့။ 'အတိတ် နိမိတ်တံပိုး' ဆိုတာက ခေတ်သစ်တစ်ခုပေါ်ထွန်းလာတော့မယ်လို့ နိမိတ်ဖတ်ဟစ်ကြွေးတဲ့ တံပိုးလို့ဆိုလိုပါတယ်။ ဆောင်းရာသီဆိုတာ နှင်းတွေကျ သစ်ပင်ငယ်တွေကြေနဲ့ ဒုက္ခရောက်ရတဲ့ရာသီ။ နွေဦးဆိုတာက သစ်ပင်ပန်းမန်တွေ ပြန်လည်လန်းဆန်းရတဲ့ရာသီ။ နွေဦးဆိုတာက သစ်ပင် ပန်းမန်တွေ ပြန်လည် လန်းဆန်းရတဲ့ရာသီ။ အခုဆောင်းဦး (သရဒ)၊ တော်ကြာဆောင်း။ ဆောင်းချင် ဆောင်းပစေ နွေဦးဟာ ဘာဝေးတော့သလဲ၊ မုချရောက်လာရမှာပဲတဲ့။ ဆိုလိုတာက ကနေ့ခေတ်ဟာ ဖိနှိပ်ခြင်း၊ သွေးစုပ်ခြင်း၊ မတရားခြင်း စသဖြင့် လူမှုဒုက္ခ ပင်လယ် ဝေတဲ့ခေတ်။ ဒီလိုခေတ်ဆိုးရောက်လျှင် လွတ်လပ်တဲ့၊ သာယာဝပြောတဲ့ ခေတ်သစ်ဟာ ဘာဝေးတော့

မှာလဲ မုချရောက်လာရမှာပေါ့တဲ့။

ဒီကဗျာမှာ ရုပ်ပုံတွေဟာ တစ်ခုကတစ်ခု အမြန်အဆန် ကူးပြောင်းသွားကြတယ်။ လေတက်လိုက် ကျလိုက်ဖြစ်လာတာကိုလည်း ဝါကျရှည်ကြီးတွေနဲ့ ဖော်ကျူးထားတယ်။ (ဘာသာပြန်မှာ သဒ္ဒါအဆောက်အအုံချင်းမတူတာမို့နှမြောမြောနဲ့ပဲ ဖြတ်ပစ်လိုက်ရပါတယ်) အသံနဲ့ကာရန်စနစ်ကလည်း ရတုရာသီနဲ့ လိုက်ဖက်မောလှတယ်။ အလင်္ကာတွေသုံးထားတာဟာ အံ့ဝင်ခွင်ကျဖြစ်နေတယ်။ ဝိသေသနပုဒ်တွေကလည်း တခုမှ အပိုမရှိဘူး။ လိုအပ်လို့ ထည့်ထားရတာချည်းပဲ။ ဖြုတ်စရာကိုမရှိဘူး။ ဖောင်းပွတဲ့စကားလုံးလှလှလေးတွေနဲ့ ရုပ်ပုံကို နစ်မွန်းမသွားစေဘဲ ရှင်းရှင်းရိုးရိုးစကားလုံးတွေနဲ့ အင်မတန် အားကောင်းအောင်မြင်တဲ့ ရုပ်ပုံများဖော်ကျူးထားတာဟာ အတုယူစရာဖြစ်ပါတယ်။ ရှယ်လီဟာ နိမိတ်ဖတ်တတ်တဲ့ ကဗျာဆရာတစ်ဦးလို့ ပြောလေ့ရှိကြတယ်။ ဒီကဗျာဟာ ပြည်သူ့ခေတ်၊ ဒီခေတ်ရောက်အောင် သွားမယ့် တော်လှန်ရေး၊ ဒီတော်လှန်ရေးရဲ့ ကြမ်းတမ်းခက်ထန်ပြီး အားကောင်းတဲ့ သရုပ်ကို နိမိတ်ဖတ်ထားတာလို့ဆိုနိုင်ပါတယ်။

❖

**သို့**

**အသံနုနုလေးများ သေဆုံးတဲ့ခါ ဂီတဟာ**
**အမှတ်ရစိတ်ထဲမှာ တုန်ခါလို့နေတယ်၊**
**ဗိုင်းယလက်လှတို့ နာဖျားတဲ့ခါ မွှေးရနံ့များဟာ**
**သူတို့ကြောင့်မြန်ဆန်လာတဲ့အာရုံထဲမှာ အသက်ရှင်နေကြတယ်၊**
**နှင်းဆီပွင့်သေဆုံးတဲ့အခါ နှင်းဆီရွက်များဟာ**
**ချစ်သူ့စက်ရာအဖြစ် ပုံစုပေးကြတယ်၊**
**ဒီလိုပဲ မင်းမရှိတဲ့ခါ၊ မင်းကို သတိရခြင်းများမှာ**
**မေတ္တာတရားဟာ မှေးစက်ပါလိမ့်မယ်၊**

ညင်သာတဲ့ ဂီတသံလေးများ မကြားရတော့ပြီဖြစ်ပေမယ့် ဂီတဟာ စိတ်ထဲက ပျောက်မသွားဘူး။ တုန်ခါမြဲ တုန်ခါနေတယ်။ ဗိုင်းယလက် ပန်းလေးတွေ နွမ်းလျ ကုန်ကြပြီဖြစ်ပေမယ့် မွှေးရနံ့များကတော့ ခံစားရသူရဲ့ အာရုံထဲက ပြယ်မသွား သေးဘူး။ ဒီအာရုံဟာလည်း သူတို့ကို ရှူရှိုက်ရတဲ့အတွက် ပိုပြီးသွက်လာရတယ်။ ထက်သန်လာခဲ့ရတယ်။ နှင်းဆီပွင့်မရှိတော့တဲ့အခါမှာလည်း နှင်းဆီရွက်ကလေးများ ရှိသေးတယ်။ သူတို့ကို စုပုံပြီး အိပ်ရာလုပ်ကာ ချစ်သူအိပ်စက်ရတယ်။

ဒီအတိုင်းပါပဲ မင်းမရှိတော့တဲ့ အခါမှာလည်း မင်းကိုသတိရတဲ့ စိတ်တွေကိုအိပ်ရာသဉ္ဇာပြုပြီး ငှါမေတ္တာတရားက မှေးစက်ပါလိမ့်မယ်တဲ့။

❖

**ဂီတ**

**ဦးနှောက်ရိုင်းလာတဲ့ထိ ဝိညာဉ်သောက်သုံးရာ**
**မျက်ရည်စမ်းရဲ့ ငွေသောတံ။**
**မိခင် 'ဒုက္ခ'ဟာ အိပ်ချင်မူးတူး ကလေးလို**
**ပန်းပွင့်တို့ကြား လဲလျောင်းအိပ်စက်ရာ**
**သောကတစ်ထောင်တို့ရဲ့ အနူးညံ့ဆုံး သချိုင်း။**

ဂီတကို ဥပမာနှစ်ရပ်နဲ့ ဖွဲ့ပါတယ်။ တစ်-ဂီတဟာ မျက်ရည်တွေတွေကျဆင်းလာတဲ့ စိမ့်စမ်းတခုကိုဖွင့်ရာ ငွေသောတံတစ်ချောင်းဖြစ်တယ်။ ဒီမျက်ရည်တွေကို ဝိညာဉ်ကသောက်သုံးလာလိုက်တာ (အလွမ်းအဆွေးတွေခံစားလာလိုက်တာ) နောက်ဆုံး ရူးချင် မူးချင်များတောင် ဖြစ်လာရတယ်တဲ့။ နှစ်-ဂီတဟာ သောကဗျာပါဒတို့ကို သင်္ဂြိုဟ်မြေမြှုပ်ရာ သချိုင်း၊ အင်မတန်လည်း နူးညံ့သိမ်မွေ့တဲ့ သချိုင်းဖြစ်တယ်။ ဒီသချိုင်းနံဘေး ပန်းပွင့်တို့ကြားမှာ သောက ဗျာပါဒ အားလုံးတို့ရဲ့ မိခင်ဖြစ်သူ 'ဒုက္ခ'ဟာလည်း အိပ်ချင်မူးတူး ကလေးငယ်လို လဲလျောင်း အိပ်စက်နေတယ်တဲ့။ ဂီတသံကြောင့် သောကဗျာပါဒအပေါင်းမှ သက်သာရာရတယ်။ တကယ်တော့ 'ဒုက္ခ' ကင်းငြိမ်းရတာမဟုတ်ဘူး၊ ဒုက္ခဟာပဲ ဂီတငြိမ့်ငြိမ့်မှာ မေ့မေ့မောမော ဖြစ်နေရခြင်းပါ ဆိုတာကို ဖွဲ့တာပဲ။

❖

**လသို့**

**မိုးပေါ်တက်ရကာ မြေပေါ်ငေးရကာ**
**ဇာတိအမျိုးမျိုးရှိကြတဲ့ ကြယ်တို့ကြား**
**အဖော်မပါ လူးလာနေရသမို့**
**နွမ်းလျခြင်းဖြင့် ဖြူရော်နေရော့လား**
**မိမိတည်တံ့မှုနဲ့ တန်တဲ့အရာမတွေ့ရလို့**
**ပျော်ခြင်းမဲ့ မျက်လုံးပမာ၊ အမြဲပြောင်းနေရော့လား။**

**လဆုတ်ရက်လ**

လွင့်ပါးဆဲ ဦးနှောက်ရဲ့ ရှုးသွပ်၊ ချိန့
လူးလာမှုများက ဦးဆောင်လို့မို့ ခန်းမထဲကနေ
ပုဝါပါးကိုရုံကာ၊ ဒယီးမယိုင် ထွက်လျှောက်လာတဲ့
ဝန်လျလျ ဖြူရော်ရော်၊ သေအံ့မူးမူး မိန်းမပမာ
မှောင်မဲမဲ အရှေ့ခွင်မှာ လတက်လာတယ်။
ဖြူဖွေးဖွေး သင်္ချိုင်းပုံတော တိမ်မိုက်တွေ။
ဖြူဖွေးဖွေး သဏ္ဍာန်မဲ့ ဒြပ်စုတစ်စု။

လဖွဲ့ကဗျာတို နှစ်ပုဒ်ပါပဲ။ တစ်ခုနဲ့တစ်ခုအကြောင်းချင်းခြားနားပုံကို လေ့လာကြည့်ပါ။

**ကဗျာဆရာရဲ့အိပ်မက်**

သူ့အသက်ရှူမှုက ထိန်းထားတဲ့ အသံထဲမှာ
မေတ္တာ ပါရဂူတစ်ဦးလို အိပ်မက်မက်ရင်း
ကဗျာဆရာရဲ့ နှုတ်ခမ်းများပေါ်မှာ ငါအိပ်ခဲ့တယ်။
သူဟာအတည်မဲ့ သုခချမ်းသာကို ရှာလည်းမရှာ၊ တွေ့လည်းမတွေ့၊
အတွေးရဲ့ကန္တာရများမှာ ကျက်စားတဲ့ သဏ္ဍာန်များရဲ့
လေအနမ်းများကိုသာ စားသုံးလို့နေတယ်။
အိုက်ဗီပန်းပွင့်ထဲက ပျားဝါဝါများအပေါ်
ရေအိုင်ထဲ ရောင်ပြန်ဟပ်တဲ့ နေ့ကလင်းလက်နေတာကို
အရုဏ်ဦးကနေ ညမှောင်အထိ သူကြည့်မယ်၊
သူတို့ဘာတွေလဲလို့ ဂရုလည်းမစိုက် မြင်းလည်းမမြင်၊
ဒါပေမယ့် ဒါတွေကနေ သူဖန်ဆင်းနိုင်တယ်၊
သက်ရှိလူထက် သရုပ်မှန်တဲ့ သဏ္ဍာန်များ
သေခြင်းမဲ့တရားရဲ့ သားငယ်များ။

['ပရော်မီသယပ်စ်'မှ]

ပရော်မီသယပ်စရဲ့ ကြုံးပကား စကားထဲက ထုတ်နုတ်ထားတာဖြစ်ပါတယ်။ ပရောမီသယပ်စ်က သူဟာကဗျာဆရာရဲ့ နှုတ်ဖျားမှာ အိပ်ခဲ့တယ်။ ကဗျာမှာ

မွေ့လျော်တာကို တင်စားခြင်းပါပဲ။ ကဗျာဆရာ အသက်ရှူတော့ မှန်မှန်-မှန်မှန် မြည်နေတဲ့ ဖိုလှိုက်သံထဲမှာ မေတ္တာတရားအကြောင်း အိပ်မက်မက်ရင်း သူအိပ်ခဲ့တယ်လို့ ဖွဲ့ထားတယ်။ ကဗျာဆရာဟာ ရေပွက်ပမာဖြစ်တဲ့ လောကီသုခချမ်းသာကို ဖွေလည်းမဖွေရှာ၊ ရလည်းမရဘူး။ သူကစိတ်ကူးစိတ်တဲ့ ကန္တာရမှာ ကျက်စားတဲ့ သင်္ကေတန်များ၊ ရုပ်ပုံများရဲ့လေလို တကယ်မဟုတ်တဲ့ အနမ်းတွေနဲ့ပဲ မွေ့လျော်နေတယ်၊ နိမိတ်ပုံများနဲ့ပဲ ပျော်မွေ့နေတယ်လို့ ပြောတာပါပဲ။ ရေအိုင်ထဲမှာ နေဟာ ရောင်ပြန်ဟပ်ပြီး ထင်နေတယ်။ ရေအိုင်နံဘေးမှာ အိုက်ဗီပန်းပွင့်လေးရှိတယ်။ ပန်းပွင့်ထဲမှာ ပျားဝါဝါ လေးရှိတယ်။ အဲဒီ ပျားလေးပေါ် ရေအိုင်ထဲက နေရောင်ကလာပြီး လင်းနေတာကို ကဗျာဆရာဟာ မမောနိုင် မညီးနိုင် မနက်က နေဝင်ထိုင်ကြည့်နေမယ်။ သိပ္ပံရှင်လို ဒါတွေဟာ ဘာတွေလဲဆိုတာကိုတော့ အရေးလည်းမစိုက်ဘူး။ သိလည်းမသိမြင်ဘူး။ ဒါပေမယ့် ဒီရှုခင်းလေးတွေ ကြည့်ရာက နိမိတ်ပုံတွေဖန်ဆင်းမယ်။ သူ့နိမိတ်ပုံဟာ တကယ့်သက်ရှိလူထက်ပဲ သရုပ်မှန်ကြတယ်။ သေခြင်းကင်းတဲ့ ထာဝရတည်မယ့် ရုပ်ပုံတွေလည်း ဖြစ်ကြတယ်တဲ့။

ကဗျာဆန်လွန်းတယ်ထင်ရပေမယ့် အနုပညာဖန်ဆင်းမှုသဘော၊ ဖန်ဆင်းမှု စာပေရဲ့သဘော၊ စာပေ အနုပညာတို့ရဲ့စံပြဖြစ်ရ သရုပ်မှန်ရတဲ့ သဘောကို တိုတိုနဲ့ တင်ပြထားတဲ့ သံခိပ်ကဗျာတစ်ပုဒ်ပါပဲ။

**ပရောမိသယပ်စ်**

သက်ရှိသတ္တဝါတို့အနက် သင်နဲ့ငါတို့နှစ်ယောက်တည်းသာ
အအိပ်မဲ့ မျက်လုံးများနဲ့ ရှုမြင်နေရတဲ့ ဟို တောက်ပပြီး
လိမ့်လူးနေတဲ့ ကမ္ဘာများမှာ စုပြုံနေကြသသူ၊ တစ်ဦးကလွဲလို့
ဝိညာဉ်၊ နတ်၊ ဘီလူးအားလုံးတို့ရဲ့ ဘုရင်ငဲ့။ ဒူးထောက်ရှိခိုးခြင်း၊
ဆုတောင်းခြင်း၊ ဂုဏ်တော်ကျူးခြင်း၊ အလုပ်ကြမ်းလုပ်ခြင်း၊
ကွဲကြေတဲ့ နှလုံးသားများနဲ့ ယဇ်ပူဇော်ခြင်းတို့ကို သင်က
ကြောက်လန့်ခြင်း၊ ကိုယ့်ကိုယ်ကိုယ်ရှုတ်ချခြင်း၊ အချီးစီးမျှော်လင့်ခြင်းတို့နဲ့
တုံ့ပြန်လေတဲ့ သင့် ကျေးကျွန်များ ထူပြောနေရာဒီကမ္ဘာကိုကြည့်ဘိ။
သင့်ရန်သူဖြစ်တဲ့ငါ့ကို အမုန်းဖြင့် မျက်စိမဲ့စွာ၊ သင်ဟာ
ငါ့ဒုက္ခနဲ့ သင့်အချီးစီး ကလဲ့စားချေမှုအပေါ်
သင်မနှစ်မြို့ပါဘဲ မင်းမူစေခဲ့၊ အောင်ပွဲခံစေခဲ့လေပေါ့။

ထင်းရှူးပင်ရိပ်
အိပ်စက်ခြင်းဖြင့် ခိုနားရာမရတဲ့ နှစ်ပေါင်းသုံးထောင်
ပြင်းပြတဲ့ နာကျင်မှုများက ချိန်မှတ်ပေးနေသမို့ နှစ်များလို့
ထင်ရတဲ့ခဏတာများ၊ ညှဉ်းပန်းခံရခြင်းနဲ့ အထီးကျန်ရခြင်း၊
ရှုတ်ချခံရခြင်းနဲ့ အားပျက်မိခြင်း- ဒါတွေဟာ ငါ့နိုင်ငံတော်ပဲ၊
ဝန်တိုသူမဲ့ ပလ္လင်ပေါ်ကနေ  သင်ရှုမြင်ရတဲ့ နိုင်ငံတော်ထက်
များစွာပိုမို ကျက်သရေရှိသပ၊ အို တန်ခိုးတော်ရှင် ဒေဝင့်။
ငါကသာ သင့် မတရားအုပ်စိုးမှုရဲ့ ရှက်ဖွယ်ကောင်းမှုကို ဝေမျှယူဖို့
သဘောတူခဲ့လို့မို့။ သစ်ပင်၊ ပိုးမွှား၊ တိရစ္ဆာန်၊ အသက်ရှိသဏ္ဍာန်
ဝါ အသံကင်းတဲ့၊ မည်းနက်၊ အေးစိမ့်၊ အသေ၊ အတိုင်းအတာမဲ့
လင်းယုန်ကို အဟန့်အတားဖြစ်ရတဲ့ ဒီတောင်နံရံမှာ
သံမှိုနှက်ကာ ချိတ်ဆွဲမခံခဲ့ဘူး ဆိုခဲ့ရင်ဖြင့်၊ အနန္တတန်ခိုးတော်ရှင်ပ။
အလိုလေ၊ အလို၊ နာကျင်ဘိ၊ အမြဲ၊ ထာဝရအမြဲ နာကျင်ဘိ။
အပြောင်းအလဲမရှိ၊ တုံ့ရပ်မှုမရှိ၊ မျှော်လင့်ချက်မရှိ။ ဒါပေမယ့် ငါတင်းခဲ့ရဲ့။
ကမ္ဘာမြေကို ငါမေးရဲ့၊ တောင်တန်းများ မခံစားကြရော့လား။
ဟိုကောင်းကင်ဘုံ၊ အမြင်နှံ့သူ နေမင်းကိုလည်း ငါမေးရဲ့၊
သူမမြင်ရော့လား။ မုန်တိုင်းမှာရော လေငြိမ်ကာလမှာပါ ကောင်းကင်ရဲ့
အမြဲပြောင်းလဲနေတဲ့အရိပ်ကို အောက်ကဖြန့်ကျက်ရာပင်လယ်၊
သူ့ရဲ့နားပင်းတဲ့ လှိုင်းတို့ကတော့ ငါ့ဒုက္ခကို မကြားကြရော့လား။
အလိုလေး၊ အလို၊ နာကျင်ဘိ၊ အမြဲ၊ ထာဝရအမြဲနာကျင်ဘိ။

တွားသွားနေတဲ့ ရေခဲမြစ်တို့က လကိုခဲစေတဲ့ ကျောက်သလင်း၊
လှံတံများနဲ့ ငါ့ကိုထိုးဆွကြတယ်။ တောက်ပတဲ့ သံကြိုးများက
တောက်လောင်နေတဲ့ အအေးနဲ့ ငါ့အရိုးထဲ ကိုက်ခဲကြတယ်။
ကောင်းကင်ရဲ့ တောင်ပံတပ် အမဲခွေးက၊ သူ့ပိုင် မဟုတ်တဲ့
အဆိပ်ရည်မှာ သူ့နှုတ်သီးကို သင့်နှုတ်ခမ်းများမှ ညစ်ထေးစေရင်း
ငါ့နှလုံးသားကို ဖြဲဆုတ်နေတယ်။ အိပ်မက်နိုင်ငံရဲ့ ကြောက်ဖွယ်လူများ
သဏ္ဍာန်မဲ့အရုပ်များ ဖြတ်သန်းလူးလာယင်း ငါ့ကို
သရော်ကြတယ်။ ကျောက်ဆောင်များ ပေါက်ကွဲကာ ပိတ်သွားပြန်တဲ့ခါ
ငါရဲ့တုန်လှုပ်နေတဲ့ ဒဏ်ရာများမှ မင်းတုပ်များကို လိမ်ဖဲ့ပစ်ဖို့
ငလျင်သရဲသဘက်များကို တာဝန်ပေးထားတယ်။

ကျယ်လောင်တဲ့ အသူတရာ ချောက်များမှ မုန်တိုင်းဘီလူးများ
အူအော် စုပြုံလာကြပြီး လေပွေရဲ့ ဒေါသကို
နှိုးဆွကြကာ၊ ချွန်မြတဲ့ မိုးသီးတွေနဲ့ ငါ့ကို နာအောင် ပြုကြတယ်။
ဒါပေမယ့် ငါ့အဖို့ နေ့နဲ့ညကိုတော့ ခရီးဦးကြို ပြုရက်ပါပဲ၊
တစ်ဦးက နံနက်ခင်းရဲ့ ဖြူဖြူဖွေးနှင်းထုကို ဖောက်ခွဲလို့
တစ်ဦးက ကြယ်တဝေဝေ မှုန်တမွှားမွှား၊ ဖြည့်းညင်ညင်းနဲ့ ခဲပုပ်ရောင်
အရေ့ခွင်ကို တက်လာစေဦးတော့။ အကြောင်းကတော့ သူတို့ဟာ
တောင်ပံမပါ၊ တွားလာတတ်တဲ့ အချိန်နာရီများကို ခေါ်လာလို့ပဲ၊
သူတို့ထဲက တဦးဟာဖြင့်
(မည်းမှောင်မှောင်ပုရောဟိတ်တစ်ဦးကငြင်းရှာသူ ယဇ်ကောင်ကို
ဒရွတ်ဆွဲလာသလို)
နင့်ကို ဆွဲချကာ၊ ဟယ် ရက်စက်တဲ့ ဘုရင်၊ ဒီဖြူရော်ရော်ခြေတို့က
သွေးကို အနမ်းခိုင်လိမ့်မယ်၊ ခြေတို့ကလည်း သလိုပြားပြားဝပ်ကျေးကျွန်မျိုးကို
မစက်ဆုပ်ဘူးဆိုရင်ဖြင့် တက်နင်းခြေကြလိမ့်မယ်။
စက်ဆုပ်ရင် ဟာမဟုတ်သေးဘူး၊ ငါ့နင့်ကို သနားမိရဲ့။ ဘယ်လိုပျက်စီးခြင်းဟာ
အပြောကျယ်တဲ့ ကောင်းကင်တစ်လွှား အကာအကွယ်မဲ့ နင့်ကို လိုက်ဖမ်း
နေလိမ့်မလဲ။

ကြောက်စိတ်ဖြင့် ဟတ်တက်ကွဲနေတဲ့ နင့်ဝိညာဉ်ဟာအတွင်းမှာ
ငရဲလို ဟင်းလင်းပွင့်နေလိုက်မယ့်ဖြစ်ခြင်း။ ငါဝမ်းနည်းစွာပြောပါရဲ့။
ဝမ်းမြောက်လို့မဟုတ်ပါ။ ဆင်းရဲဒုက္ခကငါ့ကို မလိမ်မာစေခင်ကလို
ငါမမုန်းတတ်တော့ချေဘူး။ တစ်ခါက နင့်အပေါ် ရေရွတ်ခဲ့တဲ့
ကျိန်စာကို ငါရုပ်သိမ်းပေးမယ်။ ရေတံခွန်တို့ရဲ့
နှင်းမှုန်ထဲကနေ အဲဒီကျိန်စာရဲ့ မိုးချုန်းသံကို ပစ်လွှင့်လိုက်ကြတဲ့
အသံမျိုးစုံပဲ့တင်သံများ အရှင် အသင်တောင်တန်းတို့၊
ငါ့အသံကြားရာ တုန်ခါသွားကြပြီးနောက်၊ တုန်တုန်ရီရီနဲ့
အိန္ဒိယပြည်ထဲ တွားဝင်သွားကြတဲ့ အရည်တွန့်ဆီးနှင်းကြောင့်'
ထုံသွားကြသူ အသင်ရေခဲစမ်းချောင်းတို့၊ ရောင်ခြည်မပါဘဲ
တောက်လောင်ရင်း နေမင်းဖြတ်လျှောက်လာရာအသင် အတည်ငြိမ်ဆုံးလေ၊
မိမိအသံထက်ကျယ်လောင်တဲ့ ထစ်ချုန်းသံက ကမ္ဘာခုံးခုံးကို
တုန်လှုပ်သွားစေတဲ့အခါ၊ ဟို ငြိတ်ဆိတ်နေတဲ့ အသူတရာချောက်ပေါ်မှာ

ထင်းရှူးပင်ရိပ်
အသံဆိတ်စွာ လှုပ်ရှားမှုမဲ့စွာ တောင်ပံကျော့ကျော့တွေနဲ့ ဟီးခိုနေကြတဲ့
အသင်လေပွေမြန်တို့။ အဲဒီတုန်းက ငါ့စကားမှာ ခွန်အားရှိခဲ့ရင်
ငါဟာ ပြောင်းလဲလာပြီမို့ မကောင်းတဲ့ ဆန္ဒဟူသမျှ အဇ္ဈတ္တမှာ
သေခဲ့ပေမယ့်၊ အမုန်းဆိုတာကို မှတ်မိခြင်း
မရှိတော့ပေမယ့်၊ အဲဒီခွန်အားကို အခု မဆုံးပါးပစေနဲ့။
အဲဒီကျိန်စာဟာ ဘာတဲ့လဲ။ သင်တို့အားလုံး ငါပြောတာ ကြားခဲ့ကြတာပဲ။

['ပရော်မီသယပ်စ်'မှ]

ရှယ်လီရဲ့ 'ပရော်မီသယပ်စ်လွတ်မြောက်ခြင်း'ပြဇာတ်ထဲက ကောက်နုတ်ချက်ဖြစ်ပါတယ်။ ခေါမ ပြဇာတ်ဆရာအိုက်စခဲလုစ်ရဲ့ 'ပရောမိထေအုစ် ချည်နှောင်ခံရခြင်း' ပြဇာတ်ကို အခြေခံပြီး ရေးထားခြင်းပါပဲ။ ဇာတ်လမ်းအကျဉ်းကတော့ ပရော်မီသယပ်စ် နတ်ဘီလူးဟာ ဝင်္ကဘာမှာ လူသားအပေါင်းထက် သာတယ်။ လောကအားလုံးမှာ အင်အားအကြီးဆုံး ဒေဝဖြစ်တဲ့ ဂျူပီတာကိုတောင် တစ်ပတ်ရိုက်ခဲ့တယ်။ ဒါနဲ့ ဂျူပီတာက ကမ္ဘာလောကကနေ မီးကို ရုပ်သိမ်းသွားတယ်။ ဒါပေမယ့် ပရော်မီသယပ်စ်က နေနတ်သား အပိုလိုရဲ့ ယာဉ်ပျံက မီးကို ခိုးယူခဲ့တယ်။ ဂျူပီတာ ဒေါပွပြီး ဒဏ်ခတ်တဲ့အနေနဲ့ ပရော်မီသယပ်စ်ကို ကောကေးဆပ် တောင်တန်းက ကျောက်ဆောင်တစ်ခုမှာ ချည်နှောင်ထားလိုက်တယ်။ နေ့မှာ လင်းတကြီးတစ်ကောင်က သူ့ရင်ခွင်ကိုခွဲပြီး သူ့အသည်းကိုစားတယ်။ ညကျ အဲဒီအသည်း ပြန်ပေါ်တယ်။ အဲသလို စသဖြင့် ညှဉ်းပန်းနှိပ်စက်မှုတွေကို နှစ်ပေါင်း ၃,၀၀၀ ခံစားနေရပြီးနောက် ပရော်မီသယပ်စ်ကို ဟာကျူလီက ကယ်လို့လွတ်မြောက်သွားတယ်။ ခု ကောက်နုတ်ချက်က ပရော်မီသယပ်စ်ကို ကျောက်ဆောင်မှာ ချည်နှောင်ထားစဉ် ဒုက္ခခံစားရင်းက ပရော်မီသယပ်စ်ဟာ အနိုင်မခံအရှုံးမပေးဘဲ တန်ခိုးတော်ရှင် ဂျူပီတာကိုအံတုကြိမ်းပကားတဲ့ ကြုံးဝါးချက်အစပိုင်းပါပဲ။

ဂျူပီတာဟာ အနန္တစကြာဝဠာက သတ္တဝါအပေါင်းရဲ့ အရှင်သခင်'ဒေဝ' ဖြစ်ပါတယ်။ ပရော်မီသယပ်စ်က စစချင်း သူ့ကိုအာလုပ်စကားနဲ့အော်ဟစ်ခေါ်လိုက်ပါတယ်။ စကြာဝဠာ အနန္တကို ဂျူပီတာကလည်း သူ့နိုင်ငံမို့ အမြဲမျက်စိဖွင့်ပြီး ကြည့်နေတယ်။ ပရော်မီသယပ်စ်ကလည်း ကျောက်တောင်မှာ ဒီတိုင်းတုပ်နှောင်ပစ်ထားခံရသူဖြစ်လေတော့ အမြဲ 'အအိပ်မဲ့' မျက်လုံးနဲ့ ကြည့်နေတယ်။ တခြားသတ္တဝါတွေကတော့ ကိုယ့်အလုပ်နဲ့ကိုယ်မို့ ဒီလို ကြည့်မနေနိုင်ပေဘူး။ ဒါကြောင့် သတ္တဝါရှိကြတဲ့အနက် သင်နဲ့ငါနှစ်ဦးတည်းသာ မအိပ်တဲ့ မျက်လုံးများနဲ့ ရှုမြင်နေကြတဲ့

ကမ္ဘာများလို့ ဆိုပါတယ်။ ကမ္ဘာတွေဟာ ဂြိုဟ်နက္ခတ်တွေမဟုတ်လား။ အဲဒီတော့ 'တောက်ပပြီး လိမ့်လူးနေ'တာပေါ့။ ဒီကမ္ဘာတွေပေါ်မှာ မှီတင်းနေထိုင်ကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေရှိတယ်။ ဂျူပီတာဟာဖြင့် တစ်ဦးကလွဲလို့ ဒီသတ္တဝါအပေါင်းရဲ့ ဘုရင်ပါပဲ။ အဲဒီတစ်ဦးတည်းသတ္တဝါကတော့ သူပေါ့၊ ပရော်မီသယပ်စ်ပေါ့။ သူကတော့ဂျူပီတာကို ဘုရင်ရယ်လို့ အသိအမှတ် မပြုဘူးလေ။ ဂျူပီတာကို ဒေဝအဖြစ် ကိုးကွယ်ကြတဲ့ သတ္တဝါတွေဟာ ဒေဝရှေ့မှာ ဒူးထောက်ရှိခိုးကြ၊ ဆုတောင်းကြ၊ ဂုဏ်တော်တွေ ရွတ်ကြ၊ ဝေယျာဝစ္စ အလုပ်တွေ အပင်တပန်း လုပ်ကြ၊ နှလုံးသားနဲ့တောင် ယဇ်ပူဇော်ကြတယ်။ ဒီလိုပူဇော်ပသတာကို ဒေဝက ကြောက်လန့်စိတ်၊ ကိုယ့်ကိုယ်ကိုယ် ရှုတ်ချ ပြစ်တင်စိတ်၊ မျှော်လင့်ချက်ကုန်ရတဲ့ စိတ်တွေနဲ့ တုံ့ပြန်တော်မူတယ်။ ကိုးကွယ်ရကျိုးမနပ်လိုက်တဲ့ဖြစ်ခြင်း။ လူတွေဟာ ဒေဝရဲ့ ကျေးကျွန်တွေပါဘဲ။ ဒီကျေးကျွန်တွေ နေထိုင်ရာ ကမ္ဘာမြေကိုတစ်ချက် လောက်ငုံ့စောင်းကြည့်တော်မူပါဦးလို့ ဖိတ်ခေါ်လိုက်တယ်။ ဆိုလိုတာကတော့ ကမ္ဘာမြေဘက်လှည့်ပြီး ငါ့ကိုကြည့်စမ်းလို့ ပြောချင်တာပါ။ ပြီး သူ့အဖြစ်ကို လက်ညှိုး ထိုးပြီး တင်ပြသွားပါတော့တယ်။

ဒေဝက ပရောမီသယပ်စ်ကိုကလဲ့စားချေတဲ့ အနေနဲ့ ဒုက္ခခံစားစေတယ်။ ဒါပေမယ့် ပရော်မီသယပ်စ်ကတော့ ဒီဒုက္ခအပေါ် အချည်းနှီးကလဲ့စားချေမှုအပေါ် အောင်ပွဲခံနေပါပြီ၊ မင်းမူခံနေပါပြီတဲ့။ ရန်သူဖြစ်တဲ့ ပရော်မီသယပ်စ်ကို မုန်းတဲ့စိတ်တွေက မျက်စိကို ပိတ်ဆီးထားသမို့သာ ဒေဝဟာ မမြင်ခြင်းဖြစ်တယ်။ ခုလို ဒုက္ခခံစားရမှုအပေါ် ပရောမီသယပ်စ် အနိုင်ရနေတာကို ဒေဝကနှစ်မြို့နိုင်မှာလည်း မဟုတ်ဘူးတဲ့။ ဒါပေမယ့် သူကတော့ အောင်နိုင်နေပြီး ဘုရင်တစ်ဆူ ဖြစ်နေပြီ။ သူအုပ်စိုးရာ နိုင်ငံတော်က သူ့ဒုက္ခတွေပါပဲ။ နှစ်ပေါင်းသုံးထောင်လုံးလုံး အိပ်စက်နားနေခြင်း မပြုခဲ့ရတာတွေ၊ ပြင်းပြတဲ့ နာကြင်မှုတွေကို ခံစားနေရတာမို့ တစ်ခဏကို တစ်နှစ်ထင်ခဲ့ရတာတွေ၊ ညှဉ်းပန်းမှုအမျိုးမျိုးတွေ တစ်ယောက်တည်းနေရတာတွေ၊ ရှုတ်ချခံရတာတွေ၊ အားပျက်မိတာတွေ- ဒါတွေအပေါ် သူအောင်နိုင်ပြီမို့ ဒါတွေဟာ သူ့နိုင်ငံတော်ပါပဲတဲ့။ ဒေဝရဲ့ ရာဇပလ္လင်ကို ဘယ်သူမှ မနာလို ဝန်တိုမဖြစ်ပါဘူး။ ဒီပလ္လင်ပေါ်ထိုင်လျှင် ဒေဝသခင် မြင်ရတဲ့ နိုင်ငံတော်ထက် သူ့ဒုက္ခနိုင်ငံတော်က ပိုမိုကျက်သရေ ဝင်းပနေပါတယ်လို့ ပရောမီသယပ်စ်က ဆိုတယ်။ ပရောမီသယပ်စ်က ဒေဝကို 'တန်ခိုးတော်ရှင်' လို့ခေါ်လိုက်တယ်။ အနန္တတန်ခိုးတော်ရှင်'လို့တော့ မခေါ်ဘူး။ ဘာလို့လည်းဆိုတော့ သူတစ်ယောက်က ဒီဒေဝကို အလျှော့မပေးဘူး။

အညှံ့မခံဘူး။ ဦးလည်းမညွတ်ဘူးကိုး။ သူဟာဒေဝရဲ့ မတရားအုပ်စိုးမှုကို အသိအမှတ်ပြုခဲ့လျှင်အညှံ့ခံခဲ့ရလျှင် မတရားအုပ်စိုးမှုဟာ ရှက်ဖွယ် ဖြစ်သလို သူလည်း ရှက်ဖွယ်ဖြစ်ခဲ့ရမှာပဲ။ သူအညှံ့ မခံခဲ့ဘူး။ ဒါကြောင့်လည်းဒီကျောက်တောင်မှာ သံမှိုရိုက်ပြီး တုပ်နှောင်ထားခြင်း၊ ခံနေရတယ်။ သစ်ပင်၊ မိုးမွှား၊ တိရစ္ဆာန် စသဖြင့် သက်ရှိရုပ်၊ သက်ရှိအသံဗလံ ဘာမျှ မရှိတဲ့နေရာ၊ မဲမှောင်၊ အေးစိမ့်ပြီး မတိုင်းမတာနိုင်လောက်အောင် မြင့်မားတဲ့ တောင်ပါဘဲ။ မြင့်လွန်းသမို့ လင်းယုန်ငှက်များ ပျံလာလျှင် ဒီတောင်ကြီးက ရှေ့က အကာအဆီးဖြစ်နေတယ်။

ပရော်မီသယပ်စ် ဒုက္ခခံစားနေရတာမှာ အပြောင်းအလဲမရှိဘူး၊ တန့်ရပ်ခြင်းမရှိဘူး။ ဘယ်တော့ လွတ်မြောက်ရမယ်လို့ မျှော်လင့်ချက်လည်း မရှိဘူး။ ဒါပေမယ့် သူကတော့ ကြံ့ကြံ့ခံပါတယ်။ သူဒုက္ခခံစားနေရတာကို တောင်တန်းကြီးတွေကော စာနာမခံစားမိကြဘူးလားလို့ သူကမေးလိုက်တယ်။ နေဆိုတာ ကမ္ဘာပေါ်က အရာဝတ္ထု အားလုံးကို မြင်နေရသူပဲ။ ဒါကြောင့် 'အမြင်နှံ့သူ နေမင်း' လို့ ခေါ်လိုက်တယ်။ နေမင်းကတော့ သူ့ဒုက္ခကို မမြင်လေရော့လာ။မုန်တိုင်း ထန်ထန် လေငြိမ်ငြိမ် ပင်လယ်ထဲမှာ ကောင်းကင်ရဲ့ အရိပ်ဟာ အမြဲထင်နေတယ်။ ကောင်းကင်မှာ ပြောင်းသလို ပင်လယ်ထဲက အရိပ်ကလည်း လိုက်ပြောင်းနေတယ်။ ဒီပင်လယ်ရဲ့ 'နားပင်းတဲ့' လှိုင်းတွေကကော သူ့ဒုက္ခရဲ့ အသံ၊ သူညည်းသံငြူသံကို မကြားမိကြရော့လားတဲ့။

အဲဒီနောက် သူ့ဒုက္ခခံစားရပုံတွေကို ဖွဲ့သီထားပါတယ်။ တောင်ကြီးပေါ်မှာ ရေခဲမြစ်တွေဟာ မြွေများ တွားသွားနေသလို စီးဆင်းနေကြတယ်။ ရေခဲမြစ်ဆိုတာ တောင်ကမ်းပါးပေါ်က ရေခဲအစိုင်အခဲတွေ လိမ့်ကျနေခြင်းပါပဲ။ ရေခဲမြစ်ရဲ့ အပိုင်းအစ ရေခဲတုံးတွေဟာ ကျောက်သလင်းလို ကြည်လင်တယ်။ ဒီရေခဲတုံးတွေမှာ လရဲ့အရိပ်ထင်နေတာမြင်ရတယ်။ လကိုဖမ်းပြီး အအေးဓာတ်နဲ့ ခဲပေးတာနဲ့တူတယ်။ (တစ်နည်း လဆီကိုတောင် လှမ်းပြီး အေးစေ၊ ခဲစေမယ်လို့ ထင်ရတယ်) ဒီရေခဲတုံးကြီးတွေက ပရော်မီသယပ်စ်ကို အေးစိမ့်သွားစေတာဟာဖြင့် လှံနဲ့ထိုးဆွသလို ရှိပါဘိတော့တယ်။ ပြောင်ပြောင်လက်လက် ရေခဲတန်းတွေဟာ သံကြိုးပြောင်ပြောင် ဝင်းဝင်းတွေနဲ့လည်း တူတယ်။ ရိုးတွင်းချဉ်ဆီထဲရောက်အောင် အေးစိမ့်သွားစေတယ်။ အေးလိုက်ပုံများ မီးကအပူရှိန်နဲ့ တောက်လောင်သလို သူတို့ကလည်း အအေးဓာတ်နဲ့ တောက်လောင်ပါသတဲ့။ အင်မတန်အားကောင်းတဲ့ ဝိသေသန တစ်ခုပါပဲ။ လင်းတကြီးကလည်း ပရော်မီသယပ်စ်ရဲ့ နှလုံးသားကို ထိုးဖောက်

စားသောက်နေတယ်။ ဒီလင်းတကြီးကို 'ကောင်းကင်ရဲ့ တောင်ပံတပ် အမဲခွေး'လို့ ဖွဲ့တယ်။ ပရော်မီသယပ်စ်က လင်းတကို အပြစ်မတင်လိုဘူး။ လင်းတဟာ သူ့ဟာ သူက ဒုစရိုက်ကောင်မဟုတ်ဘူး။ ဒါကြောင့် သူ့နှုတ်သီးကိုဒေဝရဲ့ နှုတ်ခမ်းက အဆိပ်ရည်နဲ့ 'ညစ်ထည်း'အောင် လုပ်ယူရတယ်လို့ဆိုတယ်။ ရှယ်လီရဲ့ သတ္တဝါ ဟူသမျှ အခြေခံအရ ကောင်းမြတ်ကြတယ်ဆိုတဲ့ စိတ်ဝါဒအမြင်ပါဘဲ။ ကြောက် မက်ဖွယ် တစ္ဆေသရဲတွေကလည်း ပရော်မီသယပ်စ်နားက ဖြတ်သန်းသွားကြရင်း သူ့ကို လှောင်ပြောင်သွားကြတယ်။ ငလျင်လှုပ်တဲ့ခါ တောင်ကြီးပြိုကွဲသွားပြီး ပြန်စေ့တယ်။ ပြိုကွဲသွားစဉ်က ပရော်မီသယပ်စ်ကို ချည်နှောင်ထားတဲ့ သံကြိုးက မင်းတုပ်လည်းပြုတ်သွားမှာပေါ့။ ဒါကြောင့် ပြန်စေ့တဲ့အခါ မင်းတုပ်ကိုထိုး၊ အစွန်း ထွက်နေတဲ့ ကန့်လန့်ကို လိမ်ဖဲ့ပိတ်ပစ်လိုက်ဖို့ ငလျင်သရဲများကို တာဝန်ပေးထား တယ်။ မုန်တိုင်းဘီလူး တွေကတော့ လေပွေထအောင်လုပ်၊ မိုးသီးတွေနဲ့ ပရော်မီ သယပ်စ်ကို နာကြင်စေ ပြန်တယ်။

သည်လို ဒုက္ခခံစားရပုံတွေကို ဖော်ပြပြီးတဲ့နောက် ပရော်မီသယပ်စ်က သူကြံ့ကြံ့ခံပုံ သူ့စိတ်ဓာတ်ကို ဖော်ပြပြန်တယ်။ ဒီလိုဒုက္ခတွေ ခံစားနေရပေမယ့် သူဟာ နေ့နဲ့ညကို ခရီးဦးကြိုတယ်တဲ့။ သူတို့လာပုံလာနည်းဟာ ဘယ်ပုံပဲဖြစ်စေတော့ သူက မျှော်နေမိတယ်တဲ့။ ဘာလို့လဲဆိုတော့ ဒီနေ့နဲ့ ညတို့ဟာ အချိန်နာရီတွေကို ဦးဆောင် ခေါ်လာကြလို့ပဲ။ အချိန်နာရီတွေ ချဉ်းကပ်လာပုံက (မျှော်ရသူ တစ်ဦး အဖို့) ဖြည်းလွန်းနှေးလွန်းလို့ 'တွား'လာနေတယ် ထင်ရတယ်။ ဒီလာနေတဲ့ အချိန် နာရီတွေမှာ တစ်နာရီဟာဖြင့် ဂျူပီတာကျဆုံးခန်းကို ဆောင်ကြဉ်းမယ့် နာရီဖြစ်ပေ လိမ့် မယ်။ ပုရောဟိတ်က ယစ်ပူဇော်မဲ့သားကောင်ကို ဒရွတ်ဆွဲခေါ်လာသလို ဒီ အချိန် နာရီက ဂျူပီတာကို ဆွဲချသွားပေလိမ့်မယ်တဲ့။ တစ်ချိန်ထက် တစ်ချိန် လွန် လာလေ ဂျူပီတာ ကျဆုံးရမယ့်အချိန် နီးလာလေဖြစ်တာကို ဖွဲ့ခြင်းပါပဲ။ အဲဒီလို ကျဆုံးတဲ့အခါမှာ ဂျူပီတာဟာ ဖြူရော်ရော်ဖြစ်နေတဲ့ ပရော်မီသယပ်စ် ခြေထောက် က သွေးတွေကို ငုံ့နမ်းရလိမ့်မယ်။ ပြားပြားဝပ် ဒူးထောက်နေတဲ့ ကျေးကျွန်ဖြစ် လာတဲ့ ဂျူပီတာကို ပရော်မီသယပ်စ်ရဲ့ ခြေများက မစက်ဆုပ်ဘူးဆိုလျှင်ဖြင့် တက်နင်းပစ်မိပေလိမ့်မယ်တဲ့။ အဲဒီလို စိတ်လိုက်မာန်ပါ ပြောချလိုက်မိ ပြီးမှပရော်မီသယပ်စ်ဟာ တရားသဘောဝင်လာပြန်တယ်။ သူ့ကို နှိပ်စက်နေတဲ့ ရန်သူကပဲ သူ့ခမျာ တစ်နေ့ကျဆုံးရရှာမှာပါလားလို့ တရား သဘောနဲ့ ဆင်ခြင်ပြီး သနားလိုက်မိတယ်။ ဂျူပီတာမှာ အကာအကွယ်ဆိုလို့လည်းရှိတော့မှာ မဟုတ်ဘူး။

ကြောက်ရွံ့ထိပ်လန့်ရလွန်းလို့ ဟက်တက်ကွဲသွားရတဲ့ သူ့ဝိညာဉ် ဟာလည်း အဖွဲ့တွေ သရုပ်ကို လှစ်ပြနေသလို ရှိလိမ့်မယ်။ အဲဒီအဖွဲ့တွေဟာ ငရဲလို မည်းမှောင်နေမှာပါ ပဲတဲ့။ ဒါကြောင့် ပရော်မီသယပ်စ်ကသူ့ဝမ်းမသာဘူး။ ဝမ်းနည်း တယ်။ အလျင်ကလို မုန်းစိတ်ဆိုတာမရှိတော့ဘူး။ ဆင်းရဲဒုက္ခက သူ့ကိုတရား သဘောတွေ ဝင်လာစေပြီး လိမ်မာရေးခြားရှိလာစေပါပြီ။ ဒါကြောင့် အလျင်က ကျိန်ခဲ့မိတဲ့ကျိန်စာကို ခုပြန် ရုပ်သိမ်းလိုက်မယ်တဲ့။ အဲဒီလို ရုပ်သိမ်းမယ်လုပ်တော့ သူ့ကျိန်စာသူ မေ့သွားပြီ။ ခွင့်လွှတ်တဲ့စိတ်တွေဝင်၊ အဖွဲ့တွေမှာ အမုန်းဆိုတာ မရှိတော့တဲ့ထိ သူကပြောင်းလဲ သွားပြီမို့ ဒေါမနဿစိတ်နဲ့ ရွတ်ခဲ့တဲ့ ကျိန်စာကို သူသတိမရတော့ဘူး။ ဒါနဲ့ တောတောင်ရေမြေတွေကိုလှမ်းမေးရတယ်။ ငါ့ကျိန်စာ ကို မင်းတို့ကြားလိုက်ရသားပဲ၊ ဘာများလဲဟင်တဲ့။ ပထမတောင်ကို၊ နောက် စမ်းချောင်းများကို၊ နောက်လေကို၊ နောက်လေပွေကို၊ မေးပါတယ်။ သူတို့တစ်ဦးစီကို ဝိသေသန တစ်မျိုးစီနဲ့ ခေါ်လိုက် တယ်။ တောင်ကိုတော့ 'ရေတံခွန်လေးတွေရဲ့ ရေပန်းများက ဖြစ်လာတဲ့ နှင်းမှုန်မှုန် လေးတွေ ကိုဖြတ်ကာ သူ့ကျိန်သံကို အသံမျိုးစုံနဲ့ လွှင့်ပစ်လိုက်တဲ့ ပဲ့တင်သံရှင်'တဲ့။ သူ့အသံ ကြားတော့ စမ်းချောင်းလေး တွေ တုန်လှုပ်သွားကြတယ်။ နောက်တုန်တုန် ယင်ယင်နဲ့ အိန္ဒိယပြည်ထဲ စီးဝင်သွား ကြတယ်။ စမ်းချောင်းထဲကရေဟာ အေးလွန်းလို့ ခဲနေပြီ။ လှိုင်းထရာက ခဲသွားတော့ 'အရေတွန့်'နေသလိုပဲပေါ့။ အေးစက်ပြီး ခဲနေတော့ မလှုပ်နိုင် မရှားနိုင် 'ထုံ'လို့လည်းနေကြတယ်။ တည်ငြိမ်တဲ့ လေထုထဲကနေ နေမင်း 'ဖြတ်လျှောက်' လာတယ်။ ပတ်ဝန်းကျင်မှာ ချမ်းအေးနေ လေတော့ ရောင်ခြည်ဖြာ မထွက်နိုင်ဘဲနဲ့ သာ နေမင်းဟာ ထွန်းလင်းနေရတယ်တဲ့။ (လက်ဝဲသုန္ဒရရဲ့ 'ရောင်ဝါ မထွန်း ချမ်းရှာ လွန်း၍'ကို သတိရစရာပါပဲ) လေပွေဟာ အင်မတန်မြန်၊ အင်မတန် ဆူသပေါ့။ ဒါပေမဲ့ သူ့အသံထက် ပရော်မီသယပ်စ်ရဲ့ ကြိမ်းပသံက ပိုကျယ်တယ်။ 'ကမ္ဘာခုံးခုံးကို တုန်လှုပ်' သွားစေတယ်။ အဲသလို ကိုယ့်ထက်သာတဲ့ အသံကို ကြားတဲ့ အခါမှာ လေပွေဟာ ငြိမ်ဆိတ်တဲ့ အသူတရာ ချောက်ပေါ်မှာ အသံမပြုဝံ့၊ မလှုပ်ဝံ့ဘဲ အတောင်ပံလေးတွေ အသာဖော့လို့ ဟီးလေးခိုနေလေတော့တယ်။ ဒီအချက်တွေ ကို ဝိသေသနလုပ်ပြီး တောင်တို့၊ မြစ်တို့၊ လေတို့ လှမ်းခေါ်ကာ သူ့ကျိန်စာအကြောင်း မေးပါတယ်။ အဲဒီတုန်းက ငါ့အသံမှား ခွန်အား ပါရှိတယ် မဟုတ်လားတဲ့။ အဲဒီခွန် အားကို မဆုံးပါစေနဲ့ဦး။ ခွန်အားနဲ့တကွ စကားအစဉ်ကို ငါ့ကို ပြန်ပြောကြပါဦးတဲ့။

ရှယ်လီရဲ့ တော်လှန်ရေးစိတ်ဓာတ်ကို အကောင်းဆုံးဖော်ကျူးထားတဲ့

ကဗျာတစ်ပုဒ်ပါပဲ။ မတရားမှုကို ငုံ့မခံဘဲ၊ စိတ်ဓာတ် အရှုံးမပေးဘဲ အံ့တုလိုတဲ့စိတ်ဓာတ်ဟာ ဒီကဗျာမှာ အားမန်အပြည့်နဲ့ မြည်ဟည်းနေပါတယ်။ အဖိနှိပ်ခံ၊ အချုပ်ချယ်ခံ လူသားအပေါင်းကို စိတ်ဓာတ်ကြံ့ခိုင်ကြဖို့ အရှုံးမပေးကြဖို့ တပ်လှန့်လိုက်သလိုရှိပါဖိတယ်။ ဘယ်လောက်ကြီးမားတဲ့ လက်နက်အား၊ အာဏာအားဖြစ်ပါစေ၊ မတရားမှုဟာတစ်နေ့ကျဆုံးရမယ်။ တရားသူအဖိနှိပ်ခံ ပြည်သူတွေသာ လွတ်မြောက်ရ၊ အောင်ပွဲခံရလိမ့်မယ်ဆိုတာကို 'ပရောမီသယပ်စ်'ကဗျာက ပြောပြနေပါတယ်။ ဒီကဗျာအပြည့်အစုံကို ဖတ်ကြည့်လျှင် ပရော်မီသယပ်စ်ဆိုတာ ဇာတ်ကောင်သာမန်မဟုတ်ဘူး။ 'ပြည်သူ'ကို တင်စားထားတာဆိုတာ ပိုပေါ်လွင်ပါလိမ့်မယ်။

■

# ဂျွန်ကိစ်

ဂျွန်ကိစ်(၁၇၉၅-၁၈၂၁)ရဲ့ ဖခင်ဟာ မြင်းတွေကို အခယူပြီး လက်ခံ ထိန်းကျောင်းပေးတဲ့ မြင်းစောင်းမှာ အလုပ်လုပ်တယ်။ အဲဒီ မြင်းစောင်းပိုင်ရှင်ရဲ့ သမီးနဲ့ အကြောင်းပါရာက သားဦးအဖြစ် ဂျွန်ကိစ်ကိုမွေးတယ်။ နောက် ဂျော့ရယ်၊ တွမ်ရယ်၊ သမီးလေးဖင်နီရယ် မွေးတယ်။ ကိစ်ရဲ့ ကလေးဘဝဟာ မချမ်းမြေ့ပါဘူး။ သူဆယ်နှစ်သားအရွယ်မှာ သူ့အဖေမြင်းပေါ်ကလိမ့်ကျသေတယ်။ သုံးလတောင် မပြည့်သေးဘူး၊ အမေလုပ်သူက 'သိုက်'သမားကြာငနဲလေးတစ်ယောက်နဲ့ယူ လိုက်တယ်။ ကြာကြာတော့ မပေါင်းဖြစ်ဘူး။ ကိစ်တို့မောင်နှမတစ်တွေဟာ ဖွားအေဆီ သွားနေကြရတယ်။ မအေလုပ်သူက မကြာမကြာ လာတွေ့လေ့ရှိပါရဲ့။ ၁၈၁၀ခုနှစ် ကျတော့ ကိစ်အမေ ဟာ တီဘီရောဂါနဲ့ဆုံးသွားတယ်။ ကိစ်ဟာ သူ့အမေ့ဆီက ဒီရောဂါအမွေ ရလိုက်တယ်။

သူ့အမေ မသေခင်ကပဲ ကိစ်နဲ့ သူ့ညီကျော့ကို လန်ဒန်က ၁၀ မိုင်အကွာ ကျေးရွာလေးတစ်ရွာဖြစ်တဲ့ အင်ဖီးလ်က ဘော်ဒါကျောင်းကိုပို့ထားတယ်။ သူတို့ကို တာဝန်ယူ အုပ်ထိန်းဖို့လူနှစ်ယောက်ကိုလည်း အဖွားကခန့်ထားပေးတယ်။ နောင်ငါးနှစ်အကြာ အဖွားသေသွားတော့ ကျန်ရစ်တဲ့ငွေတွေကို အဲဒီအုပ်ထိန်းသူ တစ်ဦးက မတော်မတရားလုပ်တာခံရသေးတယ်။ အင်ဖီးလ်က ကျောင်းအုပ်ကြီးဟာ အယူအဆ

သစ်တွေကို လက်ခံသူ၊ သတ္တိကောင်းသူတစ်ဦးပဲ။ သူ့ကို ကိစ်က အတော် ကြည်ညို တယ်။ အားလည်းကျခဲ့တယ်။ ဆရာကြီးရဲ့ သား ချားလ်စ်ကောင်ဒင်က ကျောင်းမှာ လက်ထောက်ဆရာတစ်ဦး။ သူကပဲ ကိစ်ကို စာပေတို့၊ ကဗျာတို့နဲ့ မိတ်ဆက်ပေး ခဲ့တယ်။ ကျောင်းသားတွေနဲ့တော့ ကိစ်က မတည့်လှဘူး။ သူက လူပုံပုပု ညှက်ညှက်၊ နူးညံ့ပုံလိုနဲ့စိတ်အင်မတန် ကြီးတယ်။ အသတ်အပုတ် ဝါသနာ ထုံတယ်။ စကားများပတဲ့ဟေ့ဆိုလျှင် လက်ကပါလာတာပဲ။ သူ့ထက် ကိုယ်ထည်ကြီး တဲ့ ကောင်လည်းမခံဘူး ပြန်ချတာပဲ။ စာဖတ်ကလည်း အင်မတန် ဝါသနာပါတယ်။ ၁၅နှစ်သားမှာကို စာကြီးပေကြီးတွေ ဖတ်နေပါပြီ။ 'ရော်ဘင်ဆင်ကရူးဆိုး'၊ 'ခရီး သည်ရဲ့ တိုးတက်မှု'တို့အပြင် ဂရိ၊ လက်တင်က ဘာသာပြန်တွေပါ ဖတ်ပြီးပြီ။ 'အေးနီယဒ်' ကိုလည်း စကားပြေနဲ့ ဘာသာပြန် ခဲ့သေးရဲ့။ သူ့အမေ သေပြီးလို့ တစ်နှစ်အကြာမှာ ကိစ်ဟာ ကျောင်းကထွက်၊ ဆရာဝန်တစ်ဦးဆီမှာ တပည့်ခံပြီး ဆေးပညာဆည်းပူးတယ်။ ဒါပေမယ့် သူ့ ကျောင်းဟောင်းကိုတော့ တစ်ပတ်နှစ်ခါ လောက် ခြေကျင်အလည်သွားပြီး ချားလ်ကောင်ဒင်နဲ့ စာဖတ်ကြ၊ စာပေဆွေးနွေးကြ လုပ်လေ့ရှိတယ်။ စပင်ဆာရဲ့ 'ဖေရီကွီးန်' စာအုပ်ကို ကောင်ဒင်ဆီက ငှားပြီး ဖတ်ပစ်လိုက်တာများ မြင်းကလေး တစ်ကောင် နွေဦးမြက်နုငေးတွေ တအားလွေးတဲ့ အတိုင်းပါပဲလို့ ကောင်ဒင်ကပြန်ပြောတယ်။ ဆေးပညာကိုတပည့်ခံ သင်လာလို့ လေးနှစ်ကြာတော့ ကိစ်မှာ ညီတွေနဲ့ ညီမကလည်း အုပ်ထိန်းသူ မစ္စတာ အက်ဘေးထံ ရောက်နေကြပြီ။ ဆေးပညာကို သင်သာသင်ခဲ့ရပေမယ့် စိတ်ကမပါ။ ဒီအထဲ ဆရာနဲ့ စကားများ တဲ့အခါများရ ဖြစ်ပြီးနေလေတော့ သူ့ဆရာထံပါးက ခွဲခွာလာခဲ့တယ်။ ဒါပေမယ့် လန်ဒန်က ဆေးရုံတစ်ရုံမှာဝင်ရောက်ပြီး ဆေးပညာကို ဆက်သင်ပြန် တယ်။ စာသင်ခန်းထဲမှာ စိတ်မပါလှဘူး။ ကဗျာနတ်က သူ့ကို ဖမ်းစားလို့နေပါပြီ။ ဒီအထဲကပဲစာကို အထိုက် အလျောက်လည်းကြိုးစားသူဖြစ်လေတော့ ဆေးကုခွင့် လိုင်စင်ကိုတော သူရခဲ့တယ်။ ဒါပေမယ့် ဆေးမကုတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါ တယ်။ အဲဒီတုန်းက သူ ၂၁နှစ်ရှိပါပြီ။

ဆေးရုံကထွက်လာခဲ့ပြီးတဲ့နောက် ကိစ်ဟာ သူ့ညီတွေနဲ့ အတူနေတယ်၊ ကောင်ဒင်ကလာ့က်နဲ့လည်း ခဏခဏတွေ့ဖြစ်တယ်။ သူကပဲ ကိစ်ကို ဝေဖန်ရေး သမား ကဗျာဆရာ၊ အယ်ဒီတာ လီးဟန့်နဲ့ မိတ်ဆက်ပေးခဲ့တယ်။ ဟန့်ရဲ့ဂျာနယ်မှာ ကိစ်ရဲ့ ကဗျာဟာ ပထမဆုံးဖော်ပြခြင်းခံရတာပါပဲ။

ဟန့်ကတဆင့် ကိစ်ဟာ ဟာဇလစ်တို့ ရှယ်လီတို့နဲ့ သိကျွမ်းလာရတယ်၊

ပန်းချီဆရာ ဟောဒန်နဲ့လည်း သိကျွမ်းရပြီး ဗြိတိသျှပြတိုက်ကို သူနဲ့ပါပါသွားလေ့ရှိရာက နာမည်ကျော် 'ခေါမကျောက်အိုးဖွဲ့'တို့၊ 'အဲလ်ဂင်ကျောက်ရုပ်များ'တို့ကို ရေးခဲ့ခြင်းဖြစ်တယ်။ တစ်ခါတော့ ဟန့်ရယ်၊ ကောင်ဒင်ရယ်၊ ကိစ်ရယ် သုံးယောက်သား ဒီဇင်ဘာ နောက်ဆုံးည မီးဖိုနံဘေး ထိုင်နေကြတုန်း ပရစ်အော်သံတွေကြားရသတဲ့။ ဟန့်က သူနဲ့ကိစ် ပရစ်ဖွဲ့ ကဗျာတစ်ပုဒ် ပြိုင်စပ်ရအောင်လို့ အဆိုပြုတယ်။ ကောင်ဒင်က ဒိုင်လုပ်တယ်။ ဒါနဲ့ပဲ ကိစ်ဆီက လှပတဲ့ကဗျာတစ်ပုဒ်ထွက်လာပါတော့တယ်။ လက်တန်းစပ်တယ်ဆိုတာ ယုံနိုင်စရာတောင် မရှိဘူး။ ဟန့်ဆောင်ရွက်ပေးမှုကြောင့်ပဲ ကိစ်ရဲ့ ပထမဆုံးကဗျာပေါင်းချုပ်စာအုပ်ကလေးကို ထုတ်မယ့်သူပေါ်လာတယ်။ ၁၈၁၇မှာ 'ဂျွန်ကိစ်ရဲ့ ကဗျာများ' ထွက်လာတယ်။ စာအုပ်က လုံးဝရောင်းမစွံဘူး။ ဒါပေမဲ့ ကိစ်က 'ကျုပ်မိတ်ဆွေ တစ်ဒါဇင်လောက်က ဖတ်ကြတယ်၊ ကြိုက်ကြတယ်။ ကျုပ်မသိတဲ့လူ တစ်ဒါဇင်က ဖတ်ကြတယ်၊ မကြိုက်ကြဘူး'လို့ ပြောတယ်။ စိတ်မပျက်ဘဲ နောက်တစ်အုပ်ရေးဖို့ ကြိုးစားပြန်တယ်။

ဒီအတွင်း ကိစ်တို့ ညီအစ်ကို သုံးယောက်ဟာ လန်ဒန်မြို့ပေါ်ကနေ လူသူမနီးတဲ့ ကျေးရွာလေးဖြစ်တဲ့ ဟဲမ်စတက်ဒ်မှာ သွားနေကြတယ်။ နောက်ထပ်စာအုပ်ထုတ်ပေးမယ့် သူလည်း ပေ့ါပြန်တာနဲ့ ကိစ်ဟာ 'အင်ဒီမီယန်'ကို စရေးတယ်။ ကဗျာတွေကိုလည်း သိပ်ဖတ်ဖြစ်တယ်။ ကျွန်တော်တော့ ကဗျာနဲ့ ကင်းလွတ်ပြီး မနေတတ်တော့ဘူး'လို့ တောင်သူက ပြောတယ်။ အဖတ်ဆုံးကတော့ ရှိတ်စပီးယားပါပဲ။ 'အင်ဒီမီယန်'ကို ရေးပြီးသွားတော့ မိတ်ဆွေတွေကို လိုက်ပြတယ်။ ဟန့်က ကဗျာအရှည်ကြီးရေးတာကို မကြိုက်ဘူးတဲ့။ ထမင်းစားပွဲတစ်ခုမှာ ဝဒ်စဝသ် ကို စတွေ့ရတယ်။ မိတ်ဆွေတွေက တိုက်တွန်းကြလို့ ကိစ်ဟာ အင်ဒီမီယန်ထဲက တမ်းချင်းတစ်ပုဒ်ကို ထရွတ်ပြရတယ်။ ရွတ်ပြီးတဲ့အခါ ဝဒ်စဝသ်က 'အင်မတန်လှပတဲ့ မိစ္ဆာဒိဋ္ဌိဝါဒ ဇာစ်ပုဒ်ပါပဲ'လို့ မှတ်ချက်ချသတဲ့။ ၁၈၁၈မှာ 'အင်ဒီမီယန်'ကို ထုတ်တယ်။ အကြီးအကျယ်ဝေဖန်ကြတာတွေ ဖြစ်ကုန်တယ်။ စာအုပ်ထွက်ပြီး တစ်လကျော်မှာ ကိစ်ဟာ အိမ်နီးချင်းမိတ်ဆွေ ချားလ်စ်ဘရောင်းနဲ့အတူ မြောက်ဘက်ဆီ ခြေကျင်ခရီးထွက်တယ်။ သူ့ညီဂျော့က သူ့ခရီးမထွက်ခင်မှာဘဲ မိန်းမရပြီး မိန်းမနဲ့အတူ အမေရိက ထွက်သွားပါပြီ။ ကိစ်နဲ့ ဘရောင်းဟာ အင်္ဂလန်မြောက်ပိုင်း၊ အဲဒီနောက် စကော့တလန်၊ အဲဒီနောက် အိုင်ယာလန်တို့ထိ သွားကြတယ်။ တည်းစရာဟော်တယ်မရ၊ ရာသီဥတုက ကြမ်းတမ်းနဲ့ အင်မတန် ဒုက္ခရောက်သပေ့ါ။ မိုးတွေ အကြီးအကျယ်မိပြီး ကိစ်ဆရာဝန် ပြရတဲ့အထိ ဖြစ်လာတယ်။

တီဘီပဲလို့ သူသိတယ်။ ဒါနဲ့ပြန်လှည့်ခဲ့ကြတယ်။

အိမ်ပြန်ရောက်တော့ သူ့ရောဂါက အတော်ဆိုးသလို သူ့ညီငယ်တွမ်ဟာလည်း သူ့ထက် ဆိုးနေသေးတာကို တွေ့ရတော့တယ်။ တီဘီပါပဲ။ ကိစ်ဟာညီလေးကို သူကိုယ်တိုင်ပြုစုတယ်။ 'အင်ဒီမီယတန်'ကို ဝေဖန်လိုက်ကြတာကလည်း ရစရာမရှိဘူး။ အဆိုးဆုံးကတော့ 'ဘလက်ဝုဒ် မဂ္ဂဇင်း'နဲ့ 'ကွားတာ့လီရီဗျူး'တို့ပါပဲ။ စာတင်မက လူကိုပါ ငယ်ကျိုးငယ်နာဖော်ပြီး ပုဂ္ဂိုလ်ရေးတိုက်လာတာတွေ လုပ်ကြတယ်။ စာအုပ်က ရောင်းလို့လည်း မစွံဘူး။ ဒီတစ်ခါ ပိုက်ဆံကလေးများ ရမလားလို့ ကိစ်က မျှော်ခဲ့တာ မစွံတော့ သူ့အဖို့ ဝေဖန်ရေးသမားတွေ ဆဲတာထက် အခံရခက်မိသတဲ့။ အမည်မဖော်လိုတဲ့ စာဖတ်သူ တစ်ယောက်ကတော့ ချီးကျူးတဲ့ တေးထပ်လေးတစ်ပုဒ်ရေးပို့လိုက်တယ်။ ဖတ်ပြီးလျှင် တစ်ဖက်လှန်ပါလို့ ရေးထားတာနဲ့ လှန်ကြည့်တော့ ၂၅ပေါင်တန် ငွေစက္ကူတစ်ရွက်တွေ့ရသတဲ့။ ကံဆိုးရှာတဲ့ ကိစ်ခမျာ အဲဒီနှစ် ဒီဇင်ဘာမှာညီငယ်တွမ်ဆုံးတာကို ကြုံလိုက်ရပြန်တယ်။

ကိစ်နဲ့ ဘရောင်းတို့ ခရီးထွက်နေတုန်းက ဘရောင်းရဲ့ အိမ်ကလေးကို အဒေါ်ကြီးတစ်ယောက်က ငှားနေတယ်။ ကိစ်တို့ခရီးလှည့်ပြန်လာခဲ့ကြတဲ့အခါကျတော့ ကိစ်ဟာ အဲဒီအဒေါ်ကြီးရဲ့သမီး ဖင်နီဘရောင်းနဲ့ ချစ်ကြိုးသွယ်မိတော့တယ်။ နှစ်ကုန်တဲ့အခါမှာ စေ့စပ်လိုက်ကြပါရော။ မိန်းကလေးက ၁၈နှစ်၊ ရုပ်ရည်အသင့်အတင့်၊ အကအခုန်မက်မော၊ နည်းနည်းလည်း ပျံတံတံလို့ဆိုတယ်။ ကိစ်ဟာ သူ့ကို အသေအလဲချစ်တယ်။ သူကတော့ အပေါ်ယံပဲလို့ မိတ်ဆွေများက မှတ်ချက်ချတယ်။ ကိစ်ဟာ ဘာမှ ကျော်ကြားသေးသူမဟုတ်တော့ မိန်းမတို့ထံထွာ မချောက အင်တင်တင်ပဲတဲ့။ သူက ကပွဲတွေသွား၊ ပါတီတွေတက်လုပ်တော့ ကိစ်ခမျာ သဝန်ကြောင်စိတ်တွေဖြစ်ပြီး သိပ်စိတ်ဒုက္ခရောက်ရရှာတယ်။ (ဒါပေမယ့် ဖင်နီဟာ တချို့ထင်ကြရသလို သိပ်မဆိုးရှာပါဘူး။ သူ့စာတွေကို ကနေ့ ဖတ်ကြည့်တဲ့အခါ သူဟာ အမြော်အမြင်ရှိတယ်။ စဉ်းစဉ်းစားစားလုပ်တတ်တယ်၊ ကိစ်ကိုလည်း တကယ်ချစ်တယ်ဆိုတာ တွေ့ကြရတယ်။ နောင် ကိစ်သေသွားတဲ့အခါ ဆံပင်ကို ဖြတ်ပစ်တယ်။ မုဆိုးမဆောင်းဦးထုပ်ကို ဆောင်းတယ်။ ဝမ်းနည်းတဲ့အထိမ်းအမှတ် အဝတ်အစားကို ခြောက်နှစ်လုံးလုံး ဝတ်နေတယ်။ ကိစ်အကြောင်းပြောဖို့ ရေးဖို့ တိုက်တွန်းလျှင်လည်း ငြင်းဆန်တာပဲ။ ကိစ်သေပြီးလို့ ဆယ့်သုံးနှစ်ကြာတဲ့အခါ အိမ်ထောင်ပြုလိုက်ပေမယ့် ကိစ်ပေးထားတဲ့ လက်စွပ်လေးကိုတော့ တစ်သက်လုံး မချွတ်ဘဲ ဝတ်သွားပါသတဲ့။)

ဒီလို ညီကြောင့်ဖြစ်ရတဲ့ဒုက္ခ၊ ချစ်သူကြောင့် ခံစားရတဲ့ ဒုက္ခ၊ ငွေရေးကြေးရေး အဆင်မပြေတဲ့ ဒုက္ခတွေ စုပြုံနေတဲ့အချိန်ပိုင်းမှာ ကိစ်ဟာ ကဗျာကောင်းတွေ အများဆုံး ထုတ်လုပ်သွားခဲ့တယ်။ 'လာဘဲလ်ဒမ်ဆန်မယ်ရဆီ'၊ 'စိန့်အဂ္ဂနစ်အကြို'နဲ့ (ခေါမကျောက်အိုးဖွဲ့ အပါအဝင်)တမ်းချင်းများဟာ ဒီအချိန်က ရေးခဲ့တာတွေပေါ့။ ကိစ်ဟာ အိမ်ထောင်ပြုချင်လှပါပြီ။ ဒါပေမယ့် အသက်မွေးဝမ်းကျောင်းက မရှိသေးဘူး။ အက်ဘေးကလည်း ပေးနေကျ ထောက်ပံ့ငွေ မပေးတော့ဘူး။ ညီတော်မောင် ဂျော့ကလည်း ငွေလိုနေပြန်တယ်ဆိုတာနဲ့ မရှိမဲ့ရှိမဲ့ထဲကနေ ဖဲ့ပို့နေရသေးတယ်။ ကိစ်ခမျာ သတင်းစာဆရာလုပ်ရမလား၊ ဆရာဝန်ပဲ လုပ်ရမလား၊ ဦးနှောက်ခြောက်နေမိတယ်။ မစ္စတာ အက်ဘေးက ဦးထုပ်လုပ်ရောင်းပါလား အကြံပေးတာတောင် လုပ်ကြည့်ရမလား စိတ်ကူးကြည့်သေးတယ်။ နောက်ဆုံးမှာတော့ အများကြိုက် ပြဇာတ်တစ်ပုဒ်၊ ဒါမှမဟုတ် ဝတ္ထု ကဗျာတစ်ပုဒ် ရေးရလျှင်ဖြင့် စွံတန်ကောင်းရဲ့လို့ အကြံပေါက်ပြီး စာရေးရအောင် ဝိုက်ကျွန်းကို ထွက်သွားတယ်။ 'လဲမိယာ' ကဗျာ ဝတ္ထုနဲ့ 'မဟာဩသို' ပြဇာတ်ရေးဖြစ်ခဲ့တယ်။ ပြဇာတ်က ဘရောင်းနဲ့တွဲပြီး ရေးတာပါပဲ။ ဘရောင်းက ပြဇာတ်ရေးဖူး၊ ရုံတင်ဖူး၊ ငွေပေါင် ၃၀၀၀ ရဖူးသူဖြစ်တယ်။ ကံမကောင်းချင်တော့ ပြဇာတ်ကို ရုံတင်ပေးမယ့်လူက အမေရိကထွက်သွားပါလေရော။ ရောဂါ အငုပ်အရင်းများကလည်း ပြန်ထလာကြတယ်။ ဖေဖော်ဝါရီ တစ်နေ့မှာ အပေါ်အင်္ကျီမပါဘဲ ရထားအမိုး ပေါ်ကနေ စီးသွားလိုက်တာ အကြီး အကျယ် အအေးမိပါတော့တယ်။ ချောင်းဆိုးတော့ သွေးပါလာတယ်။ ကိစ်က မိတ်ဆွေဘရောင်းကို ဖရောင်းတိုင်တစ်တို ယူခိုင်းပြီး သွေးကို သေသေချာချာ ကြည့်တယ်။ ပြီးတော့ 'ဒီ သွေးအရောင်ကို ကျွန်တော် သိတယ်။ သွေးလွှတ်ကြောထဲကသွေးပဲ။ သေချာပါတယ် မမှားပါဘူး။ ဒီသွေးစက်ဟာ ကျွန်တော့်သေဝရမ်းပါပဲ'လို့ အေးအေးဆေးဆေး ပြောပြသတဲ့။ ဒီနောက် အိပ်ယာပေါ်မှာပဲ အနေများတော့တယ်။ ဒါပေမဲ့ တစ်လလောက်နေတော့ ရောဂါသက်သာလာပြန်တယ်။ ဒါနဲ့ကဗျာ စာအုပ်အသစ်စပြန် တယ်။ ၁၈၂၀ ဇွန်လမှာ ထုတ်တဲ့ 'လဲမိယာ၊ အဇ္ဇဘဲလာ၊ စိန့်အဂ္ဂနက်အကြိုနဲ့ အခြားကဗျာများ' ဟာ ကိစ်ရဲ့ တတိယနဲ့ နောက်ဆုံးစာအုပ်ပါပဲ။ ဝေဖန်သူတွေ တညီတညာ အကောင်းပြောကြပြီး အရောင်းသွက်ချင်တဲ့ စာအုပ်လည်းဖြစ်တယ်။ ဒါပေမယ့် အင်္ဂလန်ရဲ့ နိုင်ငံရေးက ရှုတ်ရှုတ် ရှုတ်ရှုတ်ဖြစ်နေချိန်မို့ အုပ် ၅၀၀ တောင် မကုန်ခဲ့ဘူး။

ဒီစာအုပ်မထွက်ခင်ကပဲ ကိစ်က သူသိပ်မနေရတော့ဘူးဆိုတာ သိနေ

ပါပြီ။ ဆရာဝန်တွေကလည်း အမျိုးမျိုးကြိုးစားကုသကြပါရဲ့။ ဒါပေမဲ့ ကုထုံးတွေက ခုခေတ်အမြင်နဲ့ကြည့်လျှင် ရယ်စရာဖြစ်နေတယ်။ အီတလီသွား အပန်းဖြေရမလား စဉ်းစားတယ်။ ရှယ်လီကလည်း ပီဆာမှာသူနဲ့ လာနေဖို့ဖိတ်တယ်။ ကိစ်ကလက်မခံဘူး။ သူ့အခြေအနေကို ရိပ်မိတဲ့ ဖင်နီတို့သားအမိကလည်း ကိုယ်ဖိရင်ဖိ ပြုစုကြပါတယ်။ ကိစ်အဖို့တော့ ဒါကိုပိုပြီး စိတ်ထိခိုက်စရာဖြစ်လာတော့တယ်။ ကိုယ့်ချစ်သူကို နီးနီး ကပ်ကပ် မြင်တွေ့နေရပြီး ဒီချစ်သူကို လက်ထပ်မယူနိုင်တော့ ပါလားလို့ တွေးမိရတာမျိုးဟာ အသည်းနှလုံးမှာ ဘယ်လောက်များနာကျင် လိုက်မလဲ။ အဲဒီအချိန်က ကိစ် ရေးတဲ့စာတွေကို ဖတ်ကြည့်လျှင် ဒီခံစားရချက်ကို တွေ့ကြရမယ်။

မိတ်ဆွေများနဲ့ ဆရာဝန်များက တခုတည်းသော မျှော်လင့်ချက်ဟာ တောင်ပိုင်းဒေသမှာ အပန်းဖြေခြင်းပဲလို့ သဘောတူကြတယ်။ ကိစ်အနေနဲ့ ဖင်နီကို ဝေးဝေးခွဲပြီးတော့လည်း မသွားရက်ပြန်ဘူး။ ဖင်နီက အီတလီကို သူ့ပါလိုက်ခဲ့မယ်လို့ ပြောရှာပါရဲ့။ ကိစ်က ဆေးရုံပေါ်မှာ သေခါနီးမြင်ကွင်းတွေ ကြုံရဖူးသူဆိုတော့ လိုက်ခွင့်မပြုဘူး။ စက်တင်ဘာမှာ အင်္ဂလန်ရဲ့အအေးက နေမမြင်နိုင်လောက်အောင် ဆိုးလာပြီ။ ဒါနဲ့သူ့စာအုပ်ထုတ်သူ တေးလားပေးတဲ့ ငွေကလေးနဲ့ မိတ်ဆွေ ပန်းချီဆရာလေး ဂျိုးဆက်ဆယ်ဗန်နဲ့အတူ ရောမမြို့ကို သင်္ဘောခရီး ထွက်ခဲ့ကြတော့တယ်။ ခရီးက သိပ်ကြမ်းတယ်။ နေပါလီထိ တစ်လကြာတယ်။ နိုဝင်ဘာလလယ်မှ ရောမကို ရောက်တယ်။

ကိစ်ရဲ့ နောက်ဆုံးနှစ်လဟာ ကိုယ်စိတ် အလွန်ဆင်းရဲရတဲ့ အချိန်ပိုင်းပါဘဲ။ စာမရေးနိုင် ဖတ်လည်းမဖတ်နိုင်။ ဖင်နီဆီက စာကိုတောင် မဖတ်နိုင်၊ ဖတ်လည်း မဖတ်ချင်တော့ဘူး။ သူ့စာအိတ်လေးတွေ မြင်ရတာကိုက ကိစ်မှာ ရောဂါအခြေပိုဆိုး စေပါသတဲ့။ ဆယ်ဗန်က သူ့ကို ပြုစုရှာတယ်။ အပြင်ကို လမ်းတွဲလျှောက်တယ်။ စန္ဒရားတစ်လုံးငှားပြီး ကိစ်အကြိုက်ဆုံး မိုးဇတ်နဲ့ ဟေဒင်ကိုတီးပြတယ်။ ဒီဇင်ဘာမှာ ရောဂါအခြေ အတော်ဆိုးလာလို့ သွားပြီတောင် အောက်မေ့ကြတာ။ မသေသေးဘဲ နောက်နှစ်လလောက် နေသွားသေးတယ်။ သူက ဆယ်ဗန် ကို 'မင်းလူသေတာ မြင်ဖူးလား'လို့မေးတယ်။ မမြင်ဖူးဘူးလို့ပြောတော့ 'ဟုတ်လား၊ ဒီလိုဆိုရင်တော့ မင့်ကို သနားပါရဲ့၊ ဆယ်ဗန်ရာ။ မင်း ငါ့အတွက် ဒုက္ခ သုက္ခ ကြုံရဦးတော့မှာပဲ။ ကဲ စိတ်ခိုင်ခိုင်သာ ထားပေတော့။ သိပ်ကြာမှာ မဟုတ်တော့ဘူးကွဲ့"လို့ပြောသတဲ့။ ဒီလိုနဲ့ ဖေဖော်ဝါရီ ၂၃ သန်းခေါင်ကျတော့

ကိစ်ဟာ ဆယ်ဗန်း ရဲ့ လက်ထဲမှာပဲ အသက်ပျောက်သွားခဲ့တယ်။ သူမှာခဲ့တဲ့အတိုင်း သူ့ သင်္ချိုင်းဂူပေါ်မှာ သူရေးပေးခဲ့တဲ့ 'ရေနဲ့ နာမည်ရေးခဲ့သူ လဲလျောင်းရာ'ဆိုတဲ့ စာတန်းလေး ရေးထိုးထားတယ်။ နာမည်ကို ရေးမထား ဘူး'

ကိစ်ရဲ့ ကဗျာတွေမှာ လွှမ်းခြုံနေတဲ့ အတွေးအမြင်တစ်ခုကတော့ အလှတရားပါပဲ။ ဝဒ်စဝသ်ဟာ ဩကာသလောကဆိုတဲ့ သဘာဝကို ကိုးကွယ်သူ ဖြစ်သလို ကိစ်က အလှကို ကိုးကွယ်သူဖြစ်တယ်။ သူရဲ့ အလှနီတိလေးတွေဟာ စကားပုံလေးတွေလိုတောင် ဖြစ်နေကြပြီ။ 'အလှအပ ပစ္စည်းဆိုတာ ထာဝရ ရွှင်မြူးကြည်နူးစရာ'၊ အလှဟာ အမှန်၊ အမှန်ဟာ အလှ'ဆိုတာတွေပေါ့။ သူ့ကဗျာတွေမှာ 'အလှအပကို အမျိုးမျိုးဖော်ကျူးတယ်။ လက်ရာလည်း မြောက်တယ်၊ အနုပညာရဲ့ အလှ (ခေါမကျောက်အိုး)၊ ဩကာသရဲ့အလှ ('သရဒ'နဲ့ နိုက်တင်ဂေးလ်'၊ လူ့စိတ် လှုပ်ရှားမှုတို့ရဲ့ အလှ(ပူဆွေးမှု) စသည်တို့ကို မှော်စွမ်းထက်ထက်နဲ့ သူရေးဖွဲ့နိုင်တယ်။

သူကအတွေးအခေါ်ထက် အာရုံခံစားမှုကို ဦးစားပေးလိုတယ်။ ရှယ်လီလို အတွေးရဲ့ ဒဿနဆန်မှုတွေကိုသူစိတ်မဝင်စားဘူး။ လူ့စဉ်းစားဉာဏ်ဆိုတာကို မယုံသူဖြစ်လေတော့ အမှန်တရားဆိုတာကို သူက သံသယရှိတယ်။ ဝဒ်စဝသ်လိုလည်း သေခြင်းတရားအကြောင်းတွေ ဘာတွေ ဆင်ခြင်မနေလိုဘူး။ အာရုံတံခါးပေါက်တို့ကနေ အလှရဲ့ မက်မောဖွယ်တရားများကို ဖမ်းယူပြီး ဒီအာရုံခံစားမှုမှာပဲ ဘဝကိုမြုပ်နှံထားလိုတယ်။ ဒါပေမယ့် အနုပညာ တံခါးပိတ်ဝါဒမျိုးလည်း ရောက်မသွားဘူး။ သူ့အလှဝါဒမှာ ထူးခြားချက်နှစ်ခုရှိတယ်။ တစ် သူက လှတယ်ဆိုတာ ပြေပြစ် နေတာ၊ ပြည့်စုံနေတာကိုမှ ဆိုလိုတာမဟုတ်ဘူး။ ဘယ်အာရုံကိုမဆို အစွန်းရောက်အောင် ခံစားနိုင်ခြင်းဟာ အလှပဲလို့ သူကမြင်တယ်။ ဘယ်အာရုံခံစားမှုမဆို ထိပ်တန်းရောက်အောင် ပြင်းထန်လျှင် ရွံစရာကိုပဲ လှလာစေတယ်လို့ သူကဆိုတယ်။ ချစ်သူရဲ့ လွမ်းဓာတ်ဟာလည်း လှတာပဲ။ ပျော်ပွဲက လူငယ်တွေလည်းလှတာပဲ၊ လိုတမရလို့ ဒုက္ခရောက်နေတာလည်းလှတာဘဲ။ အဲသလို စသဖြင့် ဘဝရဲ့ အဆင့်ဆင့်တိုင်းကိုစာနာတတ်သူဖြစ်တယ်။ ဒီနေရာမှာ သူနဲ့ရှိတ်စပီးယားနဲ့တူတယ်။ နှစ်- သူ့အလှဝါဒက သူ့ကို စိတ်ကူးမှုဆိုင်ရာ အမြင်သစ်တစ်ခု ရလာစေတယ်။ သူ့အဖို့ စိတ်ကူးမှုဆိုတာ စိတ်ရဲ့ဖန်ဆင်းမှု လက်နက်တစ်ခုမျှ မဟုတ်ဘူး။ အမှန်တရားကို မျက်မှောက်ပြုရာ မဏ္ဍိုင်ပါ ဖြစ်နေတယ်။ စိတ်ကူးက လှတယ်လို့ ခံယူ လိုက်လျှင် အရင်က ရှိခဲ့ မရှိခဲ့၊ အမှန်ဖြစ်ရမယ်။ ဒါကြောင့် သူ့အဖို့ ခေါမခေတ်

ဟာလည်း အလယ်ခေတ်လို မှန်တာပဲ။ ပစ္စက္ခ ဩကာသလောကမှာ ကြည်နူးစရာ တွေ့ရသလို ကြည်နူးရတာပဲ။ တကယ့်ဘဝဖြစ်ရှိနေသလို သူက မြင်တယ်။

အလှကို သည်လိုမြင်နေသူ တစ်ဦးအဖို့ သူ့လက်ရာလှနေတာ ဘာဆန်း တော့မလဲ။ သူဟာ အာရုံ ရုပ်ပုံ ကြွယ်ဝမှုကို အာရုံခံစားမှု မှော်အတတ်နဲ့ ရောမွှေထားနိုင်စွမ်းတယ်။ အသေးစိတ်ကလေးတွ လှနေရာကနေ ပြေပြစ် စံနစ်ကျတဲ့ ဒီဇိုင်းတစ်ခုဖြစ်လာအောင် အနုပညာ မြောက်အောင် ရက်လုပ်နိုင်စွမ်းတယ်။ သူ့ကဗျာရဲ့ အချုပ်စွမ်းပကားကတော့ နိမိတ်ပုံတွေပီပြင်တယ်။ သဒ္ဒါလင်္ကာရ (ရစ်သမ်) ကြွယ်ဝတယ်၊ ဘာသာစကား နိုင်နင်းတယ်။ ကဗျာဟာ အသွင်လှသလို အသံသာတယ်။ ရုပ်ပုံကြွယ်သလို အားကောင်းတယ်။ လှတာကလွဲလို့ သူ့ဆီက ဘဝနဲ့ ပတ်သက်လို့ကော လူ့အဖွဲ့အစည်းနဲ့ ပတ်သက်လို့ကော တယ် မမျှော်လင့်နိုင်ပါဘူး။ သူ့မှာဘာနိုင်ငံရေးအသိမှ မရှိရှာပါဘူး။

## ဆွန်းနက်

ငါ့ကလောင်ဟာ၊ ငါ့ရဲ့ သီးနှံဖြိုးကြွယ်တဲ့ ဦးနှောက်ကို ကောက်သင်း မကောက်ရခင်
မြင့်မြင့်မားမား စုပုံထားတဲ့ စာအုပ်များက ကောက်နှံမှည့် ရွှမ်းရွှမ်းတို့ကို
ပြည့်ဖြိုးဖြိုးစပါးကျီတို့ပမာ အက္ခရာများနဲ့ မသိမ်းဆည်းရခင်
ငါချုပ်ငြိမ်းသွားလေမလားလို့ စိုးရိမ်စိတ်များရှိမိတဲ့ခါ၊
ညရဲ့ကြယ်ပြိုးပြောက်မျက်နှာပေါ်မှာ မြင့်မားတဲ့ ဇာတ်လမ်းတစ်ပုဒ်ရဲ့
ကြီးမားတဲ့ တိမ်တောင်သင်္ကေတများကို ငါမြင်ရပြီး
သူတို့ရဲ့ အရိပ်များကို ကံတရားရဲ့ မှော်လက်နဲ့
ခြေရာကောက်ရအောင်မှ အသက်ရှင်နေရပါ့မလားလို့ ငါထင်မိတဲ့ခါ၊
ပြီး၊ လှပတဲ့ အချိန်နာရီသတ္တဝါငဲ့၊ မင်းကိုငါ
နောက်ထပ်ကြည့်ရတော့မယ် မဟုတ်ဘူး
ရောင်ပြန်မဟပ်တဲ့အချစ်ရဲ့ နတ်စွမ်းအင်ကိုလည်း
အရသာခံရတော့မယ်မဟုတ်ဘူးလို့တွေးမိတဲ့အခါ - ကျယ်ပြောတဲ့
လောကရဲ့ ကမ်းပါးပေါ်မှာ ငါတစ်ကိုယ်တည်း ရပ်နေရပြီး တွေးနေမိရာ
ချစ်ခြင်းနဲ့ ကျော်စောခြင်းတို့ သုညအဖြစ် နိမ့်ဆင်းကုန်ကြတော့တယ်။

ကိစ်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ (အသက်အစိတ်သာသာသေဆုံးသွားရှာရတဲ့ ကဗျာဆရာတစ်ဦးဖြစ်တယ်။သူလူ့ပြည်မှာ ကြာကြာ မနေရတော့ဘူးဆိုတာကိုလည်း သူ့ကိုယ်သူ တော်တော် စောစောကတည်းကသိထားသူဖြစ်တယ်။ ကဗျာတွေ အင်မတန်ဖတ်ပြီး အင်မတန်လည်း ရေးကောင်းနေတဲ့သူ။ ဒီလိုလူမျိုးရဲ့ စိတ်ထဲမှာ ဘယ်လိုခံစားရလိမ့်မလဲ။ ဒီကဗျာဟာ အဲဒီခံစားချက်ကို ကိစ် ဖော်ကျူးထားခြင်း ပါပဲ။

ကဗျာဆရာက သူ့ဦးနှောက်ကို အသီးအနှံတွေ ဖြိုးဖြိုးဝေဝေ သီးလှတဲ့ လယ်ကွင်းတစ်ခုနဲ့ နှိုင်းတယ်၊ ကဗျာတွေက စပါးတွေပေါ့။ စာအုပ်တွေကို စပါးတွေ ဖြိုးမောက် ပြည့်လျှံအောင် ထည့်သွင်းသိုလှောင်ထားရာ စပါးကျီများနဲ့ နှိုင်းတယ်။ ဦးနှောက်ထဲက ထွက်လာတဲ့ ကဗျာတွေကို ကလောင်တံနဲ့လိုက်ပြီး ရေးသားတာကို လယ်ထဲမှာ စပါးရိတ်သိမ်းတာနဲ့နှိုင်းတယ်။ စပါးနှံတွေကို မကျန်မကြွင်းရအောင် ကောက်သင်းကောက်သလို သူ့ဦးနှောက်ထဲက ထွက်စိမ့်လာမယ့် ကဗျာတွေကို ကလောင်နဲ့ 'ကောက်သင်းကောက်'ကာ တောင်လိုပုံနေတဲ့ စာအုပ်ကြီးတွေနဲ့ ပေထက်အက္ခရာတင်ခြင်း၊ သိုမှီးခြင်းမပြုရခင်မှာ သူသေများသွားရမှာလားလို့ တွေးပြီး စိုးရိမ်မိတယ်။

ကြယ်လေးတွေ ပြိုးပြိုးပြောက်ပြောက်ဖြစ်နေတဲ့ ည မိုးကောင်းကင်ကို မော်ကြည့်လိုက်လျှင် တိမ်တောင် တိမ်လိပ်တွေက ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေ သလိုထင်ရတယ်။ ဒီဇာတ်လမ်းကို သူ့လက်နဲ့လိုက်ပြီး ရေးချတာကို ဇာတ်လမ်းရဲ့ အရိပ်ကို ခြေရာကောက်တယ်လို့ တင်စားလိုက်တယ်။ ဒီလိုမရေးချနိုင်မီများ သူသေ သွားရမလားလို့ စိုးရိမ်မိတယ်။ သူ့လက်တွေဟာမှော်ဝင်နေသလို လှလှပပ သီကုံး တတ်တယ်။ ဒါပေမယ့် ဒီလိုသီကုံးဖြစ်ဖို့ဟာ အမြဲတော့မဟုတ်ပေဘူး။ ကံအားလျော်စွာ ကြုံကြိုက်မှ ရေးဖြစ်ပေမယ်။ ဒါကြောင့် ကံတရားရဲ့ မှော်လက်' လို့ ဖွဲ့ပါတယ်။

ကဗျာဆရာက အချိန်နာရီကို အင်မတန်အာရုံစူးစိုက်နေသူဖြစ်တယ်။ ဒါကြောင့် သူ့ချစ်သူကိုလည်း နာရီပိုင်းအချိန်ပိုင်းမှာသာ တည်တံ့တဲ့ သတ္တဝါလေးလို့ မြင်မိတယ်။ သည်လို တဒင်္ဂရှုမြင်ရသူလေးကိုမှ နောက်ထပ် ရှုမြင်ရတော့မယ် မဟုတ်ဘူးလို့ သူတွေးမိတယ်။ သူ့အချစ်ကို သူ့ချစ်သူက မတုံ့ပြန်ပါဘူး။ ဒါပေမယ့် မတုံ့ပြန်တဲ့အချစ်ကို ချစ်နေရတာကလည်း အရသာရှိတာပဲ။ ဒီလိုအချစ်မျိုးမှာ လည်း ကြည်နူးဖွယ်စွမ်းပကားရှိတယ်။ ဒီကြည်နူးမှုမျိုးကိုနောက်ထပ် မခံစားရတော့ ဘူးထင်ပါရဲ့လို့သူစိုးရိမ်မိတယ်။

ဒီလိုတွေးမိတဲ့အခါမျိုးမှာ သူဟာဖြင့် အပြောကျယ်လှတဲ့ ကမ္ဘာလောကကြီးရဲ့ ကမ်းပါးပေါ်မှာ ဖုန်းမောင့်တစ်ယောက်ထဲ ရပ်နေရသလိုခံစားမိတယ်။ အချစ်တို့ ကျော်စောမှုတို့ ဆိုတာတွေဟာလည်း ဘာမှအနှစ်သာရမရှိ အနတ္တတွေအဖြစ် သူ့စိတ်ထဲမှာ ကျဆင်းကုန်တော့တယ်တဲ့။

❖

**ခေါမကျောက်အိုးပွဲ့ တမ်းချင်း**

(၁)

အချင်းငြိမ်သက်ခြင်းရဲ့ ဖျက်ဆီးမခံရသေးသူ သတို့သမီး၊
အချင်းတိတ်ဆိတ်ခြင်းနဲ့ နှေးကွေးတဲ့အချိန်တို့ရဲ့ မွေးစားသမီး၊
ဒီလိုနဲ့ ပန်းပေါင်းဝေဆာတဲ့ ပုံပြင်ကို
ငါတို့တေးထက်ပဲသာယာစွာဖော်ကျူးနိုင်သသူတောရပ် သမိုင်းဆရာလေးငဲ့
တဲမ်ပီ ဝါ အာကာဒီ လျှိုမြောင်များဆီက
နတ်တွေ ဝါ လူတွေ၊ ဝါ လူနတ်နှစ်ဦးလုံးပါတဲ့
မင်းရဲ့ သဏ္ဌာန်ဝန်ကျင်းမှာ ဘယ်လိုသစ်ရွက်ဝေဝေနဲ့ ပုံပြင်များ
ရစ်ဝဲနေလေမလဲ။
ဒါတွေက ဘယ်လိုလူ ဘယ်လိုနတ်တွေပဲ့။ ဘယ်လိုမူနွဲ့နွဲ့ လုံမတွေပဲ့။
ဘယ်လိုအရူးအမူး ပြေးတမ်းလိုက်တမ်းလေးပဲ့၊ ဘယ်လိုလွတ်အောင်
ရုန်းထွက်မှုလေးပဲ့။
ဘယ်လိုပလွေတွေ ဗုံတွေပဲ့။ ဘယ်လောက်ပြင်းပြတဲ့ပီတိအဟုန်ပေပဲ့။

(၂)

ကြားရတဲ့တေးသံများဟာ ချိုတယ်၊ ဒါပေမဲ့ မကြားရတဲ့တေးသံက
ပိုလို့ချိုရဲ့။ ဒါကြောင့်ညှံ့နူတဲ့ ပလွေတို့၊ ဆက်လက် မြည်ကျူးကြ။
အာရုံယူတတ်တဲ့ နားအတွက်မဟုတ်၊ ပိုမိုချစ်မြတ်နိုးအပ်တဲ့
စိတ်ဝိညာဉ်အတွက် အသံမဲ့တေးများကို မြည်ကျူးကြ။
သစ်ပင်တွေအောက်က လူပျိုချောကလေး၊ မင့်တေးကိုမင်း
စွန့်ပစ်သွားနိုင်မယ်မဟုတ်ဘူး။ အဲဒီသစ်ပင်တွေလည်း ဘယ်ခါမှ အရွက်မဲ့ကြမယ်
မဟုတ်ဘူး။

ထင်းရှူးပင်ရိပ်
ရဲရင့်တဲ့ ချစ်သူမောင်၊ ပန်းတိုင်နားကို ရောက်လာရပေမယ့် ဘယ်တော့မှ
ဘယ်တော့မှ မင်းနမ်းရလိမ့်မယ် မဟုတ်ဘူး - ဒါပေမယ့် မဆွေးပါနဲ့။
မင်းစိတ်အလိုမပြည့်ရပေမယ့်သင်းကလေး ပြယ်ပျောက်သွားမယ်မဟုတ်ဘူး။
အမြဲထာဝရပဲ မင်းချစ်နေရမယ်၊ အမြဲပဲ သူကလည်းလှနေမှာပါ။

(၃)

ဩော် အရွက်မကြွေရ နွေဦးကို နှုတ်ခွန်းခြွေသမှု မပြုရသမို့
ချမ်းသာ - ချမ်းမြေ့လိုက်တဲ့ သစ်ကိုင်းတွေရယ်။
အမြဲသစ်လွင်တဲ့ တေးတွေကို မမောနိုင် မပန်းနိုင်
အမြဲပလွေကျူနေရသမို့ ချမ်းသာလိုက်တဲ့ ထံတျာရှင်ရယ်။
အမြဲနွေးထွေးလို့၊ ကြည်နူးခံစားရဦးမယ်သာ ဖြစ်လို့မို့
အမြဲလှိုက်ဖိုလို့၊ အမြဲနုပျိုလို့မို့
ပိုလို့ပဲ ချမ်းသာလိုက်တဲ့မေတ္တာ၊ ပိုလို့ပဲချမ်းသာ-ချမ်းမြေ့လိုက်တဲ့ မေတ္တာတရားရယ်။
အသည်းနှလုံးကို ပူဆွေး-ဟိုက်မောရစ်စေ
နဖူးပြင်ကို လောင်ကျွမ်းရစ်စေ၊ လျှာကိုသွေးခြောက်ရစ်စေတဲ့
လူသား ခံစားရာ ဆန္ဒစိတ်ဟူသမျှထက် မြင့်မားပါပေရဲ့။

(၄)

ယဇ်ပူဇော်ပွဲကို လာနေကြတဲ့ ဒီသူတွေက ဘယ်သူတွေများပါလိမ့်။
အို ဘယ်သူဘယ်ဝါမသိရတဲ့ ပုရောဟိတ်ပဲ။ ပိုးသားနု နံပါးတစ်ခုလုံး
ပန်းကုံးတွေဆင်ယင်လို့ ကောင်းကင်ဆီ အော်မြည်နေတဲ့
ဒီနွားမကို အဘယ်ယဇ်ပလ္လင်စိမ်းစိမ်းဆီ ဆောင်သွားနေတာပါလဲ။
မြစ် ဝါ ပင်လယ်ကမ်းပါး၊ ဝါ ငြိမ်းချမ်းတဲ့ ခံတပ်တည်ရာ
တောင်နံဘေးရှိ အဘယ်မြို့ကလေးက
ဒီ ကုသိုလ်ရေး နံနက်ခင်းမှာ ဒီလူအုပ်ထွက်လာခဲ့ခြင်းပါလိမ့်။
မြို့ကလေးငဲ့၊ မင်းလမ်းတွေဟာဖြင့် အမြဲထာဝရသာ
ငြိမ်ဆိတ်နေပေတော့မယ်။ မင်းဘာကြောင့် လူသူမဲ့ ဖြစ်ရတယ်ဆိုတာ
ပြောပြဖို့လူသားတစ်ဦးတလေမှလည်း ပြန်လာနိုင်တော့မယ် မဟုတ်ချေဘူး။

(၅)

အို ခေါမ ပုံသဏ္ဍာန်၊ ကျောက်သား ယောကျ်ားမိန်းမ
ကနုတ်ကြောင်းများ၊ တောသစ်ကိုင်းများ
ခြေနင်းသွားခံပေါင်းပင်များ ထွင်းထုထားရာ လှပတဲ့ ဟန်ပန်ငဲ့၊
အချင်း ငြိမ်ဆိတ်တဲ့ ပုံသဏ္ဍာန်ငဲ့ အသင်ဟာဖြင့် နိစ္စတရားနည်းတူ
ငါတို့ကို မတွေးတောတတ်အောင် စလှာချေပေ့၊ အေးစက်တဲ့ တောဖွဲ့လေးငဲ့၊
အိုခြင်းတရားဟာ ဒီလူသားဆက်ကို ပြုန်းတီးစေတဲ့ခါ၊
ငါတို့ဒုက္ခမဟုတ်တော့တဲ့ အခြားဒုက္ခအလယ်မှာ သင်ဟာ
လူသားရဲ့ မိတ်ဆွေအဖြစ် တည်တံ့နေပေလိမ့်မယ်၊ သူ့ကိုသင်က
'အလှဟာအမှန်၊ အမှန်ဟာ အလှ'လို့ ပြောပြနေတယ်၊ ဒါဟာဖြင့်
မြေပြင်ပေါ်မှာ သင်သိသမျှအကုန်၊ သင်သိဖို့လိုသမျှ အကုန်ပါပဲ၊

ကိစ်ဟာ ပန်းချီဆရာ အင်ဂျမင်ဟေဒန်နဲ့ အသိအကျွမ်းဖြစ်ရပြီးတဲ့နောက် သူနဲ့အတူ ဗြိတိသျှပြတိုက်ကို မကြာမကြာ ရောက်ရောက်သွားရာက ဒီကဗျာပေါ် လာတာပါပဲ။ ပြတိုက်မှာ ခေါမကျောက်အိုး အမျိုးမျိုးကို တွေ့ရတဲ့အပြင် ပါသီနွန်လို ရှေးဟောင်းအဆောက်အဦးများက အကျိုးအပဲ့ အစအနတွေလည်း တွေ့ရတယ်။ ဒီကဗျာဟာ ကျောက်အိုးတစ်စုံတစ်ခုကို ရည်စူးပြီးဖွဲ့တာ ဟုတ်မထင်ပါဘူး။ ဒီကဗျာ ထဲက ပါတဲ့အတိုင်း အရုပ်စုံစုံနဲ့ ကျောက်အိုးပြတိုက်မှာမရှိပါဘူး။ ကျောက်အိုးတွေနဲ့ အခြားကျောက်ရုပ်တွေကိုကြည့်ပြီး ယေဘုယျကျောက်အိုးတစ်ခု သူ့စိတ်ကူးထဲမှာ ဖန်ဆင်းယူဟန် တူပါတယ်။ ပြီးမှ ဒီကဗျာကို ဖွဲ့တာဖြစ်ပါလိမ့်မယ်။

ကဗျာအဆိုအတိုင်းတော့ ကဗျာဆရာရှေ့မှာ ခေါမကျောက်အိုးတစ်လုံး ရှိတယ်။ ကျောက်အိုးပေါ်မှာ လုံမလေးက ရှေ့ကပြေး၊ လုလင်က နောက်ကလိုက် ဖမ်းနေဟန်၊ ပလွေသမားလေးတစ်ယောက်က သစ်ပင်အောက်မှာထိုင်ပြီး ပလွေမှုတ် နေဟန်၊ တောလမ်းတစ်ခုအတိုင်း လူအုပ်တစ်အုပ် ယဇ်ပူဇော်ပွဲသွားနေကြဟန် အရုပ်ရေးထားတယ်။ ဒီအရုပ်ကလေးတွေကို ကြည့်ပြီး ကဗျာဆရာက ဈာန်ဝင်စား လိုက်ရာက ဒီကဗျာပေါ်ပေါက်လာတာပါပဲ။

ကဗျာဆရာက ကျောက်အိုးကို အာလုပ်စကားနဲ့ ခေါ်လိုက်ပါတယ်။ ကျောက်အိုးက စကားမပြောတတ်ဘူး။ နှုတ်ဆိတ်ပြီး ငြိမ်နေသူဖြစ်လေတော့ ငြိမ်သက်ခြင်း တရားရဲ့ ကြင်ရာ သတို့သမီးလို့ခေါ်လိုက်တယ်။ အဲသလို ငြိမ်သက်

နေတာကိုလည်း အဖျက်ဆီးမခံရသေးဘူး။ အနှောက်အယှက် မခံရသေးဘူး။ ခေတ်အဆက်ဆက် အချိန်ကာလ တစ်လျှောက်မှာ ဒီကျောက်အိုးဟာ ဒီတိုင်း ငြိမ်ဆိတ်နေခဲ့သူ ဖြစ်တယ်။ ဒါကြောင့် 'တိတ်ဆိတ်ခြင်းနဲ့ နှေးကွေးတဲ့အချိန်တို့ရဲ့ မွေးစားသမီး'လို့ ခေါ်ထားတယ်။ ဒါပေမယ့် ခုလိုစကားမဆို၊ ငြိမ်ဆိတ်သာနေတယ်၊ သူဟာလှပတဲ့ ဇာတ်လမ်းတစ်ပုဒ်ကိုတော့ ကဗျာဆရာရဲ့ ကဗျာထက်တောင် သာယာအောင် ဖော်ကျူးနိုင်တယ်တဲ့။ အသံမထွက်ဘဲ ပုံပြောနေတယ်ပေါ့။ တခြားကြောင့် မဟုတ်ဘူး။ ကျောက်အိုးပေါ်မှာ အရုပ်ကလေးတွေ ရေးထားတာတွေရလို့ပဲ။ လူရုပ်လား နတ်ရုပ်လားတော့မသိဘူး။ ဒီအရုပ်လေးတွေရေးထားတဲ့ ဒီကျောက်အိုးဝန်းကျင်မှာ လှပတဲ့ဇာတ်လမ်းလေးတစ်ခု ရစ်ဝဲနေမှာပါပဲတဲ့။ တဲမ်ပီဆိုတာ ခေါ်မပုံပြင်အရ နတ်များ ပျော်စံရာ၊ အာကာဒီကလူတွေ ကျက်စားရာလျှိုမြောင်ပါ။ ဒီအရုပ်လေးတွေကိုကြည့်ပြီး ကဗျာဆရာက ကျောက်အိုးကိုမေးတယ်၊ သူတို့ဟာ လူတွေလား၊ နတ်တွေလားတဲ့။ မိန်းကလေးက မချစ်လိုဟန် ရှေ့ကပြေး၊ လုလင်ပျိုက အတင်းလိုက်ဖမ်းနဲ့ ဘယ်လိုပြေးတမ်းလိုက်တမ်းလေးပါလိမ့်မလဲ။ ပလွေမှုတ်နေတဲ့ အရုပ်လည်းပါ၊ ဗုံတီးတဲ့အရုပ်လည်းပါ၊ ဘယ်လောက် ပျော်မြူးစရာကောင်းလိုက်မလဲတဲ့။

ဒုတိယပိုဒ်မှာ အရုပ်လေးတွေကို ကဗျာဆရာက စကားဆိုတယ်။ တကယ့်နားနဲ့ ကြားရတဲ့တေးသံဟာချိုတယ်။ ဒါပေမယ့် မကြားရတဲ့တေးသံက ပိုလို့ချိုတယ်တဲ့။ မကြားရတဲ့ တေးဆိုတာ တကယ့်နားနဲ့ကြားရတာမဟုတ်ဘဲ စိတ်ကူးနားထောင်ကြည့်ရတဲ့တေး၊ 'စိတ်'နားနဲ့ ထောင်ရတဲ့တေးကို ဆိုလိုတာပါပဲ။ ဒါကြောင့် ရုပ်ပုံထဲက ညင်သာသာ မှုတ်နေဟန်ရှိတဲ့ ပလွေသမားတို့ကို ဆက်သာမှုတ်ကြပါလို့ ကဗျာဆရာက တိုက်တွန်းတယ်။ သောတအာရုံကို ဖမ်းယူရာ သာမန် နားအတွက်မဟုတ်၊ အဲဒီနားထက် ပိုမြတ်နိုးအပ်၊ တန်ဖိုးထားအပ်တဲ့စိတ်ဝိညာဉ်အတွက် 'အသံမဲ့တေးများ'ကို မှုတ်ကြပါတဲ့။ အရုပ်ကလေးတွေ သူ့ဟာသူ ရှိနေတာကို၊ သူ့ဟာသူ စိတ်ကူးယဉ်နားထောင်မှာကို ဖွဲ့ထားတာပါပဲ။ လုလင်တစ်ယောက်က သစ်ပင်အောက်မှာ တေးဆိုနေတယ်။ အရုပ်ဖြစ်လေတော့အမြဲထာဝရဒီတိုင်း သီချင်းဆိုတဲ့ပုံစံအတိုင်းပဲ ရှိရတော့မှာပေါ့။ ဒါကိုပဲ 'မင့်တေးကို မင်း စွန့်ပစ်သွားနိုင်မယ်မဟုတ်ဘူး'တဲ့။ သစ်ပင်တွေကလည်း ဘယ်တော့မှ အရွက်မဲ့ကြမယ် မဟုတ်ဘူးတဲ့။ အရုပ်ပေးကိုး။ လုံမလေးကိုလိုက်ဖမ်းနေတဲ့ လုလင်ပျိုကိုတစ်ခါပြောပြန်တယ်။ မင်းလည်း မင်းချစ်သူနားရောက်နေရပေမယ့် ဘယ်တော့မှ နမ်းခွင့်ရလိမ့်မယ်မဟုတ်ဘူး။ အရုပ်ဆိုတော့

ပန်းချီဆရာဆွဲထားတဲ့အတိုင်း ဒီလိုပဲအမြဲနေရမှာမဟုတ်လား။ ဒါပေမယ့် မဆွေး ပါနဲ့တဲ့၊ မင်းမနမ်းရပေမယ့် သူဟာ ပျောက်ပြယ်သွားမယ်မဟုတ်ဘူး၊ မင်းလည်းသူ့ကို အမြဲပဲ ချစ်နေရမယ်။ သူကလည်း အမြဲပဲလှနေမှာပါတဲ့။

အဲဒီလို အရုပ်လေးတွေ ထာဝရ တည်တံ့နေရတာကိုကြည့်ပြီး ကဗျာဆရာ က ဆင်ခြင်တယ်။ ကျောက်အိုးပေါ်က သစ်ပင်တွေဟာ အရွက်မကြွေရဘူး။ နွေဦးနဲ့ လည်းမခွဲခွာရဘူး၊ ဘယ်လောက်များ ချမ်းမြေ့လိုက်မလဲတဲ့။ ပလွေသမားကလည်း သစ်လွင်တဲ့ တေးတွေကို (အရုပ်ကြည့်တဲ့ လူက တစ်ယောက်တစ်မျိုး ကြိုက်သလို စိတ်ကူးပြီး နားဆင်နိုင်တာမို့ သူ့တေးဟာ အမြဲသစ်လွင်နေတယ်) အမြဲသီနေ ရတယ်၊ မောရတယ်လို့မရှိဘူး။ ချစ်သူနှစ်ဦးမှာလည်း အချစ်ဟာ 'နောင်ရိုးလှသော် လည်း' ဆိုတာမျိုးမရှိဘူး။ အခုလန်းဆန်းနေတဲ့အတိုင်း ထာဝရလန်းဆန်းနေမှာပဲ။ နွေးထွေးနေမှာပဲ။ ကြည်နူးခံစားနေရဦးမှာပဲ လိုက်ဖိုနေရမှာပဲ။ နုပျိုနေမှာပဲ။ ဒါကြောင့် သစ်ပင်ရဲ့ ချမ်းသာ၊ ပလွေသမားရဲ့ ချမ်းသာထက်၊ သူတို့ရဲ့ ချမ်းသာက ပိုပြန်တယ်။ လူသားတွေမှာတော့ အချစ်ဆိုတာ အသည်းနှလုံးကို ပူဆွေးစေတတ် တယ်။ နွမ်းလျစေတတ်တယ်။ စိတ္တဒုက္ခကြောင့် နဖူးပြင်မှာပူလောင်ရ၊ ဖျားနာ သလိုလျှာမှာသွေ့ခြောက်ရတယ်။ လူသားတို့အချစ်ထက် အရုပ်ကလေးတွေရဲ့ အချစ်က မြင့်မြတ်ပါပေတယ်တဲ့။

ဒီနောက် ယဇ်ပူဇော်ပွဲသွားနေတဲ့ လူတန်းကိုကြည့်လိုက်ပြန်ပေတယ်။ ယဇ်ဆရာ ပရောဟိတ်က ယဇ်ပူဇော်မယ့် နွားမကို ကြိုးနဲ့ဆွဲလို့သွားတယ်။ နွားမရဲ့ နူးညံ့တဲ့ နံပါးပေါ်မှာ ပန်းကုံးတွေဆင်ယင်ထားတယ်။ နွားမက မိုးပေါ်မော့ပြီး အော်လို့။ ဒီလူတွေ ဘယ်ကများထွက်လာကြတာပါလိမ့်လို့ ကဗျာဆရာက သိချင် မိတယ်။ ကျောက်အိုးပေါ်မှာက လမ်းမှာ သွားနေကြပုံလေးတင် ရေးထားတာ။ ဒါကို သူကဆက်စဉ်းစားတယ်။ သူတို့တတွေထွက်လာခဲ့ကြတာဟာ မြစ်၊ ဒါမှမဟုတ် ပင်လယ်ကမ်းနဖူးပေါ် ရှိမြို့ကလေးတစ်မြို့ကများလား၊ ဒါမှမဟုတ် ငြိမ်းချမ်းတဲ့ ခံတပ်ကလေးတစ်ခုတည်ထားရာ တောင်ပေါ်မြို့ကလေးကများလားတဲ့။ ဘယ်လိုမြို့ ဖြစ်ဖြစ် ဒီမြို့လေးမှာ ရှိတဲ့လူတွေအကုန်ထွက်လာကြတာနဲ့တူတယ်။ မြို့ပေါ်က လမ်းတွေမှာ အမြဲငြိမ်ဆိတ်လို့ နေပေတော့မယ်။ လူတွေ ယဇ်ပူဇော်ပွဲသွားကြလို့ မြို့ဆိတ်နေတာပါလို့ ဘယ်သူ တစ်ယောက်ကမှ ပြန်ပြီးပြောပြနေတော့မှာမဟုတ်ဘူး တဲ့။ အရုပ်ဆိုတော့ ပန်းချီဆရာက မြို့ပြင်ထွက်နေဟန် ဆွဲထားလျှင် ထာဝရ ဒီတိုင်းပဲ တည်တံ့နေရတော့မယ်မဟုတ်လား။

**ထင်းရှူးပင်ရိပ်**

အရုပ်ကလေးတွေရဲ့ ထာဝရတည်တံ့ပုံကို ဆင်ခြင်ပြီးတဲ့နောက် ကဗျာဆရာက 'တရား'ထုတ်ယူတယ်။ လူများဟာ ထာဝရတည်တံ့မှုသဘော၊ အမတသဘောဆိုတာကို အမျိုးမျိုးစဉ်းစားကြံဆခဲ့ကြတယ်။ (ဝဒ်စဝသ်ရဲ့'မသေခြင်းတရားတမ်းချင်း'ရှု) စဉ်းစားရင်း ဦးနှောက် ခြောက်ခဲ့ရတယ်။ ခုလည်းခေါမကျောက်အိုးဟာ ကဗျာဆရာကို အတွေးပိုစရာ စလှာပြန်ပြီတဲ့။ ကနေ့ခေတ်လူသားတွေ ဇရာမရဏသဘောအတိုင်း ချုပ်ငြိမ်းကုန်ကြတဲ့အခါ လူသားဆက် အသစ်တစ်ခု ပေါ်လာမယ်။ ငါတို့တတွေ ဒုက္ခကြုံရသလို သူတို့လည်း ဒုက္ခကြုံရမှာပဲ။ ငါတို့ဒုက္ခ အလယ်မှာ မင်းဟာ လူသားရဲ့ မိတ်ဆွေဖြစ်ခဲ့သလို အဲဒီလူသားသစ်တွေရဲ့ ဒုက္ခ အလယ်မှာပဲ မင်းဟာလူသားရဲ့ မိတ်ဆွေအဖြစ်တည်တံ့နေဦးမှာပဲ။ လူသားကို မင်းက 'အလှဟာ အမှန်၊ အမှန်ဟာ အလှ'လို့ သင်ပြတယ်။ ဒါဟာ မင်းသိသမျှ အကုန်သိဖို့လိုသမျှ အကုန်ပါပဲတဲ့။

ဒီနိဂုံးချုပ်မှာ ကိစ်က သူ့အလှဝါဒကို တင်ပြထားတာပါပဲ။ သူကစဉ်းစားဉာဏ်ကို ယုံတဲ့သူမဟုတ်ဘူး၊ အာရုံခံစားမှုကိုသာ ယုံတဲ့လူမဟုတ်လား။ စိတ်ကူးက လှတယ်လို့ ခံယူလိုက်လျှင် အမှန်တရားပဲလို့ သူကခံယူတယ်။ ဒါကို 'အလှဟာ အမှန်၊ အမှန်ဟာ အလှ'လို့ ဆိုတယ်။ ဒဿနလိုလို ထင်ရပေမယ့် ဘာဒဿနမှ တော့ မဟုတ်ပါဘူး။ ခပ်ကြောင်ကြောင် အမြင်တစ်ခုပါပဲ။

❖

## လာဘဲလ် ဒမ် ဆောန် မယ်ရစီ

'အိုဘာများ ဆွေးနေပါ့၊ လက်နက်စွဲ သူရဲကောင်ငဲ့
တစ်ကိုယ်တည်း ဖြူရော်ရော်နဲ့ နွေးတွဲ့တွဲ့ လှမ်းနေရော့။

ကန်ဘေးက မြက်ပင်လေးတွေလည်း ရော်လျကုန်ခဲ့
ကျေးငှက်တို့လည်း တေးသံဆိတ်ပေါ့။

'အို ဘာများဆွေးနေပါ့၊ လက်နက်စွဲ သူရဲ့ကောင်းငဲ့၊
သလောက်ညှိုးလျ သလောက်ပူပုံရယ်နေ့ော့။

---

* 'အကြင်နာ ကင်းတဲ့မိန်းမလှ'လို့ အဓိပ္ပာယ်ရတယ်။

ရှဉ့်ကလေးရဲ့ ကျီကျလည်း ပြည့်နေခဲ့
ကောက်ရိတ်သိမ်းပွဲလည်းပြီးပေါ့။

'သင့်နဖူးမှာ နှင်းပန်းပွင့်လေးရယ်၊
သောကရေမှုန်ရယ်၊ အဖျားနှင်းစက်ရယ်ကော။
သင့်ပါးပြင်မှာလည်း ရော်ဆဲနှင်းဆီငယ်
အသော့ပဲ ညှိုးလျှလာနေချေပါပကော။'

'ပျိုယမင်းတစ်ယောက်ကို မြက်ခင်းပြင် ငါတွေ့ခဲ့တယ်၊
လှပါဘိသနဲ့၊ နတ်မိမယ် ရင်သွေးပါပဲ။
ဆံကေကဖားဖား ခြေကျပုံပေါ့ပေါ့နဲ့ရယ်
မျက်လုံးတွေက ရိုင်းရိုင်းရယ်နဲ့။

'သူ့ခေါင်းမှာ ပန်ဖို့ ပန်းတစ်ကုံး၊ လက်ကောက်တစ်ရံရယ်၊
မွှေးရနံ့ထုံတဲ့ ခါးစည်းရယ် ငါလုပ်ပေးခဲ့၊
ငါ့ကို သူက ချစ်သလိုဟန်နဲ့ ကြည့်တယ်၊
ပြီး လေသံချိုချိုနဲ့ ညည်းလိုက်သကွဲ့။

'သူ့ကိုငါရဲ့ သွက်သွက်လှမ်းနေတဲ့ မြင်းပေါ်တင်
တစ်နေ့တာလုံးလည်း ဘာကမှ မမြင်စွမ်းတော့ခဲ့။
သူကဘေးစောင်းလေး ငဲ့စောင်းတဲ့ကာပင်
နတ်တေးချင်းကို သီလို့ကွဲ့။

'သူငါ့ကိုရသာချိုမြိန်တဲ့ သစ်မြစ်များရယ်၊
တောပျားရည်၊ နတ်ဩဇာနှင်းရည်တို့ရယ် ရှာကျွေးရဲ့။
ပြီး တကယ်ကို ထူးဆန်းတဲ့ စကားသံနဲ့ ပြောပြတယ်၊
'မေ မောင့်ကို တကယ်ချစ်တယ်ကွယ်'တဲ့။
'သူ ငါ့ကို သူ့နတ်ဂူဆီ ခေါ်သွားတယ်၊
အဲဒီမှာ ငိုပါလေရော၊ ဝမ်းပန်းတနည်းရှိုက်ပါလေရော၊
အဲဒီမှာ ငါလည်း သူရဲ့ရိုင်း - ရိုင်းတဲ့ မျက်လုံးအစုံကို

ထင်းရှူးပင်ရိပ်
အနမ်းလေးကြိမ်နဲ့ ပိတ်ပစ်လိုက်ရော။

'အဲဒီမှာ သူငါ့ကို ချော့သိပ်တော့တယ်၊
အဲဒီမှာ ငါအိပ်မက်မက်တော့တယ်- အို ကြုံရလေခဲ့၊
အေးစက်တဲ့ တောင်နံရံမယ်
ငါနောက်ဆုံး မက်ခဲ့တဲ့ အိပ်မက်ပါပဲ။

'ဖြူရော်ရော် ဘုရင်တွေ၊ စော်ဘွားတွေ ငါမြင်ရတယ်၊
ဖြူရော်ရော် စစ်သည်တော်တွေရောပဲ၊ အားလုံးအသေလို ဖြူရော်နေကြသကွဲ့။
သူတို့က အော်ကြတယ် 'လာဘဲလ်ဒမ်ဆန် မယ်ရစီ
မင့်ကို ဖမ်းစားထားပြီ'တဲ့။

'သူတို့ရဲ့ ငတ်မွတ်နေတဲ့ နှုတ်ခမ်းများဟာ ဆည်းဆာ အလင်းမှာ
ထိတ်လန့်ဖွယ် သတိပေးလိုဟန် ဟဟပွင့်နေတာ မြင်ရသကွဲ့။
ဒါနဲ့ငါလည်း နိုးလာပြီး ငါ့ကိုယ်ငါ ဒီမှာတွေ့ရတော့တယ်၊
အေးမြမြတောင်နံရံမှာကွဲ့။

'ဒါကြောင့်ပဲ ငါဟာဒီမှာ လှည့်လည်နေ၊
တစ်ကိုယ်ထည်း ဖြူရော်ရော် နွေးတွဲ့တွဲ့ လှမ်းနေခဲ့၊
ကန်နဘေးက မြက်ပင်လေးတွေ ရော်လျကုန်၊
ကျေးငှက်တို့ တေးသံဆိတ်ကုန်ပေမယ့်။'

ကိစ်ရဲ့ နာမယ်ကျော် လူငယ်ကြိုက်အသည်းကွဲကဗျာလေးတစ်ပုဒ်ဖြစ်ပါတယ်။ မူရင်း ကဗျာမှာ ရိုးရိုးလွယ်လွယ်လေးနဲ့ စကားလုံးလေးတွေက လှတယ်၊ အသံသာတယ်၊ အကြောင်းအရာလေးကလည်း ဗမာဥစ္စာစောင့် ဇာတ်လမ်းလို နတ်မိမယ်နဲ့ တွေ့ခန်းဆိုတော့ ထူးခြားသပေါ့။ ကိစ်ဟာ ၁၆ရာစုက အမည်မသိ စာဆိုတစ်ဦးရဲ့ ဘာလဒတစ်ပုဒ်ကို မှီပြီး ရေးခြင်းဖြစ်တယ်။ ဒါပေမယ့် သူ့ဟန်နဲ့သူ အသစ်ဖြစ်လာအောင် လုပ်နိုင်စွမ်းတယ်။ ဇာတ်လမ်းက သူ့ကိုယ်တွေ့နဲ့တူပါရဲ့။

ရေးထားပုံက လွယ်ပါတယ်။ လက်နက်ကိုင်သူရဲကောင်းတစ်ဦးနဲ့ အမည်မသိ ခရီးသွားတစ်ဦးတို့ မေးမြန်း ဖြေကြားဟန် ရေးထားပါတယ်။ သူရဲကောင်းကြီးဟာ မျက်နှာဟောက်ပက် ဖြူရော်ရော်နဲ့ ရေကန်နဘေး တောင်နံရံမှာ တစ်လှမ်းချင်း လေးတွဲ့တွဲ့လျှောက်လာနေတယ်။ အချိန်က သရဒ(ဆောင်းဦး)ရာသီ။ ငှက်သံတွေ

ဆိတ်၊ သစ်ပင်ပန်းမန်တွေ ညှိုးလျှတဲ့အချိန်။ ဒါကို မြင်တွေ့ရတဲ့ ခရီးသွား တစ်ဦးက မေးလိုက်တယ်။ 'ဘာကြောင့်အခုလို ညှိုးကျပြီး တစ်ကိုယ်တည်း သွားလာ နေရပါ သတုန်း'လို့။ အဲဒီတော့ သူရဲကောင်းကြီးက သူ့ဇာတ်လမ်းကိုပြန်ပြောင်း ပြောပြ တယ်။

သူဟာ မြက်ခင်းပြင်မှာ ခရီးသွားနေတုန်း မိန်းမလှကလေးတစ်ဦးကို တွေ့ရတယ်။ နတ်မိမယ်လေး။ ဆံပင်ဖားဖား သွားပုံ လာပုံ သိမ်သိမ်မွေ့မွေ့ မျက်လုံး 'ရိုင်းရိုင်း'နဲ့။ မျက်လုံးရိုင်းတယ်ဆိုတာ အင်္ဂလိပ်က တိုက်ရိုက်ပြန်လိုက်တာပါ။ အကြည့်ရဲတယ်။ ညို့ဓာတ်ပါတယ်၊ တစ်ဖက်သားကို ကစားချင်တယ်၊ ဒီလိုသဘော ဆောင်တဲ့ မျက်လုံးမျိုးကို ရိုင်းတယ်လို့ ခေါ်တယ်။ ဒီလုံမကို သူရဲကောင်းက ပန်းတွေ ဘာတွေခူးပန်ပေး၊ နောက် မြင်းပေါ်တင်၊ နှစ်ယောက်သား လျှောက်လည်ကြတယ်။ လုံမက တေးသီရင်း လိုက်လာတယ်။ တစ်နေ့လုံးပါပဲ။ နောက် လုံမက တောထဲက သစ်ဥ သစ်ဖုတွေ၊ ပျားရည်တွေ၊ နှင်းရည်တွေ ရှာဖွေကျွေးမွေးတယ်။ 'ချစ်တယ်'လို့ ပြောပြတယ်။ ပြီး သူ့စံရာနတ်ဂူလေးထဲခေါ်သွားတယ်။ ဂူထဲကျတော့ ဘာမပြော ညာမပြောနဲ့ ရှိုက်ကြီးတငင်ငိုပါလေရော။ ဒီတော့ သူရဲကောင်းက နမ်းပြီချော့ရ တယ်။ တစ်ခါလုံမက သူ့ကိုချော့သိပ်ပြန်တယ်၊ သူအိပ်ပျော်သွားတယ်။ ဒီတော့ အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ ဖြူရော်ရော်နဲ့ ဘုရင်တွေ၊ စော်ဘွားတွေ၊ သူ့လိုစစ်သည် တော်တွေ တွေ့ရတယ်။ လူသေလို ဖျော့တော့တော့ အသွင်နဲ့ဆိုတော့ တစ္ဆေတွေပေါ့။ သူတို့က 'ကြင်နာကင်းမဲ့ မိန်းမလှက မင်းကို ဖမ်းစားထားပြီး'လို့ အော်ကြတယ်။ သူတို့နှုတ်ခမ်းတွေဟာ အစာငတ် ရေငတ်ဖြစ်နေတဲ့ ပုံစံမျိုး။ ဒီနှုတ်ခမ်းတွေ ဟနေကြပုံက ကြောက်မက်ဖွယ်အန္တရာယ်ကို သတိပေးလိုကြတဲ့ ဟန်မျိုး။ သူတို့ဟာ ကြင်နာကင်းတဲ့ မိန်းမလှရဲ့ အသည်းခွဲမှုကြောင့် သေကြရသူများ ပါပဲ။ ဒီတွင် သူရဲကောင်းကြီး အိပ်ရာက လန့်နိုးတော့ သူ့ကိုယ်သူ ခုတောင် နံရံမှာ တွေ့ရတော့သတဲ့။ နတ်မိမယ်လည်း မတွေ့ရတော့ဘူး။

မိန်းကလေးတစ်ယောက်နဲ့ ချစ်နေရာက မိန်းကလေးက စွန့်ပစ်ခံရတဲ့ လူပျို လေးများ အင်မတန် နှစ်ခြိုက်တဲ့ ဇာတ်လမ်းတစ်ပုဒ် ကဗျာတစ်ပုဒ်ပါပဲ။

❖

ထင်းရှူးပင်ရိပ်

**နိုက်တင်ဂေးလ်သို့ တမ်းချင်း**

(၁)

ငါ့နှလုံးသား ကိုက်ခဲတယ်၊ အိပ်ချင်မူး ထုံထိုင်းမှုတစ်ခု ငါ့အာရုံကို
နာကျင်စေတယ်၊ ဟင်းမလောက်ရည် သောက်မူးထားရသလို
တစ်မိနစ်အလွန်က ထိုင်းမှိုင်းမှိုင်း ဘိန်းရည်တစ်ခုခုကို
မော့မြို့ရထားသလို၊ လီသီမြစ်ထဲ နစ်မြုပ်ခဲ့ရသလိုပါပဲ။
မင်းရဲ့ ချမ်းသာတဲ့ ဘဝကံကို ဝန်တိုမိလို့ မဟုတ်ပါ။
မင်းရဲ့ ချမ်းသာမှုမှာဝင်ပြီး အချမ်းသာလွန်သွားမိလို့ပါ။
တောင်ပံပေါ့ပါးနဲ့ သစ်ပင်စံ အသင် ဒရိုင်းယဒ်က
သင်းဝင်ရောင်စိမ်းစိမ်း၊ အရိပ်အနန္တနဲ့
တေးသံသာသာ မြေကွက်တစ်ခုကနေ
လည်ကုန်ဖွင့် သက်သာမှုနဲ့ နွေဖွဲ့တေးသီလာပေသကိုး။

(၂)

ဪ် သေရည်တကြိုက်ကိုသာ တောင့်တမိတော့
နက်နက်တူးထားတဲ့ မြေထဲမှာ ရှည်ကြာအအေးစိမ်ထားခဲ့တဲ့၊
ဖလော်ရာ၊ တောရပ်အစိမ်း၊ အက၊ ပရော်ဗန်ဆာလ်တေးချင်း။
နေလောင် မြူးတူးမှုတို့ရဲ့ အရသာကို ဖော်ကျူးတဲ့ (သေရည်လေ)။

ဪ်၊ ပူနွေးနွေးတောင်ပိုင်းက သေတစ်ခွက်ကိုသာ တမိတော့၊
ရှက်သွေးဖြာ ဟစ်ပါကရင်း စစ်စစ်အပြည့်နဲ့
ခွက်ဝမှာ ပုတီးလုံးအမြှုပ်လေးတွေ မျက်တောင်ခတ်လို့
ခွက်နှုတ်ခမ်းမှာ မရမ်းရောင် စွန်းစက်လို့လေ။

ဒါမှ ငါသောက်ပြီး လူသူ မြင် လောကမှဖဲခဲ့ကာ၊
မင်းနဲ့အတူ မှုန်ဝါးဝါး တောအုပ်ထဲ အဝေးဆီ ပြယ်လွင့်သွားနိုင်မယ်။

(၃)

အဝေးဆီ ပြယ်လွင့်၊ ပျော်ဝင်ကာ သစ်ရွက်တို့ကြားမှာ
မင်းမသိစဖူးတာတွေကို လုံးလုံးမေ့ပစ်နိုင်မယ်။

ဒီဆီက ပန်းလျှမ္ဘူ၊ ပူပြင်းမှု၊ ဒေါမနဿတို့ပေါ့။ (ဒီဆီမှာ)
လူတွေ ထိုင်တဲ့ပြီး တစ်ယောက်ညည်းသံ တစ်ယောက် ကြားကြရတယ်၊
ကြေကွဲဖွယ် နောက်ဆုံးဆံဖြူအနည်းငယ်ကို သွက်ချာပါဒက လှုပ်ခါပစ်တယ်
ငယ်ရွယ်ခြင်းဟာ ဖြူရော်၊ တစ္ဆေလိုပိန်ပါးလာပြီး သေလွန်ရတယ်။
တွေးတောလိုက်ရင်ပဲ ဝမ်းနည်းစရာ ခဲရောင်မျက်လုံးနဲ့
စိတ်ပျက်စရာတွေ ပြည့်နှက်လာရတယ်။
အလှဟာ သူ့ရဲ့ရွှန်းလဲ့လဲ့ မျက်လုံးတို့ကို ထိန်းသိမ်းမထားနိုင်၊
အချစ်သစ်ဟာလည်း သူတို့ကို နက်ဖြန်ထက်လွန်ပြီး မတမ်းတနိုင်ချေဘူး။

(၄)

အဝေးဆီ၊ အဝေးဆီ၊ ငါမင်းဆီ ပျံလာခဲ့မယ်၊
ဘက္ခုစ်နဲ့ သူ့ရဲ့ကျားသစ်များက ရထားနဲ့ ပို့ပေးတာမဟုတ်၊
ကဗျာမှုရဲ့ အမြင်မဲ့ တောင်ပံများနဲ့ပဲ (ပျံလာခဲ့မယ်)၊
ထုံထိုင်းတဲ့ ဦးနှောက်က နှောင့်ယှက်-ဟန့်တားပေမယ့်လည်း (လာခဲ့မယ်)။
ခုပဲ မင်းနဲ့အတူရှိခဲ့ပြီ။ ညကလည်း နူပါဘိ၊
လဘုရင်မ သူ့ရာဇပလ္လင်ပေါ်မှာ ရှိနေပြီ၊
ကြယ် နတ်သမီးလေးတွေ စုပြုံဝိုင်းရံခလို့၊
ဒါပေမယ့် ဒီမှာဖြင့် အလင်းရောင်မရှိသေးဘူး၊
ရွက်သိပ်အမှောင်များ၊ ကွေ့ကောက်ကောက် ရေညှိလမ်းများကိုဖြတ်ကာ
လေပြည်နဲ့ရောပြီး ကောင်းကင်က လွင့်လာတဲ့ အလင်းပဲရှိရဲ့။

(၅)

ငါ့ခြေရင်းမှာ ဘယ်လိုပန်းတွေရှိမှန်း ငါမမြင်ဘူး၊
အကိုင်းတွေပေါ် ဘယ်လို နူးညံ့ညံ့မွှေးရနံ့မျိုး ဟီးလေးခိုနေလဲ(မသိဘူး)
ဒါပေမယ့် သင်ထုံထုံအမှောင်ထဲကနေ ရာသီလိုက် လက
မြက်ခင်း၊ သစ်ပင်အုပ်၊ တောသစ်သီးပင်တို့ကို ပေးနှင်းတဲ့
မွှေးရနံ့အသီးသီးကိုတော့ မှန်းဆကြည့်နေမိရဲ့။
ဟော်သွန်ဖြူဖြူ၊ တောရပ်အဂ္ဂလန်တိုင်၊
အရွက်တွေလွှမ်းနေတဲ့ အညိုးမြန်သူ ဗိုင်းယလက်၊
မေလလယ်ရဲ့ သမီးဦး

ထင်းရှူးပင်ရိပ်

နှင်းစက် စပျစ်ရည် အပြည့်နဲ့ ပွင့်အာဆဲ မတ်စ်ရို့စ်၊
နွေညနေများမှာ တငြိမ်းစီစီနဲ့ ယင်တို့ ကျက်စားရာပ။

(၆)

မှောင်ထဲကနေ ငါနားဆင်နေတယ်၊ အကြိမ်များစွာပဲ
သက်သာရာ သေမင်းကို တစ်ဝက်ချစ်ကြိုက်နေမိရဲ့၊
အတွေးကဗျာ အများနဲ့ သူ့ကို နာမယ်နုနုလေးတွေခေါ်မိတယ်၊
ငြိမ်သက်တဲ့ ငါ့အသက်ကို လေထဲ ဆောင်ယူသွားပါလို့၊
ခုဆိုသေဖို့ခမ်းနားစွလို့ ခါတိုင်းထက် ပိုထင်ရတယ်၊
သန်းခေါင်ယံမှာ နာကျင်မှုဲ့စွာ ချုပ်ငြိမ်းသွားဖို့လေ၊
မင်းက သလို ပီတိဟုန်မျိုးနဲ့၊
မင်းဝိညာဉ်ကို အဝေးဆီ သွန်းချပစ်နေချိန်မျိုးမှာပေါ့၊
မင်းကတော့ ဆက်တေးသီနေမှာပဲ၊ ငါ့မှာတော့ အချည်းနှီးနားတွေနဲ့၊
မင်းရဲ့ မြင့်မားတဲ့ သရဏဂုံတေးမှာ ရွံ့မြေစာဖြစ်နေရမှာပဲ၊

(၇)

မင်းဟာ သေခြင်းအတွက် မွေးဖွားခဲ့တာ မဟုတ်ဘူး မသေငှက်ငဲ့၊
အဘယ်မွတ်သိပ်တဲ့ လူသားဆက်ကမှ မင်းကို နင်းခြေမယ်မဟုတ်ဘူး၊
ခု ကုန်လွန်ဆဲညမှာ ငါကြားနေတဲ့အသံကို ရှေးအတိတ်က
ဘုရင်ရော ဆင်းရဲသားပါကြားခဲ့ရပြီ၊
တစိမ်းတရံဆံ လယ်ကွက်အလယ်မှာ မျက်ရည်ရွဲလို့
အိမ်ကို လွမ်းတတနဲ့ ရပ်နေစဉ် ရုသ်ရဲ့ကြေကွဲတဲ့နှလုံးသားထဲ
ထိုးဝင်သွားခဲ့တာလည်း ဒီအသံပေပဲလား၊
အထီးကျန် နတ်တိုင်းပြည်များမှာ၊ အန္တရာယ်ထူ ပင်လယ်တို့ရဲ့
လှိုင်းရေမြှုပ်တို့ဘက် ပွင့်နေတဲ့ မှော်ပြူတင်းပေါက်တို့ကို
မကြာခဏ ပြုစားခဲ့ဖူးတာလည်း ဒီအသံပေပဲထင်၊

(၈)

အထီးကျန်၊ စကားလုံးကိုယ်ကပဲ ငါ့ကို
မင့်ဆီကနေ ငါ့တစ်ကိုယ်တော်အတ္တဆီ ပြန်ပို့ပေးတဲ့ ခေါင်းလောင်းသံလိုပါပဲ
သွားတော့၊ စိတ်ကူးယဉ်မှုဟာ နာမည်ကျော်သလောက်
မလှည့်စားနိုင်စွမ်းပါဘူး- ဒီ လှည့်ဖြားတတ်တဲ့ နတ်ကလေး၊

**သွားတော့၊ သွားတော့၊ မင်းလွမ်းဖွယ်တေးဟာ**
**အနီးအပါး မြက်ခင်းပြင်ဖြတ်၊ ငြိမ်သက်တဲ့ ချောင်းတွေကျော်**
**တောင်စောင်းပေါ်တက် မှုန်ပါသွားရာက ခုတော့ တစ်ဖက်က**
**လျှိုမြောင်ချိုင့်တွေမှာ**

**နက်ရှိုင်းစွာ မြုပ်ဝင်သွားပေါ့။**
**နတ်ပေးအိပ်မက်လေလား၊ နိုးလျက်အိပ်မက်လား။**
**ဂီတသံ ထွက်ပြေးခဲ့ပြီ၊ ငါနိုးနေတာလား- အိပ်နေတာလား။**

ဒီကဗျာ ဖြစ်ပေါ်လာရပုံနဲ့ ပတ်သက်ပြီး ကိစ် မိတ်ဆွေချားလ်ဘရောင်းက ခုလိုပြောပြတယ်။ 'ဝသန္တရာသီမှာ နိုင်တင်ဂေးလ် တစ်ကောင်ဟာ ကျွန်တော့် အိမ်နားမှာ အသိုက်လုပ်ထားတယ်။ ကိစ်ဟာ ဒီငှက်ရဲ့ တေးသံမှာ တည်ငြိမ်၊ အဆက်မပြတ် တဲ့ ပီတိတစ်ခု ခံစားရတယ်။ တစ်မနက်တော့ သူဟာ ထမင်းစားပွဲက ကုလားထိုင်ကို ဆီးပင်တစ်ပင်အောက်က မြက်ခင်းကလေးဆီ သယ်သွားပြီး နှစ်နာရီ သုံးနာရီလောက် ထိုင်နေတယ်။ အိမ်ထဲ ပြန်ဝင်လာတော့ လက်ထဲမှာ စက္ကူစတွေ ပါလာတာ၊ စာအုပ်တွေနောက်ဆီ အသာပစ်သွင်းနေတာ မြင်ရတယ်။ မေးကြည့်တဲ့ ခါ အဲဒီစာရွက်တွေ ကျွန်တော် တွေ့ရတယ်။ လေးငါးရွက်လောက်ရှိပါလိမ့်မယ်။ လက်ရေးကကောင်းကောင်းဖတ်လို့မရဘူး။ အပိုဒ်တွေကို ရှေ့နောက် စီစဉ်ဖို့ကလည်း ခက်နေတယ်။ သူ့အကူအညီနဲ့ပဲ ကျွန်တော် အောင်မြင်ခဲ့ရပါတယ်။ ဒါဟာဖြင့် 'နိုက်တင်ဂေးလ်သို့ တမ်းချင်း' ပါပဲ။ ခုနှစ် ခရစ်နှစ် ၁၈၁၉မေလဦး။

ကိစ်ရဲ့ လီရိက ကဗျာတွေထဲမှာ အလှဆုံး ကဗျာလို့ အဆိုရှိတယ်။ နိမိတ်ပုံဖော်မှုဟာ ကြွယ်ဝတယ်၊ အဆင့်အတန်းမြင့်မားတယ်၊ နှစ်လိုဖွယ် ဖြစ်တယ်။ ဟန်က ကြည်နူးစရာဖြစ်ပြီး စကားလုံးတွေက အံဝင်ခွင်ကျနေတယ်။ ခန့်ညားတယ်၊ စိတ်ကူးကို ရှေ့ဆက်ဖော်ထုတ်နိုင်စွမ်းတယ်။ အတွေးတွေ တစ်ခုနဲ့တစ်ခု ကွာခြားပုံ၊ တစ်ခုကတစ်ခု ပြောင်းသွားပုံဟာ အနုပညာရှင်ရဲ့ ပါရမီကို ပြနေတယ်။ ဟန်၊ အသံနဲ့ နောက်ခံကား အားလုံးဟာ လူတိုင်းအဖို့ နှစ်လိုဖွယ်ဖြစ်ပြီး ရောမန္တိက ကဗျာတို့ရဲ့ သိမ်မွေ့တဲ့ ညို့ဓာတ်အားကို နမူနာပြနေသလိုရှိတယ်။

ကဗျာရဲ့ ဆိုလိုရင်းကတော့ လူလောက ဒုက္ခသုက္ခအပေါင်းကနေ အလွတ်ရုန်းထွက်ပြီး နိုက်တင်ဂေးလ်ရဲ့ တေးသံက သင်္ကေတ ပြုထားတဲ့ ထာဝရ ငြိမ်းချမ်းရာ၊ ချမ်းသာရာဆီ မျှော်ခေါ် တောင့်တခြင်းပါပဲ။ နိုက်တင်ဂေးလ်ရဲ့

တေးသံကို ကြားတော့ ကဗျာဆရာရဲ့ အတွေးဟာ လူ့ဒုက္ခအသိကနေ လွတ်ထွက်သွားပြီး သူ့စိတ်ကူးဟာ ထာဝရတေးသံ စိတ်ကူးထဲ ရောဝင်သွားတယ်။ ဒီ ဂီတသံ ကွယ်ပသွားတော့ သူ့စိတ်ဟာ မြေကြီးဆိုတဲ့ ဒိဋ္ဌဓမ္မလောကပေါ် ပြန်ရောက်လာတယ်။ ဒါကို အဆင်အယင်တွေနဲ့ ကဗျာ စပိုဒ်ဖွဲ့ထားတာပါပဲ။

အပိုဒ် ၁ မှာ ကဗျာဆရာက နိုက်တင်ဂေးလ်ရဲ့ တေးသံကို ကြားရတော့ သူ့နှလုံးသားမှာ နာကျင်လာတဲ့အကြောင်း ထုံထိုင်းမှုတစ်ခု ဖြစ်လာရတဲ့အကြောင်း ပြောတယ်။ 'ဟင်းမလောက်'ဆိုတာ အပင်တစ်မျိုးပါပဲ။ ဒီအပင်ရဲ့ အရည်ကို ၁၉ ရာစုက အနာအကျင် သက်သာရာ အကိုက်အခဲ သက်သာရာ ဆေးအဖြစ် သုံးကြတယ်။ များများသောက်လျှင် အဆိပ်ဖြစ်နိုင်တယ်။ (ဆိုးကရာတဲစ်ဟာ ဒီအရည် သောက်ပြီးသေခဲ့တာပေါ့) ဒါပေမဲ့ ဆရာဝန်ပညာ သင်ဖူးတဲ့ ကိစ်က မူးစေတဲ့ သဘောကို ရည်စူးလိုရင်း ဖြစ်တယ်။ ခေါမ အယူအဆအရ လူသေတဲ့အခါ သေမင်းပြည်ကို မြစ်ငါးစင်းဖြတ်သွားရတယ်။ တစ်စင်းရဲ့ နာမယ်က 'လီသီ'တဲ့။ ဒီမြစ်ရေကို သောက်မိလျှင် မိမိတို့ အတိတ်များကို မေ့ကုန်ကြတယ်။ ကိစ်က သူ့နှလုံးသား နာကျင်ပြီး သူ့အာရုံတွေ ထုံထုံ ထိုင်းထိုင်း ဖြစ်လာရတာကို တစ်မိနစ်အလွန်က ဟင်းမလောက်ရည် သောက်ထားရသလို ဘိန်းမျိုထားရသလို၊ လီသီမြစ်ထဲ မြုပ်ခဲ့ရသလိုပါပဲလို့ တင်စားထားတယ်။ ဒီလို ဖြစ်ရတာဟာ နိုက်တင်ဂေးလ်ရဲ့ ချမ်းမြေ့မှုကို မနာလို ဝန်တိုမိလို့ မဟုတ်ဘူး။ သူ့ချမ်းမြေ့မှုမှာဝင်ပြီး ချမ်းမြေ့ခံစားမိတာ များသွားလို့ပါတဲ့။ 'ဒရိုင်းယဒ်'ဆိုတာ ခေါမတောင်စောင့်နတ် တစ်မျိုးပါပဲ။ သင်းဝင်ဆိုတာက ထင်းရှူးပင်တစ်မျိုး။ နိုင်တင်ဂေးလ် ငှက်လေးကို သစ်ပင်စောင့် တောစောင့် နတ်ကလေးလို့ ခေါ်ထားတယ်။ 'သင်းဝင်ရောင်ခိမ်းစိမ်း'ဆိုတာ သင်းဝင်ပင်တွေရဲ့ အစိမ်းရောင်လို စိမ်းမြတဲ့ မြက်ခင်းလည်း ဖြစ်နိုင်တယ်။ သင်းဝင်ပင် ဖုံးအုပ်ထားတဲ့ မြေကွက်လည်းဖြစ်နိုင်တယ်။ ဒီမြေကွက်ထဲကနေ နိုက်တင်ဂေးလ်က တေးသီနေတယ်။ မြေကွက်ဟာ သူ့တေးသံ နဲ့သာယာ စိုပြေနေတယ်။ 'လည်ကုန်ဖွင့်'ဆိုတာ ကျယ်ကျယ်လောင်လောင်လို့ ဆိုလိုတယ်။ လည်ကုန် ဖွင့်ပေမယ့် အားမစိုက်ရဘူး။ သက်တောင့်သက်သာနဲ့ ဆိုနေတာပါတဲ့။

ဒုတိယအပိုဒ်မှာ ကဗျာဆရာက နိုက်တင်ဂေးလ်လေးရဲ့ တေးသံထဲလုံးလုံး မျောပါသွားနိုင်ရေးအတွက် စပျစ်ရည်တစ်ကြိုက်လောက် သောက်ချင်ပါဘိလို့ တောင့်တထားတယ်။ တစ်ပိုဒ်လုံးက စပျစ်ရည် ဖွဲ့တွေပါပဲ။ သူသောက်လိုတဲ့ စပျစ်ရည်ဟာ မြေကြီးထဲမှာ နက်နက်တူးပြီး အကြာကြီး မြှုပ်ထားတာ ဖြစ်ရမယ်

(သေရည်ဆိုတာ ကြာကြာထားလေ ကောင်းလေပေါ့)။ ဒီ စပျစ်ရည်ရဲ့ အရသာဟာ တောရပ်ဒေသပျော်မြူးဖွယ်တွေကို ဖော်ကျူးနိုင်စွမ်းရှိတယ်။ ဒီစပျစ်ရည်သောက်လို့ ယစ်လာလျှင် ဒီပျော်မြူးဖွယ်တွေ ထင်ယောင် မြင်ယောင်လာမှာကို ပြောခြင်းပါ။ 'ဖလော်ရာ' ဆိုတာ ရောမတို့ရဲ့ နွေဦးနတ်သမီးဖြစ်တယ်။ နှစ်စဉ် ဧပြီလ နောက်ဆုံး သုံးရက်နဲ့ မေလအစ သုံးရက်မှာ သူ့ကို ဂုဏ်ပြုတဲ့ ပွဲတော် ကျင်းပပြီး အကအခုန်တွေနဲ့ မြူးပျော်လေ့ရှိကြတယ်။ ပွဲတော် ကျင်းပလေ့ရှိတာက ရွာနားက စိမ်းလဲ့လဲ့ မြက်ခင်းပြင်မှာ။ ဒါကို 'တောရပ်အစိမ်း'လို့ဆိုတယ်။ 'ပရော်ဗန်ဆာလ်'ဆိုတာ ယခင်ပြင်သစ်ပြည် အရှေ့ပိုင်းဒေသတစ်ခု ဖြစ်တဲ့ ပရော်ဗန်စ်က ပြည်သူတွေ ဆိုကြတဲ့ တေးကို ဆိုလိုတယ်။ တောင်ပိုင်း ပြင်သစ်ပြည်ရဲ့ ၁၁ရာစု လီရိကကဗျာကို ရည်ညွှန်းဟန် တူပါရဲ့။ 'နေရောင် မြူးတူးမှု'ဆိုတာ လယာပြင်မှာ လုပ်ရကိုင်ရနဲ့မို့ နေလောင်နေတဲ့ ပြည်သူတွေရဲ့ မြူးတူးမှုကို ပြောလိုရင်းဖြစ်တယ်။ တောင်ပိုင်း ဥရောပဟာ ရာသီဥတုကလည်း ပူနွေးနွေး၊ လူတွေကလည်း တက်တက်ကြွကြွရှိတယ်။ 'ပူနွေးနွေး တောင်ပိုင်းက သေတစ်ခွက်'ဆိုတာ ပူနွေးတဲ့ ရာသီဥတုရှိတဲ့ ဒေသကိုလည်း ညွှန်းတယ်။ လူတွေရဲ့ တက်တက်ကြွကြွ ဟန်ပန်ကိုလည်းညွှန်းတယ်။ စပျစ်ရည်ရဲ့ ပူနွေးသွားစေနိုင်စွမ်းကိုလည်း ညွှန်းတယ်။ 'ဟစ်ပါကရင်း'ဆိုတာ ခေါမပြည်က စမ်းတစ်ခုရဲ့အမည်။ ဒီစမ်းရေကို သောက်လိုက်လျှင် ကဗျာစျာန် ဝင်လာတယ်လို့ အဆိုရှိတယ်။ 'ရှက်သွေးဖြာ ဟစ်ပါကရင်း'ဆိုတာ ရဲရဲနီနေတဲ့ စပျစ်ရည်မျိုး (ကလာရဲ၊ ဘာဂနာဒီ)ကို တင်စားခေါ်တာပါ။ စိတ်ကူးယဉ်လာစေနိုင်စွမ်းတဲ့ စပျစ်ရည်လို့ ဆိုလိုတာပေါ့။ ကိစ်က အရက်သောက်ခဲပေမယ့် ကလာရဲ့ စပျစ်ရည်ကို ကြိုက်တယ်လို့ဆိုတယ်။ ဒီစပျစ်ရည် ထည့်ထားတဲ့ခွက်မှာ အမြှုပ်လေးတွေက ပုတီးလုံးလေးတွေလို ခွက်ဝမှာ စီရရီနဲ့ မှိတ်တုတ်မှိတ်တုတ် မျက်တောင်ခတ်နေကြတယ်။ ခွက်နှုတ်ခမ်းမှာ မရမ်းရောင် အစွန်းအစက်တွေ စွန်းပေနေတယ်တဲ့။ သွားရည်ကျချင်စရာပဲ့။ ဒါဟာဖြင့် ကိစ်ကဗျာမှာ အာရုံခံစားမှု ဘယ်လောက်ပါတယ်ဆိုတာ ပြနေတာပါပဲ။ အဲသည့် စပျစ်ရည်ကို သောက်ပြီး နိုက်တင်ဂေးလ် ငှက်ကလေးနဲ့အတူ ရုပ်လောက ကနေ စိတ်ကူးလောကထဲကို လွင့်ပါသွားချင်ပါတော့ တယ်တဲ့။

ဒုတိယအပိုဒ်အဆုံးနားက 'အဝေးဆီပြယ်လွင့်'ဆိုတာကို နောက်အပိုဒ် အစမှာ ပြန်သုံးသွားတယ်။ နှစ်ခုဆက်ပေးလိုက်တာပါပဲ။ တတိယ အပိုဒ်ဟာ လောကကြီးရဲ့ ဒုက္ခကိုဖွဲ့တဲ့အပိုဒ်ဖြစ်ပါတယ်။ တစ်ပင်က တစ်ပင်ကူးပြီး သစ်ရွက်တို့ကြား ခံစားနေတဲ့ နိုက်တင်ဂေးလ်လေးဟာ လောကကြီးရဲ့ ဒုက္ခဆိုတာကို သိမယ်

မဟုတ်ဘူး။ ငါလည်း မင်းနဲ့အတူလိုက်ပါပြီး ဒီလောကီဒုက္ခတွေကို မေ့ပစ်လိုက်မယ်လို့ ကဗျာဆရာကပြောတယ်။ ဒီဒုက္ခတွေကတော့ ဘဝကို ပင်ပန်းညီးငွေ့လာခြင်းဆိုတဲ့ 'ပန်းလျမှု'၊ လှုပ်ရှားလိုက်၊ နွမ်းလျလိုက်နဲ့ တကြောင့်ကြကြဖြစ်စေရတဲ့ ဆန္ဒရမက် ဆိုတဲ့ 'ပူပြင်းမှု'၊ စိတ်အလိုမကျဘဲ ခံစားရခက်စေတဲ့ 'ဒေါမနဿ'တို့ပဲ။ (ဗုဒ္ဓဘာသာ၊ မောဟ၊ လောဘ၊ ဒေါသ'တို့နဲ့ ဆင်ပါတယ်) 'ဒီဆီက'ဆိုတာ လူ့လောကမှာလို့ ဆိုလိုတယ်။ ဒီလူ့လောကမှာ လူတိုင်းဒုက္ခရောက်နေကြတယ်။ သူ့ညီးညူသံ ကိုယ်နား ထောင်၊ ကိုယ့်ညီးညူသံ သူနားထောင် ဖြစ်နေတယ်။ ဘယ်သူမှဒုက္ခက မလွတ်ဘူး။ သက်ကြီးရွယ်အိုတွေ တုန်တုန်ယင်ယင် ဖြစ်နေကြရတယ်။ သူတို့ရဲ့ ဆံဖြူအနည်း ငယ်ဟာ သွက်ချာပါဒ ရောဂါကြောင့် တုန်ခါနေကြတယ်။ ဆံပင်တုန်ခါတာဟာ လူတုန်ခါနေတာကို တင်စားတာလည်း ဖြစ်နိုင်ပါရဲ့။ လူငယ်တွေမှာလည်း ဇရာမရဏဒုက္ခက မလွတ်ပါဘူး။ တဖြည်းဖြည်း ဖြူရော်ပိန်ပါး၊ တော်ကြာ သေကြရတာပါပဲ။ ဒါသူ့ညီ တောမတ်စ်ရောဂါဖြစ်စဉ်က ကိုယ်တိုင်ပြုစုခဲ့ရစဉ် အတွေ့အကြုံက ရောင်ပြန် ဟပ်လာတာနဲ့တူပါတယ်။ သူကိုယ်တိုင်ကလည်း ငယ်ငယ်ရွယ်ရွယ် တီဘီရောဂါသည်ပဲလေ။ မကြာခင် သေရှာတာပါပဲ။ မစဉ်းမစား နေတတ်သူများကသာ လောကမှာ ပျော်စရာ ရှာတွေ့မယ်။ စဉ်းစားတွေးတောတတ်သူများ အဖို့တော့ ဘဝဟာ ဒုက္ခချည့်ပဲ။ ဝမ်းနည်းစရာ၊ စိတ်ပျက်စရာ ချည်းပဲ။ ခဲရောင်ဟာ ညိုမည်းမည်းဖြစ်တယ်။ စိတ်ပျက် အားလျော့နေသူရဲ့ မျက်လုံးဟာ အရောင်မထွက်ဘဲ ညိုပုတ်ပုတ် ဖြစ်နေတယ်။ ဒါကြောင့် 'ခဲရောင် မျက်လုံးနဲ့ စိတ်ပျက်စရာတွေ'လို့ ဆိုတယ်။ 'အလှ'ဆိုတာ မိန်းမလှကိုပြောတာ။ မိန်းမလှကလေးတွေလည်း သူတို့ရဲ့ ရွှန်းလဲ့လဲ့မျက်လုံးတွေကို ကြာရှည် ထိန်းသိမ်း မထားနိုင်ဘူး။ သူတို့မျက်လုံးလှလှလေးတွေလည်း သခၤါရပဲ။ ဒီမျက်လုံးလေးတွေကို ချစ်လှချည်ရဲ့ ဆိုတဲ့ အချစ်သစ် ဝါ လတ်တလော ပေါ်လာတဲ့ အချစ်ဟာလည်း ခဏပန်းပါပဲ။ 'နက်ဖြန်ထက်လွန် ပြီး'ဆိုတာ တဒင်္ဂကို ပြောပါ။ ဒီတစ်ပိုဒ်လုံး ဟာဖြင့် ရောမန္တိက ကဗျာတို့ရဲ့ ဘဝကို နိဗ္ဗိန္ဒဘုံအဖြစ် မြင်ကြပုံကို ကောင်းကောင်းကြီး ရောင်ပြန်ဟပ်နေလေရဲ့။

အပိုဒ် ၂ မှာတုန်းက လူ့လောကကို မေ့ပြီး၊ နိုက်တင်ဂေးလ်ရဲ့ ကမ္ဘာထဲကို အရက်သောက်ပြီး လိုက်ခဲ့မယ်လို့ ဆိုခဲ့တယ်။ ခုအပိုဒ် ၄ မှာတော့ အရက်သောက်လို့ မဟုတ်ဘဲ ကဗျာဉာဏ် ဈာန်ဝင်စားပြီး လိုက်ခဲ့မယ်၊ လိုက်လို့လည်း ရောက်လာပြီလို့ တင်ပြထားတယ်။ ဘက္ကချစ်ဆိုတာ ခေါမအရက်နတ်ပါ။ (ခေါမ

'ကိုမင်းကျော်'ပေါ့) ကဗျာတို့ ပန်းချီတို့မှာ သူ့ကို ကျားတွေ ကျားသစ်တွေ ကတဲ့ ရထားကို စီးနင်းဟန် သရုပ်ဖော်လေ့ရှိကြတယ်။ ဒါကြောင့် 'ဘက္ကစ်နဲ့သူ့ရဲ့ ကျားသစ်များက ရထားနဲ့ပို့ပေးတာမဟုတ်'ဆိုတာ အရက်မူးလို့ မဟုတ်ဘဲလို့ ဆိုလိုတယ်။ ကဗျာစိတ်ကူးဆိုတာ ရုပ်ဝတ္ထုမဟုတ်ဘူး၊ မမြင်ရဘူး၊ ဒါကြောင့် 'ကဗျာမှုရဲ့ အမြင်မဲ့ တောင်ပံများနဲ့ပဲ' ပျံလာခဲ့မယ်။ ကဗျာစျာန်ဝင်ပြီး လာခဲ့မယ်လို့ ပြောပါတယ်။ ဒီလို စိတ်ကူးယဉ်မှုမျိုးကို ဆင်ခြင်တုံတရား(ဦးနှောက်)ကတော့ မကြိုက်ဘူး။ စိတ်ကူး မယဉ်နဲ့လို့ ဟန့်တားတယ်။ တားပစေတော့၊ စိတ်ကူးယဉ်လိုက်ဦးမယ်တဲ့။ ဒါဟာဖြင့် ရောမန္တိကတို့ ထုံးစံ စဉ်းစားဉာဏ်၊ ဆင်ခြင်တုံတရားကို ဆန့်ကျင်ထားတာပါပဲ။ ဒီလိုနဲ့ စိတ်ကူးယဉ်လိုက်တာ၊ ကဗျာစျာန်ဝင်လိုက်တာ ချက်ခြင်းပဲ နိုက်တင်ဂေးလ် ငှက်ကလေး ပျော်စံရာ တောထဲကို ရောက်သွားတယ်။ ညကနုတယ် ဆိုတာ ငယ်နု သေးတာကိုပြောတာ။ ညမနက်သေး၊ ညဦးပိုင်းပေါ့။ မိုးပေါ်မှာလသာ နေရဲ့။ ကြယ်တာရာတွေ ဝန်းရံခလို့ပဲ။ ဒါပေမယ့် သူရောက်နေတဲ့ တောထဲမှာတော့ မှောင်လို့ပဲ။ သစ်ရွက်တွေက တစ်ခုကိုတစ်ခုထပ်ပြီး သိပ်သည်းနေတာကိုး။ တစ်ခါ တစ်ရံ လေပြည်ညင်းလေး တိုက်လိုက်တဲ့အခါ သစ်ရွက်လေးတွေ နည်းနည်းရွဲပေး ကာမှ လရောင်ဝင်လာတယ်။ လင်းလာတယ်။ ဒါကိုပဲ အလင်းဟာ လေပြည်နဲ့ ရောပြီး မိုးပေါ်ကလွင့်လာတယ်လို့ ဖွဲ့ထားတယ်။

မှောင်မည်းမည်းတောထဲမှာ ဘာကမှ မမြင်ရဘူး။ ပန်းရနံ့တွေကတော့ သင်းတ ပျံ့ပျံ့ ကြိုင်လှိုင်နေတယ်။ ရနံ့တွေရှူရှိုက်ရင်း ဘယ်ရနံ့ဟာ ဘယ်ပန်းပင်က လာတယ်ဆိုတာကို သူ့မှန်းဆနေမိတယ်လို့ ပဥ္စမအပိုဒ်မှာ ဖွဲ့ထားတာပါပဲ။ ကြောင်းရေ ၂ မှာ'မွှေးရနံ့'ဆိုတာ မွှေးရနံ့ကိုဆောင်တဲ့ ပန်းပွင့်ရယ်လို့ ပြောလိုရင်းပါ။ တစ်ကြောင်းလုံး အဓိပ္ပာယ်က 'အကိုင်းတွေပေါ်မှာ ဘယ်လိုပန်းပွင့်တွေ ရှိနေမလဲ မသိဘူး'လို့ ဆိုလိုပါတယ်။ ကိစ်ဟာ မှောင်ထဲကနေ မွှေးရနံ့တွေ ရှူရှိုက်နေရတယ်၊ ရာသီအလိုက် မြက်ပင်ပန်းပင်တို့မှာ ပေါ်ပေါက်မြဲရနံ့တွေပါပဲ။ ဒီရနံ့တွေရှူပြီး မှောင်ထဲကနေ ဘယ်ရနံ့ဟာ ဘယ်အပင်ကလဲလို့ မှန်းဆကြည့်နေမိတယ်။ ပန်းမျိုးစုံ ပဲ တွေ့ရတယ်။ ဟော်သွန်ဆိုတာ နှင်းဆီမျိုးရိုးထဲပါဝင်တဲ့ ဆူးပင်တစ်မျိုး။ အဂ္ဂလန် တိုင်ဆိုတာလည်း တောနှင်းဆီတစ်မျိုးပါပဲ။ ဗိုင်းယလက် ပန်းလေးတွေက မတ်လ မှာစပွင့်၊ မေလလောက်ကျတော့ ညှိုးစပြုနေပြီ။ အရွက်သစ်တွေတော့ ဝေနေပြီ၊ ပန်းပွင့် ရှိသေးတာကိုတောင် အရွက်တွေက လွှမ်းထားလို့ မမြင်ရတဲ့ဘူးတဲ့၊ မတ်စ်ရိုဇ်(ကတိုးနှင်းဆီ) ဟာ မေလလယ်မှာ ပထမဆုံးစပွင့်တဲ့ပန်းပဲ။ ဒါကြောင့်

'မေလလယ် ရဲ့ သမီးဦး'လို့ခေါ်ထားတယ်။ ဒီပန်းပွင့်မှာပျားတို့အဖို့ နှင်းစက်လို နူးညံ့တဲ့ စပျစ်ရည်တစ်မျိုးမည်တဲ့ ဝတ်ရည်တွေ ပြည့်နေတယ်။ ဒါကြောင့် ပျားပိတုန်းတို့ တည်းစီစီနဲ့ လာရစ်ဝဲကြသပေါ့။ 'ယင်'ဆိုတာ ပျားပိတုန်းကို ပြောတာပါပဲ။

နိုက်တင်ဂေးလ်ရဲ့ တေးသံကို မှောင်ထဲကနေ နားဆင်ရင်း ခုလိုသာယာ ကြည်နူးဖွယ်အချိန်မျိုးမှာ သေသွားရလျှင် ကောင်းမှာပဲလို့ တမ်းတမိတဲ့အကြောင်း အပိုဒ် ၆ မှာရေးထားပါတယ်။ အေးအေးဆေးဆေး မနာမကျင် သေသွားရတာကို 'သက်သာရာသေမင်း'လို့ဆိုတယ်။ 'တစ်ဝက်ချစ်ကြိုက်နေမိတယ်' ဆိုတာ တောင့်တ မိတယ်ဆိုတာကို လှပစွာ အလင်္ကာပြုထားတာပါပဲ။ အေးအေးချမ်းချမ်း သေသွား ရလျှင် ချုပ်စဲသွားတဲ့ အသက်လေးဟာ ငြိမ်နေမှာပေါ့။ ဒီအသက်လေးကို ယူဆောင် ပြီး ပြင်ပလေထုထဲမှာ ရောပစ်လိုက်ပါတော့လို့ သူက သေမင်းကို ကဗျာ နုနုဝေ တွေနဲ့တောင် မြူဆွယ်တောင်းပန်နေမိသတဲ့။ ခုလို နိုက်တင်ဂေးလ်ရဲ့ တေးသံကို ကြည်နူးစွာ နားဆင်နေရချိန်မှာ မနာမကျင် အေးအေးဆေးဆေး သေသွားလျှင် ကောင်းမှာပဲလို့ ခါတိုင်းထက်တောင် ပိုပြီး ထင်မြင်မိတယ်။ 'ဝိညာဉ် ကို အဝေးဆီ သွန်းချပစ်နေတယ်'ဆိုတာ ခံစားချက်တွေ ဖော်ထုတ်ပြီး အားရပါးရ တေးသီနေတာမို့ အဝေးကတောင်ကြားရတာကို ပြောတာ။ အဲသလို သူသေသွားလည်း နိုက်တင်ဂေးလ် ကတော့ ဆက်လက် တေးသီနေရစ်မှာပဲ။ သူ့အဖို့တော့ တေးသံကို မကြားနိုင်ဘဲ ရှိရတော့မယ်။ နိုက်တင်ဂေးလ်ရဲ့ တေးသံဟာ ကဗျာဆရာရဲ့ မြေပုံပေါ်မှာ သရဏဂုံ တေးတစ်ပုဒ်သာ ဖြစ်နေလိမ့်မယ်။ ရွှံ့မြေစာဖြစ်နေတဲ့ ကဗျာဆရာကတော့ ကြားနိုင် တော့မယ် မဟုတ်ဘူးတဲ့။

အဲသလို မိမိရဲ့ သေခြင်းအကြောင်းကို တွေးမိတော့ ကီစ်ဟာ နိုက်တင် ဂေးလ် ငှက်ရဲ့သေခြင်းမဲ့ပုံကို ဆင်ခြင်မိတယ်။ တကယ့်တကယ်မှာ နိုက်တင်ဂေးလ် ငှက်တွေလည်း သေကြတာပေါ့။ ဒါပေမယ့် တစ်ကောင်ပြီး တစ်ကောင်မျိုးဆက်နေ ဘာကြောင့် နိုက်တင်ဂေးလ်ဆိုတဲ့ အမျိုးဇာတ်ကတော့ မသေဘူးလေ။ ကီစ်က ဒီနိုက်တင်ဂေးလ်မျိုးဇာတ်ကို 'မသေငှက်' လို့ ခေါ်လိုက်တာပါ။ ခေတ်အဆက်ဆက် မှာ နိုက်တင်ဂေးလ်တေးသံပေါ် ထွန်းခဲ့မှာပဲ။ ဒါပေမယ့် နိုက်တင်ဂေးလ်ရဲ့ တေးသံကို ဘယ်နောင်လာတဲ့ခေတ်ကမှ ခြေမှုန်းပစ်ခြင်းမရှိဘူး။ 'လူသားဆက်'လို့ ထည့်သုံးထား တဲ့အတွက် ကီစ်ဟာ ငှက်အဖြစ်နဲ့ လူအဖြစ်ကို နှိုင်းယှဉ်ပြောတာလို့ နားလည်ရ ဘယ်။ လူတွေမှာတော့ တဦးကိုတစ်ခေတ်ကုန်လျှင် နောင်လာနောက်သားတွေက

ခြေနဲ့တက်နင်းသလို အထင်သေးခြင်း၊ မေ့ပျောက်ပစ် ခြင်းရှိနိုင်တယ်။ 'မွတ်သိပ်တဲ့' ဆိုတာ ဂုဏ်ပကာသနကို မက်မောတဲ့၊ မနာလိုဝန်တို တယ်လို့ အဓိပ္ပာယ်ရတယ်။ ကိစ်ဒီစာပိုဒ်ကို ရေးတာဟာ သူ့ကိုလူတွေ ဝိုင်းဝေဖန် ကြတာကို ရည်ရွယ်သလား မသိဘူး။ နိုက်တင်ဂေးလ်ကိုတော့ မနာလိုမယ့်သူမရှိ၊ ဒါကြောင့်ဘယ်ခေတ်မှာမှ ရှုတ်ချခြင်း၊ မေ့ပျောက်ခြင်းခံရလိမ့်မယ် မဟုတ်ဘဲ ထာဝရ တည်တံ့နေတယ်။ ခုသူကြားနေတဲ့ ငှက်သံကို ရှေးကဘုရင်ရော ဆင်းရဲသားပါ ကြားခဲ့ရမှာပဲ။ သမ္မာကျမ်းစာထဲက ရုသ် ကြားခဲ့တာလည်း ဒီအသံနေမှာပဲ။ နတ်သမီး ပုံပြင်တွေ ထဲက ပင်လယ်ကမ်းစပ်ရဲတိုက်ကနေ ကြားရတာလည်း ဒီအသံပဲဖြစ်မှာ ပါပဲတဲ့။ ရုသ်ဆိုတာ လင်သေဆုံးတဲ့နောက် ယောက္ခမနဲ့အတူ လင့်တိုင်းပြည် လိုက်သွားတဲ့ မိန်းမပါ။ သူက အဲဒီ့ကတိုင်းပြည်မှာ ကောက်သင်းကောက်တယ်။ သမ္မာကျမ်းစာမှာ သူလွမ်းတယ်လို့မပါဘူး။ ဒါပေမယ့် သူတစ်ပါးတိုင်းပြည် ရောက်နေတဲ့ အခါ ကိုယ့်ဇာတိမြေကို လွမ်းမှာချည့်ပေါ့။ ဒါကြောင့် ရုသ်ကို လွမ်းလေဟန် ကိစ်ကဖွဲ့တာ အင်မတန် လူပီသွားတယ်။ ပင်လယ် ကမ်းစပ်က ရဲတိုက်ဆိုတာကတော့ ကလော့ဒ်ရဲ့'အပြုစားခံရဲတိုက်'ဆိုတဲ့ ပန်းချီကားက စိတ်ကူးရဟန်တူပါတယ်။ ဒီပန်းချီအကြောင်းကိစ်က ကဗျာတစ်ပုဒ် ရေးဖူးတယ်။ ဒီစာကလေးသုံးကြောင်းရဲ့ ထိမိပုံကို ဝေဖန်သူများက အထူးချီးကျူး ကြတယ်။ သူ့စာထဲမှာ ပေးထားတာကတော့ ပင်လယ်ဘက် ပွင့်နေတဲ့ပြူတင်းပေါက်၊ ဒီပြူတင်းဆီ ရောက်လာတဲ့ နိုက်တင်ဂေးလ် ငှက်သံ၊ ဒါပဲ။ ဒါကနေ ဆက်စဉ်းစားလျှင် ပင်လယ်ကမ်းစ ကမ်းပါးမတ်မတ်ပေါ်မှာ ရဲတိုက်တစ်ခုရှိတယ်။ ရဲတိုက် ပြူတင်းပေါက်က ပင်လယ်လှိုင်းတွေထနေတဲ့ဘက်။ ပွင့်လျက်ရှိတယ်။ ရဲတိုက်ထဲမှာ ဘုရင်တစ်ပါးလား၊ မင်းသမီးတစ်ပါးလားမသိ အကျဉ်းခံနေရတယ်။ ပြူတင်းပေါက် ကနေ နိုက်တင်ဂေးလ်ငှက် တွန်မြည်သံ ကြားလိုက်ရတော့ သူ့ခမျာ ကယ်ဆယ်သူများ ပေါ်လာပလား ထွက်မျှော်မိရှာမယ်။ မျှော်တွေ ဘာတွေထည့်ဆိုထား တော့အကျဉ်းခံရတာကလည်း ရိုးရိုးမဟုတ်ဘဲ အဆန်း တကြယ် လျို့ဝှက်သဲဖိုစရာ တွေ ဖြစ်ကုန်တော့တယ်။

သတ္တမအပိုဒ်အပြုစားခံ ရဲတိုက်အကြောင်းဖွဲ့ရင်း 'အထီးကျန်'ဆိုတဲ့ စကားသုံးထားတယ်။ ဒီစကားလုံးကို ကြားလိုက်ရတော့ ကဗျာဆရာဟာ သူ့ဘဝဘက် သူပြန်စိတ်လည်လာတော့တယ်။ သူကလည်း တစ်ကိုယ်တည်း အထီးကျန် နေသူပဲကိုး။ နိုက်တင်ဂေးလ်တေးသံ ကြားတော့သာ ငှက်ကလေးက အဖော်ဖြစ်နေခဲ့တာ။ ခုတော့ သူ့ဘဝမှန် သူပြန်သတိရသွားတော့တယ်။ စိတ်ကူးယဉ်ခန်း ရပ်တန်း

ထင်းရှူးပင်ရိပ်

ကရပ်သွားပြီး စိတ်ကူးယဉ်ဆိုတာ လှည့်ဖျားနိုင်စွမ်းတယ်လို့ နာမည်ကြီးလှပေမယ့် ဒီလောက်မဟုတ်ပါကလား။ ဒါကြောင့် အတူမလိုက်နိုင်တော့ဘဲ ငှက်ကလေးကို နှုတ်ခွန်းသာ ဆက်လိုက်ရတော့တယ်။ သူ့တေးသံလေးဟာလည်း မြက်ခင်းပြင်ကို ကျော်၊ ချောင်းတွေကျော်၊ တောင်စောင်းပေါ်တက်၊ တဖြည်းဖြည်း မှုန်ဝါးသွားပြီး လျှိုမြောင်ထဲ နစ်ဝင်သွားတော့တယ်။ ဒီသရုပ်ဖော်ကွက်လေးဟာ အင်မတန် ပီပြင်လွန်းလို့ မျက်စိအာရုံထဲမှာ လှုပ်ရှားအသက်ဝင် လာတော့တယ်။ စိတ်ကူးယဉ်မှု ရပ်တန့်သွားတဲ့အခါ ခုနကသူ့အတွေ့အကြုံဟာ အိပ်ယင်း နတ်ပေးလို့ မြင်ရတဲ့ အိပ်မက်ပဲလား၊ နေ့ခင်း အိပ်မက်ခေါ်တဲ့ စိတ်ကူးယဉ်မှုသက်သက်ပဲလား သူဝေခွဲလို့ မရအောင်ဖြစ် ရတယ်။ တစ်ခုပဲသေချာတယ်။ ငှက်ကလေးရဲ့ တေးသံမရှိတော့ဘူး။ ခုနက အတွေ့အကြုံက အိပ်မက်၊ ခု-အဲဒီ အိပ်မက်ကနိုးလာတာလား၊ ဒါမှမဟုတ် ခုနက တကယ့်အဖြစ်၊ အခု-အိပ်နေတာလားဆိုတာလည်း မကွဲပြားတော့ဘူး။

❖

## တောက်ပတဲ့ ကြယ်လေး

တောက်ပတဲ့ ကြယ်လေး၊ ငါမင့်လိုတည်တံ့လိုလှတယ်-<br>
ညအထက်မိုးမြင့်မှာ တစ်ကိုယ်တော် အဆင်းအဝါနဲ့<br>
ထာဝရ မျက်ခွံတို့ကိုလှစ်ကာ ငုံ့ကြည့်နေရတာမျိုးတော့ မဟုတ်၊<br>
သဘာဝရဲ့ ဇွဲကောင်း၊ အအိပ်မဲ့တဲ့ တောပျော်ရသေ့ပမာ၊<br>
လှုပ်ရှားနေတဲ့ ရေများက ကမ္ဘာမြေရဲ့ လူသားကမ်းပါးတစ်ဝိုက်<br>
သန့်စင်ဆေးကြောခြင်းရသေ့ရဟန်း အလုပ်လုပ်နေတာကို(ကြည့်နေရတာမျိုး)<br>
တောင်တန်းများ လွင်ပြင်များပေါ်ကျလာတဲ့ နှင်းပွင့်<br>
မျက်နှာဖုံး နုနုသစ်သစ်ကို ငေးနေရတာမျိုးတော့မဟုတ်၊<br>
တည်တံ့ရက်ပဲ၊ မပြောင်းမလဲတတ်ရက်ပဲ၊<br>
ငါရဲ့ လှပတဲ့ ချစ်သူရဲ့မှည့်ရွှမ်းရွှမ်း ရင်အုံပေါ် အုံးမှီရင်း၊<br>
နူးညံ့တဲ့ အတက်အကြွကို ထာဝရ ခံစားရင်း<br>
ချိုမြတဲ့ ဂဏှာမငြိမ်မှုမှာ ထာဝရနိုးထကာ၊<br>
သူလေးရဲ့ ညံ့နုတဲ့ အသက်ရှူသံကို ကြားရက်နဲ့ပဲ၊<br>
ဒီလိုသာ ထာဝရနေလိုဖိ-နို့မဟုတ်က မိန်းမော သေရစေတော့။

၁၈၂၀မှာ သူ့ရောဂါ အခြေဆိုးလာလေတော့ ကိစ်ခမျာ ပထမ အင်္ဂလန် ကမ်းခြေမှာ အပန်းဖြေကြည့်တယ်၊ မရဘူး။ ဒါနဲ့ နောက်ဆုံး အီတလီသွားဖို့ စီစဉ်ရတယ်။ မိတ်ဆွေပန်းချီဆရာလေး ဆယ်ဗန်နဲ့အတူပေါ့။ စက်တင်ဘာမှာ သင်္ဘောထွက်လာခဲ့တယ်။ အင်္ဂလိပ် ရေလက်ကြားကို ဖြတ်ကူးစဉ် ရာသီဥတုကြမ်းလို့ သင်္ဘောခဏကမ်းကပ်ရတယ်။ ကိစ်ဟာ ကမ်းပေါ် ခဏတက်ပြီးလမ်းလျှောက်ရင်း ဒီကဗျာကို ရေးစပ်ခဲ့တယ်လို့ဆိုတယ်။ သူ့လက်က ကိုင်လာတဲ့ ရှိတ်စပီးယားကဗျာပေါင်းချုပ်စာအုပ်ထဲမှာ "ချစ်သူညည်းတွားချက်" ဆိုတဲ့ကဗျာနဲ့ မျက်နှာချင်းဆိုင် ရေးခြစ်ခဲ့ထားခြင်းပါပဲ။ သူ့နောက်ဆုံးလက်ရာဖြစ်တဲ့ ဒီကဗျာလေးကို မိတ်ဆွေဆယ်ဗန်အတွက်ရေးပေးတယ်လို့ဆိုတယ်။ အကြောင်းအရာကတော့ သူ့ခံစားရချက်ပါပဲ။

အချိန်က ည။ 'မိုးပေါ်ကို မော့ကြည့်တဲ့ခါတောက်ပတဲ့ ကြယ်လေးတစ်လုံးကို မြင်ရတယ်။ ကြယ်လေးကဖြင့် ထာဝရတည်တံ့ပေရဲ့။ ကိစ်ဟာ သူ့ကိုယ်သူတွေးမိပြန်တော့ သူဟာအခုမှ အသက်အစိတ်ရှိသေး။ ငယ်ငယ်ရွယ်ရွယ်၊ လောကမှာ နေလို့ကောင်းတုန်း။ နေလည်းနေချင်တုန်း။ ဒါပေမယ့် သူမနေရတော့ပါဘူး။ ဒီတော့ ကြယ်ကလေးကိုကြည့်ရင်းသူ့ဘဝသူ သတိရမိကာ တောင့်တလိုက်မိတယ်။ ကြယ်ကလေးရယ် ငါမင်းလို ထာဝရတည်တံ့ချင်လိုက်တာလို့။ ဒါပေမယ့် ကြယ်ကလေးကို သေသေချာချာကြည့်မိပြန်တော့ ကြယ်လေးရဲ့ အဖြစ်မျိုးကို သူမတပ်မက်နိုင်ပြန်ဘူး။ ကြယ်လေးဟာက ညအမှောင်ထုရဲ့အထက် ဟို မိုးမြင့်မြင့်ဆီမှာ တစ်ကိုယ်တည်း လင်းလင်းလက်လက် နေရတာ။ သူ့မျက်ခွံဝေးတွေ ကို ထာဝရလှစ်ပြီး မြေပေါ် ငုံ့ကြည့်နေရတယ်။ ဘာတွေ မြင်ရမလဲဆိုတော့ သမုဒ္ဒရာရဲ့ ရေလှိုင်းတွေက ကမ်းပါး ပေါ်တိုက်ခတ်နေတာကို မြင်ရမယ်။ (ကိစ်ဟာ သူရပ် နေရာက မျှော်ကြည့်ရင်း ကမ်းပေါ် ရေလှိုင်းတွေ ရိုက်ခတ်နေတာ မြင်ရပါလိမ့်မယ်) ကက်သလစ် ရသေ့ ရဟန်းတချို့ ဒုစရိုက် အညစ်အကြေးကွာအောင် ဆေးကြောကြသလို ကမ်းပါးတွေကို လှိုင်းတွေက ဆေးကြောပေးနေတာနဲ့ တူပါဘိတယ်။ နောက်ပြီး တောင်တန်းတွေပေါ် လွင်ပြင်တွေပေါ် နူးညံ့တဲ့ နှင်းပွင့်အသစ်အသစ်တွေ ကျနေတာကိုမြင်ရမယ်။ မြေပေါ်ကို နှင်းပွင့်ထု ကျနေတာက မျက်နှာဖုံးစွပ်ထားတာနဲ့တူတယ်။ ဒီလို ကမ္ဘာမြေကို ငုံ့ကြည့်ရင်း မိုးပေါ်မှာ တစ်ကိုယ်တည်းနေရတာမျိုးတော့ သူမလိုချင်ဘူးတဲ့။ တည်တံ့မှုကိုတော့ လိုချင်ပါရဲ့။ မပြောင်းလဲတဲ့ အဖြစ်ကို လိုချင်ပါရဲ့။ ဒါပေမယ့် ချစ်တဲ့သူရဲ့ မို့မောက်တဲ့ ရင်အုံမှာ ခေါင်းမှီအုံးရင်း

သူ့ရင်လေး ကြွချည်၊ ကျချည် ဖြစ်နေပုံကို ခံစားကာ၊ အဲသလို ချိုမြတဲ့ လှုပ်ရှားမှုလေးမှာ မအိပ်ဘဲ နိုးလို့သာ (သင်းကလေး နူးနူးညံ့ညံ့ အသက်ရှူနေတာကို ကြားရင်းသာ ချစ်သူ့ ရင်ခွင်ရဲ့ အကြွအကျ စိတ်ကူးကို လှိုင်းငြိမ့်ပေါ်က သဘော်ရဲ့ လှုပ်ရှားမှုကြည့်ပြီး ရတာဖြစ်လိမ့်မယ်လို့ ခန့်မှန်းကြတယ်) ထာဝရအသက်ရှင် နေလိုတယ်တဲ့။ ဒီလိုမှ မနေရရင်တော့ မိန်းမောသွားပြီး သေလိုက်ပါရစေတော့တဲ့။

ကိုယ့်ကိုယ်ကိုယ် သေရတော့မယ်ဆိုတာသိနေတဲ့လူငယ်ကဗျာဆရာလေးတစ်ဦးရဲ့ မသေချင်ကြောင်း ဖော်ထုတ်သွားတဲ့ ကဗျာလေးလည်းဖြစ်၊ သူ့ရဲ့ မသေခင်နောက်ဆုံး လက်ရာလေးလည်းဖြစ်တဲ့အတွက် နာမည်ကြီးလှတဲ့ ကဗျာတစ်ပုဒ်ဖြစ်တယ်။ နာမည်ကြီးသလောက်၊ နိမိတ်ပုံ၊ အတွေးအခေါ်၊ အသံလှပမှုတို့ဟာ ကောင်းမွန်လှတယ်။ ကြယ်လေးကြည့်ပြီး သူ့ထာဝရဘဝကို တောင့်တမိပုံ။ တစ်ခါကြယ်လေးရဲ့ နေရာက ငုံ့ကြည့်လိုက်တော့ မြင်ရတဲ့ ကမ္ဘာမြေရှုခင်း။ နောက် လူငယ်တို့ဘာဝ ချစ်သူ့ရင်ခွင်။ ဒီသုံးခုကို ထိမိတဲ့ စုတ်ချက်ကလေးတွေနဲ့ ပီပြင်အောင် ဖော်ကျူးသွားပြီး ချစ်ဖွယ်ကဗျာတစ်ပုဒ်ဖြစ်အောင် ဆက်စပ်ပေးသွားတာဟာဖြင့် အံ့တစ်ပါးပါပဲ။

■

## ယိတ်စ်

ဝီလျံ ဘတ္တလာယိတ်စ် (၁၈၆၅-၁၉၃၉)ဟာ အိုင်ယာလန်ပြည် ဒဗ္ဗလင် မြို့တော် အနီး ဆင်ဒီမောင့်မှာ မွေးခဲ့တယ်။ အဖေက ပန်းချီကျော်တစ်ဦး၊ အစ်ကို ဂျက်က ရှုမျှော်ခင်း ပန်းချီဆရာ။ သူ ကလေးဘဝကပဲ မိဘများ လန်ဒန် ပြောင်းကြ သမို့ သူလည်း ၉နှစ်သား အရွယ်မှာ လန်ဒန်မှာ ကျောင်းနေရတယ်။ နွေရာသီများမှာ သူ့အမေရဲ့ ကောင်တီဆလီကို သွားနေလေ့ရှိတယ်။ သူ့ဂဲလစ်ဆန်ဆန် စိတ်ကူးများရဲ့ နောက်ခံကားပါပဲ။ စောစောပိုင်းကတော့ ဖအေတို့ အစ်ကိုတို့လို ပန်းချီဆရာဖြစ်လာ ဦးမလား ထင်ရတယ်။ အသက် ၁၉နှစ်မှာ ဒဗ္ဗလင်က မက်ထရိုပိုလီ တန် အနုပညာ ကျောင်းတက်တယ်။ ပန်းချီကား အချို့လည်းဆွဲတယ်။ ဒါပေမယ့် ပန်းချီ ဆွဲတာထက် မီးဖိုဘေး ထိုင်ပြီး ကြားသမျှပုံပြင်တွေ မှတ်တမ်းတင် ရေးချရတာ ပိုနှစ်ခြိုက်နေ တယ်။

အသက် ၂၁နှစ်မှာ သူ့ပထမဆုံးစာအုပ် 'မောဆောဒါ'ကို ထုတ်တယ်။ စာအုပ်ထွက်ပြီး ရှေ့ဆင့်နောက်ဆင့်ပဲ လန်ဒန်ပြန်လာပြီး ဝေလ ကဗျာဆရာ အားနက်စ်ရီးဇ်နဲ့အတူ 'ကာရန်သမား ကလပ်'ထောင်တယ်။ နောက်ဆုံးပေါ် စာပေ ဖက်ရှင်တွေ၊ အဓိကအားဖြင့် ပြင်သစ် သင်္ကေတဝါဒီများ၊ ရာဖဲလ် အကြို ပန်းချီ ဆရာများရဲ့ အယူအဆတွေကို  လေ့လာကြတယ်။ အဲဒီတုန်းက ယိတ်စ်ဟာ <u>လုံးဝ အလုပဗေဒ</u> သမားပါပဲ။ လူလည်းအတော် ငတ်ပြတ်နေခဲ့ရတယ်။ ဖြူရော်-

၁။ 'ရိုပ်' လို့ဖတ်ပါ။ 'ရို'မလုပ်လိုက်ပါနဲ့။

ပိန်လှျ နေတယ်။ ရထားခ မတတ်နိုင်လို့ လန်ဒန်မြို့ပေါ် ခြေကျင်သွားနေခဲ့ရတယ်။ မိတ်ဆွေများက လက်ဖက်ရည်တစ်ခွက် တိုက်သွားလျှင် သူ့အဖို့ ရက်ပေါင်းများစွာ အတွက် ထမင်းတစ်နပ် ဖြစ်နေတော့တာပဲတဲ့။ သူဟာ စိတ်ကူးယဉ်မှုမှာပဲ ပျော်မွေ့ နေခဲ့တယ်။ မရှိလို့ ငြိုးငြံရခြင်းကို ကျင့်ဝတ်တစ်ခုလို ကျင့်သုံးနေခဲ့တယ်။

ဖိုးဖွားများက ခရစ်ယန်သင်းအုပ်တွေ ဖြစ်ခဲ့တဲ့အတိုင်း ယိတ်စ်ဟာ ငယ်စဉ် က ဘာသာရေးသမားပေါ့။ ခုတော့ ဟတ်စလေနဲ့တင်ဒါလ်တို့ရဲ့ ရုပ်ဝါဒနဲ့ သွားတွေ့ ပြီး ဘာသာရေးကို ပယ်လာတော့တယ်။ ဒါနဲ့ ဘာသာရေး အသစ်ရှာနေချိန်မှာ သီယိုဆိုဖီကို သွားတွေ့တယ်။ ရုရှလူမျိုး မဒမ်ဘလာဗတ်စကီးရဲ့တပည့်ဖြစ်သွား တယ်။ မဒမ်ဘလာဗတ်စကီးကို အယောင်ဆောင်ပါလို့ ဖွင့်ချလာကြတဲ့ထိ သူက တော့ ယုံကြည်မှုကို မစွန့်ဘူး။ မိတ်ဆွေတွေကို ပန်းပွင့်တစ္ဆေခေါ်ယူဖို့တို့၊ ခေါင်းအုံး အောက် ဘာလေးညာလေးထားပြီး အိပ်မက်ထူး ခေါ်ဖို့တို့ တိုက်တွန်းလေ့ရှိတယ်။ နောက်တော့ သူ့ကို ဒီဂိုဏ်းရဲ့အတွင်းလူ အဖြစ်က အထွက်ခိုင်းကြတယ်။ 'ရွှေအရုဏ်ရသေ့ဂိုဏ်း သုတေသီများ'ဆိုတဲ့အဖွဲ့မှာ အဖွဲ့ဝင်ဖြစ်သွားပြန်တယ်။ မှော်ဆန်ဆန် လူတွေစုနေတဲ့ အဖွဲ့ဆိုတော့ သူ့မှော်အယူအဆတွေနဲ့ အံဝင်ခွင်ကျ နေတာပေါ့။ ခေတ်ရဲ့ ရုပ်ဝါဒနဲ့တော့ ဆန့်ကျင်ဖက်ပဲ။ သူ့အဖေနဲ့မိတ်ဆွေများက တောင် သူ့မဟုတ်မဟတ် အယုံအကြည်တွေကို လန့်လာမိကြတယ်။ သူကတော့ သူ့အဖို့ ကဗျာပြီးလျှင် ဒါ အရေးကြီးတာပဲတဲ့။ ဒီမှော်အယူကြောင့်သာ သူ ကဗျာရေး နိုင်တယ်လို့ဆိုတယ်။ အဲဒီတော့ အသက် ၂၇နှစ်ရှိပြီ။

ကဲလတစ် ပြန်လည်ဆန်းသစ်ရေး လှုပ်ရှားမှုပေါ်လာတော့ ယိတ်စ် နာမည်ကြီးလာပါတယ်။ အိုင်ယာလန်မှာ အဖွဲ့နှစ်ဖွဲ့ပေါ်လာတယ်။ တစ်ဖွဲ့က ၁၈၉၃ မှာ တည်ထောင်တဲ့ ဂဲလစ်အသင်းချုပ်။ ရည်ရွယ်ချက်က ရှေးအိုင်းရစ်စာပေကို လေ့လာပြီး ဂဲလစ်စကားကို လူမျိုးရဲ့ ဘာသာစကားအဖြစ် ထိန်းသိမ်းဖို့။ တစ်ဖွဲ့က နောက်နှစ် အနည်းငယ်အတွင်းမှာ ဖွဲ့တဲ့ 'လယ်ယာ၊ စီးပွားရေး၊ လူနေမှု တိုးတက်ရေး' သမဝါယမ။ ဒီအမျိုးသား ယဉ်ကျေးမှု ပြန်လည်ဖော်ထုတ်ရေး လှုပ်ရှားမှုမှာ ကဗျာ ဆရာတွေ၊ လူထုပုံပြင်သမားတွေ၊ သုတေသီတွေ၊ စီးပွားရေးသမားတွေ၊ လူမှုရေး သမားတွေ စိုက်ပျိုးရေး သမားတွေ ဆုံမိကြတယ်။ နိုင်ငံရေးအရှိန် တက်လာတယ်။ ကဗျာဆရာတွေရဲ့ သွေးနဲ့ 'အဲယရ' ပြည်ထောင် ထူထောင်နိုင်ခဲ့ပြီး ကဗျာဆရာ ဒါဂလပ်စ်ဟိုက်ဒ်က ပထမဆုံး သမ္မတဖြစ်လာခဲ့တယ်။ ဒီလှုပ်ရှားမှုအများစုဟာ အိုင်းရစ်စာပေ ပြဇာတ်ရုံကို ဗဟိုပြုနေတယ်။ အဲဒီမှာ ယိတ်စ်က ခေါင်းဆောင်

တစ်ဦးပေါ့။ ဒီလိုလှုပ်ရှားရင်းက သူပုန်မ မော့ဒ်ဂွန်းကို တွေ့ရတယ်။ ချစ်မိတယ်။ သူ့ကိုစိတ်ထဲမှာ အာရုံပြုရင်း ပြဇာတ်တွေ ရေးခဲ့ရာမှာ အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆော်တဲ့ဘက်က အောင်မြင်လှတယ်။ ယိတ်စ်ဟာ စာပေ ခေါင်းဆောင်တစ်ဦးဖြစ်လာပါတော့တယ်။ အဲဒီအချိန် ပိုင်းမှာဘဲ ပြဇာတ်ဆရာ ဆင့်ဂျ်နဲ့ အသိဖြစ်ခဲ့ရတယ်။

ယိတ်စ် အသက် ၃၀မှာ ကဗျာစာအုပ် ၆အုပ်ထုတ်ပြီးပါပြီ။ သူ့ကဗျာတွေဟာ ပရိသတ်အဖို့ ဆန်းနေပြီး အိပ်မက်ဆန်တယ်။ သင်္ကေတအသုံးသိပ်နည်းပြီး သူမုန်းတဲ့ အလင်္ကာရကိုပဲ မှီခိုနေရတယ်။ ရင့်ကျက်လာတာနဲ့အမျှ ခံစားမှုနဲ့ အလင်္ကာရကို ပယ်စွန့်နိုင်ဖို့ ထပ်မံကြိုးစားပြန်တယ်။ အိုင်ယာန်နိုင်ငံရေး တက်လာမှုကြောင့် သူ့အမြင်တွေ ပြောင်းလာရတယ်။ အသက် ၅၂မှာ ထုတ်တဲ့ 'ကူးလ်ငန်းရိုင်းများ' နောက် ငါးနှစ်အကြာမှာ ထုတ်တဲ့ 'နောက်ပိုင်းကဗျာများ'မှာ စိတ်ဆိုင်ရာ အမှန်တရားရှာဖွေမှုတွေပြလာတယ်။ နက်နဲလာတယ်။ ယိတ်စ်ဟာစိတ်အကြောင်းရှာဖွေရင်းက ငယ်စဉ်က မှော်အစွဲတွေ ပြန်ထလာပြီး သဘာဝလွန် ဝါဒဆီ ရောက်လာတော့တယ်။ နတ်မေးလိုမေး၊ ဖန်လုံး ကြည့်လိုကြည့်၊ ဝိညာဉ်ခေါ် လို့ခေါ်၊ သူ့ကို စောင့်တဲ့နတ်ရှိပြီ ပြောလိုပြောဖြစ်လာတယ်။ ဒီလို ဝိညာဉ်ရှာပုံတော်လုပ်ရင်း ဂျော်ဂျီဟိုဒ်လီးဇ်ဆိုတဲ့ အမျိုးသမီးကိုတွေ့တယ်။ ၆နှစ်လောက် မိတ်ဆွေဖြစ်ပြီးတဲ့ နောက် လက်ထပ်လိုက်ကြတယ်။ မိန်းမကလည်း သူ့လို ခပ်ကြောင်ကြောင်ပဲ။ နှစ်ယောက်ပေါင်းပြီးထုတ်တဲ့ 'အဗစ်ရှင်း'ဆိုတာ သူ့မိန်းမက နတ်ပူးသလိုဖြစ်ပြီး သူမြင်ရတာတွေလျှောက်ပြော၊ သူက လိုက်ရေးထားတာလို့ဆိုတယ်။ ဘယ်သူမှ နားမလည်ဘူး။ နောင် ၁၂နှစ်အကြာ ယိစ် ၇၂နှစ်မှာ ပြန်ရိုက်တော့ မှတ်စုတွေ ထည့်ပေးတယ်။

'အဗစ်ရှင်း' မထွက်ခင်ကပဲ ယိတ်စ်ဟာ လေးစားခံနေရပါပြီ။ ဆီနိတ္တာကလည်း ၆နှစ်ဖြစ်လိုက်သေးတယ်။ ၁၉၂၃မှာ စာပေနိုဘဲလ်ဆုရတယ်။ ငယ်စဉ်က နတ်သမီး တိုင်းပြည်တွေ၊ နတ်တွေကိုစွန့်ပြီး တကယ့်လူတွေ၊ လက်ငင်း အတွေ့အကြုံတွေကို ရေးဖွဲ့လာပြီ။ သူ့စကားနဲ့ပြောရရင် 'သွေး၊ စိတ်ကူး၊ ဆင်ခြင်ဉာဏ်၊ ဒါတွေအတူစီးဆင်းရာ လူတစ်ခုလုံး'ပေါ့လေ။ စောစောပိုင်းက ကဗျာတွေကို နောက်ပိုင်းမှာ ပြန်ရေးလေ့ရှိတယ်။ နိုင်ငံရေးအမြင်ကိုလည်း ပြန်ပြင်တယ်။ တော်လှန်ရေးစိတ်ဓာတ်ကို မယုံတော့ဘူး။ လူ့အဖွဲ့အစည်း ကောင်းစားရေး လှုပ်ရှားမှုကို လန့်လာတယ်။ လူချမ်းသာတွေနဲ့ပေါင်း၊ မင်းစိုးရာဇာ အုပ်စိုးမှုကို တောင့်တလာတယ်။ သူ့အလျင်က ဦးဆောင်တိုက်ပွဲဝင်ပေးခဲ့တဲ့ သာမန်လူသားထုကို

မယုံကြည်တော့ဘဲ ပဒေသရာဇ်ဆန်လာတယ်။ ဒီတော့သူ့ကိုကြည်ညိုခဲ့တဲ့ လူလတ်တန်းစားက သူ့ကိုပြန်ချလာတဲ့ခါ ဒေါ်ပွလာပြန်တယ်။ အိုင်ယာလန်ကထွက်ပြီး ဥရောပ သွားနေခဲ့ပြန်တော့လည်း လူ့လောကကြီးပျက်စီးနေတာကိုပဲ တွေ့ရပြန်တယ်။ ယိတ်စ်ဟာနောက်ဆုံးအချိန်ထိ ကဗျာရေးခဲ့သူပါပဲ။ နောက်ပိုင်းရေးတဲ့ထဲက အရေးကြီးတာကတော့ 'ဘီဇန်တီယံ'ဖြစ်ပါတယ်။

ယိတ်စ် ၁၅နှစ်သားလောက်မှာ ဖအေလုပ်သူကရောဆက်တီနဲ့ ဘလိတ်ရဲ့ စာအုပ်များပေးလို့ ဖတ်ခဲ့ရတယ်။ ကိုယ်တိုင်ကဗျာရေးလာတဲ့အခါကျတော့ ယိတ်စ်ဟာရောမန္တိက အဖြစ်နဲ့ စတင်လာခဲ့တာပါပဲ။ သူ့ကဗျာတွေမှာ ရှယ်လီဆန်တာတွေ၊ ကိစ်ဆန်တာတွေ သိပ်တွေ့ရတာပေါ့။ ၁၈၉၀ ဝန်းကျင်မှာ သူပါရီရောက်သွားတော့ မာလာမေနဲ့တွေ့ရတယ်။ ယိတ်စ်ဟာပြင်သစ်စကား မတောက်တခေါက်သာ တတ်သူဖြစ်ပေမယ့် မိတ်ဆွေအာသာဆိုင်းမန်းစ်က သင်္ကေတ ဝါဒအကြောင်း ဆွေးနွေးပြတယ်။ ဆိုင်မန်းစ်ရဲ့ မာလာမေကဗျာဘာသာပြန်တွေက သူ့စောစောပိုင်းနဲ့ နောက်ပိုင်းကဗျာ အချို့ကို ဩဇာညောင်းခဲ့တယ်လို့ သူကိုယ်တိုင်က ပြောပြဖူးတယ်။ ဒါပေမယ့်သူက သင်္ကေတဝါဒကို အိုင်ယာလန် ယူလာပြီးတဲ့နောက် အိုင်းရစ်ရှေးဟောင်းပုံပြင်စာပေတွေထဲက အကြောင်းအရာသစ်တွေနဲ့ ရောမွှေပေးတယ်။ သူ့ကဗျာထဲက နတ်မြင်းတို့၊ ကျေးငှက်တို့၊ ဂျုံစပါးတို့ စပျစ်ရည်တို့ဟာ တကယ့်အရာဝတ္ထုများ မဟုတ်ကြဘူး၊ ကဗျာဆရာရဲ့ စိတ်လှုပ်ရှားခံစားမှုကို ကိုယ်စားပြုထားတဲ့ နိမိတ်ပုံတွေဖြစ်လာတယ်။ ဒီရုပ်ပုံတွေဟာ အိုင်းရစ်စာပေက ဖောဖောသီသီရနေတယ်။ ယိတ်စ် ရင့်ကျက်လာတော့ ဒီရုပ်ပုံတွေဟာ ပိုပြီးပီပြင်လာကြတယ်။

တစ်ခါယိတ်စ်ဟာ ငယ်စဉ်အချစ်ဒဏ်ခံခဲ့စဉ်က နတ်သမီးတိုင်းပြည်တွေဆီ ထွက်ပြေးနေခဲ့သူဖြစ်ခဲ့ပေမယ့် ကြီးပြင်းလာတော့ ဒီအချစ်ဝန်ကို ပယ်ချနိုင်တဲ့အခါ ကဗျာဟာ ပိုထက်လာတယ်၊ ပို လောကဆန်လာ၊ ပို လူဆန်လာတယ်။ ဒီလူအကြောင်း၊ လက်တွေ့အကြောင်းကိုမှ နိမိတ်ပုံလှလှတွေနဲ့ ထက်သန်တဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ ဖော်ကျူးနိုင်ခဲ့တယ်။ သူ့စကားလုံးတွေဟာ ပြောင်လက်ခန့်ညားနေသမို့ ပင်လယ်ကမ်းစပ်က ဖြူရော်ရော် ကျောက်စရစ်ခဲလေးတွေက လျှို့ဝှက်တန်ဖိုးတစ်မျိုးရရှိကာ ကျောက်မျက်ရတနာ ဖြစ်လာရသလိုပါပဲလို့ ဝေဖန်ရေးဆရာတစ်ဦးက မှတ်ချက်ချဖူးတယ်။ သူ့ဘဝတတိယပိုင်း လောက်မှာ တော့ ယိတ်စ်ဟာ ကဗျာကိုလက်လွတ်စပယ်ရေးလာသလိုပဲ။ ပိုလွယ်၊ ပိုရှင်းလင်းလာတာကို တွေ့ကြရတယ်။ လောကကြီး ပျက်စီးနေပြီလို့ မြင်နေပြီဖြစ်လေတော့ ဒေါသသံ၊ အလိုမကျသံတွေလည်း လွှမ်းနေလေရဲ့။

## အင်နစ်ဖရီ ရေအိုင်ကျွန်း

ငါခုပဲထလို့သွားတော့မယ်၊ အင်နစ်ဖရီကိုသွားတော့မယ်၊
အဲဒီမှာ ရွှံ့နဲ့သစ်ခက်နဲ့ အိမ်လေးတစ်အိမ်ဆောက်မယ်၊
ပဲပင်ကိုးတန်း၊ ပျားရည်ပျားဖို့ အုံတစ်အုံလုပ်ပေးမယ်၊
ပျားသံညံတဲ့ ရိပ်မြုံမှာ တစ်ယောက်တည်းနေမယ်ကွယ်။

အဲဒီမှာငြိမ်းချမ်းမှုရမယ်၊ ငြိမ်းချမ်းမှုက ဖြည်းဖြည်းချင်း ကျဆင်းလာမယ်၊
မနက်ခင်းရဲ့ပဝါပါးကနေ ပရစ်လေးတေးသီတဲ့ထိ ကျလာမယ်လေ၊
အဲဒီမှာ သန်းခေါင်ဟာ လင်းလဲ့လဲ့၊ မွန်းတည့်က မရမ်းရောင်ဝင်းဖန့်ဖန့်
ညနေဟာလည်း လင်းနက်တောင်ပံပြည့်လျှံလို့။

ငါခုပဲ ထလို့သွားတော့မယ်၊ အမြဲပဲနေ့ရော ညပါ၊
အိုင်ရေဟာ ကမ်းစပ်မှာ ညံ့နုနုအသံနဲ့ ရိုက်ခတ်နေတာ ငါကြားနေပေ့၊
လမ်းမပေါ် ရပ်နေနေ၊ မွဲပြာပြာလမ်းဘေးမှာ ရပ်နေနေ၊
နှလုံးသားရဲ့ နက်ရှိုင်းတဲ့ အဇ္ဈတ္တမှာ ကြားနေရပေ့။

ယိတ်စ်နှစ်ဆဲ့ဥက ရေးတဲ့ကဗျာတစ်ပုဒ်ဖြစ်တယ်။ ရောဘတ်လူဝီစတီဗင်ဆန် ကြိုက်လှချည့်လို့ဆိုတယ်။ မြို့ကြီးပေါ်မှာ ဆူဆူညံညံ နေရတာကို ညီးငွေ့လာတဲ့ ကဗျာဆရာရဲ့ ထွက်ပြေးရေးဝါဒပါပဲ။ ဒီလောက် အသံဗလံတွေ ဆူညံနေတဲ့မြို့ကို စွန့်ပြီး ရေအိုင်ထဲက ကျွန်းလေးတစ်ကျွန်းမှာ တစ်ကိုယ်ရေတစ်ကာယ သွားနေမယ်။ သစ်ခက်သစ်လက်နဲ့တဲလေးတစ်တဲဆောက်၊ သီးနှံစိုက်ပျိုး၊ ပျားမွေး စသဖြင့် ဖြစ်သလိုစားသောက်နေထိုင်မယ်။ အဲဒီကျွန်းကလေးမှာဖြင့် ငြိမ်းငြိမ်းချမ်းချမ်း နေရမယ်။ မနက် ('မနက်ခင်းရဲ့ ပုဝါပါး' = နှင်းမြူ) ကနေ ညနေ ('ပရစ်လေး တေးသီ' တဲ့အချိန်) ထိ ငြိမ်းချမ်းမှုဟာ မိုးပေါ်က ကျသလို ကျဆင်းလာမယ်။ ညဆိုလည်း မမှောင်လွန်းဘူး၊ ကြယ်ရောင်တွေနဲ့လင်းလင်းလက်လက်ပဲရှိမယ်။ နေ့ဆိုလည်း မလင်းလွန်းဘူး၊ မရမ်းရောင် နီပြာပြာလေးပဲလင်းတယ်။ ညနေမှာလင်းနက် ငှက်ကလေးတွေက ဟိုဒီလူးလာပျံသန်းနေကြမယ်။ ဒါကဗျာဆရာရဲ့ စိတ်ကူးယဉ် ကျွန်းသာယာဖွဲ့ပါ။ သူ ဒီကျွန်းလေးဆီ ပြေးချင်လှပြီ။ ကျွန်းလေးရှိရာ ရေအိုင်က ကမ်းစပ်မှာ လှိုင်းဘောင်ဘင်ခတ်သံကို ခုပဲ သူ့အသည်းနှလုံးထဲမှာ ကြားနေရပေ့တဲ့။ လမ်းပေါ်မှာ ရပ်ရင်းများတောင် ကြားနေရပေ့တဲ့။ ဆိုလိုတာက လမ်းမကြီးပေါ်မှာ

**ထင်းရှူးပင်ရိပ်**

ကားတွေ ယာဉ်တွေ ဥဒဟိုရှုပ်ယှက်ခတ် သွားနေကြသံ ကြားရလေ- မြို့ဘဝကို စွန့်ချင်လေလို့ ပြောတာပါပဲ။

ဒီကဗျာလေးကိုဖတ်ပြီး သူ ၆၀ကျော် ရင့်ကျက်လာတဲ့အချိန်ရေးတဲ့ အောက်စာမျက်နှာက ကဗျာနဲ့ ယှဉ်ကြည့်ပါဘိ။

❖

**ကျောင်းက ကလေးများကြားမှာ**

(၁)

စာသင်ခန်းမရှည်ကြီးထဲ ငါလမ်းလျှောက်ရင်း မေးမြန်းလာတယ်၊
ဦးဆောင်းအဖြူနဲ့ ကြင်နာတတ်တဲ့ သီလရင်အိုတစ်ဦးကဖြေတယ်၊
ကလေးတွေ ဂဏန်းတွက်၊ တေးဆိုသင်နေကြ
ဖတ်စာအုပ်တွေနဲ့ ရာဇဝင်လေ့လာမှု
အဖြတ်၊ အချုပ်၊ အကောင်းဆုံးခေတ်ပေါ်နည်းနဲ့
အရာရာသေသပ်မှု (သင်နေကြတယ်)-ကလေးတွေရဲ့ မျက်လုံးများဟာ
တဒင်္ဂအံ့သြမှုနဲ့ ငေးကြည့်လိုက်ကြတယ်-
ခြောက်ဆယ်ရွယ် ပြုံးပြုံးနဲ့ လူမှုရေးပုဂ္ဂိုလ်တစ်ဦး၊

(၂)

လီဒါအန် ကိုယ်တစ်ခုကို ငါအိပ်မက်လိုက်တယ်၊ ကျဆဲ
မီးပေါ်မှာ ငုံ့လို့ပဲ၊ သူပြောပြတဲ့ ကလေးဘဝရက်တစ်ရက်ဟာ
ခက်ထန်ထန်ပြစ်တင်မှု ဝါ အသေးအဖွဲဖြစ်ရပ်တစ်ခုကြောင့်
အဆွေးဇာတ် ပြောင်းသွားခဲ့ရကြောင်း ပုံတစ်ပုံကို (အိပ်မက်လိုက်တယ်)၊
ပြောပြတယ်၊ ဒီတော့ ငါတို့သဘာဝနှစ်ခုဟာဖြင့် ငယ်ရွယ်သူစာနာမှုကနေ
စက်ဝန်းတစ်ခုအဖြစ် နှောမိကြပြီထင်မိကြတယ်
ဒါမှမဟုတ်ရင်လည်း ပလာတုန်းရဲ့ ဥပမာတစ်ခုကို ပြောင်းပစ်ရရင်
အခွံတစ်ခုရဲ့ အနှစ်နဲ့ အကာအဖြစ် (နှောမိကြပြီ) ပေါ့လေ၊

(၃)

အဲ့ဒီကြေကွဲမှု ဝါ ဒေါသဖြစ်ရမှုအကြောင်း တွေးမိရင်း
ဒီက ကလေးတစ်ယောက်မဟုတ် တစ်ယောက်ကို ငါကြည့်မိကာ၊
သူကော ဒီအရွယ်က ဒီလိုနေခဲ့လေမလား
(ငန်းရဲ့သမီးများတောင် ရေစပ်သလားသူတိုင်းရဲ့
အမွေအနှစ်တစ်ခုခုကို ဝေမျှနိုင်စွမ်းတာပဲလေ။)
ပါးတို့ ဆံပင်တို့မှာ ဒီအရောင်အသွေးရှိခဲ့လေမလား စဉ်းစားမိတယ်။
အဲဒီတွင် ငါ့နှလုံးသားဟာ ရှိုင်းရမ်းသွားတော့တယ်၊
သူဟာ ငါ့ရှေ့မှာ သက်ရှိကလေးတစ်ဦးလို ရပ်လာလေပေါ့။

(၄)

သူ့ပစ္စက္ခရုပ်ပုံ စိတ်ထဲ မျောဝင်လာတယ်-
ကွထရိုဆင်တို့ လက်ချောင်းက ထုလုပ်ခဲ့ရော့လား
ပါးချိုင့်နေလိုက်တာက လေကိုသောက်ပြီး
အရိပ်တစ်ပွေ့ကို အသားအဖြစ် စားခဲ့ရသလိုပဲ။
ငါကကော ဘယ်တုန်းကမှ လီဒါအန်အမျိုးအစားမဟုတ်ပေမယ့်
လှပတဲ့ အမွေးအတောင် တစ်ခါက ရှိခဲ့ပေရဲ့ - တော်ပါတော့
အဲဒီအပြုံးအားလုံးအပေါ် ပြုံးလိုက်တာ၊ သက်တောင့်သက်သာ
စာခြောက်ရုပ်မျိုးတစ်ခုပါပဲလို့ ပြလိုက်တာကောင်းပါတယ်လေ။

(၅)

အဘယ်နုပျို့တဲ့ မိခင်ဟာ သူ့ရင်ခွင်ထက်မှာ သဏ္ဌာန်တစ်ခုကို
လူသားဆက် ပျားရည်က ဖော်ထုတ်ပေးခဲ့ရာ၊
ဒါကလည်း သတိရခြင်း ဆေးဝါးကဆုံးဖြတ်သလို
အိပ်ရမယ်၊ အော်ငိုရမယ်၊ လွတ်မြောက်ဖို့ ရုန်းကန်ရမယ်ဆိုတော့

ထင်းရှူးပင်ရိပ်
ခေါင်းပေါ်မှာ ဆောင်းရတုခြောက်ဆယ် သာသာလောက်နဲ့
ဒီသဏ္ဌာန်ကိုသာ မြင်ရရင်၊ သူ့သားဟာဖြင့်
သူ့မွေးဖွားရခြင်းဒဏ်အတွက် သူ့ခရီးထွက်လာမှုရဲ့
မရေရာခြင်းအတွက် ဖြေသိမ့်ရာလို့ ယူဆပါ့မလဲ။

(၆)

ပလာတုန်းက သဘာဝတရားကို အရာဝတ္ထုများရဲ့
တစ္ဆေဆန်ဆန်ပုံစံပေါ် ဆော့ကစားတဲ့ ရေမြှုပ်တစ်ခု ထင်ခဲ့တယ်။
စစ်သားကြီးအရစ္စတော်တလ်က ဘုရင်တကာ့ဘုရင်ရဲ့
အောက်ခြေပေါ်မှာ ပေသီးပစ် ကစားခဲ့တယ်။
ကမ္ဘာကျော်ရွှေပေါင်နဲ့ ပိုက်သင်္ဂါရပ်စ်က
တယောတံ ဝါ ကြိုးများပေါ်မှာ ကြယ်ကလေးက တေးသီ၊
မြူဆနတ်များ ကြားခဲ့သဟာကို လက်ချောင်း(နဲ့တို့ကစား)ခဲ့တယ်။
ငှက်ခြောက်စရာ တုတ်အိုများပေါ်က အဝတ်အိုများသာ။

(၇)

သီလရင်များရော မိခင်များပါ ရုပ်ပုံများကို ရှိခိုးကြတယ်။
ဒါပေမယ့် ဖယောင်းတိုင်များလင်းပြတဲ့ ရုပ်ပုံများက မိခင်ရဲ့
စိတ်ကူးတို့ကို အသက်ဝင်စေတဲ့ ရုပ်ပုံများလိုတော့မဟုတ်ဘူး။
ကျောက် ဝါ ကြေးဝါတစ်စကို နားနေစေရာမျှသာ။
ဒါပေမယ့် သူတို့ကလည်း နှလုံးသားများကို ခွဲကြရဲ့-အို ဆန္ဒစိတ်၊
ကြည်ညိုစိတ်၊ ဝါ မေတ္တာစိတ်က သိတဲ့၊ ကောင်းကင့်
ကျက်သရေအားလုံးကို သင်္ကေတပြုနေတဲ့ ဘာဝတော်တို့။
အို လူသားရဲ့ကြိုးပမ်းမှုကို သရော်တဲ့ အလိုလိုမွေးသူတို့။

(၈)

ဝိညာဉ်ကို ပျော်ရွှင်စေကြောင်း ခန္ဓာကိုယ်ဒဏ်ရာမရရာ၊
မိမိအားလျော့မှုထဲကနေ အလှမမွေးဖွားရာ၊
မျက်လုံးနီလန် ပညာဉာဏ်ကို သန်းခေါင်ဆီမီးမှ(မမွေးဖွားရာ)မှာ
လုပ်အား ပွင့်ဝေနေတယ်၊ ကခုန်နေတယ်။
အို ကြီးမား အမြစ်တွယ်တဲ့ အပွင့်ဝေသူသစ်အယ်ပင်ငဲ့၊
သင်ဟာ အရွက်လား၊ အပွင့်လား၊ ပင်စည်လား၊
အို ဂီတအလိုက် ယိမ်းထိုးနေတဲ့ ကိုယ်ခန္ဓာ၊ အို တောက်ပတဲ့ အကြည့်ငဲ့၊
ကသူကိုအကမှ ခွဲခြားပြီး၊ ငါတို့ဘယ်လိုလုပ် သိနိုင်စွမ်းရပ်ါမလဲ။

သူ့ကဗျာထဲမှာ ပါတဲ့အတိုင်း ယိတ်စ်ဟာ အသက် '၆၀ရွယ် လူမှုရေး ပုဂ္ဂိုလ်တစ်ဦး'ဖြစ်နေပါပြီ။ တစ်နေ့တော့ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအနေနဲ့ သီလရင်များ ဖွင့်လှစ်တဲ့ ကျောင်းတစ်ကျောင်းကို သွားရောက်စစ်ဆေးရတယ်။ အဲဒီမှာ ကလေး မလေးတွေကိုမြင်တော့ တစ်ချိန်က သူ နုပျိုစဉ်က ချစ်ခဲ့ရဖူးတဲ့ အမျိုးသမီးတစ်ဦး (မော့ဂွန်းပေါ့)ကို သတိရမိတယ်။ သူလည်း ငယ်စဉ်က ဒီလိုကလေးမလေးတစ်ဦးလို နေမှာပဲလို့ တွေးကြည့်မိတယ်။ သူတို့ချစ်ကြသခိုက်က အမျိုးသမီးက သူ့ကလေး ဘဝကို ပြောပြဖူးတယ်။ သူငယ်စဉ် 'ကလေးဘဝ ရက်တစ်ရက်'ကို 'ခက်ထန်ထန် ဖြစ်တင်မှု ဝါ အသေးအဖွဲ့ဖြစ်ရပ်တစ်ခု'ကြောင့် ကြေကွဲဖွယ် ဖြစ်ခဲ့ရပုံဆိုတာကို သွား ကြားယောင်မိတယ်။ ဒီလိုချစ်ခဲ့စဉ်ကအကြောင်း စဉ်းစားရင်း အမျိုးသမီး နုပျိုစဉ်အလှအပကို မြင်ယောင်မိပြန်တယ်။ အမျိုးသမီးရဲ့ အလှ အပကို တွေးမိရင်း က သူ့ကိုယ်သူ ပြန်ကြည့်မိပြန်တယ်။ အသက် ၆၀ရွယ် 'သက်တောင့်သက်သာ စာခြောက်ရုပ်မျိုး တစ်ခုပါပဲ'လို့ သူ့ကိုယ်သူ မှတ်ချက်ချလိုက်တယ်။ သူ့အမေသာ သူ့ခုပုံပန်းကို မြင်ရလျှင် မွေးရကျိုးနပ်နေလေရဲ့လို့ ယူဆမှာ မဟုတ်ဘူးတဲ့။ ခုလိုသူများအကြောင်း၊ ကိုယ့်အကြောင်းတွေ စဉ်းစားမိရင်း ဒဿနဆိုတာတွေရဲ့ မရေမရာ နိုင်လှပုံကို သရော်မိတယ်။ တကယ်ကတော့ ဒီဒဿနတွေဟာ'ငှက်ခြောက် စရာတုတ်အိုများပေါ်က အဝတ်အိုများ' ချည့်ပါပဲ။ အလှအပဆို တာ ခန္ဓာကိုယ်နဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်ရတာ ဖြစ်လေတော့ ခန္ဓာကိုယ်နဲ့အတူ ရင့်ရော် ဆွေးမြေ့ရ တာပဲ။ သီလရင်တွေ ကိုးကွယ်တဲ့ လောကုတ္တရာအလှ ဆိုတာတောင် သူတို့ကိုးကွယ်

ရာ ရုပ်တုများနဲ့ ခွဲခြားမရဘူးမဟုတ်လား။ ဒါ ဒီကဗျာရဲ့ အကျဉ်းချုပ်ဆိုလိုရင်း သဘောပါပဲ။ သီလရင်ကျောင်းက တကယ့်ရှုခင်း၊ ဒီရှုခင်း ကြောင့် မိမိစိတ်ထဲမှာ ဖြစ်ပေါ်လာရတဲ့ ခံစားရမှုများ၊ ဒီခံစားရမှုများကတဆင့် ပေါ်ပေါက်လာရတဲ့ တွေးခေါ်ဆင်ခြင်မှုများ။ ဒါတွေကို တစ်ခုနဲ့တစ်ခု ဆက်နွယ် ယက်ဖောက် ဖော်ကျူးထားတယ်။ ဒါပေမဲ့ တစ်ခုနဲ့တစ်ခုဟာ ရောမသွားဘဲ တစ်ကန့်စီ တစ်ကန့်စီ ရှိနေစေတယ်။ ရုပ်ထွေးလေးနက်တဲ့အကြောင်းအရာတစ်ခုကို အလွန်အားကောင်း ခိုင်ခံ့စွာ ကိုင်တွယ်လိုက်ခြင်းဖြစ်သော်လည်း ရှုပ်ထွေးမသွားစေဘူး။ သိမြင်တာတွေ၊ စိတ်ကူးယဉ်တာတွေ၊ ခံစားမှုတွေ၊ တွေးခေါ်တာတွေကို ကဗျာဆရာရဲ့စိတ်ထဲမှာ ပေါ်လာတဲ့အတိုင်း သူ့နေရာနဲ့သူ တစ်ကန့်စီ တစ်ကန့်စီ မှတ်တမ်း တင်သွားတယ်။ 'သူ့ဘဝ အတွေ့အကြုံတစ်ခုကို ထက်ထက်မြက်မြက်နဲ့ အမိအရ ဖမ်းပြီးထာဝရ တည်တံ့အောင် မြင့်မြတ်တာရော၊ ချို့ငဲ့တာကိုပါ ရှုပ်ထွေးနက်နဲတာရော တကယ့်တကယ်သရုပ်ပါ၊ ကိုယ်တွေ့ထိတွေ့ရတာရော တရားအကြောင်း ဆင်ခြင်မှုပါ ပါဝင်အောင် ဖော်ကျူးထားခြင်း'ပါပဲ။

ကဗျာအပိုဒ် တစ်ခုစီကိုဒီလို နားလည်းပါ . . . ။

(၁) ယိတ်စ် သီလရင်ကျောင်း ရောက်သွားတယ်။ သီလရင်အိုကြီးတစ်ဦးက လိုက်ပြရင်း မေးသမျှ ဖြေသွားတယ်။ ကလေးတွေ စာသင်နေကြ၊ အချုပ်အလုပ် သင်နေကြတယ်။ ကလေးတွေက သူ့ကိုဘယ်လိုပုဂ္ဂိုလ်ကြီးလဲလို့ လှမ်းကြည့်နေကြတယ်။

(၂) သူချစ်သူက ငယ်စဉ်က အတွေ့အကြုံတစ်ခုကို ပြောပြတာကို ယိတ်စ် သတိရမိတယ်။ အဲဒီတုန်းက သူတို့နှစ်ဦးသဘောချင်းတိုက်ဆိုင်ကြပြီး နှစ်ကိုယ့်တစ်စိတ် ဖြစ်ကြပြီလို့ ထင်ရချိန်ပေါ့။

(၃) ဒီလို စဉ်းစားရင်း ကလေးတစ်ယောက်ကို လှမ်းကြည့်ကာ သူ့ချစ်သူကော ငယ်ငယ်က ဒီလိုကလေးလေး ဖြစ်နေခဲ့ရမှာပဲ။ ဒီလို ပါးမို့မို့လေး၊ ဒီလို ဆံပင်လေးတွေနဲ့ရှိခဲ့မှာပဲလို့ စိတ်ကူးကြည့်မိတယ်။ စိတ်လှုပ်ရှားသွားတယ်။ ချစ်သူငယ်စဉ် ကလေးရုပ်ဟာ သူ့ရှေ့မှာ လာရပ်လာသလို မြင်ယောင်မိတယ်။

(၄) သူချစ်သူရဲ့ နုပျိုစဉ် ရုပ်ပုံကို မြင်မိပြန်တယ်။ တစ်ခါ သူကိုယ်တိုင်ရဲ့ ငယ်စဉ် ရုပ်ပုံကို စဉ်းစားမိပြန်တယ်။ ပြီးမှ ဒါတွေထားလိုက်ပါတော့ဆိုပြီး အခုအိုရင့်တဲ့ အချိန် သူ့ကိုယ်သူပဲ ကြည့်လိုက်တော့ 'သက်တောင့်သက်သာ စာခြောက်

ရုပ်မျိုး’ တစ်ခုမျှ ဖြစ်နေတာ တွေ့ရတယ်။

(၅) သူ့မိခင် ငယ်နုစဉ်ကသာ သူ တပင်တပန်း မွေးလိုက်တဲ့‘သူ့ရင်ခွင်ထက်က သဏ္ဍာန်’ ဟာ ဟောဒီအနှစ်ခြောက်ဆယ်ရွယ် သဏ္ဍာန်ကြီးပါပဲလို့ သိမြင်ရလျှင် သူ့သားဟာ မွေးရဖွားရတဲ့ ဒုက္ခတွေအတွက် ဖြေသိမ့်ရာလို့ ယူဆမယ် မဟုတ်ပေဘူး။

(၆) ပလာတုန်း၊ အရစ္စတော်တယ်၊ ပိုက်သဂေါရပ်စ်စတဲ့ ဒဿနဆရာကြီးတွေက ဒဿနတွေ အမျိုးမျိုးထုတ်ဖော်သွားခဲ့ကြတယ်။ တကယ်တော့ သူတို့ဒဿနတွေဟာ ‘ငှက်ခြောက်စရာ တုတ်အိုများပေါ်က အဝတ်အိုများသာ’ ပါ။

(၇) သီလရင်တွေက ကျောက်ရုပ်၊ ကြေးရုပ်တို့ကို ကိုးကွယ်ကြတယ်။ မိခင်များက သားငယ်တို့ကို ကိုးကွယ်ကြတယ်။ အားလုံးဟာ စိတ်ဆင်းရဲ ဖြစ်ပေါ်စေတာချည့်ပါပဲ။ မတည်တံ့တဲ့အတွက် လွမ်းရ ဆွေးရ ပူပင်ရ ဖြစ်စေတာချည့်ပါပဲ။

(၈) ဝိညာဉ်က ပျော်ရွှင်ဖို့ရာ ကိုယ်ခန္ဓာမှာ နာကျင်ရတယ်။ စိတ်ပျက်အားလျော့မှုထဲက အလှအပကို ဖော်ထုတ်ရတယ်။ သန်းခေါင်သန္ဓဲ စာကြည့်လို့ မျက်စပ်ကွေ ကြိမ်းနေအောင်ပညာကို ရှာယူရတယ်။ စိတ်နဲ့ရုပ် ခွဲလို့မရဘူး။ အလှအပနဲ့ ခန္ဓာကိုယ် ခွဲခြားလို့ မရဘူး။ အပွင့်ဝေနေတဲ့ သစ်အယ်ပင်ဆိုတာ အရွက်လား၊ ပင်စည်လား ခွဲမပြနိုင်ဘူး။ ကသူ(ရုပ်)နဲ့ အက(အလှအပ)ခွဲလို့ မရဘူး။ အဲဒီတော့ရုပ်ဆွေးမြေ့ပျက်စီးသလို အလှအပဆိုတဲ့ တရားလည်း ပျက်စီးရတာပါပဲ။

■

## အဲလီယတ်

တောမတ်စ်စတန်းစ် အဲလီယတ် (၁၈၈၈-၁၉၆၅)ကို တချို့ကလည်း အမေရိကန် ကဗျာဆရာ စာရင်းထဲမှာ ထည့်တယ်။ တချို့ကလည်း အင်္ဂလိပ် ကဗျာ ဆရာစာရင်း ထဲထည့်သွင်းတယ်။ တကယ်က သူဟာ အမေရိကန်မွေး အမေရိကန်လူမျိုး ဖြစ်ပြီး အင်္ဂလန်မှာလာနေ၊ ဗြိတိသျှ အမျိုးသားခံယူသွားသူပါ။ မွေးတာက အမေ ရိကန် ပြည် မစ်ဆိုရီနယ်၊ စိန့်လူဝီမှာ ဖြစ်တယ်။ ညူးအင်္ဂလန်က ပြူရိတန်မိသားစု တစ်ခုမှာ သားသမီး ၆ယောက်အနက် အထွေးဆုံးသားပါပဲ။ ၁၈နှစ်သားမှာ ဟားဗတ် တက္ကသိုလ်ရောက်ရပြီး၊ ၂၁နှစ်သားမှာ အေဘီ၊ နောက်မှာ အေအမ်ဘွဲ့များ ရခဲ့တယ်။ ဆက်တိုက်ပဲ (၁၉၁၀ နဲ့ ၁၉၁၁)ပြင်သစ်ပြည် ဆော်ဘွန်တက္ကသိုလ်သွား၊ ဒဿနနဲ့ ပြင်သစ်စာပေ သင်ပြန်တယ်။ တစ်ခါ အမေရိကန် ပြန်လာပြီး ယုတ္တိဗေဒ၊ အဘိရူပဗေဒ၊ စိတ်ပညာနဲ့ သသ်ကရိုက် ဘာသာတို့ကို သုံးနှစ်သင်ပြန်တယ်။ ၁၉၁၄ စစ်ကြီးမဖြစ်ခင်မှာ ဂျာမနီ ရောက်နေခဲ့တယ်။ နောက်နှစ်မှာ အင်္ဂလန် ရောက်လာပြီး အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ ခေါမဒဿနသင်တယ်။ အင်္ဂလိပ်စာ ပြဆရာလုပ်နေ ခဲ့တယ်။ စာသင်တာကို ဝါသနာမပါဘူး။ ဒါပေမယ့် သည်းခံလုပ်နေခဲ့တယ်။ လေးနှစ် ဆရာသက်ရချိန်မှာ ဘဏ်စာရေးအလုပ်ရတယ်။ ရှစ်နှစ်ကြာပြန်တော့ ဖေဗာ ဖေဗာ စာအုပ်ထုတ် ကုမ္ပဏီမှာ အလုပ်ရတယ်။ နောင် ပါတနာ တစ်ဦးဖြစ် လာခဲ့တယ်။ အသက်၄၀မှာ ဗြိတိသျှ နိုင်ငံသားအဖြစ် ခံယူလိုက်တယ်။ အသက်၂၇နှစ် အရွယ်

ကတည်းက ဗီဗယန်ဟေးဆိုသူနဲ့ လက်ထပ်ခဲ့တယ်။ ၁၉၄၇ မှာ ဇနီးသေ သွားတဲ့အခါ ဆယ်နှစ်မုဆိုးဖိုလုပ်နေခဲ့သေးရဲ့။ ဆယ်နှစ်ရှိတော့ သူ့ အတွင်းရေးမှူးကို လက်ထပ်ယူလိုက်တော့တယ်။

အဲလိယတ်ဟာ အသက် ၁၉နှစ်က သမားရိုးကျ အင်္ဂလိပ်ပုံစံအတိုင်း လီရိက ကဗျာတွေ ရေးနေခဲ့တယ်။ ဟားဗတ်က ဘွဲ့မရခင်မှာပဲ ပြင်သစ် သင်္ကေတဝါဒီတွေကို သွားတွေ့တယ်။ ဗာလေရီ၊ လာဖော့ဂ်၊ ကော်ဘီယေးတို့ဟာ သူ့ကို အများကြီး ဩဇာညောင်းကြသပေါ့။ ဒီလိုနဲ့ စမ်းသပ်ရင်းက အသက် ၂၃နှစ်မှာ 'မစ္စတာ ပရူဖရော့က်ရဲ့ အချစ်သီချင်း'ကို ရေးခဲ့တယ်။ ပါရီမှာ တချို့တစ်ဝက်၊ မြူးနစ်မှာ တချို့တစ်ဝက် ရေးခဲ့တာပါပဲ။ ၁၉၁၇မှာ 'ပရူဖရောက့်နဲ့အခြား လေ့လာချက်များ'ကို ထုတ်ခဲ့တယ်။ အခြားကဗျာဆိုတာတွေကလည်း 'အချစ်သီချင်း' ပုံစံမျိုး ချည့်ပါပဲ။ အဲလိယတ်ဟာ အရုပ်ဆိုးတာ၊ စက်ဆုပ်စရာတွေချည်း မြင်တတ်တာပဲလို့ ဝေဖန်ကြတယ်။ သူက 'ကဗျာဆရာမှာ အရေးကြီးတဲ့ အခွင့်သာမှုက လှပတဲ့ လောကကိုသာ ကိုင်တွယ်စရာ ရှိတာမဟုတ်ဘူး။ အလှအပရော၊ အရုပ်ဆိုးတာရောရဲ့ အောက်ကို မြင်နိုင်စွမ်းရမယ်။ ငြီးငွေ့စရာရော၊ ကြောက်လန့်စရာရော၊ လှပတာရော၊ မြင်နိုင်ရမယ်'လို့ ပြန်ဖြေလိုက်တယ်။ ဒီအမြင်အတိုင်းပဲ သူ့အသက် ၃၄မှာ 'ကန္တာရ' ထွက်လာပါတယ်။ အဲဒီနောက်ထုတ်တဲ့ 'အနှစ်မဲ့လူများ'က ပိုဆိုး သေးတယ်။ ဒါပေမဲ့ ပိုနက်နဲလာတယ်။ 'မာဂုတို့ရဲ့ ခရီး'၊ 'ဆီမယန်အတွက် သီချင်း'၊ 'ပြာ ဗုဒ္ဓဟူးနေ့' (ခရစ်ယန်ဝါလ ပထမရက်)တို့မှာ စိတ်ဝိညာဉ်ရဲ့ တိုးတက်မှုကို ဖော်ကျူးလာတယ်။ ဘာသာရေးလည်း ဆန်တယ်။ အဲလိယတ်ဟာ ပြဇာတ်တွေ၊ ဝေဖန်ရေး ဆောင်းပါးတွေလည်းရေးသေးတယ်။ အသက် ၆၀မှာ စာပေနိုဘဲလ်ဆု ချီးမြှင့်ခံရတယ်။ ၇၀မှာ အဆွေးနွေးခံရဆုံး ချီးကျူးခံရဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်နေပါပြီ။

အဲလိယတ်ဟာ သမားရိုးကျ ရေနည်းအတိုင်း ရေးရာက ပြင်သစ်ကဗျာဆရာတွေကိုတွေ့ရာမှာ ပြောင်းလဲလာသူဖြစ်တယ်။ စောစောပိုင်းက သူ့ကဗျာတွေမှာဆိုလျှင် လာဖော့ဂ်ဆီကအပိုင်းအစတွေ ဒီတိုင်းပါနေတာ ဘို့ဒလယ်ဆန်နေတာ အများအပြားတွေ့ကြရတယ်။ အင်္ဂလန်မှာ အက်ဇရာပေါင်းနဲ့ ဆုံမိကြတဲ့အခါ ကဗျာအကြောင်း စာအကြောင်း ဆွေးနွေးကြပြန်တယ်။ ပြင်သစ်ကဗျာဆရာများ၊ ဒန္တေ၊ စိတ္တဇကဗျာဆရာများ၊ နှောင်းခေတ် အီလိဇဘက်သန် ကဗျာဆရာများအကြောင်းတွေ ဆွေးနွေးကြတယ်။ ခေတ်ပေါ်ကဗျာရဲ့ ဖခင်လို့ ဆိုကြတဲ့ အဲလိယတ်က ခုခေတ် ကဗျာဆရာတွေကို သွန်သင် နည်းပြခဲ့တဲ့ အချက်တခုကတော့ အခြားကဗျာဆရာ

တွေဆီက၊ အခြားဘာသာစကားများက စာတစ်ကြောင်းယူ၊ နေရာတကျ ပြောင်းလဲ နေရာတကျအဓိပ္ပာယ်ဖော်ပေး၊ မူရင်းရေးသူတောင် မမှတ်မိတော့ လောက်အောင် ဆိုင်းဘုတ် ပြောင်းတပ်ပေးတဲ့နည်းပါပဲ။ ဒီလိုလုပ်တဲ့နည်းက သာမန်အဆင်းတန်ဆာအတွက် သက်သက်မဟုတ်ဘူး။ အဓိပ္ပာယ်ပွဲတင်ဟပ်မှု ပေါ်လာအောင် ခံစားမှုပွဲတင်ထပ်လာအောင် လုပ်ခြင်းပဲဖြစ်တယ်။ ဒီနည်းရဲ့ အထွတ်အထိပ်ကို 'ကန္တာရ'ရဲ့ နိဂုံးပိုင်းမှာ တွေ့နိုင်ကြမယ်။ ဒီနည်းဟာ အသစ် အဆန်းတော့ မဟုတ်ဘူး။ အလျှင့်အလျှင် ကဗျာဆရာတွေ (မာလိုး၊ ရှိတ်စပီးယား၊ ဒန္တေ)လည်း သုံးခဲ့ကြပါတယ်။ အဲလီယတ်ဟာ ဒန္တေကို ကျကျနန လေ့လာတယ်။ ကဗျာရဲ့ ဂီတကို ပိုင်နိုင်တယ်။ ဒါတွေဟာဖြင့် သူ့ကဗျာနည်း နိဿရည်းရဲ့ 'လျှို့ဝှက်ချက်များ'ပါပဲ။ သူ့ကဗျာကို နားလည်ချင်လျှင်လည်း ဒီအချက်ကို နားလည်ထားရမယ်။ ဒီလိုဆိုလိုက်တဲ့အတွက် သူများဆီက စာတွေကူးပြီး စပ်ဟပ်ထားတာပဲလို့တော့ မထင်လိုက်နဲ့။ အဲလီယတ်က ဒီ'ကိုးကားချက်တွေမှာ အဓိပ္ပာယ်သစ်၊ ဂီတသစ် ပေါ်ထွက်လာအောင် အစွမ်းထက်ထက်ဖော်ကျူးထားခြင်း'ဖြစ်တယ်။

"ကဗျာဆိုတာ နားမလည်ခင်ကပဲ ပြောပြနိုင်စွမ်းတယ်' လို့ အဲလီယတ်က ဆိုဖူးတယ်။ အဲလီယတ်ဟာ ကဗျာ့ဂီတမှာ ပါရဂူတစ်ဆူပါပဲ။ သူ့ကဗျာကို ဂီတဝေါဟာရနဲ့ 'ကွာတက်' ဘာညာနဲ့ခေါ်လိုက်တာကိုက စာဖတ်သူမှာ ဂီတသံမျှော်လင့်လာလေအောင် ဖမ်းလိုက်ခြင်းတစ်ခုဖြစ်တယ်။ ဒါကိုသူက 'သောတစိတ်ကူး'လို့ခေါ်ထားတယ်။ အက္ခရာတိုင်း ရစ်သမ်တိုင်းကို ခံစားလာနိုင်စေရမယ်၊ စိတ်အသိရဲ့ အောက်ခြေကိုနိုက်ပြီး ခံစားထိသိလာစေရမယ်၊ စကားလုံးတိုင်းကို အားကောင်းလာစေရမယ်လို့ဆိုတယ်။ ဒါကြောင့်လည်း ကဗျာဆရာဟာ ရှေးရိုးစဉ်လာတွေနဲ့ ဆက်စပ်ယှက်နွယ် နေရမယ်တဲ့။ အက်ဇရာ ပေါင်းက ကဗျာဆရာဟာ 'သူ့စိတ်ထဲကို ရှာလို့ရသမျှ ကောင်းပေ့ဆိုတဲ့ အသံတွေဖြည့်ထားရမယ်။ ဆက်ဆွန် အလှအပတွေ၊ ဟီဗရိဒီ လူထုပုံပြင်တွေ ဒန္တေရဲ့ကဗျာ၊ ရှိတ်စပီယာရဲ့ လီရိက စသဖြင့်ပေါ့။ ဒါပေမယ့် ဝေါဟာရနဲ့ အသံကိုတော့ ခွဲခြားတတ်ရပေမပေါ့' လို့ ပြောဖူးတယ်။ အဲလီယတ်ဟာ ဒီသြဝါဒကို လိုက်နာသူပါပဲ။ သူ့စောစောပိုင်းက ကဗျာတွေမှာ သာမန်သုတိသာယာတာမျိုးတွေ့ကြရတယ်။ နောက်ပိုင်း ကဗျာတွေမှာကျတော့ ဆင်ဖိုနီဖြစ်လာပြီ။ အသံရယ်၊ ခံစားမှုရယ် ရောယှက်လာတဲ့ ဂီတမျိုး၊ ပဲတင်ထပ်နေတဲ့ ဂီတမျိုး၊ အဝေးက ထိုးလိုက်တဲ့ ခေါင်းလောင်းသံကိုတောင် ကြားလိုက်ရတဲ့ ဂီတမျိုးဖြစ်လာပြီ။

အကြောင်းအရာမှာလည်း အဲလီယတ်ဟာ လာဖော့ဂ်နောက် လိုက်တာကို တွေ့ကြရတယ်။ ပို အားကောင်းလာတာတစ်ခုပဲ။ ဖလောဘတ်ကလည်း ဒီအမြင်မျိုး ရှိတာပါပဲ။ အဲဒါကတော့ ခုခေတ်ဟာ ရှေးခေတ်ထက်နိမ့်ကျတယ်ဆိုတဲ့ အမြင် ဖြစ်ပါတယ်။ လောကကြီး ပျက်စီးနေပြီ လူ့ဘဝဟာ မမြင့်မြတ်တော့ဘူး။ ယုတ်ညံ့ နေတယ် စတဲ့အမြင်မျိုးပေါ့။ သူ့ကဗျာတွေမှာ ဒီသဘောတွေတွေ့ရမယ်။ ဘဝကို လည်း ကြောက်လန့်နေတယ်။ ယုတ်ညံ့တာကိုလည်း ထိတ်လန့်နေတယ်။ ယဉ်ကျေး မှုဆိုပြီး ဟန်ဆောင်ကြတာတွေကိုလည်း ဒေါပွမိတယ်။ ဒါတွေကို သူ့ကဗျာတွေမှာ သရော်တယ်။ သူ့'ကန္တာရ'ဟာ ညှုးအင်္ဂလန်မှာ သူကြုံခဲ့ရတဲ့ စိတ်ဓာတ်ရေး 'ငတ်မွတ်ခေါင်ပါးမှု'ကို ဖော်ကျူးထားခြင်းဖြစ်တယ်။ ဒါပေမယ့် လန်ဒန်နဲ့တကွ ခေတ်ပေါ် မြို့ကြီးတိုင်းမှာ ဒီ'ကန္တာရ'ကို တွေ့နိုင်ပါတယ်တဲ့။ သန်းပေါင်းများစွာ သောလူတွေဟာ အနှစ်သာရမရှိတဲ့ ရုံးလုပ်ငန်းတွေ လုပ်နေရ၊ အကျိုးအမြတ်မရှိတဲ့ လုပ်ငန်းတွေမှာ မိမိတို့ဝိညာဉ်များကို မြှုပ်နှံနေရ၊ ပျော်ရွှင်မှုဆိုတာတွေကလည်း သိမ်ဖျင်းယုတ်ညံ့နဲ့၊ အထီးကျန်သွေ့ခြောက်တဲ့ဒေသတစ်ခုမျှ မဟုတ်ဘဲ၊ မင်းမဲ့ဝါဒ အုပ်စိုးရာ၊ ယုံမှားဒွိဟကြီးစိုးရာ ဖြစ်နေပါတော့တယ်။ စည်းကမ်းတို့၊ ယုံကြည်ချက်တို့ လည်း ပျက်ကုန်ပြီ။ လုပ်သမျှမှာ ယုံကြည်မှုလည်းမရှိ။ ဒါကြောင့် စိတ်လည်းမပါ၊ စေတနာလည်းမပါ။ ဒါတွေကို သူက စောစောကတင်ပြထားတဲ့နည်းတွေနဲ့စာဆို ပေစတွေ၊ သင်္ကေတတွေနဲ့ ထိမိအောင် ဖွဲ့သီပါတယ်။ သူ့အတွေးအခေါ်တွေက လှုပ်ရှားတာမြန်တယ်။ ဟိုကွေ့ ဒီကွေ့ ကူးပြောင်းပုံက ဆန်းတယ်။ ဒီတော့ သူရေးပြ ထားတာကိုဖတ်လျှင် အစီအစဉ်ဟာ ရှေ့ဆင့်နောက်ဆင့် ယုတ္တိနည်းကျနေတာမျိုး မရှိဘူး။ 'သက်ရှိ ဦးနှောက်ထဲမှာ သက်ရှိအတွေးတွေ လှုပ်ရှား'သလို ရေးချထား တာပဲတဲ့။ အဲဒီတော့ ရုတ်တရက်ဖတ်လျှင် ရှုပ်ပွေနေပြီး နားမလည်တဲ့ဘူး။

အဲလီယတ်က 'ကဗျာဆိုတာ အဆင့်အတန်းမြင့်တဲ့ ပျော်ရွှင်မှု'လို့ ဆိုခဲ့သူ ပါ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ကဗျာဟာ 'ကျင့်ဝတ်တို့၊ ဘာသာရေးတို့၊ နိုင်ငံရေး တို့နဲ့ တနည်းနည်းတော့ ဆက်စပ်နေတယ်။ ဘယ်လိုနည်းသာ မပြောတတ်တယ်' လို့ ဆိုလာပါတယ်။ အဲဒီအချိန်ကပဲ သူဟာဖြင့် 'စာပေမှာဂန္ထဝင်သမား၊ ဘာသာရေး မှာ အင်္ဂလိုကက်သလစ်၊ နိုင်ငံရေးမှာ ဘုရင်ဝါဒီ'လို့ကြွေးကြော်လိုက်တယ်။ ဒါပေမယ့် သူ့အယူအဆတွေကို သိပ်မဖော်ထုတ်လှပါဘူး။ ဒီထက်နောက်ပိုင်းကျတဲ့အခါမှာ တော့ ပိုဖောက်ပြန်လာတယ်။ ဘာသာရေးစကားတွေ ဘာတွေပြောလာတယ်။ တယ်လည်းမကောင်းလှတော့ဘူး။ အဲဒီထဲက အကောင်းဆုံးကတော့ 'ပြာဗုဒ္ဓ

ဟူးနေ့ဖြစ်မှာပါပဲ။ သူရဲ့ အခြားကဗျာတွေမှာတွေ့ရမြဲ အရည်အချင်းတွေ အကုန်တွေ့ရတယ်။ စကားလုံးလေးတွေ သူ့နေရာနဲ့သူရှိပြီး အပိုမရှိတဲ့အထားအသိုရယ်၊ သဘာဝကျကျနဲ့ ထိမိတဲ့အသံစနစ်ရယ်၊ စိတ်ဝိညာဉ်ရဲ့အားနည်းမှု၊ အားကောင်းမှုတို့ကို ဖော်ကျူးပြရာမှာ ရိုးသားတာရယ်စတဲ့ ဂုဏ်အင်္ဂါတွေပါပဲ။

## ၈၅။ အဲလပရဒ် ပရူပရော့က်ရဲ့ အချစ်သီချင်း

*S' io credesse che mia risposta fosse*
*A persona che mai tornasse al mondo,*
*Questa fiamma staria senza piu scosse*
*Ma periocche giammai di questo fondo*
*Non torno vivo alcun, s'i' odo il vero,*
*Senza tema d'infamia ti rispondo*

ဒါဖြင့် သွားကြစို့လေ၊ သင်နဲ့ငါ၊
ညနေကို ကောင်းကင်မှာ ဖြန့်ထားတဲ့အချိန်၊
စားပွဲပေါ်မှာ အီသာငွေ့ပေးထားတဲ့ လူနာရဲ့ ပမာပဲ့။
သွားကြစို့၊ တစ်ဝက်လူသူကင်းတဲ့ လမ်းမများ၊
ကနုကမာခွံတွေနဲ့ လွှာစာရက်စတရုန့်များ၊
တစ်ညအိပ် အပေါ်စား ဟော်တယ်များမှာ
နားနေခြင်းမဲ့ ညများကို ရေရွတ်ကုန်ဆုံးရခြင်းများ။
လျှို့ဝှက် ရည်ရွယ်ချက်ပါတဲ့
ပျင်းရိဖွယ် အချီအချစကားလို လိုက်လာပြီး
သင့်ကို ချောက်ချားဖွယ် ပြဿနာတစ်ခုဆီ ပို့ပေးကြတဲ့ လမ်းများ . . .
အို မမေးပါနဲ့ 'အဲဒါဘာလဲ'လို့
ငါတို့သွားပြီး လည်ချေရအောင်ပါ။

အခန်းထဲမှာ မိန်းမတွေ လာကြ-သွားကြနဲ့
မိုက်ကလ်အင်ဂျလိုအကြောင်း ပြောကြလို့။

ပြူတင်းမှန်များပေါ်မှာ ကျောကို ပွတ်နေတဲ့ နှင်းမြူဝါဝါ၊
ပြူတင်းမှန်များပေါ်မှာ နှုတ်သီးကို ပွတ်နေတဲ့ မီးခိုးဝါဝါက
ညနေရဲ့ ထောင့်များထဲကို သူ့လျှာရဲ့ လျက်နေတယ်
မြောင်းတွေထဲမှာ ရပ်နေတဲ့ ရေကွက်များပေါ် တုံ့ဆိုင်းနေတယ်။
မီးခိုးတိုင်များက ကျတဲ့ ကြပ်ခိုးကို သူ့ကြောပေါ်ကျစေတယ်။
မြေမြင့်က လစ်ထွက်၊ ရုတ်တရက် ခုန်လွှား၊
ပြီး နူးညံ့ညံ့အောက်တိုဘာညမှုဆိုတာ မြင်ရတော့
အိမ်နားမှာ တစ်ခါခွေပြန်ကာ အိပ်ပျော်သွားပါရော။
အမှန်ပဲ အချိန် ရောက်လာပါလိမ့်မယ်၊
ပြူတင်းမှန်များမှာ ကျောကိုပွတ်ရင်း
လမ်းတလျှောက် လျှောဆင်းသွားတဲ့ မီးခိုးဝါဝါအတွက်လေ။
အချိန်ရောက်ပါလိမ်မယ်၊ အချိန်ရောက်ပါလိမ့်မယ်
တွေ့ရတဲ့ မျက်နှာတွေကို တွေ့ဖို့ မျက်နှာကို ပြင်ဆင်ဖို့လေ။
လူသတ်ဖို့နဲ့ ဖန်ဆင်းဖို့ အချိန်ရောက်လာပါလိမ့်မယ်။
သင့် ပန်းကန်ပြားပေါ် ပြဿနာတစ်ခု မြှောက်ယူပြီး ချပစ်တဲ့
လက်များရဲ့ ရက်များနဲ့ အလုပ်အားလုံးအတွက် အချိန်လာလိမ့်မယ်။
သင့်အတွက် အချိန်၊ ငါ့အတွက်အချိန်
မပြတ်သားမှု တစ်ရာတို့အတွက်အချိန်၊
ဆင်ခြင်း၊ ပြင်ဆင်ခြင်း တစ်ရာတို့အတွက်(အချိန်)
ပေါင်မုန့်နဲ့ လက်ဖက်ရည်မစားသုံးခင်မှာပေါ့။
အခန်းထဲမှာ မိန်းမတွေလာကြ-သွားကြနဲ့
မိုက်ကယ်အင်ဂျလိုအကြောင်း ပြောကြလို့။
တကယ်ပဲ အချိန်လာပါလိမ့်မယ်၊
'ငါ ဝံ့ပါ့မလား' ပြီး 'ငါဝံ့ပါ့မလား'လို့ သိချင်မယ့်(အချိန်)

ထင်းရှူးပင်ရိပ်
နောက်ပြန်လှည့်ပြီး လှေခါကဆင်းဖို့အချိန်
ငါ့ဆံပင်အလယ်မှာ ထိပ်ပြောင်တစ်ကွက်နဲ့ပဲ။
(ပြောကြတော့မှာပဲ- 'သူ့ဆံပင်ကြဲလာနေလိုက်တာ'လို့)
ငါ့မနက်ဝတ် အကျႌ၊ ငါ့ကော်လာက မေးထိ မတ်မတ် ထောင်တက်လို့၊
ငါ့ နက်တိုင်က ခံ့ညား-တည်ကြည်ပေရဲ့၊ ဒါပေမယ့် ရိုးရိုးအပ်တစ်ချောင်း
နဲ့ပဲ ပြထားတယ်-
(ပြောကြတော့မှာပဲ 'နို့ သူ့လက်တွေ ခြေတွေက ပိန်လိုက်တာ'လို့)
ငါဝံ့ပါ့မလား
စကြာဝဠာကို လှုပ်ရှားသွားစေဖို့လေ
တစ်မိနစ်အတွင်း အချိန်ရောက်လာရဲ့
ဆုံးဖြတ်ချက်တွေ ပြင်ဆင်ချက်တွေအတွက်ပေါ့။ ဒါတွေကို တစ်မိနစ်က
ပြောင်းပြန်ဖြစ်စေမယ်။
ငါသူတို့အားလုံးကို သိပြီးပါပြီ၊ အားလုံးကို သိပြီးပါပြီ။
ညတွေ၊ မနက်တွေ ညနေတွေကို သိခဲ့ပါပြီ၊
ငါ့ဘဝကို ကော်ဖီဇွန်းများနဲ့ ချင်တွယ်ပြီးပါပြီ၊
သေဆဲကျဆုံးမှုနဲ့ သေနေတဲ့အသံများကို ငါသိတယ်။
ခပ်ဝေးဝေး အခန်းတစ်ခန်းက ဂီတသံအောက်မှာလေ။
ဒီတော့ ဘယ်လိုလုပ် ငါဝံ့စားသင့်မလဲ။
မျက်လုံးတွေကိုလည်း ငါသိပြီးပါပြီ၊ အားလုံးကို သိပြီးပါပြီ။
တွက်ချက်ချမှတ်ထားတဲ့ စကားစုတစ်စုမှာ သင့်ကိုစူးစိုက်စေတဲ့ မျက်လုံးများ
အပ်တစ်ချောင်းပေါ်မှာ စန့်လျက်သား ငါ့ကိုတွက်ချက် ချမှတ်ကြတဲ့အခါ
ငါ့ကိုအပ်နဲ့တွယ်ထားကာ နံရံပေါ်တွန့်လိမ်နေရတဲ့အခါ၊
ဘယ်လိုလုပ် ငါစတင်ပြီး

ငါ့နေ့ရက်များ -အမူအကျင့်များရဲ့ အကြွင်းပိုင်းတို့ကို တံတွေး

ထွေးထုတ်ပစ်ရမလဲ

ဘယ်လိုလုပ် ငါဝံ့စားသင့်မလဲ။

လက်တွေကိုလည်း ငါသိပြီးပါပြီ၊ အားလုံးကိုသိပြီးပါပြီ

လက်ကောက်ဝတ်လိုဖြူလို့ ဟာလာဟင်းလင်း လက်တွေ

(ဒါပေမဲ့ မီးပွင့်အရောင်မှာ ညိုပျော့ပျော့ အမွေးတွေနဲ့ အိလို့)

အဝတ်အစားတစ်ခုဆီက ရေမွှေးနံ့ပေလား

ငါ့ကို သလောက်အော်ဂလီဆန်စေတာ။

စားပွဲတစ်လျှောက် မှီထားတဲ့တဘက်ကလေးနဲ့ ခြုံလွှမ်းထားတဲ့ လက်တွေ။

ဒီတော့ ငါ ဝံ့စားသင့်ရဲ့လား။

ဘယ်လိုလုပ် ငါစတင်သင့်မလဲ။

❖❖❖

စကားမစပ်၊ နေဝင်ဆည်းဆာမှာ လမ်းကျဉ်းများက ငါဖြတ်သွားခဲ့ရာ၊

ပြူတင်းပေါက်များမှာ မှီယင်း၊ ရှပ်အင်္ကျီလက်တွေနဲ့ တစ်ကိုယ်ရေလူများရဲ့

ဆေးတံများကတက်လာတဲ့ မီးခိုးကိုကြည့်နေခဲ့မိတယ် . . .

ငါဟာငြိမ်ဆိတ်တဲ့ပင်လယ်များရဲ့ကြမ်းပြင်တစ်လျှောက် အသော့နှင်နေတဲ့

ကြမ်းထမ်းထမ်း ခြေသည်းတစ်စုံပဲ ဖြစ်ခဲ့ဖို့သင့်တယ်။

❖❖❖

ညနေကတော့၊ ညဦးကတော့ ငြိမ်းချမ်းစွာ အိပ်နေပေါ့

လက်ချောင်းရှည်ကြီးများက သပ်ပေးလို့၊

အိပ်ပျော်နေ . . . မောလျနေ. . . ဝါ အိပ်ဟန်ဆောင်နေရဲ့၊

ကြမ်းပြင်ပေါ်မှာ စန့်လို့၊ ဒီမှာ သင်နဲ့ ငါနံဘေးမှာလေး။

ငါဟာ လက်ဖက်ရည်နဲ့ မုန့်နဲ့ ရေခဲနဲ့ ပြီးတဲ့နောက်

အချိန်ကို အထွတ်အထိပ်ပိုင်း တွန်းပို့ရအောင် ခွန်အား ရှိသင့်ရဲ့လား။

ထင်းရှူးပင်ရိပ်
ဒါပေမဲ့ ငိုခဲ့-အစားရှောင်ခဲ့၊ ငိုခဲ့-ဆုတောင်းခဲ့ပေမယ့်၊
ငါ့ခေါင်း (နည်းနည်းထိပ်ပြောင်လာနေပြီ)ကို ဗျတ်တစ်ခုနဲ့ ထည့်ယူလာတာ
မြင်ခဲ့ရပေမဲ့။
ငါက ပရောဖက် မဟုတ်ပေဘူး၊ ကြီးကျယ်တဲ့ ကိစ္စမရှိဘူး၊
ငါ့ကြီးကျယ်မှုရဲ့ အချိန်ပိုင်း ငြိမ်းလုလု ဖြစ်နေတာ ငါမြင်ရပြီ၊
ထာဝရ'ခြေမြန်တော်'ကငါ့အင်္ကျီလာကိုင်ပြီး ရယ်သွမ်းသွေးတာ ငါမြင်ရပြီ.
အတိုချုပ်ရရင်တော့ ငါကြောက်ခဲ့ပေါ့။
ဒါ ထိုက်ကော ထိုက်တန်ပါ့မလား၊ နောက်ဆုံးမှာ
ခွက်တွေ၊ သစ်သီးတွေ၊ လက်ဖက်ရည်တွေ နောက်
ကြွေပန်းကန်တွေကြား၊ သင့်အကြောင်း၊ ငါ့အကြောင်း ပြောကြတဲ့ကြား
ဒါထိုက်တန်ခဲ့ပါ့မလား၊
ပြဿနာကို အပြုံးနဲ့ ကိုက်ဖြတ်ပစ်လိုက်တာ၊
စကြဝဠာကြီးကို ဘောလုံးလေး ဖြစ်သွားအောင် ညှစ်ပစ်လိုက်ပြီး
ချောက်ချားဖွယ် ပြဿနာတစ်ခုဆီ လှိမ့်ပစ်လိုက်တာ
ငါဟာ လာဇရုပဲ၊ သေရာက ထလာတာ၊
မင်းတို့ကို အကြောင်းစုံ ပြောပြဖို့ ပြန်လာတာ၊ ငါအကုန်ပြောပြမယ်'လို့
ပြောလိုက်တာလေ
တစ်ယောက်ယောက်က ခေါင်းအောက်မှာ ခေါင်းအုံးတစ်လုံး ချထားယင်း
'ဒါ ငါလုံးဝ ဆိုလိုတာ မဟုတ်ဘူး၊
မဟုတ်ပါဘူး၊ လုံးလုံးပဲ'လို့ ပြောခဲ့ရင်ဖြင့်။
ဒါထိုက်ကော ထိုက်တန်ပါ့မလား၊ နောက်ဆုံးမှာ၊

ဒါထိုက်တန်ခဲ့ပါ့မလား
နေဝင်ချိန်များ၊ တံခါးလမ်းများ၊ ရေဖျန်းထားတဲ့လမ်းများ ပြီးတဲ့နောက်
ဝတ္ထုများနောက်၊ လက်ဖက်ရည်ခွက်များနောက်၊ ကြမ်းပြင်တစ်လျှောက်

ဒါရယ်၊ နောက်ထပ်လည်း အများကြီးရယ်လေ၊
ငါဆိုလိုတာလေးကို ပြောပြဖို့ မဖြစ်နိုင်ဘူးကိုး၊
ဒါပေမဲ့ မှော်မီးအိမ်တစ်ခုက အာရုံကြောတွေကို ပိတ်ကားပေါ်မှာ
ပုံသဏ္ဌာန်တွေနဲ့ ထိုးပြလိုက်သလိုပါပဲ။
ဒါထိုက်တန်ခဲ့ပါ့မလား
တစ်ယောက်ယောက်က ခေါင်းအုံးပေါ်မှီ ဝါ တစ်ဘက်ကို ခွာလွှင့်ပစ်ရင်း
ပြူတင်းပေါက်ဘက် လှည့်တဲ့ပြီးနောက်
'ဒါ လုံးဝမဟုတ်ဘူး၊
ဒါ ငါဆိုလိုတာ မဟုတ်ဘူး၊ လုံးလုံးပဲ'လို့ ပြောခဲ့ရင်လေ။

❖❖❖

မဟုတ်ဘူး၊ ငါက ဟဲမလက် မင်းသားမဟုတ်ဘူး၊ ဟုတ်ဖို့လည်း
မရည်ရွယ်ခဲ့ဘူး။
အခစားရောက် ဝန်တစ်ဦးမျှသာ၊ တိုးတက်မှုတစ်ရပ်
ဖောင်းကြွလာစေဖို့၊ ပြကွက်တစ်ခုနှစ်ခုစတင်ဖို့ မင်းသားကို
အကြံပေးဖို့ လုပ်ဆောင်မယ့်သူ တစ်ဦးမျှသာ၊ ယုံမှားမရှိ
လွယ်လွယ်ကူကူ တန်ဆာပလာတစ်ခု
အလိုက်သိတတ်၊ အမှုထမ်းဆောင်ရတာကို ဝမ်းမြောက်တတ်၊
ယဉ်ကျေး၊ သတိရှိ၊ စေ့စပ်သေချာ၊
မြင့်မားမား ဝါကျပြည့်နက်၊ နည်းနည်းတော့ ထုံတုံတုံ
တစ်ခါတလေ၊ တကယ်ပဲ၊ ရယ်စရာကောင်းသလောက်ပဲ၊
တစ်ခါတလေလည်း လူပေါ် ဆိုရမလောက်ပဲ။
ငါ အိုလာနေပြီ . . . ငါ အိုလာနေပြီ
ဘောင်းဘီအောက်ခြေကို လိပ်တင်ပြီး ဝတ်ရတော့မယ်၊

ထင်းရှူးပင်ရိပ်

ငါ့ဆံပင်ကို နောက်ကခွဲရမလား၊ ငါမက်မုံသီး စားရဲရဲ့လား။

ဖလန်နယ် အဖြူ ဘောင်းဘီကိုဝတ်၊ ကမ်းစပ်မှာ လမ်းလျှောက်တော့မယ်။

ရေသူမတွေ သီချင်းဆိုနေကြတာ ငါကြားဖူးရဲ့

တစ်ယောက်ကိုတစ်ယောက်လေ။

သူတို့ ငါ့အတွက် တေးသီကြလိမ့်မယ်တော့ မထင်ဘူး။

လေက ရေကို အဖြူနဲ့အမဲ တိုက်ခတ်လိုက်တဲ့ခါ

နောက်ပြန်လွင့်သွားတဲ့ လှိုင်းတို့ရဲ့ ဆံဖြူကို ဖြီးသင်ပေးရင်း

သူတို့တွေ လှိုင်းများပေါ်က ပင်လယ်ဘက် ခွစီးသွားကြတာ ငါမြင်ဖူးတယ်။

ပင်လယ်ပေါင်းပင်အနီ - အညိုတွေနဲ့ ပန်းကုံးပန်ထားတဲ့

ပင်လယ် လုံမများနံဘေး

ပင်လယ်ရဲ့ ခန်းမဆောင်များထဲမှာ ငါတို့ ဖင့်နွဲ့နေခဲ့ကြရာ

နောက်ဆုံး လူသားအသံများက နှိုးလာတော့ ငါတို့နစ်မြုပ်သွားပါရော။

'ပရူးဖရောက်ရဲ့ အချစ်သီးချင်း'ဟာ အဲလီယတ်ရဲ့ ပထမဆုံး ကဗျာလည်း ဖြစ်တယ်၊ အကျော်ကြားဆုံး ကဗျာလည်းဖြစ်တယ်။ သူ့ဒီကဗျာထွက်လာတော့ အင်္ဂလိပ်စကားပြောလောကရဲ့ ကဗျာလောကဟာ တုန်လှုပ်သွားပြီး အသက်ဝင် လှုပ်ရှားလာခဲ့ရတယ်။ ကဗျာရဲ့အကြောင်းအရာကတော့ အနှစ်မဲ့ လူ့အဖွဲ့အစည်းကို နောက်ခံပြုပြီး ပျက်စီးနေကြပုံကို သရုပ်ဖော်ထားချက်ပါပဲ။ ခေတ်ပေါ် မြို့ကြီး တစ်မြို့မှာ နေထိုင်ခဲ့ရာက ရရှိခဲ့တဲ့ ရုပ်ပုံတွေနဲ့ စိတ္တဇဆန်ဆန် ရှုခင်းတွေကို ဖော်ကျူးထားပါတယ်။ ဖော်ကျူးထားပုံကလည်း အင်မတန်ကို သွယ်သွယ်ဝိုက်ဝိုက် နိုင်လှတဲ့ အဓိပ္ပာယ်ဆောင်မှုမျိုးနဲ့ ဖော်ကျူးထားခြင်းဖြစ်တယ်။ ပြင်းပြင်းထန်ထန် ထိတွေ့တဲ့ အချိန်ပိုင်းတွေကိုသာ စူးစိုက်ထားပြီး အရေးကြီးတဲ့ ရုပ်ပုံများကိုသာ သည့်ထားတယ်။ အရေးမကြီးတာတွေ အကုန်ခြွင်းချန်ထားတယ်။ ပန်းလျမောဟိုက် ဦး လောကမှာ မပျော်မမွေ့ဖြစ်နေသူ၊ ဘာကမှ စွမ်းစွမ်းတမန် မဖြစ်မြောက်နိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် ရပ်တည်ရာရှာမရ ဖြစ်နေသူ၊ အနုပညာ ဝါသနာရှင် တစ်ဦးရဲ့ ရှုထောင့်ကနေ ပန်းလျနေတဲ့ လောကကို သရုပ်ဖော်လိုက်တာပါပဲ။ ဒီလိုသရုပ်ဖော် ရာမှာ တစ်လျှောက်လုံး တစ်ခုနဲ့တစ်ခု ပဋိပက္ခ ဖြစ်နေတာတွေနဲ့ ဖော်သွားတယ်။ ကဗျာ ခေါင်းစဉ်ကိုက ဒီသဘောနဲ့ဖြစ်တယ်။ တစ်ဘက်က 'အချစ်သီချင်း'လို့

စိတ်ကူးယဉ်ဆန်ဆန် လုပ်တယ်။ တစ်ဘက်က လုပ်ငန်းကိုင်ငန်းတွေမှာ လက်မှတ်ထိုးနေကျ နာမည်မျိုးဖြစ်တဲ့ 'ဂျေ-အဲလဖရဒ်ပရူးဖရော့က်'လို့ လုပ်ထား တယ်။ တစ်ခါ ဒန္တေရဲ့ 'ဒီဗီနာ ကော်မဲဒီယာ'ထဲက အပိုဒ် တစ်ပိုဒ်ကို ကိုးကားချက် အဖြစ် ထည့်ထားလိုက် ပြန်တော့ ဆန့်ကျင်မှုသဘောက ပိုပေါ်လွင်သွားပြန်ပါရော။ အဲဒီ ကောက်နုတ်ချက်ရဲ့ အဓိပ္ပာယ်က

> 'ငါ့အဖြေဟာ ဒီလောကကို အသေအချာ ပြန်လာနိုင်မယ့် လူတစ်ဦးအဖို့ ဖြစ်တယ်လို့ငါထင်ခဲ့လျှင်၊ ဒီမီးလျှံဟာ နောက်ထပ် လှုပ်ခါမယ် မဟုတ် ပေဘူး။ ဒါပေမယ့်ငါကြားတာသာ အမှန်ဖြစ်လျှင်ဖြင့် ဒီနက်ရှိုင်း ရာဆီက ဘယ်သူမှ အသက်ရှင်ပြီး ပြန်လာဖူးခြင်း မရှိလေတော့ ငါ မင်းကို မှားယွင်းတင်ပြမိမှာကို ကြောက်လန့်ခြင်းမရှိတော့ဘဲ ဖြေကြား လိုက်ရဲ့' ပါတဲ့။

အချစ်သီချင်းနဲ့ ငရဲနဲ့ ဘာဆိုင်လို့လဲ။ ပရူးဖရော့က်ဟာ တကယ့် ငရဲထဲ ရောက်နေသူတော့မဟုတ်ဘူး။ ဒါပေမယ့်သူရောက်နေတဲ့ ကနေ့ခေတ်လောကဆိုတာ ကလည်း မပြတ်သားမှုတွေ၊ လှည့်စားမှုတွေနဲ့ ပြည့်လျှမ်းတဲ့ ငရဲဘုံ တစ်ဘုံပါပဲလို့ ရည်ညွှန်းရာ ရောက်သွားပါတယ်။ ဒီငရဲထဲမှာ စုံးစုံးမြုပ်နေရတဲ့ သူ့ခမျာ 'အသက် ရှင်ပြီးပြန်လာ' နိုင်ပါဦးမလား။

အဲသလို ခေါင်းစဉ်မှာ မဆီမဆိုင် ဖြစ်နေတဲ့ သဘောသွားကို ကဗျာ စစချင်း မှာ တစ်ခါ ကြုံရပြန်ရော။ သွားကြရအောင် ဖိတ်ခေါ်နေသတဲ့လေ -

'ဒါဖြင့် သွားကြစို့လေ၊ သင်နဲ့ငါ၊

ညနေကို ကောင်းကင်မှာ ဖြန့်ထားတဲ့အချိန်'

ကောင်းကင်ပေါ်မှာ ညနေကို ဖြန့်ထားတယ်ဆိုတဲ့ ဥပမာဟာ ဆန်းသစ်ပြီး ထိမိလှပါတယ်။ ဒါပေမဲ့ ဘယ်လိုဖြန့်ထားတာလဲလို့ ဆက်ဖတ်လိုက်တဲ့အခါကျတော့ တစ်ခါတည်း တုန်လှုပ်ချောက်ချားပြီး သွားရပါတော့တယ်။

'စားပွဲပေါ်မှာ အီသာငွေ့ပေးထားတဲ့ လူနာရဲ့ပမာပဲ'

ဆေးရုံမှာ ခွဲစိတ်မကုသခင် မေ့ဆေးပေးတဲ့ လူမမာကို တွေ့ဖူးမှာပေါ့။ စန့်စန့်ကြီးပေါ့။ ညနေကို ကောင်းကင်မှာ ဖြန့်ထားတာကလည်း အဲသလို စန့်စန့် ကြီးပါပဲတဲ့။ ဒီမယ် ညနေပြန့်နေပုံတွင်မဟုတ်တော့ဘဲနဲ့ နာဖျားဒုက္ခရောက်နေတဲ့ လောကကြီးရဲ့ သရုပ်ကိုပါ လာပြီးမြင်ယောင်မိစေပါတော့တယ်။ ကောင်းကင်နဲ့

ညနေကို သရုပ်ဖော်ခြင်းက ဆက်စပ်နေတဲ့ ကမ္ဘာလောကကိုပါ လူမမာရုပ်ပေါက်နေဟန် ထင်မြင်လာစေပါတယ်။ ဒီလို အဆင့်ဆင့် တင်ပြသွားတာကို ပေါ်လွင်အောင် ဘာသာပြန်ရာမှာ ဗမာ ဝါကျအသွားအလာကို ပြင်ပေးလိုက်ပါတယ်။ ဖြစ်သင့်တာကတော့ 'စာပွဲပေါ်မှာ အီသာငွေ့ ပေးထားတဲ့ လူမမာရဲ့ ပမာ ညနေကို ကောင်းကင်မှာ ဖြန့်ထားတဲ့ အချိန် သင်နဲ့ငါသွားကြစို့ လေ' လို့ဖြစ်တယ်။

ဒီလို နှစ်ခွ အဆင့်နဲ့ ကဗျာဟာ ဆက်သွားပါတယ်။ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ပေမယ့် ယုတ္တိလည်း တန်တဲ့ ရုပ်ပုံလေးတွေ၊ ဆန်းတန်းတန်း ဖြစ်ပေမယ့် အဓိပ္ပာယ်ကို မျက်ရိပ်ပြနိုင်တဲ့ ဝိသေသနပုဒ်လေးတွေနဲ့ ဆန့်ကျင်ဘက် လှုပ်ရှားမှုကို ဆက်လက်ဖော်ကျူးသွားတော့တယ်။ သူခေါ်သွားရာ လိုက်သွားတော့ စစချင်းပဲ လောကရဲ့ အနိဋ္ဌာရုံတွေထဲ ရောက်သွားရတယ်။ လူသူရှိသလို မရှိသလိုနဲ့ခြောက်တီးခြောက်တောက်လမ်းတွေ၊ 'ကနုကမာခွံတွေနဲ့ လွှစာ ရက်စတရုန့်'တွေ အပေါ်စား တစ်ညအိပ်ဟော်တယ်တွေ'(ဟော်တယ်မှာအိပ်တယ်ဆိုပေမယ့်ကောင်းကောင်းလည်း မအိပ်ရဘဲ ညည်းတွားနေရတယ်တဲ့) ဒါတွေကို ဖြတ်သွားရတယ်။ လမ်းတွေကို ဥပမာပေးရင်းက လောကကြီးကို သရော်လိုက်ပြီ လမ်းတွေ တစ်ခုကို တစ်ခုလိုက်ပြီး အဆုံးမှာ တစ်နေရာ ပေါက်ရောက်သွားပုံက လူ့လောကမှာ အချီအချ စကားပြောကြရာမှာ ရည်ရွယ်ချက်က လျှို့ဝှက်၊ အကျိုးအကြောင်း တစ်ခုပြီးတစ်ခု ပြောပုံက ပျင်းရိစရာကောင်း၊ ဒီလိုနဲ့ နောက်ဆုံး 'ချောက်ချားဖွယ်ပြဿနာ' တစ်ခုစီ ရောက်သွားသလိုပါပဲတဲ့။ အဲ့ဒီ ပြဿနာက ဘာလဲလို့တော့ မေးမနေနဲ့တဲ့။ ဒီလို ကြောက်စရာပါလို့ ပြောပြီးမှ အလည်သွားကြရအောင်ပါလို့ ဖိတ်ခေါ်လိုက်ပြန်တယ်။

နောက်ဆုံး ရောက်သွားတဲ့နေရာဟာ ဘာလဲဆိုတဲ့ မေးခွန်းကို ကဗျာမှာ ခဖြေမထားဘူး။ ဒါပေမယ့် သရုပ်ဖော်လို့တော့ ပြထားတယ်။ 'မိန်းမတွေ သွားကြ-လာကြနဲ့ မိုက်ကလ်အင်ဂျလိုအကြောင်းပြောကြ'တဲ့ အခန်းတစ်ခုတဲ့။ အခန်းပြတင်းမှာ နှင်းမြူတွေ၊ မီးခိုးတွေ ရောယှက်ပြီး လာရိုက်နေတယ်။ (သူတို့မြို့ကြီးတွေမှာ တွေ့ရတဲ့ရှုခင်းတစ်ခုပဲ။ မီးခိုး Smoke နဲ့ နှင်း Fog ဆိုတဲ့စကားနှစ်လုံး ပေါင်းစပ်ပြီး Smog ရယ်လို့ စကားလုံးသစ်တောင်တွင်နေပြီ) အဲဒီနှင်းမြူခိုးကို တိရစ္ဆာန်ဇာစ်ကောင်လို ရေးဖွဲ့ထားတာ အင်မတန်ဆန်းကြယ်သလောက် ထိမိလှတယ်၊ ဖတ်ကြည့်ပါ။

ဒီလိုဆန့်ကျင်ဘက်ကလေးတွေနဲ့ တို့ဆိတ်သွားတာက ဗဟိုဇာတ်ကောင်ရဲ့ နှင်ခွသဘောကို အလေးအနက်ပြုပြီး ဖော်ကျူးပေးနေပါတယ်။ ပရှူးဖရောက်ဟာ

ချုပ်တည်းထိန်းသိမ်းနေရသူ၊ ယဉ်ကျေးမှုဒဏ် ဖိစီးခံနေရသူ၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်နေရတဲ့ လူငယ်တစ်ဦး ('နည်းနည်းထိပ်ပြောင်လာနေပြီ')ဖြစ်တယ်။ သူ့ဘဝဟာ လေးနက်ပြင်းထန်မှုတွေနဲ့ သေးသေးဖွဲ့ဖွဲ့ ကိစ္စတွေကြား၊ အကြီးအကျယ် စိတ်လှုပ်ရှား ရမှုတွေနဲ့ မဟုတ်ကဟုတ်က စကားပြောရင်း ကုန်လွန်သွားရတဲ့ နေ့ရက်တွေကြား၊ 'မိန်းမတွေ သွားကြ-လာကြနဲ့ မိုက်ကလ်အင်ဂျလိုအကြောင်း ပြောကြ'တဲ့ အဆင့်မျိုးနဲ့ 'ဘဝကို ကော်ဖီဇွန်းများနဲ့ ချင်တွယ်'ရတဲ့အဆင့်ကြားမှာ နစ်မွန်းဆုံးရှုံးနေသူ ဖြစ်တယ်။ သူ့ပတ်ပတ်လည်မှာ စိတ်လှုပ်ရှား တက်ကြွ စရာတွေ တွေ့ပါရဲ့။ ဒါပေမယ့် သူ့ကိုယ်သူ ဒါတွေထဲရောပါပြီး လှုပ်ရှားလာနိုင်စွမ်းမရှိဘူး။

'ငါဝံ့ပမလား

စကြဝဠာကို လှုပ်ရှသွားစေဖို့လေ

..............................

သေဆဲ ကျဆုံးမှုနဲ့ သေနေတဲ့အသံများကို ငါသိတယ်။

ခပ်ဝေးဝေး အခန်းတခန်းက ဂီတသံအောက်မှာလေ

ဒီတော့ ငါဘယ်လိုလုပ် ဝံ့စားနိုင်ပါ့မလဲ'။

ပရူးဖရော့က်ဟာ တကယ့်ဘဝက ထွက်ပြေးနေတယ်။ တာဝန်ရှိအလုပ်က ထွက်ပြေးတယ်။ ချစ်ခြင်း မေတ္တာကတောင် ထွက်ပြေးတယ်။ မေတ္တာဆိုတာ အသက်ရှင်နေထိုင်ဖို့ ဖိတ်ခေါ်တာမဟုတ်လား။ ချုပ်ငြိမ်းလေပြီးတဲ့ အတိတ်ဆီကိုပဲ သူက ဝဲလည်နေတယ်။ ('ငါသိပြီးပါပြီ'ဆိုတာတွေ) တစ်ခုခုကို ပွင့်ပွင့်လင်းလင်း လုပ်ပစ်လိုက်ရမှာကို သူဝန်လေးနေတယ်။ သူ့မှာ ဒီလိုလုပ်နိုင်စွမ်းရှိမှရှိပါ့မလား ရယ်လို့ စိုးတရွံ့ရွံ့ဖြစ်နေတယ်။ ဒီတော့ သူက သူ့ကိုယ်သူ လူ့ထက်လျော့တဲ့ သတ္တဝါစားမျိုး ဖြစ်ရလျှင် ကောင်းမှာလို့ တောင့်တမိတော့တယ်။

' ငါဟာ ငြိမ်ဆိတ်တဲ့ ပင်လယ်များရဲ့ ကြမ်းပြင်တစ်လျှောက် အသော့နှင်နေတဲ့

ကြမ်းတမ်းတမ်း ခြေသည်းတစ်စုံပဲ ဖြစ်ခဲ့ဖို့သင့်တယ်။'

ပရူးဖရော့က်ဟာ အနုပညာတို့၊ အတိတ်ရုပ်ပုံတို့မှာသာ အသက်ရှင်နေနိုင်စွမ်းသူဖြစ်တယ်။ သူ့စိတ်ထဲမှာ လုပ်သင့် မလုပ်သင့် ချီတုံချတုံ ဖြစ်နေရတယ်။ လောကနဲ့ သူနဲ့ အဆက်ပြတ်နေတယ်။ ခေတ်ပေါ် ဟဲမလက်ပါပဲ။ ဒါပေမယ့်

ထင်းရှူးပင်ရိပ်

ဒီနေရာမှာ တောင်သူဟာ သူ့ကိုယ်သူ ကြွားဝါတော့မပြောဘူး။

'မဟုတ်ဘူး၊ ငါက ဟဲမလက်မင်းသားမဟုတ်ဘူး၊ ဟုတ်ဖို့လည်း

မရည်ရွယ်ခဲ့ဘူး။

အခစားရောက် ဝန်တဦးမျှသာ

တစ်ခါတလေလည်း လူပေါ်ဆိုရမလောက်ပဲ။

ဒီလိုနဲ့ ကဗျာတစ်ပိုဒ်စီ တစ်ပိုဒ်စီဟာ ချီတုံချတုံနဲ့ မပြတ်မသားတဲ့ ပရူးဖရော့က်၊ ဟိတ်ဟန်ထုတ်လွန်းနေတာနဲ့ ခံစားမှုတွေကို မဖော်ထုတ်နိုင်တဲ့ ပရူးဖရော့က်၊ နက်နက်နဲနဲ တွေထဲ စုံးစုံးမြုပ်နေသမို့ လောကထဲ 'အသက် ရှင်ပြီး ပြန်မလာ'နိုင်တော့တဲ့ ပရူးဖရော့က်ရဲ့ အရှုံးဇာတ်ကို ဖော်ထုတ်သွားကြပြီး နိဒါန်းသဖွယ် ဒန္တေရဲ့ စာပိုဒ်ကို သရော်တော်တော်သုံးထားခြင်းရဲ့ အဓိပ္ပာယ်ဟာ ပေါ်လွင်သွားပါတော့တယ်။

ဒါဟာ ကဗျာရဲ့ပင်မသဘောပါ။ ခေတ်ပေါ် ကဗျာဆရာတို့ရဲ့ ကဗျာကို အသေးစိတ်လိုက်ပီး အဓိပ္ပာယ်ဖွင့်ဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး။ သူတို့ကလည်းမဖွင့် ပါနဲ့လို့ အမြဲတားတယ်။ ကဗျာရဲ့အရသာက 'ဝိုးတဝါး'ဖြစ်နေပြီး အမျိုးမျိုးရှာကြံတွေး ယူရတဲ့ အလုပ်ပါ-တဲ့။ ဒါပေမယ့် ဇမာပရိသတ်အတွက်အင်မတန်စိမ်းနေမှာဖြစ်တဲ့ အတွက် အောက်ပါအတိုင်းအကြမ်းဖျင်း လမ်းကြောင်းပေးလိုပါတယ်။ ဒါကိုဖတ်ပြီး မှ မူရင်းကဗျာကို တစ်ခါပြန်ဖတ်ကြည့်ကြပါ။

(၁) အတူသွားကြဖို့ဖိတ်ခေါ်ပါတယ်၊ လမ်းကအနိဋ္ဌာရုံတွေကိုပြသွား တယ်။

(၂) မိန်းမတွေသွားရင်း လာရင်းမိုက်ကယ်အင်ဂျလိုအကြောင်း ပြောကြတဲ့နေရာ ရောက်သွားတယ်။

(၃) အခန်း (ဝါ အဆောက်အဦ)ပြင်ပမှာ နှင်းခိုးတွေရှိနေတယ်။ တိရစ္ဆာန်တစ်ကောင်ပမာဖွဲ့ထားတယ်။

(၄) လူချင်းတွေ့ရ၊ ပြဿနာတွေပေါ်၊ မပြတ်မသားဘာလုပ်ရမှန်း မသိ ဖြစ်နေပုံတွေ။

(၅) ပရူးဖရော့က်လောကကိုရင်မဆိုင်ရဲဘဲသတ္တိကြောင်နေပုံ။

(၆) သူ့ ဝန်းကျင်မှာ စိတ်လှုပ်ရှားစရာတွေ တွေ့ရပေမယ့် ရောဝင်လှုပ်ရှားနိုင်စွမ်း မရှိဘဲ ဖြစ်နေရပုံ။

(၇) သူတွေ့ကြုံခဲ့ပြီးသမျှ အတိတ်ကားချပ်တွေပြန်ဖော်နေတယ်- အခန်းထဲကဂီတသံ-မျက်လုံးများ-လက်များ (အမျိုးသမီးရဲ့လက်)

(၈) ထွက်ပြေးနေခဲ့ပုံ- ပြတင်းပေါက်က ဆေးတံသမား။

(၉) လူစင်စစ်ထက် နိမ့်ကျတဲ့ သတ္တဝါပဲဖြစ်ချင်မိပုံ

(၁၀) သူအားငယ်အားလျော့နေပုံ၊ ကျဆုံးနေပုံသိမြင်လာ။

(၁၁) တစ်ခုခု လုပ်ပစ်ရမှာ ချီတုံချတုံဖြစ်နေပုံ၊အများနဲ့သူ အဆက်ပြတ်နေရပုံ။

(၁၂) ခေတ်ပေါ် ဟဲမလက်ဖြစ်နေပုံ။

(၁၃) ငယ်ငယ်ရွယ်ရွယ်နဲ့အိုမင်းရင့်ရော်နေရပုံ။

(၁၄) လောကက ထွက်ပြေး၊ ပင်လယ်ကမ်းစပ်ရောက်ရေသူမတွေရဲ့ တေးသံ။

(၁၅) အဲသလို အနုပညာနဲ့ ဖြေသိမ့်နေပေမယ့်လူ့လောကမှာ ရှိနေသေးတယ်ဆိုတဲ့ အသိလည်းဝင်လာရော စုံးစုံးမြုပ်ရပြန်ရော။

ဒီ ကဗျာကို ဆန်းစစ်ကြည့်လျှင် တွေ့ရမဲ့ 'ဆန်း' နေတဲ့အချက်တွေက စစချင်းချောက်ချားစရာ နိမိတ်ပုံနဲ့ စထားခြင်း၊ ('စာပွဲပေါ် မှာအီသာငွေ့ပေးထားတဲ့ လူမမာရဲ့ပမာ')နှင်းဝေနေတာကို တိရစ္ဆာန်လိုတင်စားထားခြင်း၊ ထေ့လုံး ငေါ့လုံး တွေသုံးထားခြင်း၊ အရှုးအိပ်မက်လို အံမဝင် ခွင်မကျဖြစ်ခြင်း၊ အဆက်အစပ် မရှိဖြစ်နေခြင်း၊ မဆီမဆိုင်အကြောင်းအရာဝင်ဖောက်လာတတ်ခြင်း၊ ကဗျာမဆန်တဲ့စကား သုံးနှုန်းထားခြင်း၊ ရောမန္တိကဆန်ဆန် စာကြောင်း၊ ရှိတ်စပီးယားဆန်ဆန် စာကြောင်း တွေထဲ ပြောစကားတွေ ညှပ်ထားခြင်း(မူရင်းဖတ်မှ သိနိုင်မယ်) အထားအသို ရှေ့နောက်ပြောင်းပြန် လုပ်ထားခြင်း၊ တမင်တကာပဲ မဆီမဆိုင်တာ ဖြစ်အောင် လုပ်ခြင်း၊ ('ငါဟာ ငြိမ်ဆိတ်တဲ့ ပင်လယ်ပြင်ရဲ့ ကြမ်းပြင် တစ်လျှောက် အသော့နှင်နေတဲ့ ကြမ်းတမ်းတမ်း ခြေသည်းတစ်စုံပဲဖြစ်ခဲ့ဖို့ သင့်တယ်') ထိတ်လန့် တကြားဖြစ်လောက်တဲ့ ဥပမာ ဥပမေယျတွေ သုံးခြင်း၊ ('ငါ့ဘဝကို ကော်ဖီဇွန်းများနဲ့ ချင်တွယ်ပြီးပါပြီ') တစ်မူထူးခြားနေတဲ့ သဒ္ဒါလက်ာရ ဖန်တီး ထားခြင်း (မူရင်းဖတ်မှ

သိမယ်)တို့ဖြစ်တယ်။ ဒါတွေစုပေါင်းလိုက်တော့ အလွန့် အလွန်ကို 'မော်ဒန်' ဖြစ်သွားတော့တာပါပဲ။ ဟိုတစ်ပိုင်း ဒီတစ်ပိုင်း လေးတွေကနေ စုခြုံလိုက် တော့ လေဟာ 'ညီညွတ်မှု'ရှိနေတယ်။ မသိစိတ်လို့ ခေါ်တဲ့လူရဲ့အတွင်း စိတ် သဘာဝရဲ့ လှုပ်ရှားမှုကို ဖော်ထုတ်နိုင်စွမ်းတယ်။ စိတ်ပညာအရ 'နိမ့်ကျစိတ်' (Inferiority Complex)လို့ ခေါ်တဲ့စိတ်သဘောကို သရုပ်ဖော်နိုင်တယ်။ ပုံပေါ် နေတာကတော့ ထိတ်လန့်ဖွယ် ကက်တလောက်တစ်ခုပါပဲ။

❖

**အဘိုးအိုတစ်ဦးပို့ စာကြောင်းများ**

**ကျားတွင်းထဲက ကျားဟာ**

**ငါ့ထက်ပိုပြီး ဒေါသထန်မယ် မဟုတ်ဘူး၊**

**လှုပ်ယမ်းနေတဲ့ အမြီးဟာလည်း**

**ပင်မအဓိကသွေးထဲ လိမ်တွန့်နေတဲ့**

**ဝါမိတ်ဆွေဆန်သူ သစ်ပင်ကနေ တွဲလောင်းခိုနေတဲ့**

**ရန်သူကို ငါအနံ့ရတဲ့ခါထက် ပိုမငြိမ်သက်ဘူး၊**

**ညဏ်ဆိုတဲ့သွားကို ငါဟင်းလင်းဖွင့်လိုက်တဲ့ခါ**

**ခုံးနေတဲ့ လျှာပေါ်က တရှီးရှီးအသံဟာ**

**အမုန်းထက်ပိုပြီး ချစ်ဖွယ်ကောင်းတယ်**

**လူငယ်အချစ်ထက်ပိုပြီး ခါးသီးတယ်၊**

**လူငယ်တွေ ရယူနိုင်စွမ်းလည်းမရှိဘူး၊**

**ငါ့ရွှေရောင်မျက်လုံးများကနေ ရောင်ပြန်ဟပ်တဲ့ခါ**

**ထုံအသူဟာ သူရှုံးပြီဆိုတာ သိသွားတယ်၊**

**ငါဝမ်းမသာဘူးလား ငါ့ကိုပြောကြဘိ၊**

စိတ်အလိုမကျနေတဲ့ ဒေါသမာနတွေ ပြည့်ဝနေတဲ့ အဖိုးအိုတစ်ယောက်ရဲ့ အာယာတစိတ်ကို ကြောက်ခမန်းလိလိဖြစ်လောက်အောင် အားကောင်းကောင်းနဲ့ ဖော်ကျူး ထားတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ အင်မတန် ခက်ထန်နေတဲ့၊ ကြမ်းကြုတ်နေတဲ့

မုန်းတီးနေတဲ့ ရန်သူကို အစိမ်းလိုက် ဝါးစားချင်တဲ့ သရုပ်ဟာ ပီပြင်ပေါ်လွင်နေပါတယ်။

သူ့ကိုယ်သူ ကျားနဲ့ယှဉ်ပြီးပြောတယ်။ ဒါပေမယ့် ကျားထက်သူက အစစ 'တစ်လေးပိုနေတော့တယ်။ သရုပ်ဖော်ကွက် ငါးကွက်ပါတယ်။ ၁။ နဂိုကတည်းက ဒေါသမာနထန်ပြင်းနေတဲ့ကျားသဘာဝ၊ ၂။ ရန်သူကို အနံ့ရတော့ ချောင်းပုံ၊ ၃။ သွားဖြဲလိုက်ပုံ၊ ၄။ ရန်သူကိုစားတော့ ဝါးတော့မယ့်ဟန် ကြည့်လိုက်ပုံ ၅။ အလိုပြည့်ရပုံ။

၁ ကိုဖော်တဲ့နေရာမှာတော့ ဒေါမာန်ထန်တဲ့ နေရာ ကျားကသူ့ကိုမမှီဖူးလို့ ပြောတယ်။ ၂ ကိုဖော်လိုက်ပုံကတော့ ရန်သူဟာ သွေးထဲ လိမ်တွန့်နေတယ်။ သွေးဆိုတာအသက်ရှင်မှုအတွက် အရေးအကြီးဆုံးအဓိကအကျဆုံးဖြစ်လို့မို့ 'ပင်မအဓိကသွေး'လို့ဆိုတယ်။ သွေးထဲတွန့်လိမ်နေတယ်ဆိုတာ ရှိုးရှိုးအသက်ဝင် လှုပ်ရှားနေတာကို အားကောင်းသွားအောင် တင်ပြလိုက်တာလည်းဖြစ်တယ်။ ကျားရဲ့ရှုထောင့်ကကြည့်လျှင် သွေးနဲ့သားနဲ့လှုပ်ရှားနေတဲ့ သတ္တဝါတိုင်းကို ဒီလိုမြင်မှာမို့ သူ့အမြင်အတိုင်း ဖော်ကျူးလိုက်တာလည်း ဖြစ်တယ်။ တစ်နည်းတွေးလျှင်လည်း ရန်သူဟာ သူ့ဟာသူ တစ်နည်းနည်းနဲ့ ဒဏ်ရာရလို့မို့ သွေးအိုင်ထဲ လိမ်တွန့်နေတယ်ပေါ့။ ဒါမှမဟုတ် ရန်သူဟာ သစ်ပင်တစ်ပင်မှာ တွဲလောင်းခိုနေတယ်။ သူခိုအောင်းစရာဖြစ်လို့မို့း သစ်ပင်ကို 'မိတ်ဆွေဆန်သူ သစ်ပင်'လို့ ဆိုထားတယ်။ အဲဒီလို ရန်သူရှိနေတာကို အနံ့ရတဲ့အခါ ကျားဟာ ငြိမ်ငြိမ်ကလေး ချောင်းနေတယ်။ အမြဲလှုပ်ယမ်းနေတဲ့အမြီးကို မလှုပ်ဘဲ ရန်သူကိုသာ တစ်အားသဲသဲမဲမဲ စူးစိုက်ပြီး ချောင်းနေတယ်။ စူးစိုက်သလောက် ငြိမ်နေတာပေါ့။ အဲဒီကျားအမြီး ငြိမ်တာဟာ သူ့ရန်သူ ချောင်းတဲ့အခါငြိမ်သလောက် မငြိမ်ပါဘူးတဲ့။ ရန်သူအပေါ် သဲမဲပုံသူကသာတယ်။ ၃ ကို ဖော်ပုံကတော့ ရန်သူကို စားတော့မယ်လို့ ကျားက ပါးစပ်ကို ဟလိုက်တယ်။ ချွန်မြမြသွားကြီးတွေကို အထင်းသားပြလိုက်တယ်။ အဲဒီအခါမှာ ခုံးခုံးကလေး ဖြစ်နေတဲ့ လျှာပေါ်က လေချွန်သံလိုလေမြည်ထွက်သွားတယ်။ အဘိုးအိုအဖို့တော့သွားဟာ 'ဉာဏ်'ပဲ။ သူ့ဉာဏ်ဆိုတဲ့သွားကို လှစ်လိုက်တဲ့အခါ လျှာပေါ်က ထွက်သွားတဲ့ လေသံဟာ အမုန်းထက်ပိုပြီးချစ်စရာကောင်းသတဲ့။ လူငယ်တို့ အချစ်ထက်လည်းပိုပြီးခါးသီးသတဲ့။ လန့်စရာဖြစ်သလောက် ထိမိလှတဲ့ အလင်္ကာတွေပါပဲ။ ဘာ့ကြောင့်လဲ စဉ်းစားကြည့်ပါတော့။ ဒါမျိုးကို လူငယ်တွေ ရယူနိုင်စွမ်းမရှိဘူး။ အနှစ်နှစ် အလလစုဆောင်းလာခဲ့တဲ့ အတွေ့အကြုံတွေကြောင့် ဝါရင့်၊ အားသန်

နေတဲ့ သူ့လို လူကြီးမျိုးမှ ရနိုင်မယ်။ ၄ ကိုဖော်ပုံကတော့ သားကောင်ဟာ ကျားရဲ့ အကြည့်ကို မခံနိုင်ဘူး။ လန့်ဖျပ်သေရတာပဲ။ သူ့ရန်သူ ဟာလည်း သူ့အကြည့်နဲ့ဆုံတဲ့ အခါ တစ်ခါတည်း ရှုံးသွားတော့တယ်တဲ့။ သူလို ဉာဏ်ကြီးရှင်နဲ့ စာလိုက်လျှင် ဟိုလူက 'ပေါ်တာ'ပေါ့။ ဒါကြောင့် 'ထုံအသူ'လို့ ခေါ်တယ်။ ၅ ကို ဖော်တာကတော့ ပြန်ပြောလို့မရအောင်ပဲတိုတို တုတ်တုတ်နဲ့ ထိမိလှပါတယ်။ 'ငါ၀မ်းမသာဘူးလား ငါ့ကိုပြောကြဖိ'ဆိုတာ 'သိပ်၀မ်းသာတာပဲ' ဆိုတာကို ပြင်းထန် သွားအောင် အားရှိသွားအောင် ပြောခြင်းတစ်မျိုးပါပဲ။ ရန်သူကို အောင်နိုင်ရသမို့ ၀မ်းသာလိုက် တဲ့ဖြစ်ခြင်း ကြည့်ကြပါဦး၊ ပြောကြပါဦးတဲ့။

❖

## မာဂုတို့ရဲ့ခရီး

'ချမ်းအေးတဲ့ လာခြင်းကို ငါတို့ရခဲ့လေရဲ့။
ခရီးထွက်ဖို့၊ ခုလို ခရီးရှည်မျိုးထွက်ဖို့
နှစ်ရဲ့အဆိုးဝါးဆုံးအချိန်ပါပဲ။
လမ်းတွေက နက်ရှိုင်း၊ မိုးလေ၀သကထန်၊
ဆောင်းရဲ့ ကြောက်ဖွယ်လိလိပေပ'။
ကုလားအုတ်တွေ ဒေါပွကြ၊ ခြေနာကြ၊ ငြင်းဆန်ကြ၊
အရေပျော်ဆဲ မိုးပွင့်ထဲ လှဲချကြနဲ့။
တောင်စောင်းများ၊ မြေမြင့်များပေါ်က နွေနန်းတော်တွေ
ပိုသားလုံးမများက ရှာလပတ်ရည် ယူလာတာတွေကို
တစ်ခါတလေများ လွမ်းမိသေးတော့။
အဲဒီနောက် ကုလားအုတ်သမားတွေက ဆဲကြ၊ ညည်းကြ
ထွက်ပြေးကြ၊ အရက်နဲ့ မိန်းမတောင်းဆိုကြနဲ့.။
ညမီးဖိုတွေ ငြိမ်ကုန်ကြ၊ နားခိုစရာကင်းမဲ့ရကြ၊
မြို့ကြီးတွေက ရန်လို၊ မြို့ငယ်တွေက မိတ်ဆွေမဆန်

ရွာတွေကညစ်ပတ်၊ ဈေးကြီးကြီးတောင်းကြ၊
ဒုက္ခရောက်လိုက်တဲ့ အဖြစ် ကြုံကြရတယ်။
အဆုံးမှာတော့ တစ်ညလုံး ခရီးသွားတာကို ပိုကြိုက်မိကြတယ်၊
ကြိုးကြား ကြိုးကြားပဲ အိပ်ကြရသပေါ့။
နားတွေထဲမှာ အသံတွေ တေးသီနေကြတယ်
ဒါမိုက်မဲမှုလုံးလုံးပါပဲ--- တဲ့။
အဲဒီနောက်အရုဏ်တက်မှာ သမပိုင်းတောင်ချိုင့်တစ်ခုဆီ ဆင်းလာကြတယ်။
စိုစိုစွတ်စွတ်၊ မိုးပွင့်မျဉ်းတန်းအောက်၊ သစ်ဝါးရနံ့သင်းလို့၊
စီးနေတဲ့ ချောင်းလေးရယ်၊ အမှောင်ကိုထုရိုက်နေတဲ့ ရေအားစက်ကလေးရယ်နဲ့၊
'ဟို နိမ့်နိမ့်ပေါ်မှာ သစ်ပင်သုံးပင်၊
မြင်းဖြူအိုတစ်ကောင် မြက်ခင်းပေါ်ကဆုန်ချ ပြေးတော့တယ်။
ဒီနောက် အရက်ဆိုင် တစ်ဆိုင်ကို ရောက်လာကြရတံခါးဘောင်ပေါ်မှာ
စပျစ်ရွက်တွေနဲ့၊
လက်ခြောက်လက်က ဖွင့်ထားတဲ့ တံခါးမှာ ငွေစအတွက် အန်စာပစ်ကြလို့
ခြေထောက်တွေက စပျစ်ရည်သားရေအိတ် အလွတ်တွေကို ကန်ကြောက်ကြလို့၊
ဒါပေမယ့် ဘာသတင်းမှ မရဘူး၊ ဒါနဲ့ ငါတို့ ဆက်ကြပြန်ရော၊
ညနေကျတော့ ရောက်တာပါပဲ၊ နည်းနည်းလေးတောင် ပိုစောပြီး
နေရာကို ရှာတွေ့ကြတယ်၊ ဒါ (ဆိုနိုင်ပါရဲ့) ကျေနပ်ဖွယ်ပါပဲ။

ဒါ အားလုံးဟာ 'ဟိုအရင်ကပါ၊ ငါသတိရမိတယ်၊
ငါပြန်လည်လုပ်ချင်ပါရဲ့၊ ဒါပေမယ့် ဒါကို
ရေးချ ဒါကို
ရေးချ။ ငါတို့ကို ဒီတစ်ခရီးလုံး ခေါ်လာတာ
မွေးဖို့လား၊ သေဖို့လား၊ မွေးခြင်းတော့ရှိတာပဲ၊ အမှန်ပဲ၊
သာဓကရှိတယ်၊ ယုံမှားစရာမရှိ။ ငါမွေးခြင်းနဲ့သေခြင်းကို မြင်ခဲ့ဘူးပြီ။

ထင်းရှူးပင်ရိပ်
ဒါပေမယ့် သူတို့ဟာ မတူကြဘူးထင်တယ်။ ဒီမွေးခြင်းဟာ
ငါတို့အဖို့ခက်ခဲ-ခါးသီးတဲ့ ဒုက္ခတစ်ခုပဲ၊ သေခြင်းလို ငါတို့သေခြင်းလိုပဲ။
ငါတို့ ငါတို့ရဲ့ နေရာများ၊ ဒီနိုင်ငံတော်များဆီ ပြန်ခဲ့ကြတယ်။
ဒါပေမယ့် တစိမ်းလူတွေက သူရို့နတ်တွေကို ဆုပ်ထားကြရာ၊
ဒီမှာ၊ သာသနာဟောင်းမှာ မပျော်မွေ့တော့ဘူး
နောက်တစ်ခါ သေခြင်းကို ငါဝမ်းသာမိမှာပဲ။

ဒီကဗျာဟာ အဲလိလတ်ရဲ့ အမြင်ပြောင်းလဲမှုကို ဖော်ထုတ်တဲ့ကဗျာလို့ တချို့ယူဆကြတယ်။ ယုံကြည်ချက်မရှိ ဘာမရှိနဲ့ နေလာရာက ယုံကြည်ချက် တစ်ခုဆီကို စမ်းဝါးဖက်တွယ်လာတဲ့ သဘောလို့ဆိုကြတယ်။ အသက်လေးဆယ်ပြည့်မှာ သူဟာဖြင့် 'စာပေမှာ ဂန္ထဝင်သမား၊ နိုင်ငံရေးမှာ ဘုရင်ဝါဒီ၊ ဘာသာရေးမှာ အင်္ဂလိုကက်သလစ်'လို့ ကြွေးကျော်ခဲ့တယ်။ ဒီကျွေးကြော်သံအတိုင်း သူ့ဘာသာရေး ပြောင်းလဲခံယူပုံကို ဒီကဗျာမှာ တင်ပြထားတာပါတဲ့။ စည်းမရှိ၊ ကမ်းမရှိ၊ အမြင်မရှိ နေလာရာက အလင်းတွေ ဘာတွေ ရှာဖွေ ဆင်ခြင်လာတဲ့ သဘောပေါ့။ အသစ်မွေးဖွားလာဖို့ မျှော်လင့်ပြီးတဲ့နောက်မှာ မယုံတစ်ဝက်၊ ယုံတစ်ဝက်မျိုး၊ ယုံကြည်မှုကင်းမဲ့တဲ့ ဘဝမျိုးနေလို့မရတော့ဘူး။ အတိတ်ကို ပြန်ပြောင်းဆင်ခြင်ရင်း လွတ်မြောက်ရေးဆိုတာကို မြင်ယောင်လာတယ်ဆိုတဲ့ သဘောကို ဒီကဗျာမှာ တင်ပြထားတယ်။ အတိတ်အကြောင်း ပြောပေမယ့် စကားလုံးတွေကတော့ ပစ္စုပ္ပန် စကားလုံးတွေပဲ။ ကျွန်တော်တို့ကတော့ သူ့ဘာသာရေးအမြင်တွေ ဘာတွေ တယ်တန်ဖိုးမထားပါဘူး။ သူတင်ပြထားပုံလေးက နှစ်လိုဖွယ်လေးမို့လို့ ဒီလက်ရွေးစင်မှာ ထည့်လိုက်ပါ တယ်။ ရိုးရိုးလွယ်လွယ်လေးပဲ။ ဦးနှောက်ခြောက်စရာဘာမှမပါဘူး။ ခါတိုင်း အဲလိယတ်နဲ့မတူဘူး။ ဒါပေမယ့် သေသေချာချာ ကြည့်လျှင် ရိုးမလိုနဲ့ ဆန်းနေတာ၊ 'မော်ဒန်' စာရင်းဝင်နေတာ တွေ့ရပါလိမ့်မယ်။

မာဂုဆိုတာ ခရစ်တော်မွေးဖွားတော့ 'သူငယ်တော်'ကို အဖူးအမျှော်လာကြဲ့ အရှေ့တိုင်းက ပညာရှိသုံးဦးပါ။ ဧကဝုစ်က 'မာဂု'၊ ဗဟုဝုစ် 'မာဂိ'လို့ ဖြစ်တယ်။ မာဂိကို အင်္ဂလိပ်ကတော့ 'မေးဂျိုင်း'လို့ အသံထွက်ပါတယ်။ အဲဒီ မာဂုပညာရှိတွေ တောတောင် ကန္တာရတွေဖြတ်ပြီး ခက်ခက်ခဲခဲ ခရစ်တော်ကလေးကို ဖူးမျှော်ဖို့ လာခဲ့ကြဟန် 'ကန္တာရလားပျို့' ပမာ ဖွဲ့သီထားတယ်။ အသုံးအနှုန်းကတော့ စောစော

ကပြောပြီးဖြစ်သလို ခေတ်စကား၊ ခေတ်အသုံးအနှုန်း၊ ခေတ်ကဗျာပုံစံပါပဲ၊ တတိယ အပိုဒ်မှာ ဇာတိ-မရဏ ဆိုတဲ့ တရားနှစ်ပါးအကြောင်း ဆွေးနွေးထားပါတယ်။ သေခြင်းရှိသလို မွေးဖွားခြင်းရှိတယ်၊ တစ်ခုနဲ့တစ်ခုမတူဘူး။ ဒါပေမယ့် နှစ်ခုစလုံး ဒုက္ခချည့်ပဲ။ ဒါတွေကို ဆင်ခြင်မိတော့ တရားတော်ဘက်ကို ပြန်လှည့်မိတယ်။ ဘုရားမရှိ တရားမရှိ ဘဝမျိုး ('သာသနာပဟောင်း')မှာ မမွေ့တော့ဘူး။ သေဖို့လည်း မကြောက်တော့ဘူး။

ဒီကဗျာအစ စာကြောင်းငါးကြောင်း (မျက်တောင်နဲ့ပြထားတာ)ဟာ ခရစ်ယာန် ဘုန်းတော်ကြီး အင်ဒရူးဇ်ရဲ့တရားစာထဲက ကူးချထားတာပါတဲ့။ အဲလီယတ်ဟာ သက္ကတကျွမ်းပြီး ဗုဒ္ဓဘာသာကိုလည်း လေ့လာဖူးသူဖြစ်ပါသတဲ့။

■

## ဒီလန် တောမတ်စ်

ဒီလန်တောမတ်စ် (၁၉၁၄-၁၉၅၃)ဟာ ဝေလနယ်၊ ဆွန်ဆီးပင်လယ်ဆိပ် ကမ်းမြို့မှာ မွေးဖွားခဲ့သူ ဖြစ်တယ်။ အင်္ဂလိပ်ကျောင်းဆရာတစ်ဦးရဲ့သား ဖြစ်ပါတယ်။ ကျောင်းပညာ ဟုတ္တိပတ္တိမရခဲ့ဘူး။ သူတို့မြို့က သဒ္ဒါကျောင်းတစ်ကျောင်းမှာ ပညာသင်ပြီးတဲ့နောက် တောင်ဝေလနယ်က 'အီဗနင်းပို့စ်' သတင်းစာမှာ သတင်းထောက်ဝင်လုပ်ခဲ့တာပါပဲ။ အသက် ၂၀ ရွယ်မှာ သူရဲ့ပထမဆုံးစာအုပ်ဖြစ်တဲ့ 'ကဗျာဆယ့်ရှစ်ပုဒ်'ကို ထုတ်ခဲ့တယ်။ မြန်ဆန်လွန်းတဲ့ရုပ်ပုံ၊ ချောက်ချားဖွယ် ဂီတသံတို့ကြောင့် စာဖတ်သူတို့အတွင်း အကြီးအကျယ် ဂယက်ရိုက်သွားတော့တယ်။ တချို့ကလည်းဒါအမှန်လွန်ဝါဒပါပဲတဲ့။ နှစ်နှစ်အကြာမှာ 'ကဗျာနှစ်ဆယ့်ငါးပုဒ်'ကို ထုတ်ပြန်ရော။ အဲဒီတော့ ဂယက်တွေကလည်း ပိုဆိုးပြန်ရော။

တောမတ်စ်ဟာ ငယ်စဉ်က သေးသေးကွေးကွေး၊ ပိန်ညက်ညက်ကလေးနဲ့ ကမူးရှူးထိုးလုပ်တတ်တဲ့ သူငယ်တစ်ဦးပဲ။ အသက်ဝမ်းကျောင်း ပညာသင်ဖို့ စိတ်မပါဘူး။ ဒီတော့ တစ်သက်လုံး အင်မတန် ဆင်းဆင်းရဲရဲ နေခဲ့ရတာပဲ။ သတင်းထောက်၊ ဇာတ်ဆောင်၊ ဇာတ်ညွှန်းရေးသမား၊ ပရိသတ်ရှေ့ ကဗျာရွတ်သူစသဖြင့် အမျိုးမျိုးလုပ်ကိုင်စားသောက်ခဲ့တယ်။ အသက် ၂၂ နှစ်မှာ ကိတ္တလင် မက္ကနာရာမား ဆိုသူနဲ့ လက်ထပ်တယ်။ သားနှစ်ယောက်၊ သမီးတစ်ယောက် ကလေးသုံးယောက် ရခဲ့တယ်။

တံငါရွာလေးတစ်ရွာမှာပဲ အခြေစိုက်နေထိုင်ခဲ့တယ်။ 'လေ့ရိုပ်သာ'လို့ နာမည်ပေး ထားတဲ့ သူ့အိမ်ဟာ အလျင်က ကူးတို့လှေတွေ ဆိုက်ခဲ့ရာပါတဲ့။

အသက် အစိတ်ဝန်းကျင်မှာ တောမတ်စ်ဟာ ဘီဘီစီကနေ ကဗျာတွေ ဖတ်ခဲ့တယ်။ ၁၉၅၀မှာ ပထမဆုံးအကြိမ် အမေရိကန်ကို အလည်သွားတယ်။ နှစ်နှစ် ကြာမှပြန်လာတယ်။ ၁၉၅၃မှာ တစ်ခါသွားပြန်တယ်။ ကဗျာရွတ်ပွဲတွေ လုပ်ခဲ့တယ်။ ကဗျာကိုရွတ်တစ်ဝက်၊ တေးလိုဆိုတစ်ဝက်ပါပဲ။ သူပိုင်ကဗျာတွေရော၊ သူများကဗျာ တွေကိုပါ ရွတ်တာဖြစ်ပါတယ်။ သူ့အသံဟာ လိမ့်တက်လာပြီး အင်အားပြည့်ဝ တယ်၊ ချိုချိုသာသာနဲ့ သိမ်မွေ့တယ်။ မန္တရားရွတ်သလို မှော်စွမ်းလဲရှိတယ်။ စိတ်လှုပ် ရှားခံစားမှုရော ကဗျာဆန်ဆန် သန့်စင်မှုပါ တွေ့ရကြတယ်။ သူကဗျာကို စာရွက် ပေါ်မှာ နားမလည်ပါဘူး ဆိုသူများကတောင် သူကဗျာရွတ်တာ နားထောင် ပြီး ဒီခေတ်မှာဖြင့် အဆွဲဆောင်ဆုံးပါပဲလို့ မှတ်ချက်ချကြတယ်။

တောမတ်စ်ဟာ အမေရိကန်မှာ ပျော်တယ်။ သဘာ်သား ဘားဆိုင် တစ်ဆိုင်ကို သူအတော်သဘောကျတယ်။ သူ့နာမည်က 'ဒီလန်'ဆိုတာကလည်း ဝေလ စကားနဲ့ 'ပင်လယ်'လို့ အဓိပ္ပာယ်ရတယ်။ ဝေလအသံထွက်ကတော့ 'ဒ- လန်'တဲ့။ အဲဒီဘားဆိုင်ဟာဖြင့် သူ့ရဲ့ စာပေရေး၊ လူမှုရေး ကလပ်ပါပဲ။ သောက်ပွဲတွေ ကလည်း ခဏခဏဖြစ်နေတော့တယ်။ တောမတ်စ်ကအလွန်အကျွံ သောက်တဲ့လူ။ တစ်ဆိုင်က တစ်ဆိုင်ကူး၊ ဆူပူဆဲရေးလိုက်လျှင် အမူးပြေသွားပြန်၊ ပြန်သောက်၊ အဲသလိုနေတဲ့လူ။ မနက်စာအဖြစ် ဘရန်ဒီမှာ ကြက်ဥခေါက်ပြီး သောက်လေ့ရှိတယ်။ မနက်စာ ဘရန်ဒီမသောက်တဲ့အခါ ဘီယာသောက်တယ်။ သူအကြိုက်ဆုံးအစာ ကတော့ သကြားလုံးပဲ။ 'ထွက်ပြေးမှု ဖတ်စရာ'ကတော့ အပြာစာအုပ်ပဲ။ သူဟာ စိတ်ကူး ယဉ်ခေါင်းစဉ်တွေနဲ့ ဟောပြောပွဲတွေလည်း လုပ်သေးတယ်။ မမူးတဲ့အခါများ မှာတော့ ကဗျာအကြောင်း ဆွေးနွေးပါရဲ့။ သူဟာဖြင့် 'ဒေဝကို မယုံသူတစ်ဦးအနေနဲ့ ဒေဝနဲ့ လောကအကြောင်း ကဗျာများ'ကိုသာ ရေးလိုပါတယ်လို့ သူပြောလေ့ရှိတယ်။ ကဗျာရေးနည်းဖွဲ့စနစ်တွေကိုတော့ သူက မဆွေးနွေးချင်ဘူး။ ဒါတွေဟာ ဝေဖန်ရေး ဆရာသစ်တို့ရဲ့ 'ဘန်းစကား'မျှသာပါလို့ သူကဆိုတယ်။

အသက် ၃၅မှာ တောမတ်စ်ဟာ မပိန်တော့ဘူး။ ဝလာတယ်။ လေးလာ နေးလာတယ်။ ဒါပေမယ့် အရုပ်ဆိုးလောက်အောင် လေးတာ နေးတာမျိုးတော့မဟုတ် ဘူး။ တတိယအကြိမ် အမေရိကန်ကိုလာတော့ အော်ပရာ ပြဇာတ်တစ်ခု ထုတ်လုပ် ဖို့ အစီအစဉ်ရှိတယ်။ ဇာတ်လမ်းက အကြမ်းတော့ ရေးပြီးနေပြီ။ ကယ်လီ

**ထင်းရှူးပင်ရိပ်**

ဖောနီးယားက ဂီတသမားတစ်ဦးအိမ်မှာ အသေးစိတ်ချရေးမယ် စိတ်ကူး ထားတယ်။ သူ့'ကဗျာပေါင်းချုပ်'စာအုပ်က ထွက်ပြီးကာစ အကြီးအကျယ် အောင် မြင်နေချိန်မှာပေါ့။ ညှူးယောက်မှာ သူ ၃၉နှစ် မွေးနေ့ကျင်းပတော့ တောမတ်စ် သိပ်ပျော်နေတယ်။ ဒါပေမယ့် ပွဲလည်းပြီးရော ဖျားတော့တာပဲ။ ဆက်တိုက် အားပြတ် တာပါဖြစ်လာတယ်။ ဒါနဲ့ ဆေးရုံပို့ရတော့ ဆိုးဝါးတဲ့ ဦးနှောက်ရောဂါတစ်မျိုး ရနေတယ်ဆိုတာတွေ့ကြရတယ်။ နှစ်ပတ်အကြာမှာ သေဆုံးသွားပါရော။ သူမသေခင်လေးမှာ သူ့ဇနီးသည် ဝေလက လိုက်လာလို့ တွေ့သွားရသေးရဲ့။

တောမတ်စ်သေတော့ သူ့အကြောင်း ရေးလိုက်ကြတဲ့ မှတ်တမ်းတွေ၊ အတ္ထုပ္ပတ္တိတွေဟာ တစ်ပုံတစ်ခေါင်းပါပဲ။ သူကိုယ်တိုင်ကလည်း ဝတ္ထုတို ပေါင်းချုပ်လေးငါးအုပ်၊ စကားပြေကဗျာပြဇာတ်တစ်ပုဒ် ကျန်ရစ်ခဲ့ပါတယ်။ သူ အသက်အစိတ်က ထုတ်တဲ့ 'အနုပညာသည်ရဲ့ ခွေးငယ်တစ်ကောင်လို ပုံတူပန်းချီ'ဆိုတာ အနည်းငယ် ဖုံးဖိထားတဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိပါပဲ။ သူ့လက်ရာတွေထဲမှာ အထူးခြားဆုံးကတော့ကဗျာဖြစ်တယ်။ သူ့ကဗျာတွေဟာ ခံစားမှုပြည့်ဝပြီး ပြင်းထန်တယ်။ သူ့စာကြောင်းတွေက ခုန်ပေါက်နေကြသလို၊ အော်ဟစ်နေကြသလို ထင်ရတယ်။ တွေ့နေကျမဟုတ်သူ တစ်ဦးအဖို့ ဦးနှောက်ခြောက်စရာပါပဲ။ နိမိတ်ပုံဖော်မှုဟာ ယုတ္တိတန်တယ်။ စကားတွဲတွေ ဟို ဒီညှပ်ထားပုံ၊ ပုဒ်ဖြတ်ပုဒ်ရပ် စကားလုံးများကို အလေးချိန်ညီမျှအောင် ထပ်ကြော့လေ့ ရှိပုံတို့က စေ့စေ့စပ်စပ်ရှိရုံမက ကြည်နူးဖွယ်လည်းဖြစ်နေတဲ့ ပုံစံတစ်ခုကို ဖော်ပြနေတယ်။ သူ့အပေါ်မှာ ဩဇာညောင်းခဲ့သူတွေကတော့ ဖရွိုက်၊ ဂျိုက်စ်နဲ့ဟော့ပ်ကင်းတို့ပါပဲ။ အကြီးမားဆုံးက ဟော့ပ်ကင်းပေါ့။ စကားလုံးလေးတွေကို တို့ထိကစားတာ အက္ခရာထပ် သမာသ်ပုဒ်တွေသုံးတာဟာ သူ့ဆီက ရတာပေါ့။

သူ့သီးမ်ကတော့နည်းပါတယ်။ ကလေးဘဝ၊လိင်ခွန်အား၊ ဗရုတ်ဗရက်ဖြစ်နေတဲ့ ဘာသာရေး၊ သေခြင်းတရား။ ဒါလောက်ပါပဲ။ သူက သူ့ကဗျာဟာ 'အမှောင်ကနေ အလင်းတစ်စုံတရာဆီ ကျုပ်တစ်ဦးချင်း ရုန်းကန်လာရပုံမှတ်တမ်း'ပါလို့ ပြောပြဖူးတယ်။ သူဟာ စိတ်လှုပ်ရှားမှုသက်သက်မှာ မွေ့နေလိုသူမဟုတ်ဘူး၊ မိမိအတွက်ရဲ့ မြစ်ဖျားခံရာကို အမြဲရှာဖွေတယ်။ သူကိုယ်သူ သဘာဝတရားရဲ့ ရေမြေလေမီးစတဲ့ အခြေခံဓာတ်များနဲ့ အတူတူပဲလို့ သူတွေ့မိတယ်။ လူနဲ့ ဒေဝအကြောင်းရေးတာပါလို့ သူပြောလေ့ရှိတဲ့အတိုင်းသူ့ကဗျာမှာ တွေ့ကြရပါတယ်။ သူ့စာကြောင်းလေးတွေဟာ အင်မတန် ကြွယ်ဝပြီး သွက်လက်နေတယ်။ ခွဲခြမ်းစိတ်ဖြာ ကြည့်ရ

အောင် အပြည့်အဝနားလည်ရအောင်ရယ်လို့ ရပ်နားလို့ကို မရဘဲ တန်းဖတ်သွားစေရတယ်။ စာဖတ်သူကို ပြင်းထန်တဲ့ အသံတို့ရဲ့ လှိုင်းလုံးများပေါ် မှာဆွဲခေါ် သွားတယ်။ သူ့ကဗျာကို ဖတ်ကြည့်လျှင် သနားဖွယ် အပြစ်ကင်းစင်မှုရဲ့ ကမ္ဘာထဲ လိမ့်လူးနေတာ၊ လောကရဲ့ ဆူညံညံအသံတွေထဲမှာ ကလေးငယ်ရဲ့ တာဝန်မဲ့ ကြည်နူးမှုနဲ့ မွေ့လျော်နေတာကို ခံစားမိကြရတယ်။ ပြင်းပြတဲ့စိတ်လှုပ်ရှားမှုဖြစ်ရတယ်။ စကားလုံးတွေဟာ မန္တာန်တစ်ခု တန်ခိုးရှိပြီး မှော်စွမ်းထက်လှတယ်။ တချို့ကဗျာလေးတွေဟာ အလွန်လှပေမယ့် အသံကို အဓိက အားပြုနေတာဖြစ်လေတော့ ဘာသာပြန်လို့တောင် မရဘူး။

**ငါပွဲ့တဲ့ ဒီပေါင်မုန့်**

**ငါဖွဲ့တဲ့ ဒီပေါင်မုန့်ဟာ တစ်ခါက မုယောစပါးပင်ပေါ့၊**

**ဒီ စပျစ်ရည်ဟာလည်း သစ်သီးတွေကြား စုံးစုံးမြုပ်နေတဲ့**

**နိုင်ငံခြား သစ်ပင်တစ်ပင်ပေါ် မှာပေါ့။**

**နေ့မှာ လူ၊ ညမှာ လေက**

**စပါးကို ခြွေ၊ စပျစ်သီးရဲ့ပီတိကို ချိုးဖျက်ခဲ့ရဲ့။**

**တစ်ခါက ဒီလေထဲမှာ နွေရတုသွေးဟာ**

**စပျစ်နွယ်မှာ ဆင်ယင်ထားတဲ့ အသားမှာလာခိုက်မိတယ်၊**

**တစ်ခါက ဒီပေါင်မုန့်ထဲမှာ**

**မုယောစပါးဟာ လေထဲမှာ မြူးကြွလို့နေခဲ့တယ်၊**

**လူကနေကိုရိုက်ချိုး၊ လေကိုဆွဲချတော့တယ်၊**

**သင်ချိုးဖဲ့တဲ့ဒီအသား၊ သင်ဖောက်ထုတ်တဲ့ ဒီသွေးဟာ**

**အကြောထဲမှာ အထီးကျန်ခြင်း ဖြစ်စေတယ်၊**

**မုယောစပါးနဲ့ စပျစ်သီးဟာ**

**အာရုံအသိရှိတဲ့ အမြစ်နဲ့ အစေးတို့က မွေးခဲ့တာဖြစ်ရင်ဖြင့်လေ၊**

**ငါ့စပျစ်ရည်ကို သင်သောက်၊ ငါ့ပေါင်မုန့်ကို သင်ဖဲ့ပေါ့၊**

လူဆိုတာ ရေမြေလေစတဲ့ သဘာဝဓာတ်များနဲ့အတူတူ ပါပဲလို့ ယုံတဲ့ တောမတ်စ်ရဲ့ အယူအဆကနေ ဒီကဗျာပေါက်ဖွားလာတာပါပဲ။ ကဗျာရဲ့ ဆိုလိုရင်း အကျဉ်းချုပ်ကလည်း ဒီသဘော ဒီအယူအဆပါပဲ။

ပေါင်မုန့်ဆိုတာ မုယောစပါးက လာတာ၊ စပျစ်ရည်ဆိုတာကလည်း စပျစ်သီးက လာတာပဲ။ စပျစ်ရည်က များသောအားဖြင့် စပိန်၊ ပေါ်တူဂီစတဲ့ နိုင်ငံ ရပ်ခြားများကလာတာမို့ 'နိုင်ငံခြား သစ်ပင်တစ်ပင်'လို့ဆိုတယ်။ အဲသလို စပါးပင်က စပါးအသီး၊ စပျစ်ပင်က စပျစ်သီး ရှိနေရာမှာ နေ့မှာလူက ခြွေချတယ်၊ ညမှာလေက ခြွေချတယ်။ အကိုင်းပေါ်မှာ စပျစ်သီးလေး ဝင်းမှည့်မှည့်နဲ့ ရှိနေတာဟာ ပျော်ရွှင် ကြည်နူးနေပုံပဲ။ ဒီလိုပျော်နေတာကို လေက ချိုးဖျက်ခဲ့တယ်။ အသီး လေးကြွေကျ ရကာကို ပြောတာပါပဲ။

'စပျစ်နွယ်မှာ ဆင်ယင်ထားတဲ့အသား'ဆိုတာ စပျစ်သီးကိုပြောတာ ဖြစ်ပါတယ်။ ဒီစပျစ်သီးဟာ လေထဲမှာရှိစဉ်က နေရောင်လာခတယ်။ 'နွေရတုသွေး' ဆိုတာ နေရောင်ခြည်ကို ပြောတာပါ။ အဲသလို နေရောင်ခြည် ဝင်နေတဲ့ စပျစ်သီးကို လူကခြွေချပြီး စပျစ်ရည် ညှစ်လိုက်တာဟာဖြင့် လူကနေကို ရိုက်ချိုးလိုက်တာပါပဲ။ တစ်ခါစပါးနှံလေးဟာ လေထဲမှာဝှေ့ယမ်းနေရတာကို ရွှင်မြူးနေရှာတယ်။ ဒီလို လေထဲ မြူးပျော်နေတုန်းလူက စပါးကို ခြွေခူးလိုက်တာဟာဖြင့် လူက လေကို ဆွဲချလိုက်တာနဲ့ အတူတူပါပဲ။

တကယ်လို့ စပါးတို့ စပျစ်သီးတို့ကို ဖြစ်ပေါ်စေတဲ့ သစ်ပင်ရဲ့အမြစ်နဲ့ အစေ့တို့မှာသာ အာရုံအသိရယ်လို့ရှိခဲ့လို့ရှိလျှင် ပေါင်မုန့်ကိုဖဲ့၊ စပျစ်ရည်ကိုဖဲ့ တဲ့ကာ အပင်ရဲ့ သွေးကြောထဲမှာ နာကျင်ခြင်းရယ်လို့ ဖြစ်ရပေလိမ့်မယ်တဲ့။ ပေါင်မုန့်ကို 'အသား'၊ စပျစ်ရည်ကို 'သွေး'လို့ တင်စားထားပါတယ်။ ငါတို့အသား၊ ငါတို့အသွေးနဲ့ တစ်ကြောတည်းပါပဲ။ ဒါကြောင့် သင်သောက်တဲ့ စပျစ်ရည်ဟာ ငါသွေးပဲ၊ သင်ဖဲ့တဲ့ ပေါင်မုန့်ဟာ ငါ့အသားပါပဲတဲ့။

ဒီလန်တောမတ်စ်က အခြားတစ်နေရာမှာ ဒီလိုရေးဖူးတယ်။ 'အစိမ်းရောင် ကနေ ပန်းပွင့်လေးကို မောင်းနှင်နေတဲ့ စွမ်းအားဟာ ငါ့အစိမ်းရောင်သက်တမ်း ကို မောင်းနှင်နေတယ်။ သစ်မြစ်ကို ဖောက်ခွဲတဲ့ ခွန်အားဟာ ငါ့ကိုဖျက်ဆီးတာပဲ' ခု ကဗျာဟာလည်း၊ ဒီသဘောကို အသွင်းတစ်မျိုး တင်ပြထားတာပါပဲ။

❖

## စာရွက်ကို လက်မှတ်ထိုးတဲ့လက်ဟာ မြို့ကိုဖျက်တယ်

စာရွက်ကို လက်မှတ်ထိုးတဲ့ လက်ဟာ မြို့ကို ဖျက်တယ်၊
မင်းတရား လက်ငါးချောင်းက အသက်ရှူမှုကို အခွန်ခွဲကြရဲ့၊
ကမ္ဘာ့သေသူကို နှစ်ဆတိုးစေပြီး နိုင်ငံကို ထက်ဝက်ကွဲ့စေတယ်၊
ဒီဘုရင် ငါးပါးက ဘုရင်တစ်ပါးကို သေအောင်ဖန်ကြရဲ့၊

တန်ခိုးတော်ရှင်လက်က ပခုံးနိမ့်နိမ့် ဖြစ်သွားစေတယ်၊
လက်ချောင်းအဆစ်များဟာ မြေဖြူနဲ့ ညပ်သိပ်နေရတယ်၊
ငန်းတောင်တစ်တောင်က လူသတ်မှုကို အဆုံးသတ်
သဟာက စကားကို အဆုံးသတ်လိုက်ရဲ့၊

စာချုပ်ကို လက်မှတ်ထိုးတဲ့လက်ဟာ ရောဂါကို ပွားစေတယ်
ငတ်မွတ်ခြင်းလည်းပေါ် ပေါက်၊ ကျိုင်းကောင်းတွေလည်းလာကြ၊
နာမည်ကို ရေးခြစ်လိုက်ရုံနဲ့ လူသားအပေါ်
စိုးမိုးမင်းလုပ်နိုင်တဲ့ လက်ဟာ ကြီးမြတ်စွ၊

ဘုရင် ငါးပါးဟာ သေသူကိုကုရဲ့၊ ဂျိုးတက်နေတဲ့
ဒဏ်ရာကိုတော့ မနှုးညံ့စေဖူး၊ နဖူးကိုလည်း သပ်မပေးဘူး၊
လက်က ကောင်းကင်ကို စိုးမိုးသလို လက်က ကရုဏာကိုစိုးရဲ့၊
လက်များမှာ ယိုစီးစရာ မျက်ရည်မရှိချေဘူး၊

'ပုခက်ကို လွှဲတဲ့လက်ဟာ ကမ္ဘာကို အုပ်စိုးတယ်'လို့ စကာပုံဆိုရိုးရှိတယ်၊ ဒီလန်တောမတ်စ်က ဒီစကားပုံကို သရော်လိုက်ပြီး 'စာရွက်ကို လက်မှတ်ထိုးတဲ့ လက်ဟာ မြို့ကိုဖျတ်တယ်'လို့ ရေးလိုက်ပါတယ်။ အမိန့်စာတွေလက်မှတ်ထိုး၊ စာချုပ်စာတမ်းတွေ လက်မှတ်ရေးထိုးနဲ့ ကမ္ဘာကို အုပ်စိုးနေကြတဲ့ ကနေ့ခေတ် အာဏာရှင်တွေကို သရော်လိုက်တာပါပဲ။ 'ဘုရင်'ဆိုတဲ့ ရှေးဆန်တဲ့ အသုံးအနှုန်းကို သုံးထားပေမယ့် ကနေ့ခေတ်ကို ပြောနေတာဖြစ်တဲ့အကြောင်း ကဗျာရဲ့ကျန်အပိုင်းများက ဖော်ပြနေပါတယ်။

ထင်းရှူးပင်ရိပ်

တောမတ်စ်က လက်တဘက် (လက်မှတ်ထိုးတဲ့လက်)မှာပါတဲ့ လက်ငါးချောင်းကို ဘုရင်ငါးပါးနဲ့ နှိုင်းထားတယ်။ ဒီ ဘုရင်ငါးပါးက အသက်ရှူမှုကို အခွန်ခွဲပါသတဲ့။ 'အခွန်ခွဲတယ်'ဆိုတဲ့ အင်္ဂလိပ်စကားရဲ့ အဓိပ္ပာယ်က အလွန်အမင်းအားစိုက်စေတာ၊ ပင်ပန်းစေတာလို့လည်း အဓိပ္ပာယ်ရတယ်။ ဒါကြောင့် 'အသက်ရှူမှုကို အခွန်ခွဲကြ' တယ်ဆိုတာ သေလုမျောပါးဖြစ်စေတယ်၊ သေစေတယ်လို့လည်း အဓိပ္ပာယ်ရတယ်။ ဒီလိုနဲ့ ကမ္ဘာမှာ သူသေစာရင်းဂဏန်းနှစ်ဆတိုးသွားအောင် လုပ်နိုင်တယ်။ တိုင်းပြည်ရဲ့ လူတစ်ဝက်ကို သေစေခြင်းဖြင့်တိုင်းပြည်လူဦးရေ ထက်ဝက်ကျိုးအောင် လုပ်နိုင်တယ်။ ဘုရင် (တကယ့်လူသားဘုရင်)ကို သေတွင်းပို့လိုက်တာဟာလည်း ဒီဘုရင်ငါးပါး (လက်ငါးချောင်း)ပါပဲ။

ဒီလို လူတွေ သေစေနိုင်စွမ်းတဲ့ လက်ဟာတန်ခိုးတော်ရှင် လက်ပဲပေါ့။ ဒီ လက်ရဲ့ တန်ခိုးကြောင့် လူတွေကျဆုံးကုန်ရတာကို 'ပုခုံးနိမ့်နိမ့်ဖြစ်သွားစေတယ်၊ လက်ချောင်းအဆစ်များ မြေဖြူနဲ့ညပ်သိပ်နေရတယ်'လို့ ဖွဲ့တယ်။ 'ငန်းတောင် တစ်တောင်'ဆိုတာ ကလောင်တံပါ။ ရှေးခေတ်က ငှက်တောင်ကိုကလောင်လုပ်ပြီး စာရေးခဲ့ကြတာကိုး။ ဒီကလောင်နဲ့ လက်မှတ်ရေးထိုးလိုက်လျှင် သေဆိုလည်းသေ ရှင်ဆိုလဲ ရှင်ပဲ။ ဒါကြောင့် 'လူသတ်မှုကို အဆုံးသတ်'ခဲ့တယ်လို့ဆိုတယ်။ တစ်ခါ လူသတ်ပစ်ရတဲ့ စွမ်းပကားကို ထိထိမိမိနဲ့ ဖော်ထုတ်လိုက်ပြန်တယ်။ ဘာဘာ ညာညာ စကားများနေတာကို သတ်ပစ်လိုက်လျှင် တစ်ခါထဲ ငြိမ်သွားတာပဲတဲ့။

လူ့လောကမှာ ကြုံရတဲ့ ရောဂန္တရကပ်၊ အစာ ရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်၊ သီးနှံတွေကို ကျိုင်းကောင်တွေ လာရောက်ဖျက်ဆီးလို့ သီးနှံစပါးတွေ ဆုံးရှုံးရတဲ့ ကပ်ဆိုတာတွေဟာ သဘာဝတရားကသာ ဖန်တီးနိုင်စွမ်းတဲ့ သဘာဝကပ်တွေပါ။ ဒါတွေကိုပဲ စာချုပ်ကို လက်မှတ်ရေးထိုးတဲ့လက်က ဖန်တီးနိုင်တယ်လို့ ရေးလိုက်တော့ ဒီလက်ရဲ့ စွမ်းပကားဟာ သဘာဝတရားနည်းတူ ကြီးမားပြီး ကြောက်ဖွယ်လိလိဖြစ်သွားရပါတော့တယ်။ လက်မှတ်ထိုးတယ်ဆိုတာ နာမည်ကို အသော့ကလေးဖြစ်သလို ရေးခြစ်ချလိုက်တာပဲ။ ဘာမှခက်ခက်ခဲခဲကြိုးပမ်းမှု မပါဘူး။ ဒီလို နာမည်လေးရေးခြစ်လိုက်ရုံနဲ့ လူကိုအုပ်စိုးနေနိုင်တဲ့ လက်ဟာတကယ့် အနန္တတန်ခိုးရှင် လက်ပါပဲ။

အဲသလို လက်ရဲ့ အစွမ်းထက်ပုံကို ရေးဖွဲ့ ပြီးတဲ့နောက် လက်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘောလက္ခဏာကို ရေးဖွဲ့ပြန်တယ်။ သူလက်မှတ်ရေးထိုးလို့ တိုက်ကြ သတ်ကြ သေကြနဲ့ စစ်ပွဲကြီးတွေ ဖြစ်ပြီးတဲ့နောက်မှာ လက်ဟာ သေသူ

တွေကိုရေတွက်လို့တော့ကြည့်တယ်။ ဒါပေမယ့် ဒဏ်ရာရတဲ့သူတွေ၊ ကြွင်းကျန်ရစ်တဲ့ လူတွေကိုတော့ ဖျောင်းဖျခြင်း၊ အားပေးစကားပြောခြင်း မရှိဘူးတဲ့။ သူ မလုပ်ရဲ တင်မကဘူး၊ သူတပါးကိုလဲ မလုပ်စေဖူး။ သူက 'ဘာမှမလုပ်ကြနဲ့၊ ပစ်ထား လိုက်'ဆိုလျှင် ဒီတိုင်းလက်ပိုက်ကြည့်နေကြရတာပဲ။ ကရုဏာတရားကို တောင် သူကစိုးမိုးထားတယ်။ ဘာဆန်းသလဲ။ ကရုဏာတရားအကြောင်းများများ ပြောလေ့ရှိတဲ့ ဘာသာရေးဆိုတာတောင် ဒီလက်ကလွှမ်းမိုးထားတာ မဟုတ်လား။ ကောင်းကင်ကို လက်ကစိုးမိုးနေပါတယ်။ လက်ဆိုတော့ (အသည်းနှလုံး မဟုတ် လေတော့) ယိုစီးစရာမျက်ရည်မရှိပေဘူးပေါ့။ မသနား မစာနာတတ်ပေဘူးပေါ့။ ဒီအပိုဒ်ဟာ လူသားစိတ်ကင်းပြီး စက်ရုပ်သဖွယ် ဆက်ဆံကျင့်သုံးလုပ်ကိုင်နေကြတဲ့ ကနေ့ခေတ်လူ့လောကကို ပိုင်နိုင်စွာ သရော်လိုက်ခြင်း ဖြစ်ပါတော့တယ်။

❖

## ဆည်းဆာ

ဆည်းဆာသော့ခလောက်များက ငါ့လက်ချောင်းရဲ့
ပိုးကောင်ရှည်ကို ခတ်ပိတ်မထားတော့၊
ငါ့လက်သီးတစ်ဝိုက် အသော့နှင်တဲ့ပင်လယ်ကို တာတမံမဆည်တော့တဲ့ခါ
အချိန်ရဲ့ပါးစပ်ဟာ ပတ္တာအသီးသီးပေါ်က
နွားနို့ဆံတဲ့ အက်ဆစ်ကို ပင်လယ်ရေမြုပ်လို စုပ်ယူပြီး
ရင်အုံရဲ့ ရေတွေကို ခန်းခြောက်တဲ့ထိ မျိုချတော့တယ်။
နွားနို့ပင်လယ်ကို စုပ်ယူလိုက်လို့
သွေ့ခြောက်နေတဲ့ ပင်လယ်မြေခံ ပွင့်သွားတဲ့အခါ၊
ငါ့သတ္တဝါကို ကမ္ဘာမြေပေါ် ကင်းထောက်လွှတ်လိုက်တယ်။
အမွေးနဲ့ အရိုးနဲ့ ကမ္ဘာမြေ၊
အာရုံကြောနဲ့ ဦးနှောက်ဖြင့် ငါ့ကို ချုပ်သီထားပြီး
ငါ့ရုပ်ဒြပ်ဘူးကို သန္ဓေရိုးမှာ ကြိုးချည်ထားတဲ့ ကမ္ဘာမြေလေ

ထင်းရှူးပင်ရိပ်
ငှါစနက်တံများကို သူ့နှလုံးသားဆီ ပစ်ခွင်းဖို့ အချိန်ကိုက်ထားတာ
အလင်းရောင်ဆီ ယမ်းမှုန့်လို သူကွဲသွားတယ်။
ပြီး နေမင်းနဲ့ ဥပုသ် ခဏတဖြုတ် စောင့်နေလေရဲ့။
ဒါပေမယ့် ကြယ်များက သဏ္ဍာန်များ ဆောင်ကြပြီး
သူ့မျက်လုံးတွေထဲ အိပ်ခြင်းကောက်ရိုးတွေ ဆွဲယူတဲ့ခါ၊
သူ့ဖခင်ရဲ့ မှော်စွမ်းများကို အိပ်မက်ထဲ နှစ်မြှုပ်ပစ်ပါတော့တယ်။
သချိုင်းရဲ့ပြဿနာအားလုံး သံချပ်ကာထား၊

ဆံပင်နီကြောင်ကြောင် ကင်ဆာက အသက်ရှင်ဆဲ၊
သူတို့ အဝတ်စကို အမှေးပါးလွှမ်းပေးတဲ့ ရေတံခွန် မျက်လုံးများ
သူသေအချို့က အမွေးထူ မေးရိုးများ လှစ်ပြကြ၊
သွေးအိတ်များက ယင်ကောင်များကို လွှတ်ပေးကြတယ်။
သူဟာသေခြင်းရဲ့ ခရစ်လက်ဝါးကပ်အသံကို အလွတ်ရရဲ့။

အိပ်ခြင်းက အချိန်ဒီရေများကို သဘော်မောင်းနှင်တယ်။
သချိုင်းဂူရဲ့ သွေ့ခြောက်တဲ့ ဒိုက်သရောစုက
သလောက် အလုပ်လုပ်လှတဲ့ ပင်လယ်ကိုသူ့အသေကောင်တွေပေးအပ်လိုက်တယ်။
အိပ်ခြင်းဟာ အိပ်ရာများအပေါ် တိတ်တဆိတ် လိမ့်လာတယ်၊
အဲဒီမှာ အရိပ်တွေကို ငါးစာများ ကျွေးတယ်၊
အရိပ်တွေက ပန်းပွင့်များကနေ ကောင်းကင်ဆီ ပယ်ရီစကုပ်နဲ့ကြည့်ကြတယ်။

မိမိတို့ လက်ခြေများအတွက် တစ္ဆေပန်ကာများကို
သံပုရာပင်များကနေ လီဗာနင်းကြတဲ့ ကြိုးပေးခံများ၊
ကြက်ဖနဲ့အတူ ညှိုးကျတဲ့ ဆိုက်ပရ လုလင်များ၊
ဒီ့တွေရယ်၊ အိပ်ခြင်းရဲ့ နယ်မြေမှ အခြားအရာများရယ်က
အိပ်မက်နေသူများကို

အမြင်ရ သူရှူးတို့ကို ကျောမှာချောင်းပစ်လိုက်တော့တယ်။

ဆည်းဆာ ဝက်အူများကို လှည့်လိုက်ပြီမို့
မိခင်နို့ရည်ဟာ သဲလိုမာတင်းလာတဲ့အခါ၊
ငှါသံအမတ်ကို အလင်းဆီ လွှတ်လိုက်တယ်။
ပရိယာယ်ပဲလား ကံပဲလားမသိ သူ အိပ်ပျော်သွားကာ
အသေကောင် သဏ္ဍာန်တစ်ခုကို မှော်စွမ်းနဲ့ ခေါ်ယူပြီး
သူ့နှလုံးသားထဲမှာ ငှါအရည်များ လုယူလိုက်ပါတော့တယ်။

ငါရဲ့အိပ်သူငှဲ၊ မနက်မြို့တော်က အလုပ်သမား
နေမင်းဆီကို နိုးထပါတော့၊
ဘိန်းမူးနေတဲ့ ဖော်လံဖားကို သူလဲလျောင်းရာမှာပဲ ထားခဲ့ပါတော့။

အလင်းရောင်ရဲ့ ဝင်းထရံတွေပြိုကျကုန်ပြီ
အသွက်ဆုံး မြင်းစီးသမားများမှတပါး အားလုံးလဲကုန်ပြီ
လောကတွေလည်း သစ်ပင်များပေါ် ချိတ်နေကြပေါ့။

သင်္ကေတတွေ ဒင်းကြမ်းနဲ့ ရေးချလိုက်တဲ့ ' မော်ဒန်'ကဗျာတစ်ပုဒ်ပါပဲ။ 'သော့ခလောက်'၊ 'ပိုးကောင်ရှည်'၊ 'ပင်လယ်'၊ 'စနက်တံ'၊ 'သချိုင်း' - ဒါတွေဟာ ကဗျာဆရာရဲ့ ခံစားရချက်ကို သင်္ကေတပြုပြီး ရေးချထားတာတွေ ဖြစ်တယ်။ အလင်္ကာလို တစ်နည်းမဟုတ် တစ်နည်း အဓိပ္ပာယ် ဆက်စပ်မှု ရှိချင်လည်းရှိမယ်။ မရှိ ချင်လည်းမရှိပေဘူး။ အဓိပ္ပာယ်ရှိဖို့ထက် စိတ်ထဲမှာ ဖြစ်ပေါ်လာချက်ကို သင်္ကေတ အဖြစ် ရေးချဖို့က အဓိကပဲ။ တစ်ခုလုံးကို ရှောက်ဖတ်သွားလျှင် သူဘယ်လို စိတ်အတွေ့အကြုံတွေဖြစ်တယ်၊ ဘာကိုဖော်ကျူးချင်နေတယ်ဆိုတာ တစိမ့်စိမ့်သဘောပေါက်လာပါလိမ့်မယ်။ အဓိပ္ပာယ်ဖော်ဖို့တော့ မကြိုးစားပါနဲ့၊ ရှိမှာမဟုတ်ဘူး။ ဘယ်လိုခံစားရသလဲ၊ ကြောက်သွားသလား၊ ချောက်ချားသွားသလား၊ အံ့ဩသွားသလား၊ အဲဒါကိုသာ သတိပြုခံစားကြည့်ပါ။

ဥပမာ၊ စစချင်း အပိုဒ်မှာပဲ 'ဆည်းဆာသော့ခလောက်' ဆိုတာကတော့ ပိတ်တဲ့သဘော ပြောချင်တာမို့ အဓိပ္ပာယ် အဆက်အစပ် ရှိနိုင်သေးတယ်။ 'ငှါ

**ထင်းရှူးပင်ရိပ်**

လက်ချောင်းရဲ့ ပိုးကောင်ရှည်'တို့၊ 'ငါ့လက်သီးတဝိုက် အသော့နှင်တဲ့ ပင်လယ်' တို့ 'နွားနို့ဆံတဲ့ အက်ဆစ်' တို့ကတော့ အဓိပ္ပာယ် အဆက်အစပ် တယ်ရှိကြမယ် မဟုတ်ဘူး။ သူ့စိတ်ထဲမှာ ချောက်ချားခြင်း၊ ထိတ်လန့်ခြင်း၊ အနေကျဉ်းကျပ်ခြင်း စသဖြင့် ပေါ်လာတဲ့ စိတ်အခြေတွေကို သင်္ကေတပြုရေးချလိုက်တာပဲ။ ဒါတွေကို ဖတ်ရတဲ့ခါ ကျွန်တော်တို့လည်း အဲသလို တွေ့ကြုံခံစားရတာပဲ။ ဒီကဗျာမှာ အများစု ကတော့ ချောက်ချားစရာတွေဖြစ်ပါတယ်။ ရေးထားတဲ့အကြောင်းကလည်း ခေါင်းစဉ် မှာ ဖော်ပြထားတဲ့အတိုင်း နေဝင်ဆည်းဆာကနေ မနက်နေပြူလာစ အချိန်ထိ အတွေ့အကြုံလေးကို သရုပ်ဖော်ထားတာ ဖြစ်ပေသကိုး။ အိပ်မက်တွေ၊ အထူးသဖြင့် ထမင်းလုံး တစ္ဆေချောက်တဲ့ အိပ်မက်တွေနဲ့ ညမှာ ချောက်ချားရတာကို ကဗျာဖတ် သွားရင်း တွေ့ထိခံစားမိပေလိမ့်မယ်။ ဒီအတွေ့အကြုံမျိုးက လူတိုင်းကြုံနေကျ အတွေ့အကြုံ မျိုးပေကပဲ။

■

# ပြင်သစ်ကဗျာ

# ဘိုဒလယ်

ပီယာ ရှားလ် ဘိုဒလယ် (၁၈၂၁ - ၆၇) ဟာ ပြင်သစ်ကဗျာဆရာ၊ ဝေဖန်ရေး ဆရာဖြစ်ပါတယ်။ ငယ်စဉ် ကတည်းက အင်မတန် တွေ့သိခံစားတတ်တယ်။ ဘဝရဲ့ 'ထိတ်လန့်ဖွယ်' ကိုရော 'ကြည်နူးဖွယ်' မှာပါ တုံ့ပြန်တတ်တယ်။ အထီးတည်းဖြစ် နေတတ်တယ်လို့ ဆိုတယ်။ ဒီလိုဖြစ်ရအောင် သူ့ဘဝကပဲ တွန်းပို့တယ်နဲ့ တူပါရဲ့။ ငယ်ငယ်ကတည်းက ဖအေဆုံးသွားခဲ့ရတယ်။ သူ ခုနနှစ် နှစ်သားမှာ မအေက စစ် ဗိုလ်သံတမန်တစ်ဦးနဲ့ နောက်အိမ်ထောင်ပြုခဲ့တယ်။ ပထွေးနဲ့ သူနဲ့ဟာ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြဘူး။ နောက် သူ့ကို လျှန်းစစ်တက္ကသိုလ်ကို ပို့လိုက်တယ်။ စစ်တက္ကသိုလ်မှာ သူ မပျော်မွေ့ဘူး။ သူငယ်ချင်းတွေနဲ့ သူနဲ့လည်း မတူပြန်ဘူး။ သူတို့လို နေလို့ကို မရဘူး။ စည်းမဲ့ ကမ်းမဲ့ ထင်သလို နေပစ်တယ်။ ဒါနဲ့ မိဘအုပ်ထိန်းသူများက သူ့ကို ကာလကတ္တားကို ခရီးအထွက်ခိုင်းတယ်။ ဒါလည်း ကောင်းကောင်းမသွားဘူး။ လမ်းခုလတ်မှာ သင်္ဘောကို စွန့်ပစ်ပြီး အိန္ဒိယ သမုဒ္ဒရာထဲက မောရိရှ့စ်ကျွန်းမှာ သုံးပတ်လောက်သွားနေတယ်။ အဲဒီ ယဉ်စွန်းတန်း ဒေသမှာ နေထိုင်ရတာကို သူအတော် နှစ်ခြိုက်မိတယ်။ အာရုံခံစားမှုအတွေ့ အကြုံတွေ စုဆောင်းသိမ်းမိသွားပါတော့တယ်။ ဒါနဲ့ ပြင်သစ်ပြည်ပြန်လာတော့ ပါရီမှာ အနုပညာသည်လောကမှာ လက်လွတ်စပယ်နေထိုင် သုံးဖြုန်းပြန်ပါရော။

သူ့ဖခင်ရင်းဆီက အမွေရလိုက်တဲ့ ငွေတွေလည်း နှစ်နှစ်အတွင်း ကုန်သွားတာပဲ။ မိသားစု ရှေ့နေနဲ့ မိခင်လုပ်သူတို့က စီစဉ်ထောက်ပံ့တဲ့ ငွေကလေးမဖြစ်စလောက်နဲ့ပဲ နေရ ထိုင်ရတော့တယ်။ သတင်းစာအလုပ်၊ စာအုပ်အလုပ်နဲ့ ငွေဝင်လေး ဘာလေး အသင့်အတင့်ရအောင် ကြိုးပမ်းရပေမယ့် မအောင်မြင်ဘူး။ ရှန်းဒည်ဗာလ်ဆိုတဲ့ ကပ္ပလီစပ် အမျိုးသမီးတစ်ဦးနဲ့ အဆက်အသွယ်ဖြစ်နေခဲ့တာ အနှစ်နှစ်ဆယ် လောက် ကြာတယ်။

ဘိုဒလယ်ဟာ လူကတော့ လူပေါ်ကြော့ပဲ။ အနုပညာမှာတော့ သူက လေးနက်မှုရှိတယ်။ 'စာပေဟာ တခြားအရာအားလုံးရဲ့ အလျှင်ဖြစ်ရမယ်။ ဆာလောင်မှုအလျှင်၊ ပျော်ရွှင်မှုအလျှင်၊ ကျုပ်အမေရဲ့ အလျှင်ဖြစ်ရမယ်'လို့ သူကဆိုတယ်။ သူ့ကိုယ်သူ ပျင်းချင်တယ်ဆိုပြီး အလုပ်ကို ဖိလုပ်တယ်။ စောစောပိုင်း က ဝေဖန်ရေးစာတွေရေးတယ်။ သူရဲ့ ခံစားနိုင်စွမ်းကြောင့် နာမည်ကြီးတယ်။ ၁၈၄၆ မှာ အဂ္ဂါအယ်လင်ပိုးရဲ့ ကဗျာအချို့ကို တွေ့မိရာက အလုပ်တစ်ခုကို သည်းသည်း မဲမဲစတင်လုပ်လိုက်တာ ၁၇နှစ်ကြာခဲ့ပါတယ်။ အဲဒါကတော့ ပိုးရဲ့'ပုံပြင်များ'ကို ဘာသာပြန်ခြင်းပါဘဲ။ ဒီဘာသာပြန်ဟာ သူ့အကောင်းဆုံး လက်ရာတစ်ခု သတ်မှတ်ခြင်း ခံရပါတယ်။ ၁၈၅၇မှာ တစ်ခုထဲ စာအုပ်ဖြစ်တဲ့ သူ့ကဗျာစာအုပ် 'ဒုစရိုက်ပန်းများ'ထွက်လာတယ်။ အဲဒီနောက် 'စကားပြေကဗျာလေးများ' နဲ့ 'လုပ်ယူတဲ့နတ်ဘုံ' တို့ထွက်လာတယ်။ 'လုပ်ယူတဲ့ နတ်ဘုံ' တစ်စိတ်တစ်ပိုင်းက ဒါကွင်ဆီရဲ့ 'ဘိန်းစားတစ်ဦးရဲ့ ဖြောင့်ချက်' ထဲက ဘာသာပြန်ထားတာပါ။ ပြီး သူ့ကိုယ်တွေ့ ဘိန်းစားအတွေ့အကြုံလည်း ပါသပေါ့လေ။ သူက သူ့ကိုယ်သူ အတော် ဖျက်ဆီးနေပါပြီ။ ကာမဂုဏ်ကို အလွန်အကျွံ လိုက်စားတယ်၊ အရက်ကိုတွန်း သောက်တယ်၊ ဘိန်းရှူကြည့်တယ်။ အသက်၄၀ကျတော့ ကျန်းမာရေးဟာ လုံးဝချွတ် ယွင်းခဲ့ရတော့တယ်။ သူ့ဘဝ နောက်ပိုင်းကာလများမှာ သူဟာဆင်းရဲမွဲတေတယ်။ ရောဂါစွဲကပ်တယ်၊ ရူးမှာစိုးနေရတယ်။ မကြာမကြာလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေ ဖို့ ကြိုးစားတယ်။ စိတ်ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ကြီးစွာနဲ့ နေခဲ့ရရှာတာပါပဲ။ ဘယ်လ်ဂျီယံမှာ ဟောရင်း ပြောရင်း ခရီးလှည့်ထွက်ခဲ့သေးတယ်။ မအောင်မြင်ဘူး။ ဒါပေမယ့် ဘယ်လ်ဂျီယံမှာ နှစ်အနည်းငယ်တော့ နေခဲ့သေးရဲ့။ ပါရီကို ပြန်လာ တော့ မျှော်လင့်ချက် ကင်းမဲ့တဲ့သွက်ချာပါဒ ဝေဒနာသည် ဖြစ်နေရှာပါပြီ။ ကိုယ့်နာမည်တောင် ကိုယ်မမှတ်မိ။ မှန်ထဲကြည့်ပြီး ကိုယ့်ရုပ်ကိုယ် မသိဖြစ်နေပြီ။ ဒီလိုနဲ့ ၁၈၆၇ မှာ သေဆုံးခဲ့ရတယ်။

ဘိုဒလယ်ဟာ စာရေးမလို့ လုပ်ထားတာကတော့ အများကြီးပဲ။ ဒါပေမယ့် ရေးဆဲတော်တော် များများတောင် အပြီးမသတ်ခဲ့ဖူး။ သူက ကဗျာတစ်ပိုဒ်ကို နာရီပေါင်း များစွာပြင်ပြီးရင်း ပြင်ရင်း လုပ်နေတတ်တယ်။ အသစ်တစ်ပုဒ်စပ်လိုက်လျှင် ပြီးမဲ့ဟာကို မစပ်ဘူး။ သူ့ နာမည်ကြီး 'ဒုစရိုက်ပန်းများ'ကို ၁၈၅၀မှာ ထွက်လာမယ်လို့ ကြော်ငြာတယ်။ ၁၈၅၇မှ ထွက်ဖြစ်တယ်။ ဒါကိုပဲ ၁၈၆၁မှာ ပြန်ထုတ်တော့ ပြင်တာတွေ ချဲ့တာတွေ လုပ်ထားပြန်သေးတယ်။ သူက တန်ပြန် ရောမန္တိကဝါဒီပါပဲ။ ရောမန္တိကတွေရဲ့ ဝိုးတဝါးနိုင်မှု၊ စကားလုံး ဖောင်းပွမှု၊ စိတ်လှုပ်ရှားမှု၊ လက်လွတ်စပယ်လုပ်မှုတို့ကို သူမကြိုက်ဘူး။ သူဟာဂိုတျာဆီက ပုံသဏ္ဌာန်နည်း စနစ်ကို သင်ယူသူဖြစ်တယ်။ ဒါပေမဲ့ ဂိုတျာလို ရုပ်ဝတ္ထု မကျအင်မတန် စိတ်ပိုင်း ဆန်သူ ဖြစ်နေတယ်။ သူကိုယ်တိုင်ရဲ့ အလှဆုံး အလင်္ကာလေးတွေဟာ သဘာဝ တရားက လာတာဖြစ်ပေမယ့် သဘာဝတရားကို သူမယုံဘူးတဲ့။ လူ့သဘာဝနဲ့ ပတ်သက် လို့ သူက 'မကောင်းမှုကို မကြိုးစားရဘဲ သဘာဝအလျောက်လုပ်ကြတယ်။ ကောင်းမှုကတော့ အနုပညာနဲ့ လုပ်ယူရတယ်'လို့ ပြောဘူးတယ်။ 'အကျင့် ကောင်းခြင်း' နဲ့ 'အလှ'ဆိုတာ အနုပညာက ဖန်ဆင်းတာချည့်။

ဘိုဒလယ်က ကဗျာဝါဒနဲ့ ပတ်သက်ပြီး အဂ္ဂါအယ်လင်ပိုးဆီက တပည့်ခံတယ်။ ဒါကတော့ (၁) အနုပညာဟာ ကျင့်ဝတ်၊ နိုင်ငံရေး၊ စီးပွားရေး စတဲ့ လူမှုကိစ္စတွေနဲ့ ကင်းလွတ်ရမယ်။ တရားမဟောရဘူး၊ (၂) အလှဆိုတာ ထူးဆန်းမှုနဲ့ ရောဖက်နေမှ အလှဆုံးဖြစ်တယ်ဆိုတဲ့ အချက်နှစ်ချက်ပါပဲ။

မြို့ကြီးပေါ်မှာ ဂျပိုးထိုးလာခဲ့တဲ့ ဘိုဒလယ်ဟာ အလျင်က မသုံးခဲ့ကြဖူးသေးတဲ့ အကြောင်းအရာတွေမှာ ကဗျာကို သွားတွေ့ပါတယ်။ ဒါကတော့ ပြည့်တန်ဆာမ၊ သူတောင်းစား၊ အရက်သမား၊ လူမွဲများပါပဲ။ ဒီလူတွေရဲ့ ဒုက္ခမှု၊ ညစ်ပေရေမှု၊ ဒုစရိုက်မှုများမှာ သူကအလှကို ထုတ်နုတ်ယူဖို့ ကြိုးစားတယ်။ ဒါပေမယ့် စိတ်ကူးနဲ့ တင်စား အမွှန်းတင်တာမျိုး မဟုတ်ဘဲနဲ့ အရုပ်ဆိုးတာကို အရုပ်ဆိုးတယ်လို့ တင်ပြရင်း၊ ပြောင်မြောက်တဲ့ စကားအသုံးအနှုန်း၊ ပြောင်မြောက်တဲ့ပုံသဏ္ဌာန်နဲ့ သရုပ်မှန်မှန် ဖော်ကျူးခြင်းသာ ဖြစ်တယ်။ ဒီလိုသူက ဒုစရိုက်တွေကို ဖေါ်ပြတာကြောင့် သူ့စာအုပ် ကို ရှုတ်ချကြ၊ အချို့ကဗျာတွေ အပိတ်ခံရတဲ့အခါ သူကသူဟာ 'ဒုစရိုက်ကို ကြောက်လာအောင်၊ လန့်ထိတ်လာအောင်သာ'နှိုးဆွ ပေးတာပါလို့ ပြောပြတယ်၊ မာန၊ ရာဂ၊ ပြည့်တန်ဆာ၊ အရက်မူး၊ ဘိန်းစား၊ လူသတ်မှု စတဲ့ ဒုစရိုက်တွေထဲမှာ အဆိုးဝါးဆုံး က ဘဝကို 'ငြီးငွေ့ခြင်း'ပါလို့ သူကပြောတယ်။

သူဟာ ဘာသာရေးကို ယုံတယ်၊ ဒေ၀ကိုယုံတယ်၊ မာရ်နတ်ကို ယုံတယ်၊ လူ့သဘာ၀ ကိုလဲ ဒုက္ခနဲ့ ပြည့်နေဦးတော့ တွယ်ဖက်ထားရမယ်လို့ ယုံတယ်။ လူ့လောကက အလွတ်ရုန်းပြီး ရသေ့ရဟန်းပြုသွားတာဟာ သစ္စာဖောက်တာပဲတဲ့။ ဆင်းရဲပစေ၊ ဒုစရိုက်ပွှမ်းပစေ၊ လူ့လောကထဲမှာပဲနေဖို့ ကြိုးစားရမယ်တဲ့။ ဒဿန ကြောင့်လည်း ဘို့ဒလယ်ဟာ အများနဲ့ဝင်ဆန့်ခြင်းဖြစ်တယ်။ဒီဒဿနကိုမှ သူကလှပပြီး ထိန်နိုင်စွမ်း တဲ့ ကဗျာလေးတွေနဲ့ ဖေါ်ကျူးခြင်းဖြစ်ပါတယ်။ ဘို့ဒလယ်ဟာ စကားလုံးကို ရွေးသုံးတယ်။ ဆန်းကိုဏ်း ပုံစံကို အသစ် စမ်းသပ်ခြင်းမျိုး မလုပ်ဘူး။ သဒ္ဒါလင်္ကာရ ကို လှပအောင် ဂရုစိုက်တယ်။ (အာရုံတွေ၊ ခံစားမှုတွေ၊ အသိတွေဟာ ဆက်သွယ်မှု ရှိတယ်လို့ သူကဆိုခဲ့တယ်။ ဒီလိုနဲ့ စာပေမှာ ပမာဏတစ်ခု တိုးသွားရတယ်။ အာရုံတွေ အားလုံးကဗျာဆရာရဲ့ အဇ္ဈတ္တထဲ စီးဝင်သွားနိုင်ပြီး တစ်သားတည်းဖြစ် သွားတယ်။ ကဗျာဆရာဟာ ဘေးကထိုင်ကြည့် သူမျှ မဟုတ်တော့ဘူး။ ရှင်းပြ နေစရာ မလိုဘဲနဲ့ ရုပ်ပုံတစ်ခုက တစ်ခုထဲကို ရောဝင် သွားနိုင်တယ်။ ပြောပြစရာ၊ သရုပ်ဖေါ်စရာရှိတာကို ရူပကအလင်္ကာကိုသာ လုံး၀ တာဝန်လွှဲလိုက်တဲ့ သဘော ပါပဲ။ ဒီ အချက်ဟာဖြင့် ခုခေတ်ကဗျာမှာ အရေး အကြီးဆုံး ဖြစ်လာခဲ့ပါပြီ။ ဒါပေမယ့် ဘို့ဒလယ်ကိုယ်တိုင်က ဒီနည်း အမြဲတမ်းတော့ မသုံးဘူး။ နောက်ထပ် အနှစ် ၃၀လောက်သာ အသက်ရှင်နေ ခဲ့သေးလျှင်ဖြင့် သူဟာ သင်္ကေတဝါဒီ လုံးလုံးဖြစ်လာနိုင်စရာ ရှိပါရဲ့။ သူက မသိစိတ်ရဲ့ ထင်ဟပ် ချက်တွေကို ရုပ်ဒြပ်ရှိတဲ့ ဝေါဟာရတွေနဲ့ ဖေါ်ပြဖို့ ကြိုးစားခဲ့တယ်။ လုံး၀ အသိစိတ်ထဲ ဆောင်ကြဉ်းပေးတယ်။ ဒါ သူ့ရဲ့ ဂန္တဝင်မြောက် စွမ်းဆောင်ချက်ပါပဲ။ ၁၇ ရာစုစာရေးဆရာတွေက ကိုယ်ဆိုလိုရာကို အတိအကျ ဖေါ်ပြမယ့်ဆီလျော်တဲ့ စကားလုံးတွေနဲ့ အတွေး အခေါ်ကို ဖေါ်ထုတ်ဖို့ အားထုတ် ကြတယ်။ ဘို့ဒလယ် ကတော့ သူ့ဆိုလိုချက်ကို တိကျနိုင်သမျှ တိကျစွာဖေါ်ထုတ်နိုင်မယ့် ရူပက အလင်္ကာကို သုံးတယ်။

တနည်းပြောရလျှင် ဘို့ဒလယ်က အကြောင်းအရာတစ်ခုကို ကဗျာ ဆန်ဆန် ပြောပြရုံမျှ ပြောပြတာမဟုတ်ဘူး။ သူ့စိတ် အတွေ့အကြုံကို ရူပက အလင်္ကာများ၊ သင်္ကေတများရဲ့ အကူအညီနဲ့ တကယ့်တကယ် ဖေါ်ထုတ်ဖို့ ကြိုးစား ခြင်းပဲ ဖြစ်ပါတယ်။ မြင်သိသာတဲ့ စိတ်အတွေ့အကြုံများနဲ့ ပတ်သက်ပြီး သာမန် ဘ၀ထဲက ရုပ်ပုံတွေကိုသုံးကာ၊ ဒီ ရုပ်ပုံကိုလည်း သူ့ပင်ရင်းထက် ပိုတဲ့ အရာတစ်ခုကို ကိုယ်စားပြုလာအောင် အဆင့်မြှင့်ပေးလိုက်ပါတယ်။ ဒီလို လုပ်ခြင်းဖြင့် သူဟာ တိကျမှုလည်းရတယ်။ တအံ့တဩ ဖြစ်ရရုံမက ကောင်းမွန်တဲ့ နှိုင်းယှဉ်ချက်များလို့ဆို

ရတဲ့ ရုပကအလင်္ကာတွေလည်းရတယ်။ ခံစားမှုကို တိကျတဲ့စိတ်အတွေ့အကြုံအဖြစ် ဖော်လိုတဲ့အတွက် အာရုံတုံ့ပြန်မှုများကြား၊ ဗဟိဒ္ဓနဲ့ အဇ္ဈတ္တလောကများကြား ဆက်စပ်မှု၊ဆက်သွယ်မှုကို သူအများကြီး အသုံးချခဲ့တယ်။ သူ့နိမိတ်ပုံတွေဟာ ရှင်းနေပေမဲ့ သွယ်ဝိုက်တဲ့ 'မှော်စွမ်း'တစ်ခုကို ရည်စူးထားတယ်။ ခုခေတ်လူတွေရဲ့ ရှုပ်ထွေးနက်နဲတဲ့ ခံစားနိုင်စွမ်းကို ဖော်ပြဖို့ ကဗျာအမျိုးအစားကို တီထွင်ရင်း ဘိုဒလယ်ဟာ ပြင်သစ် သင်္ကေတဝါဒရဲ့ ရှေ့ပြေးတစ်ဦးဖြစ်ခဲ့ရတယ်။ သူ့ ဩဇာဟာ အလ်ဂါဒွန်ချားလ်စ်၊ ဆွင်းဘန်း၊ အားနက်စ်ဒေါင်ဆန်စတဲ့ အင်္ဂလိပ်ကဗျာဆရာတွေ အပေါ်မှာလည်းလာရိုက်တယ်။ နောင်ပေါ်လာမယ့်ပြင်သစ်ကဗျာ ဆရာတွေ၊ ပေါင်း၊ ယိတ်စ်စတဲ့ အင်္ဂလိပ် ကဗျာဆရာတွေရဲ့ ကဗျာများမြစ်ဖျားခံရာ လို့လည်းဆိုကြ တယ်။ အဲလိယတ်က ဘိုဒလယ်ရဲ့ ကဗျာနဲ့ ဘာသာစကားဟာ 'ကျုပ်တို့ စမ်းသပ် ခဲ့တဲ့ပုံစံသစ်နဲ့ အနီးစပ်ဆုံး'လို့ပြောတယ်။

ဒါပေမယ့် ဘိုဒလယ်ရဲ့ ဩဇာဟာ ပုံစံနည်းစနစ်မျှလောက်တင် မကသေး ပါဘူး။ သူက သူ့ကိုယ်သူ ဟန်ဆောင်မှုကင်းစွာ၊ ထိန်ချန်ခြင်းကင်းစွာ ရှုကြည့်တယ်။ သူစိတ်ဓါတ်အဆင့် လျှောနေတာကို သူမဖုံးကွယ်လိုဘူး။ ဒီနှစ်ခုစလုံးကို လေ့လာ တယ်။ နားလည်ဖို့၊ ဖော်ကျူးဖို့ အပတ်တကုပ် ကြိုးစားတယ်။ သူ့ စာဟာ ဩဝါဒ ဆန်ဖို့ဝေးသော်လည်း ရှုပ်ထွေးလာတဲ့ လူ့ယဉ်ကျေးမှုရဲ့ ဒုက္ခသုက္ခ၊ အားပျက်ဖွယ်၊ ပျက်စီး ခြင်းတို့ကို လေ့လာစရာ၊ လူရဲ့ အဆိုး-အကောင်းတို့ကိုလေ့လာစရာ 'လက်တွေ့သင်ခန်းစာများ'အဖြစ်တည်နေပါတယ်။ ရိုးသားစွာ၊ ထက်သန်စွာ သူတွေ့ ကြုံသမျှကို မှတ်တမ်းတင်ရင်း ဘိုဒလယ်ဟာ လူ့သဘာဝတစ်ခုလုံးမှာ ဖြစ်ပျက် နေတာကို မှတ်တမ်းတင်ခဲ့တာပါပဲ။

**ဆက်သွယ်နေမှုများ**

**သဘာဝတရားဟာ ဘုရားကျောင်းတစ်ခုပဲ၊ ဒီမှာ သက်ရှိတိုင်ကြီးတွေဟာ**
**ရှုပ်ထွေးထွေး စကားများကို ရံဖန် မြွက်ဆိုနေကြတယ်။**
**ဒီမှာလူသားဟာ မိမိကို အကျွမ်းတဝင် အကြည့်များနဲ့**
**စောင့်ကြည့်နေကြရာ သင်္ကေတ တောအုပ်များကို ဖြတ်သွားရတယ်။**

**အရိပ်ဆန်တဲ့၊ နက်နောတဲ့ ညီညွတ်မှုနဲ့၊**
**ညလို နေ့အလင်းလို ကျယ်ပြောစွာနဲ့**

အဝေးမှာ ရောယှက်သွားတဲ့ ရှည်လျားလျား ပဲ့တင်သံများပမာ
မွှေးရနံ့များ၊ အရောင်များ၊ အသံများ အချင်းချင်းခေါ်ထူးနေကြရဲ့။

အချို့ရနံ့များက ကလေးများရဲ့ အသားလို လတ်ဆတ်ကာ၊
နှဲသံလိုချိုသာ၊ မြက်ခင်းလိုစိမ်းလန်းတယ်
တခြားရနံ့များကတော့ ပျက်ယွင်းတယ်၊ ကြွယ်ဝတယ်၊ အောင်မြင်တယ်။
ပယင်း၊ ကတိုး၊ ဘင်ဇွိုင်း၊ အမွှေးတိုင်တို့လို၊
အနန္တအရာဝတ္ထုများရဲ့ ကျယ်ပြန့်မှု ရှိကြတယ်၊
ဝိညာဉ်နဲ့ အာရုံရဲ့ ပီတစျာန်များကို တေးဖွဲ့သီကြတယ်။

['ဒုစရိုက်ပန်းများ' ၁၈၅၇]

ခုခေတ်စာပေကိုအကြီးအကျယ် သြဇာညောင်းသွားစေတဲ့ ဘော့ဒလယ်ရဲ့ ကဗျာတပုဒ်ပါပဲ။ အာရုံခံစားမှုတွေဟာ တစ်ခုနဲ့တစ်ခု ဆက်သွယ်မှုရှိတယ်လို့ တင်ပြလိုက်တဲ့ ကဗျာဖြစ်ပါတယ်။ လောကကြီးရဲ့ လျှို့ဝှက်နက်နဲတဲ့ သဘောတွေကို ကဗျာဆရာက အဓိပ္ပာယ်ဖွင့်ပြနေတယ်။ သြကာသလောကထဲမှာ လျှို့ဝှက်တဲ့ အသံတွေက တခုကိုတခုခေါ်ထူးနေကြတယ်။ သူတို့ဟာဖြင့် မြင်ရတဲ့တရားနဲ့ မမြင်ရတဲ့ တရားများ၊ ရုပ်တရားနဲ့ နာမ်တရားများ ဆက်သွယ်မှုရှိပုံကို ဖော်ပြနေကြခြင်းပါပဲတဲ့။ 'ဆက်သွယ်မှု' (Correspondances)လို စိတ္တဇနာမ်ကို ဗဟုဝုစ်လုပ်ပြီးသုံးထားတာက ဒီဆက်သွယ်မှုတွေ များပြောင်ပုံကို ထင်ဟပ်စေတယ်။ မူရင်း ကဗျာမှာ အသံကို အသုံးပြုထားပုံကိုက ဖော်လိုတဲ့ ရုပ်ပုံကိုအထောက်ကူပြုနေစေတယ်။

ပထမပိုဒ်မှာ သဘာဝတရား (သြကာသလောက)ကို ရှေးခေတ် ဘုရားကျောင်းကြီး တစ်ခုနဲ့နှိုင်းထားတယ်။ ဘုရားကျောင်းက တိုင်လုံးကြီးတွေပေါ်မှာ ရှေးအီဂျစ်ခေတ်အရေးအသားလို အက္ခရာ အရေးအသားတွေရှိတယ်။ သူတို့ဟာဖြင့် အကျွမ်းတဝင်ရှိပြီးသားသင်္ကေတတွေပါပဲ။ ဒါပေမယ့် သာမန်လူများကတော့ သူတို့ကို မြင်ပေမယ့် အံ့မှုမဲ့အမှတ်မဲ့ပဲ။ သတိမမူလို့ ဂူမမြင်ဖူး။ ကဗျာဆရာကတော့မှ မြင်တော့တယ်။ ဒါကြောင့် သူက အဓိပ္ပာယ်ဖွင့်ဆိုတယ်။ 'သင်္ကေတဝါဒ'ဆိုတဲ့ စကားစုဟာ အများကြီးဂယက်ရိုက်သွားစေခဲ့တာပေါ့။ 'သင်္ကေတ' ဆိုတာ အရာဝတ္ထု နဲ့ ဒီအရာဝတ္ထုကို ကိုယ်စားပြုနေတဲ့ အမှတ်အသားကို ရောနှောပေးလိုက်တဲ့ သဘောပါပဲ။ မြင်ရတဲ့တရားဟာ မမြင်ရတဲ့တရားရဲ့ အသွင်အပြင်

မျက်နှာဖုံး တစ်ခုလို့ အစဉ်အလာက ဆိုခဲ့ကြတယ်။ ဘို့ဒလယ်က အဲဒီမျက်နှာဖုံးကို ခွာချလိုက်ပြီး အသွင်အပြင်တို့ နောက်ကွယ်က တကယ့်သဘာဝကို ဖေါ်ထုတ်ပြလိုက်ခြင်း ဖြစ်ပါတော့တယ်။ ဒီသဘောကို ဒုတိယအပိုဒ်မှာ ချဲ့ထွင်ပြောပြတယ်။ မွှေးရနံ့ (ဂန္ဓာရုံ)၊ အရောင်(ရူပါရုံ)၊ အသံ(သဒ္ဒါရုံ)များ တစ်ဦးကိုတစ်ဦးခေါ်ထူးနေကြတယ်ဆိုတာ ဆက်သွယ်နေကြတယ်လို့ ပြောခြင်းပါပဲ။ အမှောင်(ည)နဲ့ လင်း(နေ့)ဟာ တစ်ခုပြီးလျှင်တစ်ခုလာကာ ဆက်သွယ်နေကြသလို အာရုံတရားတွေလဲ တစ်ခုနဲ့တစ်ခု ဆက်သွယ်နေကြတယ်။ ညီညွတ်စွာရောယှက် သွားကြတယ်။

အဲသလိုအာရုံတွေ တစ်ခုနဲ့တစ်ခုဆက်နေပုံကို ထောင်လိုက်ဆက်သွယ်မှုလို့ ခေါ်တယ်။ ဘို့ဒလယ်က ဒီလောက်နဲ့တင် မပြီးသေးဘူး။ လျှို့ဝှက်နက်နဲတဲ့၊ သိခက်တဲ့တရားထဲငုပ်ဝင်ပြီး စိတ်သဘာဝကို နှိုက်ပြတယ်။ ဒါကိုအလျားလိုက်ဆက်သွယ်မှုလို့ ခေါ်တယ်။ အာရုံတရားတွေက ဗဟိုသဘာဝတရားကို အမျိုးမျိုးခံစားတွေ့သိကြတယ်။ ပြီး စကားအမျိုးမျိုးနဲ့ဖေါ်ထုတ်ကြတယ်။ ဒီဖေါ်ထုတ်တာတွေကို တစ်ခုကတစ်ခုပြောင်းလို့ရတယ်။ ဒီသဘောကို နောက်ဆုံးနှစ်ပိုဒ်မှာ တင်ပြထားပါတယ်။ မွှေးရနံ့ဆိုတဲ့ အာရုံကိုပဲ ကလေးတို့ရဲ့အသား (ရုပ်ဒြပ်၊ ဝါ၊ ဖောဋ္ဌဗ္ဗာရုံ)နဲ့နှိုင်းတာ၊ ဂီတသံ(သဒ္ဒါ အာရုံ)နဲ့ နှိုင်းတာ၊ မြက်ခင်း(အမြင် ရူပအာရုံ)နဲ့ နှိုင်းထားတာတွေ့ရပါလိမ့်မယ်။ သူတို့ဟာ အနန္တအရာဝတ္ထုတွေရဲ့ကျယ်ပြောမှု ရှိကြတယ်ဆိုတာ အမျိုးမျိုးခံစားတွေ့သိလို့ ရတဲ့သဘော၊ တစ်ခုကတစ်ခု ပြောင်းလို့ရတဲ့ သဘောကို ပြောတာပါပဲ။ အနံ့ဆိုတာက အာရုံတွေထဲမှာ အကြွယ်ဝဆုံးဖြစ်တဲ့အတွက် သူ့ကို သုံးထားခြင်းဖြစ်တယ်။ နောက်ဆုံးစာကြောင်းမှာ အာရုံနဲ့ စိတ်ဝိညာဉ်ရဲ့ ပီတိစျာန်ကို ဖွဲ့ထားတယ်။ ဒီနှစ်ခုဆက်သွယ်နေတယ်။ အာရုံဟာ စိတ်ဝိညာဉ်ရဲ့ ရောင်ပြန်ဟပ်ချက်မျှသာဖြစ်တယ်လို့ ဘိုဒလယ်က ခံယူပါတယ်။ အာရုံတွေ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပုံကို တင်ပြရင်းဖြင့် အနုပညာများတစ်ခုနဲ့တစ်ခု ဆက်သွယ်ပုံကို ရည်ညွှန်းတယ်ဆိုတာလည်း သတိပြုပါဦး။

❖

## အလှသို့တေးသံ

**တောင်းကင်ရဲ့ နက်ရှိုင်းမှုများမှ လာခဲ့သလား၊ တွင်းထဲက ထခဲ့သလား။**
**အိုအလှငဲ့။ ငရဲဆန်၊ ကောင်းကင်ဆန်တဲ့ မင်းအကြည့်ဟာ**
**ဗုသိုလ်ရော ဒုစရိုက်ပါ ခွဲခြားခြင်းမရှိ သွန်းချနေတယ်၊**

ဒီတော့ မင့်ကိုစပျစ်ရည်နဲ့ နှိုင်းခိုင်းအပ်ပေတယ်။

မင့်မျက်လုံးဟာ ဆည်းဆာရော အရုဏ်ပါ ပါဝင်တယ်၊
မုန်တိုင်းထန်တဲ့ ညနေလို မွှေးရနံ့များကို မင်းဖြန့်ကြဲတယ်၊
မင့်အနမ်းက ပီယဆေးရည်၊ မင့်နှုတ်ခမ်းက ဆေးခွက်ဖြစ်ပြီး၊
သူရဲကောင်းကို သတ္တိကြောင်စေ၊ ကလေးငယ်ကို ရဲရင့်လာစေတယ်၊
မင်းဟာအမှောင်မည်းဆုံး ငရဲကလာသလား၊ ကြယ်များဆီက ကြွေကျခဲ့သလား၊
ကံတရားဟာ အညှို့ခံရလို့မို့ ခွေးတစ်ကောင်နှယ် မင့်ထဘီနားက လိုက်နေတယ်၊
မင်းဟာ ပီတိရော ဘေးဥပဒ်ပါ လက်လွတ်စပယ် ပျိုးကြဲသွားတယ်၊
ဘာကိုမှ တာဝန်မရှိဘဲနဲ့ အားလုံးကိုမင်းစိုးမိုးတော့တယ်၊
အလှင့်၊ မင်းဟာလူသေတို့ပေါ် တက်နင်းသွားပြီးသရော်တယ်၊
မင့်ကျောက်မျက်တွေထဲမှာ ကြောက်ဖွယ်ရှိခြင်းဟာ အနည်းဆုံး
လှည့်စားတက်သူပါဘဲ၊
မင်းအမြတ်နိုးဆုံး လက်ဝတ်လက်စားတွေထဲမှာ (တစ်ခုဖြစ်တဲ့) လူသတ်ခြင်းက
မင်းရဲ့မာနထန်တဲ့ ဝမ်းဗိုက်ပေါ်မှာ ပျော်မွေ့လှစွာ ကခုန်နေတော့တယ်။

အရောင်စူးနေတဲ့ ပိုးကောင်မင့်ဆီပျံဝဲလာပေ့၊ ဖယောင်းတိုင်ငဲ့၊
တဖျပ်ဖျပ်မြည်၊ လောင်ကျွမ်း၊ ပြီး ပြောနေရဲ့-လာဒီမီးရှူးကို ကောင်းချီးပေးကြစို့တဲ့၊
မိမိချစ်သူအပေါ် ငုံ့ကိုင်းနေတဲ့ ဖိုလှိုက်လှိုက် ချစ်သူဟာ
ကိုယ့်သင်္ချိုင်းဂူ ကိုယ်နမ်းရှုံ့နေတဲ့ သေအံ့မူးမူးလူနဲ့ တူပေရဲ့။

မင်းကောင်းကင်က လာလာ၊ ငရဲကလာလာ၊ ဘာအရေးလဲ၊
အိုအလှင့်၊ ကြီးမား၊ ကြောက်မက်ဖွယ်၊ အပြစ်မဲ့ သတ္တဝါကောင်ငဲ့၊
မင့်အကြည့်၊ မင့်အပြုံး၊ မင့်ခြေတို့က ငါချစ်ပေမယ့် မသိခဲ့ဘူးတဲ့၊
အနန္တတရားရဲ့ တံခါးများကို ငါ့အား ဖွင့်ပေးရင်လဲ  (ဘာအရေးလဲ)၊

ထင်းရှူးပင်ရိပ်
မာရ်နတ်ဆီကလာလာ ဒေဝဆီကလာလာ၊ ဘာအရေးလဲ။
နတ်ဖြစ်ဖြစ်၊ နာနာဘာဝဖြစ်ဖြစ်၊
ဘာအရေးလဲ။ ကတ္တီပါမျက်လုံး၊ ရစ်သမ်၊ မွှေးရနံ့၊ အလင်းရောင်
နတ်သမီးငဲ့၊ ငါ့ရဲ့တစ်ဦးတည်း ဘုရင်မငဲ့။ မင်းကလောကကို
အရုပ်ဆိုးရော့စေမယ်။ အချိန်ကို အရက်စက်ရော့စေမယ် ဆိုရင်လေ။
["ဒုစရိုက်ပန်းများ" ၁၈၅၇]

ဘော့ဒလယ်က ကဗျာဆိုတာ လှတာပတာလေးတွေကိုသာ ရေးဖွဲ့သီကုံးပြီး စိတ်ကူးယဉ်ကမ္ဘာထဲ လွတ်ပြေးဖို့လောက်တင် မပြီးဘူးလို့ ယူဆသူဖြစ်တယ်။ သူက အလှအပဆိုတာကို အရုပ်ဆိုးတာတွေ၊ ထိတ်လန့်ဖွယ်ကောင်းနေတာတွေ၊ ဒုစရိုက်မှုတွေထဲမှာ ဖွေရှာယူတယ်။ ဒါတွေကို သိမြင်လာမှ ထိတ်လာမယ် လန့်လာမယ်လို့ သူကဆိုတယ်။ ဒါသူရဲ့အလှဝါဒပါပဲ။ ဒီဝါဒအတိုင်း ခုကဗျာမှာ သူရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။

ကဗျာကို 'အလှသို့'လို့ ခေါင်းစဉ်တပ်ထားတဲ့အတိုင်း အလှတရားကို သတ္တဝါပဟန်ပြုကာ စကားပြောနေတဲ့ ပုံမျိုးရေးထားတယ်။ အလှကိုနတ်သမီးတစ်ပါး၊ နတ်သမီးမှ ငရဲဆန်တဲ့ ဒုစရိုက် နတ်သမီးမျိုးလို လုပ်ထားတယ်။ ပထမစာကြောင်းမှာ တိုင်တည်တဲ့ အာလုပ်စကားနဲ့ မေးခွန်းကိုရောမွှေထားတယ်။ အလှနတ်သမီးဟာ ကောင်းကင်ဘုံကပဲ လာခဲ့သလား၊ ငရဲပြည်ကပဲ လာခဲ့သလားတဲ့။ 'ကောင်းကင်ရဲ့ နက်ရှိုင်းမှုများ' ဆိုတာ ကောင်းကင်အမြင့်ဆီကလို့ ပြောတာ။ 'တွင်း'ဆိုတာ အဝီစိငရဲကို ပြောတာပါပဲ။ အလှဟာကောင်းမှုကုသိုလ်လဲမည်တယ်။ ဒုစရိုက်လဲမည်တယ်။ ဒါ ဘော့ဒလယ်ရဲ့အလှဝါဒပေါ့။ ဒီအလှနတ်သမီးရဲ့ ပါးစပ်က ဒုစရိုက်ရော၊ သုစရိုက်ပါ ခွဲခြားခြင်းမရှိ ယိုစီးသွန်းကျတယ်။ လိင်၊ အချစ်နဲ့ အနုပညာကို ဆက်စပ်ပေးလိုက်ခြင်းပါပဲ။ စတုတ္ထအကြောင်းမှာ 'မင့်ကိုစပျစ်ရည်နဲ့နှိုင်းခိုင်းအပ်ပေတယ်' ဆိုတာကတော့ သိပ်မဆက်မစပ်လှဘူး။ ခွကျတတပဲ။ ဒုတိယပိုဒ်မှာ ဆက်လက်တင်ပြမယ့် အကြောင်းအချက်တွေကို မပြောခင်ခဏရပ်တန့်ဟန်တူပါရဲ့။

ဒုတိယအပိုဒ်မှာ အလှတရားက ဖန်တီးလိုက်တဲ့ အကျိုးတရားတွေကို ဆက်လက်တင်ပြထားတယ်။ အလှနတ်သမီးရဲ့ မျက်လုံးထဲမှာ အမှောင်လည်းပါဘယ်၊ အလင်းလည်းရှိတယ်။ မုန်တိုင်းထန်တဲ့ညနေမှာ မွှေးရနံ့တွေပျံ့ကြဲသလို သူကလည်း မွှေးရနံ့တွေ ဖြန့်ဖြူးတယ်။ သူ့အနမ်းက ပီယဆေးရည်နဲ့ တူတယ်။ သူ့နှုတ်ခမ်း

က အဲဒီဆေးရည်ထည့်တဲ့ ဖလားနဲ့တူတယ်။ ဒီဆေးရည်ဟာ သူ့ရဲကောင်းကို သတ္တိကြောင်စေပြီး ကလေးငယ်ကို သတ္တိကောင်းလာစေပါသတဲ့။

တတိယပိုဒ်ကစပြီး ရုပ်ပုံတွေဟာ ရဲရင့်လာတယ်။ ခံစားမှု ပိုမိုပြင်းထန်လာတယ်။ ညှို့ဓါတ်ပြင်းတဲ့ နတ်သမီးအပါးအညှို့ခံ နတ်ဝင်သည်တွေ အရူးအမူး ကခုန်နေကြသလို မြင်ယောင်၊ ကြားယောင်လာစေတယ်။ တစ်နည်းအားဖြင့် လမ်းပေါ်က ပြည့်တန်ဆာမ နောက်လူသားငနဲတွေ တကောက်ကောက်လိုက်နေကြသလိုပါပဲ။ လူမပြောနဲ့ ကံတရားကတောင်သူ့နောက်က ခွေးလိုတကောက်ကောက် ဖြစ်နေရတယ်။ ဒီနတ်မိမယ်က လက်လွှတ်စပယ် လုပ်တတ်တယ်။ ပျော်ရွှင်မှုရော၊ ဘေးအန္တရာယ်ပါ အရမ်းမဲ့ဖန်တီးသွားတာပဲတဲ့။ သူဟာဘုရင်တစ်ဆူပမာ အားလုံးကို စိုးမိုး မင်းမူနေရဲ့။ ဘုရင်လိုကိုယ့်တိုင်းသူပြည်သားအတွက် တာဝန်ယူခြင်းတော့ တစ်ခုမှ မရှိဘူး။ သူဟာ သူ့သေကောင်တွေပေါ် တက်နင်းသွားတယ်။ သူဆင်ယင်ထားတဲ့ ကျောက်မျက်တွေထဲက တစ်ခုက 'ကြောက်ဖွယ်ရှိခြင်း'ပါပဲတဲ့။ နောက်လက်ဝတ်တန်ဆာတစ်ခုက 'လူသတ်ခြင်း'တဲ့။ ဒီလူသတ်ခြင်းက သူ့ဝမ်းဗိုက်ပေါ် ကခုန်နေပြန်ပေါ့တဲ့။ 'ဝမ်းဗိုက်'ရယ်လို့ ရဲရဲကြီးသုံးလိုက်တဲ့ အဓိပ္ပာယ်က ဒီအလှနတ်သမီးဟာ လူသတ်တတ်တယ်။ ဒါပေမယ့် ဒီလိုလူသေစေတတ်တာကိုပဲ အသတ်ခံသတ္တဝါတွေက ခုံခုံမင်မင်ဖြစ်ရပါ တယ်လို့ ပေါ်လွင်လာစေတယ်။ တနည်း၊ ဘာနဲ့တူသလဲဆိုလျှင် 'ပိုးဖလံမျိုးမီးကိုတိုး' သလို လူသားတွေဟာ မိမိတို့ကို လောင်ကျွမ်းပစ်မယ့် ဒီမီးနားမှာပဲ ပျံကာလွှားကာ ရစ်သီ ရစ်သီလုပ်နေကြတော့တယ်။ ချစ်သူမောင် ငုံ့ကိုင်းနေတဲ့ ပုံဟန်ကိုက သေရမှာ ကို ကျေနပ်နေတဲ့ သေအံ့မူးလူရဲ့ ပုံဟန်နဲ့တူလှတယ်။

နောက်ဆုံးနှစ်ပိုဒ်မှာ ပထမပိုဒ်တုန်းကလိုပဲ မေးခွန်းနဲ့စထားတယ်။ ဒါပေမဲ့ အဖြေလိုလို့ မေးတာမဟုတ်ဘူး။ အလှကို ကိုးကွယ်သူခမျာ ဦးနှောက်ခြောက်ခံမနေနိုင်တော့ဘူး။ သူပါသူရူးတွေနဲ့အတူ ရောပါလို့ သွားပါပြီ။ ငရဲကြီးချင်လည်းကြီးပစေတော့တဲ့။ အလှနတ်သမီးနောက်ကနေ သူမသိတဲ့ အနန္တလောကထဲဝင်သွားတော့မယ်တဲ့။ အလှနတ်သမီးကို သူ့ဘုရင်မအဖြစ် အသိအမှတ်ပြုလိုက်တယ်။ ဘုရင်မက လူသားကို နတ်ဘုံတစ်ဘုံဆီပို့ပေးတယ်။ ဒီနတ်ဘုံဟာ အကြမ်းနည်းနဲ့ အောင်နိုင်ရမှာဖြစ်တယ်။ ဒီနတ်ဘုံမှာ ဘဝအမောက ထွက်ပြေး ခိုလှုံနိုင်တယ်တဲ့။ 'လောကကို အရုပ်ဆိုးလျော့စေမယ်။ အချိန်ကို အရက်စက် လျော့စေမယ်' ဆိုတာ ဒါကိုပြောတာပါပဲ။

ထင်းရှူးပင်ရိပ်

**လသာဆောင်**

သတိရခြင်းများရဲ့မိခင်၊ သခင်မတကာ့ သခင်မငဲ့၊
အိုငဲ့ပျော်ရွှင်မှုအားလုံးအသင်၊ အိုငဲ့တာဝန်အားလုံး အသင်၊
အနမ်းတို့ရဲ့ လှပမှု၊ မီးဖိုရဲ့ ချိုမြမြပူနွေးမှု၊
ညနေခင်းရဲ့ နှစ်လိုဖွယ်ရှိမှုတို့ကို မင်းမှတ်မိပေလိမ့်မယ်၊
သတိရခြင်းများရဲ့ မိခင်၊ သခင်မတကာ့ သခင်မငဲ့၊

နီနီရဲမီးသွေးတို့ဖြင့် လင်းနေတဲ့ ညနေခင်းများ၊
နှင်းဆီမြူမှုန်များ ပဝါပါးကျက်ထားရာ လသာဆောင်မှ ညနေခင်းများ၊
မင့် ရင်အုံနူးညံ့ပါဖိ၊ မင်းနှလုံးသာဟာ ကြင်နာတတ်ပါဖိ၊
မပျက်စီးနိုင်တဲ့ တရားတွေကို တို့ ပြောလေ့ရှိကြတယ်၊
နီနီရဲမီးသွေးတို့ဖြင့် လင်းနေတဲ့ ညနေခင်းများမှာလေ၊

ပူနွေးနွေးညနေများမှာ နေများဟာ လှလိုက်ပါဘိ၊
အာကာသဟာ နက်ရှိုင်းဖိ၊ နှလုံးသားဟာ အစွမ်းထက်ဖိ၊
မြတ်နိုးခံတို့ရဲ့ ဘုရင်မငဲ့၊ ငါမင့်ဘက် ငုံ့ကိုင်းလိုက်တော့
မင့် သွေးရဲ့ မွှေးရနံ့ကို ရှူရှိုက်လိုက်ရတယ်လို့ ငါထင်မိရဲ့၊
ပူနွေးနွေးညနေများမှာ နေများမှာ လှလိုက်ပါဖိ၊

ငါတို့ဝန်းကျင်မှာ ညဟာ တံတိုင်းတစ်ခုလို ထူထဲလာတယ်၊
အမှောင်ထဲမှာ ငါ့မျက်လုံးတွေက မင့်မျက်လုံးသူငယ်အိမ်ကို ခန့်မှန်းကြည့်ကြတယ်၊
ငါ မင့် ပင့်သက်ကို သောက်လိုက်တယ်၊ အို ချိုမြိန်ခြင်း၊ အို အဆိပ်၊
မင့်ခြေထောက်များဟာ ငါ့မောင်ဖား လက်ထဲမှာ အိပ်ပျော်သွားကြပေါ့၊

ငါတို့ဝန်းကျင်မှာ ညဟာ တံတိုင်းတစ်ခုလို ထူထဲလာတယ်၊
ကြည်နူးဖွယ် အချိန်များကို ပင့်ခေါ်တဲ့အတတ် ငါတတ်တယ်၊
မင့်ရင်ခွင်မှာ ခွေအိပ်ရင်း ငါ့အတိတ်ထဲ ငါ ပြန်နေမိတယ်၊

**မင်းရဲ့ ချစ်စဖွယ်ကိုယ်၊ မင်းရဲ့ နူးညံ့တဲ့ နှလုံးသားမှာ မဟုတ်ရင် ဘယ်မှာများ**

**မင်းရဲ့ပန်းလျလျအလှများကို ဖွေရှာနေလို့ အကျိုးထူးမှာလဲ။**

**ကြည်နူးဖွယ် အချိန်များကို ပင့်ခေါ်တဲ့အတတ် ငါတတ်တယ်။**

**အဲဒီသစ္စာစကားတွေ၊ အဲဒီ မွှေးရနံ့တွေ၊ အဲဒီ အနန္တ အနမ်းတွေ၊**

**ဒါတွေဟာ တို့ တိုင်းတာလို့ ရမယ်မဟုတ်တဲ့ ချောက်ထဲက ပြန်မွေးဖွားဦးမှာလား။**

**ပင်လယ်တို့ရဲ့ အနက်များထဲမှာ ရေချိုးပြီးကြတဲ့နောက်**

**ပြန်လည်နုပျိုလာတဲ့နေများ မိုးပေါ်တက်လာကြသလိုလေ။**

**အိုသစ္စာစကားတို့၊ အိုမွှေးရနံ့တို့၊ အိုအနမ်းတို့။**

['ဒုစရိုက်ပန်းများ'မှ ၁၈၅၇]

'ဒုစရိုက်ပန်းများ'ရဲ့ လေးပုံတစ်ပုံလောက်ဟာ အချစ်ကဗျာတွေပဲ၊ ဒီအချစ်ကဗျာတွေဟာဖြင့် ကမ္ဘာ့စာပေတစ်ခုလုံးမှာ အလေးနက်ဆုံး၊ စိတ်သဘောအပါဆုံးလို့ ဆုံးဖြတ်ခဲ့ရတဲ့အထဲမှာ ပါဝင်တယ်။ ဘိုဒလယ်က အာရုံခံစားမှုကို ဥပေက္ခာ မပြုသော်လည်း လိင်အချစ်ကို နူးညံ့တဲ့ စိတ်စေတနာတွေနဲ့ သန့်စင်အောင် လုပ်လေ့ရှိတယ်။ မိန်းမဆိုတာကို ဘိုဒလယ်က နှမကောင်းတစ်ယောက်လို၊ မိခင်လိုနူးညံ့သိမ်မွေ့တဲ့ ပုံဟန်မျိုး တင်ပြလိုတယ်။ အောင်နိုင်ဖို့ထက် မြတ်နိုးနေဖို့ကို သူကလိုလားတယ်။ ခု'လသာဆောင်'ကဗျာမှာ ဒီသဘောကို တွေ့ကြရမယ်။ သူ့ဂီတသံ၊ သူ့လှုပ်ရှားပုံတို့ကလည်း (မူရင်းမှာ) အံ့တစ်ပါးလို့ဆိုစမှတ်ပြုကြရတယ်။

ဒီကဗျာကို ဘိုဒလယ်ရဲ့ချစ်သူ ကပ္ပလီသွေး လေးပုံတစ်ပုံပါတဲ့ ရှန်းဒည်ဗာလ်ကိုကြည့်ပြီး ရေးခဲ့တာပါပဲ။ ဒါပေမယ့် ချစ်သူတိုင်းကို ကိုယ်စားပြုလို့ရပါတယ်။ သူ့ချစ်သူဟာ သူ့သတိရစရာတွေ၊ သူ့အိပ်မက်တွေ သိုမှီးထားရာလို့ ကဗျာဆရာက ဆိုတယ်။ သူ့သတိရစရာလေးတွေကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ စိုးမိုးလို့လည်း နေတယ်။ ဒါကို 'သတိရခြင်းများရဲ့မိခင်၊ သခင်မတကာ့ သခင်မ'ဆိုတဲ့ အာလုပ်စကားနဲ့ ဖော်ကျူးထားပါတယ်။ 'ငါ့ပျော်ရွှင်မှုအားလုံးအသင်၊ ငါ့တာဝန်အားလုံးအသင်'ဆိုတဲ့ အသုံးအနှုန်းမျိုးက ဗမာမှာ 'ထောင့်'နေပေလိမ့်မယ်။ သင်ပဲ ငါ့ပျော်ရွှင်မှုအားလုံးမည်တယ်၊ သင်ပဲ ငါ့တာဝန်အားလုံးမည်တယ်၊ အဲသလို ငါ့ပျော်ရွှင်မှုအားလုံး၊ ငါ့တာဝန်အားလုံးမည်ပေတဲ့ အိုအသင်လို့ဆိုလိုပါတယ်။ ကဗျာမှာ ဖွဲ့ထားတဲ့ နောက်ခံကာကလေးကတော့ နေဝင်လုဆဲ တိမ်တိုက်တွေ နှင်းဆီသွေး နီရဲနေချိန်

ချစ်သူနှစ်ဦးက လသာဆောင်ကနေ နေဝင်တာကို ကြည့်နေကြ။ မီးဖိုလေးထဲမှာ မီးကျီခဲတွေလည်း နီနီရဲရဲ။ ချစ်သူနှစ်ဦးဟာ စကားလည်း သိပ်မပြောကြဘူး။ ပြောလျှင်လည်း သစ္စာစကားလို 'မပျက်စီးနိုင်တဲ့ တရားများ' လောက်ပဲ ပြောကြတယ်။ ဝန်းကျင်တစ်ခုလုံး ငြိမ်လို့၊ ငြိမ်းချမ်းလို့။

စကားလုံးလေးတွေက ရိုးရိုးပဲ၊ အများသုံးတွေချည့်ပါပဲ။ အာမေဍိတ်တွေ တစ်ခုပြီးတစ်ခု ဆက်သုံးထားတယ်။ 'နေ့မျှားဟာ လှလိုက်ပါဖိ'၊ 'အာကာသဟာ နက်ရှိုင်းဖိ'၊ 'နှလုံးသားဟာ အစွမ်းထက်ဖိ' ဒီလိုနဲ့ သယ်လာလိုက်တဲ့ တည်ငြိမ်တဲ့ ကြည်နူးမှုဟာ 'မြတ်နိုးခဲ့တို့ရဲ့ ဘုရင်မငဲ့' ဆိုတဲ့ အာလုပ်စကားမှာ အထွတ်အထိပ် ရောက်လာပါတော့တယ်။ ညကလည်း တဖြည်းဖြည်းနဲ့ 'တံတိုင်း'တစ်ခုလို ဖြစ်လာပြီး ပြင်ပကမ္ဘာနဲ့အဆက်ဖြတ်ပေးလိုက်သေးတယ်ဆိုပြန်တော့ ဒီကြည်နူးမှုဟာ ပိုအားကောင်းလာရပြန်တယ်။ ဒီလိုနဲ့ စာကြောင်းလေးတွေဟာ ပြင်ပရှုခင်းတွေကနေ 'မီးဖိုရဲ့ ချိုမြမြပူနွေးမှု'နဲ့ ကြည်နူးနေကြတဲ့ ချစ်သူနှစ်ဦးဆီ တဝဲလည်လည် ဖြစ်နေပါတော့တယ်။

ဒီလိုဖွဲ့နွဲ့နေရာကနေ ပဉ္စမပိုဒ်ကျတော့ 'လေ'က ရုတ်တရက် ပြောင်းလဲသွားတယ်။ ချစ်သူဖွဲ့လည်း မဟုတ်တော့၊ ချစ်လှချည့်ရဲ့ဆိုတဲ့ မေတ္တာဖွဲ့လည်း မဟုတ်တော့ဘဲ ပစ္စုပ္ပန်ကို အမြတ်တနိုးထိန်းသိမ်းထား၊ တော်ကြာဒီပစ္စုပ္ပန်က အတိတ်ဖြစ်သွား၊ နောင်ပစ္စုပ္ပန်တစ်ခုဆီ ရောက်လာတဲ့အခါကျတော့ ခုနကပစ္စုပ္ပန် (အတိတ်ဖြစ်နေ ပြီ) ကို မှော်အတတ်နဲ့ ခေါ်ယူ၊ ဒီအစွမ်းကို သူတတ်ကျွမ်းတယ်လို့ ကြွားကြွားဝင့်ဝင့် ဟစ်ကြွေးလိုက်ပါတော့တယ်။ ဒါဟာဖြင့် အတိတ်ကို ကြည်နူးစရာအဖြစ် အသုံးပြု ကာ စိတ်ကူးမှုနည်းတူ ဖန်ဆင်းစရာအဖြစ် ပြုလုပ်တဲ့ ဘော့ဒလယ်ရဲ့ နည်းတစ်နည်း ပါဘဲ။

နောက်ဆုံးအပိုဒ်က မေးခွန်းက အလင်္ကာမေးခွန်းပါ။ သိချင်လို့မေးတာ မဟုတ်ပါဘူး။ ဘော့ဒလယ်ဟာရှန်းဒည်ဗာလ်ရဲ့ ခန္ဓာကိုယ်နဲ့ အသည်းနှလုံးဆီက နိုင်တဲ့ဟာကို အခြားမိန်းမတစ်ဦးဆီမှာ ရှာဖွေမယ်မဟုတ်ဘူး။ သူနဲ့ ကြည်နူးခဲ့ရတဲ့ အချိန်လေးတွေကို ပြန်ခေါ်ကြည့်နေရတာကိုပဲ သူကျေနပ်တော့မယ်။ အချစ်သစ္စာ စကားလေးတွေ မွှေးပျံ့ပျံ့ ရနံ့လေးတွေ၊ ရှည်ကြာတဲ့ အနမ်းလေးတွေကိုသာ ပြန်ဖော်ထုတ်နေနိုင်မယ်ဆိုလျှင် သေခြင်းဟာလည်း မြင့်မြတ်တဲ့အချစ် ဆောင်လာမယ်၊ သွေးသားဒုက္ခတွေဟာလည်း ပင်လယ်ထဲက ထွက်လာတဲ့ နေများလို သန့်စင်လာပါလိမ့်မယ်တဲ့။

❖

မောင်သာနိုး

**စပလီးန်**

ကြာရှည်ငြိုးငွေ့မှုရဲ့သားကောင်၊ ညည်းတွားနေသူ ဝိညာဉ်အပေါ်
နိမ့်ကျ-လေးလံတဲ့ ကောင်းကင်က အဖုံးလို ဖိလာတဲ့အခါ
မိုးကုပ်စက်ဝိုင်း တစ်ခုလုံးကို ဖက်ပွေ့ရင်း၊ ညထက်များစွာ
မှောင်မည်းတဲ့ အနက်ရောင်နေ့ကို ငါတို့ပေါ် သွန်းချလိုက်တဲ့ခါ။

မျှော်လင့်ခြင်းဟာ၊ လင်းနို့တစ်ကောင်လို၊ ဟိုဒီပျံသန်းရင်း၊
နံရံတွေကို ကြောက်ရွံ့ရွံ့တောင်ပံလေးနဲ့ ရိုက်ခတ်ကာ
တုတ်အဆွေးအမြေ့တွေကို ခေါင်းနဲ့တိုက်ကာ ဖြစ်နေရတဲ့
စိုထိုင်းထိုင်း အကျဉ်းတိုက်အဖြစ် ကမ္ဘာမြေကို ပြောင်းလိုက်တဲ့ခါ။

မိုးဟာရောမ သံမြားတံကြီးတွေကို ဖြန့်ကျက်ရင်း
ကျယ်ဝန်းတဲ့ ထောင်ရဲ့ တန်းများကို တုပလာတဲ့အခါ
စက်ဆုပ်ဖွယ် ပင့်ကူ ငြိမ်ဆိတ်ဆိတ် တစ်အုပ်ဟာ
ငါတို့ ဦးနှောက်ရဲ့ အတွင်းနက်နက်ထဲ အိမ်လာဖွဲ့ကြတဲ့ခါ။

ခေါင်းလောင်းတွေ ရုတ်တရက်အရူးအမူးပေါ်လာကြပြီး။
ကြောက်ဖွယ် အူသံတစ်သံကို ကောင်းကင်ဆီ ပစ်လွှင့်လိုက်ကြတယ်။
လှည့်လည်နေတဲ့ အိုးအိမ်မဲ့ နာနာဘာဝများ
ခေါင်းမာမာနဲ့ စတင်ငိုကျွေးရင် ဟစ်လိုက်ကြသလိုပဲ။
. . . ပြီး ရှည်လျားလျား မသာရထားများ၊ ဗုံမပါ ဂီတမပါ။
ဖြည်းဖြည်းချင်း ငါ့ဝိညာဉ်ထဲက ဖြတ်နှင်သွားကြတယ်၊ မျှော်လင့်ခြင်းဟာ
စစ်ရှုံးလို့မို့၊ ငိုနေရဲ့။ ရက်စက်တဲ့၊ အာဏာရှင် နွမ်းလျမှုက
သူ့အနက်ရောင် အောင်လံကို ငိုက်ကျနေတဲ့ ငါ့ဦးခွံမှာ စိုက်ထူလေရဲ့။

['ဒုစရိုက်ပန်းများ' မှ ၁၉၅၇]

'စပလီးန်'ဆိုတာ စိတ်ပျက်အားလျော့ခြင်းပါပဲ။ ကဗျာဆရာက ဘဝရဲ့ ဒုက္ခတွေ ကို ပြောင်းလဲပစ်နိုင်မလားရယ်လို့ အလှကို ဖွေရှာရင်း တစ်ဘက်ကလည်း စိတ်ပျက် အားလျော့ ဖြစ်မိပုံကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဘို့ဒလယ်တို့အလျင် ရောမန္တိက ဆရာတွေကလည်း ဒီသဘောရေးဖူးကြပါပြီ။ သို့သော်လည်း သူတို့ရဲ့ စိတ်ပျက် အားငယ်တယ်ဆိုတာတွေထက် ဒီ 'စပလီးန်'က ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခကို ဖော်ကျူးထားပုံဟာ အဆပေါင်းများစွာ ပြင်းထန်ကြောက်ဖွယ် လိလိ ရှိလှ ပါတယ်။ စိတ်ပျက်အားလျော့မှုကို ကဗျာဆရာရဲ့ ဦးခွံပေါ် ဖိစီးနေတဲ့ အလေးတစ်ခုလို တင်ပြထားတယ်။ ဒါကို ပိုမိုပြင်းထန်သွားအောင် လေးလံတဲ့ ကောင်းကင်ကလည်း ကမ္ဘာမြေပေါ်ကို အဖုံးတစ်ခုလို ဖိချနေပါတယ်လို့ အပြိုင်ဖြစ် ရပ်တစ်ခုအဖြစ် ရေးဖွဲ့ လိုက်တယ်။ ဒီနောက် ကြောက်ဖွယ်ခံစား ရပုံတွေကို တဖြည်းဖြည်းချင်း အဆင့်မြှင့် မြှင့် ပြီး တင်ပြဖော်ကျူးသွားတယ်။ နိမိတ်ပုံတွေကို ဒီအတိုင်း တွေ့ရမယ် -

(၁) ကြာရှည်လေးမြင့် ငြီးငြီးငွေ့ငွေ့ ဖြစ်နေရတာမို့ စိတ်ဝိညာဉ်ဟာ ညည်းတွားနေတယ်။ ဒီအပေါ်ကို လေးလံတဲ့ ကောင်းကင်က အဖုံးတစ်ခုလို ဖိချလိုက်တယ်။

(၂) ကောင်းကင်ဟာ မိုးကပ်စက်ဝိုင်း တစ်ခုလုံးကို သိုင်းဖက်တဲ့ပြီး မည်းနက်နက်နေ့ကို သွန်းချလိုက်တယ်။ နေ့ကိုက ဘယ်လောက် မည်းနက်သလဲ ဆိုလျှင် ညထက် မှောင်ပါသေးသတဲ့။

(၃) ကမ္ဘာမြေတစ်ခွင်လုံးဟာ စိုထိုင်းထိုင်း မြေအောက် အကျဉ်းတိုက် တစ်ခုလိုဖြစ်သွားတယ်။ ဒီအကျဉ်းတိုက်ထဲမှာ မျှော်လင့်ခြင်းဟာ ဟိုတိုး ဒီတိုက် ပျံသန်းနေတဲ့ လင်းနို့တစ်ကောင်လို ဖြစ်နေတယ်။

(၄) မိုးရွာချလိုက်ပုံက မိုးရေတန်းဆိုတဲ့ မြားတံကြီးတွေကို ဖြန့်ကျက် ထားတာဟာ အကျဉ်းတိုက်ရဲ့ သံတန်းတွေကို တုပလာသလို ဖြစ်နေတယ်။

(၅) စက်ဆုပ်ဖွယ် ပင့်ကူတွေဟာ လှုပ်တုတ် လှုပ်တုတ်နဲ့ ငြိမ်ဆိတ် ဆိတ်တပ်ဖွဲ့ ချီတက်လာကြပြီး ကဗျာဆရာရဲ့ ဦးနှောက်ထဲ အတွင်းထိအောင် ဝင်၊ ပင့်ကူအိမ်တွေ ရက်ဖောက် သွယ်တန်းကြတယ်။

(၆) ဖြုန်းခနဲ မသာခါင်းလောင်းသံတွေ ပေါ်လာပြီး မိုးပေါ်လျှံတက် သွားအောင် ကြောက်စရာ အူသံကို လွှင့်ထုတ်ကြတယ်။

(၇) ခေါင်းလောင်းသံတွေက ပြိတ္တာတွေ အော်ဟစ်ငိုလိုက်ကြတာနဲ့ တူတယ်။

(၈) ရှည်လျားတဲ့ မသာရထားတန်း တစ်တန်း ဗုံမပါ ဆိုင်းမပါ ကဗျာဆရာရဲ့ ဝိညာဉ်ထဲက ဖြတ်မောင်းသွားကြတယ်။

(၉) မျှော်လင့်ခြင်းဟာ စစ်ရှုံးရပြီး ဒါကြောင့် ငိုကြွေးနေတယ်။

(၁၀) နှမ်းလျခြင်းက ငိုက်ကျနေတဲ့ ကဗျာဆရာရဲ့ ဦးခွံပေါ်မှာ သူ့အောင်လံနက်ကို စိုက်ထူလိုက်တယ်။

ပထမကောင်းကင်ကို ဖွဲ့၊ နောက်ကမ္ဘာမြေကိုဖွဲ့ပြီး မိုးရွာချပုံကိုဖွဲ့တဲ့ အစိပ္ပာယ်က ကောင်းကင်နဲ့ မြေကြီးကို မိုးနဲ့ဆက်သွယ်ပေးလိုက်ခြင်းဖြစ်ပါတယ်။ မြေကြီးက အကျဉ်းတိုက် ဖြစ်နေတာကို ကောင်းကင်နဲ့ မိုးကပါဝင်ပြီး ထောက်ကူပေးလိုက်ကြတော့ ဒီအကျဉ်းသားရဲ့ ဘဝဟာ လုံးဝမျှော်လင့်ချက်မရှိတဲ့ဘဝ၊ ဆိုးရွားလှတဲ့ဘဝဖြစ်သွားတော့တယ်။ ဒါကြောင့်လည်း မျှော်လင့်ခြင်းဟာ လင်းနို့လေးကို စမ်းတဝါးဝါးနဲ့ အခန်းထဲမှာ ဟိုဒီပျံသန်းနေရှာတာပေါ့။ ဘဝအမောရဲ့ အကျဉ်းသမားဖြစ်တဲ့ ကဗျာဆရာရဲ့ ဦးနှောက်ထဲ ပင့်ကူတွားဝင်လာတဲ့ သဘောက အရှုံးအမူး စိတ်ပျက်နေမိခြင်း၊ အားငယ်မှု ကမ်းကုန်နေခြင်းကို သင်္ကေတ ပြုထားတာပါပဲ။ ခေါင်းလောင်းတွေကကိုပဲ အူပြန်ပေါ့တဲ့။ ခွေးအတွေလိုပေါ့။ ကဗျာတစ်ပုဒ်လုံးမှာ အရှုံးအမူး သဘောဟာ ပေါ်လွင်နေတယ်။ ကဗျာဆရာရဲ့ ဦးနှောက်ထဲမှာ မသာရထားတွေ မောင်းသွားတယ်။ မျှော်လင့်ခြင်းနဲ့ မောလျခြင်း တိုက်ပွဲဖြစ်တယ်။ အဆုံးမှာ မောလျခြင်းက အနိုင်ရပြီး စစ်ရှုံးသူဟာ ခေါင်းငိုက်စိုက်ကျသွားတယ်။ အဲဒီငိုက်ကျ သွားတဲ့ ခေါင်းခွံပေါ်ကိုမှ မောလျခြင်းရဲ့ အောင်လံဖြစ်တဲ့ အလံနက်ကို စိုက်ထူလိုက် သတဲ့။ ဒါတွေဟာ ဘယ်လောက်စိတ်ပျက်ရ၊ စိတ်အားငယ်ရ၊ အားလျော့ရ၊ မျှော်လင့် ချက်ကင်းရပုံကို ထိထိမိမိ စာဖတ်သူစိတ်ထဲ အဟုတ်တကယ် ခံစားလာနိုင်အောင် ဖော်ထုတ်ထားခြင်းပါပဲ။

■

## ရဲန်ဘိုး

ရှန်းအာရထည်ရ် ရဲန်ဘိုး (၁၈၅၄-၉၁)ဟာ သင်္ကေတဝါဒနဲ့ အမှန်လွန်ဝါဒတို့ရဲ့ ရှေ့ပြေးတစ်ဦးအဖြစ် အရေးကြီးတဲ့ ကဗျာဆရာတစ်ဦးဖြစ်တယ်။ ဒါပေမယ့် သူ့စာပေသက်ဟာ ဘာမှမရှိဘူး။ အလွန်ဆုံးရှိလှလျှင် သုံးနှစ်ပဲ။ အသက် ၂၀ ဝန်းကျင်မှာ စာပေကို ကျောခိုင်းသွားခဲ့ပါတယ်။ သူ့ကို ပြင်သစ် ဘယ်လ်ဂျီယန် နယ်စပ်နားက ရှာရလဗီလ်ဆိုတဲ့ စက်မှုလုပ်ငန်း မြို့ကလေးမှာ မွေးခဲ့တယ်။ ဖအေက အမြဲ ခရီးထွက်နေရတဲ့စစ်သား။ အိမ်မှာ ကပ်လှတယ်မရှိဘူး။ ရဲန်ဘိုးခြောက်နှစ်သား အရွယ်မှာတော့ ဖအေလုပ်သူဟာ အိမ်ကအပြီးအပိုင် စွန့်ခွာထွက်ပြေးသွားပါတော့ တယ်။ သူ့အမေရဲ့ဒဏ်ကိုမခံနိုင်ဘူးနဲ့တူပါရဲ့။ မိန်းမကြီးက အင်မတန် မာကျောပြီး စည်းကမ်းစနစ်တွေ ဘာတွေသိပ်ကြီးတယ်။ အိမ်မှာ အာဏာရှင်တစ်ဆူလို အော်ဟစ်မာန်မဲ အုပ်ချုပ်နေတယ်။ လင်လည်း မခံနိုင်ဘူး။ သားတွေလည်း နည်းနည်းကြီးလာတော့ ထွက်ပြေးကြတာပဲ။ ကလေးငါးယောက် ရှိတဲ့အထဲက သားနှစ်ယောက်ပါတယ်။ နှစ်ယောက်စလုံး အိမ်ကထွက်ပြေးကြတာချည်းပဲ။ ရဲန်းဘိုးဆိုလျှင် ၁၅ နှစ်သားကတည်းက အိမ်ကထွက်ပြေးလိုက်၊ ပြန်ရောက်လာ လိုက်၊ တော်ကြာ ထွက်ပြေးလိုက်နဲ့ပေါ့။ ၁၇နှစ်သားလောက်ကျတော့ လုံးဝ ထွက်ပြေး နေခဲ့တော့တယ်။ ရဲန်ဘိုးဟာ သူတို့မြို့က ကျောင်းမှာ ပညာသင်တယ်။ ကျောင်းမှာ

အင်မတန်စာတော်တဲ့ ကျောင်းသားတစ်ယောက်ပေါ့။ ၁၆ နှစ်သားမှာ ကျောင်းက ထွက်တော့ ဆုတွေတစ်ပုံတစ်ခေါင်းပိုက်ပြီး အိမ်ပြန်ခဲ့ရတယ်။ တော်ကြာတော့ ဒီဆုရတဲ့ ပစ္စည်းတွေကို ဖရန့် ၂၀နဲ့ရောင်းစားပစ်ပြီး ထင်ရာသွား၊ ထင်ရာလုပ်နေခဲ့ပါတော့တယ်။

ကျောင်းသားဘဝကတည်းက ရဲန်ဘိုးဟာ ကဗျာတွေ ရေးနေခဲ့သူဖြစ်တယ်။ ကျောင်းကထွက်ပြီးတဲ့နောက်မှာတော့ ကဗျာကိုဖိရေးဖြစ်တော့တာပေါ့။ အရွယ်ကလည်း မြီးကောင်းပေါက်ရွယ်ဆိုတော့စိတ်လှုပ်ရှားမှုအဖြစ်ဆုံး အချိန်ခံစားမှု အများဆုံးအချိန်ပိုင်းပေကိုး။ သူခံစားတွေ့ကြုံရတာနဲ့ အဲဒီခေတ်၊ သူသိနေတဲ့ ကဗျာဆိုတာနဲ့က မလုံမလောက်ဖြစ်နေတယ်လို့ သူတွေ့ရတယ်။ ၁၆နှစ်သားတုန်းကပဲ မိတ်ဆွေနှစ်ဦးဆီ စာရေးရာမှာ ရဲန်ဘိုးက ကဗျာဆရာဆိုတာ 'အချစ်အမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး၊ ရူးသွပ်မှုအမျိုးမျိုး'ကို ကြုံတွေ့ခံစားခြင်းဖြင့် မြင့်မားတဲ့ အသိပညာကို ရရှိတဲ့ ပုရောဟိတ်တစ်ဦးလို့ သူယူဆကြောင်း ထည့်ရေးဖူးတယ်။ အာရုံအားလုံးကို ကပြောင်းကပြန် လုပ်ပစ်ခြင်းဖြင့် ဒီလိုဖြစ်လာရတယ်လို့လည်း သူကဆိုသေးတယ်။ လူငယ်လူရွယ်ပီပီ အာရုံတွေကို အကုန်ခံစားပစ်လိုရာက ဒီလိုဖြစ်လာတယ်နဲ့တူပါတယ်။ သူများတော့ မသိဘူး၊ သူကိုယ်တိုင်ကတော့ နောက်ဆုံး စိတ်ဓာတ်အင်အား ကုန်ခန်းပြီး စာပေနဲ့ လုံးဝလမ်းခွဲသွားခဲ့ရတော့တာပါပဲ။

သူက သူ့ကဗျာလေးတွေကို ဗယ်ရလဲန်းဆီ ပို့ဖူးတယ်။ ဒါနဲ့ ဗယ်ရလဲန်းရဲ့ ဖိတ်ခေါ်ချက်အရ သူပါရီကိုသွားပြီး ခြောက်လနေတယ်။ သူက ပါရီရဲ့စာပေလောက ကို နုသေးတယ်ဆိုပြီး အော့နှလုံးနာတယ်။ ပါရီကလည်း သူ့ကို တောသားလူကြမ်း ဆိုပြီးပယ်တယ်။ ဗယ်ရလဲန်းနဲ့တော့ အတော်ခင်မင်ကြသမို့ နောက်ဆုံး ဘယ်လ်ဂျီယန်နဲ့ လန်ဒန်ကို အတူခရီးထွက်ကြတယ်။ တစ်နှစ်လောက်ကြာရဲ့။ ဘရပ်ဆဲလ်မှာ စကားများကြရာက ဗယ်ရလဲန်းက သူ့ကို သေနတ်ပစ်မှုဖြစ်တယ်။ ဗယ်ရလဲန်း ထောင်နှစ်နှစ်ကျသွားတယ်။ ရဲန်ဘိုးလည်းချောက်ချားသွားပြီး အာဒင်က သူ့အမေပိုင် တဲ့ လယ်ယာထဲမှာ အေးအေးဆေးဆေး သွားနေတယ်။ အဲဒီမှာ 'ငရဲမှာ တစ်ရာသီ'ကို အပြီးသတ်ရေးပြီး သူကိုယ်တိုင် ထုတ်ခဲ့တယ်(၁၈၇၃)။ နှစ်နှစ်အတွင်း သူ့စိတ်အတွေ့အကြုံတွေကို ထင်ဟပ်ထားတယ်လို့ ယူဆရတယ်။ သူ့အမနေနဲ့ အာရုံခံစားမှု အမျိုးမျိုးတွေ့ကြုံရင်း အမှန်တရား ရယူဖို့ ကြိုးစားခဲ့တာ၊ 'စကားလုံး အဂ္ဂိယတ်'ကို စမ်းသပ်ခဲ့တာ မအောင်မြင်ကြောင်း ဝန်ခံထားတယ်။ ဒါနဲ့ခုတော့ဖြင့် မြေကြီးဆီ၊ 'ကြမ်းတမ်းတဲ့ ဒိဋ္ဌဓမ္မ'ဆီ ပြန်လာခဲ့ပါပြီတဲ့။ ဒီစာအုပ်ဟာ ရဲန်ဘိုးအနေနဲ့

စာပေ လောကကို နှုတ်ဆက်ခဲ့ခြင်းပဲဖြစ်ပါတော့တယ်။ ၁၈၈၆မှာ သူ့ရဲ့ 'လင်းပြချက်များ' ကို ဗယ်ရလဲန်းက ထုတ်တယ်။ ဒါပေမယ့် ကဗျာတွေက ၁၈၇၁ လောက်ဆီက ရေးခဲ့တာလို့ ဆိုပါတယ်။ "လင်းပြချက်များ" ထွက်တဲ့ခါမှာ ရဲန်ဘိုးက စာပေလောက ကို ကျောခိုင်းပြီး ဝေးရာရောက်နေပါပြီ။ ဒီလိုမဟုတ်ပါဘူး။ 'ငရဲမှာ တစ်ရာသီ' ရေးပြီးမှကို 'လင်းပြချက်များ'ရေးတာပါလို့ ဆိုကြတဲ့ သုတေသီများ လည်းရှိရဲ့။ ဘာပဲဖြစ်ဖြစ် ရဲန်ဘိုးကတော့ စာပေကို စိတ်မဝင်စား တော့ပါဘူး။ 'ဒိဋ္ဌဓမ္မ' လောကကြီးထဲ ပစ်ဝင်တော့မယ်ဆိုတဲ့အတိုင်း ဥရောပတစ်ခွင် ပြပြစင် အောင် လျှောက်လည်တယ်။ အရှေ့အိန္ဒိယ ကျွန်းစုကိုတောင် ရောက်သွား တယ်။ အီဂျစ်လည်းရောက်ရဲ့။ အလုပ်ကလည်း အမျိုးမျိုးလုပ်ကိုင် စားသောက် တာပဲ။ နောက်ဆုံးမှာ (၁၈၈၀)အဘစ်ဆီးနီးယားပြည် ဟာရာမြို့မှာ ကုန်သည် တစ်ယောက် အနေနဲ့ အခြေချ လိုက်တော့တယ်။ ကော်ဖီကုန်ကူးလိုက်၊ ကျွန်ကုန်ကူးလိုက်ပဲ။ ကုန်သည်ဘဝနဲ့ ကြမ်းတမ်းတဲ့ ခရီးသွားရပုံတွေကို ရံဖန်ဆောင်းပါးရေးပြီး ပြင်သစ် သတင်းစာများ ဆီပို့သေးရဲ့။ ထည့်မပေးကြပါဘူး။ ဆယ့်တစ်နှစ်ကြာတော့ ကြောက်ဖွယ်လိလိ ဒူးကြီးရောင်လို့ သူ့ကိုကိုယ့်တိုင်း ကိုယ့်ပြည် ပြန်ရောက်လာတာ တွေ့ကြရတယ်။ ဗားဆေးလ်ဆေးရုံမှာ ဒူးဖြတ်အပြီး လအနည်းငယ်အကြာမှာ ကွယ်လွန်သွားပါတယ်။

ရဲန်ဘိုးဟာ လူငယ်တို့တံထွာတက်ကြွနေတဲ့စိတ်ကြောင့် ကဗျာရေးခဲ့တယ် လို့ဆိုခဲ့တယ်။ ဒါပေမယ့် သူဟာ မိမိအတွေ့အကြုံတင် မဟုတ်ဘဲနဲ့ တခြားလူများရဲ့ အတွေ့အကြုံကိုပါ တုပြီး ဖော်ပြတာတွေလည်း တွေ့ကြရတယ်။ ဒါတွေဟာဖြင့် သူ့ဘဝ အတွေ့အကြုံတွေပါပဲ။ အည်ဂိုး၊ ဘိုဒလယ်၊ ဗယ်ရလဲန်းတို့ရဲ့စာတွေ သူ့ကဗျာဝိညာဉ်ထဲ စိမ့်ဝင်နေတယ်ဆိုရပေမယ့်လည်း ရဲန်ဘိုးဟာ သူ့ကိုယ်ပိုင် စကား အသုံးအနှုန်းကို တီထွင်နိုင်သူဖြစ်တယ်။ သူ့စာဟန်က စောစောပိုင်း ကဗျာတွေမှာ တော့ ရိုးရိုးစင်းစင်းပါပဲ။ ဒါပေမယ့် 'အရက်မူးတဲ့လှေ'မှာ နိမိတ်ပုံတွေက စိတ္တဇ ဆန်ဆန်ဆိုတော့ စကားကလည်း ကြွယ်ဝပြီး ရှုပ်ထွေးလာရတယ်။ ဒီကဗျာဟာ သူ့ရဲ့နာမည်အကျော်ဆုံး ကဗျာပါပဲ။ ပင်လယ်ကို မမြင်ဖူးသေးတဲ့ ၁၆နှစ်သားလေး က မဂ္ဂဇင်းတွေထဲမှာ မြင်ရတဲ့ ရုပ်ပုံတွေပဲကြည့်ပြီး ရေးခဲ့တာပါတဲ့။ ကဗျာထဲမှာ အရောင်နဲ့ရနံ့၊ အမြင်နဲ့အသံ၊ စိတ်နဲ့ရုပ်၊ ရောယှက်ပြီး ရေးခဲ့ပုံဟာဖြင့် ဘိုဒလယ်ရဲ့ 'ဆက်သွယ်မှုများ'ထက် သာလွန်တဲ့ ရူပကအလင်္ကာတွေ ဖြစ်နေပါတယ်။ 'လင်းပြ ချက်များ' မှာတော့ အတွင်းအဇ္ဈတ္တ အတွေ့အကြုံ (ခံစားမှု)ကို ချက်ခြင်း ရေးချတာ

ဖြစ်လို့မို့ နေရာအတော်တော်များများမှာ အဓိပ္ပာယ် ဖွင့်မရဘဲ ဖြစ်နေတယ်။ ဒါပေမယ့် အရိပ်ပြထားပုံ၊ ရစ်သမ်၊ အတွေးအခေါ်နဲ့ နိမိတ်ပုံတွေ ကပြောင်းကပြန် လုပ်ထားပုံတွေက စိတ်ဝင်စားစရာ ဖြစ်နေတဲ့အတွက် ကဗျာဟာ ပေါ့မသွားဘူး။ နောင် နှစ်ငါးဆယ်ကြာတဲ့အခါမှာ အမှန်လွန်ဝါဒ (ဆာရီယယ်လစ်ဇင်း) သမားတွေက ဒီနည်းကို တမင်တကာ သုံးယူကြတယ်။ ရဲန်ဘိုးကတော့ ဝေ့လည်ကြောင်ပတ်ဖြစ်ကြ ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုံးခဲ့ဟန် မတူပါဘူး။ သူ့စိတ်ထဲ ကြုံသိရတဲ့အတိုင်း ရိုးသားစွာ ရေးချခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။

သူ့ကဗျာကို ဆင်ခြင်တုံတရားထက် ခံစားသိမြင်ရတာကို သဘောကျတဲ့ လူတွေက နှစ်ခြိုက်ကြတယ်။ ရဲန်ဘိုးဟာ အကြီးဆုံး ပြင်သစ်ကဗျာဆရာတွေထဲမှာ တစ်ဦးအပါအဝင်ပါပဲ။

## သတိရခြင်း

(၁)

ကြည်လင်တဲ့ရေ။ ကလေးဘဝမျက်ရည်တို့ရဲ့ ဆားပမာ၊
မိန်းမတို့ရဲ့ ကိုယ်ခန္ဓာများရဲ့ ဖြူဖွေးမှုက နေရောင်မှာ တိုက်ခိုက်ခြင်း။
သန့်စင်တဲ့နှင်းပန်း (ပုံခြယ်ထားပြီး) ကြွယ်ဝလှတဲ့ပိုးသား၊
လုံမတစ်ဦး ကာကွယ်ခဲ့ရာ တံတိုင်းများအောက်က မီးလျှံအလံများရဲ့ (ပိုးသား)။

နတ်တမန်တို့ရဲ့ မြူးတူးမှု၊ . . . မဟုတ်ပါ။ . . . ရွှေရောင်စီးနေတဲ့ ရေစီးကြောင်းက
မည်းနက်လေးလံတဲ့၊ ပြီး အေးမြတဲ့ မြက်လက်များကို လှုပ်လိုက်တယ်။
ကောင်းကင်အပြာကို အမိုးကမ္ဗလာအဖြစ်ရှိတဲ့၊ မည်းမှောင်တဲ့သူက
တောင်နဲ့ တံတားရဲ့ အရိပ်ကို ကန့်လန့်ကာအဖြစ် ဆင့်လိုက်တယ်။

(၂)

ဟော။ စိုစွတ်တဲ့ ကန္တာပြင် ကြည်လင်တဲ့ ပူပေါင်းများကို ပြန့်လိုက်ပေါ့။
ခင်းပြီးအိပ်ရာတွေကို မြစ်ချောင်းက ဖြူရော်၊ အနက်မည်းတဲ့ ရွှေနဲ့ ဆင်ယင်ပေးတယ်။
ကလေးမလေးတွေရဲ့ ညိုးနွမ်းနွမ်း ဝတ်စုံအစိမ်းတို့က

ထင်းရှူးပင်ရိပ်
ဇက်ကြိုးမဲ့ငှက်များ ခုန်ထွက်လာကြရာ မိုးမခပင်တွေပေါ့။

ရွှေဒင်္ဂါးထက် သန့်စင်စွာ အဝါရောင် ပူနွေးနွေးမျက်ခွံ
လတာပြင် ရွှေဝါပန်းက(သင့်အိမ်ထောင်ရေးသစ္စာလေ၊ အို ဇနီး)
မြန်ဆန်တဲ့ နေ့လယ်ခင်းမှာ အရောင်မဲ့ ကြေးမုံထဲကနေ၊ အပူရှိန်ဖြင့်
မည်းပြာနေတဲ့ ကောင်းကင်က နှင်းဆီသွေး ချစ်ဖွယ်စက်ဝန်းကို မနာလိုနေလေရဲ့။

(၃)

မဒမ်ဟာ မြက်ခင်းထဲမှာ တောင့်တောင့်ကြီး ရပ်နေတယ်၊
မိုးပွင့် (လိုဖြူတဲ့) လုပ်အားရဲ့ သားများအနီးမှာပေါ့။ ထီးက
လက်ကြားမှာ ပမာမခန့်နိုင်လှတဲ့ တောမုန်လာဥကို နင်းခြေလို့၊
ကလေးတွေက ပန်းဝေတဲ့ မြက်ခင်းအလယ် သားရေဖုံးနီနီ

စာအုပ်ကို ဖတ်နေကြတယ်။ ဩော် 'သူ'ကတော့
ညောင်ညိုပင်စခန်း လမ်းခွဲကြတဲ့ နတ်တမန်တစ်ထောင်ရဲ့ပမာ
တောင်တန်း ဟိုဘက်ဆီ လစ်သွားပေါ့။ မချောလည်း တစ်ကိုယ်လုံး
အေးစက်၊ မည်းနက်လို့၊ ပြေးလေရဲ့၊ ယောကျ်ားထွက်သွားတဲ့နောက်က။

(၄)

သန့်စင်တဲ့ မြက်ခင်းရဲ့ ထူထဲ-နူပျိုတဲ့ လက်ချောင်းများကို လွမ်းရခြင်း၊
မြင့်မြတ်တဲ့ အိပ်ရာရဲ့ နှလုံးသားမှာ ဧပြီဆန်းလတို့ရဲ့ ရွှေ၊ မြစ်
ကမ်းပေါ်က လူသူစွန့် သစ်လုပ်ခွင်များရဲ့ပီတိ၊ ပုပ်ဆွေးမှုကို
အပင်ပေါက်စေတဲ့ သြဂုတ်ညနေခင်းများရဲ့ သားကောင်းတစ်ဦး၊

သူ့ကိုအခု မြို့ရိုးတို့အောက်မှာ ငိုပါစေလေ။ ဝေဟင်က
ပေါ်ပလာပန်းတို့ရဲ့ ပင့်သက်က လေပြည်ညင်းတစ်ဦးထဲ အတွက်သာ၊
အဲဒီမှာ ရေအလွှာဟာ အရိပ်မဲ့၊ နွေဦးမဲ့၊ မှုန်ပြာလို့၊

အဘိုးအိုတစ်ဦး၊ ရေပက်ရင်း၊ သူ့ရဲ့မရွှေ့မရှား လှေထဲမှာ ကြိုးပမ်းနေလေရဲ့။

(၅)

ဒီ အမင်္ဂလာရေပြင်ရဲ့ မျက်လုံးရဲ့ ကစားစရာငဲ့၊ ငါ မမီချေဘူး၊
အို မရွှေ့မရှားလှေငဲ့၊ ဩော်၊ လက်တွေက တိုလွန်းနေပေါ့၊ တစ်ပွင့်လည်းမမီ၊
တစ်ပွင့်လည်းမလှမ်းနိုင်ဘူး၊ ဟိုမှာ ငါ့ကို နှောင့်ယှက်နေတဲ့ အဝါလေးရော၊
ပြာမွဲရောင်ရေနဲ့ ခင်မင်တဲ့ အပြာလေးကိုရော။
ဩော် တောင်ပံတစ်ခုက လှုပ်ခါလိုက်တဲ့ မိုးမခပင်တို့ရဲ့ အမှုန့်။
ကျူပင်တို့က စားဝါးပစ်တာ ကြာပြီဖြစ်တဲ့ နှင်းဆီပွင့်များ၊
အမြဲချည်နှောင်ထားတဲ့ ငါ့လှေ၊ သူ့သံကြိုးကိုလည်း ဒီကမ်းမဲ့
ရေပြင်ရဲ့ မျက်လုံးရဲ့ နက်ရှိုင်းမှုဆီ ဆွဲလိုက်ပေါ့- ဘယ်နွံဆီကိုများပါလိမ့်။

ဒီကဗျာကို ရဲန်ဘိုး ၁၈နှစ်သားက ရေးခဲ့တယ်။ ဒီလိုငယ်ငယ်ရွယ်ရွယ်နဲ့ ကလေးဘဝကို သတိတရ တလွမ်းတဆွေး ရေးတဲ့ ကဗျာမျိုး မပေါ်ဖူးဘေးဘူး၊ ရဲန်ဘိုးရဲ့ အကောင်းဆုံး ကဗျာတစ်ပုဒ်ပါပဲ။ ကာရန်၊ အသံ၊ သိမ်မွေ့တဲ့ ခံစားမှုများ ပြေပြစ်ညီညွတ်တဲ့ ကဗျာဖွဲ့စည်းမှုတို့ကြောင့် အဘက်ဘက် ပြောစရာမရှိတဲ့ ကဗျာကောင်းတစ်ပုဒ် ဖြစ်နေတယ်။ ဒီကဗျာဟာ (၁) ကိုယ်တွေ့ဇာတ်လမ်းတစ်ပုဒ်လည်းဖြစ်တယ်။ (၂) မိခင်ရဲ့ စောင့်ရှောက်မှုနဲ့ ကလေးဆန်ဆန် အပြစ်ကင်းစင်မှုကို စွန့်ပြီး လူကြီးဆန်တဲ့ စွန့်စားမှု၊ စိတ်ဓာတ်ကြမ်းတမ်းမှုတို့ကို ရှာဖွေလာတဲ့ ကလေးဘဝတိုင်းရဲ့ ဇာတ်လမ်းကို တင်ပြနေတာမို့လို့ သင်္ကေတသဘောလည်းဟုတ်တယ်။ (၃) ခံစားမှုတွေက ပေ့ါပါး၊ နူးညံ့ပြီး ရိပ်ခနဲ ရိပ်ခနဲ မြန်ဆန်လွန်းတယ်၊ ရုပ်ဒြပ်မရှိသော်လည်း လာပေါ်တဲ့ စွဲထင်မှုမျိုး ဖြစ်နေတဲ့အတွက် အင်ပရက်ရှင် နစ်ဇင်လည်း ဟုတ်တယ်။

ပထမပိုင်းရဲ့အကြောင်းအရာကတော့ ရေဖွဲ့ပါပဲ။ မြစ်ရေထဲက ရေရယ် မျက်ရည်ရယ်။ နေရာက ဗမ်စ်မြစ်အနီး ရှာလဗီလ်မှာ ဖြစ်ပါတယ်။ မြစ်ကမ်းပါးမှာ ရဲန်ဘိုးကလေး ကစားနေတယ်။ သူ့အမေက ကြည့်နေတယ်။ မလှမ်းမကမ်းမှာ ခုံတွေနဲ့ တံတားတစ်စင်းရှိတယ်။ တောင် တစ်တောင်လည်းရှိတယ်။ ကမ်းပေါ်မှာ မိုးမခပင်တွေ ပေါက်နေကြတယ်။ တနင်္ဂနွေနေ့ညနေခင်းများမှာ ဝတ်ကောင်းစားလှ

တွေနဲ့ မိန်းမတွေ လမ်းလျှောက်နေကြတယ်။ တချို့လည်း လဲလျောင်းပြီး နေစာလှုံနေကြရဲ့။ ပထမအကြောင်းမှာ မြစ်ရေနဲ့ ဒုက္ခသည် ကလေးငယ်ရဲ့ မျက်ရည်များကို သင်္ကေတနဲ့ ဆက်သွယ်ပြလိုက်တယ်။ ဒုတိယအကြောင်းကတော့ မရှင်းမလင်းဘဲ။ ရေတွေ တတွေတွေစီးနေကြတာမြင်ရတော့ သူဖတ်ဖူးတဲ့ ပုံပြင်တွေထဲက ရေသူမတွေရဲ့ ကိုယ်ခန္ဓာများကို သတိရမိတာလား။ အမျိုးသမီးတွေက အဖြူရောင်အဝတ်အစားသစ်သစ်လွင်လွင်နဲ့မို့ ဆောင်းတွင်းဖြစ်လေတော့ အသားအရောင်လည်း ဖြူရော်လို့မို့၊ မြစ်ကမ်းပါးမှာ သူတို့လဲလျောင်းနေပုံက နေရောင်ခြည်ကို အံတုတိုက်ခိုက်နေကြတာကို ဆိုလိုသလား မပြောတတ်ဘူး။ (ဒါတောင် အဲဒီခေတ်က ပြင်သစ်မတွေ နေစာလှုံဦးမယ် မဟုတ်ဘူးနဲ့တူတယ်) ကဗျာရဲ့ တည်ငြိမ်တဲ့လေကို ထောက်တော့ ချာတိတ်က မိန်းမတွေရဲ့ ခန္ဓာကိုယ်ကို (တိုက်ခိုက်)လိုတာတော့ မဖြစ်နိုင်ဘူးနဲ့ တူပါတယ်။ တတိယစာကြောင်းက'ပိုးသား'က၊ မြစ်ရေရဲ့ လျှာဆင်းနေပုံကို ပိုးသားဆန်တယ်လို့ ဆိုလိုခြင်းပါ။ ဒီ တတိယနဲ့ စတုတ္ထစာကြောင်းတို့က ဂျူးအော့ဖအော့က်('လုံမတစ်ဦး')ရဲ့ ရုပ်ပုံကို ဖော်ထုတ်ပါတယ်။ ရွှေရောင်'မီးလျှံ' အလံတွေ ကိုင်ဆောင်ထားကြတဲ့ စစ်သည်တော်တွေဝန်းရံလို့ အော်လျန်မြို့ရိုးတွေကို ဝိုင်းဆို့တိုက်နေတဲ့ပုံပါပဲ။ အလံထဲမှာ ပြင်သစ်ဘုရင်တို့ရဲ့ အမှတ်အသား ဖြစ်တဲ့ နှင်းပန်းပုံတွေ ရေးခြယ်ထားတယ်။

ကဗျာဆရာကလေးရဲ့ စိတ်ကူးထဲမှာ နတ်တမန်များ အမြဲကျက်စားလေ့ရှိဘယ်။ တသွင်သွင်စီးနေတဲ့ မြစ်ရေစီးဟာ နတ်တမန်တို့ မြူးထူးနေကြတာများလားလို့ သူစိတ်ကူးကြည့်တယ်။ ပြီး ဘာကြောင့်ရယ်မသိ၊ မဟုတ်ပါဘူးလို့ သူ့ဟာသူ ခြေထားတယ်။ အဲဒီနောက် မြစ်ကို မိခင်နဲ့ နှိုင်းထားပါတယ်။ မြစ်မှာ (မိခင်လို) လေးလံပြီး နှစ်သိမ့်ဖွယ်ဖြစ်တဲ့ လက်တွေရှိတယ်တဲ့။ ('မြက်လက်'လို့ ဆိုတဲ့အတွက် ကမ်းပါးတွေကို ပြောတာလို့ နားလည်ရတယ်။ မြစ်ရဲ့ မည်းမှောင်၊ သုန်မှုန်တဲ့ ဟန်ပန်က နွေရတုကောင်းကင်ရဲ့ ရွှင်မြူးဖွယ်ဟန်နဲ့ ဆန့်ကျင်နေတယ်။ မိခင်လည်း ဒီတိုင်းပဲ။ မိခင်ရဲ့အိပ်ရာကိုအပေါ်က အဝတ်စတစ်ခုမိုးထား၊ အဲဒီကမှ တစ်ဖက်တစ်ချက်မှာ ကန့်လန့်ကာတွေ ဆွဲချထားသလို မြစ်မှာလည်း အပေါ်က မိုးကောင်းကင်က မိုးထားပြီး တစ်ဖက်တစ်ချက်မှာ တောင်နဲ့ တံတားတို့ရဲ့ အရိပ်တွေ ကျနေတာပါသတဲ့။

ဒုတိယပိုင်းမှာ မိခင်ကို ဖွဲ့ပါတယ်။ 'စိုစွတ်တဲ့ ကန္တာပြင်'ဆိုတာ မြစ်ကို ပြောတာပါ။ မြစ်က ပူပေါင်းလးတွေ ပျံ့နေတယ်တဲ့။ ဆည်တမံကြီးနားရောက်ခါနီးမို့

ပူပေါင်းလေးတွေ ပလုံထိုးနေသလားမသိဘူး။ တစ်နေရာမှာတော့မြစ်က အိပ်ရာတွေ ခင်းပေးနေတယ်တဲ့။ ရေနစ်သူများအဖို့ ပြောတာပါ။ ရဲန်ဘိုးဖတ်ဖူးတဲ့ ပုံထဲက ဩဖဲလျ ရေနစ်ခန်းကို သတိရတယ်နဲ့တူပါရဲ့။ ကလေးမလေးတွေက အစိမ်းရောင် ဝတ်စုံလေးတွေနဲ့ ရော်ဆဲ မိုးမခပင်တို့ကြားမှာ ပေါ်လာတယ်။ သူတို့ဝတ်စုံ ရဲ့အစိမ်းရောင်နဲ့ သစ်ပင်တို့ရဲ့ ပြာမှိုင်းမှိုင်းအရောင်ရောသွားတယ်။ ဒါမှမဟုတ်၊ မိုးမခပင် တွေဟာ ကလေးမလေးတွေရဲ့ ညှိုးနွမ်းနွမ်းဝတ်စုံများကို ဆင်မြန်းလိုက်ကြ တော့တယ်။ ဒီကလေးမလေးတွေက ရဲန်ဘိုးရဲ့နှမ နှစ်ယောက်လို့ ယူဆကြတယ်။ ရဲန်ဘိုးခများ သူတို့ ကစားလျှင် စောင့်ကြည့်ရတယ်၊ ဘုရားရှိခိုးကျောင်းသွားလျှင် အဖော်လိုက်ရတယ်။

နောက်တစ်ပိုဒ်မှာ မိခင်ကို ဖွဲ့ပါတော့တယ်။ မိခင်အနေနဲ့ မဟုတ်ဘဲ အိမ်ရှင်မ ဝါ ဇနီးသည်အဖြစ် ဖွဲ့လိုက်ပါတယ်။ သင်္ကေတပြုမှု အသစ်တစ်ခုကို တွေ့ရပါတော့တယ်။ ရွှေဒင်္ဂါးထက် သန့်စင်၊ မျက်ခွံလို ပူနွေးဝိုင်းစက်နေတဲ့ ရွှေဝါပန်းက အိမ်ထောင်ရေးသုခကို သင်္ကေတ ပြုထားခြင်းပါပဲ။ အဝါရောင် ကလည်း သုခချမ်းသားကိုပဲ သင်္ကေတပြုတယ်။ အဲဒီပန်းရဲ့ မြစ် (မြစ်ရဲ့နံဘေးမှာ ပန်းက ပေါက်နေတာ) က နှင်းဆီသွေး (မနက်နဲ့ညနေမှာ) ပူနွေးနွေး၊ ချစ်ဖွယ်ဖြစ်တဲ့ နေအဝန်းကို ရောင်ပြန်ဟပ်နေတယ် (မျက်လုံးလိုပေါ့)။ အမျိုးသမီးက ယောကျ်ားခာတ် (နေကကိုယ်စားပြုထားရာ) ကို မနာလို ဝန်တိုဖြစ်မိတယ်။ ပျောက်ကွယ်သွားမှာကို စိုးရွံ့မိသကိုး။

အမျိုးသမီးကိုမြစ်နဲ့ တင်စားနေရာကနေ အပိုင်း ၃ကျတော့ ရုတ်တရက် 'လေ' ပြောင်းသွားတယ်။ တင်းမာ၊ ရှုတင်းတဲ့ မိခင်တစ်ဦးအနေနဲ့ မြက်ခင်းထဲမှာ လမ်းသလားနေတယ်။ မြက်ခင်းထဲမှာ ရှပ်အင်္ကျီအဖြူ ဝတ်ထားတဲ့ အလုပ်သမားတွေ (သူကငှားပြီး ခိုင်းထားသလားမသိဘူး) အလုပ် လုပ်နေကြတယ်။ သူတို့ကြည့်ရတာ မိုးပွင့်တွေလိုပဲ။ အမေကြီးဟာ နေပူလို့ ထီးဆောင်းထားတယ်။ တောမုန်လာဥပင် တွေကို ခြေနင်းပစ်နေတယ်။ ဒီအပင်တွေ ထောင်ထောင်မတ်မတ် ဖြစ်နေပုံက သူ့ကို ပမာမခန့် ဖြစ်နေသလိုမို့တဲ့။ တနင်္ဂနွေညနေဖြစ်လေတော့ ကလေးတွေဟာ ဝတ်ပြု တဲ့အနေ ဘုရားရှိခိုး စာအုပ်လေးကို ဖတ်နေကြရတယ်။

နောက်တစ်ပိုဒ်မှာ 'သူ'ဆိုတာ တောင်စွယ်မှာ ကွယ်တော့မယ့်နေနဲ့ လင်ဖြစ်သူ (ရဲန်ဘိုးရဲ့အဖေ စစ်ဗိုလ်၊ ကလေးငါးယောက်နဲ့ ဇနီးကို ပစ်ပြေးခဲ့သူ)ကို ပြောတာပါ။ သူကဖြင့် နတ်တွေ စုဝေးလာရာက လမ်းခွဲကြသလို ပျောက်ကွယ်သွား

ပေ့ါ။ (နတ်တွေ လူစုခွဲကြပုံကို မြင်ယောင်ကြည့်စမ်းပါ၊ ဘယ်လောက်များ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်ကွယ်သွားပုံ မြန်ဆန်လိုက်မလဲ) မချော (ရဲန်ဘိုးအမေနဲ့ မြစ်)လည်း ဝင်သွားတဲ့နေ၊ ကွယ်ပျောက်သွားတဲ့ လင်နောက်ကလိုက်နေလေရဲ့။ 'အေးစက်၊ မည်းနက်လို့၊ ပြေးလေရဲ့' ဆိုပြီး စကားလုံးလေးတွေ ဖြတ်-ဖြတ်ထားပုံက မချောရဲ့ အရှူးအမူးဖြစ်နေပုံကို သရုပ်ပါစေတယ်။

အဲသလို အပိုင်း ၃မှာ သရောက်တော်တော် ရေးခဲ့ရာက အပိုင်း ၄ကျတော့ သနားစရာ လုပ်လာပြန်တယ်။ လင်ပစ်မ မိခင်ကြီးကလည်း သနားစရာ၊ ဖအေမဲ့ ကလေးတွ။ မိခင်ရဲ့ စိတ်ဆင်းရဲမှုကို ကြည့်ပြီး စိတ်မချမ်းမသာဖြစ်ရတဲ့ ကလေးတွေ ကလည်း သနားစရာ။ ဇနီးလုပ်သူဆီက လင်ယောကျ်ား ထွက်ပြေးသွားတာ ဘယ်လို ခံရတယ်ဆိုတာ ရဲန်ဘိုးလေးက ဝိုးတဝါး သဘောပေါက်မိတယ်။ ဧပြီလမှာ ထွန်းပတဲ့ လရောင်ဟာ သစ်ပင်ပန်းမန်တို့ရဲ့လက်ထပ်ပွဲဆီ ဖိတ်ခေါ်သလိုသာနေလိုက်တဲ့ အခါမှာ ခမျာ့ရဲ့ ခန်းသဉ္ဇာစက်ရာမှာတော့ ပျော်မွေ့စရာမရှိရှာတော့ဘူး။ မိခင်ရဲ့ ဆွေးပူပုံဟာ နေဝင်သွားတဲ့ခါ နွေဦးရာသီ ကုန်သွားပြီမို့ ကမ်းပေါ်မှာ မြက်ပင်တွေ ထူထူထဲထဲ နုနုပျိုပျို မရှိတော့တဲ့အခါ မြစ်ယမုန်ဆွေးပူပုံနဲ့တူလှတယ်။ ပထမ စာကြောင်းမှာ 'ထူထဲ-နုပျိုတဲ့'ဆိုတာ မြက်ပင်မက လင်ယောကျ်ားရဲ့သဘာဝ ကိုပါ ဖော်ကျူးထားခြင်းပါပဲ။ အဲဒီနောက် နွေရောက်လာတယ်။ အလုပ်သမားတွေ လှေလုပ်ကြ၊ သစ်ခွဲကြနဲ့ရှိခဲ့တဲ့ အလုပ်ခွင်စခန်းမှာလည်း ညညလူသူမရှိတော့ဘူး။ လေထဲမှာ သစ်ဆွေးမြေဆွေးနံ့တွေပါလာတယ်။ ဩကာသလောကကြီးတစ်ခုလုံးမှာ အပင်ငယ်တွေ ပေါက်လာနေတော့တဲ့အတိုင်းပဲ။ မြစ်ဟာ ပိုပြီးတည်ငြိမ်လာတယ်။ မြစ်နဲ့ဘဝချင်းအတူတူဖြစ်တဲ့ မိခင်ခမျာ ငိုရှာတော့တယ်။ သူငိုနေတာက မြို့ရိုး (အပိုင်း၁ တုန်းကဖော်ပြပြီး)အောက်မှာပါ။ ပေါ်ပလာပန်းတို့ရဲ့ နမ်းလာသလို ပင့်သက်ကို လေကဆောင်ယူပြေးသွားတယ်။ အမျိုးသမီးရဲ့ မျက်နှာကို လှောင်သလို အနမ်းနဲ့ ထိတို့သွားတယ်။ ဒုတိယပိုင်းတုန်းက ဘဝရဲ့ပူးပေါင်းတွေနဲ့ ပလုံးထိုးနေတဲ့ ရေကန္တာပြင်ဟာ ခုတော့ မှုန်ပြာ၊ ငြိမ်သက်ပြီး ကြောက်ဖွယ်ကောင်းတဲ့ ရေအလျှာ တစ်ခုဖြစ်လာနေပြီ။ မြစ်ပေါ်မှာတော့ အဘိုးအိုတစ်ဦးဟာ လှေကို ကျောက်ဆူး ချရင်း လှေထဲက ရေပက်ထုတ်နေတယ်။ သန့်စင်လာရအောင် လွတ်မြောက်သွား အောင် ကြေကွဲစွာ၊ အကျိုးမဲ့စွာ ကြိုးပမ်းနေခြင်းပါပဲ။

အပိုင်း ၂ကနေ ၄ထိမှာ မအေကြီးက ဗဟိုဇာတ်ကောင်ပ။ သားက သူ ဒုက္ခရောက်နေတာကို စာနာသူမျှသာ။ သူ့အမေကို သူဘယ်လောက် တွယ်တာနေဦး

မလဲ၊ တစ်နေ့ အိမ်ကို အရှုံးပေးပြန်လာနေဦးမှာလား၊ သူဝေခွဲမရဘူး။ ဒါပေမယ့် ဖအေ့သားမဟုတ်လား။ မအေရဲ့ ချုပ်ချယ်ညှဉ်းပန်းမှုအောက်က ရုန်းထွက်ပြီး သူ့ကို ပျော်ရွှင်မှုမပေးတော့ရာ ဒီမြစ်ကမ်းက သူထွက်ပြေးရဦးမှာပါပဲ။ (ဒီ ကဗျာရေးစဉ်က ရဲန်ဘိုး အိမ်က အကြိမ်တော်တော်များများ ထွက်ပြေးဖူးပြီ၊ ခုလည်း ထွက်ပြေးဦးမလို့ ကြံဆဲ)နောက်ဆုံးအပိုင်းမှာ မြစ်က ဇာတ်ဟီရိုဇာတ်ကောင်ဖြစ်လာတယ်။ အမေ့အကြောင်း မပါလာတော့ဘူး။ ဖအေထွက်ပြေးတာ၊ မအေ ဒုက္ခရောက်တာတွေကြည့်ပြီးတဲ့ နောက် သူ့ကိုယ်သူ ကြည့်မိတယ်။ ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဖော်ကျူးရာ 'ငါ'ကို စသုံးပါတော့တယ်။

ဝန်းကျင်ရှုခင်းကို ကြည့်ပြီး ရဲန်ဘိုးလေးဟာ ဆွေးလာတယ်။ သူ့ကိုယ်သူ လွတ်မြောက်စေဖို့၊ မြစ်ကမ်းတွေက၊ ဘဝကကပေးလာတဲ့ ပန်းတွေကို လှမ်းယူဖို့ တခုံမင်မင် တပ်မက်မိပေမယ့် မစွမ်းဆောင်နိုင်ဘဲ ဖြစ်နေလို့ ဆွေးပူရတယ်။ သူ့လက်တွေက တိုလွန်းနေပါသတဲ့။ အိမ်ထောင်သုခကို သင်္ကေတပြုထားတဲ့ ပန်းပွင့် ဝါဝါကိုလည်း သူကငြီးငွေ့တယ်။ သိမ်မွေ့တဲ့ ခံစားမှုအချစ်ကို သင်္ကေတပြုတဲ့ ပန်းပြာပြာလေးကလည်း သူ့အဖို့ပီပီပြင်ပြင် မဖြစ်သေးဘူး။ သူဟာ ကောင်းကင်ကို ရောင်ပြန်ဟပ်နေတဲ့ ရေပြင်လေးရဲ့ ကစားစရာမျှပဲဖြစ်နေသေးတယ်။ ဒီရေပြင်မှာပဲ ကြိုးတုတ်ထားဆဲရှိတယ်။ ပင်လယ်ထဲမျောဆင်းမသွားနိုင်သေးဘူး။ နောက်ဆုံး စာကြောင်းများက ပထမအပိုဒ်များရဲ့ ရှုခင်းရှုကွက်တို့ဆီ ပြန်ပို့ပေးလိုက်တယ်။ ငှက်တို့ ပျံထွက်သွားရာ၊ ကလေးမလေးတို့ အဝတ်အစားနွမ်းအရောင်နဲ့ မိုးမခပင် တွေကို တမ်းတလိုက်တယ်။ ကျူပင်တွေကြားက နှင်းဆီပွင့်လေးတွေလည်း ကြွေလွင့် ကုန်ပြီ။ ရဲန်ဘိုးနဲ့သူ့ညီဟာ မြစ်နဖူးမှာ ကပ်ထားတဲ့ သူတို့ဦးလေးရဲ့လှေထဲမှာ ကစားလေ့ရှိကြတယ်။ ချည်ထားတဲ့ သံကြိုးက ခွင့်ပြုသလောက် လွတ်ပေးရင်း လှေကို ကျောက်ဆူးဖြုတ်လွတ်လိုက်ဟန် ကစားလေ့ရှိတယ်။ ခုလည်း ဒီတိုင်းပါပဲ။ သူ့ဘဝဟာ အောက်ခြေက ရွံ့ဆိုတဲ့ ဆုံးရှုံးခြင်း၊ မအောင်မြင်ခြင်းမှာ ကြိုးချည်လို့ ထားပါတယ်။ လွတ်မြောက်ရေး၊ ရွေ့ရှားသွားလာရေး၊ အိပ်မက်ဟာ စတင်ရာမှာပဲ အဆုံးသတ်ရပါလိမ့်မယ်။ ကျောက်ကြိုးချထားတဲ့ လှေလေး မထွက်ပြေးနိုင်သလို သူလည်း မထွက်ပြေးနိုင်ဘဲ ဒီနေရာမှာပဲ တဝဲလည်လည် ဖြစ်နေရပါမယ်တဲ့။

❖

**ထင်းရှူးပင်ရိပ်**
**အရုဏ်ဦး**

**နွေရတုအရုဏ်ဦးကို ငါပွေ့ဖက်ခဲ့ပြီ။**

နန်းတော်တို့ရဲ့ ကမ်းနဖူးများမှာ ဘာကမှ မလှုပ်ရှသေး။ ရေပြင်ဟာ သေနေတယ်။ အရိပ်တို့ရဲ့ ကွန်းထောက်စခန်းများဟာ တောထဲက လမ်းက မဖဲသေးဘူး။ ငါလမ်းလျှောက်လာခဲ့ပြီး၊ သက်ရှိ ပူနွေးတဲ့ ပင့်သက်များကို နှိုးလာခဲ့တယ်။ ကျောက်မျက်တို့က ကြည့်နေကြတယ်။ တောင်ပံတွေ တိုးတိတ်တိတ် ထလာကြရဲ့။

ပထမဆုံးစွန့်စားခန်းကတော့ အေးမြ-ဖျော့တော့တဲ့ အလင်းရောင် ပြည့်လျှမ်းနေပြီဖြစ်တဲ့ လမ်းကလေးပေါ်မှာ ငါ့ကို သူ့နာမည် ပြောပြတဲ့ ပန်းပွင့် တစ်ပွင့်ပေါ့။

ထင်းရှူးပင်တို့ကြားမှာ ဆံပင်ကို ဖွားရရာ ကြိုဖြန့်ယင်း ပြေးလွှားနေတဲ့ ဆံရွှေဝါ ရေတံခွန်ကို ငါကရယ်မောလိုက်တယ်။ သူ့ ဘော်ငွေရောင်အထွတ်ကို မြင်ရတော့ နတ်မိမယ်ကို ငါမှတ်မိလိုက်တယ်။

အဲဒီနောက်တော့ ငါသူ့ပဝါပါးတွေကို တစ်လွှာပြီးတစ်လွှာ ခွာချလိုက်တယ်။ လမ်းကလေးပေါ်မှာ ငါ့လက်မောင်းတွေကို လှုပ်ယမ်းလို့ လွင်ပြင်ကို ဖြတ်လာကြတော့ ငါသူ့အကြောင်း ကြက်ဖဆီထုတ်ပြောခဲ့တယ်။ မြို့ကြီးကျတော့ သူကခေါင်းလောင်းမျှော်စင်တွေကြား၊ အမိုးခုံးခုံးတွေကြား ထွက်ပြေးပါလေရော။ ကျောက်ဖြူဆိပ်ကမ်းတစ်လျှောက် သူတောင်းစားလိုပြေးလွှားရင်း ငါသူ့နောက်က လိုက်တော့တာပေါ့။

လမ်းထိပ်အရောက် ပန်းကုံး ပန်းရုံတစ်ရုံအနီးမှာ၊ ပြန်ကောက်ထားတဲ့ ပဝါပါးတွေနဲ့ သူ့ကို ငါရုံပေးလိုက်တယ်။ အရုဏ်ဦးရယ် ကလေးရယ် တောအစွန်မှာ လဲကျသွားရော။

နိုးလာတဲ့အခါကျတော့ မွန်းတည့်နေပါပြီ။

['လင်းပြချက်များ' ၁၈၈၆]

'လင်းပြချက်များ'ဆိုတာ ရဲန်ဘိုးရဲ့ စကားပြေ ကဗျာလေးတွေပါ။ သူ့အသက် ၁၈ နဲ့ ၂၂ကြားလောက်ဆီက ရေးခဲ့တာတွေပါပဲ။ သူစာပေလောကကို

စွန့်ပြီး ဥရောပကို ထွက်သွားချိန်မှာ ဒီကဗျာလေးတွေ ဗယ်ရလဲန်းဆီရောက်သွားတယ်။ ဗယ်ရလဲန်းက ပထမမဂ္ဂဇင်းတစ်စောင်မှာ ထည့်ပေးတယ်။ အဲဒီနောက် သူ့မိတ်ဆွေတစ်ဦးက စာအုပ်ကလေးအဖြစ် ထုတ်ပေးတယ်။ ဗယ်ရလန်းက 'လင်းပြချက်များ' (Illuminations) ဆိုတာ 'ရောင်စုံကားချပ်များ'လို့ အဓိပ္ပာယ်ရကြောင်း ပြောပြတယ်။ ကဗျာလေးတွေဟာ ပီပြင်တဲ့ ရောင်စုံရုပ်ပုံလေးတွေ အမှန်ပါပဲ။ ဒါပေမယ့် လူငယ်လေးတစ်ယောက်ရဲ့ အတွင်းစိတ် (မသိစိတ်)ကို လင်းပြနေတဲ့ အိပ်မက်ကလေးတွေ၊ စိတ်ရှုးပေါက်မှုလေးတွေလည်း ဖြစ်တယ်။ ခု 'အရုဏ်ဦး' ကဗျာမှာ ရဲန်းဘိုးက ဩကာသလောကရဲ့ တောက်ပသန့်စင်မှု အိပ်ရာက နိုးလာပုံကို အမိဖမ်းထားပါတယ်။ သူက ငယ်ရွယ်သူပီပီ ဩကာသလောကကို ရှုမြင်သုံးသပ်ရရုံနဲ့တင် မကျေနပ်ဘူး၊ ဖက်ပွေ့ထားလိုက်ချင်တယ်။ ဩကာသလောကကို မိန်းမတစ်ယောက်လို၊ နတ်မိမယ်တစ်ပါးလို တင်စားလိုက်တယ်။ သူ့ပဝါပါးတွေကို သူကကြည်နူးအားရမှုအပြည့်နဲ့ ခွာချလိုက်ရပြန်ပေါ့တဲ့။ ကဗျာရဲ့ 'လေ'က အလေးအနက် ပြောပြနေဟန်၊ လူငယ်လေးတစ်ဦးက လျှို့ဝှက်အတွေ့အကြုံတစ်ခုကို ထစ်ထစ်ငေါ့ငေါ့ ပင့်သက်ရှိုက်ဖို ပြောနေပုံမျိုး။ ဝါကျလေးတွေက တိုတယ်၊ တိတိကျကျ ထိထိမိမိ ရှိတယ်၊ စကားဆက်မပါဘူး။ အိပ်မက်ရုပ်ပုံ တစ်ခုရဲ့ ပီပြင်မှုမျိုးရှိတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ အရုဏ်ဦးနောက်က လိုက်ဖမ်းသူကို လမ်းဘေးသစ်ပင်အုပ်တစ်လျှောက်၊ ကျောက်တုံး ကျောက်ခဲတို့ကြား အိပ်ရာက နိုးသွားတဲ့ ငှက်ကလေးတွေ၊ ပန်းပွင့်ကလေးတွေ၊ သဘော်ဆိပ်ကမ်းတွေ၊ မြို့တော်ရဲ့ မြင့်မြင့်မားမား အဆောက်အဦးတွေကြား ခေါ်ဆောင်သွားလိုက်ပုံက အိပ်မက်တစ်ခုရဲ့ မြန်ဆန် စိတ်ကူးယဉ်ဆန်တဲ့ ရစ်သမ်နဲ့ ပြည့်စုံတယ်။

'အရုဏ်ဦး'ဟာ လှုပ်ရှားမှု ကဗျာတစ်ပုဒ်ဖြစ်တယ်။ စောစောပိုင်းက ရဲန်းဘိုး လက်ဘလွတ်နဲ့ရေးတဲ့ ကဗျာတစ်ပုဒ်က 'လှုပ်ရှားမှု'တဲ့။ အဲဒီကဗျာမှာ လူငယ်တစ်ဦးနဲ့ သဘာဝရဲ့ သတ္တဝါငယ်တစ်ဦး ဆုံစည်းကြပုံကို ရေးဖွဲ့ထားတယ်၊ ရဲန်းဘိုးဟာ သရုပ်ဖော်မှု သက်သက်အတွက် သရုပ်ဖော်တာမျိုး လုပ်လေ့မရှိဘူး၊ ရှုခင်းရှုကွက်ရဲ့ အခြေခံဓာတ်များကို ခွဲစိတ်လိုက်ပြီး ကဗျာဆရာရဲ့ စိတ်ကူးထဲမှာ ပြန်လည်ဖွဲ့စည်းယူတာမျိုးပဲ သူလုပ်တယ်။

ပထမအကြောင်းက မဖြစ်နိုင်တဲ့ ကိစ္စတစ်ရပ်ကို အောင်နိုင်လိုက်ရတဲ့ အတွက် သူငယ်လေးက ဂုဏ်ယူဝင့်ကြွားလိုက်တဲ့ စကားပါ။ တင်ပြပုံက ရိုးရိုးစင်းစင်းလေးပါပဲ။ အရုဏ်ဦးကိုပဲ သူ့လက်နဲ့ ပွေ့ဖက်ထားခဲ့ရပြီတဲ့။ ပထမဘာမှ မလှုပ်နှ

သေးဘူး။ ကမ်းစပ်တစ်လျှောက်က သာမန်အိမ်တွေဟာ နန်းတော်တွေနဲ့တူတယ်။ အငွေ့တလူလူနဲ့ နံနက်ခင်း မြူမင်းလွင်တွေပဲ တောထဲက ထလာနေတယ်။ နှင်းစက်နဲ့ တောက်ပနေတဲ့ ကျောက်တုံး ကျောက်ခဲများက စိန်တုံး စိန်ခဲတွေနဲ့ တူတယ်။ ငှက်တွေ နိုးလာကြပြီး ထပျံကုန်ကြတယ်။ သဘာဝတရားက သူ့လို့ငှက်ချက်တွေကို ကဗျာဆရာလေးကို ပြောပြတယ်။ သူက နားလည်တယ်။ ပန်းပွင့်တစ်ပွင့်က သူ့ကို သူ့နာမည်ပြောပြတယ်။ ရေတံခွန်က သူ့အဖို့ရယ်မောနေတဲ့ ဆံပင်ဖားလျားနဲ့ နတ်သမီးတစ်ဦး ဖြစ်နေတယ်။ ဒီအထိက ပထမပိုင်း။ ဒုတိယပိုင်းမှာ ကဗျာရဲ့ လေဟာ ပိုလေးနက်လာပြီး လျို့ဝှက်ထူးဆန်းတဲ့ ဆုံစည်းရမှုကို ဖော်ကျူးထားတယ်။ ကဗျာဆရာက အရုဏ်နတ်သမီးနောက်က လိုက်ဖမ်းတယ်။ သူ့အကြောင်း ကြက်ဖကို ပြောပစ်ခဲ့တော့ ကြက်ဖက သူရောက်လာတော့မယ့်အကြောင်း ရှေ့တော်ပြေးလို ကြွေးကြော်တော့မယ်။ မြို့ထဲက လိုက်လိုက်တာ တောင်စောင်းတစ်ခု ရောက်လာ၊ အဲဒီမှာ ပန်းကုံး ပန်းရုံတစ်ခုအတွင်း နတ်သမီးနဲ့ လိုက်ဖမ်းသူတို့ လိင်ဆန်ဆန် အဖက်အပွေ့မျိုးနဲ့ ဖက်ပွေ့ရင်း လဲကျသွားတော့တယ်။ ('ပန်းကုံးပန်းရုံ' လို့ ဆိုလိုက်တာက ခေါမပုံပြင် အာပိုလိုနဲ့ ဒဲဖနီတို့ကို သတိရစေတယ်။ အာပိုလိုက ဒဲဖနီကို ဖက်ဖို့ ကြိုးစားတော့ နတ်သမီးက ပန်းကုံးယောင်ဆောင်နေလိုက်ပြီး ပုန်းနေခဲ့တယ်) ဒါပေမယ့် ဒါတွေဟာ အိပ်မက်ပါပဲ။ အာရုံတွေကို ကပြောင်းကပြန် လုပ်ခြင်း သက်မဲ့ အရာဝတ္ထုတွေကို အမည်များ တပ်ပေးခြင်းဖြင့် လောကကြီးကို ပြောင်းလဲလိုတဲ့ ရဲန်ဘိုးရဲ့ ဆန္ဒများနည်းတူ ကလေးငယ်တစ်ဦးရဲ့ စိတ်ရှုးမှုပါပဲ။ နောက်ဆုံး စာကြောင်းဟာ အိပ်မက်ကို အိပ်မက်မှန်းသိပြီး အသိဝင်လာပုံကို ဖော်ကျူးထားတယ်။

■

## ဗယ်ရလဲန်း

ပေါလ် ဗယ်ရလဲန်း (၁၈၄၄-၁၈၉၆)ဟာ ဂီတကို ခံစားနိုင်စွမ်းရှိခြင်း၊ စိတ်အနေကို သိမ်မွေ့စွာ အရိပ်ပြနိုင်ခြင်းတို့ကြောင့် သင်္ကေတဝါဒီတွေထဲမှာ အတော်ဆုံး ပြင်သစ်ကဗျာဆရာ တစ်ဦးဖြစ်ပါတယ်။ သလောက် သိမ်မွေ့နူးညံ့တဲ့ ကဗျာမျိုးကို ဒီလိုကြမ်းတမ်းတဲ့ဘဝနဲ့ လူတစ်ဦးဆီက ထွက်လာတာဟာဖြင့် ဆန်းတယ်။ ဗယ်ရလဲန်းဟာ အလတ်တန်းစားနောက်ခံက လာခဲ့ပြီး လူပေ လူတေ ဘဝကို ခံယူခဲ့သူပါ။ အဖေက စစ်တပ် အင်ဂျင်နီယာ။ ပါရီမှာ ပညာသင်ခဲ့တယ်။ အာမခံ စာရေးအလုပ်လုပ်တယ်။ နောက် အဲဒီခေတ်က ထိပ်တန်း ကဗျာဆရာများ ဖြစ်တဲ့ ဖလိုဘယ်၊ ဂိုတျေးယ်စသူတို့နဲ့ တွေ့ရက ကဗျာဆရာအဖြစ်နဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုတော့တယ်။ မာတိလ်ဒ်မိုတေဆိုသူ မိန်းကလေး တစ်ဦးနဲ့ လက်ထပ်ခဲ့တယ်။ သူကပဲ ရန်စဂြိုဟ်ထောင်၊ ရန်ခဏခဏဖြစ်၊ နောက်ဆုံး (၁၈၇၄)မှာ ကွာပစ်လိုက်တယ်။ လူငယ်ကဗျာဆရာ ရဲန်ဘိုးနဲ့ ခင်မင်သွားရာက အင်္ဂလန်ကို အတူသွားလည်ကြတယ်။ အဲဒီနောက်တော့ သူ့ဘဝဟာ ဘယ်လ်ဂျီယံနဲ့ ပြင်သစ်မှာ လျှောက်လည်နေတဲ့ဘဝ၊ အရက်ဆိုင်၊ လမ်းဘေး၊ ကုသိုလ်ဖြစ် ဆေးရုံ တို့မှာ တစ်လှည့်စီ ကျက်စားနေတဲ့ ဘဝမျိုး ဖြစ်လာပါတော့တယ်။ ခံစားမှုရအောင် ဆိုပြီး ဘိန်းစားတယ်။ 'ပျက်စီးနေတဲ့လူ'လို့ အခေါ်ခံရတာကို ဂုဏ်ယူတယ်။

တစ်ခါတော့ ဘယ်လ်ဂျီယံမှာ ရဲန်ဘိုးနဲ့ လျှောက်လည်ရင်းက ဘရပ်ဆဲလ် ဟိုတယ်တစ်ခုမှာ နှစ်ယောက်သား စကားများကြတယ်။ သူက ရဲန်ဘိုးကို သေနတ်နဲ့ပစ်လိုက်တော့ လက်မောင်းမှာ ဒဏ်ရာရသွားတယ်။ ဒါနဲ့ လူသတ်ဖို့ ကြိုးပမ်းမှုနဲ့ ထောင်နှစ်နှစ် ကျသွားပါရော (၁၈၇၃)။ ထောင်ထဲမှာ သံဝေဂရထင်ပါရဲ့။ ကက်သလစ်ဘာသာဝင်တစ်ဦး ဖြစ်သွားတယ်။ ဒါနဲ့ဘာသာရေးအမြင်ပါတဲ့ ကဗျာတွေ ရေးဖြစ်တာပါပဲ။ ထောင်ကလွတ်တော့ ပြင်သစ်မှာလည်း ဆရာလုပ်တယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ကြည့်တယ်။ အင်္ဂလန်မှာလည်း ပြင်သစ် စာပြဆရာလုပ်ကြည့်တယ်။ စည်းနဲ့ကမ်းနဲ့ အလုပ်ကို ရှိရှိသေသေ မလုပ်ချင်တဲ့ သူ့ဝါသနာကြောင့် ဘာအလုပ်မှ အတည်တကျ မဖြစ်ဘူး။ ဒါနဲ့ပါရီမှာပဲ ပျက်စီးတဲ့ဘဝ ပြန်ရောက်ရပြန်တယ်။ ၁၈၉၀နှစ်များမှာ သင်္ကေတ ဝါဒကို ကြိုက်တဲ့ ကဗျာဆရာတွေ ပေါ်လာတဲ့အတွက် ဗယ်ရလဲန်း နာမည်ကျော်လာပါတယ်။ ဒါပေမယ့် ကျော်စောတာ ရှိတာပဲ။ သူ့ခမျာ မထင်မရှား ဆင်ရဲမွဲတေတဲ့ ဘဝနဲ့ သေဆုံးသွားခဲ့ရတယ်။

ဗယ်ရလဲန်းရဲ့ကဗျာအများစုဟာ သူ့အတ္ထုပ္ပတ္တိနဲ့ ဆက်စပ်လို့ ရတာချည့်ပဲ။ သူ့ပထမဆုံး ကဗျာစာအုပ်ဖြစ်တဲ့'စနေဂြိုဟ်ကဗျာများ' (၁၈၆၆)မှာတော့ ကိုယ်ရေးကိုယ်တာ မဆန်တဲ့ ပါနာရှန်ဟန်နဲ့ ရေးထားတဲ့ အတော်များများပါပါရဲ့။ 'ပွဲတော်များ' (၁၈၆၉)ကတော့ဝတ်တိုးတို့ ဖရာဂေါ်နာတို့ဆိုတဲ့ ၁၈ရာစု ပန်ချာပီဆရာတွေရဲ့ ပန်းချီကားတွေ ကျနေတာပဲ။ သူ့သတို့သမီးကို ရေးပေးတယ်ဆိုတဲ့ 'တေးကောင်းတေးမွန်' (၁၈၇၀)၊ သူ့ဘာသာရေးအမြင်ကို တင်ပြထားတဲ့ 'ပညာဉာဏ်' (၁၈၈၁) တို့မှာ ဗယ်ရလဲန်းရဲ့ သီးခြားဟန်ကို တစ်မျိုးစီ တွေ့ကြရတယ်။ သူ့သင်္ကေတဟန်ကို အထွတ်အထိပ် ရောက်စေတာကတော့ ၁၈၇၄မှာ ထုတ်တဲ့ 'စကားမဲ့ဝတ္ထု'ပါပဲ။ ခေါင်းစဉ်က ညွှန်ထားတဲ့အတိုင်း ဒီကဗျာမှာ တိကျတဲ့ အတွေးအခေါ်ထက် ဂီတကို အလေးပေးထားတယ်။ ပိုးတဝါးအာရုံခံစားမှုများ၊ မသိစိတ် အတွေးများ၊ လှို့ဝှက်တဲ့ စိတ်သဘောများကို စာကြောင်းတို့ရဲ့ ဂီတလှိုင်း၊ ကပြောင်းကပြန် လုပ်ထားတဲ့ သင်္ကေတများနဲ့အရသယ်ဆောင်ပေးထားလေရဲ့။ ၁၈၈၂မှာထုတ်တဲ့ (ရေးတာကတော့ ဒီအလျင်ရှစ်နှစ်က) 'ကဗျာအနုပညာ' ကဗျာဟာဖြင့် ဘို့ဒလယ်ရဲ့ 'ဆက်သွယ်မှုများ'၊ ရဲန်ဘိုးရဲ့ 'သရတေးသံ'တို့လိုပဲ သင်္ကေတဂိုဏ်းရဲ့ ကျမ်းစာဖြစ်လာခဲ့ပါတယ်။ သူကတော့ ဒါ သီချင်းပါလို့ ဆိုခဲ့ပါရဲ့။ ဒါပေမယ့် ဂီတ၊ မတိကျမှု၊ အရောင်မဟုတ်ဘဲ အရိပ်ဖော်မှု (တောက်ပ၊ ကွဲပြားတဲ့ အရောင်တွေကို ဆိုလိုတာဖြစ်တယ်။ ဒီအရောင်တွေက ဘောင်ကန့်ပေးတယ်။ တစ်ခုနဲ့တစ်ခု ခွဲခြားပေးတယ်။

အရိပ်ဖော်မှုကတော့ 'အိပ်မက်ကို အိပ်မက်နဲ့၊ ပလွေကို တံပိုးနဲ့စုလျှားရစ်ပတ်ပေတယ်'တဲ့) တို့ကို တင်ပြထားတဲ့အတွက် သူ့ကဗျာကို ငြိကာဖွင့်နေသလိုပါပဲ။ သူ့ကဗျာဝါဒက အာပေါ်ခေတ်ရှိရမယ်၊ ပေ့ါပါးရမယ်။ ဝစနာလင်္ကာရမရှိဘူး။ ကုန်ကုန်ပြောရလျှင် 'စာပေ'ကို မရှိရဘူးတဲ့။ ဗယ်ရလဲန်းရဲ့ အကောင်းဆုံး ကဗျာတွေဟာ ဒီအင်္ဂါရပ်များနဲ့ ညီညွတ်တယ်။ သူပြောတဲ့ အာပေါ်ခေတ်(တစ်ခုက တစ်ခု စီးဝင်နိုင်မှု၊ ပြောင်းလဲနိုင်မှု)ဆိုတာ ဖြစ်မြောက်အောင် သူက ပါဒတွေကို အက္ခရာ ရှစ်လုံး၊ ဆယ်လုံး၊ ဆယ့်နှစ်လုံး ရေးရိုးရေးစဉ် ရှိရာက ခုနှစ်လုံး၊ ကိုးလုံး၊ ဆယ့်တစ်လုံး လုပ်ပစ်တယ်။ ဆန်းဂိုဏ်း၊ ဝါကျဖွဲ့ထုံး၊ စကားအသုံးအနှုန်း အစဉ်အလာတို့ကို လည်း မလေးစားဘူး။ ဒါဟာဖြင့် ပြင်သစ်ကဗျာကို 'လင်္ကာလွတ်' လမ်းကြောင်းပေါ် ပို့ပေးခဲ့ တာပါပဲ။ ဒါပေမယ့် သူ့ကဗျာတွေဟာ သူ့နည်းနဲ့သူတော့ဂိုဏ်းတို့ကာရန်တို့ ရှိကြပါတယ်။ ဒါဟာ ရိပ်ခနဲပေါ်လာလိုက် လွတ်ထွက်ပြေးလိုက်ဖြစ်နေတဲ့ ခံစားမှုတွေ စွဲထင်မှု (အင်ပရက်ရှင်း)တွေကို ဖော်ကျူးဖို့အတွက် သင့်တော်တဲ့ လက်နက် ကိရိယာ လည်းဖြစ်လာတယ်။ သူ့ကဗျာဟာ အင်ပရက်ရှင် စနစ်ပန်းချီ ကားတွေနဲ့ တော်တော်တူတယ်။ သူ့မှာ ချွတ်ယွင်းချက် တွေကတော့ သိမ်သိမ် မွေ့မွေ့နဲ့ ဝိုးတဝါးနိုင်တယ်။ နူးနူးညံ့ညံ့နဲ့ အသေးအဖွဲ့နိုင်တယ်။ အတွေးရော ပုံသဏ္ဌာန်ပါ မြဲမြဲမြံမြံ မရှိဘူး။ သူ့ကဗျာကို ကြာကြာဖတ်လျှင် အူကြောင်ကြောင် ဖြစ်ရမယ်။ ဘာကမှ မဆုပ်ကိုင်မိဘူး။ သူကလည်း ဘာမှ မရှိသင့်ဘူးလို့ ယူဆပြီး တမင် လုပ်တာပဲ။ ဗယ်ရလဲန်းဟာ ဘိုးဒလယ်လောက် အားမကောင်း၊ ရဲန်းဘိုးလောက် မပြင်းထန်ဘူး။ ဒါပေမယ့် အခြားသင်္ကေတဝါဒီတို့ထက်တော့တော်ရဲ့။ နူးညံ့ဝိုးတဝါးနိုင်တဲ့ လွမ်းစိတ်၊ အားလျော့စိတ် 'ဆင်ခြင်တုံတရားမဲ့ တဲ့မျက်ရည်'ရဲ့ စိတ်အနေကိုဖြင့် ဖော်ကျူးနိုင်ပေရဲ့။

**လရောင်**

**သင့် ဝိညာဉ်ဟာလက်ရွေးစင် ရှုမျှော်ခင်းတစ်ခုပါပဲ၊**

**မာ့စ်နဲ့ ဘာဂမားစ်တွေ မွေ့လျော်ကြသနဲ့၊**

**စောင်းတီးကြ၊ ကခုန်ကြ၊ ပြီးတော့**

**စိတ်ကူးယဉ် မျက်နှာဖုံးတို့အောက်မှာ လွမ်းလုလုနဲ့၊**

ထင်းရှူးပင်ရိပ်
အောင်ပွဲခံ အချစ်နဲ့ သာယာတဲ့ ဘဝအကြောင်း
မိုင်နာကီးနဲ့ သူတို့တေးသီကြတဲ့အခါ
မိမိတို့ ကုသိုလ်ကံကို ယုံကြည်ကြဟန် မတူဘူး။
သူတို့တေးကလည်း လရောင်နဲ့ ရောနှောသွားတယ်။

ငြိမ်သက်၊ ကြေကွဲ၊ လှပတဲ့ လရောင်နဲ့ (ရောသွားတယ်)၊
(လရောင်က) ငှက်တို့ကို သစ်ပင်ပေါ်မှာ အိပ်မက် မက်စေတယ်၊
ရေပန်းတို့ကို ကြည်နူးနေရာက ရှိုက်ငိုလာစေတယ်၊
ကျောက်ရုပ်တို့ကြားမှာ ပိန်းပါးပါး ရေပန်းမြင့်မြင့်တို့ရယ်လေ။

['ချစ်သူ ပွဲတော်များ' ၁၈၆၉]

ဒီကဗျာကို ၁၈၆၇က ပထမဆုံး ပုံနှိပ်ပါတယ်။ ၁၈၆၉မှာတော့ ဗယ်ရလဲန်းရဲ့ ဒုတိယကဗျာစာအုပ်ဖြစ်တဲ့ 'ချစ်သူပွဲတော်များ'မှာ အဖွင့်ကဗျာအဖြစ် ပါလာတယ်။ ခေါင်းစဉ်ရော အကြောင်းအရာရော၊ နောက်ခံကားပါ ဝတ်တိုးရဲ့ ပန်းချီကားများကိုသွားပြီး သတိရစေတယ်။ ဒီခေတ်က ၁၈ရာစု ပန်းချီက အင်မတန် ခေတ်စားနေချိန်ပေါ့။ ဒါပေမယ့် ၁၈ရာစုက ကဗျာဆရာတွေရေးမယ့် ပုံစံမျိုး၊ သာမန်လောကီအာရုံခံစားမှုအပြည့်နဲ့ မယ်ဖွဲ့မျိုးမဟုတ်ဘူး။ ပျော်ရွှင်မှု ရာပုံတော်ကို စိတ်အလွမ်းနဲ့ရောစပ်ထားတဲ့ 'အနုပညာ'ကို သရုပ်ဖော်ချက်တစ်ခုဖြစ်တယ်။ လသာသာ ရှုခင်းမှာ မျက်နှာဖုံးစွပ် အကသမားတွေကခုန်နေကြတယ်။ ကခုန်နေတဲ့ကြားက သူတို့မှာလည်း လွမ်းဆွေးကြေကွဲစရာတွေ ရှိတယ်လို့ ရေးဖွဲ့ထားခြင်းဖြစ်တယ်။ လွမ်းဆွေးကြေကွဲတဲ့ သဘောက ဗယ်ရလဲန်းရဲ့ စိတ်နေသဘာဝရဲ့ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်တယ်။ (ဒီကဗျာကို ရေးတဲ့အချိန်မှာ ဗယ်ရလဲန်းက အရက်သမားလုံးလုံး ဖြစ်နေပြီ အသက်က ၂၃နှစ်) ကဗျာမှာ ဖော်ပြထားတဲ့ ကြေကွဲ ဝမ်းနည်းမှုက လောကတစ်ခုလုံးမှာ ရှိနေတာဖြစ်လေတော့ ကဗျာဖတ်သူကလည်း ဝင်ပြီးခံစားလို့ရတာပေါ့။ ဒါကို ရောမန္တိကတွေလို ဘာ့ကြောင့် လွမ်းရတယ်၊ ဆွေးရတယ်ဆိုတာ ရှင်းပြခြင်း၊ အကျိုးအကြောင်း တင်ပြခြင်းမလုပ်ဘဲ ကဗျာရဲ့ ဂီတအားနဲ့လက်ငင်းခံစားထိတွေ့လို့ရအောင် ဖွဲ့သီထားတယ်။ ပြင်သစ်ကဗျာမှာ ဂီတသံအပါဆုံး ကဗျာတစ်ပုဒ်လို့ အဆိုရှိတယ်။ ဒီကဗျာကို ဂီတသံ သွင်းသူကလည်း သွင်းထားဖူးရဲ့။

'မှာ့စ်'ဆိုတာ မျက်နှာဖုံးပါပဲ။ ဒီမှာတော့ မျက်နှာဖုံးစွပ်ကတဲ့ သူတွေကို ဆိုလိုပါတယ်။ 'ဘာဂမားစ်'ဆိုတာ မူလက အီတလီပြည် ဘာဂမိုရွာက တောသူ တောင်သားတွေကတဲ့ အကတစ်မျိုးပါ။ လရောင်အောက်မှာ ဒီမျက်နှာဖုံးစွပ်အက သမားတွေ ကခုန်နေကြတယ်။ ပျော်ပွဲရွှင်ပွဲတစ်ခုပေါ့။ ဒါပေမယ့် သူတို့ပျော်မြူးမှုက တစ်ဝက်ပဲမှန်တယ်။ သူတို့မှာ လွမ်းရ ဆွေးရ ကြေကွဲ ဝမ်းနည်းရတာကလည်း ရှိနေတယ်။ သူတို့ဟာ ဘဝကို အလေးအနက် ခံယူကြပုံမရှိဘူး။ အချစ်အကြောင်း ဘဝချမ်းသာအကြောင်း သူတို့တေးသီကြပုံကိုက အလွမ်းအဆွေးဖော်ကျူးရာ တီးမှုတ် လေ့ရှိတဲ့ 'မိုင်နာကီး'ခေါ်တဲ့ သံနိမ့်အမျိုးအစားနဲ့ဖြစ်တယ်။ သူတို့တေးဟာ လရောင်နဲ့ ရောသွားတယ် ဆိုလိုက်တာက အသံနဲ့အမြင်ဆိုတဲ့ မတူတဲ့ အာရုံနှစ်ခုကို ရောပေးလိုက်ခြင်းပါပဲ။ ဒီရှုခင်းဟာ ကဗျာဆရာအဖို့ ဒီကဗျာ ရည်ညွှန်းထားရာ အမျိုးသမီးရဲ့ စိတ်ဝိညာဉ်ရှုခင်းနဲ့ တူနေပါတော့တယ်တဲ့။ (ပျော်မွေ့သလိုနဲ့ မပျော်မမွေ့ဖြစ်နေတာ၊ ဘဝကို မလေးနက်တာ) မျက်နှာဖုံးစွပ် အကသမားတွေ ကနေတာဟာ လရောင်အောက်မှာ ဆိုတဲ့ ၂၁ကြောင်းကို ကြောင်းရေရှစ်ကျမှ ပထမဆုံး ဖော်ပြတယ်။ ဒီနေရာမှာ ရှုခင်းဟာ ဂျပန် ပန်းချီကားတစ်ချပ်လို လှပတဲ့ အခြယ်အမှုန်းလေးတွေပါလာတော့တယ်။ လရောင်ခတဲ့ သစ်ပင်တွေမှာ ငှက်ကလေးတွေ အိပ်မက်မက်နေကြပေါ့တဲ့။ ရေပန်းတွေ ကြည်နူးနေရာက ရှိုက်ငိုလာပုံကလည်း ချစ်သူတို့ရဲ့ ငိုကာရယ်ကာ ကြည်နူးမှုကို ထင်ဟပ်နေစေတယ်။ ကျောက်ရုပ်တွေနဲ့ နှိုင်းပြထားတဲ့ သဘောက ရေပန်းတို့ရဲ့ မြင့်မြင့်မားမား ထောင်တက်နေကြဟန်ကို ပေါ်လွင်စေပါတယ်။

❖

## GREEN

ဟောသည်မှာ သစ်သီးတွေ၊ ပန်းတွေ၊ အရွက်တွေ၊ အကိုင်းတွေ
ပြီး ဟောသည်မှာ မင့်အတွက်ပဲ ခုန်တဲ့ ငါ့နှလုံးသား၊
မင်းရဲ့ဖြူဖြူဖွေး လက်နှစ်ဖက်နဲ့ ဆုတ်ဖြဲ မပစ်လိုက်ပါနဲ့ကွယ်၊
မင်းရဲ့ လှပတဲ့ မျက်လုံးအဖို့ ဒီ နုံချာတဲ့လက်ဆောင်ဟာ လှပါစေ၊

နံနက်ခင်းလေက ငါ့ နဖူးမှာ အေးမြသွားစေတဲ့
နှင်းစက်တွေ ရွှဲရွှဲစိုရက်နဲ့ပဲ ငါရောက်လာပါတယ်၊
ငါ့အမောကို မင့်ခြေရင်းမှာ နားခိုပြီး ပြန်ငြိမ်လာစေမယ့်

**ထင်းရှူးပင်ရိပ်**
**မြတ်နိုးဖွယ် အချိန်များအကြောင်း အိပ်မက်ခွင့်ပေးလိုက်ပါ။**

**မင်းရဲ့ နူပျို့တဲ့ ရင်အုံမှာ ငါ့ခေါင်းကို သိပ်ပါရစေ၊**

**မင့်နောက်ဆုံးအနမ်းတွေနဲ့ ပဲ့တင်ထပ်လို့ပေါ့။**

**မုန်တိုင်းကောင်းရဲ့ နောက်မှာ ငြိမ်ဆိတ်ပါစေလေ၊**

**မင်းနားနေသမို့ ငါ နည်းနည်း အိပ်ပရစေတော့။**

['စကားမဲ့ဝတ္ထုများ' ၁၈၇၄]

အင်္ဂလန်ကို မကြာမကြာ သွားနေလေ့ရှိတဲ့ ဗယ်ရလဲန်းဟာ ကုလားရုပ်ရှင် သမားတွေလိုပဲခေါင်းစဉ်ကို အင်္ဂလိပ်လိုတပ်ရတာ အတော်လေး သဘောတွေ့တယ်။ ခု ကဗျာကိုလည်း အင်္ဂလိပ်လို ခေါင်းစဉ်တပ်ထားပါတယ်။ ကဗျာဖွဲ့သီထားပုံကတော့ အစိမ်းဆင်းဖနီ ခေါ် ရမလားမသိဘူး။ ဘာလို့လဲဆိုတော့ 'ဖြူဖြူဖွေး' လက်ဆိုတာက လွဲလို့ တစ်ကဗျာလုံးမှာ အရောင်ကို ညွှန်ပြတာ တစ်ခုမှ မပါဘူး။ ဒါပေမယ့် ကဗျာမှာ လွှမ်းနေတဲ့လေက စိမ်းစိမ်းလန်းလန်းနဲ့ နှင်းရည်စက်တွေနဲ့ လတ်လတ် ဆတ်ဆတ် အသွင်ဖြစ်နေလိုပါပဲ။ ကဗျာကိုစတင်ထားပုံက ဒီကဗျာနဲ့အတူ အမျိုးသမီး ဝါ ချစ်သူကို ပေးဆက်စရာပန်းတွေ သစ်ရွက်တွေပါလာတဲ့ ဟန်မျိုး သဘောမျိုး။ ပန်းတွေ သစ်ရွက် သစ်သီးတွေနဲ့အတူ အသည်းနှလုံးကိုလည်း ခပေးဆက်လိုက်တယ်။ ခွဲလို့တော့ မပစ်လိုက်ပါနဲ့။ နုံချာပေ မယ့်လက်ခံပါတဲ့။ ခရီးလှည့်လည်လာရသမို့ ပန်းလျနေတဲ့ ကဗျာဆရာက သူ့ချစ်သူဆီမှာ ငြိမ်းချမ်းတဲ့ ခိုနားရာကို ရမယ်လို့ မျှော်လင့်မိတယ်။ ချမ်းချမ်းစီးစီး မနက်ကြီးထဲလာရတာမို့ ဘစ်ကိုယ်လုံးလည်း နှင်းရည်တွေ ရွှဲနေတယ်။ ချစ်သူခြေရင်းမှာ တမှေးအိပ်ပ ရစေတဲ့။ သူ့နားထဲမှာ အနမ်းချင်းဖလှယ်ကြစဉ်က အသံတွေ ပဲ့တင်ထပ်ဆဲ ဲရှိတယ်။ 'မုန်တိုင်းကောင်း' ဆိုတာ သူတို့ရဲ့ အချစ်မုန်တိုင်းကို ပြောတာပါ။ ုန်တိုင်းပြီးချိန်မှာ မင်းလည်းနားချင်ပြီ၊ ငါလည်းတစ်မှေးအိပ်ပရစေဦးတဲ့။

ဒီကဗျာကို ရဲန်ဘိုးကို ရည်ညွှန်းရေးသားတယ်လို့ တချို့က တွေးကြတယ်။ ဒီကဗျာရေးချိန် (၁၈၇၂-၇၃)က သူနဲ့ ရဲန်ဘိုးနဲ့က တပူးတွဲတွဲ ယောကျ်ားချင်းဘာလို ာ့ သတင်းကလည်း ကျော်နေဖူးသကိုး။ ဘာပဲဖြစ်ဖြစ် စိတ္တဒုက္ခ၊ ကာယဒုက္ခရောက် နေတဲ့ လူသားတစ်ယောက်ရဲ့ ငြိမ်းချမ်းအေးဆေးစွာ နားနေဖို့ တောင့်တတဲ့ဆန္ဒဇော ကို ကိုယ်စားပြုထားနိုင်တဲ့ ကဗျာတစ်ပုဒ်ပါပဲ။

❖

'လွင်ပြင်ရဲ့ အဆုံးမဲ့'

လွင်ပြင်ရဲ့ အဆုံးမဲ့
ငြိုးငွေ့ဖွယ်မှုမှာ
ရွေ့နေတဲ့နှင်းဟာ
သဲလို တလက်လက်နဲ့။
မိုးကောင်းကင်ပြင်ဟာ
အလင်းမဲ့ ကြေးနီပဲ၊
သော်တာလရှင်တာ၊
သေတာမြင်ရသလိုပဲ၊

မိုးတိမ်များလိုပ
အနီးနား တောထဲမှာ
အုတ်တို့ မြုံထဲမှာ
မှုန်ပြာယမ်းနေကြ၊

မိုးကောင်းကင်ပြင်ဟာ
အရောင်မဲ့ ကြေးနီပဲ၊
သော်တာလ ရှင်တာ
သေတာ မြင်ရသလိုပဲ

အသံအက် ကျီးငှဲ၊
သင် ဝံပုလွေပိန်တို့ရာ၊
ဒီ မြောက်လေးစူးထဲမှာ
ဘာ ဖြစ်ကြလဲကွယ်၊

လွင်ပြင်ရဲ့ အဆုံးမဲ့

**ထင်းရှူးပင်ရိပ်**
**ငြိုးငွေ့ဖွယ်မှုမှာ**
**ရွေ့နေတဲ့ နှင်းဟာ**
**သဲလို တလက်လက်နဲ့။**

['စကားမဲ့ ဝတ္ထုများ' ၁၈၇၄]

ကဗျာရဲ့ အဓိပ္ပာယ် အနှစ်သာရကို သုညအဆင့် လျှော့ချဖို့ တခြားအရာအားလုံးရဲ့ အလျင် ဂီတကို ပေးဖို့ (ဂီတ အဓိက)ဆိုတဲ့ ကြွေးကြော်သံအတိုင်း ရေးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ သူ့ကြွေးကြော်သံကို ဖော်ကျူးရာမှာတော့ ထိပ်တန်းက အောင်မြင်ခဲ့တဲ့ ကဗျာတစ်ပုဒ်လည်းဖြစ်ပါတယ်။ တစ်ပါဒကို အက္ခရာငါးလုံးနဲ့ ရေးစပ်ပြီး နာမဝိသေသနတို့၊ အခြားအပိုဆာတာတို့ကို နည်းနိုင်သလောက်နည်းနည်း သုံးထားတယ်။ အသံယူထားပုံ၊ ကာရန် ယူထားပုံတို့ ဟာ ကဗျာဆရာရဲ့ စိတ်အနေကိုရော၊ သူဖော်လိုတဲ့ ရှုခင်းကိုပါ ဖေးကူဖော်ကျူး ပေးနေကြတယ်။ ကဗျာဆရာရဲ့ စိတ်အနေက 'ငြိုးငွေ့ဖွယ်ရာမှု'မှာ ပြထားတဲ့အတိုင်း ဘဝကို ငြိုးငွေ့နေတဲ့သဘော။ မှုန်မှိုင်းမှိုင်း ကြေးနီရောင် ကောင်းကင် ဒီကောင်းကင် အရောင်က လမင်းသေသလို ထင်ရပုံတို့ကလည်း ဒီသဘောသွားကိုပဲ ဖော်ကြတယ်။ မြောက်ပိုင်း ပြင်သစ်ပြည်က တစ္ဆေခြောက်သလို ချောက်ချားပြီး ငြိုးငွေ့ဖွယ်ဖြစ်လှတဲ့ လွင်ပြင်ကြီးများရဲ့ သရုပ်ကိုပေါ် လွင်လာစေတယ်။ ဒီလွင်ပြင်များကို ဗယ်ရလဲန်းနဲ့ နဲ့ဘိုးတို့က အတော်သဘောကြတယ်လို့ဆိုတယ်။ မှုန်းမှိုင်းမှိုင်း ကောင်းကင်နဲ့ ကမ္ဘာမြေတို့ ဆုံမိကြရာမှာ အုက်ပင် (ဝက်သစ်ချပင်) အနည်းငယ်က မိုးတိမ်တွေလို လွင့်မျော့နေသလား ထင်ရတယ်။ သူတို့လှုပ်ခါနေပုံကလည်း မှုန်ပြာပြာပဲတဲ့။ ပဥ္စမ အပိုဒ်မှာ ရှုခင်းဟာ လှို့ဝှက်အိပ်မက်သဘောဆောင်လာတယ်။ ကျီးကန်းနဲ့ ဝံပုလွေ ဒံနဲ့ပိန်ကို 'ဘာဖြစ်ကြတာလဲ'လို့ မေးလိုက်ပုံက ကလေးလေးက မေးလိုက်ပုံပဲ။ ဘာဖြစ်ကြမှန် မသိဘူး။

ဒီ'စကားမဲ့တေးသံ'ဟာဖြင့် ကဗျာရဲ့ ဂီတကို ဖော်ကျူးရာမှာ စံပြတစ်ပုဒ်ဖြစ်နေသလို (အသံကိုတော့ မူရင်းကိုကြည့်မှပဲ သိနိုင်ကြမယ်) စာပေ 'အင်ပရက်ရှင်နစ်ဇင်း'မှာ အောင်မြင်တဲ့ ကဗျာတစ်ပုဒ်လည်း ဖြစ်ပါတယ်။

❖

'မျှော်လင့်ခြင်းဟာ ကောက်ရိုးတစ်စလို'

မျှော်လင့်ခြင်းဟာ မြင်းဇောင်းထဲက ကောက်ရိုးတစ်စလို ဝင်းပနေရဲ့
ပျံ့သန်းခြင်းနဲ့ အရှူးအမူးယစ်မူးနေတဲ့နကျယ်ကောင်ကို ဘာကြောက်နေတာလဲ
ကြည့်၊ နေဟာ အပေါက်တစ်ခုကနေ အမှုန့်ပြုနေသကွယ့်၊
စားပွဲပေါ် လက်ထောက်လို့ မင်း ဘာကြောင့် အိပ်မပျော်သေးသလဲ၊

သနားစရာ့ဖြူရော်ရော် ဝိညာဉ်ငဲ့၊ အေးစိမ့်စိမ့် ရေတွင်းက၊ ဒီရေလေးကိုတော့၊
သောက်လိုက်ပါဦး။ နောက်တော့ အိပ်ပေါ့။ လာ၊ ကြည့်၊ ငါဒီမှာရယ်။
မင်း တစ်မေ့အိပ်ချိန် အိပ်မက်များကို ငါယုယမပေါ့။
ပုခက်ထဲက ကလေးလို မင်းနူးညံ့စွာ တေးသီလိမ့်မယ်။

မွှန်းတည့်ပေါ့။ တဆိတ်သွားပါ- မဒမ်ရယ်။
သူ အိပ်နေရှာပါတယ်။ မိန်းမတစ်ယောက်ရဲ့ ခြေသံများ
သနားစရာ့ ဒုက္ခိတများရဲ့ ဦးနှောက်ထဲ ပဲ့တင်ခတ်ပုံဟာ အံ့စရာပါ။
မွှန်းတည့်ပေါ့။ ငါ့အခန်းကို ရေနဲ့ ဖျန်းထားပြီးပါပြီ။
ကဲ၊ အိပ်ချေတော့။ မျှော်လင့်ခြင်းဟာ တွင်းထဲက ကျောက်စရစ်လို ဝင်းပနေရဲ့။
ဩော်၊ ဘယ်တော့များမှ စက်တင်ဘာ နှင်းဆီများ ပွင့်ပြန်ဦးမှာပါလိမ့်။

['ပညာဉာဏ်' ၁၈၈၁]

ရဲန်ဘိုးကို သေနတ်နဲ့ပစ်ခဲ့လို့ ထောင်ကျသွားပြီးတဲ့နောက် ဘယ်လ်ဂျီယံထောင်ထဲမှာ ဗယ်ရလဲန်းဟာ ကဗျာတွေ အမြောက်အမြားပဲ ရေးခဲ့တယ်။ ဒီကဗျာတွေကိုစုပြီး 'ပညာဉာဏ်'ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်ထုတ်တာပါပဲ။ ၁၈၇၃က မွန်စ်အရပ်က ထောင်ထဲမှာနေစဉ် ဗယ်ရလဲန်းက '၁၈၇၃အတွက် ငါ့ပြက္ခဒိန်'ဆိုပြီး တစ်ရာသီကို တစ်ပုဒ်ကျနဲ့ ကဗျာလေးပုဒ်ရေးတယ်။ ခုကဗျာက 'နွေ'ရာသီကဗျာပါပဲ။ တိုတုတ်၊ ရင်းနှီးတဲ့ ဝါကျလေးတွေနဲ့ ရေးဖွဲ့ထားပုံက နာဖျားသူ ကလေးငယ်ကို ချော့ချော့မောမော့နဲ့ မိခင်က စကားပြောနေသလိုရှိတယ်။ တစ်ယောက်တည်းက စကားပြောနေတာ ဖြစ်ပေမယ့် နှစ်ယောက်အချီအချ ပြောနေကြတဲ့ ပိပိရိရိ ပြဇာတ်

ကလေးလို ဖြစ်နေပါတယ်။ ဒီကဗျာရေးစဉ်က ဗယ်ရလဲန်ဟာ ဘာသာရေး အကူး အပြောင်း မဖြစ်သေးပါဘူး။ နောင်လ တော်တော်ကြာမှ ကက်သလစ်ဘာသာထဲ ဝင်သွားတာပါ။ ဒါပေမယ့် စစချင်းပါဒမှာ မြင်းဇောင်းထဲက ကောက်ရိုးဘာညာ ဆိုတာကတော့ ဘယ်လင်ဟမ်မှာ ယေရှုခရစ် မွေးဖွားခန်းကို ရည်ညွှန်းလိုပုံပါပဲ။ မိုက်မဲ့ တေခဲ့သမျှ ခုလိုသေနတ်ပစ်မှုဖြစ်ရ၊ ဇနီးကိုလည်းဆုံး 'အချစ်တော်' ရဲန်ဘိုးကို လည်း ဆုံးရနဲ့ အတော်သံဝေဂရသွားထင်ပါရဲ့။ အပြင်မှာ မိုက်ချင်တိုင်း မိုက်ခဲ့ပြီး ထောင်ထဲရောက်လျှင် ပုတီးကိုင်ချင်လာတာဟာ ထုံးစံပါပဲ။ ဒီကဗျာမှာ တရားသံဝေ ယူချင်ချင်ဖြစ်နေတဲ့ ကဗျာဆရာက သူ့စိတ်ဒုက္ခကို ဖော်ပြရင်း 'လောကုတ္တရာ' လွတ်မြောက်ရေးရလိုပုံ ရေးဖွဲ့ထားပါတယ်။

ကဗျာမှာ အကျဉ်းသမားရဲ့ စိတ်ဒုက္ခနဲ့ စိတ်အားတင်းချက်တို့ကိုတွဲဖက် ရေးသားထားတယ်။ အကျဉ်းခန်းထဲမှာ နကျယ်ကောင်လေးက 'အရှုးအမူး'ပျံသန်း နေတယ်။ သူ့လိုပဲ အကျဉ်းသမားဟာ လန့်နေမိတယ်။ အကျဉ်းခန်းနံရံရဲ့ အပေါက် တစ်ခုကနေ နေရာင်ဝင်လာတယ်။ (အခန်းထဲဝင်လာတဲ့နေရောင်တန်းထဲမှာ မြူမှုန်တွေ လွင့်နေတာ မြင်ဖူးကြပါလိမ့်မယ်။ ဒါကို 'နေဟာ . . . အမှုန်ပြုနေ'တယ် လို့ဖွဲ့ပါတယ်) အိပ်လို့လည်းမရဘူး၊ စာပွဲမှာ လက်ထောက်လျက် မှိုင်ငေးနေမိတယ်။ ဒီလို တစ်ကိုယ်တည် ဒုက္ခခံနေရချိန်မှာ တစ်ဦးဦးက(အမျိုးသမီးတစ်ဦးဦးက) လာတဲ့ပြီး ချော့မော့အားပေးစကား ဆိုလာဟန်မြင်ယောင်မိတယ်။ ရေလေးသောက် လိုက်ပါဦးတဲ့။ ရေသောက်ပြီး အိပ်လိုက်ပါ။ အိပ်နေတုန်း သူ ယုယနေပါ့မယ် တဲ့။ ဒါကအမျိုးသမီးကပြောတဲ့ဟန်။ ဒီအမျိုးသမီးရုပ်ပုံဟာ အကျဉ်းသမားရဲ့ မျက်စိထဲမှာ တကယ်လို ထင်မြင်ယောင်နေတယ်။ ဒီလိုအမျိုးသမီးကို မြင်ယောင် မိတာမျိုးဟာ ဒုက္ခသည် အကျဉ်းသမားများအဖို့ စိတ်ဒုက္ခကို ပိုဆိုးစေမြဲဖြစ်တယ်။ ဒါကြောင့် 'အမရယ် တဆိတ်သွားပါတော့'လို့ တောင်းပန်ပြီး နှင်ပစ်လိုက်တယ်။ အချိန်ကလည်း မွန်းတည့်ချိန်။ အလုပ်မရှိတဲ့ အကျဉ်းသားများအဖို့ အိပ်ကောင်းတဲ့ အချိန်ပေါ့။ အခန်းကို အေးအောင်ရေဖြန်းထားတယ်။ အကျဉ်းခန်းထဲမှာ စိတ်ဆင်းရဲ နေရင်းက မျှော်လင့်ချက် အလင်းရောင် (လောကုတ္တရာ လွတ်မြောက်ရေး)ကိုလည်း မြင်မိရဲ့။ ထောင်ထဲကလည်း လွတ်ချင်တယ်။ ဘယ်တော့များမှ စက်တင်ဘာ နှင်းဆီပွင့် လေးတွေကို တစ်ဖန်မြင်ရပါမလဲလို့ တောင့်တလိုက်တယ်။

## မာလာမေ

စီတေဖနယ် မာလာမေ (၁၈၄၂-၉၈)ဟာ အင်္ဂါ အယ်လင်ပိုးရဲ့ ကဗျာတွေ ကို မူရင်းအတိုင်း ဖတ်ချင်တာနဲ့ အင်္ဂလိပ်စာကို သင်ခဲ့တဲ့ ပြင်သစ် ကဗျာဆရာ အကျော်အမော် တစ်ဦးပါ။ ဒီလို သင်ရင်းက အင်္ဂလိပ်စာမှာ ထူးထူးချွန်ချွန် ပေါက်ရောက်တတ်မြောက်သွားတာနဲ့ အင်္ဂလိပ်စာသင်တဲ့ဆရာ လုပ်ပါတော့တယ်။ ပထမနယ်မြို့စုံက အစိုးရ အထက်တန်းကျောင်းတွေမှာ သင်တယ်။ နောက် ပါရီမှာ သင်တယ်။ သူ့ဘဝနောက်ဆုံးပိုင်းများမှာမှ ဒီငြီးငွေ့ဖွယ် ကျောင်းဆရာအလုပ်ကို လုံးလုံးစွန့်လွှတ်လိုက်ပြီး စာပေလောကကို ခြေစုံပစ်ဝင်ခဲ့ပါတော့တယ်။ သူ့ဘဝမှာ ဘာမှ ထူးထူးခြားခြား မရှိလှပါဘူး။ ရိုးရိုးအေးအေး ဘဝမျိုးပါ။ သူ့မိန်းမက ဂျာမန်မ၊ သမီးတစ်ယောက်ရှိတယ်။ သားမိသားဖသုံးယောက် ပါရီမြို့ ရောမလမ်းက တိုက်ခန်းတစ်ခန်းမှာနေကြတယ်။ အဲဒီကို စာရေးဆရာငယ်လေးတွေ လာတွေ့လေ့ ရှိကြတယ်။ ၁၈၈၀နှစ်များမှာ သူဟာ နာမည်ကြီးလာနေပြီး။ သူ့ရိပ်သာ ဟာ စာရေးဆရာတို့စုဆုံရာ၊ စာပေဆွေးနွေးရာ၊ စာပေလောကကို ဩဇာညောင်းသွားမယ့် အတွေးအခေါ်များ ဖွားမြင်ရာ ဒေသတစ်ခုဖြစ်နေပါတော့ တယ်။

မာလာမေဟာ ပါနဲ့ဆယန် ကဗျာဆရာတစ်ဦး (ရောမန္တိကဝါဒက ပေါက်ပွားလာတဲ့ ဆင်တူယိုးမှား ဝါဒတစ်ခု) အနေနဲ့ စတင်ခဲ့သူဖြစ်တယ်။ ဘို့ဒလယ်

ရဲ့ ...ပည့် တစ်ဦးလည်းဖြစ်တယ်။ ဒါပေမယ့် မကြာခင်မှာ သူကဒီဩဇာတွေကို ကျော်လွှားပြီး လုံးဝသူ့ကိုယ်ပိုင်ဖြစ်တဲ့ ဟန်တစ်ခုကို ထွင်ယူနိုင်ခဲ့ပါတော့တယ်။ ဒီဟန်ရဲ့ ဝါဒ သဘောထားကတော့ စကားလုံးရဲ့ 'ဂီတ'(အသံအပေါင်းလက္ခဏာ ဝိုးတဝါး ဆက်စပ်မှုများ)ဟာ ထုံးတမ်းစဉ်လာ အဓိပ္ပာယ်ထက် အရေးကြီးတယ်။ လေထဲမှာ ဝဲလည်လည်ဖြစ်နေတာက တည်တံ့နေတာထက် ကောင်းတယ်။ ညွှန်းရုံ ညွှန်းလိုက် တာ၊ သွယ်ဝိုက်အရိပ်အရောင်ပေးလိုက်တာက ပြောင်ဖွင့်ပြောတာထက် သာတယ် ဆိုတဲ့ အယူအဆပါပဲ။ သူ့စာပေ အယူအဆနဲ့ ပတ်သက်ပြီး ဆောင်းပါးတို လေးတွေ သူရေးသေးတယ်။ သူ့ဆောင်းပါးတွေ ကလည်း သူ့ကဗျာတွေ လိုပဲ ဝိုးတို့ဝါးတားပဲ ဖြစ်နေပါလေတော့တယ်။ သူဟာ ရဲန်ဘိုး အလျင်နှစ်ပေါင်းများစွာ ကပဲ ကဗျာစတင်ရေးခဲ့တာပါ။ သူရဲ့နာမည်အကျော်ဆုံး ကဗျာဖြစ်တဲ့ 'နတ်သမင် တစ်ဦးရဲ့ ညနေခင်း'ကို ၁၈၆၅က ရေးတာဖြစ်တယ်။ ဒါပေမယ့် သူက ရေးပြီးသား ကိုပဲ နှစ်ကြိမ်တိတိ ထပ်ပြင်ရေးတာမို့ ၁၈၇၆ကျမှပဲ ထုတ်ဝေဖြစ်တယ်။ ဒါရယ် ကဗျာ တိုလေးတွေကို စုထုတ်တဲ့ 'ကဗျာများ' (၁၈၈၇)ရယ်ဟာ သူ့အကောင်းဆုံး သက်ရာမွန်တွေပါပဲ။ 'နတ်သမင်တစ်ဦးရဲ့ ညနေခင်း'ကို ဒါဘည်ဆီက နာမည်ကျော် ဩခက်စကရ ပရီလုဒ်တစ်ပုဒ်အဖြစ် အသံသွင်းခဲ့ပါတယ်။ အခြားအရေးပါတဲ့ ဇာများကတော့ 'အလက်ာနဲ့ စကားပြေ အယ်လ်ဘမ်' (၁၈၈၇)နဲ့ 'ဒိဗာဂါရှန်' ၁၈၉၇)တို့ပါပဲ။ 'ဒိဗာဂါရှန်'က စာပေနဲ့ အနုပညာအကြောင်း ဆောင်းပါး ကလေး ...ဘွ၊ စကားပြေပုံကြမ်းလေးတွေပါပဲ။

ဆိုခဲ့ပြီးအတိုင်း မာလာမေဟာ သွယ်ဝိုက်ချဉ်းကပ်တဲ့ နည်းကိုနှစ်ခြိုက်သူ ဖြစ်တယ်။ ပြောင်ပြောပြတာမျိုးကို မကြိုက်ဘူး။ ဆိုလိုတဲ့ အကြောင်းအရာတစ်ခုကို ...မ်းတဝါးဝါးနဲ့ကွေ့ကာဝိုက်ကာနဲ့ ရုပ်ပုံတစ်ခုပြီးတစ်ခု၊ ရိုးတိုးရိပ်တိပ် အညွှန်းတစ်ခု ...ဘစ်ခု ထပ်ရင်းသာ သူကဖော်ကျူးသွားတယ်။ လိုအပ်လျှင် သူကဘာသာစကား အသစ်တောင် ထွင်တယ်။ သူ့ဘာသာစကားမှာ စကားလုံးတွေက အဓိပ္ပာယ်အသစ်၊ ...ကျေတွေက ပုံသဏ္ဌာန်သစ်ဆောင်ကုန်ကြတယ်။ ကာရန်နဲ့အသံကလိုရင်း စွဲထင်မှု ...ပါလာအောင် ပို့ပေးကြတယ်။ သူ့စာထဲမှာ အခက်ဆုံးဖြစ်တဲ့ 'Un coup de ...es jamais n'abolira le hasard'မှာဆိုလျှင်တော့ ပုံမှန်ဘာသာစကားက ...ောင်လွန်ပြီး ပုံနှိပ်စကားလုံး အရွယ်အစားအမျိုးမျိုးနေရာချဲ့ပုံ အမျိုးမျိုးစသဖြင့် ...ည်ပြီး သရုပ်ဖော်ဖို့ လုပ်လိုက်တာ ခုထိ ဘယ်သူမှ ဟုတ်တိပတ်တိ အဓိပ္ပာယ်ဖွင့် ...မှ မရသေးဘူး။

ဒီလိုဆိုတဲ့အတွက် မာလာမေဟာ ‘အနုပညာအတွက် အနုပညာ’သမား မထင်လိုက်ပါနဲ့။ အတွေးအခေါ်တို့ စိတ်အတွေ့အကြုံတို့ ခန်းခြောက်တာနဲ့ စကားလုံးတွေ လျှောက်ဆော့နေတာလို့ မထင်လိုက်ပါနဲ့လို့ ကာကွယ်သူများက ကာကွယ်ကြတယ်။ သူ့ကဗျာပုံစံက သူ့အတွေးအခေါ်နဲ့ ကိုက်ပါတယ်။ သူ့အတွေးအခေါ်ဟာလည်း အရေးကြီးပါတယ်လို့ သူတို့က ပြောကြတယ်။ ဒါပေမယ့် အဲဒီသူ့အတွေးအခေါ်တွေက အများစုပြည်သူတွေနဲ့တော့ တယ်မရင်းနှီးလှလေတော့ အလှဗေဒသဘောတရားတွေ အင်မတန် ရင့်သန်သူများမှ ခံစားလို့ရတော့တာပါပဲ။ အတွေးက နက်လွန်းတာပါလို့ သူတို့ကတော့ ပြောကြတာပဲ။ ဒါပေမယ့် တကယ်နက်ကောနက်မှ နက်ရဲ့လား စဉ်းစားရာပါပဲ။ ၂၀ရာစု ကဗျာဟာ ဝိုးတိုးဝါးတားဖြစ်ရတာဟာ မာလာမေ တရားခံလို့ တချို့က စွပ်စွဲကြပါတယ်။ ဒါပေမယ့်တစ်ခုသတိပြုစဉ်းစားစရာကတော့ မာလာမေတို့၊ ရဲန်ဘိုးတို့ရဲ့ တီထွင်မှုမျိုး မရှိခဲ့လျှင်လဲ ကဗျာရေစီးဟာ ရောမန္တိကတွေရဲ့ ရှင်းရှင်းပြောဆိုတဲ့ အစဉ်အလာကြီးထဲ နစ်မွန်းခဲ့ရမှာပါပဲ။ ‘ဂန္ထဝင်’ခေတ် ကဗျာတွေလိုပေါ်လွင်လွန်းတာနဲ့ အဆင့်တန်းနိမ့်လျှောကုန်တာမျိုး ဖြစ်ခဲ့ရမှာပါပဲ။ မွဲတေခေါင်းပါးမှုကို အလင်္ကာတွေ၊ ဂုဏ်သရေတွေနဲ့ အကာအကွယ်ယူရင်း ရေစုန်မျောနေခဲ့မှာပါပဲ။ ကဗျာဆိုတာကတော့ စကားပြေနဲ့ ပြောလို့မရတာကို ပြောနိုင်စွမ်း ရှိရပေမပေ့ါ။ ဒီတော့ ကဗျာရဲ့ လျှို့ဝှက်နက်နဲမှုကို အခြေခံကနေစပြီး အသစ်လုပ်ပေးရမယ်။ ခရီးသွားမှတ်တမ်းတို့ နိုင်ငံရေး မိန့်ခွန်းတို့ ဘုန်းကြီးဟောစာတို့ အဆင့်ကနေ ဖယ်ရှားပေးရမယ်။

မာလာမေဟာ ပြင်သစ် သင်္ကေတဝါဒရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တယ်။ ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန် ကဗျာဆရာတွေအပေါ်မှာလည်း သူ့ဩဇာ ကြီးကြီးမားမား ကျရောက်တယ်။ တချို့ကတော့ သူ့ဩဇာက သူ့စာထက်တောင် ကြီးမားနေတယ်လို့ အဆိုပြုကြတယ်။

## ကဗျာလက်ဆောင်

ဂူဒူမဲယ ညရဲ့သားငယ်ကို ငါမင်းထံ ယူလာပါတယ်။
မည်းနက်လို့ တောင်ပံက သွေးယိုပြီး ဖျော့တော့လို့ (အမွေး)နုတ်လို့။
အမွေးနံ့သာနဲ့ ရွှေတို့လောင်ကျွမ်းရာ ပြတင်းကနေ၊
အေးစိမ်းတဲ့အလို၊ ငြိုးငွေ့ဖွယ်၊ ပြတင်းမှန်တို့ကနေ

ထင်းရှူးပင်ရိပ်
အာရုဏ်ဦးဟာ နတ်တမန် မီးခွက်ပေါ် ပစ်လှဲချလိုက်ပေါ့။
အုန်းပင်တွေ၊ သူ(အရုဏ်)က အဲဒီ ဓာတ်တော်ကို ဒေါသ
အပြုံးတစ်ခု ကြိုးပမ်းနေတဲ့ ဒီ ဖခင်ကို ပြလှာတဲ့အခါ၊
ပြာလဲ့ပြီး မြူတဲ့ အထီးကျန်မှုဟာ တုန်လှုပ်သွားတယ်၊
အို တေးသီသူငှဲ၊ သမီးလေးရယ်၊ အေးစက်စက် ခြေတို့ရဲ့
အပြစ်မဲ့မှုရယ်နဲ့ (အတူရှိနေတဲ့)ပုခက်လွှဲသူ အသင်ငှဲ၊
ကြောက်မက်ဖွယ် မွေးဖွားမှုကို ကြိုဆိုပါဖိ၊
မင့်အသံက တယောနဲ့ စောင်းကို သတိရစေရင်း၊
ညိုးရော်ဆဲ မင့်လက်ချောင်းနဲ့ အပျိုစင် အပြာကြောင့်
မွတ်သိတ်နေတဲ့ နှုတ်ခမ်းများအတွက် ဆီဘီလ်ဖြူဆွတ်မှုဖြင့်
မိန်းမစီးဆင်းရာ ရင်အုံကို ဖိညှစ်ပါမယ်လား၊

[ကဗျာများ' ၁၈၈၇]

မာလာမေ'ဧရောဒိယဒ်'ဆိုတဲ့ ကဗျာ ပြဇာတ်တစ်ပုဒ် ရေးဖို့ကြိုးပမ်းနေစဉ်ကဖြစ်တယ်။ တော်တော် ခက်ခက်ခဲခဲ ကြိုးပမ်းနေရတာမို့ မာလာမေလန့်နေတယ်။ အဲဒီအချိန်က ရေးခဲ့တဲ့ ကဗျာတစ်ပုဒ်ပါပဲ။

ကဗျာဆရာဟာ တစ်ညလုံး စာပွဲမှာ ထိုင်အလုပ်လုပ်နေတယ်။ ပြတင်းပေါက်မှာ ဆီမီးရောင်က လင်းလက်လက်နဲ့ပေါ့။ ရောဒိယဒ်ရဲ့ ကမ္ဘာက ရုပ်ပုံတွေ သူ့ဝန်းကျင်မှာ ဝိုင်းရံလို့။ နောက်ဆုံး အရုဏ်ဦးမှာ တစ်စုံတစ်ခု ပုံပေါ်လာတယ်။ အပြီးသတ်သွားတယ်။ ကဗျာတစ်ပုဒ် မွေးဖွားလာခဲ့ပေါ့။ သူ့အတွေးစိတ်ကူးရဲ့ ဒီသားငယ်ကို ကပ်လျက်အခန်းက သူ့ဇနီးထံ ယူသွားတယ်။ အခန်းထဲမှာ မအေလုပ်သူဟာ ကိုယ်ခန္ဓာရဲ့ သမီးငယ်လေးနဲ့အတူ အိပ်ပျော်နေတယ်။ ကဗျာဆရာက သူ့စိတ်ကူးရဲ့ သားငယ်လေး (ကဗျာ)ကို မအေကြီးဆီ ပေးအပ်လိုက်တယ်။ ယုယမွေးကျွေးလိုက်ပါဖိတဲ့။ ဒါဒီကဗျာရဲ့ ဆိုလိုရင်း အကျဉ်းချုပ်ပါပဲ။

သူရေးနေတဲ့ ပြဇာတ် 'ဧရောဒိယဒ်'ဆိုတဲ့ နာမည်ဟာ ပြဇာတ်ထဲက ဇာတ်ဆောင် မင်းသမီးရဲ့ အမည်ပါ။ ဒီမင်းသမီးက ဂျူဒီမဲယ အမျိုးအနွယ်ဖြစ်တယ်။ အဲဒီညက သူ့ဝန်းကျင်မှာ ဒီမင်းသမီး ကမ္ဘာက ရုပ်ပုံတွေ ဝန်းရံနေတာမို့

(တင်စားတာပါ) ဒီညကို ဣန္ဒူမဲယညလို့ခေါ်ပါတယ်။ ဒီညမှာ ပေါက်ဖွားလာတဲ့ ကဗျာကို'ဣန္ဒူမဲယညရဲ့သားငယ်'လို့ ခေါ်လိုက်ပါတယ်။ သားငယ်က ငှက်ကလေး ပါ။ မည်းနက်နက်ကလေး။ တောင်ပံက သွေးတွေယိုဆင်းနေတယ်။ ဒါကြောင့် ဖျော့တော့တော့ ဖြစ်နေတယ်။ အမွေးတွေလည်း နုတ်ထားတယ်။ ပြတင်းပေါက်မှာ မီးခွက် ထွန်းထားတယ်။ မီးခွက်မှာ 'အမွေးနဲ့သာနဲ့ ရွှေတို့ လောင်ကျွမ်း'နေတယ်။ ပြတင်းမှန်တို့ဟာ အေးစက်နေတယ်။ ဒီ အေးစိမ့်စိမ့် ပြတင်မှန်တို့ကနေ အရုဏ်ဦး ဟာ ခုန်ချလိုက်သလို ပေါ်ထွက်လာတယ်။ (အရုဏ်ကျင်းလာတာ မြင်ရပြီပေါ့) ကဗျာ ဆရာဟာရေးမရလို့စိတ်တိုနေပြီနဲ့တူပါရဲ့။ သူ့မျက်နှာမှာ ရန်လိုစိတ်တွေ ပေါ်နေ တယ်။ သူ့ကို အရုဏ်ဦးက သားငယ်လေး 'ဓာတ်တော်'ပြတယ်။ (အရုဏ်ဦး အချိန်မှာ မွေးဖွားတယ်)။ အဲဒီအခါ 'ပြာလဲ့ပြီး မြုံတဲ့' အထီးကျန်မှုဟာ တုန်လှုပ်သွား တယ်။ ဒီအထိဟာ ကဗျာသားငယ်မွေးဖွားခန်းပါပဲ။

ကဗျာဆရာရဲ့ ဇနီးက သားချော့သီချင်းတွေဆိုလေ့ရှိတယ်။ ဒါကြောင့် 'အို တေးသီသူငဲ့'လို့ခေါ်လိုက်တယ်။ ဒေါ်မာလာမေဟာ သမီးလေးကိုလည်း ပုခက် ထဲမှာ ထည့်ပြီး လွှဲသိပ်နေကျ။ ဒါကြောင့် 'ပုခက်လွှဲသူ အသင်ငဲ့'လို့ခေါ်လိုက်တယ်။ လဲလျောင်း အိပ်နေတဲ့အခါ မိခင်ရဲ့ ခြေတွေလည်း အေးစက်နေတယ်။ အပြစ်ကင်း တဲ့ ခြေနှစ်စုံပါပဲတဲ့။ အဲသလို အိပ်နေတဲ့ဆီသွားပြီး မအေကြီးကို သားသစ်ကလေးကို ခရီးဦးကြိုပြုပါလို့ တောင်းပန်တယ်။ ပြီး တယောလိုစောင်းလိုသာယာတဲ့ မင့်အသံနဲ့ တေးဆိုချော့သိပ်ပါ။ လက်ချောင်းလေးနဲ့ ရင်သားကို အသာဖိကာ ဖျစ်ကာ ကိုင်ရင်း နို့ချိုတိုက်ကျွေးလိုက်ပါတဲ့။ 'ဆိဘိလ်'ဆိုတာ ရှေး ခေါမ-ရောမတို့ရဲ့ နတ်ဝင်သည် တစ်မျိုးပါပဲ။ ပန်းချီကားတွေထဲမှာ ဝတ်ရုံဖြူ ဝတ်ထားတာတွေ့ရတယ်။ နို့ရည်ရဲ့ အဖြူ ရောင်ကို 'ဆိဘိလ် ဖြူဆွတ်မှု'လို့ ဖွဲ့တယ်။ နို့ရည်ဆိုတာ မိန်းမကမှထွက်တာ။ ဒါကြောင့် မိန်းမရဲ့ လက္ခဏာတစ်ရပ်လို့ ဆိုနိုင်တယ်။ နို့ရည်ကိုပဲ 'မိန်းမ'ရယ်လို့ သုံးလိုက်တယ်။ 'နို့ရည် စီးဆင်းရာ ရင်အုံ'လို့ ရေးမယ့်အစား 'မိန်းမစီးဆင်းရာရင်အုံ လို့' ရေးတယ်။

အနုပညာ ပေါက်ဖွားရပုံကို ဇာတ်လမ်းခင်းပြတဲ့ ကဗျာတစ်ပုဒ်ပါပဲ၊ ဒါပေမယ့် ဘာကြောင့် အထီးကျန်မှုဟာ တုန်လှုပ်သွားရတာလဲ။ ဘာကြောင့်ကော မြုံရတာလဲ။ မွေးဖွားလာတဲ့ သားငယ်ကိုကော ဖအေကြီးက ဘာဖြစ်လို့ မလိုမုန်းထား စိတ်နဲ့ ကြည့်ရတာတဲ့လဲ။ မာလာမေဟာ တစ်သက်လုံးပဲ သူ့ကိုယ်သူ ကဗျာထုတ် လုပ်နိုင်ပါ့မလား၊ ဖန်ဆင်းနိုင်စွမ်းများ မြုံနေရော့လားလို့ အမြဲစိုးရိမ်စိတ် ပူးကပ်နေတဲ့

လူ။ ကဗျာမွေးထုတ်ရတာကိုလည်း အပျိုမိခင်များ သားဖွားရမှာ လန့်သလို သူလန့်တယ်။ ခုလည်း တစ်ညလုံး ခက်ခက်ခဲခဲ မွေးထုတ်လိုက်လို့ 'သားငယ်'လေး တစ်ကောင်တော့ ရပြီ။ ဒီကလေးဟာ မွေးကျွေးပြုစုခြင်းမရှိလျှင် သေမှာပဲ။ မွေးထုတ်လိုက်သူ ကိုယ်တိုင်ကလည်း ဘာမှ မမွေးကျွေး မပြုစုတတ်ဘူး။ ဒီကဗျာလေးကို ကမ္ဘာက လက်ခံရမယ်။ ထိန်းသိမ်းရမယ်လို့ ဆိုလိုခြင်းပါပဲ။

မူရင်းကဗျာမှာ စကာလုံးတွေက အဓိပ္ပာယ်တစ်ခုအပြင် အခြား အဓိပ္ပာယ်လည်း ရနိုင်တာမျိုးပါတယ်။ ဥပမာ ဘာသာပြန်မှာ '(အမွေး)နုတ်လို့'ဆိုတဲ့ စကားက မူရင်းမှာ 'ကလောင်းကို ဘေးချလိုက်ရပေါ့' (ရေးပြီးပေါ့)လို့လည်း အဓိပ္ပာယ်ထွက်တယ်။ ကြောင်းရေ ခုနှစ်က'ဒီဖခင်'အတွက် မူရင်းစကားကလည်း မောလျပြီး သနားစရာ ဖြစ်နေတဲ့ ကဗျာဆရာ၊ မချိပြုံး ပြုံးနေတဲ့ ကဗျာဆရာရဲ့ သနားဖွယ် သရုပ်ကိုပါ ဆောင်ကြဉ်းပေးနိုင်တယ်။ 'နတ်တမန်မီးခွက်'တို့၊ 'မာတော်'တို့ 'အေးစက်စက် ခြေတို့ရဲ့ အပြစ်မဲ့မှု'တို့ကလည်း ဘာသာရေးလေ ပေါ်စေတယ်။ ကြောင်းရေခြောက် မှာ 'အုန်းပင်တွေ' (Palmes)လို့ ထည့်ထားတာ အမျိုးမျိုး အဓိပ္ပာယ် ကြံဆကြတယ်။ ကျေနပ်လောက်အောင်မရဘူး။ အဓိပ္ပာယ်မရှိ သူ့စိတ်ထဲ ပေါ်လာတာ ကို မာလာမေက ရေးချလိုက်တာနဲ့ပဲ တူပါရဲ့။

❖

## ငန်း

အပျိုစင်ပီသ၊ ဝင်းပပ၊ ကောင်းမြတ်လှတဲ့နေ့သစ်
ယစ်မူးနေတဲ့ သူ့တောင်ပံကို တစ်ချက်ရိုက်ခတ်ကာ
မပြေးသေးတဲ့ ပြေးခြင်းတို့ရဲ့ ထုတ်ချင်းပေါက်မြင် ရေခဲမြစ်က
နှင်းခဲအောက်မှာ ကျက်စားရာ အမေ့ခံ ရေအိုင်မာကို ငါတို့ဖို့ ခွဲဖျက်ပေးမလား။

ရှေးခေတ်ရဲ့ ငန်းတစ်ကောင်းက မိမိဟာ ကြီးကျယ်ခမ်းနားသူ၊
ဒါပေမယ့် ဆောင်းအမြုံရဲ့ ငြီးငွေ့ဖွယ်ကောင်းခြင်းလင်းလက်လေတဲ့အခါ
နေထိုင်မယ့် ဒေသ(အကြောင်း) တေးမသီခဲ့မိတဲ့အတွက်
လွတ်မြောက်ဖို့ မျှော်လင့်ချက်မဲ့မဲ့ (ရုန်းနေသသူ)ဆိုတာ သတိရမိတယ်။

ငြင်းဆန်သူ ဒီငှက်အပေါ် အာကာသက ထိုးနှက်လိုက်တဲ့

မောင်သာနိုး

အဖြူရောင်စိတ်ဒုက္ခကို သူ့လည်တိုင် တစ်ခုလုံးက ခါယမ်းပစ်မယ်၊
သူ့အမွေးအတောင်များ မိနေရာမြေကြီးရဲ့ ကြောက်မက်ဖွယ်ကိုတော့
(ခါမပစ်နိုင်ဘူး)။

မိမိရဲ့သန့်စင်တဲ့ တောက်ပမှုကပဲ ဒီအရပ်မှာ နေရာချပေးခံရသူ တစ္ဆေ၊
သူရဲ့အကျိုးမဲ့ နယ်နှင်ခံချိန်အတွင်း ငန်း သူ့ကိုယ်သူ ဆင်ယင်ပေးတဲ့
ရှုတ်ချပြစ်တင်မှု အိပ်မက်အေးစက်စက်ထဲမှာ ငြိမ်ကျ နေလေတော့တယ်။
['ကဗျာများ'၁၉၈၇]

မာလာမေရဲ့ ဆွန်းနက်တွေထဲမှာ အကျော်ကြားဆုံးဖြစ်ပါတယ်။ စကားနဲ့ အသံက အင်မတန် လှပသလို လျှို့ဝှက်နက်နဲတဲ့သဘောလည်း ဆောင်တယ်။ အဓိပ္ပာယ်ဖွင့်ကြတာတွေလည်း အများကြီးပဲ။ တစ်ခုနဲ့တစ်ခုလည်း မတူကြဘူး။ ကဗျာ ဆရာကလည်း အဓိပ္ပာယ်အမျိုးမျိုးပေးနိုင်အောင် စပ်ပစ်ခဲ့တာပါပဲ။

ပထမအပိုဒ်က အာမေဍိတ် မေးခွန်းသဖွယ်စပ်ထားတယ်။ နေ့သစ်ထွန်းပေါ်လာတာဟာ အားရပါးရရှိလှတယ်။ နေ့သစ်ကို အပျိုစင်ပီတယ်၊ ဝင်းပတယ်၊ ကောင်းမြတ်လှတယ်လို့ သရုပ်ဖော်လိုက်တယ်။ ဒီနေ့သစ်က ငါတို့အတွက် ရေခဲပြင်ကြီးကို ခွဲဖြိုပေးမလားလို့ မေးလိုက်တယ်။ 'ငါတို့'လို့ဆိုလိုက်တဲ့အတွက် ကျွန်တော်တို့စာဖတ်သူများပါ အကြုံးဝင် သက်ဆိုင်နေမှန်း သိရတော့တယ်။ ရေခဲပြင်ကို ရေးထားပုံက ရေခဲနေတဲ့ ရေအိုင်ကြီးရှိတယ်။ ကြည်လင်သမို့ တိုးယိုပေါက်အောင် မြင်ရတယ်။ ဒီအိုင်ကြီးထဲကို ရေခဲမြစ်က စီးဝင်နေတယ်။ ရေခဲနေသမို့ မြစ်ဟာ မစီးသေးဘူး။ ဒါကြောင့် 'မပြေးသေးတဲ့ ပြေးခြင်းတို့ရဲ့မြစ်' လို့ဆိုထားတယ်။

ဒီလို ရေခဲပြင်ရှုခင်းကို ငေးနေရာက အတိတ်အချိန်အကြောင်း ရောက်သွားပြန်တယ်။ ငန်းက သူရဲ့'ကြီးကျယ်ခမ်းနား'တဲ့ နတ်ဘုံကို သတိရမိတယ်၊ ပြီး သူ့အနေနဲ့ မျှော်လင့်ချက် ကင်းမဲ့စွာ လွတ်မြောက်ဖို့ ရုန်းထွက်နေရပုံကို သတိရမိပြန်တယ်။ ဘာလို့ မျှော်လင့်ချက် ကင်းမဲ့ရသဲဆိုတော့ သူဟာ လိုအပ်လာတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေ မကျင့်လို့၊ တကယ့်ဘဝနဲ့ သင့်တင့်အောင် မနေလို့ ကိုယ့်အထီးကျန် စိတ်ကူးဘဝကိုပဲ ခေါင်းမာမာနဲ့ တွယ်ဖက်နေခဲ့လို့ပါတဲ့။

တတိယအပိုဒ်မှာ ပစ္စုပ္ပန် အချိန်ပိုင်းကို ရောက်လာတယ်။ နောက်ဆုံးပိတ် ရုန်းကန်တဲ့အနေနဲ့ ငန်းက ရုန်းထွက်ကြည့်တယ်။ သူရဲ့ ရှည်းလျားလျားလည်တိုင်ကတော့ ရေခဲပြင်အထက်ကို ပေါ်ထွက်လာတယ်။ ဖြူဖွေးတဲ့ ရေခဲထဲမှာ နစ်မြုပ်နေခဲ့ရတာမို့ ဖြူရော်နေတော့တယ်။ ဒါပေမယ့် သူ့ခန္ဓာကိုယ်ကတော့ ('အမွေးအတောင်') ရေခဲအောက်မှာ ပိနေတုန်းပဲ။ မြေကြီးက ဖမ်းကိုင်ဆွဲထားသလိုပဲ။ ဒီမြေကြီးဟာဖြင့် 'ကြောက်မက်ဖွယ်'ပါ ပဲတဲ့။

စတုတ္ထအပိုဒ်မှာ ငန်းဟာ မရုန်းနိုင် မထွက်နိုင် ရေခဲအိုင်ကြီးထဲမှာ ဖြူဖြူဖွေးဖွေး တစ္ဆေတစ်ကောင်လို ဖြစ်နေရပြီ။ အဲဒီတော့ သူဘာလုပ်သလဲဆိုတော့ မိမိကို အောင်နိုင်သူကိုပဲ ရှုတ်ချ ပြစ်တင်လိုက်တယ်။ (ကမ္ဘာလောကမှာ ရှိနေတဲ့ ယုတ်ညံ့တဲ့ တရားတွေကိုပေါ့) သူ့ကိုယ်သူကိုလည်း စိတ်ကူးနဲ့ ဒိဋ္ဌဓမ္မဘဝကို လိုက်လျော ညီထွေဖြစ်အောင် မလုပ်တတ်စွမ်းတဲ့အတွက် ရှုတ်ချပြစ်တင်လိုက်တယ်။ ဒါဟာဖြင့် ဘော့ဒလယ်ရဲ့ 'စပလီးန်'နဲ့ အတူတူပါပဲ။ ဘဝကို ငြီးငွေ့မှုကို ပြောတာပါပဲ။ လောကကြီးက ထွက်ပြေးပြီး ကိုယ့်အတ္တထဲ ကိုယ်ပြန်မွေ့တဲ့ ငန်းဆိုတာ တကယ်ကတော့ လူ့လောကအလယ်မှာ သီးခြားကင်းလွတ်ပြီး တစ်ကိုယ်တော်အထီးကျန် ဖြစ်နေတဲ့ ကဗျာဆရာကို ဆိုလိုခြင်းဖြစ်ပါတယ်။ သူ့အတွေးအခေါ်တွေနဲ့ လူ့လောက နဲ့ မဝင်ဆံ့ဘဲ ဖြစ်နေပုံကို သိမြင်ရာက စိတ်ပျက်လာတဲ့ သရုပ်ကို တင်ပြလိုက်ခြင်း ပါပဲ။

❖

## မာ့ဒ်မွဇလ် မာလာမေရဲ့ နောက်ယပ်တောင်

အို အိပ်မက်သူငဲ့၊ သန့်စင်တဲ့လမ်းမဲ့တဲ့
ကြည်နူးမှုထဲ ငါခုန်ဆင်းနိုင်ဖို့ရာ
ငါ့တောင်ပံကို မင့်လက်မှာ ကိုင်ပုံကိုင်နည်းကို
သိမ်မွေ့တဲ့ လှည့်စားမှုဖြင့်၊ သိပါဖိ။

ဆည်းဆာ အေးမြမှုတစ်ခု မင့်ထံ
(ငါ့တောင်ပံ) တစ်ချက်ခတ်လိုက်တိုင်း ရောက်လာရဲ့။
အကျဉ်းခံ ရိုက်ခတ်ချက်ဟာ နူးညံ့စွာနဲ့
မိုးကုပ်စက်ဝိုင်းကို နောက်သို့ တွန်းနေရဲ့။

မူးပါဖိ၊ ပြင်းပြပြ အနမ်းတစ်ခုပမာ
အာကာသ တုန်ခါသွားရဲ့၊
ဘယ်သူ့အတွက် မွေးလာတာမှ မဟုတ်တော့ ရိုင်းလို့၊
ရွှေ့လည်းမခုန်နိုင်၊ ငြိမ်ကျလည်း မသွားခဲ့၊

မြေမြှုပ်လိုက်တဲ့ ရယ်မောသံ တစ်သံပမာ
မင့် ပါးစပ် ထောင့်စွန်းကနေ ညီညွတ်နေတဲ့
အတွန်းရဲ့ နက်ရှိုင်းမှုထဲ လျှောဆင်းသွားတဲ့
နတ်ပြည်အရှိုင်းကို မင်း ခံစားမိပါစေ၊

ရွှေရောင်ညနေခင်းတို့အပေါ် တုံ့ရပ်နေတဲ့
နှင်းဆီသွေး ရာဇလုံ့တံ၊ ဒါပဲ၊
လက်ကောက်ရဲ့ မီးလျှံပေါ်မှာ မင်းတင်ထားတဲ့
ဒီ ပိတ်ထားတဲ့ အဖြူရောင် ပျံသန်းမှုဟာ ဒါပဲ၊

['ကဗျာများ' ၁၈၈၇]

၁၈၈၃ခုနှစ်လောက်က ဖြစ်ပါတယ်။ မာလာမေတို့ တိုက်ခန်းထဲမှာ မာလာမေ ရယ်၊ အဲဒီအချိန်က ၁၉နှစ်ရွယ် ဖြစ်တဲ့ သမီးရှယ်နယ်ဗီယေဗ်ရယ် ထိုင်နေကြတယ်။ နွေရာသီမို့ ပူပြင်းလှတယ်။ နေ့ခင်းက ရှယ်နယ်ဗီယေ့ဗ်ဟာ ယပ်တောင်လေးခတ်ပြီး နေခဲ့တယ်။ ခု ညနေရောက်တဲ့အခါမှာတော့ လေနုအေးလေးတစ်ခု 'ပြင်းပြပြ အနမ်းတစ်ခုပမာ'တိုးဝှေ့တိုက်ခတ်လာရဲ့။ မကြာမီ နေဝင်ဆည်းဆာရဲ့ ပန်းနုရောင် ရွှေရောင်ဟာ အခန်းထဲ ရောင်ပြန်ဟပ်လာတော့မယ်။ သမီး မာလာမေက ယပ်တောင်လေးကို သူ့ရွှေလက်ကောက် (ဝါ လက်ကောက်နီနီ) ပေါ် ချထားလိုက်တော့မယ်။ ခု ကဗျာဟာ ဒီယပ်တောင်လေးကို အခြေခံပြီး ရေးဖွဲ့လိုက်တာပါပဲ။ အလျင်ကလည်း မာလာမေဟာ ယပ်တောင်ဖွဲ့တစ်ပုဒ်ရေးဖူးသေးတယ်။ ဒါကြောင့် ခု ကဗျာကို 'နောက်ယပ်တောင်'လို့ဆိုတယ်။ သူ့အဖို့က ယပ်တောင်ဆိုတာကိုက လျှို့ဝှက်နက်နဲတဲ့သဘော၊ သင်္ကေတ အဓိပ္ပာယ် ဆောင်နေပါတော့တယ်။ ဒီကဗျာမှာ အနုပညာအပေါ် သူထားတဲ့ သဘောထားကို လှပစွာ တင်ပြထားပါတယ်။

ကဗျာကို ယပ်တောင်လေးက စကားပြောနေဟန် ရေးဖွဲ့ထားတယ်။ ယပ်တောင်လေးက သူ့ကို ကိုင်ထားသူသမီး မာလာမေကို 'အိပ်မက်သူ'လို့ ခေါ်လိုက်တယ်။ ကလေးမက စိတ်ကူးယဉ်နေ ထင်ပါရဲ့။ တစ်နေ့တွေ့ရမယ့် ချစ်သူ

အကြောင်း၊ ချစ်ရည်တူ နှစ်ကိုယ်မျှကြရမယ့် အကြောင်းတွေဖြစ်မှာပေါ့။ ယပ်တောင်လေးအကြောင်း ဖြစ်ချင်လည်းဖြစ်မယ်။ ယပ်တောင်လေးကို ဖြန့်ဖွင့်လိုက်တဲ့အခါ တမန်နတ်ရဲ့ တောင်ပံလေးနဲ့တူတယ်။ ဒီတောင်ပံလေးကို သူ့လက်ထဲမှာ 'သိမ်မွေ့တဲ့ လှည့်စားမှု'နဲ့ ကိုင်ထားတယ်။ စည်းချက် ဝါးချက်ညီညီနဲ့ ယပ်တောင်လေး လှုပ်ရှားနေရပုံက သန့်စင် လမ်းမဲ့တဲ့ အာကာသထဲ ခုန်ဆင်းနေရသလိုပဲ။ အနုပညာသမားနည်းတူ ယပ်တောင်လေးကလည်း ဘဝရဲ့ ကြမ်းတမ်းတဲ့ ရုပ်ကမ္ဘာကို ပယ်စွန့်ပြီး စိတ်ကူးလောကကို ဖွေရှာလိုဟန်တူရဲ့။ ယပ်တောင်လေးက လေကို ရိုက်ခတ်နေတယ်။ ဒါပေမယ့် သူ့ကို ကလေးမလေးက ကိုင်ထားတာမို့ သူ့ရိုက်ခတ်ချက်ဟာ 'အကျဉ်းခံ ရိုက်ခတ်ချက်'ပဲ ဖြစ်နေတယ်။ ဒါပေမယ့် တည်ငြိမ်နေတဲ့ လေကိုတော့ လွင့်ပြေးအောင် တိုက်လိုက်နိုင်သမို့ အာကာသဟာ ပွင့်လင်းသွားတယ်။ မိုးကုပ်စက်ဝိုင်း ပေါ်လာရတယ်။ အကာအကွယ်နောက်ကနေ လုံမလေးဟာ သူ့မိန်းမဘဝခရီးလမ်းရဲ့ မိုးကုပ်စက်ဝိုင်းကို မြင်လာတယ်။ ယပ်တောင်ရဲ့ လှုပ်ရှားမှုကြောင့် ပွင့်သွားတဲ့ အာကာသဟာ ညနေခင်း လေနုအေးကြောင့် တုန်ခါသွားတယ်။ ခပ်ပြင်းပြင်း အနမ်းခံလိုက်ရတဲ့သူများ တုန်ခါသွားသလိုပါပဲတဲ့။ ယပ်တောင်လေးက တက်လိုက် ကျလိုက် ဖြစ်နေရာမှာ မြင်လိုက်ရတဲ့ မိန်းကလေးရဲ့ နှုတ်ခမ်းလေးတွေကလဲ နမ်းစုပ်ထားသလိုပဲ။ ဒါပေမယ့် ဒီအချိန်မှဲ မွေးဖွားလာတဲ့အနမ်းက ဘသူ့အတွက်မှ မဟုတ်ဘူး။ မပြီးမပြတ်နဲ့ဘဲ ဖြစ်နေရတယ်။ အလိုမပြည့်ရဘဲ ဖြစ်နေရတယ်။ လုံမလေးအဖို့ တံခါးပိတ်ထားလျက်ပဲ ရှိသေးတဲ့ ကာမဂုဏ် ကြည်နူးမှုရဲ့ 'နတ်ပြည်ရိုင်း'ဟာ ရယ်ချင်လျက် မျိုသိပ်လိုက်ရတဲ့ ရယ်သံလိုပဲ။ ကလေးမဟာ ပြုံးလိုက်မိတယ်။ သူ့နှုတ်ခမ်းထောင့်မှာ အပြုံးလေးဟာ သိမ်သိမ်မွေ့မွေ့လေး ပုံပေါ်နေတယ်။ ယပ်တောင်လေးကိုလည်းပိတ်ပြီး သူ့မျက်နှာပေါ်ကိုင်ထားတယ်။ ယပ်တောင်ရဲ့ အတွန့်လေးတွေဟာ တစ်ခုတည်းဖြစ်သွားတယ် ('ညီညွတ်သွား'တယ်) ဝင်ဆဲနေဟာ နှင်းဆီရောင် တိမ်တိုက်တို့ရဲ့ ကမ်းပါးပေါ်မှာ ဖင့်နွဲ့နေတယ်။ ပြင်ပကမ္ဘာနဲ့ လုံမရဲ့ချုပ်တည်းထားတဲ့ကမ္ဘာဟာတစ်ခုတည်းလို နှောမိကြပြန်တယ်။ ရှယ်နယ် ဗီယေဗ်က သူ့ 'ရာဇလှံတံ' (ယပ်တောင်')ကို သူ့ရဲ့ ဝင်းလက်လက် လက်ကောက်လေး အပေါ် တင်ထားလိုက်တယ်။ ယပ်တောင်လေးဟာ သူ့လက်ထဲမှာ အကျဉ်းသမား ဖြစ်သွားရပြန်ပြီ။ မိန်းကလေးဟာ သူ့အိပ်မက်ကမ္ဘာရဲ့ ဘုရင်တစ်ဆူဖြစ်နေပေရဲ့။ အနုပညာသမားလိုပဲပေါ့။ အနုပညာသည်ဆိုတာ တကယ့်ဘဝရဲ့ ဘုရင်တော့မဟုတ်၊ စိတ်ကူးကမ္ဘာရဲ့ ဘုရင်ဖြစ်တယ် မဟုတ်လား။

■

## ဗာလေရီ

ပေါလ်ဗာလေရီ(၁၈၇၁-၁၉၄၅)ဟာ ဒဿနဆရာနဲ့ သိပ္ပံပညာရှင်ပေါင်းစပ်ထားတဲ့ ကဗျာဆရာတစ်ဦးပါပဲ။ သူ့ဇာတိက ပြင်သစ်ပြည်တောင်ပိုင်း ဆေတ်ဖြစ်ပါတယ်။ ဒါပေမယ့် ပါရီကို လာနေတယ်။ ဒီမှာ ရောမလမ်းက မာလာမေရဲ့ရိပ်သာကို မကြာမကြာ သွားရောက်လည်ပတ်လေ့ရှိပြီး ပီယားလူဝီတို့၊ အန်ဒရေဂိဒယ်တို့ဆိုတဲ့ စာပေသမားများနဲ့ တွေ့ဆုံရတယ်။ ဗာလေရီဟာ မာလာမေရဲ့သြဇာညောင်းသူ တစ်ဦးဖြစ်ပြီး သူ့သြဇာနဲ့ပဲ ကဗျာတွေ ရေးခဲ့တယ်။ ၁၈၉၀နဲ့ ၁၉၀၀ကြားမှာ "ရှေးကဗျာအလ်လဘမ်"ကဗျာစာအုပ်ကို ထုတ်ခဲ့တယ်။ သူ့ စောစောပိုင်း လက်ရာတွေပါပဲ။ ဒီနောက်တော့ စာပေလောကကို ကျောခိုင်းသွားသလိုပဲ။ သူ့စာတွေအကြာကြီး အဆက်ပြတ်သွားတယ်။ အာတစ်သတင်းကိုယ်စားလှယ်ဌာနရဲ့ ဒါရိုက်တာရဲ့ အတွင်းရေး အတွင်းဝန် ဝင်လုပ်တယ်။ မိန်းမယူလိုက်တယ်။ သူ့ဘဝကို စာဖတ်ခြင်း၊ တရားဆင်ခြင်ခြင်းနဲ့ပဲ အချိန်ဖြုန်းနေခဲ့ပါတယ်။ သူဘာကြောင့် ခုလိုစာမရေး၊ ကဗျာမရေး ဖြစ်သွားရသလဲဆိုတဲ့အကြောင်းကို အသက်၂၄မှာ ရေးတဲ့ 'မာဆယာတက်စ်နဲ့ တစ်ညနေ'ဆိုတဲ့ စကားပြေ ဆွေးနွေးခန်းထဲမှာ တွေ့နိုင်တယ်။ အဲဒီထဲမှာ သူက သူဟာ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာပုံကို အင်မတန် စိတ်ဝင်စားတဲ့အကြောင်း၊ ဒါပေမယ့် ဒီအကြောင်းတွေကို စကားလုံးနဲ့ မဖော်ပြလိုတဲ့ အကြောင်းတင်ပြထားပါတယ်။ စကားလုံးဆိုတာ အကန့်အသတ်တွေနဲ့ ဖြစ်တယ်။ အတွေးကို

လမ်းလွဲရောက်စေတယ်။ ဖန်ဆင်းမှုက လှုပ်ရှားနေတယ်။ ရေးချခြင်းက အသေသဘောဖြစ်တယ်။ ပရိသတ်ဆိုတာကလဲ စာရေးသူရဲ့ အတွင်းစိတ်ကူးကို နှောင့်ယှက်တတ်တယ်စသဖြင့် တင်ပြထားတယ်။ ဒီလိုနဲ့ ဗာလေရီဟာ အနှစ် ၂၀လောက်နှုတ်ဆိတ်နေခဲ့တော့တယ်။ ၁၉၁၇ကျမှ 'ငယ်ရွယ်တဲ့ကံကြမ္မာ'ထွက်လာတယ်။ သူရဲ့ အရှုပ်ဆုံးကဗျာပါပဲ။ ၁၉၂၀မှာ 'ပင်လယ်သင်္ချိုင်း'နဲ့ ၁၉၂၂မှာ 'မန္တရားများ'ထွက်လာပြန်တယ်။ ဒီနောက်တော့ လုံးလုံးကဗျာမရေးတော့ သလောက်ပါပဲ။ ဗာလေရီက ပြင်သစ်ယဉ်ကျေးမှု လုပ်ငန်းရဲ့ အစိုးရတစ်ပိုင်း ကိုယ်စားလှယ်မျိုး ဖြစ်လာတော့တယ်။ ဒီလိုနဲ့ လူ့လောကထဲ ဝင်နေရင်းဒဿနအကြောင်း၊ ယဉ်ကျေးမှုအကြောင်း၊ စာပေဝေဖန်ရေးအကြောင်း ဆောင်းပါးတွေတော့ အများအပြားပဲ ရေးခဲ့တယ်။ နှစ်ဦးအပြန်အလှန်ပြောခန်း(ဆွေးနွေးခန်း)ရေးရာမှာ နာမည်ကြီးတယ်။ ဒီစာမျိုးရေးရာမှာလည်း ကဗျာထက်မညံ့ဘူး။ အဲဒီစကားပြေ အရေးအသားတွေထဲက အရေးကြီးတဲ့ စာတွေကို စုပေါင်း စာအုပ်ထုတ်တဲ့ လူက ထုတ်ခဲ့ကြရဲ့။ သူရဲ့နောက်ဆုံး အရေးကြီးတဲ့ လက်ရာတစ်ခုကတော့ ကဗျာတစ်ပိုင်းပါတဲ့ "မွန်ဖော့စ်တ်"ပါပဲ။ ၁၉၄၆ခုက ပုံနှိပ်တယ်။

သူ့စကားပြေ အရေးအသားတွေထဲမှာ အနုပညာသမားနဲ့ အတွေးသမား ပဋိပက္ခဖြစ်နေတာကို အမြဲတွေ့ကြရတယ်။ ကဗျာမှာလည်း ဒီအတိုင်းပါပဲ။ ဒါပေမယ့် မသိသာဘူး။ သူဟာ မာလာမေ လုပ်သလို အံ့ဖွယ်လျို့ဝှက်တဲ့ သရုပ်ပေါ်အောင် စကားလုံးတွေကို ပုံဖျက်တာမျိုး လုပ်လေ့မရှိဘူး။ သူ့ကဗျာဟာ သမားရိုးကျ စပ်နည်းဟပ်နည်း၊ အသံစနစ်တို့နဲ့ပဲဖြစ်တယ်။ ဂီတသံ အင်မတန် သာတယ်။ သူ့ကဗျာဟာ ကဗျာနဲ့ ဂီတပေါင်းစပ်ထားတာ ဖြစ်သလို ကဗျာနဲ့ အတွေးအခေါ်ပေါင်းထားခြင်းတစ်မျိုးလည်းဖြစ်တယ်။ အသိဉာဏ် ဆင်ခြင်မှုနဲ့ အာရုံခံစားမှုကို သိမ်သိမ်မွေ့မွေ့ရော စပ်ထားတယ်။ ဒါပေမယ့် ဘယ်သင်းက ဦးဆောင်နေသလဲ မသိသာဘူး။ တစ်ခါ ဗာလေရီဟာ အသိဉာဏ် ဆင်ခြင်မှုပါတဲ့ သဘောတွေနဲ့ ခံစားမှုတွေကို ကဗျာဖွဲ့တာ ဖြစ်ပေမယ့် သူ့ကို ကဗျာဆရာ၊ အဘိဓမ္မာဆရာ ဆိုလို့မရဘူး။ သူ့အတွေးအခေါ်က ဘယ်ဆီကိုမှ ရေရေရာရာ ပို့မ ပေးပါဘူး။ ကဗျာရဲ့ အိပ်မက်ဆန်ဆန် မျက်နှာပြင် အောက်မှာ အင်မတန် ကျွမ်းကျင်လှပစွာနဲ့ အတ္တငုပ်အောင်းနေတာ တွေ့ကြရတယ်။ ဒါပေမယ့် ဒီလို အတ္တကို ထင်မြင်ဆင်ခြင်တာဟာလည်း ရံဖန်ကဗျာကောင်း ဖြစ်လာမြဲပဲ။ ဗာလေရီရဲ့ ကြီးမားတဲ့ ကဗျာမှာ ဒါကအသေးအဖွဲ့ ချွတ်ယွင်းချက် တစ်ခုမျှသာ ဖြစ်ပါတယ်။

မောင်သာနိုး

**အိပ်နေသူ**

ဘယ်လိုလှို့ဝှက်မှုများကို ငါ့မိတ်ဆွေဟာ သူ့နှလုံးသားထဲမှာ
လောင်ကျွမ်းနေလေသလဲ။

လှပတဲ့မျက်နှာဖုံးထဲကနေ ဝိညာဉ်ဟာ ပန်းတစ်ပွင့်ကို ရှူရှိုက်နေရဲ့၊
ဘယ်လိုအချည်းနှီး အာဟာရတွေထဲကနေ သူ့အနုပညာမဲ့ ပူနွေးမှုဟာ
ဒီ အိပ်နေသူ မိန်းမတစ်ဦးရဲ့ တောက်ပမှုကို ဖန်ဆင်းလေသလဲ။

အသက်ငွေ့၊ အိပ်မက်၊ ငြိမ်ဆိတ်မှု၊ အနိုင်မခံတဲ့ ငြိမ်သက်မှုတို့ကို
မင်း အောင်နိုင်လေပေ့၊ အို မျက်ရည်ထက် အစွမ်းထက်တဲ့ ငြိမ်းချမ်းမှုငဲ့၊
လေးလံတဲ့ လှိုင်းနဲ့ အဲဒီနက်ရှိုင်းတဲ့ အိပ်ခြင်းရဲ့ ပြည့်လျှမ်းမှုက
ခုလို ရန်သူတစ်ယောက်ရဲ့ ရင်အုံပေါ် လှို့ဝှက်ကြံစည်ကြတဲ့အခါမှာလေ၊

အိပ်သူငဲ့၊ အရိပ်တွေ၊ အရှုံးပေးမှုတွေရဲ့ ရွှေရောင်အစုအပုံ၊
မင်းရဲ့ ကြောက်ဖွယ် လဲလျောင်းမှုဟာ သလို လက်ဆောင်တွေနဲ့ ဖြည့်ထားပေရဲ့၊
စပျစ်သီးခိုင်တို့ နံဘေးမှာ ညှိုးလျလျ ရှည်မျောတဲ့ သမင်မငဲ့၊
မင့်ဝိညာဉ်ဟာ အဝီစိမှာ အလုပ်ရှုပ်နေသမို့၊ အဝေးရောက်နေပေမယ့်၊
ပျော့ပျော့ပျောင်း လက်မောင်းနဲ့ ဆင်ယင်ထားတဲ့ သန့်စင်တဲ့ ဝမ်းဗိုက်နဲ့
မင့်သဏ္ဍာန်ဟာ
နိုးနေပေရဲ့၊ မင့် သဏ္ဍာန်ဟာ နိုးနေပေရဲ့၊ ငါ့ မျက်လုံးများလည်း ပွင့်နေလေရဲ့၊
['မန္တရားများ' ၁၉၂၂]

သာမန်ကာလျှံကာ ကြည့်လိုက်လျှင်တော့ ရိုးရိုးသရုပ်ဖော် ကားချပ်လေး တစ်ခုပါပဲ။ မိန်းမတစ်ယောက် အိပ်နေပုံကို ပန်းချီပန်းပု အနုပညာအမျိုးမျိုးက သရုပ်ဖော်တာတွေ ရှိခဲ့လှပါပြီ။ ဒါပေမယ့် ဒီကဗျာဟာ သရုပ်ဖော်ကားတစ်ခုမျှ မဟုတ်ဘူး။ အတွေးခေါင်ပြီး အဓိပ္ပာယ်ဖွင့်လို့လည်းမရဘူး။ ကဗျာရဲ့ အနှစ်သာရက အာရုံခံစားမှု ပြည့်လျှမ်းနေတယ်။ အချစ်ကဗျာတော့ မဟုတ်ဘူး။ ဗာလေရီက အချစ်ကဗျာ မရေးပါဘူး။ တကယ့်တကယ် မိန်းမတစ်ယောက်ကို ကြည့်ပြီးစဉ်းစား ဆင်ခြင်လိုက်တာ၊ ဝိုးတဝါး တပ်မက်လိုက်တာ၊ ပြီး အလက်ာအဆင်းတန်ဆာတွေ

မပါ၊ ကြည့်နေသူရဲ့ အိပ်မက်နဲ့ အသွင်ပြောင်းပစ်လိုက်တာပဲ ဖြစ်ပါတယ်။ အိပ်နေတဲ့ မိန်းမရဲ့ ဝိညာဉ်နဲ့ပုံသဏ္ဍာန်ကို နှိုင်းယှဉ်ပြထားတယ်။ သက်မဲ့ဝတ္ထုများ၊ လူများရဲ့ အနှစ်သာရကို အာရုံ အသွင်ပုံပန်းနဲ့နှိုင်းယှဉ်မြဲပါပဲ။ ဒါပေမယ့် ပုံသဏ္ဍာန်အသွင်ပုံပန်းကို တိမ်တယ်လို့ မယူဆအပ်ဘူး။ ဗာလေရီက 'လူရဲ့အနက်နဲဆုံး အစိတ်အပိုင်းဟာ အသားပဲ'လို့ ပြောဖူးတယ်။ အာရုံကို လာထိခတ်တဲ့ အသွင်သဏ္ဍာန်ရဲ့ မြတ်နိုးဖွယ်ကောင်းမှု မပါလျှင် အတွင်း အဇ္ဈတ္တသန့်စင်မှုဆိုတာ တန်ဖိုးမရှိတော့ပါဘူး။ ဗာလေရီရဲ့ ဆင်ခြင်တွေးခေါ်မှုမှာ ဘဝကရုန်းထွက်လိုခြင်းနဲ့ ဘဝကို ပိုက်ပွေ့ထားလိုခြင်းဟာ အမြဲနှစ်ခွသဘော ဖြစ်နေတာတွေ့ကြရတယ်။

အိပ်နေတဲ့ မိန်းမဟာ ပထမတော့ အတွင်းပိုင်းက လောင်ကျွမ်းနေပုံရတယ်။ အဲသည့် မီးလျှံကို လျှို့ဝှက်တဲ့၊ တကယ်မဟုတ်တဲ့ အာဟာရဓါတ်တွေ နဲ့ကျွေးထားတယ်။ ဒါကြောင့် သူ့မှာပူနွေးမှုနဲ့ အလင်းရောင်ရနေတယ်။ 'လှပတဲ့မျက်နှာဖုံး' ဆိုတာ နှာခေါင်းကို ပြောတာပါ။ ဒီ နှာခေါင်းပေါက်ကနေ ပန်းရနံ့ကိုများ ရှူရှိုက်နေသလားမသိဘူးတဲ့။ ဒီအသုံးလေးကတော့ ယဉ်ပါပေတယ်။ အိပ်ပျော်နေသူကို ကြည့်ပြီး ကဗျာဆရာမှာ ဖြစ်ပေါ်လာတဲ့ စွဲထင်မှုကို ကဗျာဆရာက ငြိမ်းချမ်းမှု၊ ငြိမ်သက်မှုလို့ အဓိပ္ပါယ်ဖွင့်တယ်။ ဒါပေမယ့် ငြိမ်းချမ်းမှု သန္တိရသတွင် ရောင်ပြန်ဟပ်တာတော့ ဟုတ်မထင်ဘူး။ ဒါ့ကြောင့် တကယ်လို့ ကဗျာဆရာကသာ ရုန့်ရင်းတဲ့ စိတ်ကနေ အလှအပရှုစိတ်အဖြစ်ပြောင်းလဲ မယူခဲ့လျှင်၊ ငေးကြည့်နေတဲ့ သူရဲ့ စိတ်ချမ်းသာမှုကို အန္တရာယ်ပြုလာမှာမို့ 'ရန်သူ'ဖြစ်လာပေလိမ့်မယ်တဲ့။ ဒါပေမယ့် ဘစ်ခါ အိပ်ပျော်နေသူကို ပယ်စွန့်ထားတဲ့ အလှအပအချက်လေးများ စုပုံထားရာ ရွှေရောင်နူးညံ့တဲ့ အစုအပုံတစ်ခုအဖြစ် ပြောင်းလဲ ရှုလိုက်ပြန်တယ်။ မရွေ့မရှား ငြိမ်သက်နေတဲ့ ခန္ဓာကိုယ်ကိုလည်း အာရုံခံစားမှုများ၊ မစင်ကြယ်တဲ့ ကြည်နူးစရာများကို လှမ်းယူဖို့ ကြိုးပမ်းနေလေဟန်ရေးဖွဲ့တယ်။ စပျစ်သီးတစ်ခိုင်ကို ပင်ပင်ပမ်းပမ်း လှမ်းယူဖို့ကြိုးစားနေတဲ့ သမင်လေးလို တင်စားလိုက်တယ်။ လှပတဲ့အကွက်တစ်ကွက်ပါပဲ။ ဒီအလှအပကြောင့် ကဗျာဆရာမှာလဲ သန့်စင်သွားရတယ်။ အခုသူ ဒီမိန်းမကို ပန်းချီကားထဲက ဝတ်လစ်စားလစ် သဏ္ဍာန် လိုမြင်မိတယ်။ လက်ကလေး ဝမ်းဗိုက်ပေါ်တင်လို့။ သူ့ ခန္ဓာကိုယ်ရဲ့ ပုံသဏ္ဍာန်ဟာ နိုးနေပြီး မိမိကိုမတော်မတရား ပြုကျင့်မယ့်သူကို (မအိပ်တစ်ဝက် အိပ်တစ်ဝက်နဲ့) ငေးကြည့်နေတယ်။ အိပ်ပျော်နေသူကို ငေးကြည့်နေသူဟာလဲ ကဗျာတစ်လျှောက်လုံး သူ့ကိုယ်သူ မေးခွန်းတွေမေးလာရာက အခု သူ့သရုပ်ကို နောက်ဆုံးစာကြောင်းမှာ ဖေါ်လိုက်တော့တယ်။

'ငါ့မျက်လုံးများလည်း ပွင့်နေပေရဲ့' တဲ့။ အခုမှအိပ်နေတဲ့ သင်္ချာန်မှာ ပါဝင်နေတဲ့ လျှို့ဝှက်ချက်ကို ပွင့်လာတဲ့မျက်လုံး များနဲ့ သူ သိမြင်တော့တယ်။ အဲဒါကတော့ သူဟာနဲ့သူ ပြီးပြည့်စုံနေတဲ့ သန့်စင်မှု ဂုဏ်တစ်ခုကို တင့်တယ်လှပတဲ့ အာရုံခံစားတဲ့ ခန္ဓာကိုယ်မှာ ထည့်သွင်းထားခြင်း ပါတဲ့။

❖

## ပင်လယ်နားက သင်္ချိုင်း

(ကောက်နုတ်ချက်)

ဒီကို ရောက်လာမိတော့၊ အနာဂတ်ဟာ အလဟဿပါလား။
ချွန်ထက်တဲ့ ပိုးမွှားက ခြောက်သွေ့ခြင်းကို ကုတ်ခြစ်နေတယ်။
အရာရာ လောင်ကျွမ်း၊ ပြိုပျက်၊ လေထဲမှာ
ဘာမှန်းမသိတဲ့ ပြင်ထန်းတဲ့ ဒြပ်အဖြစ် ရောက်သွားကြတယ်။
ဘဝဆိုတာ မရှိခြင်းနဲ့ ယစ်မူးနေသမို့ ကျယ်ပြောစွ၊
ခါးတူးမှုဟာ ချိုရဲ့၊ စိတ်ဟာ ပြတ်သားပေါ့။

ဖုံးကွယ်ထားတဲ့ အသေများ ဒီမြေကြီးထဲ နားနေကြတယ်၊
မြေကြီးကသူတို့ကို နွေးထွေးစေပြီး သူတို့ရဲ့ ရှုပ်ထွေးမှုကို ခြောက်သွေ့စေတယ်။
အမြင့်ဆီက မွန်းတည့်၊ လှုပ်ရှားမှုကင်းတဲ့ မွန်းတည့်ဟာ
သူ့ဟာသူ ဆင်ခြင်ကာ သူ့ဟာသူ လုံလောက်နေတယ် . . .
ပြည့်စုံတဲ့ ဦးခေါင်း၊ ပြည့်ဝတဲ့ မကိုဋ်ငဲ့၊
ငါဟာမင့်အတွင်းက လျှို့ဝှက်တဲ့ပြောင်းလဲခြင်းပါ။

မင့် ကြောက်စိတ်တွေ အံတုမယ့်လူရယ်လို့ မင်းမှာငါပဲရှိတယ်၊
ငါ့ နောင်တများ၊ ငါ့ ဒွိဟများ၊ ငါ့အချုပ်အချယ်များဟာ
မင့်ရဲ့ကြီးမားတဲ့စိန်မှာအနာအဆာပေပဲ . . .
ဒါပေမယ့် ကျောက်သားနဲ့ လေးလံနေတဲ့ ညထဲက
ဝိုးတဝါး လူများဟာ သစ်ပင် အမြစ်များမှာ

ထင်းရှူးပင်ရိပ်
တဖြည်းဖြည်းနဲ့ မင့် ဘက်ကိုပါ လာနေကြပြီ။

သူတို့ဟာ ထူထဲတဲ့ မရှိမှုအဖြစ် ပျော်ဝင်ခဲ့ကြပြီ၊
မြေနီနီက အဖြူရောင်အမျိုးကို သောက်မျိုခဲ့ပြီ၊
ဘဝလက်ဆောင်ဟာ ပန်းများဆီ ပြောင်းကူးသွားပေါ့။
ဘယ်မှာလဲ သေသူတို့ရဲ့ ထုံးစံ စကားလုံးတွေ၊
ပုဂ္ဂလိက အနုပညာ၊ တစ်ဦးချင်း ဝိညာဉ်တွေ။
မျက်ရည်တို့ ပေါ်ပေါက်ဖူးရာမှာ ပိုးလောက်တို့ တွားနေပေ့ါ။
အကျီစယ်ခံ လုံမတို့ရဲ့ စူးရှရှအော်သံများ၊

မျက်လုံးများ၊ သွားများ၊ စိုစွတ်စွတ် မျက်ခွံများ၊
မီးနဲ့ ကစားလိုတဲ့ မက်မောဖွယ် ရင်သား၊
လိုက်လျောတတ်တဲ့ နှုတ်ခမ်းများပေါ်က တောက်ပတဲ့သွေး၊
နောက်ဆုံး လက်ဆောင်များ၊ သူတို့ကို ကာကွယ်တဲ့ လက်ချောင်းများ၊
အားလုံး မြေအောက် သွားကြ၊ ပြီး ကစားပွဲဆီ ပြန်ကြရဲ့။

အသင်၊ ကြီးမားတဲ့ ဝိညာဉ်ငဲ့၊ သွေးသား မျက်လုံးများအတွက်
လှိုင်းနဲ့ ရွှေတို့က ပြုလုပ်ပေးတဲ့ လှည့်စားတဲ့အရောင်များ
ရတော့မယ် မဟုတ်တဲ့ အိပ်မက်ကို မျှော်လင့်မိသလား၊
အငွေ့မျှ ဖြစ်နေရချိန်မှာ မင်း တေးသီဦးမှာလား
ကဲလေ။ အရာတိုင်း ပျောက်ပြယ်မြဲ။ ငါ့အဖြစ်လည်း အပေါက်များနဲ့၊
သူတော်စင် စိတ်မရှည်မှုလည်း သေဆုံးရတာပဲ။

အနက်ရောင် - ရွှေရောင်နဲ့ကြံ့လို့တဲ့ သေခြင်းမဲ့တရား။
ပန်းကုံးတွေနဲ့ စက်ဆုပ်ဖွယ် ဆင်ယင်ထားတဲ့ ဖြေသိမ့်သူ၊
သေခြင်းကို မိခင်ရဲ့ ရင်အုံနှယ် ဖန်တီးသူ၊

**တယ်လှတဲ့ လိမ်လည်ချက်၊ မြင့်မြတ်တဲ့ လှည့်ကွက်။**

**အဲဒီ ဗလာဦးခွံ၊ အဲဒီထာစဉ် ရယ်သံကို**

**ဘယ်သူ မသိဘူးလဲ၊ ဘယ်သူ မပယ်ဘူးလဲ။**

'ပင်လယ်နားက သင်္ချိုင်း'ကို ၁၉၂၀က စာအုပ်ငယ်ကလေးအဖြစ် ထုတ်တယ်။ ၁၉၂၂မှာ 'မန္တရားများ'မှာ တစ်ခါ ထည့်သွင်း ဖော်ပြခဲ့တယ်။ ဗာလေရီရဲ့ အကြီးမားဆုံးကဗျာမဟုတ်ပေမယ့် အကျော်ကြားဆုံးကဗျာဖြစ်ပါတယ်။ ကဗျာ အပြည့်အစုံက ပါဒ ၆ခုစီပါတဲ့ အပိုဒ်ပေါင်း ၂၄ပိုဒ် ပါတယ်။ ခု လက်ရွေးစင်မှာ ကောက်နုတ်ချက်ပဲ ဖော်ပြနိုင်ပါတယ်။ ကောက်နုတ်ချက်ဖတ်ရပေမယ့် အရသာ တော့ မပျက်ပါဘူး။ ဗာလေရီ ကိုယ်တိုင်က သူ့ကဗျာတွေ ရေးချပြီး ဘယ်အပိုဒ်က အလျင်၊ ဘယ်အပိုဒ်က နောက် ထားရမယ်ဆိုတာ စဉ်းစားမရဖြစ်နေလို့ မဲချမယ် တောင် လုပ်ဖူးသတဲ့။'ကဗျာအစီအစဉ်ဆိုတာ စကားပြေအစီအစဉ်နဲ့ ဘယ်တူနိုင် မလဲဗျာ့'လို့လဲ သူကပြောဖူးတယ်။

ဒီကဗျာကို ဗာလေရီနဲ့ မိသားစုနေထိုင်ခဲ့ရာ၊ သေခဲ့ရာ မြေထဲပင်လယ် ကမ်းပေါ်က ဆေတ်အရပ်မှာ စဉ်းစားဆင်ခြင်ရင်း ရေးခဲ့တာ ဖြစ်ပါတယ်။ မွန်းတည့် နေ ဝင်းလက်လက် အရောင်အောက်မှာ လှိုင်းတွေဘောင်ဘင်ခတ်လို့။ ပင်လယ် မျက်နှာပြင် ဟာ လှုပ်ရှားနေတယ်။ အလားတူပဲ လူ့စိတ်ဟာလည်း ပြဿနာတွေ ဖန်တီးရ၊ ဖြေရှင်းရနဲ့ အငြိမ်မနေရဘူး။ ပင်လယ်ရဲ့ နက်ရှိုင်းမှုဟာ ကြောက်ဖွယ် လိလိ ငြိမ်ဆိတ်နေတဲ့ ကျင်းကြီးချောက်ကြီး တစ်ခုလိုပဲ။ ပြန်ထလာရ တော့မှာ မဟုတ်ဘဲ သင်္ချိုင်းထဲမှာ မြေနက်နက်ထဲ ငုပ်အောင်းနေရတဲ့ လူသေတွေရဲ့ အဖြစ်နဲ့တူပါ ဖိတယ်။ မွန်းတည့် ချိန်မှာ ပင်လယ်ရဲ့ ငြိမ်သက်နေပုံနဲ့ လူသေတွေ ငြိမ်နေရပုံဟာ ပထမတော့ ကဗျာ ဆရာကို အားကျမိသလို ဖြစ်စေတယ်။ ဒီခံစားရ ချက်ကိုခုပေးထားတဲ့ ကောက်နုတ် ချက်ရဲ့ ပထမနှစ်ပိုဒ်မှာ ဖော်ကျူးထားပါတယ်။

ကဗျာဆရာဟာ သင်္ချိုင်းနား ရောက်သွားတယ်။ သူ့ရှေ့မှာ အနာဂတ် ကာလဟာ ဘာမှအနှစ်သာရ မရှိဘဲ ဖြန့်လျက် တည်ရှိနေတာကို ထင်မြင်လာမိ တယ်။ ပြင်သစ်ပြည် တောင်ပိုင်းရဲ့ မြေနီပြင်ဟာ သွေ့ခြောက်လို့ နေတယ်။ ပရစ် လေးတွေက မြေပြင်မှာ တောင်ပံလေးတွေနဲ့ ကုတ်ခြစ်နေသံ ကြားရတယ်။ ဒီဆီမှာ တော့ သေခြင်းတရားက မင်းမူနေတာပဲ။ အရာအားလုံး လောင်ကျွမ်းပြီး မွှေးပျံ့ပြင်းထန်တဲ့ ဒြပ်တစ်ခုအဖြစ် ပြောင်းလဲနေကြတယ်။ စိတ်ဟာ လှည့်စားချက်

တွေ ခွာချနိုင်သွားတယ်။ ဘာမှမရှိတဲ့ သဘာဝ(အနတ္တတရား - ဆိုပါစို့)ကို အမြင် ရှင်းရှင်းနဲ့ ချိုမြတဲ့ ခါးတူးမှုနဲ့ မျက်မှောက်ပြုလိုက်နိုင်တော့တယ်။ 'မရှိခြင်းနဲ့ ယစ်မူး နေသမို့'ဆိုတာ 'အနတ္တတရား လွှမ်းခြုံနေသမို့'ဆိုလိုပါတယ်။

နောက်တစ်ပိုဒ်မှာ ကဗျာဆရာက လူသေတွေကို အားကျမိပုံကို ဖော်ကျူး ဘယ်။ သူတို့တစ်တွေရဲ့ နွေးနွေးထွေးထွေးနေရပုံ၊ ဘဝရဲ့ ထာဝရ ဒုက္ခသုက္ခတွေ ဘ၊ ရှုပ်ထွေးမှုတွေက လွတ်ငြိမ်းချမ်းသာရှိရပုံတို့ကို အားကျမိတယ်။ သူတို့ တစ်ဦး စီရဲ့ 'ရှုပ်ထွေးမှု'ဟာ သွေ့ခြောက်သွားရပြီ၊ ပျောက်ကွယ်သွားရပြီ။ အဲဒီနောက် ကဗျာ ဆရာရဲ့ အတွေးဟာ မွန်းတည့်ချိန်ရဲ့ ပြည့်စုံမှုဆီ ရောက်သွားတယ်။ လူ့ အသိဉာဏ်ရဲ့ ဂဏှာမငြိမ်မှုမျိုးက နှောင့်ယှက်ခြင်း မခံရတဲ့ နေဝန်းဆီကို ရောက် သွားတယ်။ နေမင်းဟာ သူ့ဟာနဲ့သူ ပြည့်စုံလုံလောက်နေတယ်။ ကျောက်မျက် ရတနာ စီခြယ် ထားတဲ့ မကိုဋ်ကို ဆောင်းထားတယ်။ ကဗျာဆရာက လူသားတစ်ဦး အနေနဲ့အမြဲ ဂဏှာမငြိမ် ဖြစ်နေရတယ်။ ဒါပေမယ့် သူအလျှော့မပေးဘူး။ ဘာမှမရှိ ခြင်းနဲ့ သန့်စင်မှုအစား ဖြစ်ရှိနေရခြင်းရဲ့ ကြေကွဲဖွယ်ဖြစ်ပေမယ့် မြင့်မြတ်တဲ့ ကြည်နူးဖွယ်ရာမှုကိုပဲ ရင်ဆိုင်မယ်၊ ပြောင်းလဲမယ်၊ ဘဝကိုပဲ ရွေးချယ်မယ်တဲ့။ ဒါဟာ 'ငါဟာမင့်အတွင်းက လျှို့ဝှက်တဲ့ ပြောင်းလဲခြင်းပါ'ရဲ့ ဆိုလိုချက်ပါပဲ။

ကမ္ဘာလောက ဝါ နတ်များ သိကြားများက လူသားကို ကြောက်စိတ်တွေ သည့်ပေးထားတယ်။ ဒါကို လူသားက ရဲရဲဝံ့ဝံ့ အံတုတယ်။ လောကကို အမြဲတစေ မေးခွန်းတွေ ထုတ်၊ သံသယ ဝင်နေတဲ့အတွက် လူသားဟာဖြင့် ကမ္ဘာလောကရဲ့ ချွတ်ယွင်းချက် အနာအဆာဖြစ်နေတယ်။ ဒီအနာအဆာသာ မရှိလျှင် ကမ္ဘာလောက ကြီးဟာ အပြစ်ဆိုစရာ မရှိတဲ့ စင်းလုံးချော စိန်တုံးကြီး တစ်တုံးဖြစ်နေမှာပဲ။ လောက အကြောင်း တွေးတာဆင်ခြင်ရင်းနဲ့ပဲလူဟာ ကမ္ဘာကို အောင်နိုင် လာခဲ့တယ်။ လူသေ များမှာတော့ မဖြစ်ခြင်း(အဘာဝ)တရားနဲ့ ပူးပေါင်းနေကြပြီ။ သင်္ချိုင်းဂူရဲ့ ကျောက် သားဟာ သူတို့အပေါ်မှာ လေးလေးလံလံ ဖိစီးထားကြတယ်။ သူတို့ဟာ မလှုပ်နိုင် ဘဲ တစ္ဆေပြိတ္တာများပမာ မည်းမှောင်တဲ့ လယ်ကွင်းမှာ လှည့်လည်နေကြရဲ့။ သူတို့ ရဲ့ မြေမှုန်များက သစ်ပင်တို့ရဲ့ အမြစ်များကို အစာကျွေးနေကြရလို့ ပါပဲ။

အသက်ရှင်စဉ်က စိုပြည်လှပခဲ့တဲ့ လူသားရဲ့ အသားဟာ အရည်ပျော်ခဲ့ ပြီ၊ သူတို့ရဲ့ မရှိမှုဟာ ထူထဲသိပ်သည်းတဲ့၊ ထွင်းဖောက်လို့ မရတဲ့ အနတ္တသဘော၊ ဘာမှမရှိတဲ့ သဘောတစ်ခု ဖြစ်နေပြီ။ အဖြူရောင်အသားကို မြေနီနီက ဝါးမျိုခဲ့ပြီ။

ဘဝက ပေးအပ်လိုက်တဲ့ အသွေးအသားတို့ဟာ မြေသြဇာဖြစ်လို့မို့ သစ်ပင်ပန်းပင်များ အတွက်သာ ဖြစ်ခဲ့ရပြီ။ ပြီး ကဗျာဆရာက သေသူတို့ရဲ့ ငြိမ်နေပြီဖြစ်တဲ့ အသံများ၊ ဟန်များ၊ အမူအရာများကို တွေးကြည့်မိတယ်။ ဒါတွေကို လူ့ 'ဝိညာဉ်'ရဲ့ ဖော်ကျူး ချက်လို့ ခေါ်ကြသပေါ့။ တစ်ဦးစီရဲ့ မြတ်နိုးယုယ စကားဆိုပုံတွေ ဝမ်းသာလွန်းလို့ လည်ရတဲ့ မျက်ရည်၊ ဝမ်းနည်းလို့ ကျရတဲ့မျက်ရည်တွေ ယိုစီးရာ မျက်လုံးတွေ။ ခုတော့ ဒီမျက်လုံးတွေမှာ ပိုးလောက်တို့ပဲ တွားနေကြပေါ့။ အမျိုးသားများက ကလူ ကျီစယ်လိုက်တဲ့အခါ ကြောက်စိတ်၊ ရမ္မက်စိတ်ရော ပြွမ်းနေတဲ့ လုံမတို့ရဲ့အော်သံ၊ အနမ်းခံချင်လွန်းလို့ စိုစွတ်စွတ်ဖြစ်နေ တဲ့ သူတို့ရဲ့ မျက်ခွံတွေ၊ ကခုန်ရာ လမ်းသလား ရာမှ အန္တရာယ်ကို ဖိတ်ခေါ်သလို လုပ်လီလုပ်လဲ့ဖြစ်နေတဲ့ ရင်သားတွေ။ နောက်ဆုံး ချစ်သူက 'တို့တော့မယ်တဲ့ ဆိတ်တော့မယ်'လုပ်တဲ့ အခါကျတော့ ကာကွယ်လိုဟန် ဟန်ဆောင်တဲ့ လုံမတို့ရဲ့ တုန်တုန်ယင်ယင် လက်ချောင်းများ။ ဒါတွေအားလုံး ခုတော့ မြေကြီးအောက်ရောက်ကုန်ကြပြီ။ ချစ်သူတို့ရဲ့ ကစားကျီစယ်မှုဆိုတာ တကယ်က တော့ သဘာဝတရားရဲ့ ထာဝရ ကစားပွဲမှာ တဒင်္ဂကစားပွဲလေးပါပဲ။ ဒါကြောင့် 'ကစားပွဲဆီ ပြန်ကြရဲ့'လို့ ရေးထားတယ်။

နောက်ဆုံး နှစ်ပိုဒ်ရဲ့ အဓိပ္ပာယ်ကတော့ ရှင်းပါတယ်။ သေသွားတဲ့အခါ ပျက်စီးသွားရတဲ့ ဘဝရဲ့ သုခတွေကို နှမြောတသမိရင်း စာဆိုက သေသူတွေ၊ သစ်ပင်စာ ပိုးစာဖြစ်၊ မြေကြီးဖြစ်နေသူတို့ရဲ့ ရှုထောင့်ကနေ ပြောပြပါတယ်။ ခန္ဓာကိုယ်ပျက်သော်လည်း မပျက်ဘူးလို့ ထင်နေတဲ့ ဝိညာဉ်ကို သူကခေါ်လိုက်တယ်။ 'ဟယ် ဘဝင်မြင့်နေတဲ့ ဝိညာဉ်'တဲ့။ အာရုံခံစားမှု ရုပ်လောက၊ လှည့်စားတတ်ဟန် ထင်ရတဲ့ ရုပ်အသွင်သဏ္ဍာန်များကို ရှုတ်ချကြတဲ့ ရသေ့ရဟန်းတွေကို သူက သရော်လိုက်တယ်။ ဒါဖြင့် အရိပ်တွေကြားမှာ တေးသီလို့ကော၊ ဖန်ဆင်းခြင်း နားလည်ခြင်း ပီတိတွေကွယ်ပချိန် သွေးသားတို့ ချုပ်ငြိမ်းချိန်မှာ တေးသီလို့ကော ဖြစ်ပါ့မလားတဲ့။ သူဟာ အခုအပေါက်အပေါက်တွေပြည့်နေတဲ့ သွေးသား ခန္ဓာကိုယ်နဲ့ ရပ်တည်နေတယ်။ ဝိညာဉ်ခေါ်တဲ့ စိတ်တရား၊ သေခြင်းမဲ့မှုကို မိုက်မိုက်မဲမဲ မျှော်ခေါ်တဲ့ဆန္ဒတို့လည်း ဒီအပေါက်တွေက ယိုစိမ့်ထွက်ပြီး ဘာမှ မဟုတ်တဲ့အဖြစ်ကို ရောက်ကြရမှာပါပဲတဲ့။ 'သူတော်စင် စိတ်မရှည်မှု'ဆိုတာ သေလွန်ပြီးတဲ့နောက် နတ်ဘုံနတ် နန်းမှာ၊ ကောင်းကင်ဘုံမှာ ချမ်းသာသုခ ခံစံရမှာကို မအောင့်နိုင် မအည်းနိုင်ဖြစ်နေ ရတဲ့ သူတော်ကောင်းတို့ရဲ့ ဆန္ဒဇောကို ပြောတာပါ။

နောက်ဆုံးအပိုဒ်မှာ လူတော်တော်များများ ယုံကြတဲ့(ဝဒ်စ်ဝသ်တမ်းချင်း ရှု)မသေခြင်းတရားဆိုတာကို ပြောင်အကျဆုံး သရော်လိုက်တာပါပဲ။ ဟာလေရီက ဒီကဗျာရေးချိန်(၁၉၁၉)မှာပဲ စကားပြေ ဆောင်းပါးတစ်ပုဒ်နဲ့ ကက်သလစ်တွေရဲ့ ပြန်လည်ရှင်သန်ခြင်းတရားကို လှောင်ပြောင်ဖူးတယ်။ သူက သွေးသားမပါဘဲ ဝိညာဉ် ကပြန်လည်ရှင်သန်မယ်ဆိုတာ အကျိုးသင့်အကြောင်းသင့် မရှိ၊ ယုတ္တိမတန်ဘူးလို့ ဆိုတယ်။ ခုကဗျာပိုဒ်မှာလည်း ဒီအချက်ကိုပဲ ဖွဲ့သီတင်ပြထားတာပဲဖြစ်ပါတယ်။ သေခြင်းမဲ့ တရားဆိုတာကို ရေရေရာရာ မသိကြဘူး ပြောကြသမို့ 'အနက်ရောင်'၊ အမွှမ်းတင်ကြသမို့ 'ရွှေရောင်'လို့ခေါ်ထားတယ်။ အထောက်အထားမခိုင်သမို့ 'ကြုံလို့'တယ်လို့ ဆိုတယ်။ ဒီတရားကို ကမ္ဘဋ္ဌာန်း ရှုပြီး ဖြေသိမ့်မှုရှာသူက ရှာကြရဲ့။ 'ပန်းကုံးတွေ'နဲ့များတောင် ဆင်ယင်လိုက်သေး။ ထို့၊ စက်ဆုပ်စရာပါပဲတဲ့။ ဒီတရား ကြောင့် လူတွေဟာ သေရမှာကို မကြောက်ဘဲ သေရတာကိုပဲ ပျော်မွေ့စရာလိုလို၊ မိခင်ရဲ့ရင်အုံလိုလို ထင်မှတ်ကုန်ကြတယ်။ တကယ်ကတော့ ဒါ ဘာသာရေး မုသာဝါဒ၊ ဘာသာရေး ဆရာတွေရဲ့ လှည့်ကွက်ပါပဲ။ ဦးခွံထဲမှာ ဦးနှောက်မပါဘဲ တစ္ဆေလို သတ္တဝါတွေ၊ ထာဝစဉ် စပ်ဖြဲဖြဲလုပ်နေရမှာတွေ။ (ဦးခေါင်းခွံဟာ ရယ်နေ ဟန် ချည့်ပဲ)အရိုးချည့်ရှိနေရမှာတွေကို ဘယ်သူလက်ခံနိုင်မှာလဲလို့ ကဗျာဆရာက မေးလိုက်ပါတယ်။ ခရစ်ယာန်တို့ အယူအရ သေသူတွေဟာ တစ်နေ့ သေရာက ပြန်လည်ရှင်သန်ကြလျှင် ဒီလို အရိုးချည့် ဖြစ်နေရမှာပဲလို့ လှောင်ပြောင် လိုက်တာ ဖြစ်ပါတယ်။

ဟာလေရီဟာ ဘာသာရေးအားလုံးက သွန်သင်ဟောပြောကြတဲ့ သေခြင်းမဲ့ တရားဆိုတာကို ပယ်သူဖြစ်ပါတယ်။ ဒီလိုဆိုလိုက်တဲ့အတွက် သူ့ကိုအပျက်အမြင် ရှိတဲ့ လူလို့မထင်မှတ်လိုက်ပါနဲ့။ သူက လူ့ဘဝရဲ့လှုပ်ရှားမှု၊ သာမန်လူတို့ရဲ့ အနိုင် မခံစိတ်ဓါတ်ကို ယုံတယ်၊ အာရုံခံစားမှု ကမ္ဘာလောကကြီးထဲမှာပဲ လှုပ်လှုပ်ရှားရှား နေထိုင်သွားဖို့ကို တင်ပြတယ်။ 'ပင်လယ်နားက သင်္ချိုင်း'နောက်ဆုံးအပိုဒ်မှာ -

"လေ ကြွလာနေပီ . . . ငါတို့ အသက်ရှင်နေထိုင်ဖို့ ကြိုးပမ်းကြရမယ်။
ကြီးမားတဲ့ လေက ငါ့စာအုပ်ကို ဖွင့်လိုက် ပိတ်လိုက်နဲ့။
အမှုန့်ဖြစ်သွားတဲ့ လှိုင်းတို့က ကျောက်ဆောင်များကနေ
ခုန်ပျံထဖို့ ဝံ့စားနေကြတယ်။
ပျံပေတော့၊ မျက်စိကျိန်းသွားတဲ့ စာရွက်တို့ရေ။

ပြိုကွဲကြ၊ လှိုင်းတို့။ ပျော်မြူးဖွယ် ရေပြင်တို့နဲ့အတူ
ချိုးငှက်တို့ပမာရွက်များ ဆိတ်ဆွနေတဲ့
ဒီငြိမ်သက်တဲ့ ခေါင်မိုးကို ဖြိုခွဲလိုက်ကြ"

လို့ရေးဖွဲ့ထားတယ်။

❖

## ခြေလှမ်းများ

ငါ့ ငြိမ်ဆိတ်ခြင်းရဲ့ သားငယ်များ၊ မင့် ခြေလှမ်းများဟာ
မွန်မြတ်စွာ၊ ဖြည်းညင်းစွာ လှမ်းလို့မို့၊
ငါရဲ့သတိ ဝီရိယ အိပ်ရာဆီ
အသံမဲ့စွာ၊ အေးစိမ့်စွာ လာနေကြရဲ့။

သန့်စင်သူငဲ့၊ နတ်ဒေဝါ အရိပ်ငဲ့၊
မင့်ခြေလှမ်းများ ရုတ်လိုက်ပုံက လှပါဖိ။
နတ်မင်းတို့ . . . ငါ မှန်းဆခဲ့တဲ့ လက်ဆောင်များ
ဒီဗလာခြေတွေနဲ့ ငါ့ဆီ လာနေပါပေါ့။

ပေးနှင်းလာတဲ့ မင့် နှုတ်ခမ်းများနဲ့
ငါ့အတွေးများထဲမှာ နေထိုင်သူကို
ငြိမ်ကျသွားစေဖို့၊ အနမ်းတစ်ခုရဲ့
အာဟာရဓာတ်ကို မင်း ပြင်ဆင်ခဲ့ရင်
အဲဒီနူးညံ့တဲ့ အမှုကို မသော့ပါလေနဲ့
ဖြစ်ဖို့နဲ့ မဖြစ်ဖို့ ချိုမြိန်ခြင်းကိုလေ၊
မင့်ကို စောင့်ဖို့ပဲ ငါ အသက်ရှင်နေခဲ့ပါတယ်၊
ငါ့နှလုံးသားဟာ မင့် ခြေလှမ်းများပါပဲ။

ဖြုန်းခနဲ ကြည့်လိုက်လျှင်တော့ ချစ်သူ လှမ်းကြွလာတာကို ရေးဖွဲ့တဲ့

ကဗျာတစ်ပုဒ်လိုပဲ။ မဟုတ်ပါဘူး။ 'ကဗျာဉာဏ် ဈာန်ကသိုဏ်း'ထဲကို ကဗျာအတွေး အခေါ်လေး ဝင်ရောက်လာပုံကို ဖွဲ့ထားခြင်းပါ။ နှိုင်းတာကတော့ ချစ်သူမိန်းကလေးနဲ့ နှိုင်းထားပါတယ်။ ဒါကြောင့် 'အနမ်းတွေ'၊ နှုတ်ခမ်းတွေ၊ ပါနေတယ်။

အချိန်က ညအချိန် ကဗျာဆရာတစ်ယောက်ထဲ သူ့အိပ်ခန်းထဲမှာ ရှိနေတယ်။ ငြိမ်ဆိတ်လို့၊ ဒီလိုငြိမ်ဆိတ်နေချိန်မျိုးဟာ ကဗျာအတွေးအခေါ် ဝင်စားလာမြဲ အချိန်ပေါ့။ ဒါကြောင့် 'ငြိမ်ဆိတ်ခြင်းရဲ့ သားငယ်များ' လို့ခေါ်ထားတယ်။ လာနေပါပြီ။ ကဗျာ လာနေပါပြီ။ ခြေသံလေးတွေ ကြားရပါပြီ။ ဒီခြေသံလေးတွေဟာ ကဗျာဆရာရဲ့ အိပ်ရာဆီကို ဖြည်းဖြည်း ညင်းညင်းလေးလှမ်းလာနေကြတယ်။ ဒါပေမယ့် ရုပ်ပစ္စည်း မဟုတ်လေတော့ အသံမထွက်ဘူး။ အသံ မထွက်တာကိုမှ ရုပ်ဝတ္ထုနဲ့ တင်စားလို့ရအောင် အေးစိမ့်လို့ လို့ဆိုတယ်။ အေးစက် နေတဲ့ခြေများဟာ အသံမမြည်ပေဘူးပေါ့။ ကဗျာဆရာက အိပ်ပျော်နေတာမဟုတ်ဘူး။ တွေးနေတာ၊ ကာရန်ရှာနေတာ၊ နိုးနေတာဖြစ်တယ်။ သတိဝိရိယနဲ့ နားစွင့်နေသလိုပဲ။ ဒါကြောင့် 'သတိဝီရိယ အိပ်ရာဆီ'လို့ လူနဲ့ နေရာကို ဖလှယ်ပြီးရေးတယ်။

နောက်တစ်ပိုဒ်မှာ လှမ်းလာနေသူလေးကို အာလုပ်စကားနဲ့ ခေါ်လိုက်တယ်။ 'သန့်စင်သူ'တဲ့။ 'နတ်ဒေဝါ အရိပ်'တဲ့။ ခြေကလေးကို လှမ်းလိုက်ပုံတင်မကဘူး၊ လှမ်းပြီး ခြေကလေးကို ရုပ်လိုက်ပုံက အင်မတန်လှပါဖိတယ် တဲ့။ ပြီး နတ်မင်းတို့ကို တိုင်တည်လိုက်တယ်၊ နတ်ယုံလို့တော့ မဟုတ်ဘူး။ တစ်ယောက်တည်း မှောင်ထဲနေရချိန် ပြောစရာ လူမရှိလေတော့ အများထုံးစံအတိုင်း နတ်ဒေဝါတို့ကို တိုင်တည်လိုက်ခြင်းပါပဲ။ သူ မျှော်ခေါ်တောင့်တခဲ့တဲ့ ဆုလာဘ်ဟာ အခုပြည့်စုံပါပြီ။ အခု ဖိနပ်မပါ ဗလာခြေထောက်လေးတွေနဲ့ လာနေတဲ့ 'ကဗျာအတွေးများ' ပါပဲတဲ့။ သူ ရှာဖွေနေခဲ့တဲ့ ကဗျာအတွေး ရပြီပေါ့။

ဒါပေမယ့် တစ်ခါ စဉ်းစားကြည့်ပြန်တယ်။ လိုချင်တောင့်တတဲ့ အရာတစ်ခုကို လုံးဝပိုင်ပိုင်နိုင်နိုင် ပိုက်ပွေ့လိုက်ရတာထက် ရလုရခင် မျှော်လင့်စောင့်စားနေရတာလေးက ပိုအရသာ ရှိသလိုပဲ။ ဒါကြောင့် ချစ်တဲ့သူရယ်၊ ပေးလာတဲ့အနမ်းလေးကို နေပါဦး။ မပေးလာပါနဲ့ဦး။ စောင့်စားနေပါရစေဦးတဲ့။ ဒါနောက်ဆုံးနှစ်ပိုဒ်ရဲ့ ဆိုလိုရင်း အကျဉ်းပါပဲ။ 'အတွေးများထဲမှာ နေထိုင်သူ'ဆိုတာ ဆန္ဒစိတ်ပေါ့။ ဒီဆန္ဒစိတ် ငြိမ်ကျသွားအောင်၊ ပြေပျောက်သွားအောင် အနမ်းလေးနဲ့ ဖြေသိမ့်မယ်။ အနမ်းဆိုတဲ့ အာဟာရဓါတ် ကျွေးမွေးမယ်လို့ ချစ်သူက နှုတ်ခမ်းလေးတွေကို ပြင်ဘယ်။ နေပါဦး အလျင်မလိုပါနဲ့ဦးတဲ့၊ တားလိုက်တယ်။ ဖြစ်မှာလား၊ မဖြစ်ဘူးလား၊

ရမှာလား၊ မရဘူးလား၊ စောင့်စားရင်ဖို့ရတာဟာ အင်မတန်ချို့မြိန် အရသာရှိတယ်။ ဒီလိုချို့မြိန်တဲ့အမှု၊ နူးညံ့သိမ်မွေ့တဲ့အမှုကို အသော့မနှင်လိုက်ပါနဲ့ မြန်မြန်ကုန်လွန်အောင် မလုပ်လိုက်ပါနဲ့။ မင့်ကို စောင့်ရတာလေးကို ကြည်နူးရင်းပဲ ငါ အသက်ရှင်နေထိုင်ခဲ့ပါတယ်။ ငါ့ နှလုံးသားဟာ မင်းခြေလှမ်းလာတာလေးတွေကို စောင့်စားရင်းပဲ ခုန်လို့နေတယ်။ မင့် ခြေလှမ်းပဲ ငါ့အသက် ဖြစ်ပါတော့တယ်တဲ့။

## အပေါ်လီနယ်

ဂည်လောယ် အပေါ်လီနယ်(၁၈၈၀-၁၉၁၈)ကို အီတလီပြည် ရောမမြို့မှာ မွေးခဲ့ပါတယ်။ အမေက ပိုလန်သူ၊ မှူးမတ်မျိုးရိုး၊ အဖေက အိမ်ထောက်ရေးထက် စွန့်စားခန်းကို ပိုဦးစားပေးတဲ့ အီတာလျံ အမျိုးသား။ အပေါ်လီနယ်ရဲ့ နာမည်ရင်းက ကော့စရော့ဝစ်စကီပါတဲ့။ ပြင်သစ်သွေး တစ်စက်မှ မပါဘဲနဲ့ သူဟာဖြင့် ပြင်သစ်အပီသဆုံး ကဗျာဆရာတစ်ဦးဖြစ်လာခဲ့ရပါတယ်။ သူ ငါးနှစ်သားအရွယ်မှာ မအေလုပ်သူက မွန်တီကာလို ခေါ်သွားပြီး အဲဒီက ကက်သလစ်ကျောင်းတစ်ကျောင်းမှာ ပညာသင်စေတယ်။ ၁၉နှစ်သားအရွယ်မှာ ပညာသင်ဖို့ပဲ ပြင်သစ်ကို သွားတယ်။ မသွားခင်ကပဲ သူဟာ သင်္ကေတကဗျာကို ကောင်းကောင်းကြီး ကျွမ်းကျင်နေပါပြီ။ မည်ဆော၊ လာဖော့ဂ်၊ နယ်ဗလ်တို့ရဲ့ ကဗျာတွေကို ကြိုက်တယ်။ မကြာမကြာ အလွတ် ရွက်ပြလေ့ရှိတယ်။ ရောက်လာတော့လည်း တစ်ခါတည်း ပြင်သစ်မှာပဲ နေလိုက်ပါတော့တယ်။ ပါရီမှာ မြို့စားကတော်တစ်ဦးက သူ့သမီးလေးကို ‘ကျူရှင်ပေး’တဲ့ ဆရာခန့်တယ်။ သူတို့တစ်တွေနဲ့ပဲ ၁၉၀၁မှာ ဂျာမနီကို လိုက်သွားတော့ သူ့တို့အမျိုးအိမ် တစ်အိမ်မှာ ကလေးတွေစာပြနေတဲ့ အင်္ဂလိပ်မကလေး အင်နီပလေဒင်ဆိုသူကိုတွေ့တယ်။ အပေါ်လီနယ် အသေအလဲ ပိုးတာပဲ။ မစွံဘူး။ ဒါနဲ့ အသည်းကွဲကဗျာတွေ တွန်းရေးချတော့တယ်။

ပါရီကို ပြန်ရောက်တော့ သတင်းစာဆရာ၊ ဝေဖန်ရေးဆရာလုပ်ပြီး စာရေးခြင်းနဲ့ အသက်မွေးတော့တယ်။ တစ်ခါတလေလည်း ငွေရအောင် လိင်စာပေတွေရေး ပါသတဲ့။ စာပေဝေဖန်ရေး စာစောင်တွေလည်း ကူညီတည်ထောင်ပေးခဲ့သေးတယ်။ စာပေအနုပညာ အသိုင်းအဝိုင်းမှာ လှုပ်ရှားကျက်စားနေရင်း မက်စ်ရှာကော့၊ အန္ဒရေဆာဇန်၊ ပဗလိုပီကာဆို၊ အဲလဖဲရဒ်ရှာရီ စသူတို့နဲ့ ခင်မင်ရင်းနှီးလာခဲ့ပါတယ်။ ၁၉၀၅-၁၉၀၆မှာ အပေါ်လီနယ်ရယ်၊ ပီကာဆိုရယ်၊ မက်စ်ရှာကော့ရယ်၊ အန္ဒရေဆာဇန်ရယ် မွန်မာတရေက 'လေ့ဟော်တယ်'တစ်ခုပေါ် ဆုံမိကြရာက ခုခေတ်ပန်းချီ(မော်ဒန်အာ့တ်)ဆိုတာ ပေါ်ထွက်လာခဲ့တာပါပဲ။ အပေါ်လီနယ်ဟာ ပန်းချီဆရာတွေကို ပန်းချီအကြောင်း ဝေဖန်ပြတဲ့ ပန်းချီဝေဖန်ရေး ဆရာတစ်ယောက်ဖြစ်ရုံမကဘူး(၁၉၁၃ခုနှစ်က 'ကုဗပန်းချီ'စာအုပ် ထဲမှာ သူက ပန်းချီမော်ဒန်မှု ကြေညာစာတမ်းကို ရေးဆွဲခဲ့တယ်) နယ်ဗာလ်တို့ ဘို့ဒလယ်တို့ကိုလည်း ခု သူတို့ ရနေတဲ့ နေရာကို ရအောင် ရဲရဲဝံ့ဝံ့ 'တင်' ပေးခဲ့တဲ့ အမြော်အမြင်ရှိတဲ့ စာပေဝေဖန်ရေး ဆရာတစ်ဦးလည်းဖြစ်တယ်။ နေပုံထိုင်ပုံကတော့ တကယ့်လူပေ လူတေပဲ။ ဖြစ်သလိုနေ ဖြစ်သလိုစား၊ စည်းကမ်းမကြိုက်၊ လွတ်လွတ် လပ်လပ်နေတာပဲ။ နောင်လာနောက်သားများ ဝမ်းသာစရာ သူ့အချစ်ရေးတွေကလဲ တစ်ခုမှ မအောင်မြင်ဘူး။ စောစောက တင်ပြခဲ့တဲ့ အင်္ဂလိပ်ဆရာမလေး အပြင် အကြာကြီး ချစ်သူဖြစ်ခဲ့ရသူတွေလည်း ရှိသေးတယ်။ နောက်ဆုံးသူပဲအသည်း ကွဲ၊ ကဗျာလှလှလေးတွေ ထွက်လာ။ ဒီလိုနဲ့ ပြီးခဲ့ရတာပဲ။ ၁၉၁၁မှာ ကမ္ဘာကျော် 'မိုနာလီဆာ'ပန်းချီကား ခိုးမှုထဲပါတယ်ဆိုပြီး အစွပ်စွဲခံရ၊ ထောင်ထဲ တစ်ပတ်လောက် သွားနေခဲ့သေးတယ်။

၁၉၁၄ မှာ ပထမကမ္ဘာစစ်ကြီး ဖြစ်လာတော့ သူကပြင်သစ်တပ်မတော်ထဲ သူ့ဆန္ဒအရ ဝင်ရောက်အမှုထမ်းတယ်။ သူ့ကဗျာတွေ နာမည်ကျော်သလို စစ်အတွင်း သူ့စွန့်စားလုပ်ဆောင်ချက်ကလေးများကလည်း နာမည်ကြီးပါပဲ။ ၁၉၁၆မှာ သူဆောင်းထားတဲ့ သံခမောက်ကို အမြောက်ဆန် လာမှန်တယ်။ သူ့ဦးခွံကို ခွဲစိတ်ကုသယူရတယ်။ အဲဒီအချိန်မှာပဲ သူ့ရဲ့စိတ်ကူးယဉ်ဆန်ဆန် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်တဲ့ 'ကဗျာဆရာ အသတ်ခံရခြင်း'ကလည်း ထွက်လာပါတယ်။ ဦးခေါင်းမှာ ဒဏ်ရာရလိုက်တဲ့အတွက် သူ့ကျန်းမာရေးဟာ အများကြီးထိခိုက်သွားပါတယ်။ စစ်ကြီး နောက်ဆုံးပိုင်းနှစ်မှာ အပေါ်လီနယ်က ရှကလင်ကော်လ်ဆိုတဲ့ ကလေးမလေးနဲ့ တွေ့ဆုံပြီး ချစ်ကြိုက်ကြတယ်။ ကဗျာဆရာကြီးက မိန်းကလေး

**ထင်းရှူးပင်ရိပ်**

ရဲ့ ရွှေဝါရောင် မီးလျှံလိုဖြစ်နေတဲ့ ဆံပင်ကို မြတ်နိုးမိခြင်းပါပဲတဲ့။ ၁၉၁၈ မေလ ၂ရက်နေ့မှာ အပေါ်လီနယ်နှင့် ရှုကလင်တို့ လက်ထပ်လိုက်ကြတယ်။ ပီကာဆိုရယ်၊ အနုပညာကုန်သည် ဗောလားရယ်က သက်သေအဖြစ် လက်မှတ်ထိုးကြတယ်။ ဒါပေမယ့် သူ့ခမျာ အိမ်ထောင်ရေးသုခကို ကြာကြာမခံစားလိုက်ရရှာဘူး။ ခြောက်လ အကြာ နိုဝင်ဘာလ ၉ ရက်နေ့မှာ စပိန်တုပ်ကွေးမိပြီး အပေါ်လီနယ် သေဆုံးခဲ့ရပါတော့တယ်။

အပေါ်လီနယ်က ပညာပိုင်း အစဉ်အလာတို့က လွတ်လပ်ဖို့ ကြိုးစားတယ်။ ရှေ့မတိုးဘဲ အဟောင်းမှာပဲ တဝဲလည်လည်ဖြစ်ကာ အစွမ်းအစတုံး နေတာတို့၊ စကားလုံးတွေ ထပ်ခါထပ်ခါဖြစ်ပြီး ဖောင်းပွနေတာတို့ကို အမြဲဆန့်ကျင် တယ်။ အနုပညာမှာ ခွန်အားရှိဖို့ကို အမြဲတိုက်တွန်းတယ်။ ပြင်သစ်မှာ ဖရွိုက်ဆို တာ မကြားဖူးကြခင်ကပဲ သူက လူ့ဆက်ဆံရေး ဟူသမျှမှာ လိင်အရေးပါပုံကို ထောက်ပြခဲ့သူလည်းဖြစ်တယ်။ ရုပ်နဲ့တကွ အသိပညာတိုးတက်ရေးကို အာသာငန်းငန်း မွတ်သိပ်တောင့်တသူလည်း ဖြစ်တယ်။ စာ အင်မတန်ဖတ်တယ်။ အစဉ်အလာနည်းနဲ့ ရေးခဲ့တဲ့ စာမှာတောင် သူက အားသစ် အင်သစ်နဲ့ အသက်ဝင် လှုပ်ရှားလာအောင် ကြိုးပမ်းတယ်။ နောက်ပိုင်းစာများမှာတော့ အနာဂတ်ကို မျှော်ငေးကြည့်ပြီး အနာဂတ် ကဗျာဆရာတွေ အောင်နိုင်ကြဖို့ရာ လူသူမပေါက် ရောက်သေးတဲ့ နယ်မြေ တွေကို လက်ညှိုးညွှန်ပြခဲ့တယ်။ တကယ်က အပေါ်လီနယ် ဟာ 'မော်ဒန်မှု'နဲ့ ပြင်သစ် အစဉ်အလာကို ရောမွှေပေးခဲ့သူပါပဲ။ သင်္ကေတဝါဒီ တွေက ဖြူရော်ရော် ပိန်ချိချိ သတ္တဝါတွေ အကြောင်းတွေကိုသာ ဖွဲ့နေခဲ့ကြရာမှာ သူက တကယ်သက်ရှိ မိန်းမ အကြောင်းကို ဖွဲ့လာတယ်။ ဗယ်ရလဲန်းပြီးတဲ့နောက် ကဗျာမှာ တေးစစ်စစ်ရဲ့ တန်ဖိုးကိုသိမြင် အသုံးချသူကလဲ သူပါပဲ။ သင်္ကေတဝါဒီတွေသုံးခဲ့တဲ့ ကဗျာဟန်မျိုးကိုလည်း သူကသုံးတယ်။ ဖောင်းပွတဲ့ ရှေးလင်္ကာ ကျမ်းက အဆင်တန်ဆာတွေကိုပဲ သူ ပယ်တယ်။ သူက သူဟာ အစဉ်အလာကို မဖျက်ဆီးပါဘူး၊ ရှေးရိုးကို လေးစားစွာနဲ့ ထိန်းသိမ်းပြီး အသစ်တည်ဆောက်ဖို့ ကြိုးစားတာပါ။ 'ရှေးရိုးကို ကျုပ်အရင်လူ တွေက ဖျက်ဆီးပြီးပါပြီ'လို့ ပြောဖူးတယ်။ အသစ်ရှာလိုက်ပုံကတော့ ကမ်းကုန်တယ် ဆိုရမလား မပြောတတ်ဘူး။ သူ့ကဗျာမှာ ပုဒ်ထီးပုဒ်မလုံးဝ ဖြုတ်ပစ်တယ်။ 'ရစ်သံ ရယ် ပါဒခွဲတာရယ်ဆို တော်ရောပေါ့ဗျာ'လို့ သူကပြောတယ်။ ကဗျာ ပုံပန်းကို ပလ္လင်ပုံ ဘာပုံလုပ်ကြတာ တွေ့ဖူးမှာပေါ့။ အဲဒါမျိုးအပေါ်လီနယ်က စခဲ့သလား မသိဘူး။ သူက မိုးအကြောင်း ကဗျာဆိုလျှင်

မိုးရွာချသလို အက္ခရာတွေကို ထောင်လိုက်စီတာတို့၊ မှန်အကြောင်းဆိုလျှင် မှန်ပုံလေးတို့ အများကြီး လုပ်ခဲ့သပေါ့။ စာဖတ် သူမျက်စိနောက်မှာစိုးလို့ ကျွန်တော်တို့ လက်ရွေးစင်မှာ မထည့်လိုက်တော့ပါဘူး။ ဒါပေမယ့် ဝါကျဖွဲ့ထုံးကို ထိန်းသိမ်းတယ်။ စကားလုံးအဓိပ္ပာယ်ကို မပြောင်းပစ်ဘူး။ ဖန်ဆင်းသူတစ်ယောက် အနေတော့ဖြင့်လျှင် အပေါ်လီနယ်ဟာ ရဲန်ဘိုးနဲ့ ကလော်ဒယ် လောက်စိတ်ကူးအား မကောင်းဘူး။ ကဗျာကို မှေးမှိန်သွားစေမယ့် အရာများကနေ အနှစ်သာရကို ဆွဲထုတ်ရာမှာ မာလာမေနဲ့ ဗာလေရီတို့လို ထက်သန်ခြင်းမရှိဘူးလို့ ဝေဖန်ကြတယ်။ သူ့ကဗျာရှည်ကြီးတွေဟာ လှုပ်ရှားပုံနှေးကွေး တယ်၊ ဝေ့လည်လည် ဖြစ်နေတယ်။ ကြီးမားတဲ့ ကဗျာရဲ့ စကားမျိုးချို့ငဲ့နေတယ်လို့ လည်းဆိုကြတယ်။ ကဗျာဆရာဆိုတာ ထာဝစဉ်တီထွင်သူ ဖြစ်နေရမယ်လို့ ဖွင့်ဆို ညွှန်ပြခဲ့ရာမှာဖြင့် သူဟာ ပါရမီရှိတဲ့ ရှေ့ဆောင်လမ်းပြတစ်ဦးပါပဲ။

## ပွဲတော်

**သံမဏိ မီးပန်းတွေ**
**ဒီ လျှပ်စီးလျှပ်နွယ်နှယ် လှပါဖိ**
**မီးပန်းလုပ်သမားရဲ့ ပညာသားပေါ့**
**လှပမှု အနည်းငယ်ကို ရဲရင့်မှုနဲ့ ရောပေးခြင်း။**

**ကျည်ဆန် နှစ်ဆန်**
**ပန်းရောင် ပေါက်ကွဲမှု**
**မခြေဖဲ့ရသေးတဲ့ ရင်သားနှစ်မြွာပမာ**
**စော်စော်ကားကား ထိပ်ဖူးကို ထုတ်ပြနေရဲ့။**

**သူချစ်ဖို့ သိခဲ့တယ်**
**ဘယ်လိုသင်္ချိုင်းကမွှည်းပါလိမ့်**
**တောထဲမှာ ကဗျာဆရာတစ်ယောက်**
**မောင်းထိန်းဖြုတ်ထားတဲ့ သူ့ခြောက်လုံးပြူးကို**

ထင်းရှူးပင်ရိပ်
မျှော်လင့်ချက်နဲ့ သေအံ့ဆဲ နှင်းဆီများကို
ဥပေက္ခာစိတ်နဲ့ ကြည့်လိုက်တယ်
ဆာဒီက နှင်းဆီပွင့်များကို သူအိပ်မက်မက်လိုက်ရဲ့
ဖြူနှမ်းဆို သူ့ဦးခေါင်း ငိုက်ကျသွားတယ်
တင်ပါးရဲ့ နူးညံ့ညံ့အကွေ့အကောက်ကို
နှင်းဆီတစ်ပွင့်က ပြန်လည် ဖေါ်ကျူးလိုက်လို့ပါပဲ။
တစ်ဝက်မှိတ်နေတဲ့ ကြယ်များဆီက စစ်ယူထားတဲ့
ကြောက်ဖွယ် အရက်နဲ့ လေဟာ ပြည့်နေတယ်။
နှင်းဆီတို့ရဲ့ အသားဆွေး
သင် လဲလျောင်းနေရာ ညရဲ့ မွှေးရနံ့
နူးညံ့ညံ့ကို ကျည်ဆန်တို့က နမ်းရှုပ်ကြလေရဲ့

'ပွဲတော်'လို့ ခေါင်းစဉ်တပ်ထားပေမယ့် ကဗျာဆရာက သူ့ချစ်ဒုက္ခကို တစ်ပုံတစ်နည်း ဖွင့်ပြထားတဲ့ ကဗျာတစ်ပုဒ်နဲ့ တူပါတယ်။ သွယ်ဝိုက်တဲ့ အဓိပ္ပာယ်ကို အမျိုးမျိုး ကြံဆနိုင်ပေမယ့် သူ့အရှိအတိုင်း အဓိပ္ပာယ်ကတော့ ရှင်းပါတယ်။ ပွဲတော်မှာ မီးရှူးမီးပန်းတွေ ပစ်လွှင့်နေကြတယ်။ မီးရှူးမီးပန်းတွေက သံမဏိနဲ့ လုပ်ထားတာ ဖြစ်တယ်။ ဒီလို ဆိုလိုက်တဲ့အတွက် ပျော်ပွဲ၊ ရွှင်ပွဲ ပွဲတော်မျိုးမဟုတ်၊ သေနတ်ပစ်နေကြတဲ့ စစ်ပွဲလို့ ယူဆနိုင်တယ်။ မီးရှူးမီးပန်းတွေဟာ လျှပ်ပန်းလျှပ်နွယ်လို လှတယ်။ ဒါကြောင့် သလိုလှပမှုနဲ့ တိုက်ပွဲဆိုတဲ့ သတ္တိပေါင်းစပ်ပေးနိုင်စွမ်းတဲ့ မီးပန်းလုပ်သမားဟာဖြင့် တော်ပါပေတယ်လို့ ချီးကျူးလိုက်တယ်။ အမြောက်ဆန် နှစ်ဆန်ကို တွေ့လိုက်ရတယ်။ ဒီကျည်ဆန်များက နှင်းဆီလို နီရဲတဲ့ ပေါက်ကွဲမှုမျိုး ထွက်လာနိုင်တယ်။ သူတို့ရဲ့ ထိပ်ဖူးတွေဟာ မခြေဖွဲ့ရသေးတဲ့ ရင်သားနှစ်မြွှာလို ချွန်နေတယ်။ အနီးအနားမှာ မြေပုံလေးတစ်ခုရှိတယ်။ မြေပုံထိပ်မှာ ကမ္ပည်းထိုးထားတာက 'သူချစ်ဖို့သိခဲ့တယ်'တဲ့။ နေရာက တောစခန်း တစ်နေရာ။ ကဗျာဆရာက ခြောက်လုံးပြူးကို မောင်းထိန်းဖြုတ်ကိုင်ရင်း လျှောက်လာတယ်။ သူ့စိတ်က ဘာကိုမှမဝင်စားဘူး။ မတုန်မလှုပ် ဥပေက္ခာစိတ်ပဲ။ သူဟာ သေနတ်ကိုရော ညိုးကျနေတဲ့ နှင်းဆီပန်းလေးတွေကိုရော ကြည့်မိတယ်။ သလို ကြည့်မိရင်းက

သူ့ခေါင်းငိုက်ကျသွားတယ်။ ဘာလို့လဲဆိုတော့ နှင်းဆီပွင့်လေးရဲ့ ကွေ့ကွေ့ကောက်ကောက် ပုံသဏ္ဍာန်က တင်ပါးတစ်ခုကို သွားသတိရစေလို့ပါပဲ။ ပတ်ဝန်းကျင် တစ်ခုလုံး အရက်နံ့လွှမ်းနေတယ်။ ကြယ်တွေဆီက စစ်ယူထားတဲ့ အရက်ရဲ့ အနံ့ပါ။ ညှိုးရော်ဆဲ နှင်းဆီတို့ရဲ့ ရနံ့ကလည်း ထွက်ပေါ်နေတယ်။ ဒီရနံ့နဲ့ ကျည်ဆန်များ ပေါင်း စပ် ရောယှက်သွားကြပါတော့တယ်တဲ့။ (ယမ်းနံ့တွေ၊ ဒဏ်ရာက သွေးနံ့တွေ ရောပြီး လေမှာနံနေတာကို ပြောတာပါ)

❖

## ချစ်ကံခေခဲ့သူ တေး

နှင်းမြူတစ်ဝက်နဲ့ တစ်ညနေခင်း လန်ဒန်မှာ
ငါ့အချစ်နဲ့ တူတဲ့ လူတေတစ်ယောက်
ငါ့ဆီလာတွေ့တယ်
သူငါ့ကို ကြည့်လိုက်တဲ့ အကြည့်က
ငါ့ မျက်လုံးများကို အရှက်နဲ့ ငုံ့သွားစေရဲ့
ငါအဲဒီလူဆိုးကောင် နောက်က လိုက်သွားတယ်
သူက အိတ်ထောင်ထဲ လက်သွင်းပြီး လေချွန်လို့
ပင်လယ်နီရဲ့ ခွဲခွဲခြားခြား လှိုင်းများ(လို)
အိမ်တွေကြားမှာ ငါတို့ထင်ရတယ်
သူက ဟေဗရှုးများ ငါက ဖာရော

မင့်ကို တကယ်မချစ်ဘူး ဆိုရင်ဖြင့်
ဒီ အုတ် လှိုင်းတွေ ပြိုကျပါစေ
မင်းဟာ တစ်ဦးတည်း ချစ်သူ မဟုတ်ခဲ့ရင်
ငါဟာ အဲဂုတ္တုပြည့်ရှင် ဘုရင်
သူ နှမတော်ကြင်ရာ သူ့ စစ်တပ်

အိမ်မျက်နှာစာတို့ရဲ့ မီးတွေအားလုံး
လောင်ကျွမ်းနေတဲ့ လမ်းတစ်လမ်းထောင့်မှာ

ထင်းရှူးပင်ရိပ်
သွေးထွက်နေတဲ့ နှင်းမြူရဲ့ ဒဏ်ရာများ
အိမ်မျက်နှာစာတွေက ငိုနေကြလို့
သူနဲ့ တူလှတဲ့ မိန်းမတစ်ယောက်

လူ မဆန်တဲ့ သူ့အကြည့်
သူ့ ဗလာလည်တိုင်ပေါ်က အမာရွတ်
အရက်ဆိုင်ထဲက အရက်မူး ထွက်လာတယ်
အဲဒီတစ်ခဏမှာ ငါ သိမှတ်လိုက်တယ်
အချစ်ကိုယ်တိုင်ရဲ့ ဖောက်ပြန်တတ်ခြင်း
နောက်ဆုံးသူ့ရပ်ဌာန် ပြန်ရောက်တဲ့အခါ
သူ့တိုင်းပြည်မှာ ပညာရှိ ယူလီဆီကို
သူ့ ခွေးအိုကြီးက မှတ်မိလေတယ်
ချည်တိုင်ရှည် ကော်ဇော အနီးမှာ

သူ့ဇနီးက သူပြန်လာတာ စောင့်ကြိုနေရဲ့
သကုန္တလာရဲ့ ကြင်ရာဘုရင်ဟာ
အောင်ပွဲတွေနဲ့ ပန်းလျလာရာက သူလေးကို
စောင့်ရလို့ ဖြူရော် ချစ်ရလို့ မျက်လုံးတွေ
ဖျော့တော့နေကာ သမင်ဖိုလေးကို

ကျောသပ်နေတာ တွေ့ရတာ ရှင်ပျသွားရဲ့
ငါ ဒီ ရှင်လန်းသူ ဘုရင်များ အကြောင်း တွေးနေဆဲ
ဖောက်ပြန်တတ်တဲ့ အချစ်ရယ် ငါ
ချစ်နေသေးလျက်ပဲရှိတဲ့ သူရယ်
သူတို့ရဲ့ အရိပ်များဟာ တိုးဝှေ့ကြရင်း
ငါ့ကို သိပ်စိတ်ဆင်းရဲစေပါတော့တယ်။

['အရက်များ' ၁၉၁၃]

'ချစ်ကံခေသူရဲ့ တေး'ဟာ အပိုဒ်ပေါင်း ၆၀ ပါဝင်တဲ့ ကဗျာရှည်ကြီးပါ။ ပထမ ၁၆ ပိုဒ်ကိုပဲ ကောက်နုတ်ဖော်ပြလိုက်ပါတယ်။ ဂျာမနီမှာ တွေ့ခဲ့ရပြီး သူ အသေအလဲ ပိုးခဲ့ဖူးတဲ့ အင်္ဂလိပ်မလေး အင်နီပလေဒင်ကို ရည်စူးရေးခဲ့တာပါပဲ။ ကဗျာ တစ်နေရာမှာ 'မနှစ်က ငါ ဂျာမနီမှာ ဆုံးရှုံးခဲ့ရသူ ငါနောက်ထပ် မတွေ့ရ တော့မယ်သူ'လို့ ထည့်ရေထားပါတယ်။ အပေါ်လီနယ် ပိုးပုံက တော်တော်ကြမ်း တယ်နဲ့ တူတယ်။ အင်နီယာ ထွက်ပြေးတော့တာပဲ။ သူ့ မိဘများထံ ပြန်ပြီး နေရှာ တယ်။ ဒါကိုပဲ ကျွန်တော်တို့ ဇာတ်လိုက်က အတင်းလိုက်တယ်။ ယူ ရမယ် တကဲကဲ လုပ်တယ်။ ဒေါ်တွေ မောတွေနဲ့ ပြောလာတယ်။ အင်္ဂလိပ်မလေးလည်း လန့်ဖျပ်ပြီး အမေရိကန်မှာ တစ်ခါတည်း အပြီးသွားနေလိုက်ပါတော့တယ်။ အပေါ်လီနယ်ကိုလဲ သူ့ဆီ ဘယ်တော့မှ စာမရေးပါနဲ့လို့ တားလိုက်တယ်။ နောင်ကြာသွားတဲ့အခါ ကဗျာ ကို ရေးပြီးတဲ့ အခါမှာတော့ အပေါ်လီနယ်က အင်နီဆီ စာရေးတယ်။ 'လက်ထပ်ဖို့ ဆိုတာကတော့ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမယ့် ကိုယ် အင်မတန် စိတ်ဆင်းရဲခြင်း ဖြစ်ခဲ့ရတယ်။ ဒီကဗျာထဲမှာ ဖော်ပြတဲ့အတိုင်းပါပဲ။ ဒီကဗျာမှာ ကိုယ်က ချစ်ကံခေသူ အရှုံးအမှုးချစ်ရသူပဲလို့ ကိုယ်ယုံကြည်တယ်'တဲ့။

ကဗျာရဲ့ သီးမ်က ဝိုးတိုးဝါးတားပဲ။ အင်နီပလေဒင်ကို သူ ချစ်တဲ့အချစ်ကို တကယ့်သတ္တဝါလိုလို၊ တစ္ဆေလိုလို တင်စားထားတယ်။ မြို့တော်က လမ်းတကာမှာ လေချွန်ရင်း လျှောက်လှည့်နေတဲ့ လူဆိုး၊ လူတေလိုလို လုပ်ထားတယ်။ ကဗျာဆရာ ရဲ့ စိတ်တစ်ပိုင်းကိုပဲ 'ဆောင်းအိပ်မက်'ထဲက ကျော်မင်း၊ ဇော်မင်းလို နှစ်ကိုယ်ခွဲ ပြထားတာပါပဲ။ ကဗျာဆရာက ဒီ 'ဇော်မင်း'ကို ကြောက်တယ်။ သူ့ဆီက ဝေးရာ ထွက်ပြေးတယ်။ ဒီ ကိုယ်ခွဲစိတ်ဟာ သူ့အချစ်စစ်ကို ညစ်ထည်းစေတယ်။ သူတို့ နှစ်ဦးရဲ့ ကွာလှမ်းပုံကို အုတ်တွေ လှိုင်းတွေနဲ့ နှိုင်းပြနေတာကတော့ ကြီးကြီးကျယ် ကျယ် ပြောပြီး သရော်တော်တော်လုပ်တာပါပဲ။ ဒီလိုပြောရင်းက အတွေးတစ်ခု ဆက်ပြီး ဖြစ်ပေါ်တယ်။ သူ့အချစ်ဟာ တကယ်စစ်မှန်တယ်။ သူဟာ ဖာရောဘုရင် မဟုတ်တာ၊ ဖာရောဘုရင်ရဲ့ နှမတော်ကြင်ရာ မဟုတ်တာ ဟာ တကယ်ဖြစ်သလို သူ့အချစ်ဟာ တကယ်ဖြစ်ပါတယ်တဲ့။ ဒါအဓိက ပထမသုံးပုဒ်ရဲ့ ဆိုလိုရင်းပါပဲ။

နေဝင်ဆည်းဆာရဲ့ နီတျာတျာ အလင်းက အိမ်တွေမှာလာလို့ လင်းနေ တယ်။ နှင်းမြူတွေက ကျဆင်းနေပြီမို့ အလင်းဟာ ဝိုးတဝါးပဲ ရှိတယ်။ ဒီ အလင်းရောင်အောက်မှာ အမျိုးသမီး မျက်နှာတစ်ခုကို တွေ့လိုက်ရတယ်။ ဒီမျက်နှာ ဟာဖြင့် သူ့ချစ်သူ အင်နီပလေဒင်ရဲ့ မျက်နှာနဲ့ သိပ်တူတာပဲတဲ့။ (စတုတ္ထအပိုဒ်)

ကဗျာရဲ့ နောက်ခံကားက လန်ဒန်မြို့တော်မှာ ဖြစ်ပါတယ်။ ကဗျာဆရာဟာ လန်ဒန်မြို့ပေါ်က လမ်းတစ်ကာမှာ လျှောက်လည်နေတဲ့သဘော ရေးဖွဲ့ထားတယ်။ ဒါကွင်ဆီက အောက်စဖို့ဒ်လမ်းပေါ်လျှောက် ဂျပိုးထိုးစဉ် မိန်းကလေးတစ်ဦးနဲ့တွေ့ခဲ့ရပုံ ရေးဖူးတာကို ပြင်သစ်စာရေးဆရာတွေ အတော် သဘောကျကြတယ်။ အခုလည်း အပေါ်လီနယ်က ဒီပုံစံရေးတာပဲ။ သူလျှောက်လာတော့ လမ်းဘေးအရက်ဆိုင်တစ်ဆိုင်ထဲက လည်တိုင်မှာ အမာရွတ်တစ်ခုနဲ့ မိန်းမတစ်ယောက် အရက်တွေမူးလို့ ထွက်လာတာကို မြင်လိုက်ရတယ်။ အချစ်ကို ငွေကြေးနဲ့ဖလှယ်လို့ရတဲ့ မိန်းမစားမျိုးနဲ့ တူပါရဲ့။ သူ့ကိုကြည့်ပြီး ကဗျာဆရာဟာ အချစ်ဟူ သမျှ ဘယ်အချစ်ကိုမဆို အထင်သေးလိုက်မိတော့တယ်။ လူက အချစ်ရဲ့ အညှဉ်းပန်း အထောင်းအထုကို ခံနေရတဲ့လူ ဖြစ်လေတော့ အချစ်ကို စိတ်နာနာနဲ့ မှတ်ချက်ချလိုက်တယ်နဲ့ တူပါရဲ့။ 'အချစ်ဆိုတာ ဖောက်လွဲဖောက်ပြန်ချည့်ပဲ' တဲ့။

ဒီလိုဖောက်လွဲဖောက်ပြန် အချစ်အကြောင်း စဉ်းစားမိရင်း အချစ်ရေး အဆင်ပြေကြတဲ့ ရှေးက ရာဇဝင် ပုဂ္ဂိုလ်များအကြောင်း သတိရမိတယ်။ ဒီပုဂ္ဂိုလ်တွေရဲ့ အချစ်ရေး အဆင်ပြေပုံနဲ့ သူကိုယ်တိုင်ရဲ့ ချစ်ကံခေပုံကို နှိုင်းယှဉ်ကြည့်မိတယ်။ 'ဩဒဲဆီ'မှာ သူ့ရဲကောင်း ယူလီဆီကို ကိုယ့်တိုင်း ကိုယ့်ပြည် ကိုယ်အိုးကိုယ့်အိမ် ပြန်လာတော့ သူ့ခွေးအိုကြီးက ဆီးကြိုနှုတ်ဆက်ပုံ သရုပ်ဖော်ထားတာ အင်မတန် စိတ်ထိခိုက်စရာ ကောင်းတယ်။ ဒီအကွက်ကလေးကို အပေါ်လီနယ်က သူ့ကဗျာမှာ ထည့်သုံးလိုက်တယ်။ ကာလီဒါသရဲ့ သကုန္တလာပြဇာတ်ထဲမှာ ဒုသျှန္တမင်းကိုယ့်တိုင်း ကိုယ့်ပြည် ပြန်လာတဲ့ အခါမှာလည်း ကြင်ရာဖြစ်သူ သကုန္တလာကို ပြန်တွေ့ရခန်းဟာ ကြည်နူးစရာပါပဲ။ သကုန္တလာ မင်းသမီးဟာ မောင်တော်ကို မျှော်ရ၊ မောင်တော်ကို ချစ်ရတဲ့ စိတ်တွေကြောင့် ဖြူရော်ဖျော့တော့လို့နေတယ်။ သမင်လေးကို ကျောသပ်လို့ မောင်တော်ကို ပန်းခြံထဲက စောင့်နေတယ်။ ဒီသရုပ်ဖော် ကွက်လေးဟာဖြင့် မျက်စိထဲမှာ ပီပီပြင်ပြင် ထင်မြင် ယောင်လာစေတဲ့ လှပတဲ့ပန်းချီကွက်ကလေးပါပဲ။ ဒီလို အတိတ်ကအချစ် အဆင်ပြေသူတွေအကြောင်း တွေးမိရာက မိမိရဲ့ ချစ်ကံခေပုံကို ပြန်စဉ်းစားမိတော့ အင်မတန် စိတ်ဆင်းရဲခြင်း ဖြစ်ပါတော့တယ်' တဲ့။

❖

## သာပတဲ့ခေါင်းနီနီ

တချို့ဟောဒီမှာ အများတကာရဲ့ ရှေ့မှာ ခံစားမှုအပြည့်နဲ့ လူတစ်ယောက်

ဘဝအကြောင်း သက်ရှိ လူတစ်ယောက် သိနိုင်သမျှ သေခြင်းအကြောင်းသိသူ
အချစ်ရဲ့ ဒုက္ခနဲ့ သုခကို တွေ့ကြုံဖူးသူ
ရံဖန် မိမိ အတွေးအခေါ်ကို သူများ လက်ခံလာစေနိုင်ခဲ့သူ
ဘာသာစကား အတော်များများ တတ်ကျွမ်းသူ
အတော်ကလေး ခရီးသွားဖူးသူ
အမြောက်တပ် ကြည်းတပ်တို့မှာ စစ်ကို မြင်တွေ့ခဲ့ဖူးသူ
ခေါင်းမှာ ဒဏ်ရာရ ခလိုရိုဖောင်းအောက်မှာ ခွဲစိတ်ခံဖူးသူ
ကြောက်ဖွယ် တိုက်ပွဲအတွင်း အကောင်းဆုံး မိတ်ဆွေတွေ ဆုံးရှုံးခဲ့ရဖူးသူ
ငါဟာဖြင့် အဟောင်းနဲ့ အသစ်အကြောင်းကို လူတစ်ယောက်တည်းက
ဒီနှစ်ခုအကြောင်း သိနိုင်စွမ်းသလောက် သိပေရဲ့
မိတ်ဆွေတို့ ငါတို့အတွင်း ငါတို့အတွက်
ကနေ့ ဒီစစ်ပွဲအကြောင်း စိတ်ဝင်စားခြင်း ပရိုက်ဘဲ
သမားရိုးကျနဲ့ တီထွင်မှု
အစဉ်အလာနဲ့ စွန့်စားခန်းကြားက ဒီ စစ်ပွဲရှည်ကို ငါ ဆုံးဖြတ်ပေးတယ်
ဒေဝရဲ့ ပါးစပ်ပုံအတိုင်း လုပ်ထားတဲ့ ပါးစပ်
အစဉ်အလာပဲ ဖြစ်လေတဲ့ ပါးစပ်ရှိသူ အသင်
အစဉ်အလာမှာ ပြောင်မြောက်သူတို့နဲ့
ငါတို့ကို နှိုင်းတဲ့အခါ ညှာညှာတာတာလုပ်ပါဖိ
ငါတို့ကနေရာတကာစွန့်စားခန်း ရှာဖွေသူများပါ
ငါတို့ဟာ သင်တို့ရဲ့ ရန်သူများ မဟုတ်ပါ
ငါတို့ဟာ သင်တို့ကို, ကျယ်ပြောထူးဆန်းတဲ့ နယ်မြေတွေ ပေးချင်တာပါပဲ
အဲဒီမှာ အပွင့်တဝေဝေနဲ့ လျှို့ဝှက်မှုက ခူးဆွတ်လိုသူကို ပေးအပ်နှင်းလေတယ်
အဲဒီမှာ မမြင်ဖူးသေးတဲ့ အရောင်တွေ မီးသစ်တွေရှိတယ်။
အမှန်ဘဝပေးအပ်ရမယ့်

ထင်းရှူးပင်ရိပ်
တွေးတောမရနိုင်တဲ့ ဝိုးတဝါးပုံ အထောင်ထောင်ရှိတယ်
အရာရာငြိမ်ဆိတ်နေတဲ့ အဲဒီရောမတိုင်းပြည်ကို
ကောင်းမြတ်ခြင်းကို ငါတို့စူးစမ်းလိုတယ်
မောင်းထုတ်ပစ်လို့ရ ပြန်ခေါ်ရတဲ့ အချိန်လည်းရှိတယ်
အနန္တတရားနဲ့ အနာဂတ်တို့ရဲ့
နယ်ခြားမှာ အမြဲတိုက်ပွဲဝင်နေကြသူ ငါတို့ကို သနားပါဖိ
ငါတို့အမှားများကို သနားပါဖိ ငါတို့ မှုပြစ်များကို သနားပါဖိ
ဒီမှာ ပြင်းထန်တဲ့ ရတု နွေ ပြန်လာနေရဲ့
ငါ့ ငယ်ရွယ်မှုဟာ နွေဦးလို သေဆုံးခဲ့ပါပြီ
အို နေငှဲ့ ခု လောင်ကျွမ်းတဲ့ ဆင်ခြင်တုံတရားရဲ့ အချိန်ပါ
သူ တစ်ဦးတည်းကိုပဲ ချစ်ရလေအောင် သူ ဆောင်ထားတဲ့
မြင့်မြတ်လှပတဲ့ သဏ္ဌာန်(အတွက်) သူ့နောက်က လိုက်ဖို့
ငါ စောင့်နေပါတယ်
သံလိုက်က သံကို(ဆွဲသ)လို သူက ငါ့ကို လာဆွဲနေပါတယ်
မြတ်နိုးစရာခေါင်းနီနီနဲ့
စွဲမက်စရာ အချစ် သူ့မှာ ရှိတယ်
သူ့ဆံပင်က ရွှေရောင် ဆိုနိုင်ပါရဲ့
ထာဝစဉ် တည်တဲ့ လျှပ်ပန်းနွယ်လှလှလေးတစ်ခု
ဝါ ညှိုးရော်တဲ့ လက်ဖက်ရွက် နှင်းဆီများထဲမှာ
ကြော့မော့လမ်းသလားတဲ့ မီးလျှံများ
ဒါပေမယ့် ငါ့ကို ရယ်ကြပါ ရယ်ကြပါလေ
နေရာတကာမှာ လူများတို့ အထူးသဖြင့် ဒီက လူတို့
အကြောင်းကတော့ ငါ သင်တို့ကို မပြောရဲတာတွေ အများကြီး
သင်တို့က ငါ့ကို ပြောခွင့်ပြုမယ် မဟုတ်တာတွေ အများကြီးပဲ
ငါ့ကို သနားကြပါလေ

['ကာယိဂရမ်'၁၉၁၈]

** ပင်ဂွင်မူမှာ'ငါတို့ကိုယ်ကို'လို့ မူကွဲရှိတယ်။

အပေါ်လီနယ်က သူ့ကဗျာဝါဒကို တင်ပြထားတဲ့ 'ဝါဒကြေညာစာတမ်း' ကဗျာပါပဲ။ ဒါပေမယ့် ကဗျာရဲ့ ခေါင်းစဉ်ကတော့ သူ့ချစ်သူ ရှကလင်ကောလ်ကို ညွှန်းထားတယ်။ ဒီမိန်းကလေးရဲ့ အကြောင်းကိုလည်း ထည့်ရေးထားတာကို တွေ့ရပါလိမ့်မယ်။ ဆံပင်ရွှေရောင်လေး အကြောင်းလေ။

အပေါ်လီနယ်က လှပနူးညံ့တဲ့ ပြင်သစ်ကဗျာလေးတွေ၊ ဂီတသံသာတဲ့ ပြည့်သူတေးသံလေးတွေကို နှစ်ခြိုက်ပြီး ပဲ့တင်ဟပ်လေ့ရှိသူလည်းဖြစ်တယ်။ ဒါပေမယ့် ခေတ်ပေါ်ကဗျာနဲ့ အလှဗေဒမှာ သူရဲ့ အရေးပါတဲ့ စွမ်းဆောင်ချက်က ဒါကြောင့် မဟုတ်ပါဘူး။ သူဟာ အစဉ်အလာကို တိုက်ခိုက်တဲ့ ကဗျာဆရာ၊ ကုဗဝါဒကို ဦးဆောင်ဦးရွက်ပြုခဲ့သူ၊ အမှန်လွန်ဝါဒ လမ်းခင်းခဲ့သူ၊ သီးမ်အသစ်၊ နည်းအသစ်တွေ စမ်းသပ်ခဲ့သူလည်းဖြစ်တယ်။ ၁၉၀၈-၁၉၁၂ လောက်မှာ သူက သင်္ကေတဝါဒ ခေတ်နောက်ကျသွားပြီဆိုတာ ပထမဆုံး သဘောပေါက်သူဖြစ် တယ်။ ခေတ်ပေါ် စာပေမှာ ဩဇာသစ်တွေ ဝင်လာပြီဆိုတာ သူသိမြင်တယ်။ ပီကာဆို၊ ရှုအန်ဂရီ၊ ရုသျှ၊ ဘဲလေး၊ စတရာဗင်စကီနဲ့ အခြားသူများကို တကယ့်တော်လှန်တဲ့ လှုပ်ရှား မှုတွေ ရှေ့ဆောင်နေသူများအဖြစ် သူ သဘောပေါက်တယ်။ ခေတ်ပေါ် အနုပညာ အမြင်တွေနဲ့ ပတ်သက်ပြီး အပေါ်လီနယ်က ကြေညာစာတမ်း နှစ်စောင် ထားခဲ့ပါတယ်။ ၁၉၁၃က ထုတ်တဲ့'ကုဗ ပန်းချီဆရာများ'နဲ့ သူ သေပြီးမှ (၁၉၁၈) ထုတ်တဲ့ 'စိတ်ဓါတ်အသစ်နဲ့ ကဗျာ'ဆောင်းပါးတို့ပါပဲ။ ဒီ စကားပြေအရေးအသားတို့ နည်းတူ ခု ကဗျာကလည်း ကဗျာဝါဒ ကြေညာစာတမ်း တစ်ခုပဲဖြစ်တယ်။ ဒါပေမယ့် အမိန့်တော် ပြန်တမ်းတို့လို ဩဝါဒစာတို့လို အနာဂတ်ကဗျာဆရာတွေကို ဒီလို ကျဉ်းမြောင်းတဲ့ လမ်းမျိုး မလိုက်ကြနဲ့၊ ဒီလို ရေးကြလို့ မပြောပါဘူး။ သူကိုယ်တိုင်ရဲ့ လေးနက်လွန်းမှုကိုပဲ အဆုံးနားမှာ သရော်ထားလိုက်သေးတယ်။ သူတင်ပြတဲ့ ကျင့်ဝတ်တွေကို သူကိုယ်တိုင်ကျင့်သုံးပြတယ်။ ကဗျာဟာ အချစ်သီချင်း ပုံသဏ္ဍာန် ပြောင်းသွားတယ်။ ပါဒတွေ အရှည်အတိုအမျိုးမျိုးပြောင်းလဲရေးတယ်။ စာမျက်နှာပေါ်မှာ စာကြောင်းတွေကို ကျွမ်းကျင်စွာသုံးပြသွားတယ်။ တင်ပြနေတဲ့ အကြောင်းအရာကို လိုက်ပြီး ကဗျာဟန်နဲ့ အသံကို လိုက်ဖက်ပေးတယ်။ ကာရန်သုံးတဲ့အခါ သုံးပစ်လိုက် တယ်။ 'လှပတဲ့ခေါင်းနီနီ'ဟာ မိမိရဲ့နိဂုံးနီးကပ်လာပြီဆိုတာ သဘောပေါက် သိမြင် သူတစ်ဦးရဲ့ အသံဖြစ်ပါတယ်။ သူဟာ အသစ်အဆန်းတွေ အမျိုးမျိုး ထွင်ခဲ့ပြီ၊ သူ့ ထက်ပိုပြီး ရှေးဟောင်းမွေ့လိုတဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်များက သူ့ကို အန္တရာယ် ကြီးမားတဲ့ အစဉ်အလာ အဖျက်သမားလို့ သမုတ်ကြတာကိုလည်း ခံခဲ့ရပြီ။

အပေါ်လီနယ်ဟာ ဘာသာစကားအတော်များများပဲ တတ်ကျွမ်းသမို့ အတော်လည်းနှံ့နှံ့စပ်စပ် ဖတ်ထားဖူးသူဖြစ်တယ်။ စာပေမှာ ရှိနေတဲ့ လျို့ဝှက်ချက် (နည်း)တွေကို အပတ်တကုတ် စေ့ငုခဲ့သူဖြစ်ပါတယ်။ အလှဗေဒ သဘောတရားရေး ဆရာတစ်ဦးဖြစ်ပြီး အမျိုးသားအစဉ်အလာမှာ ကောင်းတာ ညွှန့်တာတွေကို သုံးသပ်ဖို့ လိုအပ်ပုံကို ကောင်းစွာသိမြင် သဘောပေါက်သူလည်းဖြစ်တယ်။ သူ မသေခင်က လေးမှာပဲ သူ့မိတ်ဆွေ အန္ဒရေ ဘီလီထံ စာရေးရာမှာ ခုလို တင်ပြခဲ့ပါတယ်။

> "ကျုပ် ဘယ်တုန်းကမှမဖျက်ဆီးခဲ့ပါဘူး။ ကျုပ်ကပြန်လည်တည်ဆောက်ဖို့ ကြိုးစားခဲ့တာပါဗျာ။ ဂန္တဝင်လမ်းကြောင်းကိုကျုပ်အရင်ကပဲ ဖျက်ခဲ့ကြပြီးပါ။ ကျုပ်ကဂန္တဝင်နည်းကို ခဏခဏတောင် အသုံးပြုလေ့ ရှိပါသေးတယ်။ ဥပမာဗျာ - အဋ္ဌက္ခရပါဒကိုဆိုလျှင် ကျုပ်သုံးလွန်းလို့ အသက်အသစ်ဝင်လာ နေပါပြီ။ အလားတူပဲ အနုပညာများမှာလည်း ကျုပ်မဖျက်ဆီးပါဘူး။ ဂိုဏ်းဟောင်းတွေကို အန္တရာယ်မဖြစ်စေဘဲ ဂိုဏ်းသစ်တွေ ထောင်ရာမှာ ကူညီဖို့ ကျုပ်ကြိုးစား ခဲ့တာပါ။ ကျုပ်ဟာ အတိတ်ရော ပစ္စုပ္ပန်ရော လက်ရာ မွန်အစစ်အမှန်တွေရဲ့ ပြောင်မြောက်ပုံ ကို အသိအမှတ်ပြုဖို့ ဝန်မလေးဘဲ၊ အနုပညာရဲ့ စာပေနယ်မှာ နယ်သစ်ပယ်သစ်တွေ သိမ်းပိုင် ရယူလိုခြင်း သာဖြစ်တဲ့ အကြောင်း ဒေဝသခင်သက်သေခံတော်မူပါ"

ဒီစာကြောင်းလေးတွေဟာ တစ်နည်းအားဖြင့် 'လှပတဲ့ ခေါင်းနီနီ'ကို ဖွင့်ဆိုနေကြသလိုပါပဲ။

ကဗျာစစချင်း အပေါ်လီနယ်က သူ့အကြောင်း တင်ပြထားတယ်။ သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း ဆိုနိုင်ပါရဲ့။ ဒီလို အတွေ့အကြုံတွေနဲ့ သူဟာဖြင့် အဟောင်းနဲ့အသစ် အကြောင်းလည်းသိတယ်။ ကနေ့ ဖြစ်နေတဲ့ အဟောင်းနဲ့အသစ် တိုက်ပွဲအကြောင်းလည်း ကောင်းကောင်းသိပါတယ်တဲ့။ အလတ်တန်းစား အစဉ်အလာသမားတွေက အသစ်အဆန်း ထွင်သူတွေ(အင်ပရက်ရှင်နစ်၊ သင်္ကေတဝါဒီ၊ ကုဗဝါဒီ)ကို ပြောင်လှောင်ကြတယ်။ သူတို့သာလျှင် ပြင်သစ်အစဉ်အလာရဲ့ အမွေစား အမွေခံများလို့ ဆိုကြတယ်။ 'အစဉ်အလာ' စကားကို တွင်တွင်ရွတ်ဆိုတဲ့ သူတို့ပါးစပ်ကသာ ဒေဝသခင်ရဲ့ ပါးစပ်လို့ ပြောကြတယ်။ သူတို့က အနုပညာ သူပုန်တွေကို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့် ငါးရာက ဂန္တဝင်သမားတွေ၊ အတိုင်းတိုင်း အပြည်ပြည်က လူတွေရယ်လို့ နှိုင်းယှဉ်သရော်

ကြတယ်။ အပေါ် လီနယ်က သူ့အနေနဲ့ ဂန္ထဝင်သမားတွေ လေးစားတဲ့အကြောင်း၊ သူတို့ရဲ့ စွန့်စားရေး စိတ်ဓါတ်အရ လိုက်နာလုပ်ဆောင်လိုကြောင်း၊ ဒီစွန့်စားမှု စိတ်ဓါတ်ကြောင့်ပဲ သူတို့ခေတ်က သူတို့ဟာ အသစ်အဆန်းထွင်သူတွေဖြစ်ခဲ့ရ ကြောင်း၊ ဒီလိုနဲ့ သူတို့စာပေတွေဟာ ဂန္ထဝင်ဖြစ်လာခဲ့ရကြောင်း ပြောပါတယ်။ နောက် သူရှာဖွေထားတဲ့ နယ်မြေသစ် တွေအကြောင်း ပြောပြတယ်။ အဲဒါတွေက တော့ လျှို့ဝှက်နက်နဲခြင်း၊ အရောင်သစ်များ၊ အိပ်မက်ရဲ့ဝိုးတဝါးပုံများ (မကြာမီ အမှန်လွန်ဝါဒီတို့ရဲ့ အသည်းစွဲ သီးမ် တစ်ခုဖြစ်လာ)ကြင်နာခြင်း ဝါ ကောင်းမြတ် ခြင်း (သရုပ်မှန်တဲ့ သဘာဝစာပေတို့က လူ့ဘဝရဲ့ဒုစရိုက်မှုများကို တင်ပြခဲ့ကြတယ်) အချိန်ရဲ့အနှိုင်းအဆသဘောတို့ပါပဲ။ သူ့စာတမ်းများအရ ဆိုလျှင်တော့ ဒါတွေအပြင် ခေတ်ပေါ် သိပ္ပံပညာနဲ့ နည်း နိဿရည်း ပညာတို့ကိုပါ ထည့်ရဦးမယ်။ 'အနာဂတ်' ကဗျာဆရာတွေ ကြောက်မသွားသင့်ဘူးလို့ သူက ဆိုတယ်။

အဲဒီနောက် သူက သူဟာဖြင့် သူ့ခေတ်ရဲ့ နွေရတုကို ခရီးဦးကြိုပြုနေတဲ့ အကြောင်း ဖေါ်ပြတယ်။ ပြင်သစ်ဆင်ခြင်တုံတရားနဲ့ အသစ် အသစ် စိတ်လှုပ်ရှား မှုများ၊ မသိစိတ်များ ရောယှက်ပေါင်းစပ်ရာ ရင့်ကျက်လာတဲ့ အချိန်ပိုင်းကို ဆိုလိုရင်း ဖြစ်ပါတယ်။ဒါပေမယ့် ကဗျာဆရာက သူဟာ ဩဝါဒဆန်တဲ့ တရားတွေနဲ့ပြောဟော မနေလိုဘူး။ သူ့ဝါဒက သက်ရှိ သင်္ကေတလေးတွေနဲ့ တင်ပြဖို့ ဖြစ်တယ်။ ဒီလိုနဲ့ ဒီကဗျာ အနုပညာဟာလည်း သူ့ချစ်သူကို ရည်စူးတဲ့ လှပတဲ့တေးသီချင်းတစ်ပုဒ်မှာ အဆုံးသတ်သွားတယ်။ သူ ငယ်စဉ်က ရေးခဲ့တဲ့ အချစ်သီချင်းတို့ရဲ့ လေကို ပြန်ဖမ်း ပြီး ရှုကလင်ရဲ့ ဆံပင်နီနီကို ရေးဖွဲ့လိုက်တယ်။ ဒီဆံပင်နီနီကို နွမ်းလျဆဲ လက်ဖက် နှင်းဆီပွင့်တို့အပေါ် အလင်းရောင် ထိုးနေတဲ့ မီးလျှံများနဲ့ နှိုင်းလိုက်တယ်။ အဲသလို ပြောပြီးနောက် ပေါ့ပေါ့နေလေ့၊ ကချော်ကချွတ်လုပ်လေ့ရှိတဲ့ ပရိသတ်(အထူးသဖြင့် ပါရီက လူကြီးမင်းများ)ဘက်ကို လှည့်လိုက်ပြီး အနာဂတ်ကဗျာဆရာတွေကို လှောင် မယ့်အစား သနားကြပါလို့ မေတ္တာရပ်လိုက်တယ်။ အပေါ် လီနယ် ပြောစရာရှိတာ အတော်များများကတော့ သူ့အရိုးများနဲ့အတူ မြေမြှုပ်သင်္ဂြိုဟ်ရတော့မှာပဲ။ ဘာလို့ လဲဆိုတော့ ပရိသတ်က နားမလည်ကြခြင်းကြောင့်ပါပဲတဲ့။

■

## အာရာဂွန်

လူဝီအာရာဂွန်(၁၈၉၇-၁၉၈၂)ဟာပထမကမ္ဘာစစ်ကြီး ပြီးတဲ့နောက်မှာ စာပေလောက ထဲ ရောက်လာသူ ဖြစ်တယ်။ စစ်ကြီးအတွင်းမှာ သူပါဝင် တိုက်ခိုက်ခဲ့ရာမှာ ရဲစွမ်းသတ္တိအတွက် သူရဲဂေါင်းတံဆိပ်တွေ၊ ဘွဲ့တွေရခဲ့ သေးတယ်။ စောစောပိုင်းက သူဟာ ဒါဒါဝါဒသမားတစ်ဦးပါ။ ဒါဒါဝါဒ ဆိုတာ ကတော့ စာပေတန်ဖိုးတွေ ပြန်လည်စစ်ဆေးပြီး အလက်ာနည်း၊ ခံစားမှုနည်း၊ တမင်လုပ်ယူတဲ့နည်းနဲ့ 'စာပေ' ဆန်နေတာ ဟူသမျှကို သရော်တဲ့ လှုပ်ရှားမှုတစ်ခုဖြစ်ပြီး ၁၉၁၆လောက်က ပြင်သစ်ပြည်မှာ ပေါ်ပေါက်ခဲ့ပါတယ်။ အရေးကြီးတဲ့ လှုပ်ရှားမှုတစ်ခုပါပဲ။ ဒါပေမယ့် သက်ဆိုးမရှည်လိုက်ဘူး။ ၁၉၂၂မှာ အာရာဂွန်ဟာ အန္ဒရေ ဘရီတန်နဲ့ တွဲဖက်ပြီး အမှန်လွန်ဝါဒကို ထူထောင်ကြပါတယ်။ အမှန်လွန်ဝါဒဆိုတာကတော့ အများသိကြတဲ့အတိုင်း ဒါဒါဝါဒနဲ့ ဖရွိုက်အယူအဆပေါင်းစပ်ဖြစ်ပေါ်လာတဲ့ဝါဒ ဖြစ်ပြီး အိပ်မက်ကမ္ဘာကို ဖော်ကျူးလိုတဲ့ ဝါဒဖြစ်တယ်။ အာရာဂွန်ရဲ့ စောစောပိုင်းအမှန်လွန်ဝါဒီကဗျာတွေထဲမှာ လျှို့ဝှက်တိမ်ငုပ်နေတာတွေ အများကြီး ပါသပေါ့။ ဒါပေမယ့် အဲဒီအချိန်ပိုင်းက သူဟာ ကဗျာဆရာထက်စကားပြေ အရေးကောင်းသူ အနေနဲ့ ပိုနာမည်ကြီးတယ်။ အဲဒီအချိန် အတောအတွင်းလောက်မှာပဲ သူကွန်မြူနစ် ပါတီထဲ ဝင်လိုက်ပါတယ်။

သူ့စကားပြေ အရေးအသားတွေထဲမှာ 'ပါရီလယ်သမား'ဝတ္ထု(၁၉၂၆)ဟာ နာမည်ကြီးပါတယ်။ 'ဘာဆဲလ်ခေါင်းလောင်း'(၁၉၃၄)'လှပနေရပ်ကွက်များ'(၁၉၃၆)၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဆန်တဲ့ 'အိုရေယင်' (၁၉၄၄) 'မွန်မြတ်ရက်သတ္တ'(၁၉၅၀) တို့လည်း ထင်ရှားပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ သူစစ်ထဲပြန်ပါသွားပြန်ပါတယ် (၁၉၃၉ - ၁၉၄၀)။ ၁၉၄၀မေလနဲ့ ဇွန်လမှာ ပြင်သစ်စစ်တပ်ကြီး ဘယ်လ်ဂျီယန်ကနေ လွှာမြစ်အထိ ဆုတ်ခွာလာခဲ့ရာမှာ သူ ပါသပေါ့။ ပြင်သစ်ပြည် နာဇီလက်အောက် ရောက်သွားတဲ့အချိန် သူရေးပြီး သတင်းစာ ဂျာနယ်များမှာ ထည့်သွင်းဖော်ပြခဲ့တဲ့ ကဗျာများဟာ အင်မတန်နာမည်ကြီးပါတယ်။ ဂုဏ်သိန်ညှိုးနွမ်းပြီး နွမ်းလျနေတဲ့ ပြင်သစ်ပြည်သူတွေကို နှိုးဆွ လှုံ့ဆော်ပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ စစ်အတွင်းက သူ့ကဗျာတွေကို စာအုပ်နှစ်အုပ်ခွဲပြီး ထုတ်ခဲ့တယ်။ တစ်အုပ်က 'အသည်းကွဲရခြင်း' (၁၉၄၀)၊တစ်အုပ်က'အလ်ဆာရဲ့မျက်လုံးများ'(၁၉၄၂)။ အမှန်လွန်ဝါဒလမ်းကြောင်း ကစွန့်ခွာပြီးတဲ့နောက် အာရာဂွန်ဟာ တိုက်ရိုက် ကဗျာမျိုးဆီ ကူးပြောင်းလာခဲ့ ပါတယ်။ ရံဖန်လည်း အလယ်ခေတ်ပြင်သစ်ကဗျာ ပုံစံမျိုးကို သုံးရဲ့။ သူက သူ့ကဗျာ ကို ပြည်သူတွေရဲ့အသံလို့ ကြွေးကြော်တယ် ဆိုတာတော့ ပြောစရာလို မထင်ပါဘူး။

## လိုင်းလက်များနဲ့ နှင်းဆီများ

အိုအပွင့်ဝေတဲ့ လ အို အသွင်ပြောင်းတဲ့လ
ပိုးတိမ်ကင်းတဲ့ မေ ဓားနဲ့ ထိုးသတ်ခံရတဲ့ ဇွန်
လိုင်းလက်များ နှင်းဆီများကို ငါ မမေ့ဘူးကွယ်
နွေဦးက ပိုက်ပွေ့ထားတဲ့ ပန်းလေးတွေကိုလည်း (မမေ့ဘူး)ကွယ်

ကြေကွဲဖွယ် လှည့်စားချက်ကို ငါ ဘယ်တော့မှ မမေ့ဘူးကွယ်
တပ်ခွဲအော်သံများ လူအုပ်ပြီးတော့ နေ
ဘယ်လ်ဂျီယံရဲ့ လက်ဆောင်မေတ္တာကို တင်ထားတဲ့ တင့်ကားများ
တုန်ခါနေတဲ့ လေ ပျားသံ တည်ညံနဲ့လမ်း
စစ်မတိုင်ခင် အောင်ပွဲခံနေတဲ့ အလျင်စလိုမှု

ထင်းရှူးပင်ရိပ်
သွေးကို နိမိတ်ပြနေတဲ့ ပတ္တမြားအနမ်း
တင့်ကားအပေါက်မှာ ရပ်ရင်း သေဖို့ သွားနေကြသူများ
မှုးရှူးနေတဲ့ ပြည်သူက လိုင်းလက်တွေနဲ့ ပန်းကုံးစွပ်လိုက်လို့

ပြင်သစ်ပြည်ရဲ့ ဥယျာဉ်များကို ငါဘယ်တော့မှ မမေ့ဘူးကွယ်
လွန်ခဲ့တာ ကြာပြီဖြစ်တဲ့ ရာစုနှစ်တို့ရဲ့ ပရိတ်စာအုပ်များလိုပဲ
ညနေခင်းတို့ရဲ့ ရှုပ်ပွေမှု ငြိမ်ဆိတ်ခြင်းရဲ့ စကားထာ
ငါတို့ဖြတ်သန်းလာခဲ့ရတဲ့ လမ်းတစ်လျှောက်က နှင်းဆီများ
ထိတ်လန့်နေတဲ့ လေများကို ပန်းပွင့်တို့ရဲ့ လိမ်လည်စကား
ကြောက်ရွံ့မှုတောင်ပံများနဲ့ ဖြတ်သန်းသွားသူ စစ်သားများ
တယောင်ကတမ်း စက်ဘီးများ သညာလွဲ အမြောက်များ
ဖြစ်သလို စခန်းချသူတို့ရဲ့ သနားစရာ အဝတ်အစား

ဒါပေမယ့် ဘာကြောင့် ဒီ ရုပ်ပုံ တသီတသန်းဟာ ငါ့ကို
ရပ်နားတဲ့ နေရာတစ်နေရာထဲချည့် ပို့ပေးနေလေသလဲ ငါမသိဘူး
စိန့်မာထဲမှာ ဗိုလ်ချုပ်ကြီးတစ်ဦး မှိုင်းညို့ညို့သစ်ရွက်အုပ်
တောစွန်က နော်မန်အိမ်ကလေး
အားလုံး ငြိမ်လို့ ရန်သူဟာ အရိပ်ထဲမှာ နားနေတယ်
အဲဒီညပဲ တို့ကို ပြောကြတယ် ပါရီ လက်နက်ချလိုက်ပြီတဲ့
လိုင်းလက်များ နှင်းဆီများကို ငါဘယ်တော့မှ မမေ့ဘူးကွယ်
ငါတို့ ဆုံးရှုံးခဲ့ရတဲ့ မေတ္တာနှစ်ပါးကိုလဲ (မမေ့ဘူးကွယ်)

ဝထမနေ့ ပန်းစည်းများ လိုင်းလက်များ ဖလန်းဒါးစ် လိုင်းလက်များ
ငါတို့ ပါးများကို သေမင်းက ခြယ်သလိုက်တဲ့ အရိပ်ရဲ့ နူးညံ့မှု
ဦး ဆုတ်ခွာခြင်းရဲ့ ပန်းစည်း အသင်တို့ နူးညံ့ညံ့နှင်းဆီတို့
အဝေးက မီးရဲ့အရောင် အန်ရှုနှင်းဆီများ ['အသည်းကွဲရခြင်း'၁၉၄၀]

အာရာဂွန်နဲ့ အင်မတန်နာမည်ကြီးတဲ့ စစ်ဖွဲ့ကဗျာတစ်ပုဒ်ပါပဲ။ အာရာဂွန်က သူ့ကဗျာဟာ ပြည်သူတွေရဲ့ အသံကို ကိုယ်စားပြုနေတယ်။ သူတို့ရွတ်ဆိုလို့ရမယ့် သူတို့အကြောင်း ကဗျာလို့ ပြောတယ်။ ဒုတိယကမ္ဘာစစ်အတွင်း သူ့ကဗျာတွေကို ပြည်သူတွေ ဖတ်ကြ၊ ရွတ်ကြ၊ ရန်သူကို မုန်းစိတ်မွေး၊ တော်လှန်ရေး စိတ်ဓါတ်မွေးကြတယ်။ ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်သူကို စည်းရုံးရာမှာ အောင်မြင်လှတယ်လို့ ဆိုပါတယ်။ ပြည်သူတွေ ရွတ်ဆိုလို့ လွယ်ကူအောင် ကဗျာကို အပိုဒ်တိုတိုပဲ ခွဲရေးတယ်လို့ အာရာဂွန်က ပြောတယ်။

ကဗျာမှာ ဖေါ်ပြထားတဲ့ နိမိတ်ပုံတွေက မခက်ပါဘူး။ ရှင်းရှင်းလေးပါပဲ။ ကဗျာဆရာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ဘယ်လ်ဂျီယံက ဆုတ်ခွာလာခန်းပေါ့။ ကဗျာရဲ့ သီးမ်ကို ပထမလေကြောင်းပါ အပိုဒ်မှာ ဖေါ်ပြထားတယ်။ ‘လိုင်းလက်’ဆိုတာ နီဖျော့ဖျော့ရောင် (အဖြူလည်းရှိရဲ့) ပန်းတစ်မျိုးပါ။ မေလမှာပွင့်တယ်။ တန်ပြန်ထိုး စစ်ဆင်မယ်ရယ်လို့ ပြင်သစ်စစ်တပ်ကြီး အဲလဘတ်တူးမြောင်းဆီချီတက်သွားတာကို ကြွေးကြော်နှုတ်ဆက်လိုက်ကြတဲ့ ပြင်သစ်ပြည်သူတွေရဲ့ လွဲမှားတဲ့ အားရစိတ်ကို ဒီပန်းနဲ့ သင်္ကေတပြုထားတယ်။ မိုးတွေ လေတွေနဲ့ ကြောက်စရာကောင်းတဲ့ ဇွန်လမှာ ပွင့်တဲ့နှင်းဆီပန်းကတော့ ဒီ ပြည်သူတွေပဲ။ မိမိတို့ တိုင်းပြည်ကြီး ‘ဓားနဲ့ ထိုး သတ်ခံရတာ’၊ မိမိတို့ စစ်သည်တော်တွေ ကျဆုံးကုန်တာမြင်တွေ့ရတဲ့အခါ ကြေကွဲ ဝမ်းနည်းစွာနဲ့ အမှားကိုသိမြင် သဘောပေါက်ရတာကို ကိုယ်စားပြုထားပါတယ်။

ဒီအဖွင့်ပိုဒ်မှာ တင်ပြထားတာကို နောက်အပိုဒ်တွေမှာ ညီညွတ်မှုရှိစွာနဲ့ ရုပ်ပုံလေးတွေ ရေးဆွဲဖေါ်ကျူးသွားတယ်။ ဒုတိယအပိုဒ်မှာ မေလတုန်းက တန်ပြန်ထိုးစစ်ဆင်ပြီး နိုင်ရမယ် အထင်မှားခဲ့ပုံ၊ ‘ကြေကွဲဖွယ် လှည့်စားချက်’ကို ရေးဖွဲ့ထားတယ်။ ရုပ်ပုံလေးတွေ တစ်ခုပြီးတစ်ခု ရေးပြသွားတယ်။ စစ်သားအတန်းကြီးများ၊ လူအုပ်များ၊ အချစ်မေတ္တာကိုတင်ဆောင်ထားတဲ့ တင့်ကားများ (ကောင်မလေးတွေက စစ်သားတွေကို နမ်းရအောင် တင့်ကားပေါ်တက်ကြတာကို ဆိုလိုဟန် တူပါရဲ့) ဘယ်လ်ဂျီယံ ပြည်သူတွေက ပေးကြတဲ့ လက်ဆောင်တွေ၊ ပျားများရဲ့ တစီစီညည်းသံတွေ၊ ပါးပေါ်ပေကျံနေတဲ့ နှုတ်ခမ်းနီဆိုးဆေးတွေ (သွေးကိုနိမိတ်ဖတ်နေတဲ့ ပတ္တမြားတွေတဲ့) တင့်ကား အမိုးပေါက်ဝကနေ လိုင်းလက်ပန်းတွေကြားက ရပ်နေတဲ့ တင့်ကား တပ်သားတွေ။

အဲသလို လွဲမှားစွာ ပျော်မြူးနေကြရာက ကြေကွဲဖွယ် ရှုခင်းအဖြစ် တတိယ

အပိုဒ်မှာ ပြောင်းလဲသွားပါတယ်။ စိတ်ထဲ ရှုပ်နေကြပုံ၊ လျှို့ဝှက်အဓိပ္ပာယ်ဆောင်နေတဲ့ ဆိတ်ငြိမ်မှု၊ 'ကြောက်ရွံ့မှု တောင်ပံများနဲ့' ပြေးလွှားနေကြတဲ့ စစ်သားများ၊ ကြောက်အား လန့်အားနဲ့ အရှူးအမူးစီးပြေးကြတဲ့ စက်ဘီးသမားများ၊ ပစ်ရတိုက်ရမယ့်အစား ထွက်ပြေးနေလေသမို့ အဓိပ္ပာယ် တလွဲဖြစ်နေတဲ့ အမြောက်များ၊ တစ်ညတာ ရပ်နားဖို့ ကိရိယာ မစုံမလင်နဲ့ တဲထိုးစခန်းချနေကြတဲ့ ပါရီက ထွက်ပြေးလာသူဒုက္ခသည်တို့ရဲ့ သနားစရာ ဝတ်စားတန်ဆာ။

ရုပ်ပုံလေးတွေကို ရုပ်ရှင်ပြသလို တစ်ခုပြီးတစ်ခု ပြပြသွားရာက ရုပ်ပုံတန်းဟာ နော်မန်ဒီနယ်၊ အက်ဗရားအနီးက စိန့်မာထဲ ဆိုတဲ့ ကျေးရွာလေးတစ်ရွာမှာ တန့်ရပ်သွားပါတော့တယ်။ အချိန်က ည။ အဲဒီည (၁၉၄၀ ဇွန်လ ၁၄)မှာ ပါရီမြို့တော် ကျဆုံးခဲ့ရတယ်။ ဒီသတင်းကို ရွာမှာခေတ္တရပ်နားစဉ် သိလိုက်ရတဲ့အခါ စစ်သားတွေ ခံစားရပုံကို စတုတ္ထအပိုဒ်မှာ ပေါ်လွင်အောင် ဖေါ်ထုတ်ယူနိုင်တယ်။

နောက်ဆုံးလေးကြောင်းအပိုဒ်မှာ ပထမအပိုဒ်က တင်ပြထားချက်ကိုပဲ ပြန်ဟပ်ထားတယ်။ အပိုဒ်ရှည်ကြီးတွေထဲမှာ ဖေါ်ကျူးခဲ့တဲ့ ရှုခင်းလေးတွေက အပိုဒ်တိုလေးတွေမှာ သင်္ကေတအဖြစ် ကျုံ့ဝင်သွားတာပါပဲ။

ဒီကဗျာထဲက ရုပ်ပုံတွေ အားလုံးဟာ ကျွမ်းဝင်ရင်းနှီးပြီး ပေါ်လွင်ပီသတဲ့ ရုပ်ပုံတွေချည်းနီးနီး ဖြစ်ပေမယ်လို့ မရှင်းမလင်းဖြစ်နေတဲ့ ရုပ်ပုံများလည်းပါတယ်။ ဥပမာ - ဥယျာဉ်တွေကို ရှေးက ပရိတ်ကျမ်းစာအုပ်နဲ့ နှိုင်းယှဉ်ခြင်း။ အဆုံးသတ်နားက 'မေတ္တာနှစ်ပါး'ဆိုတာက ဘာတွေလဲ။ အဆုံးစာကြောင်းမှာ ဘာဖြစ်လို့ 'အန်ရှုနှင်းဆီ'ရယ်လို့ စပ်ရတာလဲ။ ဒါတွေကို ဝေဖန်ရေးဆရာတွေ အမျိုးမျိုးကြံဆကြတယ်။ တစ်ယောက်တစ်မျိုး ဖြစ်နေပြီး စိတ်ကျေနပ်လောက်တဲ့ အဖြေမရဘူး။ ဒါပေမယ့် ဒီလိုချွတ်ယွင်းချက်ကလေးတွင် ရှိပေမယ့် 'လိုင်းလက်များနဲ့ နှင်းဆီများ' လို့ သာမန်အမျိုးသားကဗျာ၊ ပြည်သူ့ကဗျာအဆင့်ကနေ ကွန်တော်တို့ ရာစုနှစ်ရဲ့ စစ်ကဗျာကောင်းတွေထဲမှာ တစ်ပုဒ်စာရင်းသွင်းထားရပါပြီ။

■

# ဂျာမန်ကဗျာ

## ဂျိုတေး

ယိုဟန် ဗိုလဂန်ဖွန် ဂျိုတေး (၁၇၄၉-၁၈၃၂)ဟာ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ သိပ္ပံပညာရှင်ဖြစ်ပါတယ်။ ချမ်းသာတဲ့ အထက် အလတ်တန်းစားမိဘများက မွေးဖွားခဲ့ပါတယ်။ မိဘများက အနုပညာဝါသနာပါပြီး ပညာရေးလိုလားသူတွေပါဘဲ။ သူတို့သားကို ငယ်စဉ်ကအိမ်မှာပဲ ပညာသင်စေတယ်။ သူတို့နေတဲ့ ဖရန့်ကဖုတ်အမ်မိုင်းမြို့ကို ပြင်သစ်က သိမ်းပိုက်လိုက်တော့ ပြင်သစ်ပြဇာတ်ပါ ပါလာတယ်။ ဂျိုတေးလေးဟာ ပြင်သစ်ပြဇာတ်မှာ အင်မတန်စိတ်ဝင်စားပြီး ပိုင်နိုင်သွားတဲ့အတွက်သူအစောဆုံးစမ်းရေးတဲ့ ပြဇာတ်တွေဟာ ပြင်သစ်နဝဂန္ထဝင်ဝါဒ အမျိုးအစားဖြစ်နေပါတော့တယ်။ ၁၆ နှစ်သားအရွယ်မှာ ဖခင်က ဂျိုတေးကို လိုက်ပဇစ်တက္ကသိုလ်မှာ ပညာသင်စေပါတယ်။ ဥပဒေကို သင်တယ်။ သုံးနှစ်သင်ရှိ တဲ့အခါအပြင်းအထန် ရောဂါတစ်ခု ဖြစ်လို့မို့ အိမ်ပြန်လာရတယ်။ အိမ်မှာ လူမမာ အဖြစ်နဲ့ တစ်နှစ်ခွဲနေလိုက်ရတယ်။ ဒီတစ်နှစ်ခွဲအတွင်းမှာ သူအဂ္ဂိယတ်ပညာနဲ့ ဓတုဗေဒပညာများသင်တယ်။ အဲဒီခေတ်က ခေတ်စားနေတဲ့ ဘာသာရေးတက်ကြွမှုတွေဘာတွေဖြစ်တယ်။ အဲဒီနောက်တော့ စထရာစ်ဘုဂ် တက္ကသိုလ်မှာ ဥပဒေ သင်တန်းကို အပြီးသတ်အောင် သင်ယူပါတယ်(၁၇၇၀-၇၁)။ ဒါပေမယ့် သူ့တကယ် ပညာရေးကတော့ ဟာဒါနဲ့တွေ့ရခြင်းပါပဲ။ အဲဒီအချိန်မှာဟာဒါက နဝဂန္ထဝင်ဝါဒရဲ့ 'လုပ်ယူတဲ့' စာပေကို ဆန့်ကျင်တိုက်ခိုက်နေချိန် ဖြစ်တယ်။

နောက် ငါးနှစ်အတွင်းမှာ ဂျည်ထယ်ဟာ သူတို့မြို့မှာပျင်းရိစရာ ရှေ့နေလုပ်ပါတော့တယ်။ ဒီအချိန်မှာ သူစာကလေး ဘာလေးရေးသားထုတ်ဝေဖူးနေပါပြီ။ နာမည်လည်း တဖြည်းဖြည်း ရလာနေပါပြီ။ ကဗျာစရေးတာကတော့ ငယ်ငယ်ကတည်းကပဲ။ သူ့အချစ်ကဗျာလေးတွေဟာ ကျော်ကြားတယ်။ သူကလည်း အချစ်နဲ့ပတ်သက်လာလျှင် ကဗျာဉာဏ် အင်မတန် ရွှင်တယ်။ 'ဖော့စ်လ်'ကို စရေးနေပြီဖြစ်ပေမယ့် မထွက်သေးဘူး။ ၁၇၇၃မှာ'ဂွည်ဇ်ဖွန် ဘာလိရှင်ဂန်'ဆိုတဲ့ ပြဇာတ်တစ်ပုဒ် ရေးလိုက်တာ တခါတည်း နာမည်ကြီးသွားတယ်။ ပြဇာတ်က မအောင်မြင်တဲ့လယ်သမား သူပုန်တစ်ခုမှာ လယ်သမားတွေဘက်က ပါဝင်တဲ့ အလယ်ခေတ်မှူးမတ်တစ်ယောက်အကြောင်းပါပဲ။ နောင်နှစ်မှာ 'ငယ်ရွယ်သူဗာထဲရဲ့ဒုက္ခများ' ဆိုတဲ့စာအုပ်ထွက်ပြန်တယ်။ အောင်မြင်ပြန်တာပါပဲ။ အချစ်ရေးအဆင်မပြေတဲ့နောက်ဆုံးကိုယ့်ကိုယ်ကိုယ် ဦးနှောက်သေနတ်နဲ့ပစ်ပြီး အဆုံးစီရင်သွားရှာတဲ့ လူငယ်လေးတစ်ယောက်အကြောင်း ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ဥရောပတစ်တိုက်လုံး မျက်ရည်ရွှဲသွားစေတဲ့ အလွမ်းဝတ္ထုတစ်ပုဒ်ပါပဲ။ ဂျည်ထယ်က ကိုယ်တွေ့ကို အခြေခံပြီး ရေးဟန်တူပါတယ်။ အဲဒီအချိန်က သူ့မလည်း အလားတူ အလွမ်းဇာတ် ခင်းနေရချိန်ကိုး။ သူက သူရဲ့အောင်မြင်တဲ့ စာတိုင်းဟာ 'ဖြောင့်ချက်တစ်ခုရဲ့ အစိတ်အပိုင်းများ' သာဖြစ်တယ်လို့ ပြောဖူးတယ်။

ဂျည်ထယ်ရဲ့စာပေကို သဘောကျတာနဲ့ ဗိုင်မာရ်နယ်စားလေးက ၁၇၇၅ မှာ သူ့စံနန်းကို ပင့်ဖိတ်လိုက်တယ်။ ဗိုင်မာရ်ဆိုတာ လူဦးရေကလေး ၁၀၀,၀၀၀ လောက်နဲ့ မြို့စားအုပ်ချုပ်တဲ့ နယ်ကလေးတစ်ခုပါ။ မြို့နေလူဦးရေးကဆိုလျှင် ၉,၀၀၀လောက်ပဲရှိမယ်။ ဒါပေမယ့် နယ်စားကလေးက ဂျည်ထယ်လို၊ ဟာဒါလို၊ ရှီလာလို ပညာရှင်တွေ ရုံးစုထားနိုင်တဲ့အတွက် သူ့မြို့ကလေးဟာ ဂျာမနီပြည်ရဲ့ ယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်လာခဲ့ရတယ်။ ဂျည်ထယ်ဟာဆိုလျှင် ဖိတ်လို့ရောက်လာပြီးတဲ့နောက် တစ်ခါတည်း နေပစ်လိုက်တော့တယ်။ အုပ်ချုပ်ရေးမှာ ရာထူးအမျိုးမျိုး ပြောင်းပြီး အမှုထမ်းတယ်။ သူ့အနေနဲ့ ဘဝအတွေ့အကြုံ အသိအမြင်ပိုကျယ်ဝန်းနက်ရှိုင်းလာရပေမယ့် စာပေအထွက်ကတော့ နှေးသွားပါတော့တယ်။ ဆယ်နှစ်လောက်ကြာတော့ ဗိုင်မာရ်မှာ နေရတာပျင်းလာတာနဲ့ အီတလီကို ခရီးထွက်တယ်(၁၇၈၆-၈၈)။ အဲဒီလို ခရီးထွက်ခဲ့ရတာကို 'အီတာလျံခရီး(၁၈၁၆-၁၇)မှာ ဂျည်ထယ်က မှတ်တမ်းတင်ထားတယ်။ ဒီခရီးထွက်ခဲ့ရတာကြောင့် သူ့မှာ စောစောပိုင်းက ဟာဒါရဲ့ ဩဇာဝင်နေတာတွေ ကွာကျပြီး ဂန္တဝင် ဝါဒဘက်ဦးလှည့်

သွားပါတော့တယ်။ ဒီလို ပြောင်းလဲသွားပုံကို အဲဒီအချိန်ပိုင်းလောက်က ရေးတဲ့ ပြဇာတ်တွေမှာ တွေ့မြင်နိုင်တယ်။ နယ်သာလန်က စပိန်ကို တော်လှန်ပုံရေးထားတဲ့ စကားပြေပြဇာတ် 'အဲဂမွန့်တ်'(၁၇၈၈)ဟာ အကူးအပြောင်းလက္ခဏာတွေပြနေပြီ။ 'တောင်ရိစ်က အိဖိဂဲနိယာ'ကို စောစောပိုင်းက စကားပြေနဲ့ရေးပြီးဟာကို ၁၇၈၇မှာ ဂန္တာဝင်ကဗျာပြဇာတ်အဖြစ် ပြင်ရေးပါတယ်။ 'တော်ကတာတာဆို'(၁၇၉၀)ကလည်း အဲသည့် ပုံစံမျိုးပါပဲ။ ၁၇၉၀မှာ သူ့ တစ်ဘဝတာ ကြိုးပမ်းချက်ဖြစ်တဲ့ 'ဖော့စ်တ်'၊ တစ်စိတ်တစ်ပိုင်းလည်းထွက်လာပါတယ်။ 'ဖော့စ်တ်'အပြည့်အစုံကိုတော့ နောင်များမှ ထုတ်နိုင်ပါတယ်။ အပိုင်း၁ကို ၁၈၀၈မှာ၊ အပိုင်း၂ကို ၁၈၃၂မှာ။

အီတလီက ပြန်လာပြီးနောက် ဗိုင်မာရ်မှာ သူ့ဘဝမှာ ထူးထူးခြားခြား မရှိလှပါဘူး။ အစိုးရတာဝန်တော်တော်များများက အနားယူလိုက်တယ်။ အစိုးရပြဇာတ်ကိုတော့ ဆက်လက်ညွှန်ကြားခဲ့တာ ၂၅နှစ်ကျော်ကျော်ပါပဲ။ ၁၇၉၄ကစပြီး ခင်မင်ခဲ့ရတဲ့ ရှီလာဟာ ၁၈၀၅နှစ်မှာ ဆုံးသွားတယ်။ ၁၈၁၆မှာ ခရစ်တယန်ဖုလပိယုစ်နဲ့ ဂည်ထယ်လက်ထပ်လိုက်တယ်။ ၁၇နှစ်ကြာပြီဖြစ်တဲ့ ကိစ္စတစ်ရပ်ကို တရားဝင်မှုရယူလိုက်ခြင်းမျှသာပါ။ ဂည်ထယ်ရဲ့ နောက်ပိုင်းနှစ်များမှာတော့ သူဟာ လောကနဲ့အဆက်ပြတ်ပြီး အထီးကျန်ဖြစ်နေရသလိုပဲ။ တန်းတူရည်တူ ပေါင်းသင်းနိုင်မယ့်သူက မရှိတော့ မိတ်ဆွေရယ်လို့ မရှိတော့ဘူး။ လူသိတော့များပါရဲ့၊ ကြည်ညိုကြပါရဲ့၊ ကျော်ကြားပါရဲ့။ ပေါင်းသင်းစရာမရှိဘူး။ သူ့ခေတ်ပြိုင်တွေက သူဟာ'သူကိုယ်တိုင်မပေါက်ရောက်နိုင်တဲ့အမြင့်တစ်ခုကနေ ကျူပ်တို့ကိစ္စလေးတွေကို ငုံ့ကြည့်နေ'သူရယ်လို့ ဝေဖန်ကြတယ်။

သူ့နောက်ပိုင်း အနှစ်လေးဆယ်ဟာ ဖန်ဆင်းမှုအား အင်မတန်ကောင်းခဲ့ပါတယ်။ ဝတ္ထုရှည်တွေ၊ ကဗျာဝတ္ထုတွေ ထွက်လာတယ်။ မသေခင် အနှစ်၂၀မှာ သူကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို အပိုင်းပိုင်းခွဲပြီး ရေးခဲ့တယ်။ ခေါင်းစဉ်က 'ငါ့ဘဝမှာ ကဗျာနဲ့ အမှန်တရား'ပါတဲ့(၁၈၁၁-၃၃)။ ၁၈၁၉မှာ ပါရှန်ကဗျာကို လေ့လာရာက စျာန်ဝင်လာပြီး လီရိက ကဗျာတွေ တသီတတန်းကြီး ထွက်လာပါတယ်။ ဂည်ထယ်ကို အကြီးမားဆုံးလီရိက ကဗျာဆရာတစ်ဦး ဖြစ်စေတဲ့သီချင်းသွေးကြောဟာ သူငယ်စဉ်ကနေ စီးဝင်ခဲ့တာ နောက်ဆုံး သေတဲ့ချိန်ထိ ဆိုရလိမ့်မယ်။ မသေခင် လအနည်းငယ် အတွင်းမှာမှ အပြီးသတ်ခဲ့တဲ့ 'ဖောစ်တ်'အပိုင်း ၂က အလှပဆုံး အပိုင်းများဟာ လီရိက ကဗျာတွေ ဖြစ်နေပါလေရဲ့။

သူ မသေခင် အစောကြီးကပဲ ဂျည်ထယ်ကို ဂျာမနီမှာရော ပြင်ပကမ္ဘာမှာပါ ကမ္ဘာ့စာပေရဲ့ ထိပ်တန်းစာရင်းဝင် တစ်ဦးအဖြစ် အသိအမှတ် ပြုထားခဲ့ကြပါပြီ။ အဲဒီ 'ကမ္ဘာ့စာပေ'ဆိုတဲ့ ဝေါဟာရကိုလည်း သူပဲ တီထွင်ခဲ့တာဖြစ်တယ်။ သူ့စာတွေကို စကော့လို၊ ကာလိုင်းလို၊ နယ်ရဗာလ်လို ပုဂ္ဂိုလ်တွေက ဘာသာပြန်ကြတယ်။ ယဉ်ကျေးတဲ့ ကမ္ဘာတစ်ဝန်းလုံးမှာ ဖတ်ကြတယ်။ နောက်ပိုင်းခေတ် ပေါ်ပေါက်တဲ့ စာရေးဆရာတွေထဲမှာ ဟိုးမား၊ ဒန္တေ၊ ရှိတ်စပီးယားတို့ ထိပ်သီးအတန်းအစားထဲ စိတ်ချလက်ချ သွတ်သွင်းနိုင်တာ သူတစ်ယောက်ပဲ ရှိသေးတယ်လို့ အများကပဲ သဘောတူထားကြပါတယ်။

**မိတ်ဆွေစစ်**

**မင်းအမျိုးသမီးရဲ့ အနမ်းများက ဖြတ်လိုက်စမ်းပါတဲ့၊**

**တစ်နေ့တော့ ငါ့ကို ငါ့အဆွေက ပြောတယ်။ မြူဆွယ်တဲ့ သူ့အကြည့်၊**

**ဖောက်ထွင်းတဲ့ သူ့မျက်လုံး၊ တောက်ပတဲ့ သူ့အသားအရေ၊**

**သွယ်လျတဲ့ သူ့ကိုယ်ဟန်၊ ကြည့်နူးစဖွယ် သူ့စကားတွေနဲ့**

**သူ မင်းကို ရူးသွပ်သွားအောင် ဖန်တီးလိမ့်မယ်နော။**

**ဒါပေမယ့် ဘယ်လောက်ထိ ငါမင့်ကို ခင်တယ်ဆိုတာ ပြတဲ့အနေနဲ့**

**သူ့ဆီ ပြန်လည်မယ့်စိတ် မင့်မှာ ကုန်သွားအောင် ငါလုပ်ပေါ့မယ်**

**သင်းကလေးရဲ့ အချစ်ကို ငါပဲ ရယူလိုက်တော့မယ်လေ။**

ဂျည်ထယ်ငယ်နုစဉ်က ရေးတဲ့ အချစ်ကဗျာတစ်ပုဒ်ပါပဲ။ ဒီလို အချစ်ဖွဲ့ကဗျာလေးတွေကြောင့် သူဟာ နာမည်ကြီးလှတယ်။ ပြင်သစ်ဩဇာ လွှမ်းနေတဲ့ အချိန်ဖြစ်လေတော့ ဒီကဗျာကို ပြင်သစ်လို ရေးထားတယ်။ (ဂျည်ထယ်ဟာ အင်္ဂလိပ်လိုလည်း ရေးသေးတယ်) ရေးထားပုံက ရှင်းရှင်းလေးမို့ နားမလည်စရာမရှိပါဘူး။ တစ်နေ့ သူငယ်ချင်း တစ်ယောက်က ဂျည်ထယ်ကို လာပြောတယ်။ 'သူငယ်ချင်းရာ မင့် ကောင်မက ဒုက္ခပေးလှတယ်၊ ဖြတ်လိုက်စမ်းပါ'တဲ့။ 'သူဟာ သူရဲ့အလှ၊ သူ့အပြော တွေနဲ့ မင့်ကိုရူးအောင် လုပ်နေတာပဲ။ ဒါပေမယ့် မင်းကဒီလိုပြောလို့ ရမယ့်ကောင် မဟုတ်ဘူး။ တစ်နေ့သူ့ဆီပြန်လည်နေမှာပဲ။ အဲဒီတော့ မင်းသူ့ဆီပြန်လည်မယ့် မျှော်လင့်ချက် ကုန်သွားအောင် ငါလုပ်မယ်။ သူ့ကိုငါပဲ

ထင်းရှူးပင်ရိပ်
ချစ်လိုက်တော့မယ်'တဲ့။ တကယ်တော်တဲ့ 'မိတ်ဆွေစစ်'ပဲလား၊ 'တယ်တော်တဲ့ မိတ်ဆွေ'လား စဉ်းစားကြပါဖို့။

❖

**ပရော်မီသယပ်စ်**

ရေခိုးငွေ့ မိုးတိမ်တွေနဲ့
သင့်ကောင်းကင်ကို လွှမ်းလိုက်ပ၊ ဇေအုငဲ့၊
ဆူးလေပင် ထိပ်အညွန့်လေးများကို ချိုးဖဲ့နေတဲ့
ကလေးငယ်လေးရဲ့ ပမာ
ဝက်သစ်ချပင်များ၊ တောင်ထိပ်များမှာ အစွမ်းပြလိုက်ပါ့။
ငါ့ကမ္ဘာမြေကို တည်တံ့လျက်ပဲ
သင် ငါ့ဆီထားရစ်ရမှာပါ၊
ပြီး သင်မဆောက်တဲ့ ငါ့တဲကုပ်လေးရယ်၊
ငါ့ မီးဖိုလေးရယ်ပေါ့၊
ဒီ(မီးဖို)ရဲ့ ပူနွေးတဲ့ အလင်းအတွက်ပဲ
သင်ငါ့ကို မနာလို ဝန်တိုခဲ့တယ်လေ။

သင်တို့ နတ်ဒေဝါများထက် နေအောက်မှာ
သနားဖွယ်ကောင်းတဲ့အရာ ငါ မသိဘူး။
ပူဇော်ပသတဲ့ အရာတွေ
ရှိခိုးသံ လေတိုးတိုးတွေနဲ့သာ
မိမိတို့ရဲ့ ခံ့ညားမှုကို
ဆင်းရဲမွဲတေစွာ သင်တို့ အစာကျွေးနေကြရတယ်၊
ကလေးများ၊ သူတောင်းစားများသာ
မျှော်လင့်ချက် အပြည့်နဲ့ အမိုက်အမဲများ မဟုတ်ခဲ့ရင်
သင်တို့ငတ်ပြတ်ကုန်ကြမှာပဲ။

ငါကလေးငယ်လေးဘဝ
ဘယ်ဘက် မျက်နှာမူရမှန်း မသိစဉ်က၊

ငါရဲ့ လမ်းမှားနေတဲ့ မျက်လုံးများကို နေဆီ
မော်ခဲ့ဖူးတယ်၊ အဲဒီတစ်ဖက်အထက်ဆီမှာဖြင့်
ငါ့ ညဉ်းတွားချက်ကို ကြားလေမယ့် နားတစ်နား၊
ဒုက္ခရောက်နေစဉ် ငါ့ကို သနားလေမယ့်
ငါ့ နှလုံးသားလို နှလုံးသာတစ်ခု ရှိမယ့်အတိုင်းပ။

မာနခဲ တိတန်တို့နဲ့ ယှဉ်ရစဉ်
ငါ့ကိုဘယ်သူ ကူညီခဲ့သလဲ။
ငါ့ကိုသေခြင်းက၊ ကျေးကျွန်ဘဝက
ဘယ်သူ ကယ်တင်ခဲ့သလဲ။
ဒါ အားလုံးကို မင်းပဲရွက်ဆောင်ခဲ့တာ မဟုတ်လား၊
မြင့်မြတ်တောက်ပတဲ့ ငါ့နှလုံးသားငဲ့။
ငယ်နုစဉ် စေတနာနဲ့ပဲ မှားယွင်းခဲ့ရာ
မင်းရဲ့လွတ်မြောက်မှုအတွက် အဲဟို အထက်က အိပ်ပျော်သူဆီ
ကျေးဇူးတင်စိတ်နဲ့ မင်း ဝင်းပခဲ့ပြီ မဟုတ်လား။

ငါ သင့်ကို ဂုဏ်ပြုရမယ်လား။ ဘာ့ကြောင့်။
ငါ့ကို ဖိစီးလာလေတဲ့
ပူဆွေးသောကကို သင် ငြိမ်းအောင် လုပ်ဖူးလို့လား၊
ငါရဲ့ ကြောက်ရွံ့နေတဲ့ မျက်ရည်များကို
သင်က ခြောက်သွေ့စေဖူးလို့လား။

ငါ့ကို လူသားအဖြစ်သို့ ထုသွင်းခဲ့တာက
အနန္တတန်ခိုးရှင် အချိန်နဲ့
ထာဝရတည်သူ ကံတရားတို့ မဟုတ်လား။
ငါ့ရဲ့သခင်၊ သင်ရဲ့သခင်လေ။

ငါ့အိပ်မက်တွေ အကုန်ရင့်ကျက်ပွင့်ဝေ

ထင်းရှူးပင်ရိပ်
မလာလေတော့
ငါဟာဘဝကို မုန်းစရာလို့ မြင်နေမယ်၊
ကန္တာရများဆီ ထွက်ပြေးလိမ့်မယ်လို့
သင်က ထင်များထင်နေလေရော့လား။

ငါဒီမှာ ထိုင်လို့၊ ငါ့ရုပ်ပုံအတိုင်း
လူသားတွေကို လုပ်နေတယ်၊
ငါနဲ့တူမယ့် အမျိုး၊
ဒုက္ခခံစား၊ ငိုယို၊
ပျော်ရွှင်တတ်၊ ကြည်နူးတတ်၊
သင့်ကို ဂရုစိုက်မယ် မဟုတ်တဲ့ အမျိုးလေ၊
ငါလိုပေါ့။

ပရော်မီသယပ်စ် အကြောင်းကိုတော့ ရှယ်လီနဲ့ ကဗျာမှာတုန်းက ဖတ်ခဲ့ကြရပါပြီ။ အခုလည်း ဂည်ထယ်က ဖွဲ့ပြန်ပါပြီ။ ကဗျာကို ဖွဲ့ပုံက လက်ာလွတ်ပုံစံဖြစ်ပါတယ်။ ကာရန်မပါဘူး၊ အသံစနစ်ကို အသေမထားဘူး။ ဒါပေမယ့် အင်မတန်သဒ္ဒါလင်္ကာရ မြောက်တဲ့အတွက် ဂီတသံသွင်းတဲ့ သူက သွင်းဖူးရာမှာ နာမည်ကျော်သွားပါတယ်။ အကြောင်းအရာကတော့ ရှယ်လီလိုပဲ ပရော်မီသယပ်စ်က ဒေဝထံကြိမ်ပကား ဟန်ပါပဲ။

'ဇေအု'ဆိုတာ ဂရိရောမတို့ရဲ့ ဒေဝဘုရားသခင်ပါပဲ။ စစချင်း ဒေဝသခင်ကို ခေါ် လိုက်တယ်။ ဒေဝသခင်ဆိုတာ လောကအားလုံးကို ဖန်ဆင်းသူ၊ ပြုပြင်စီရင်နေသူ ဖြစ်လေတော့ မိုးတိမ်တွေ ရွေ့နေတာ၊ သစ်ပင်ထိပ် တောင်ထိပ်များမှာ လေတိုက် လှုပ်ရှားနေတာဟာလည်း ဒေဝသခင်ရဲ့ လက်ရာပဲဖြစ်ပါတယ်။ ဒီလိုဒေဝသခင် သစ်ပင်ထိပ် တောင်ထိပ်တို့မှာ လေတွေ ဝှေ့ယမ်းခြင်းဖြင့် အစွမ်းတော်ပြနေပုံကိုပဲ ကလေးငယ်က ဆူးလေပင် ထိပ်ဖျားလေးတွေ ဖဲ့ဆိတ်ဆော့ကစားနေတာနဲ့ နှိုင်းပစ်လိုက်တာကတော့ ရက်စက်လွန်းပါတယ်။ ဒေဝကိုယ်တော်မြတ်ခမျာ အတော်ကို 'သေးငယ်'သွားရပါတော့တယ်။ ပြီးတော့ ဆက်ပြောတယ်။ သင် ဘယ်လောက်ပဲ အစွမ်းပြပြ၊ ဒီကမ္ဘာမြေကိုတော့ ငါ့ဆီက သင်ယူသွားနိုင်မယ် မဟုတ်ဘူးတဲ့။ ပြီး ကမ္ဘာမြေရဲ့ ချစ်ဖွယ်ကောင်းပုံကို တဲကုပ်ကလေးနဲ့ မီးဖိုလေးနဲ့ ရေးခြယ်ပြလိုက်တယ်။

တကယ်ကို လူပီပီ နေချင်စရာကောင်းသွားပါတော့တယ်။ ဒီတဲကုတ်က ပူနွေးနွေး မီးဖိုကလေးကိုပဲ ဒေဝက မနာလိုဝန်တို ဖြစ်တော်မူပါသတဲ့။

ဒေဝတို့ နတ်တို့ဆိုတာ တကယ်တော့ သနားစရာတွေပါ။ နေအောက်မှာ (ဗမာလိုတော့ 'တစ်မိုးအောက်မှာ')သူတို့လောက် သနားစရာကောင်းတာ မရှိတော့ဘူး။ သူတို့ဟာ လူတွေက ပူဇော်ပသမှု၊ ဆုတောင်းရှိခိုးမှုကြောင့်သာ ကြီးမြတ်ခမ်းနားနေတာ ဖြစ်တယ်။ အမိုက်အမဲ ကလေးငယ်တွေ၊ ခိုကိုးရာမဲ့နေတဲ့ သူတောင်းစားတွေသာ အသိပညာပွင့်လင်းသွားကြလျှင် သူတို့ကို ကိုးကွယ်တော့မှာ မဟုတ်လို့ ကြီးကျယ်ကြတော့မှာ မဟုတ်ဘူး။

ကလေးတွေဟာ အမိုက်အမဲ ပညာမဲ့ကြသူများမို့ နတ်တို့ ဒေဝတို့ကို ရှိခိုးကြတယ်လို့ အထက်အပိုဒ်မှာ ပြောခဲ့တာကို သူ့ကိုယ်တွေ့နဲ့ ယှဉ်ပြီးပြောပြတယ်။ သူလည်း ငယ်စဉ်ကဘာကိုယုံလို့ ဘယ်လိုလောကကိုမြင်ရမယ်ဆိုတာ မသိတတ်ခင်က နေမင်းရှိရာ မိုးပေါ်မော့ကြည့်ဖူးတယ်တဲ့။ သြော် နေရဲ့ ဟိုးတစ်ဖက်အထက်ဆီမှာ (ကောင်းကင်ဘုံမှာ)ဖြင့် ငါ့ဒုက္ခဖြစ်စဉ် ငိုယိုသံကို နားထောင်နေမယ့် နားတော်ရှင်၊ ငါ ဒုက္ခရောက်နေတာကို စာနာမယ့် နှလုံးတော်ရှင် ဒေဝသခင် ရှိပေတယ်လို့ ထင်ခဲ့ဖူးတယ်တဲ့။ ကဗျာဆရာလေးက သူ့ကိုယ်တိုင်ရဲ့ နှလုံးသားဟာ စာနာတတ်တော့ ဒေဝရဲ့ နှလုံးသားလည်း စာနာတတ်လိမ့်မယ်လို့ ထင်ခဲ့တယ်။

ဒါပေမယ့် တကယ်မှာတော့ သူ တင်စားခဲ့သလို ဖြစ်မလာပါဘူး။ ရန်သူတွေနဲ့ ယှဉ်ရစဉ်မှာ ဘယ်သူမှ သူ့ကို မကူပါဘူး။ ရန်သူတွေ ပစ်သတ်မခံရအောင်၊ ကျွန်ပြုမခံရအောင် ဘယ်သူကမှ မကယ်ခဲ့ဘူး။ သူ့ ဟာသူပဲ တိုက်ရ ခုခံကာကွယ်ခဲ့ရတာပါ။ ဒီအကြောင်းကို သူ့နှလုံးသား သူပြန်မေးတဲ့ပုံ၊ သက်သေထူနေပုံမျိုး ရေးထားတယ်။ လူ့စိတ်ဆိုတာ မှားတဲ့အခါ မှားတတ်တဲ့အတိုင်း သူ မှားယွင်းမိစဉ် အမှားဒဏ်က လွတ်မြောက်ရတော့ သူ့နှလုံးသားဟာ ဒေဝကို ကျေးဇူးတင်ခဲ့မိသေးတယ်။ တကယ်က ကိုယ့်ဟာကိုယ်မှား၊ ကိုယ့်ဟာကိုယ် ပြင်လိုက်တာပါ။ ဘယ်ဒေဝမှ ကယ်လိုက်တာ မဟုတ်ပါဘူး။

ဒီတော့ ဒီဒေဝကို ဘာလို့ ကိုးကွယ်ဦးမလဲ။ ပူဆွေးသောကကိုလည်း ငြိမ်းအေးရအောင်လုပ်မပေးစဖူး။ ကြောက်ရွံ့မှုကိုလည်း ဖြေဖျောက် မပေးစဖူး ပါဘူး။ လူသားအဖြစ် ဖန်ဆင်းပေးလိုက်တာကလည်း ဒေဝမဟုတ်ပါဘူး။ အချိန် ကာလနဲ့ ကံတရားပါ။ (ဒီနေရာဆီလျော်အောင် 'ကံ'လို့ ဆိုလိုက်ရပေမယ့် ဗုဒ္ဓ ဘာသာတို့ရဲ့ ကံကိုပြောတာ မဟုတ်ပါဘူး။ အစီအစဉ်မရှိ ဖြစ်ပျက်နေတဲ့ သဘာဝ ကို

ပြောတာပါ။ နိယတိလို့ ခေါ်တယ်။)

ပရော်မီသယပ်စ်ရဲ့ စိတ်ကူးအိပ်မက်တွေဟာ အကောင်အထည် ပေါ် မလာဘူး။ ဒါကြောင့် သူဟာဖြင့် ဘဝကိုမုန်းနေပြီ၊ ဘဝကထွက်ပြေးတော့မယ်လို့ တော့ မထင်လိုက်နဲ့။ သူဟာ ဘဝကိုပဲ ဖက်ပွေ့နေမယ်။ ဘဝရဲ့ ဒုက္ခကို ရင်ဆိုင်မယ်။ ငိုစရာရှိငို၊ ပျော်စရာရှိ ပျော်မယ်။ ဒေဝကိုလည်း ဂရုမစိုက်ဘူး။ သူ့အခုလို ဘဝကို ဖက်ပွေ့နေထိုင်သလို နေထိုင်မယ့် လူသားတွေကို ဖန်ဆင်းနေမယ်တဲ့။ ဒီနေရာမှာ ကဗျာဆရာဟာ ပရော်မီသယပ်စ် ပါးစပ်ကနေ သူ့အမြင်တွေကို တင်ပြနေတာပါ။ ပရော်မီသယပ်စ်ဆိုတာ ကဗျာဆရာပါပဲ။ နောက်ဆုံးအပိုဒ်ကို ကဗျာဆရာအနေနဲ့ ပြောတာဆိုလျှင်တော့ သူဟာ သူ့လို လူသားလေးတွေ မွေးထုတ်နေမယ်လို့ ပြောတာပဲပေါ့။

## ရောမညည်းချင်းများမှ

ဂန္ဓဝင် မြေပေါ်မှာ ငါ အခု ဝမ်းမြောက်ဖိခြင်း၊ ရွှန်ဝင်ဖိခြင်း၊
အတိတ်နဲ့ ပစ္စုပ္ပန်တို့က ငါ့ကိုပိုပီပြင်စွာ၊ ပိုလှပစွာ စကားဆိုကြလေတယ်၊
ဒီမှာ၊ ငါ့ကို အကြံပေးကြတဲ့အတိုင်း၊ အလုပ်ရှုပ်တဲ့လက်၊ နေ့စဉ် သစ်လွင်တဲ့
ပီတိနဲ့၊ ရှေးသူမတို့ရဲ့ လက်ရာများကို ငါ လှန်လှောမိတယ်၊
ဒါပေမယ့် ညမှာတော့ မြားနတ်မောင်က ငါ့ကို တစ်မျိုး အလုပ်ရှုပ်စေရဲ့၊
ငါဟာ တစ်ဝက်ပဲ သုတေသီ ဖြစ်နိုင်တော့တယ်၊ ဒါပေမယ့် နှစ်ဆ ရွှင်မြူးရရဲ့၊
နို့၊ သူလေးရဲ့ လှပတဲ့ရင်သားနဲ့ သဏ္ဌာန်ကို လေ့လာကာ၊ တင်ပါးမှာ
လက်ကို လျှော့သပ်ရတာကကော ပညာရှာမှီးခြင်း မဟုတ်ဘူးလား၊
အဲဒီတော့မှ ငါ ကျောက်သားအကြောင်း ပိုကောင်းကောင်း
နားလည်ရတယ်၊ ဆင်ခြင်ရင်း၊ နှိုင်းယှဉ်ရင်း၊
ငါဟာ တွေ့သိတဲ့ မျက်လုံးနဲ့ မြင်၊ မြင်တတ်တဲ့ လက်နဲ့ တွေ့သိလာရတယ်၊
ငါ့ချစ်သူက နေ့ပိုင်း အချိန်အချို့ကို ငါ့ထံမှ လုယူခဲ့သမျှ၊
လျော်ကြေးအဖြစ်နဲ့ ညပိုင်းအချိန်များ ငါ့ကိုပေးပါတယ်၊
ငါတို့ဟာ နမ်းလို့ပဲ အချိန်ဖြုန်းနေကြတာတော့ မဟုတ်ပါဘူး၊

တချို့ကိုအဓိပ္ပာယ်ရှိ စကားများနဲ့ (ကုန်လွန်စေပါတယ်)။

သူ့ကိုအိပ်ခြင်းက အနိုင်ယူသွားတဲ့ခါ၊ ငါက လဲလျောင်းပြီး တွေးနေမိပါတယ်။

မကြာခဏလည်း ငါဟာသူ့လက်ထဲမှာနေရင်း ကဗျာစပ်ခဲ့ဖူးပါရဲ့။

ညင်သာသာ၊ တရွရွလက်ကလေးနဲ့ သူ့ကျောပြင်ပေါ်မှာ ဆဋ္ဌပါဒ

ဂိုဏ်းကို ရေတွက်နေခဲ့ဖူးရဲ့။ လှပစွာအိပ်ပျော်ရင်း သူ အသက်ရှူသွားရာ

သူ့ ထွက်သက်လေဟာ ငါ့ကိုယ်ထဲ လောင်ကျွမ်းသွားပြီး

ငါ့နှလုံးသားထဲ စိမ့်ဝင်သွားတော့တယ်။

မြားနတ်မောင်က ဆီမီးကို ညှိပေးနေရင်း အတိတ်ဆီကလည်း

ဒီလိုပဲ အချစ်ကဗျာ ဘုရင်သုံးပါးကို လုပ်ပေးခဲ့ဖူးတာ တွေးနေရဲ့။

ဂုည်ထယ်ဟာ ၁၇၈၆မှာ အီတလီကို အလည်အပတ် သွားတယ်၊ နှစ်နှစ်ကြာခဲ့တယ်။ အီတလီက ပြန်ရောက်တော့ ခရစ်တီယာန် ဖူလပိယုစ်ဆိုတဲ့ မိန်းကလေးတစ်ဦးနဲ့ အတူနေတယ်။ အတည်တကျလင်မယားအဖြစ်တော့ မဟုတ်ဘူး။ သည်လို သူတို့နှစ်ယောက် နေထိုင်ကြပြီးတဲ့နောက်မှာ သူ့အီတလီခရီးကို အခြေခံ ပြီး 'ရောမညဉ်းချင်းများ'ကို ရေးပါတယ်။ ဒီကဗျာမှာ ဂုည်ထယ်ဟာ သူ ရောမမှာ လည်လို့ပတ်လို့ ရခဲ့တဲ့ ကြည်နူးမှုနဲ့ အခုချစ်သူလေးနဲ့အတူ နေရလို့ အသစ်ရရှိတဲ့ ချမ်းသာမှုနှစ်ခုကို ပေါင်းစပ်ပြီး ရေးဖွဲ့ဖော်ကျူးလိုက်တယ်။ ဒါကြောင့် ဒီကဗျာဟာ အင်မတန်ကောင်းပြီး အင်မတန်နာမည်ကြီးတယ်။ ဂုည်ထယ်အဖို့ အီတလီကို အလည်သွားလိုက်ရခြင်းဟာ သူ့ဘဝလမ်းကြောင်းမှာ 'ကွေ့'တစ်ခု ရောက်သွားသလို ပါပဲ။ လူအမြင်၊ အနုပညာအမြင်တွေ ပြောင်းလဲသွားတယ်။ ဒီလိုပြောင်းလဲလာရခြင်းရဲ့ အသီးအပွင့်က ဒီ'ရောမညဉ်းချင်း'လေးတွေပါပဲ။ ဒီကဗျာတွေမှာ သူက ဂျာမန် မဆန်တဲ့ ကဗျာဟန် စာဟန်တွေကို သုံးလိုက်တယ်။ လာတင် ကဗျာဆရာတွေ ရဲ့ ဟန်နဲ့နည်းကို စမ်းသပ်သုံးကြည့်တယ်။ ဘမသိ ဘုမသိ တမ်းတာလွမ်းတာမျိုး နေရာမှာ အာရုံခံစားမှုသဘော ကာမဂုဏ်ဆန်တဲ့ သဘောတွေကို ရွံ့နေခြင်းမရှိ ရဲရဲသုံးပစ်လိုက်တယ်။ ဂျာမနီပြည်ရဲ့ တောင်တွေ၊ ရေတံခွန်တွေ၊ နှင်းတွေရဲ့ နေရာမှာ ခရစ်ယာန်မတိုင်မီ မြေထဲပင်လယ်ဒေသရဲ့ တောက်ပတဲ့ နေရောင်နဲ့ ပီပြင်ပြတ်သားတဲ့ရုပ်ပုံတွေကို သုံးလိုက်တယ်။ ဒီလိုနည်းကို ဂုည်ထယ်ဟာ ဆယ်နှစ်လုံး ပြောင်မြောက်စွာ သုံးလာခဲ့ပါတော့တယ်။

အခုတင်ပြထားတဲ့ ညဦးချင်းက 'ရောမ ညည်းချင်းများ'ထဲကနံပါတ် ၅ဖြစ်ပါတယ်။ ခက်ခက်ခဲခဲ သိပ်ရှိလှမယ် မဟုတ်ပါဘူး။ ရိုးရိုးစင်းစင်းပါပဲ။ ရောမမြို့ကို ရောက်နေပုံ ရေးဖွဲ့ထားတယ်။ ချစ်သူကလည်း အတူပါလာသလိုပဲ။ ဒါပေမယ့် ဒါဟာ ကဗျာစိတ်ကူးပါ။ စောစောက တင်ပြပြီး ဖြစ်တဲ့အတိုင်း ရောမမြို့ရောက် ပီတိနဲ့ပြန်လာမှရတဲ့အိမ်ထောင်ရေး ပီတိကို နောက်မှ ရောယှက်ရေးစပ်ခြင်းဖြစ်တယ်ဆိုတာ သတိပြုပါ။ ရေးထားပုံကတော့ -

ဂန္တဝင်စာပေထွန်းကားရာ ရောမမြို့ကို ရောက်လာရလို့ သူပီတိဖြစ်ရတယ်။ အလျင်က အဝေးကသာ ဖတ်ဖူး ကြားဖူးတဲ့ ရှေးခေတ် ယဉ်ကျေးမှုအကြောင်း၊ ခုခေတ်ရောမအကြောင်းတွေကို ခုမှလက်တွေ့မြင်တွေ့ရတာမို့ ပိုမိုနားလည်သဘောပေါက်လာရတယ်။ ရောမရောက်လျှင် နှံ့စပ်အောင်လည်းပြီး လေ့လာလို့ မှာလိုက်ကြတဲ့အတိုင်း သူဟာလက်မလည်အောင် ကြည့်ရှုမှတ်သားတယ်။ အဆောက်အဦးတွေ နေရာတွေ လျှောက်ကြည့်လေ့လာတာကိုပဲ စာအုပ်'လှန်လှောကြည့်'သလို တင်စားရေးဖွဲ့ထားတယ်။ တစ်နေ့ကို နေရာအသစ်တစ်ခုဆီ ရောက်ရတာမို့ ပီတိအသစ်နဲ့ နေ့စဉ်ကြုံရတယ်။ အဲသလိုနေ့မှာ ရှာဖွေလေ့လာမှုနဲ့ အလုပ်ရှုပ်ရင်းက ညမှာတော့ ချစ်ရေးကိစ္စအလုပ်ရှုပ်ရပြန်တယ်။ နေ့မှာလိုသုတေသီလုံးလုံးမဖြစ်နိုင်တော့ဘူး။ တစ်ဝက် သုတေသီပဲ ဖြစ်နိုင်တော့တယ်၊ ဒါပေမယ့် ရရှိတဲ့ ကြည်နူးမှုကတော့ နေ့မှာ ရောမမြို့ပေါ် လျှောက်လည်ရတဲ့ ကြည်နူးမှုထက် နှစ်ဆဖြစ်ပါသတဲ့။ တစ်ဝက်သုတေသီဆိုတဲ့အတွက် ဘာ သုတေသနလုပ်တာတုန်းမေးလျှင်ဖြင့် သူ့ချစ်သူရဲ့ ရင်သားလှလှလေးတွေရဲ့ သဏ္ဌာန်ကို ကိုယ်တွယ်လေ့လာကြည့်တယ်။ တင်ပါးလုံးလုံးလေးတွေကို လက်နဲ့လျှောက်သပ်ကြည့်တယ်။ ဒါ ပညာရှာမှီးခြင်းပါပဲ။ ဒီလိုလူအစစ်ရဲ့ ကိုယ်ခန္ဓာကို ကိုယ်တွယ်လေ့လာလိုက်တော့မှ ရောမမြို့မှာ တွေ့ရတဲ့ ကျောက်ဆစ်ရုပ်တုတွေရဲ့ သဘောကို ပိုပြီးနားလည်သွားရပါတော့တယ်တဲ့။ အဲဒီလိုပွတ်သပ်ရင်းဆင်ခြင်၊ တစ်ခုနဲ့တစ်ခု နှိုင်းယှဉ်ကြည့်တဲ့အခါကျတော့မှ တွေသိမျက်လုံး(လက်)နဲ့ ရှုမြင်တတ်လာသလို၊ မြင်တတ်တဲ့လက်(မျက်လုံ ်နဲ့လည်း တွေ့သိလာနိုင်စွမ်းတော့တယ်။ ညမှာလက်နဲ့ စမ်းရင်း ရုပ်လုံးသဘောမြင်လာတာ၊ နေ့မှာမျက်စေ့နဲ့ ရုပ်ကိုမြင်ရတော့ အတွေ့သဘောကို ခံစားလို့ ရလာတာကို ပြောတာပါ။ သူ့ချစ်သူက နေ့မှာဂည်ထယ် အလုပ်လုပ်နေရင် ဟိုဟာခိုင်း ဒီဟာခိုင်းနဲ့ နှောက်ယှက်တတ်တယ်။ သူ့အချိန်ကို လုယူတတ်တယ်။ အဲဒီလို လုယူထားတာကို ညကျ လျော်ကြေးအဖြစ် အချိန်တွေပိုပေးတယ်။ ဒီလိုဆိုလိုက်တဲ့အတွက် သူတို့ဟာ ဖြင့်

နမ်းလို့ ချည့်နေကြတာပဲလို့တော့ မထင်လိုက်ပါနဲ့။ အဓိပ္ပါယ်ရှိတဲ့ စကားတွေ ဘာတွေပြောပြီး အချိန်ဖြုန်းတဲ့အခါလည်းရှိပါသေးတယ်တဲ့။ ဒါထက်မကသေးဘူး။ ချစ်သူ အိပ်ပျော်သွားတဲ့ အချိန်မှာ ဂည်ထယ်က ချစ်သူ့လက်တွင်းမှာ မှီအုံးယင်းက ကဗျာစပ်တဲ့အခါစပ်တယ်။ ကဗျာရဲ့ ဆန်းဂိုဏ်း ဂရု-လဟုကို ရေတွက်စစ်ဆေးတဲ့အခါ ကလေးမရဲ့ ကျော်ပြင်ပေါ်လက်ကလေးနဲ့ တရွရွတို့ခေါက်ယင်း ရေတွက်ကြည့်လေ့ရှိတယ်။ ချစ်သူရဲ့ အသက်ရှူရင်း မှုတ်ထုတ်လိုက်တဲ့ လေက ကဗျာဆရာရဲ့ တစ်ကိုယ်လုံးကို ပူနွေးသွားစေပြီး အသည်းထဲနှလုံးထဲ စိမ့်ဝင်သွားတယ်။ သူတို့နှစ်ဦးရဲ့ စက်ရာနံဘေးမှ မြားနတ်မောင်လေးက မီးခွက်မှာ မီးစာညှိပေးရင်း စောင့်ကြည့်နေတယ်။ ခုဂည်ထယ်ဆိုတဲ့ ကဗျာဆရာအိပ်ရာ နဘေးမှာ ခုလိုဆောင်ရွက်ပေးခဲ့ရသလို ရှေးရောမခေတ် - ဂန္ထဝင်ခေတ်က ကဗျာ့ပါရဂူ ဘုရင်သုံးပါးလို့ ဆိုရမယ့် ပရော်ပဲတီအုစ်၊ ကာတုလုစ်၊ တိဘုလုစ် (ညည်းချင်းရေး နာမည်ကျော်များ) တို့ကိုလည်း ဒီတိုင်းဆောင်ရွက်ပေးခဲ့ရပါလား ဆိုတာကို မြားနတ်မောင်က စဉ်းစားနေမိပါသတဲ့။

❖

**ပိတိနှင့်ဆန္ဒ**

ဘယ်သူ့ကိုမှ မပြောလေနဲ့၊ ပညာရှိတို့ကိုပဲ ပြော၊
လူတွေက လှောင်ရုံပဲ လှောင်ကြလိမ့်မယ်။
မီးနဲ့သေဖို့တောင့်တလေတဲ့
သတ္တဝါကို ငါချီးကျူးလိုတယ်။
မေတ္တာညများမှာ ဇောအဟုန် ငြိမ်းအေးသွားတဲ့အခါ
သင်က ရယူသလို သင့်ကို ရယူရင်း၊
ငြိမ်ဆိတ်တဲ့ ဖယောင်းတိုင်ရဲ့ အလင်းဟာ
သင့်ကို ထူးဆန်းတဲ့ စိတ်လှုပ်ရှားမှု ပြည့်လာစေရဲ့။

အရိပ်ထိုးနေတဲ့ အမှောင်ထုထဲမှာ
သင်ဟာ အကျဉ်းသမားမဟုတ်တော့။

ထင်းရှူးပင်ရိပ်
ဆန္ဒအသစ်တစ်ခုဟာ မြင့်မားတဲ့ ပေါင်းဆုံမှုဆီ၊
အထက်ဆီ သင့်ကို မြှောက်ချီသွားပေါ့။

ဘယ်လိုဝေးကွာမှုကမှ သင့်ကို ဖိချုနိုင်မယ် မဟုတ်ဘူး၊
အညို့ခံရလို့မို့ သင် ပျံဝဲလာတော့တယ်၊
နောက်ဆုံးမှာ အလင်းရောင်ကို တပ်မက်ရင်း
သနားစရာပိုးဖလံငဲ့၊ မီးလျှံထဲမှာ သင်ပျက်စီးရတော့တယ်။

သင်ပိုင်ဆိုင်လာတဲ့အထိ
ပညတ်ချက်က - သေလော့၊ ပြီးဖြစ်လော့၊
မည်းမှောင်တဲ့ ကမ္ဘာမြေပေါ်မှာ
သင်ဟာ ကြေကွဲဖွယ် ဧည့်သည်တစ်ဦးမျှသာ။

'ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနဲလှပြီ'လို့ ထွန်းခေါင်ဆရာတော်ရဲ့ သံဝေဂ သံပေါက်က ဆိုတယ်။ 'အရောင်စူးနေတဲ့ ပိုးကောင်မင့်ဆီပျံဝဲလာပေါ့၊ ဖယောင်းတိုင်ငဲ့၊ တဖြပ်ဖြပ်မြည်၊ လောင်ကျွမ်း၊ ပြီးပြောနေ ရဲ့လာ ဒီမီးရှူးကို ကောင်းချီးပေးကြစို့တဲ့'လို့ ဘိုဒလယ်ကဆိုတယ်။ အခုလည်း ဂည်ထယ်က ပိုးဖလံနဲ့ မီးကိုပဲကဗျာဖွဲ့ပြန်တယ်။ သူဖွဲ့တာကတော့ ပါရှန်စကားပုံတစ်ခုကို အခြေခံပြီး ရေးဖွဲ့တာလို့ဆိုတယ်။ ၁၈၁၄မှာ ဂည်ထယ်ဟာ ဆယ့်လေးငါးရာစုပါရှန်ကဗျာ ဆရာမဟာမက်ရှအုဒ်ဒင်(ဟာဖိဇ်လို့ ခေါ်ကြတယ်)ရဲ့ ကဗျာ ဂျာမန်ဘာသာ ပြန်ကိုဖတ်ရတယ်။ အင်မတန်သဘောကျတာနဲ့ ပါရှန်ကဗျာကို အကြီးအကျယ် လေ့လာတော့တယ်။ အဲဒီနောက်တော့ လာတင်တို့ ခေါ်မတို့ထက်အောင် အလှမ်း ဝေးသေးတဲ့ အရှေ့အလယ်ပိုင်းဟန်တွေ၊ 'လေ'တွေ၊ အစဉ်အလာတွေကို ကိုယ်ပိုင် ဟန်ပန် အနုပညာစွမ်းတွေနဲ့ ရောမွှေပြီးကဗျာရေးတော့တာပါပဲ။ ကဗျာစာအုပ်ရဲ့ အမည်ကို 'အနောက်အရှေ့ဒိဗန်'လို့ ပေးထားတယ်။ အခန်းတွေခွဲပြီး ပေးထားတဲ့ နာမည်တွေကလဲ 'ဟာဖိဇ်ကျမ်း'၊ 'ဆူလေခါကျမ်း'၊ 'ဖလားကိုင်ရဲ့ကျမ်း'၊ 'နတ်ဘုံကျမ်း' ပါတဲ့။ ဟာဖိဇ်ရဲ့ ကဗျာတွေမှာ စပျစ်ရည်အကြောင်း၊ အချစ်အကြောင်း ထိပ်တန်းရောက်နေတယ်။ သူ့အချစ်ဆိုတာ ကာမဂုဏ်အချစ်လား၊ လောကုတ္တရာ အချစ်လား အမျိုးမျိုးဝေဖန်ကြပါတယ်။ ဂည်ထယ်လည်း စပျစ်ရည်တေးတွေ သီကျူးတယ်။

အချစ် အကြောင်းရေးဖွဲ့တယ်။ ဂည်ထယ်အဖို့အရှေ့တိုင်းဟန်နဲ့ နောက်ခံကားဟာ ဖြင့် မြေကြီးဆန်တဲ့အချစ်နဲ့ လောကုတ္တရာဆန်ဆန် မေတ္တာ တစ်သားတည်းဖြစ်လေဟန် ရေးဖို့အတွက် အဆင်ပြေလေတော့တယ်။ အလားတူပဲ လောကုတ္တရာအလှဆိုတာလည်း ရေမြေတောတောင် ဩကာသအလှမှာ တွေ့ရတဲ့ အလှပါပဲလို့သူက တင်ပြလာတယ်။ ခုကောက်နုတ်တင်ပြထားတဲ့ကဗျာဟာဒီသဘော ဆောင်တဲ့ ကဗျာတစ်ပုဒ်ပါ။ 'အနောက်အရှေ့ဒိဗန်'ထဲက ကောက်နုတ်ထားတာပါပဲကဗျာရဲ့ဆိုလိုရင်းကတော့ စောစောက တင်ပြပြီးဖြစ်တဲ့အတိုင်း ကာမဂုဏ် ချမ်းသာပါ။ ကာမဂုဏ်မှတကယ့်လိင်ချမ်းသာကိုပဲ ရဲရဲကြီးရည်ညွှန်းထားတာဖြစ်တဲ့ အကြောင်းတွေ့ရပါလိမ့်မယ်။ ကာမဂုဏ်ချမ်းသာဟာ မီးနဲ့တူပစေ၊ ခံစားရမယ်လို့ ပြောတာပါဘဲ။ ထွဋ်ခေါင် ဆရာတော်တို့နဲ့တော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဖက်ပေ့ါ။

မီးထဲကို ဇွတ်ဝင်တိုးပြီး အသေခံလိုတဲ့ ပိုးဖလံကို အမိုက်အမဲလို့ လူများတကာကရှုတ်ချကြတယ်။ ငါကတော့ ချီးကျူးလိုတယ်။ ဒါပေမယ့် အဲသလို ငါချီးကျူးတဲ့အကြောင်းကို အန္ဓပုထုဇဉ်တွေကိုတော့ သွားမပြောလေနဲ့၊ ရယ်လွှတ်ကြမှာပဲ။ ပညာရှိများကိုသာ ပြောပါ။ ပညာရှိများကမှ နားလည်သဘောပေါက်လိမ့်မယ်။

'ညချမ်းချိန်ခါဝယ် တူနွဲ့နှစ်ဖြာမောင်မယ်' ချစ်ကြတဲ့ခါ ပူလောင်လှတဲ့ ဆန္ဒဇောဟာ ရေနဲ့ဖြန်းလိုက်သလို အေးငြိမ်းကျသွားတယ်။ ဒီကာမဂုဏ်အမှုဟာ ဆိတ်ကွယ်ရာမှာ ဖြစ်ပွားမြဲမို့ ငြိမ်ဆိတ်တဲ့ဖယောင်းတိုင်မီးလို့ ခေါ်အပ်တယ်။ လူသားကလည်း ဒီမီးလုံးကို အတင်းရယူလိုတယ်။ မီးလျှံကလည်း လူသားကို ရယူဖို့ကြိုးစားတယ်။ မီးလျှံရဲ့ အလင်းဟာ ထူးဆန်းတဲ့စိတ်လှုပ်ရှားမှုတစ်မျိုး နဲ့ လူသားကို ပြည့်လျှမ်းသွားစေတာ မီးလျှံက လူသားကို ဆွဲဆောင်ပေ့ါ။

လူသားဟာ မှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ဖြစ်နေရတဲ့ အကျဉ်းသမားဘဝကနေ လွတ်မြောက်သွားရတော့တယ်။ ဆန္ဒရမက်အသစ်တစ်ခုက သူ့ကိုမြောက်ချီသွားတော့တယ်။ မြင့်မားတဲ့ပေါင်းဆုံမှုတစ်ခုဆီ ခေါ်ဆောင်သွားပါတော့တယ်။ 'မြင့်မားတဲ့ပေါင်းဆုံမှု'ဆိုတာ လူသားနဲ့ဒေဝ၊ လောကီနဲ့ လောကုတ်ပေါင်းစည်းမိခြင်း။ အဲသလိုပေါင်းစည်းမိရာမှာ ရရှိအပ်တဲ့သုခကို ပြောတာပါ။ ခုလူသားဟာ ဒီသုခဆီဦးတည်ချီတက်နေပါပြီ။

ဒီလိုချီတက်နေတာကို ဘယ်လိုခရီးဝေးကမှ နှောင့်ယှက်နိုင်မယ်မဟုတ်တော့ဘူး။ ခရီးဝေးတဲ့အတွက် လမ်းခုလတ်ကနေ ရပ်တန့်သွားတာမျိုး ရှိလိမ့်မယ်မဟုတ်ဘူး။ မီးလျှံရဲ့အညို့ခံလိုက်ရတဲ့လူသားဟာ မီးလျှံလေးဆီကို ပျံဝဲလို့

လာနေတယ်။ နောက်ဆုံးမှာ အလင်းရောင်လို့ အာသာငန်းငန်း တပ်မက်စွာနဲ့ ဝင်တိုးလိုက်တာ မီးလျှံထဲမှာ ပျက်စီးသွားပါလေရော။

နောက်ဆုံးအပိုဒ်မှာ ဂည်ထယ်က ပါရှန် ကဗျာဆရာရဲ့ ဒဿနကို ရောင်ပြန်ဟပ်လိုက်ပါတယ်။ အဲဒါကတော့ ဘဝဆိုတာခဏလေးရယ်။ ဒီလို ခဏကလေး အသက်ရှင်ရတုန်း ဘဝသုခကို အပြည့်ခံစားလိုက်ကြဆိုတာပါပဲ။ အိုမာ ခိုက်ယမ်ကို သတိရမိကြမှာပေါ့။ ခုလည်း ဂည်ထယ်က မီးကျွမ်းတဲ့ ပိုးဖလံကို ပြောသလို လူသားကိုပြောပါတယ်။ မီးလောင်ကျွမ်းလို့ သေလည်းသေပစေ၊ သေရမယ်၊ ပြီးဖြစ်ရမယ်။ ဒါဘဝရဲ့ ပညတ်တော်တစ်ပါးပဲ။ လူဆိုတာ ကမ္ဘာမြေပေါ်မှာ ခဏတဖြုတ် ရောက်ခဲ့တဲ့ ဧည့်သည် တစ်ဦးမျှဖြစ်ပေတယ်တဲ့။

❖

## နီတိကဗျာများ

လူတစ်ဦး ဖြစ်သလို၊ သူ့ဒေဝက လိုက်ဖြစ်ရ၊
ဒီလိုနဲ့ ဒေဝဆိုတာ ရယ်စရာ ဖြစ်လာသပ၊

❖

လူက ဒေဝရယ်လို့ ကိုးကွယ်နေတဲ့ အရာဟာ
သူ့ အဇ္ဈတ္တကို အတွင်းက အပြင်ထုတ်ပြထားခြင်းသာ

❖

သင်ဟာ သေခြင်းနဲ့ပဲ ကျေနပ်ရလိမ့်မယ်မလွဲ၊
ဒီတော့ ဘာကြောင့် ဘဝကို ဒုက္ခပြုလုပ်မလဲ၊

❖

ဘယ်သူမှ ငါ့ယုံကြည်ချက်ကို မလုယူပါစေနဲ့၊
ပို သိတာဖြင့်၊ သူ့ဟာသူ ယုံပါစေကွဲ့၊

❖

ကမ္ဘာပေါ်မှာ ဘာကိုမဆို သည်းခံနိုင်မှာမလွဲ၊
အံ့သြဖွယ်နေ့တွေ တောက်ရှောက်တန်းလာတာတစ်ခုပဲ၊

❖

လူတစ်ယောက်ဟာ တကယ်ပျင်းရိပြီဆိုမှတော့
ချိုးကြော်က သူ့ပါးစပ်ထဲ ပျံလာဦးတော့
ကျကျနန ဖဲ့ပြီးသား မဟုတ်သေးရင်
စိတ်ဆိုး မာန်ဆိုးနဲ့ ငြင်းဦးမှာပင်။

❖

စောင်နဲ့လိုက်အောင် မလဲလျောင်းပါက
ခြေထောက်တွေ စောင်လွတ်နေမှာ မုချ။

❖

ဥစ္စာဆုံး - တစ်စုံတစ်ခု ဆုံးခြင်းပ။
အမြန် ပြန်လည်တွေးကြံပါ့၊
အသစ်ရအောင်လုပ်ပ၊
ဂုဏ်သိက္ခာ ဆုံး - အများကြီးဆုံးခြင်းသာ။
ကျော်ကြားမှု ရအောင်လုပ်ပါ၊
လူတွေ တစ်မျိုးစဉ်းစားလာကြမှာ။
သတ္တိဆုံး - အကုန် ဆုံးခြင်းပဲ။
မမွေးခဲ့တာ မြတ်ဦးမှာမလွဲ။

❖

တခါတော့ လူအေး ပညာရှင်တစ်ဦးဟာ
ရောမ ညှော်ခံပွဲတစ်ခုက အိမ်ပြန်သွားရာ၊
'ဘယ်လိုသဘောရပါသလဲ'သူ့ကိုမေးမိရဲ့၊
'သူတို့သာ စာအုပ်တွေဆိုရင် ကျုပ်မဖတ်ဖူး'တဲ့။

❖

'ဂည်ထယ် အထိမ်းအမှတ်အတွက် ဘာ ထည့်မလဲဟင်'
ဒီလူက ဟိုလူက နောက်တစ်ယောက်က မေးနေကြ။
ငါသာ ငါ့ကိုယ်တိုင်အတွက် အထိမ်းအမှတ်တိုင် မထူခဲ့ရင်

ထင်းရှူးပင်ရိပ်
ငါ့ အထိမ်းအမှတ်တိုင်ဟာ ဘယ်ကလာလေမလဲပဲ။

❖

ဒီလူတွေ ကျုပ်အမြဲ ရှုံတယ်၊ လွတ်လပ်ရေး ဓမ္မကထိကတွေလေ
နောက်ဆုံးမှာတော့ သူ လုပ်ချင်တာလုပ်ခွင့်ရှာနေတာချည်း
လူအများကို လွတ်မြောက်စေလိုရင်၊ အများရဲ့ အစေခံဖြစ်ဖို့ သတ္တိရှိဦး
ဒါဘယ်လောက် အန္တရာယ်များလဲ သိချင်ရင်တော့စမ်းကြည့်ပေါ့။

❖

တော်တော်များများကို ကျုပ်သည်းခံနိုင်တယ်။ စိတ်ပျက်စရာအကောင်းဆုံးဆိုတာ
ပဲ။

နတ်က ခိုင်းနေသလို ကျုပ်ခေါင်းအေးအေးနဲ့ အောင့်အည်းနေပါတယ်။
ဒါပေမယ့်၊ မြွေပွေးရဲ့ အစွယ်တမျှ ကျုပ်တကယ်မုန်းတာ အနည်းငယ်တော့ရှိရဲ့။
လေးခုပဲ - ဆေးလိပ်မီးခိုးရယ်၊ ကြမ်းပိုးရယ်၊ ကြက်သွန်ဖြူရယ်၊ ခရစ်တော်ရယ်။

❖

ကျုပ်တို့ သခင်ခရစ်တော်ဟာ ဖာသည်တွေ ဒုစရိုက်ကောင်တွေနဲ့
အတူနေဖို့ နှစ်ခြိုက်တော်မူတယ်ဆိုတာ မအံ့ဩပါဘူး။ ခုကျုပ်လည်း
အဲသလို နေနေတာပဲ။

❖

ယောကျ်ားလေးများကိုလည်း ကျုပ်ချစ်နိုင်ပါရဲ့၊ ဒါပေမယ့် မိန်းကလေးများကို
ပိုသဘောကျတယ်,
မိန်းကလေးအဖြစ်နဲ့ ငြီးငွေ့လာရင်၊ ယောကျ်ားလေးလိုလည်း အသုံးဝင်တာကိုး။

❖

'ကျွန်မသာ အိမ်ထောင်ရှင်မတစ်ဦးဖြစ်ပြီး လိုချင်တာရမယ်
ဆိုရင်လေ၊ သစ္စာရှိမယ်။ ပျော်မယ်၊ ကျွန်မလင်ကိုဖက်ထားပြီး နမ်းမှာပဲ'တဲ့
တခြားညစ်ညမ်းတဲ့ တေးများအပြင်၊ အဲသလိုလည်း ငါ့ကို
ဗင်းနစ်ကမကောင်းတဲ့မိန်းမ တစ်ဦးက

တေးသီလိုက်ရဲ့။ ဒီထက်တရားပြည့်တဲ့ ဆုတောင်းစာကျူပ်မကြားဖူးသေးဘူး။

❖

ဇနီးတစ်ယောက်ကို ကျူပ်ရှာလာတာ ကြာလှပါပြီ။ ရှာရင်း ရှာရင်း၊ မကောင်းတဲ့ မိန်းမတွေချည့် တွေ့နေခဲ့တယ်။

နောက်ဆုံးမှာ ငါမင်းကို ကောက်ယူလိုက်တယ်၊ မကောင်းတဲ့မိန်းမလေးရဲ့၊ အဲဒီတော့မှ ဇနီးဆိုတာ တွေ့ရတော့တယ်။

❖

အလိုမပြည့်ရတဲ့ အချစ်ရဲ့ လှပတဲ့အဆိပ်ကို သင်သိပါစ၊

လောင်ကျွမ်းစေပြီး လန်းဆန်းစေတယ်၊ ရိုးတွင်းချည်ဆီကိုဝါးမျိုပြီး အသစ်ဖြစ်စေ တယ်။

❖

နောက်ဆုံးမှာ အလိုပြည့်ရတဲ့ အချစ်ရဲ့ လှပတဲ့ အကျိုးတရားကို သင်သိပါစ၊

ခန္ဓာကိုယ်များကို နှောင်ကြိုးလှလှလေးနဲ့တည်းပြီး ဝိညာဉ်များကို လွတ်မြောက် စေတယ်။

❖

အချစ်ဆိုတာ တောင်းဆိုသမျှ ရရ-မရရ

အမြဲတစ်ပုံစံတည်း တည်ရှိတဲ့ တရားတစ်ခုပါပဲ

❖

ငါဘာကြောင့် ပျက်စီးရမှာလဲ၊ ဇေအုင်ဲလို့ အလှကမေးတယ်။

ငါကပျက်စီးတတ်တဲ့ အရာများကိုသာ အလှပေးတာလို့ ဒေဝကဖြေလိုက်တယ်။

❖

ဘသူ့ကိုယုံရမလဲ၊ ရိုးသားတဲ့ အဆွေ၊ ငါပြောပြမယ်၊

ဘဝကို ယုံပါ၊ တရားဟောဆရာတို့ ကျမ်းစာတို့ထက်သာတဲ့ ဆရာကွဲ့။

ဂည်ထယ်ဟာ နီတိကဗျာလေးတွေ အမြောက်အမြားပဲ ရေးပါတယ်၊ ဒါတွေအားလုံးကို စာဖတ်သူတိုင်းက ကဗျာဆရာနဲ့ သဘောတူနိုင်ကြမယ်

မဟုတ်ပေမယ့် အတော်များများဟာဖြင့် ဂျည်ထယ်ရဲ့ဟာသဉာဏ်နဲ့ ပညာဉာဏ်ကို ဖော်ပြနေကြတာ အမှန်ပါပဲ။ တချို့က ဒဿနကြောင်းဆန်တယ်။ တချို့က စာပေ အနုပညာရေးရာ အယူအဆများဖြစ်တယ်။ တချို့က သူအီတလီသွားစဉ်က ရေးတာ ဖြစ်တယ်။ ('ဗင်းနစ်နီတိများ'လို့ခေါ်တယ်) တချို့ကို သူအသက် ၆၀ကျော် ၇၀ တဝိုက်မှာ ရေးတာဖြစ်တယ်။ ဒီကောက်နုတ်ချက်ထဲမှာ သူ့နီတိပေါင်းစုံထဲက ကောင်းနိုးရာရာ အချို့ကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။ တိုတိုနဲ့ လိုရင်းကို ရှင်းရှင်း လင်းလင်းဖော်ပြနေကြတာမို့ အဓိပ္ပာယ်ဖွင့်စရာမလိုဘူးထင်ပါတယ်။ အခုဖော်ပြ ထားတဲ့ ထဲကအချို့ကို ဂျည်ထယ်က ပုံနှိပ်ဖို့ မရည်ရွယ်ခဲ့ဘူး။ သူ သေမှ သူ့စာမူတွေ ထဲမှာ တွေ့ရလို့ ဖော်ပြကြတာ ဖြစ်ပါတယ်။

■

# ရီလကယ်

ရေနယ်ရ် တာရီယာ ရီလကယ် (၁၈၁၅-၁၉၂၆)ကို ချက်ကိုဆလိုဗားကီးယားပြည် ပရာဟာမြို့မှာ မွေးတယ်။ ကလေးဘဝက စိတ်ဆင်းရဲခဲ့ရတယ်။ နောင်စစ်တက္ကသိုလ်မှာ ငါးနှစ်နေခဲ့တယ်။ သူဟာ အတည်တကျမနေလိုဘဲ ဟိုသွား ဒီသွားလှည့်လည်သွားလာနေတာက များတယ်၊ ရုသျှ၊ ပါရီ၊ အီတလီနဲ့ ဂျာမနီတို့မှာ နေလိုက်၊ အနှံ့အပြားခရီးလှည့်လိုက်ပဲ။ သူ့စောစောပိုင်း လီရိကကဗျာတွေကတော့ ဟိုင်းန်နဲ့ ဂျာမန်လူထုကဗျာတွေရဲ့ ယေဘုယျအစဉ်အလာအတိုင်းပါပဲ။ ဒါတောင်နောင်ဖြစ်ထွန်းလာမယ့် သူ့ကိုယ်ပိုင် ဟန်ကလေးတွေ ပြစပြုနေပြီ။ ၁၈၉၆ ကစပြီး ကဗျာတွေ၊ ပုံပြင်တွေ ထုတ်ဝေခဲ့တယ်။ ဒါပေမယ့် သူရဲ့ ပထမဦးဆုံး အဓိကအရေးပါတဲ့ စာပေလက်ရာကတော့ ၁၉၀၀ပြည့်နှစ်ထုတ် 'ဒေဝသခင်ဇာတ်လမ်းများ' ပါပဲ။ ၁၉၀၅ 'နာရီကျမ်း'ဆိုတဲ့ ဘာသာရေးကဗျာလေးတွေ ထုတ်တယ်။ အဲဒီနောက် သူ့လက်ရာမွန် ကဗျာလေးတွေ ဆက်တိုက်ထွက်လာတယ်။ 'ကဗျာ သစ်များ' (နှစ်တွဲ၊ ၁၉၀၇-၁၉၀၈)'ဈာပနတေး' (၁၉၀၉)၊ 'သြဖျူစ်သို့ ဆွန်းနက်များ' နဲ့ 'ဒွီနိုညည်းချင်းများ' (၁၉၂၃)၊ စကားပြေ လက်ရာတွေကတော့ ပြင်သစ်ပန်းပုဆရာ 'သြဂုတ်ရော်ဒင်' အကြောင်း စာအုပ်(၁၉၀၃)၊ သူ့ ဘိုးဘေး စစ်ဗိုလ်တစ်ဦး အကြောင်း အင်ပရက်ရှင်းနစ်ဆန်ဆန် ဟန်မျိုးနဲ့ ရေးထားတာဖြစ်တဲ့ 'ကော်နက် ခရစ် တိုဖာရဲ့

အချစ်နဲ့ သေခြင်း ဇာတ်လမ်း'(၁၉၀၆)၊ သူ့ရဲ့အကောင်းဆုံးစကားပြေ လက်ရာဖြစ်တဲ့ ဇာတ်ကောင်ရဲ့ စရိုက်တိုးတက်ဖြစ်ပေါ်မှုကို လုံးဝအတွင်းအဇ္ဈတ္တ ကနေ လေ့လာချက်ဖြစ်တဲ့ 'မာလ်တယ် လိုရိဒ် ဘရစ်ဂ်ရဲ့ မှတ်စုစာအုပ်' (၁၉၁၀) တို့ပါပဲ။ ပေးစာများအပြင် စာပေပေါင်း အမြောက်အမြားပဲ သူ သေပြီးနောက်မှာ ထုတ်ဝေခဲ့ကြတယ်။

ငယ်ငယ်လေးက စပြီး အထီးကျန် နေလာတတ်တဲ့ ရီလကယ်ဟာ အမြဲပဲ အိုးအိမ်အတည်တကျမရှိ၊ လှည့်လည်နေခဲ့ရတယ်။ ၁၉၀၀ က ၁၉၀၂အထိ ပန်းချီဆရာရပ်ကွက်တစ်ခုဖြစ်တဲ့ ဇော်ရဆွဲဒ်မှာ နေခဲ့ရာက ၁၉၀၁ မှာ ပန်းပုဆရာမ ကလာရာ ဝက်စ်ထော့ဖ်နဲ့ လက်ထပ်ခဲ့တယ်။ စီးပွားရေးအခြေအနေ အဆင်မပြေတာကတစ်ကြောင်း၊ အနုပညာရေးရာ တိုးချဲ့လိုက်စားတာက တစ်ကြောင်းတို့ကြောင့် ပါရီရောက်သွားပြီး ရော်ဒင်နဲ့ ပေါင်းမိတယ်။ အစစ အများကြီး ကြိုးစားလေ့လာဖို့ လိုသေးကြောင်း သူသဘောပေါက်မိတယ်။ ပြင်သစ်အင်ပရက်ရှင်နစ် ပန်းချီနဲ့ သင်္ကေတကဗျာတို့က သူ့အပေါ် အကြီးအကျယ် ဩဇာညောင်းသွားတယ်။ အဲဒီတော့မှ စောစောပိုင်း နဝရောမန္တိက အဆင့်ရှိခဲ့ရာက အသွင်ပြောင်းသွားပြီး ကဗျာသစ်များ' ကို ပုံစံသစ်နဲ့ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်တယ်။

ပထမကမ္ဘာစစ်ဖြစ်လာတော့ ရီလကယ်ဟာ ပြင်သစ်ပြည်က ခဏထွက်နေတယ်။သူ့ကိုယ်သူ အပယ်ခံ၊ အစွန့်ခံတစ်ယောက်ကို ခံစားမိပြီး အား ငယ်နေမိတယ်။ ဒီလိုနဲ့ ခံစားခဲ့ရသမျှတွေ စုပြုံပွင့်ထွက်သွားရာက 'ဒွီနိုညည်းချင်းများ'၊ 'ဩဖျူစ်သို့ ဆွန်းနက်များ' (၁၉၂၃)တို့ ဖြစ်ပေါ်လာခဲ့ပါတော့တယ်။ သူ့ တစ်ဘဝလုံး ကြိုးပမ်းခဲ့သမျှတွေ အခုမှ သီးပွင့်လာကြသလိုပဲ။သူဟာ သူ့ပိုင် သင်္ကေတဟန် ထွင်နိုင်တယ်။ သူ့ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဘဝအမောတွေ၊ ဒုက္ခတွေကို အခြေခံပြီး ဒဿနရေးရာ လေးလေးနက်နက်တွေ တင်ပြလာနိုင်တယ်။ ရီလကယ်ဟာ ၁၉၂၆ဒီဇင်ဘာ၂၉ရက်နေ့က ဆွစ္ဇလန်ပြည်မှာ သေဆုံးခဲ့တယ်။ သေရပုံကလဲ သူမြတ်နိုးတဲ့ နှင်းဆီပန်းလေးနဲ့ မတော်တဆ ကုပ်ခြစ်မိရာက စတယ်လို့ ဆိုတယ်။ သူနောက်ဆုံး ပြောသွားတဲ့ စကားတွေကလည်း ရှုပ်ထွေးလိုတဲ့။ သင်္ကေတဝါဒီပီပါပေ့လို့ ပြောရမလားမသိဘူး။

ရီလကယ်ရဲ့ ကိုယ်ပိုင်ဟန်နဲ့ ဝါကျဖွဲ့ထုံးက စကားလုံးတွေနဲ့တင် ဟန်ပြနေတဲ့ အဆင့်မျိုးက ကင်းလွတ်တယ်။ သူရဲ့ နာမ်တွေကို ကြိယာလို သုံးပုံ၊ ကြိယာကို

နာမ်လိုသုံးပုံ၊ အင်မတန် ကဗျာဆန်တဲ့ နေရာမျိုးမှာ နေ့စဉ်သုံးစကားကို သုံးလိုက်ပုံ၊ ရုပ်ကျတဲ့ ခံစားမှုမျိုးမှာ စိတ်ပိုင်းအမြင် ထုတ်ယူပုံစသည်တို့ဟာ သူ့ရဲ့ ဘဝကို နှိုက်ချွတ်စေ့ငုလိုက်တဲ့ စေတနာနဲ့အံကိုက်ဖြစ်နေတယ်။ သူရဲ့ နက်နက်နဲနဲ ဆင်ခြင်ပုံကြောင့် အရာရာအသက်ဝင်လာရတယ်။ သစ်တော့သီးရဲ့ အရသာဆိုတာမျိုးကိုပဲ သာမန်နေ့စဉ်ကြုံဆုံနေကျကိစ္စမျိုးမဟုတ်တော့ဘဲ ဒဿနအတွေးအခေါ်တွေ ရောယှက်ပါလာတဲ့ သေသေချာချာလေ့လာ၊ အတိအကျသရုပ်ဖော်ထားတဲ့ အတွေ့အကြုံတစ်ရပ်ဖြစ်လာတော့တယ်။ ကလေးတို့၊ တိရစ္ဆာန်တို့ကို နက်နက်ရှိုင်းရှိုင်း ဆင်ခြင်နားလည်တက်စွမ်းတဲ့သူ့လို ကဗျာဆရာမျိုးရှားပါတယ်။ အတိုပြောရလျှင်တော့ ရီလကယ်ဟာ ဘယ်အရာကိုဘဲဖြစ်ဖြစ် နေ့စဉ်ကြုံတွေ့ရတဲ့အတွက် မှုန်ဝါးသွားခြင်းမရှိတဲ့လူတစ်ဦးပါ။ အရာရာကို သစ်သစ်လွင်လွင်မြင်တယ်။ အပြည့်အဝ အရသာခံတတ်သူတစ်ဦးပါပဲ။ ဒီ ရာစုရဲ့ပထမတန်း ကဗျာဆရာစာရင်းမှာ သူပါတယ်။ ဂည်ထယ်ရဲ့နောက် ဂျာမန်ဘာသာကို သုံးတဲ့အကြီးမားဆုံး လီရိက ကဗျာဆရာလို့ ခေါ်ကြပါတယ်။ ရီလကယ်ဟာ ပြင်သစ်ဘာသာနဲ့လည်း ကဗျာတော်တော် များများ ရေးခဲ့သေးရဲ့။

**အလောင်းကိုရေဆေးခြင်း**

**သူတို့ သူ့ကို ရိုးသွားပါပြီ၊ ဒါပေမယ့်စားဖို**
**မီးခွက်ရောက်လာပြီး မှောင်မည်းမည်း လေထုထဲမှာ**
**မညီမညာ လောင်ကျွမ်းတဲ့အခါ မသိသူဟာ လုံးဝ**
**မသိဘူးဖြစ်လာတယ်၊ သူတို့ သူ့လည်ချောင်းကို ဆေးကြတယ်၊**

**သူ့ဇာတ်လမ်းကို သူတို့ဘာမှမသိကြလေတော့၊**
**ဇာတ်လမ်းတစ်ပုဒ် လုပ်ကြံတီထွင်ကြရင်း**
**ဆေးကြောနေကြလေရဲ့၊ တစ်ယောက်က ချောင်းဆိုးရတယ်၊**
**အဲသလို ဆိုးရာမှာ ချဉ်ရည်ရေမြှုပ်ကို မျက်နှာပေါ်**

**ထားခဲ့တယ်၊ ဒါဟာ ဒုတိယသူ(အဖော်မိန်းမ)အတွက်**
**ရပ်တန့်စရာမည်တာပေါ့။ ကြမ်းတမ်းတဲ့ ဝက်မှင်ဘီးက**

ထင်းရှူးပင်ရိပ်
ရေစက်များ တစက်စက်ကျနေတယ်။ သူ့ရဲ့ကြောက်ဖွယ်လိလိ
ကျုံ့တွနေတဲ့ လက်ကသူရေမင်တော့တဲ့အကြောင်း
တစ်အိမ်လုံးကို သာဓက ထူလိုဟန်ပါပဲ။

ထူလဲထူလိုက်တယ်။ သူတို့ဆက်လုပ်ကြတယ်၊ ချောက်ချားသွားသလို
အခု ပို အသော့နှင့်ဟန်နဲ့၊ တိုတုတ်တုတ်ချောင်းဆိုးရင်း၊
အလုပ်ကို (ဆက်လုပ်ကြတယ်)၊ နံရံကပ် စက္ကူပေါ်မှာ
သူတို့ရဲ့ ကုန်းကွကွအရိပ်ဟာ ပိုက်ကွန်ထဲမှာလို
တွန့်လိမ် - လူးလွန့်နေပါလေတော့တယ်။
နောက်ဆုံးမှာ ဆေးကြောတဲ့ မိန်းမတို့ ပြီးစီးသွားကြပေါ့။
ကန့်လန့်ကာမဲ့ ပြတင်းပေါက်မှာ ညဟာ
ရက်စက်ပေရဲ့၊ အမည်မဲ့သူ့ခများလည်း
ဗလာဟင်းလင်း၊ သန့်ရှင်းစွာ လှဲယင်း ဥပဒေများ ပေးနေရဲ့။

ကဗျာရဲ့ အကြောင်းအရာက ရှင်းရှင်းလေးပါ။ အလောင်းတစ်ခုကို ရေဆေးဖို့ မိန်းမနှစ်ယောက်ကို ငှားလိုက်တယ်။ မှောင်စပြုနေတဲ့အချိန်ပေါ့။ သူတို့ ရေနံဆီ မီးခွက်ကလေးနဲ့ ရောက်လာကြတယ်။ အလုပ်ပြီးအောင် လုပ်တယ်။ ပြီးပြန်သွားကြရော။

နာနာဘာဝလိုလို လျှို့ဝှက်ဆန်းကြယ်တဲ့ ရှုခင်းတစ်ခုကို အင်မတန်သာမန်ဆန်တဲ့ စကားလုံးလေးတွေနဲ့ ရေးထားတဲ့ကဗျာတစ်ပုဒ်ပါပဲ။ ရိုးရိုးစကားလုံးတွေကို ဆန်းပြားတဲ့အဓိပ္ပာယ်ထွက်အောင် အသံ၊ ကာရန်၊ ဝါကျပုံစံတို့ရဲ့ ဖော်ထုတ်ထားတာကို မူရင်းကဗျာမှာ တွေ့ကြရတယ်။

ဖြစ်သလိုဆင်ပြင်ထားတဲ့ အခန်းထဲမှာ လူတစ်ယောက်သေသွားတယ်။ အခန်းငှားနေသူတစ်ဦးပဲ။ ရောက်လာလိုက်၊ ပျောက်သွားလိုက်ဆိုတဲ့ လူစားမျိုးပဲ။ အိမ်လခမှန်မှန်ပေးနေလျှင် ပြီးရော ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူကမှ ဂရုမစိုက်ကြဘူး။ အလောင်းကို ဆေးဖို့ ငှားလို့ ရောက်လာကြတဲ့ မိန်းမနှစ်ဦးဟာ သူ့အကြောင်း ဘာမှမသိကြပါဘူး။ တဖြည်းဖြည်း မှောင်သထက်မှောင်လာတဲ့အခါ ကျတော့ ဖြူရော်ရော်ကိုယ်ခန္ဓာဟာ ရုတ်တရက် မမြင်မတွေ့ဖူးတဲ့ပုံမျိုး၊ ‘လုံးဝမသိဘူး’တဲ့

ဟန် မျိုး ပေါ်လာတော့တယ်။ ကြောက်စရာဖြစ်လာတယ်။ ဒီလိုထူးထူးဆန်းဆန်း ဖြစ်လာ တာကို ပြေပျောက်သွားအောင်ရယ်လို့ မိန်းမနှစ်ယောက် စကားပြောကြ တယ်။ သူတို့ ပြောနေတဲ့အကြောင်းအရာက လုပ်ကြံပြောနေကြတာပဲ၊ ဒါပေမယ့် ဟုတ်သယောင်၊ စိတ်သက်သာသယောင်ရှိတယ်။ ဒီမှာသူတို့ခဏတန့်လိုက်ကြတယ်။ တစ်စက်တစ်စက်နဲ့ ရေစက်တွေ ဖြည်းဖြည်းချင်း ကျနေပုံက ငြိမ်ဆိတ်ခြင်းကို အားကောင်းလာစေတယ်။ ပါးစပ်မှာ ပင်လယ်ရေမြှုပ်တပ်လို့၊ လက်ကိုနာကျင် လွန်းလို့ ရှုံ့တွကျစ်ဆုပ်ထားလို့ ဖြစ်နေတဲ့ အလောင်းကောင်ဟာ ရုတ်တရက် လက်ဝါးကပ်တိုင်တင်ထားတဲ့ ခရစ်တော်နဲ့ တူလာပါတော့တယ်။ ဒီကဗျာ ထုတ်နုတ်ရာ 'ကဗျာသစ်များ' စာအုပ် စောစောပိုင်းမှာ ခရစ်တော် လက်ဝါးကပ်တိုင် အတင်ခံရပုံ သရုပ်ဖော်ကွက်တစ်ခု ပါတယ်။ ပါးကွက်သားတွေက ခရစ်တော်ကို မြန်မြန်သေမသွားအောင်ဆိုပြီးတော့ ယဲ့ယဲ့ကလေးချောင်းဆိုးနေတာကို ချဉ်ရည်ဖတ် ကလေးနဲ့ ပိတ်ဆို့ထားကြသတဲ့။ အခု မိန်းမကြီးတွေ မသိလိုက် မသိဖာသာ လုပ်လိုက်ပုံကလည်း အဲဒါကို တုလုပ်သလိုဖြစ်နေတယ်။ ဒါပေမယ့် ဒါအဓိပ္ပါယ် အကောက်လွဲခြင်းပါ။ အလောင်းကောင်ကတော့ ကျုပ် ရေငတ်တဲ့အဆင့်က ကျော်သွားပြီ၊ ရေမြှုပ်ကို ကျုပ်မျက်နှာပေါ်က ယူပစ်လိုက်ပါ လို့ ပြောနေဟန်ပဲတဲ့။

ကဗျာထဲမှာ ထိတ်လန့်ချောက်ချားစရာ စကားလုံးဆိုလို့ 'ကြောက်ဖွယ် လိလိ' လက်ဆိုတာပဲပါတယ်။ ဒီလက်ကိုမြင်ရတော့ မိန်းမကြီးတွေ ခုနကလို ဟန်ဆောင်ပန်ဆောင်နဲ့စကားဖာတာမျိုးတောင် မလုပ်နိုင်ကြတော့ဘူး။ အလုပ်ကို ပေါ့ကြပြန်တယ်။ 'တိုတုတ်တုတ်ချောင်းဆိုး'ပြန်တော့ ဒုတိယအကြိမ် ခရစ်တော်ကို လှောင်မိကြပြန်ရော။ ပိုက်ကွန်ထဲမိနေတဲ့ ငါးကြီးတစ်ကောင်ပမာ သူတို့ရဲ့ အရိပ်ဟာ နံရံကပ်စက္ကူပေါ်မှာ အချိုးမကျ၊ မပြေမပြစ်နဲ့ လှုပ်ရှားနေတယ်။ အဲဒီနောက် မိန်းမကြီးတွေ အလုပ်ပြီးလို့ ပြန်ကြပါရော။ အလောင်းကောင်ပဲ တစ်ဦးထဲ ကျန်ရစ်ခဲ့ တယ်။ ကြောက်ဖွယ်ညဟာ ပြတင်းပေါက်ဆီမှာ လောကကြီးကို မည်းမည်းမှောင် လာစေပေ့။ 'ဗလာဟင်းလင်း သန့်ရှင်းစွာ' လဲလျောင်းယင်း အမည် ကင်းမဲ့စွာနဲ့ ဥပဒေတွေ ထုတ်ပြန်နေတော့တယ်။ အကြောင်းကတော့ ရေဆေးတယ် ဆိုတာ ရာဇဘိသိက်သွန်းသလို သင်္ကေတသဘောဆောင်တယ်။ အဓိပ္ပာယ်ကတော့ ပြောင်း ပြန်ယူရမယ်။ ခန္ဓာကိုယ်ကို မင်းမြောက်တန်ဆာငါးပါးဆင်ယင်ပေးခြင်း မဟုတ်၊ ဘဝရဲ့ နောက်ဆုံးခြေရာလက်ရာကို ခွာချခြင်း၊ ဆေးကြောပစ်ခြင်းဖြင့် သေမင်းရဲ့ အာဏာစက်ကို အသိအမှတ်ပြုလိုက်သမို့ပါပဲ။

❖

ထင်းရှူးပင်ရိပ်

**ကြေးမုံ**

ကြေးမုံတို့၊ သင်တို့ဟာ အနှစ်သာရအရ ဘာဆိုတာ
ဘယ်သူမှ ပိုင်ပိုင်နိုင်နိုင်မဖော်ပြခဲ့ကြသေးဘူး။
ဆန်ကာရဲ့ အပေါက်များလို ပြည့်နေကြတဲ့
အချိန်ရဲ့ကွက်လပ် အသင်တို့
ဆည်းဆာကြရောက်လာတဲ့အခါ တောများလို ကျယ်ပြောစွာ . . . .
ဗလာခန်းမဆောင်ကိုတောင် ဖြုန်းတီးပစ်ကြသူ အသင်တို့
အသင်တို့ရဲ့ မဝင်ဖေါက်နိုင်စွမ်းမှုထဲကနေ
ဝါဆိုဖယောင်းတိုင်ဟာ ဆယ့်ခြောက်မျက်နှာပြအိမ်မြှောင်လို လည်နေတော့တယ်
တစ်ခါတစ်လေ သင်ဟာ ရုပ်ပုံတွေ ပြည့်နေတော့တယ်။
တစ်ချို့က သင်တို့အတွင်း ဝင်သွားကြသလိုရှိတယ်။
တစ်ချို့ကိုသင်က ပါးနပ်စွာ ကျော်လွန်သွားစေတယ်။
ဒါပေမယ့် အလှဆုံးသူကတော့ ရပ်နေပါလိမ့်မယ် နောက်ဆုံး
(မှန်ထဲကို) သူ့ရဲ့ရှောင်ရှားတက်တဲ့ ပါးများထဲကို
ကြည်လင်းပျော်ဝင်တဲ့ နာရဆီဆုစ် ထိုးထွင်းဝင်လာတဲ့အထိ(ရပ်နေပါလိမ့်မယ်)။

ကြေးမုံဆိုတာကို သရုပ်ဖေါ်တာမဟုတ်ဘဲ ကြေးမုံရဲ့ အတွင်းသဘောကို နှိုက်ပြဖို့ ကြိုးစားထားတဲ့ ကဗျာတပုဒ်ပါပဲ။ သူ့ဆိုလိုချက်ရဲ့ သော့ချက်က 'မဝင်ဖောက်နိုင်စွမ်းမှု*'ပါပဲ။ ကြေးမုံထဲမှာ ကျွန်တော်တို့ ရင်းနှီးကျွမ်းဝင်တဲ့ အရာဝတ္ထုတွေပြည့်နေတယ်။ ဒါပေမယ့် တကယ်မှာ ကြေးမုံက သူတို့ကို မိမိအတွင်း ဝင်ရောက်ထိုးဖောက်ခွင့် မပေးပါဘူး။ ကြေးမုံမှာ အာကာသဖောဖောသီသီရှိနေတယ်။ ဒီအာကာသကို ကြေးမုံက 'ဖြုန်းတီး' ပစ်နေတယ်။ ခန်းမလွတ်ထဲက အာကာသတွေ (နေရာလွတ်တွေ) အလဟဿဖြစ်နေသလိုပေါ့။ ရုပ်ပုံကို လာကြည့်မယ့်သူမရှိလည်း ဒီအာကာသဟာ ဖြုန်းတီးနေရာတာပါပဲ။ ဒါပေမယ့် ဒီအာကာသဟာ ကြုံတွေ့လို့ရတဲ့၊ ထွင်းဖောက်ထိုးဝင်လို့ရတဲ့ အာကာသမျိုးတော့ မဟုတ်ဘူး။ ကြေးမုံအာကာသဟာ အာကာသမဟုတ်တဲ့ အာကာသပါ။ ဆန်ကာရဲ့ ရုပ်ဒြပ်အပိုင်းများနဲ့ အပေါက်များ ဆက်သွယ်နေတဲ့ အနေအထားမျိုးအတိုင်း တကယ့်အာကာသနဲ့ ကြေးမုံအာကာသတို့ ဆက်သွယ်တည်ရှိနေကြတယ်။

ဟန် မျိုး ပေါ်လာတော့တယ်။ ကြောက်စရာဖြစ်လာတယ်။ ဒီလိုထူးထူးဆန်းဆန်း ဖြစ်လာ တာကို ပြေပျောက်သွားအောင်ရယ်လို့ မိန်းမနှစ်ယောက် စကားပြောကြတယ်။ သူတို့ ပြောနေတဲ့အကြောင်းအရာက လုပ်ကြံပြောနေကြတာပဲ။ ဒါပေမယ့် ဟုတ်သယောင်၊ စိတ်သက်သာသယောင်ရှိတယ်။ ဒီမှာသူတို့ခဏတန့်လိုက်ကြတယ်။ တစ်စက်တစ်စက်နဲ့ ရေစက်တွေ ဖြည်းဖြည်းချင်း ကျနေပုံက ငြိမ်ဆိတ်ခြင်းကို အားကောင်းလာစေတယ်။ ပါးစပ်မှာ ပင်လယ်ရေမြှုပ်တပ်လို့၊ လက်ကိုနာကျင် လွန်းလို့ ရှုံ့တွကျစ်ဆုပ်ထားလို့ ဖြစ်နေတဲ့ အလောင်းကောင်ဟာ ရုတ်တရက် လက်ဝါးကပ်တိုင်တင်ထားတဲ့ ခရစ်တော်နဲ့ တူလာပါတော့တယ်။ ဒီကဗျာ ထုတ်နုတ်ရာ 'ကဗျာသစ်များ' စာအုပ် စောစောပိုင်းမှာ ခရစ်တော် လက်ဝါးကပ်တိုင် အတင်ခံရပုံ သရုပ်ဖော်ကွက်တစ်ခု ပါတယ်။ ပါးကွက်သားတွေက ခရစ်တော်ကို မြန်မြန်သေမသွားအောင်ဆိုပြီးတော့ ယဲ့ယဲ့ကလေးချောင်းဆိုးနေတာကို ချဉ်ရည်ဖတ် ကလေးနဲ့ ပိတ်ဆို့ထားကြသတဲ့။ အခု မိန်းမကြီးတွေ မသိလိုက် မသိဖာသာ လုပ်လိုက်ပုံကလည်း အဲဒါကို တုလုပ်သလိုဖြစ်နေတယ်။ ဒါပေမယ့် ဒါအဓိပ္ပါယ် အကောက်လွဲခြင်းပါ။ အလောင်းကောင်ကတော့ ကျုပ် ရေငတ်တဲ့အဆင့်က ကျော်သွားပြီ၊ ရေမြှုပ်ကို ကျုပ်မျက်နှာပေါ်က ယူပစ်လိုက်ပါ လို့ ပြောနေဟန်ပဲတဲ့။

ကဗျာထဲမှာ ထိတ်လန့်ချောက်ချားစရာ စကားလုံးဆိုလို့ 'ကြောက်ဖွယ် လိလိ' လက်ဆိုတာပဲပါတယ်။ ဒီလက်ကိုမြင်ရတော့ မိန်းမကြီးတွေ ခုနကလို ဟန်ဆောင်ပန်ဆောင်နဲ့စကားဖာတာမျိုးတောင် မလုပ်နိုင်ကြတော့ဘူး။ အလုပ်ကို ပေါ့ကြပြန်တယ်။ 'တိုတုတ်တုတ်ချောင်းဆိုး'ပြန်တော့ ဒုတိယအကြိမ် ခရစ်တော်ကို လှောင်မိကြပြန်ရော။ ပိုက်ကွန်ထဲမိနေတဲ့ ငါးကြီးတစ်ကောင်ပမာ သူတို့ရဲ့ အရိပ်ဟာ နံရံကပ်စက္ကူပေါ်မှာ အချိုးမကျ၊ မပြေမပြစ်နဲ့ လှုပ်ရှားနေတယ်။ အဲဒီနောက် မိန်းမကြီးတွေ အလုပ်ပြီးလို့ ပြန်ကြပါရော။ အလောင်းကောင်ပဲ တစ်ဦးထဲ ကျန်ရစ်ခဲ့ တယ်။ ကြောက်ဖွယ်ညဟာ ပြတင်းပေါက်ဆီမှာ လောကကြီးကို မည်းမည်းမှောင် လာစေပေ့။ 'ဗလာဟင်းလင်း သန့်ရှင်းစွာ' လဲလျောင်းယင်း အမည် ကင်းမဲ့စွာနဲ့ ဥပဒေတွေ ထုတ်ပြန်နေတော့တယ်။ အကြောင်းကတော့ ရေဆေးတယ် ဆိုတာ ရာဇဘိသိက်သွန်းသလို သင်္ကေတသဘောဆောင်တယ်။ အဓိပ္ပာယ်ကတော့ ပြောင်း ပြန်ယူရမယ်။ ခန္ဓာကိုယ်ကို မင်းမြှောက်တန်ဆာငါးပါးဆင်ယင်ပေးခြင်း မဟုတ်၊ ဘဝရဲ့ နောက်ဆုံးခြေရာလက်ရာကို ခွာချခြင်း၊ ဆေးကြောပစ်ခြင်းဖြင့် သေမင်းရဲ့ အာဏာစက်ကို အသိအမှတ်ပြုလိုက်သမို့ပါပဲ။

❖

ဒီလွတ်နေတဲ့၊ ဝင်ဖောက်ထိုးထွင်းလို့မရတဲ့ အာကာသဟာ 'အချိန်ရဲ့ ကွက်လပ်များ'ကို လုံးဝဖြည့်ပေးနေတယ်။ ကျွန်တော်တို့ မှန်ထဲကိုကြည့်ကြတဲ့အခါ အချိန်ဟာ ငြိမ်ပြီး တန့်ရပ်နေတယ်။ ကျွန်တော်တို့ဟာ တွေ့သိခံစားလို့ရတဲ့အချိန်၊ အာကာသ ပူးပေါင်းညီညွတ်မှုထဲမှာ လှုပ်ရှားပြုမူနေကြခြင်းမဟုတ်တော့ဘူး။ ကျွန်တော်တို့ မှန်ထဲကြည့်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပြုလုပ်သူနဲ့ ကြည့်ရှုမှတ်သားမှုအဖြစ် ခွဲလိုက်ကြတယ်။ 'ကြည့်ရှုမှတ်သားသူ'က သူ့ရှေ့က ဖောက်ထွင်းမဝင်နိုင်တဲ့ အာကာသထဲမှာ သူ့လက်(သူ့လက်ကော ဟုတ်ရဲ့လား) လှုပ်ရှားနေတာကို ကြည့်နေတယ်။ 'ပြုလုပ်သူ'အနေနဲ့ ကျွန်တော်တို့ဟာ အပြောင်းအလဲတွေ၊ အကျိုးဆက်တွေ ဖြစ်ပေါ်စေရတယ်။ ပြောင်းလဲမှုကို သိနေတဲ့အခါမှာသာ ကျွန်တော်တို့ဟာ အချိန်ထဲမှာ' ရှိနေတယ်လို့ ဆိုရတယ်။ မှန်ထဲကအရိပ်များကတော့ ခြေရာလက်ရာမကျန်ရစ်ဘူး။ သူတို့ဟာ အချိန်ကာလကင်းမဲ့တဲ့ ငြိမ်သက်ခြင်းထဲမှာ လှုပ်ရှားနေကြခြင်းပဲဖြစ်တယ်။

ကြေးမုံများဟာလည်း ဆန်ကာများလိုပဲ ခွဲခြမ်းတတ်တယ်။ အရာဝတ္ထုတို့ရဲ့ ပန်းချီကားဆန်တာတွေ၊ ကဗျာဆန်တာတွေဆိုတဲ့ အရည်အသွေးတွေကိုမှ သူတို့ရဲ့ ငြိမ်သမ်ခြင်းထဲကို ဆွဲယူတယ်။ ပြန့်ကားထွက်သွားပြီး ဆည်းဆာအမှောင်ထဲမှာ ပျောက်ကွယ်သွားကြတဲ့ ခန်းမလွတ်ကြီးတွေရဲ့ ဟင်းလင်းလွတ်နေတဲ့သဘော၊ အာကာသဓါတ်၊ သမင်ချိုသရဖူကို ကြွားဝင့်ဝင့်ဆောင်းထားတဲ့ ဝါဆိုဖယောင်းတိုင်စသဖြင့်။

ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် မြင်ရာမှာ ကိုယ့်လက်၊ ကိုယ့်ခြေ၊ ကိုယ့်ကိုယ်ကာယကိုသာမြင်ကြတယ်။ ကိုယ့်ရဲ့တစ်ဦးစီရဲ့ ထူးခြားတဲ့ သရုပ်ကိုဖြစ်စေတဲ့ မျက်နှာ၊ မျက်လုံး၊ မျက်နှာဖေါ်ပြနေတဲ့ အသွင်ဟန်တို့ကိုတော့မမြင်ရဘူး။ မှန်ထဲကို ကြည့်လိုက်တဲ့အခါကျတော့မှ အရင်တုန်းကမမြင်ရတာကို မြင်ရတော့တယ်။ ကိုယ့်အသွင် ဘယ်လိုနေမှန်းသိကြရတော့တယ်။ (မျက်စိကန်းသူများကဖြင့် တခြားလူတွေကို ဘယ်ပုံရှိတယ်။ သူသိတဲ့နည်းမျိုးနဲ့ပဲ သူ့ကိုယ်သူ သိမြင်ရဲ့၊ မျက်စိမြင် သူကတော့ သူများကိုသာမြင်တယ်၊ သူ့ကိုယ်သူကျကန်းနေတယ်။)

ကျွန်တော်တို့ မှန်ထဲကိုကြည့်ကြတဲ့အခါ ကိုယ်ဘာနဲ့ တူတယ်ဆိုတာကို မြင်ကြရတယ်။ ကိုယ့်ကိုယ်ကိုယ် အစစ်ကိုတော့ မမြင်ကြရဘူး။ တစိမ်းတစ်ဦးကို မြင်ကြရခြင်းဖြစ်တယ်။ နာရဆီဆုစ်ဟာ သူ့ကိုယ်သူမချစ်ဘူး။ ဖောက်ထွင်းမဝင်သာတဲ့ ကြေးမုံအာကာသထဲက လူစိမ်းကိုတော့ သူချစ်တယ်။ 'အလှဆုံး'သူဟာ မှန်ရှေ့ ရပ်နေမယ်၊ ရောင်ပြန်ဟပ်နေတဲ့အလှ(သူ့အလှ၊ မှန်ထဲဝင်သွားတဲ့ သူ့အလှပေါ့)ကို

ပေးကြည့်နေတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ ကြည်လင်လွတ်လပ်တဲ့ နာရဆိဆုစ်ဟာ မှန်တစ်ဖက်ထဲ လွန်ဝင်သွားပြီး သူလေးရဲ့ ကြေးမုံရိပ်ပုံသွင်ဟာ အသက်ဝင်လာသလို ထင်ရတော့တယ်။ မှန်ထဲကို ကြည့်ရခြင်းဟာ ပေးရခြင်း၊ လက်ခံရရှိခြင်း၊ ပြီး တဖန်ပြန်လည် ပေးရခြင်းပဲ။ သူရဲ့ "ဒုတိယညည်းချင်း"မှာ ရီလကယ်က တမန်နတ်များဟာ "မှန်များပဲ၊ တမန်နတ်ရဲ့ ဖြာထွက်နေတဲ့အလှကို သူ့မျက်နှာဆီ ပြန်လည်ပို့ပေးတယ်"လို့ ရေးဖူးပါတယ်။

နာရဆိဆုစ်(နာဆိဆပ်စ်)ဆိုတာ ခေါမပုံပြင်အရ မြစ်နတ်မင်းရဲ့သား ရုပ်ရည်ချောမောတဲ့ လူငယ်တစ်ဦးပဲ။ သူ့ကို တောင်ပေါ် နတ်သမီးလေးတစ်ပါးဖြစ်တဲ့ အဲဟိုး(ပဲ့တင်သံ)က ချစ်တယ်။ တစ်ခါတော့ ဟေရာ နတ်သမီးဟာ အဲဟိုးကို စိတ်ဆိုးတော် မူတာနဲ့ ပြစ်ဒဏ်ခတ်လိုက်တယ်။ အဲဒီပြစ်ဒဏ်ကတော့ ပြန်လည်ဖြေကြားတဲ့ အခါကလွဲလို့ အသံလုံးဝမထွက်စေခြင်းပါပဲ။ အဲဒီအခါမှာ နာရဆိဆုစ်က သူ့ကို ချစ်လာလေတဲ့ နတ်သမီးလေးရဲ့ အချစ်ကို ငြင်းဆန်လိုက်တယ်။ သူ့ခမျာ ဆွေးစိတ်နဲ့ ကြေကွဲညှိုးလျှသွားလိုက်တာ နောက်ဆုံးကိုယ်ခန္ဓာကွယ်ပျောက်ပြီး အသံသာ ကျန်တော့တယ်တဲ့။ ဒီတော့ အဖ ရောဒိတေက နတ်သားလေးကို အပြစ်ဒဏ် ခတ်ပြန်တယ်။ ပြစ်ဒဏ်ကတော့ ရေပန်းတစ်ခုထဲမှာ မြင်ရတဲ့ သူ့အရိပ်သူပြန် ချစ်မိခြင်းပဲ။ ဒီ အချစ်ကြောင့် သူလည်းညှိုးလျှန္ဓမ်းပါးသွားလိုက်တာ နောက်ဆုံးပန်းပွင့်လေးတစ်ပွင့် ဖြစ်သွားတော့တယ်။ အဲဒီပန်းကလေးကို ခုထိသူ့နာမည်နဲ့ပဲခေါ်တယ်။

❖

## ကျားသစ်

တန်းတွေကိုဖြတ်ပြီး အမြဲ ပေးနေတာကြောင့် သူ့အမြင်ဟာ
တုံးသွားတော့ကာ နောက်ထပ်ဘာကိုမှ မမြင်စွမ်းတော့ဘူး။
သူ့ရှေ့မှာ တန်းထောင်ပေါင်းများစွာ ရှိနေကြပြီး၊ နောက်မှာ
ဘာမှ ဟုတ္တိပတ္တိမရှိဘူးလို့ သူ့အဖို့ထင်ရတယ်။

အသေးငယ်ဆုံး စက်ဝန်းကလေးမှာ လှည့်လည်နေတဲ့
သိမ့်မွေ့တဲ့ သူ့ခြေလှမ်းရဲ့ သက်သက်သာသာ လှုပ်ရှားမှုဟာ

**ဗဟိုချက်တစ်ခုကို ပတ်ပြီးနေတဲ့ ခွန်အားအက တစ်ခုလိုပဲ၊**
**ဒီအကထဲမှာ ရောမ စိတ်တန်ခိုးတစ်ခုဟာ မှင်သက်မိနေလေရဲ့။**
**တစ်ခါတလေ မျက်သူငယ်အိမ်ရဲ့ အမှေးပါးဟာ**
**အသံမဲ့စွာပွင့်လာတယ် . . . အဲဒီနောက် ရုပ်ပုံတစ်ပုံပြည့်လာ၊**
**ခြေလက်တို့ရဲ့ ငြိမ်သက်တဲ့ တင်းမာမှုထဲ ဖြတ်လျှောဆင်းသွား**
**နှလုံးသားထဲဝင်၊ တန့်ရပ်သွားကာ ငြိမ်ကျသွားပါရော။**

'ကျားသစ်'ဆိုတဲ့အတွက် တကယ့်ကျားသစ်မအောင်မေ့ပါနဲ့။ အင်မတန်အသက်ဝင်မာန်ပါလှတဲ့ အနုပညာလက်ရာအရုပ်တစ်ခုပါ။ ပုံကတော့ တိရစ္ဆာန်ရုံထဲက ကျားသစ်အတိုင်းပဲ လုပ်ထားတယ်။ လှောင်ချိုင့်ထဲမှာပဲ ထည့်ထားတယ်။ ခြေတဖက်ကိုအသာ လှမ်းကြွနေဟန်လုပ်ထားတယ်။

ကျားသစ်ရုပ်ဟာ လှောင်ချိုင့်ရဲ့ တန်းတွေကိုချည်း အစဉ်အမြဲ ငေးကြည့်နေတာကြောင့် မျက်စိဟာတုံးသွားပြီး ဘာမှမမြင်ရသလိုဖြစ်နေတယ်။ ဒါဟာသူ့လောင်ချိုင့်ထဲမှာ ရှိနေပုံကို သူ့မျက်စိရှေ့မှာ တန်းတွေတန်းတွေချည်း မြင်နေရတဲ့အတွက် နောက်မှာဘာမှမရှိတော့ဘူးလို့ သူထင်လာမိတယ် (ဒီလိုဆိုလိုက်တဲ့အတွက် နောက်ပြန်လှည့်ခြင်းမရှိ အမြဲရှေ့ချည်းကြည့်နေရတဲ့ အရုပ်လို့ သိလာရတယ်။)

နောက်အပိုဒ်မှာ ကျားသစ်ရုပ်ရဲ့ ခြေလှမ်းနေပုံလေးကို ဖွဲ့တယ်၊ ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့နဲ့ ကနုတ်ကြောင်းလေးတစ်ခုတစ်ဖွယ် ကွေးကွေးကောက်ကောက်လေး ဒါပေမယ့် သိမ်မွေ့ပေမယ့် ချီနဲ့တဲ့ ဟန်မျိုးမဟုတ်ပဲ၊ အားနဲ့မာန်နဲ့ ခြေကိုလှမ်းနေပုံလေးဟာဖြင့် အမှတ်တစ်ခုကို ဗဟိုပြုပြီးကနေတဲ့ ခွန်အားအကတစ်ခုနဲ့ တူလေရဲ့တဲ့။ ခွန်အားအကဆိုတာ ဓားရေးပြလှံရေးပြဆိုတာလို အင်အားအစွမ်းပြတဲ့အကမျိုးပေါ့ ကွေးကွေးကလေးလုပ်နေတဲ့ ကျားသစ်ရဲ့ ခြေလှမ်းပုံက ပုံဖော်ကျူးနေတဲ့ ခွန်အားအကဟာ ဘယ်လောက်ပြင်းထန်ပါသလဲဆိုရင် အလွန်ပြင်းပြတယ်ဆိုတဲ့ စိတ်တန်ခိုးဟာတောင် ဘာမှမလှုပ်နိုင် မရှားနိုင်မှင်သက်မိသလိုဖြစ်ပြီး ငေးကြောင်ကြည့်နေရပါ သတဲ့။ ခြေကလေးလှမ်းနေပုံကနေ ကဗျာဆရာ ရဲ့ စိတ်ကူးတာသွားလိုက်ပုံကို မှတ်သားပါဘိ။

တစ်ခါသူ့မျက်လုံးလေးများကို ကဗျာဆရာကကြည့်လိုက်မိပြန်တယ်၊ ကျောက်ရုပ်ဆိုတော့ မျက်လုံးအရာပဲရှိတာပါ။ အမှေးတွေဘာတွေမရှိတော့ပါဘူး၊

**ထင်းရှူးပင်ရိပ်**

ဒါကိုပဲကဗျာဆရာက အမေးပါးလေး တိုးတဆိတ် ပွင့်လာဟန်မြင်မိတယ်။ အဲဒီလို ပွင့်သွားရာမှာ ရုပ်ပုံလေးတစ်ခု (ပြင်ပကမ္ဘာက ရောင်ပြန်ဟပ်ချက်တစ်ခု) မျက်လုံး ထဲဝင်သွားတယ်။ မျက်လုံးထဲကနေ တောင့်တင်းနေတဲ့ ခြေထွေလက်တွေကို ဖြတ်ပြီး လျှောဆင်းစီးဝင်သွားတယ်။ နောက်ဆုံးနှလုံးသားထဲ ရောက်သွားပြီး အဲဒီနှလုံးသား ထဲမှာ ရုပ်တန့်ငြိမ်ကြသွားပါလေရောတဲ့။ ကျားသစ်ရုပ်ရဲ့ ပြူးကြောင်ကြောင်လေးနဲ့ ငြိမ်သက်နေပုံကို ကဗျာစျာန်ဝင်ပစ်လိုက်ပုံက ကျွန်တော်တို့ စာဖတ်သူများပါလိုက်ပြီး ရုပ်ပုံမျက်လုံးထဲဝင်လာ၊ လက်ခြေတွေထဲဝင် အသည်းနှလုံးထဲ ရုပ်တန့်သွားပုံကို ခံစားမိကြတော့တယ်။ ကျားသစ်ရုပ်ကိုလည်း မြင်ရောင်ရုံမက အသက်ဝင်လှုပ်ရှားပြီး သူခံစားရသလို တစိမ့်စိမ့်ခံစားလာရတော့တယ်။ ကဗျာရဲ့ ခံစားနိုင်စွမ်းဆိုတာ ကျွန်တော်တို့က ဒါမျိုးကိုပြောကြတာပါ။

**စပိန်ကဗျေသည်**

**လက်ထဲမှာ မီးခြစ်ဆံ လင်းသလို၊ အလျှင်အမြန်ဖြူဖွေး**
**နောက် မီးလျှံအဖြစ်ပေါက်ကွဲကာ အရပ်ဆယ်မျက်နှာကို**
**သူခါယမ်းယမ်းလျှာနဲ့ လျက်တော့သလို၊ ပွဲကြည့်ပရိတ်သက်**
**အဝန်းအဝိုင်းတွင်းမှာ တဝီဝီလည်နေတဲ့ သူ့အကဟာ တောက်ပ**
**သွက်လက်၊ ပြင်းပြတယ်၊ တုန်ခါပြီး ကျယ်ပြောသွားတော့တယ်၊**

**ပီး ဖြုန်းဆို မီးသန့်သန့်ပဲ ဖြစ်သွားပါလေတော့တယ်၊**

**သူ့အကြည့်တွေက မည်းနက်တဲ့ ဆံပင်ကို မီးရှို့နေတယ်၊**
**လွင့်မျောနေတဲ့ ဂါဝန်စများကို ဝံ့စားတဲ့ အနုပညာနဲ့ ဝှေ့ယမ်းပြီး**
**ရဲရဲညီးလောင်တဲ့ မီးလျှံ လေပွေတစ်ခု ဖြစ်သွားစေတယ်၊**
**အဲဒီဆီက သူ့ဗလာ လက်မောင်းများ တဖျပ်ဖျပ် ရိုက်ခတ်ကာ**
**ကြောက်ဖွယ်ခလောက်မြွေများလို တဖျောက်ဖျောက်အသံပေါ်လာရဲ့**

**အဲဒီနောက်၊ မီးက သူ့ကို ဖိထားကာ ကပ်လွန်းလို့တဲ့**
**ပိုင်စိုး ပိုင်နင်း ဆွဲကိုင်ကာ မောက်မာတဲ့ ဟန်ပန်တွေနဲ့**

**ကြမ်းပေါ် လွှင့်ပစ်ချလိုက်ပြီး မီးကဒေါ်ထနေတာ**
**သေမယ် မဟုတ်တဲ့ အလျှံတွေနဲ့ ခုန်ပေါက်နေတာကို ကြည့်နေတယ်**
**နောက်ဆုံးမှာ၊ အောင်ပွဲခံရလို့မို့၊ ချိုသာတဲ့ ခရီးဦးကြိုပြုတဲ့**
**အပြုံးတစ်ခုနဲ့၊ ခေါင်းကို မြင့်မြင့်ကလေး ပင့်ထားရင်း၊**
**သေးငယ်ခိုင်ခန့်တဲ့ခြေကလေးတွေနဲ့တက်နင်းပြီး အသေသတ်ပစ်လိုက်ပါတော့တယ်။**

ရီလကယ်ရဲ့ ခံစားနိုင်စွမ်းကို အံ့မခန်း တွေ့ရတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ စပိန်ကချေသည်တွေကတာကို ရုပ်ရှင်ထဲမှာ မြင်ဖူးကြမှာပေါ့။ အခုအဲဒီမြင်ဖူးဟန်လေးကို မျက်စိထဲမြင်ယောင်ကြည့်လိုက်စမ်းပါ။

ကချေသည်ရဲ့ အကကို မီးနဲ့နှိုင်းထားတယ်။ မီးဖြစ်လာပုံကို မီးခြစ်ဆံခြစ်လိုက်ပုံနဲ့ တင်စားပြထားတယ်။ လက်ထဲမှာ ခြစ်လိုက်တဲ့အခါမီးခြစ်ဆံဟာ ပထမဖြူဝင်းလက်သွားတယ်၊ ပြီး မီးလျှံဖြစ်သွားတယ်။ မီးလျှံလေး တုန်ခါနေပုံဟာ လှုပ်ယမ်းနေတဲ့ လျှာနဲ့တူတယ်။ လျှာနဲ့ ဟိုသည်ဝန်းကျင်ကို လျက်သလို မီးလျှံလေးက အရပ်ဆယ်မျက်နှာကို လျက်နေတယ်။ မီးခြစ်ဆံက ကချေသည်၊ မီးခြစ်ဆံကို ကိုင်ထားတဲ့လက်က ဝိုင်းပြီး ကြည့်နေကြတဲ့ ပရိတ်သတ်။ ကချေသည်ဟာလည်း မီးခြစ်ဆံက မီးဖြစ်လာပုံ အစီအစဉ်အတိုင်းပဲ၊ ပထမ လင်းလက်သွားတယ်၊ ပြီးတော့မှ သွက်လက်ပြင်းပြစွာနဲ့ မီးလျှံပမာဖြစ်သွားတယ်။ ပြီး တုန်ခါသွားကာ အနန္တလောကထဲကျယ်ပြော ထွက်သွားတယ်။ လုံးဝ မီးဖြစ်သွားပါတော့တယ်တဲ့။

သူ့အကြည့်တွေကလည်း အင်မတန် ပြင်းထန်တဲ့ အရောင်တဖိတ်ဖိတ်တောက်နေတဲ့ မီးလျှံ မျက်လုံးတွေပေါ့။ ဒီမျက်လုံးတွေကြောင့် မည်းနက်တဲ့ သူ့ဆံပင်ဟာလည်း မီးလောင်နေသလို ထင်ရတော့နတယ်။ ဂါဝန်တွေဟာ ဝှေ့ယမ်းပြီးလည်နေတယ်။ ဒီ ဂါဝန်စတွေ ဝှေ့ယမ်းလွင့်မောနေတာကလည်း မီးလျှံလေပွေတစ်ခုနှယ် ဖြစ်တော့တယ်။ ဒီလို ကရင်က လက်မောင်းသား ဝင်းဝင်းတွေကို ပုတ်ကာအသံပြုလိုက်ပုံကလည်း တောင်အမေရိကတိုက်က လူသေအောင် ကိုက်တဲ့ခလောက်မြွေ (ဒီမြွေရဲ့ အမြီးက အဆစ်မာမာတွေ မြေကို ရိုက်သွားတာက ခလောက်ကို အသံဖြစ်ပေါ်စေတဲ့အတွက် ခလောက်မြွေလို့ခေါ်တယ်) ရဲ့ အသံအတိုင်းပါပဲတဲ့။

အဲသလိုမီးနဲ့ တွဲကနေရာက မီးက သူ့ကိုပွေ့ဖက်ထားပုံက အတင့်ရဲလွန်းတယ်။ ဒါလောက်ကြီး တင်းတင်းကြပ်ကြပ် ဖက်ရသလားဆိုပြီး ဒေါပွသွားတာနဲ့

မီးကို ပိုင်စိုးပိုင်နင်း ကုပ်က ဆွဲတဲ့ပြီး ကြမ်းပေါ် ကိုင်ပေါက်ပစ်လိုက်တယ်။ ဒေါပွသွားတဲ့မီးက ကြမ်းပြင်ပေါ်မှာ ဒေါတွေမောတွေထပြီး ခုန်ပေါက်နေတယ်။ မီးလျှံတွေဟာ မသေတော့မယ့်အတိုင်းပဲ ပြင်းထန်လှတယ်။ ဒါကိုကချေမချောက အားရလှစွာ စိုက်ကြည့်နေတယ်။ ပြီး ကျေနပ်တဲ့ အပြုံးနဲ့ ပြုံးကြည့်လိုက်ရင်း၊ ခေါင်းကို မတ်မတ်ထားရင်း မီးစများကို သူ့ရဲ့သေးငယ်ပေမယ့် တောင့်တင်းခိုင်ခံ့တဲ့ ခြေထောက်နဲ့ တက်နင်းကာ အသေသတ်ပစ်လိုက်ပါတော့တယ်တဲ့။

စပိန်ကချေသည်မရဲ့ ပြင်းထန်လှတဲ့အကရဲ့ အဟုန်၊ အကရဲ့မာန်၊ အကရဲ့ အသက်ကို ဖော်ကျူးလိုက်ပုံဟာ ကြောက်ခမန်းလိလိ ဖတ်ရသူ ရင်ထဲကို စိမ့်ဝင်သွားပြီး ခံစားလာစေနိုင်တာကို တွေ့ကြပါလိမ့်မယ်။

■

# စပိန်ကဗျာ

## လော်ရကာ

ဂါရသီယာ လော်ရကာ (၁၈၉၈-၁၉၃၆)ကို စပိန်ပြည်ရဲ့ မြေသြဇာထက်သန်လှတဲ့ ဂရာနဒါ လွင်ပြင်က ဖူဝင်တေဗာ ကွေရောစ့်အရပ်မှာ မွေးခဲ့တယ်။ သူ့အဖေက လယ်သမား၊ ချမ်းသာတယ်၊ မြင်းစီးကောင်းတယ်။ အမေက နာမည်ကြီး မိသားစု တစ်စုက ဆင်းသက်လာသူ။ သားနှစ်ယောက် သမီးနှစ်ယောက်ရှိရာမှာ သူက အကြီးဆုံး။ သူ့ဘဝ ပထမပိုင်းကတော့ သူတို့မိသားစုရဲ့ လယ်ယာထဲ ကြီးပြင်း ကုန်လွန်ခဲ့ရတာပါပဲ။ မွေးမွေးချင်း အကြီးအကျယ် ဖျားလိုက်တဲ့အတွက် လေးနှစ် သားအထိ လမ်းမလျှောက်နိုင်ဘဲ ဖြစ်နေတယ်။ ကြီးလာတော့လည်း ခြေကလေး ထော့ကျိုးထော့ကျိုး နည်းနည်းဖြစ်နေတယ်။ သိပ်တော့ မသိသာဘူး။ သည်လို ကိုယ်လက် မသန်စွမ်းမှုကြောင့် သူ့စိတ်ဓါတ်ဟာ တစ်မျိုးဖြစ်လာရတယ်။ သူများလို သုန်မှုန် အလိုမကျဖြစ်တာမျိုးတော့မဟုတ်ဘူး။ တခြားကလေးတွေနဲ့အတူ ရောမကစားနိုင် တော့ သူမှာ စိတ်ကူးဉာဏ်နဲ့ ခံစားတက်မှုအား ကြီးမားလာရတယ်။ သူဟာ ယုံတမ်းလောကမှာ သူ့ကိုယ်သူ ဖေါ်ထုတ်လာတော့တယ်။ ပြဇာတ်ခင်း ရုပ်သေးပြ၊ အိမ်ကအစေခံတွေနဲ့ ညီလေးတွေကို ဇာတ်ကောင်တွေလို ဆင်ယင်ပေး နဲ့ပေ့ါ။ နောက် သူ့စုလို့ဆောင်းလို့ရလာတဲ့ ပိုက်ဆံလေးနဲ့ ဂရာနဒါမှာ ကလေးကစား တဲ့ ပြဇာတ်ရုံ တစ်ရုံဝယ်တယ်။ ဝယ်တဲ့ထဲမှာ ပြဇာတ် စာအုပ်ပါ မလာဘူး။ အဲဒီ

တော့ လော်ရကာ လေးက  သူကိုယ်တိုင်ပြဇာတ် ရေးတယ်။ ဒီလိုနဲ့ ပြဇာတ်ဟာ သူ့ဘဝရဲ့ အရေးပါတဲ့ အပိုင်းတစ်ပိုင်းဖြစ်လာခဲ့တယ်။

သူ ငယ်စဉ်က စာပေပညာမှာ ထူးထူးချွန်ချွန် မရှိခဲ့လှပါဘူး။ ဆရာမ လုပ်ဖူးတဲ့ မအေဖြစ်သူက ကကြိုးခဲ့ချွေးသင်ပေးတယ်။ လယ်ယာထဲမှာ ငြိမ်းငြိမ်း ချမ်းချမ်းပျော်ပျော်ရွှင်ရွှင်နေရတယ်။ ကျေးလက်တောရွာဘဝနဲ့ နီးနီးကပ်ကပ် ထိတွေ့ပြီး နေရခြင်းပါပဲ။ သူတို့ဒေသကလည်း ကျေးလက်အစဉ်အလာတွေ အလွန် ကြွယ်ဝတဲ့ဒေသ။ လော်ရကာဟာ စကားမပြောတတ်ခင်ကပဲ ကျေးလက် သီချင်း တွေ ဟဲတတ်နေပြီ။ အစေခံအိုကြီးတွေဆီက သူလူထုပုံပြင်တွေ၊ ပြည်သူ့ဝတ္ထု ကဗျာတွေ၊ ဘာလဒတွေ ရရှိခဲ့တယ်။ ဒါတွေဟာ နောင်တော့ သူ့ကဗျာထဲ စိမ့်ဝင်လာ ကုန်တော့တာပါပဲ။

ဖဲဒဲရိကို (လော်ရကာရဲ့ ငယ်နာမည်)ကို ကျောင်းထားရေးပြဿနာ အလေး အနက်စဉ်းစားရမည့် အချိန်ရောက်လာတဲ့အခါမှာ မိသားစုဟာ ဂရာနဒါမြို့ ကို ပြောင်းခဲ့ကြတော့တယ်။ သူတို့အဆင့်အတန်းအတိုင်း ကျောင်းပညာသင်လာခဲ့ တာ နောက်ဆုံး တက္ကသိုလ်ရောက်လာတယ်။ ဂရာနဒါတက္ကသိုလ်မှာ ပညာသင် တယ်၊ အပြီးမသတ်ဘူး။ အဲဒီနောက် မဒရစ်သွားပြီး ပညာသင်ပြန်တော့လည်း အလားတူပဲ၊ မပြီးပြတ်ဘူး။ သူက ကျောင်းစာပညာကို နည်းနည်းမှ စိတ်မပါဘူး။ သူ စိတ်က တက္ကသိုလ်သင်ရိုးညွှန်းတမ်းရဲ့ ပြင်ပမှာ ရောက်နေတယ်။လက်ဖက်ရည် ဆိုင်တွေမှာ မိတ်ဆွေတွေနဲ့ စကားပြောရတာ၊ တောရွာတွေ ဂရာနဒါ ဥယျာဉ်တွေထဲ လျှောက်ပြီး လေ့လာရတာ၊ အန္ဒာလူဆီဟာ ရှေးဟောင်း တိုင်းပြည်ကြီးကို စုပေါင်းပုံဖော်ပေးခဲ့တဲ့ ယဉ်ကျေးမှုတွေ အစဉ်အလာတွေကို တွေ့ရှိလေ့လာရတာ၊ နောင်သူ့စာထဲမှာ အဓိကအခန်းက ပါလာကြမယ့် ဂျစ်ပဆီ တွေနဲ့ မိတ်ဖွဲ့ရတာ တွေပဲ သူပျော်မွေ့နေမိတယ်။ စန္ဒယားနဲ့ ဂစ်တာအတီး သင်ပေး တယ်။ ဂစ်တာကို တော့ မကြာမီစွန့်လွှတ်ခဲ့တယ်။ မာနွေလ ဒဲဖာလာကို တွေ့တဲ့အခါ အင်မတန်ခင် သွားတော့တယ်။ သူ့ဆရာလည်း ဆိုနိုင်ရဲ့။ သူကပဲ လော်ရကာကို လူထုတေးသံတွေ စုဆောင်းဖို့၊ ဂီတသံသွင်းပေးဘို့ လမ်းညွှန် အားပေးခဲ့ပါတယ်။

သူအများဆုံး ဖတ်တာက ကျောင်းစာအပြင်က စာတွေပါပဲ။ ခေါ်မပြဇာတ် တွေ၊ ရှိတ်စပီးယား၊ အိဗဆန်၊ ဗစ်တာအည်ဂေါ၊ စပိန်ဂန္တဝင်စသည်တို့ ဖြစ်တယ်။ စပိန်ရောမန္တိက ကဗျာတွေ၊ ခေတ်ပြိုင်ကဗျာတွေလည်း ဖတ်တယ်။ ဂရာနဒါ မှာ သူ့မိတ်ဆွေတွေက ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဂီတသမား၊ ကဗျာဆရာ အစုံပါဝင်

တယ်။ ဒဲဖာလာနဲ့ တွဲဖက်ပြီး တောင်ပိုင်း စပိန်က ကန်တဲ့ယွန်ဒိုတေး သံပွဲတော်ကို ဦးဆောင် ကျင်းပရာမှာ ဂျစ်ပဆီတွေနဲ့ ရင်းနှီးသွားရပြန်တယ်။ ဂရာနဒါမှာနေရင်း သူ့ပထမဆုံးစကားပြေစာအုပ်ဖြစ်တဲ့ 'အင်ပရဲဆီယွန်နဲ့အီ ပိုက်ဆာယေ'(၁၉၁၈)ကို ထုတ်တယ်။ နောင်နှစ်မှာ မာဒရစ်ကို ပညာဆက်သင်ဖို့ဆိုပြီး သွားတော့လည်း ကျောင်းစာ မဟုတ်တာတွေမှာပဲ စိတ်အာရုံဖြန့်ကျက်နေခဲ့ပြန်တယ်။ ကဗျာဆရာ ပေါင်းစုံနဲ့ တွေ့သိမိတ်ဆွေဖြစ်ရကယ်။ ပြဇာတ်ရေး၊ စန္ဒယားတီးဖို့ ဂီတတွေစပ်၊ ပန်းချီဆွဲ၊ လူထု ပုံပြင်တွေစုဆောင်း၊ ကဗျာတွေ ရွတ်နဲ့ပဲ။ ဗာလေရီ၊ အာရာဂွန်၊ အိပ်ချ်ဂျီဝဲလ်စ်တို့လို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေနဲ့လည်း တွေ့ခွင့်ရခဲ့တယ်။ ကဗျာဆရာ တစ်ဦးအနေနဲ့လည်း စတင်လာခဲ့ပါပြီ။

ဥရောပစာပေမှာ ဖြစ်ပေါ်နေတဲ့ စာပေဝါဒတွေ လော်ရကာကိုလာ ဝယက်ရိုက်ကြတယ်။ အစကတော့ သူ့ကိုယ်ဟန်နဲ့ကိုယ် နေခဲ့သေးရဲ့။ အမှန်လွန် ဝါဒ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဆာလတဒိုဒါလီနဲ့ တွေ့မိတော့မှပဲကနေ့ခေတ်ရဲ့ စာပေလှိုင်းအဟုန်ကို သူကောင်းစွာသိမြင်လာခဲ့တော့တယ်။ ဒါပေမဲ့ လော်ရကာက ရှေးရိုးရာခေတ်ပြိုင်ပါ 'စာပေ'ဝါဒစာပေနည်းနာကို သူ့ဟန်နဲ့ ရောခြေမွှေနှောက် ပစ်တတ်သူသာဖြစ်ပါတယ်။ သူ့ပထမဆုံး ကဗျာ စာအုပ်ဖြစ်တဲ့ 'လိတရောဒဲပေါအဲ မာစ့်'ကို ၁၉၂၁မှာ ထုတ်တယ်။ ပြင်ပလူများက စိတ်မဝင်စားကြဘူး။ လော်ရကာ ကလည်း သူ့ကဗျာကို တယ်ပုံနှိပ်ချင်တာမဟုတ်ဘူး။ မိတ်ဆွေများက အတင်းခိုင်းကြ လွန်းလို့သာ ဒုတိယကဗျာစာအုပ်ဟာ ၁၉၂၇မှပဲထွက်လာတယ်။ ဒီစာအုပ် မထွက်ခင်ကပဲ ကဗျာဆရာတွေ အပေါ်မှာ သူ့ဩဇာကတော့ အတော်ညောင်းနေပါ ပြီ။ သူကသူ့ကဗျာကို ဖတ်ပြရတာသိပ်သဘောကျတယ်။ ကဗျာဆိုတာ သက်ရှိလူက အမိပ္ပာယ်ဖွင့်မှ(ရွတ်ပြမှ)ဖြစ်တယ်လို့ သူကပြောတယ်။ တစ်ချိန်တည်းမှာ သူ့ပြဇာတ် တွေလည်း အောင်မြင်လာတယ်။ လော်ရကာအဖို့ ကဗျာဆရာဘဝနဲ့ ပြဇာတ် ရေးဆရာ ဘဝဟာ ပြိုင်တူဖြစ်လာခဲ့ပါတယ်။ သည်နောက် ကဗျာစာအုပ်တစ်အုပ် (ရိုမန်သေ ရိုဂီတာနို)ဆက်ထုတ်လာခဲ့တယ်။ အောင်မြင်တယ်။

၁၉၂၉မှာ လော်ရကာ အမေရိကန်ကို သွားတယ်။ ကိုလံဘီယာတက္ကသိုလ် မှာ အင်္ဂလိပ်စာသင်တန်းတက်တယ်။ စာမလိုက်နိုင်လို့ ထွက်ပြီးလျှောက်လည်နေခဲ့ တယ်။ ကဗျာတွေရေးခဲ့တယ်။ သူသေပြီးတဲ့နောက်မှာ 'ညူးယောက်မှ ကဗျာများ' ဆိုပြီး စုဆောင်းထုတ်ခဲ့ကြတယ်။ ညူးယောက်ရဲ့ လူ့အဖွဲ့အစည်းဟာ ရှုပ်ထွေး လာသလို သူ့ခံစားရမှုတွေလဲ ရှုပ်ပွေလာတယ်။ ဒီခံစားရမှုနဲ့ ကိုက်ညီအောင်ဆိုပြီး

သူက အမှန်လွန်ဝါဒနည်းကို သုံးခဲ့လေရဲ့။

၁၉၃၀မှာ ဟာဗာနာမှာ စာပေအကြောင်းဖိတ်ကြားချက်ရတာနဲ့ လော်ရကာ ကျူးဘားရောက်သွားတယ်။ နှစ်လလောက်နေခဲ့တယ်။ ကျူးဘားမှာ သူတွေ့ရတဲ့ ပြည်သူ့တေးသံတွေ၊ ရိုးရာယဉ်ကျေးမှုတွေက သူမြတ်နိုးတဲ့ ရှေးစပိန်အစဉ်အလာယဉ်ကျေးမှုအစွဲကို အားဖြည့်လောင်း ပေးလိုက်သလို ရှိပါတော့တယ်။ စပိန်ပြည်ပြန်လာတော့ ဂရာနဒါနားက သူ့အဖေအိမ်မှာ နေတယ်။ သူ့ဘဝမှာ အဖွံ့ဖြိုးဆုံးထုတ်လုပ်နိုင်တဲ့ အချိန်ပိုင်းပါပဲ။ ၁၉၃၀မကုန်ခင်မှာပဲ ကဗျာပြဇာတ်တစ်ပုဒ်ထွက်လာနိုင်တယ်။ မဒရစ်မှာ ရုံတင်ကပြတယ်။ နောက်နှစ်မှာ ကဗျာစာအုပ်တစ်အုပ် အသစ်ထွက်လာတယ်။ သူတောင်ပိုင်းစပိန်တေးသံ ပွဲတော်ကျင်းပစဉ်က ရခဲ့တဲ့ အတွေ့အကြုံတွေကနေ ပေါက်ဖွားလာတဲ့ ကဗျာများပါပဲ။

၁၉၃၁မှာ သမ္မတနိုင်ငံ ပေါ်လာတော့ လော်ရကာက ပြည်သူတွေဆီ ပြဇာတ်ကို ပို့ပေးဖို့ အခွင့်အလမ်းပေါ်ပြီဆိုပြီး အစိုးရဆီစီမံကိန်းတစ်ခု ရေးဆွဲတင်တယ်။ ဒါနဲ့ ပြဇာတ်အဖွဲ့တစ်ဖွဲ့ပေါ်လာရတယ်။ တက္ကသိုလ်ကျောင်းသားတွေက ဇာတ်ဆောင်အဖြစ် ပါဝင်ပြီး နယ်လှည့်ကကြတာပါပဲ။ လော်ရကာက ဦးစီးခေါင်းဆောင်ပေါ့။ လော်ရကာ ပြဇာတ်တွေ ရေးပစ်တယ်။ သူ့ရဲ့ အလွမ်းဇာတ်(သွေးမင်္ဂလာဆောင်) ဟာ အင်မတန်အောင်မြင်တယ်။ ဗွေ့နိုစ်အိုင်ရစ်ကိုတောင် သွားကရတယ်။ လော်ရကာက ပြဇာတ်ဆိုတာ ပြည်သူကို ထိတွေ့ရတဲ့ ကဗျာလို့ ယုံကြည်တယ်။ ဒီလိုနဲ့ သူပြဇာတ်တွေတွန်းရေးတော့တာပဲ။ ဒါပေမယ့် ကဗျာသက်သက်ကို ရေးတာကိုလည်း မလျှော့ပါဘူး။ အဲသလို သူ့အနုပညာအဖွံ့ဖြိုးအတိုးတက်ဆုံး အချိန်ပိုင်းမှာမှ လော်ရ ကာခမျာ မဖြစ်ညစ်ကျယ် အသေဆိုးနဲ့ ဘဝနိဂုံးချုပ်ခဲ့ရရှာတယ်။

ပြည်တွင်းစစ် စတင်ဖြစ်ကာစ ၁၉၃၆ ဇူလိုင်လထဲမှာ သူ့ကိုအမည်မသိလူတွေက သတ်ဖြတ်သွားကြတယ်။ သတ်တာဂရာနဒါမြို့ပြင်ဖက် တောင်တွေပေါ်က ဗိဇနာဆိုတဲ့အရပ်လို့ ခန့်မှန်းကြရတယ်။ သူ့အလောင်းကိုတော့ လုံးဝရှာမတွေ့ကြ ရတော့ပါဘူး။ သူ့အဖြစ်ကို သူ့ကဗျာထဲမှာ သူကနိမိတ်ဖတ်ထားခဲ့တယ်

'ငါ့ကိုသတ်ဖြတ်ကြပြီဆိုတာ ငါသိရတယ်။

သူတို့တစ်တွေဟာ ကဖေးတွေ၊ သင်္ချိုင်းတွေ၊ ဘုရားကျောင်းတွေကို ရှာကြ၊

စည်ပိုင်းတွေ၊ ကြောင်အိမ်တွေ ဖွင့်ကြည့်ကြ၊

ရွှေသွားကို ဖြုတ်ယူဖို့ အရိုးစု သုံးခုကို ဖျက်ကြရဲ့။

ထင်းရှူးပင်ရိပ်

သူတို့ ငါ့ကို မတွေ့ကြရဘူး

သူတို့ ငါ့ကို မတွေ့ကြတော့ဘူးလား

အေး။ သူတို့ ငါ့ကို မတွေ့ကြတော့ဘူး။'

ခေတ်ပြိုင် စပိန်ကဗျာဆရာတွေထဲမှာ လော်ရကာဟာဖြင့် စပိန်ပြည်နယ်နိမိတ်ကိုကျော်ကာ အင်္ဂလန်၊ အမေရိကန် စသဖြင့် ကမ္ဘာတစ်ဝှမ်းကျော်ကြားလေတဲ့ ကဗျာဆရာတစ်ဦးပဲဖြစ်ပါတော့တယ်။

**ပြတ်ရတဲ့ ဂီတ**

**လခြမ်းရဲ့ ခဲအေး**
**အိပ်ချင်မူး ရပ်တန့်မှုက**
**နက်ရှိုင်းတဲ့ ညရဲ့**
**ညီညွတ်မှုကို ပြတ်စေရဲ့**
**မြက်ခင်း မသာဝတ်နဲ့ မြောင်းများက**
**ငြိမ်ဆိတ်စွာ ကန့်ကွက်နေကြတယ်၊**
**အရိပ်ရဲ့ မိုဇင်ဖားများလည်း**
**ငြိမ်ဆိတ်ကုန်ကြပေ့ါ။**

**ကျေးရွာအရက်ဆိုင်အိုလေးမှာ**
**လွမ်းဖွယ်ဂီတငြိမ်းသွားပြီ၊**
**ရှေးအကျဆုံးကြယ်ကလည်း**
**ရောင်ခြည်များကို ဆိတ်စေပြီ။**

**မည်းမှောင်တဲ့ တောင်ဂူတွေထဲမှာ**
**လေ အနားလာယူနေရဲ့**
**သန့်စင်တဲ့ လွင်ပြင်ရဲ့**
**ပိုင်သဂိုးရပ်စ် - အထီးတည်းဘိန်းပင်တစ်ပင်ကဖြင့်**
**သူ့ လက်အိုလက်မင်းကို မြှောက်ချီနေတယ်**
**လဝန်းကို ထိုးနှက်မယ်လို့တဲ့။**

ညရှုခင်းဖွဲ့ကဗျာကလေးတစ်ပုဒ်ပါ။ ရှင်းရှင်းလေးပါ။ လခြမ်းကမသာတော့ဘူး။ ချမ်းလည်းချမ်း၊ အိပ်လည်း အိပ်ချင်ပြီနဲ့ တူရဲ့၊ ရပ်နားသွားတယ်။ (လုံးဝ ဝင်သွား တာတော့ မဟုတ်သေးဘူး) ဒါဟာဖြင့် လှပတဲ့ညရဲ့ ပြေပြစ်ညီညာတဲ့ ဂီတအရှိန်ကို ပြတ်သွားစေတော့တယ်။ (အမြင် - အကြား အာရုံတွေ ရောစပ်ထားတာ သတိပြုပါ) ဒါကိုမကျေနပ်လို့ မြောင်းတွေချောင်းတွေကလည်း ငြိမ်ဆိတ်စွာ နေခြင်းဖြင့် ဆန္ဒပြ ကန့်ကွက်လိုက်ကြတယ်။ တိတ်ဆိတ်တဲ့ ညအခါမှာ မြို့လယ်ဗလီပေါ်ကနေ တစ်အားအော်တတ်တဲ့ မူဆလင်နိဗ္ဗာန်ဆော်(မိုဇင်)လို အော်လေ့ရှိတဲ့ ဖားတွေလဲ ငြိမ်နေကြတယ်။ ကျေးရွာအရက်ဆိုင်မှာလည်း အသည်းကွဲသူ လုလင်တစ်ဦးက အရက်မူးမူးနဲ့ လွမ်းဖွယ်တေးတွေသီနေတာလည်း စဲသွားပြီ။ ကြယ်တွေလည်း အရောင် မဖြာတော့ဘူး။ လေနတ်သားလည်း တောင်ပေါ်ကဂူထဲ အနားယူအိပ်စက်နေပြီ။ ဒီလို တစ်လောကလုံး ငြိမ်နေချိန်မှာ အထီးတည်း လွင်ပြင်ပေါ် ပေါက်နေတဲ့ ဘိန်းပန်းပင် တစ်ပင်ကလည်း သူ့လက်ကို မြှောက်ချီပြီး လမင်းကိုရိုက်ပုတ်တော့မယ့်ဟန် လုပ်နေတယ်တဲ့။ ဘာ့ကြောင့် ဘိန်းပန်းပင်ကို လွင်ပြင်ရဲ့ ပိုက်သကိုးရပ်စ်လို့ ခေါ်ရသလဲတော့မသိဘူး။ ခေါ်ချင်လို့ ခေါ်တာနဲ့ တူပါရဲ့။ ရှုခင်းလေးတွေ ဖော်ထားပုံဟာ သူဆိုလိုတဲ့ ငြိမ်ဆိတ်နေတဲ့ သရုပ်ကို ဖတ်သူရဲ့ အသည်းထဲ စိမ့်ဝင်ခံစား မိလာစေနိုင်ပြီး ဒီလိုအချိန်မျိုး၊ အခြေအနေမျိုးမှာ လွင်ပြင်ခေါင်မှာ အထီးတည်း ဖြစ်နေတဲ့ ဘိန်းပင်ရဲ့သရုပ်နဲ့ ဟန်ကလည်း ထိထိမိမိ ရှိပါတော့တယ်။

❖

## ဆန်ရာပေလ် (ကော်ဒိုဗာ)

(၁)

ကျူပင်တို့ရဲ့ အစွန်းဆီသို့
တံခါးပိတ် ရထားများ လာနေကြတယ်၊
အဝတ်ဗလာ၊ ရောမကျောက်ရုပ်တစ်ခုကို
လှိုင်းတို့က ပွတ်တိုက်ကြ၊ လှိမ့်ကြနဲ့။
ပန်းရဲ့ ချောမွတ်တောက်ပမှုနဲ့
တိမ်ရဲ့ နှစ်ဆအနက်တို့ရဲ့ကြား

ထင်းရှူးပင်ရိပ်
မှန်ရောင် မှည့်ရွှမ်းမှု အတွင်းမှာ
ဂွါဒါလကီဗီရ်က ပွေ့ဖက်ထားတဲ့ ရထားများ၊
ညရဲ့ အမှောင်ထဲမှာ ပျောက်နေတဲ့၊
အိုမင်းတဲ့၊ ရထားများ ပတ်လည်မှာ
ကမ္ဘာရဲ့ ဝတ်လစ်စလစ် သစ္စာတရားကြောင်း
ခြေဖော့လှမ်းနေသူ ကလေးများက သီဆိုနေကြတယ်၊
အဲဒီလျှို့ဝှက်တဲ့ အမှောင်ထဲမှာ
ကော်ဒိုဗာဟာ တွေဝေခြင်း မရှိဘူး၊
မိမိ မီးခိုးရဲ့ အဆောက်အအုံကို
အရိပ်က မ, တင်လိုက်ရင်
ကျောက်သား ခြေထောက်က ခက်ထန်
တောက်ပတဲ့ အဖြူရောင်ကို လှစ်ပြပေလိမ့်မယ်၊
သံဖြူနဲ့ လုပ်ထားတဲ့ ပွင့်ချပ်များကလည်း
အောင်ပွဲခံ ကုန်းကြီးတို့ အပေါ်မှာ
ဖွင့်လွှတ်လိုက်တဲ့ လေပြည်ညင်းရဲ့ လေရဲ့
အသန့်ဆုံးမွဲပြာရောင်တို့ကို (လှစ်ပြပေလိမ့်မယ်)၊
ဘုရင်နဲ့ပကျူးနှ်အကြောင်း အတင်းဆယ်မျိုး
တံတားက တီးတိုးပြောတဲ့အခါ
ကျိုးပျက်နေတဲ့ တံတိုင်းတစ်လျှောက်
ဆေးလိပ်သည်များ ပြေးလွှားနေကြရဲ့၊

(၂)

ကျူပင်တို့ရဲ့ ကော်ဒိုဗာရယ်
ကျောက်တုံးတို့ရဲ့ ကော်ဒိုဗာရယ်
တစ်မြို့ထဲကို နှစ်မြို့ ဖန်တီးပေးတဲ့

ရေပြင်ထဲမှာ ငါးလေးတစ်ကောင်တည်းရယ်။
ဘယ်လိုမျက်နှာထားမှ မဆောင်တဲ့ ကလေးများ
ကျူပင်တွေကြားမှာ အဝတ်ချွတ်နေကြတယ်၊
တောဘီယရဲ့ သာဝကများ၊
ခါးလျှလျှနဲ့ မာလင်းများ၊
တစ်ကောင်တည်း ငါးလေးကို သူတို့က
ဒီစကားထာလေးနဲ့ နှိပ်စက်နေကြတယ် -
'စပျစ်ရည် ပန်းများကို သူလိုချင်သလား၊
လခြမ်းရေတံခွန်များကိုလား'။
ရေပြင်ကို ရွှေရောင်ခြယ်ကာ
ကျောက်သားကို လွမ်းဆွေးစေတဲ့ ငါးလေးကတော့
လူတို့ကို ဟန်နိုင်မှု သင်ခန်းစာပေးနေရဲ့
အထီးတည်း ကျောက်တိုင် တစ်တိုင်လေ။
နည်းနည်း မောလူမျိုးဆံတဲ့ ကြယ်ပွင့်အနက်တွေ ဝတ်ရုံထားတဲ့
တမန်နတ်မှူးက၊ လှိုင်းကလေးတွေ
အတင်းပြောစရာ၊ မေးအိပ်ရာအတွက်
အစည်းအဝေး ထိုင်ကြရာကို ဖွေရှာနေလေရဲ့။
ရေပြင်ထဲမှာ ငါးလေးတစ်ကောင်တည်း၊
အလှအပ ကော်ဒိုဗာ နှစ်မြို့၊
ရေပန်းတို့ကြား ပြိုကျနေတဲ့ တစ်မြို့ရယ်၊
ကောင်းကင်မြင့်မှာ သွေ့ခြောက်နေတဲ့ တစ်မြို့ရယ်။

ကော်ဒိုဗာဆိုတာ တောင်ပိုင်းစပိန်ပြည်က နာမည်ကြီးမြို့တစ်မြို့ပါ။ ရာဖေလ် ရဟန္တာကို ဂုဏ်ပြုပြီး 'ဆန်ရာဖေလ်'လို့လည်းခေါ်တယ်။ အန္ဒာလူဆီအန် လွင်ပြင် ကွာဒါလ်ကွိဗီရ်မြစ်ရဲ့ မြောက်ဘက်ကမ်းပါးပေါ်မှာ တည်ရှိတယ်။ ရာဇဝင်

ကြောင်းအရ စပိန်ပြည်မှာ ပထမဆုံးရောမတွေ ခြေချရာဖြစ်ပြီး၊ နောက်ပိုင်းမှာ အာရပ်ဧကွ သိမ်းပိုက်ခံရတယ်။ အနောက်ပိုင်း အစ္စလာမ်သာသနာရဲ့ ဗဟိုချက်ချာ ဖြစ်လာခဲ့တယ်။ နောက်စပိန်တွေကပြန်သိမ်း၊ နောက်ပြင်သစ်ကသိမ်းဖြစ်ခဲ့ရပြီး အခုတော့ စပိန်ပိုင်နယ်မြေပါပဲ။ ရှေးခေတ်ဟောင်းရဲ့ မြို့ရိုးပျက်နဲ့ တံခါးမုခ်အချို့၊ ပြာသဒ်ပျက်အချို့၊ ဗလီတွေ၊ တံတားအိုတွေ စသဖြင့် ရှိသေးတယ်။

ခုပေးထားတဲ့ကဗျာဟာ ကော်ဒိုဗာမြို့ဖွဲ့ကဗျာဖြစ်ပါတယ်။ ကွာဒါလ်ကွိဗီရ် မြစ်ကမ်းပါးတနေရာကို ဗဟိုပြုပြီး ရေးဖွဲ့ထားပါတယ်။ ကမ်းစပ်မှာ ကျူပင်တွေရှိတယ်။ ရောမကျောက်ရုပ်ကျိုးတစ်ခုရှိတယ်။ ကမ်းပေါ်က လမ်းပေါ်မှာ ရထားတွေ သွားနေကြတယ်။ ရထားများရဲ့ ရုပ်ပုံဟာ မြစ်ရေထဲမှာ ကျူပင်တွေ၊ ကျောက်ရုပ်ကျိုး၊ တိမ်ရိပ်တွေကြားလာပေါ်နေတယ်။ ရထားများအနီးမှာ ကလေးတွေ သီချင်းဆိုဆော့ ကစားနေကြတယ်။ အချိန်က ညဦး။ မှောင်စပြုနေပြီမို့ သဲသဲကွဲကွဲတော့ မမြင်ရလှ ဘူး။ မြင်ရမယ်သာ ဆိုလျှင်ဖြင့် ကျောက်ရုပ်ရဲ့ခြေထောက် ဖြူဖြူဖွေးဖွေးကို မြင်ရပေ လိမ့်မယ်။ မလှမ်းမကမ်းမှာ ရှေးခေတ်တံတားတွေ၊ ကုန်တွေရှိတယ်။ တံတားပေါ်မှာ လေပြည်ညှင်းလေးက လူးလွန့်လာတယ်။ ညမှောင်မှောင်ထဲမှာဆိုတော့ လေညင်းဟာ လည်း မွဲပြာပြာရောင်ဖြစ်နေမလားမသိဘူး။ ဟံတားမှာ လေကတိုက်ခတ်တော့ တဝီးဝီး အသံများ မြည်နေတယ်။ ရေနတ်ဘုရင်နဲ့ပကျူးန်အကြောင်း အတင်းပြော နေကြဟန်ထင့်။ ကမ်းပေါ်က မြို့ရိုးကပျက်တလျှောက်မှာတော့ ဆေးလိပ်သည်တွေ သွားလာ နေကြတယ်။

ဒါတွေအားလုံးဟာ ရေထဲမှာ လာပေါ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ကုန်း ပေါ်မှာရှိနေတဲ့ တကယ့်မြို့ရယ်၊ ခုလိုရေထဲမှာ အရိပ်ထင်နေတဲ့ မြို့နယ်၊ ကော်ဒိုဗာ နှစ်မြို့ပမာ ဖြစ်နေတော့တယ်။ ရေထဲမှာ ငါးလေးတစ်ကောင် လူးလားကူးခတ်နေ တယ်။ ကျူပင်တွေကြားမှာ ကလေးတွေက ရေထဲဆင်းချိုးကြမလို့ လုပ်နေကြတယ်။ သူတို့ဟာ တောဘိယရဲ့ တပည့်လေးတွေ၊ မာလင်းရဲ့ သားမြေးတွေနဲ့ တူပါရဲ့။ ငါးလေးကိုသူတို့က စကားထာဝှက်ကြတယ်။ (ဒါတွေဟာ ဖေါ်ကျူးနေတဲ့ သရုပ်ကို ဘာလိုလိုဖြစ်လာအောင်၊ ဒဏ္ဍာရီဆန်လာအောင် စိတ်ကူးပိုဆန်လာအောင် ထည့်ပေးထားခြင်းပါ) ငါးလေးကတော့ မလှမ်းမကမ်းက အထီးတည်း ကျောက်တိုက် ကို ညွှန်ပြပြီး ကိုယ်ကို ဟန်ပုံဟန်နည်း၊ မတ်မတ်ထိန်းထားနည်း သင်ပေးလိုက်တယ်။ အဲဒီကျောက်တိုင်ကတော့ တမန်နတ်မှူး ရာဖေလ်ရဲ့ အထိမ်းအမှတ်ကျောက်ရုပ်နဲ့ တိုင်ပါပဲ။ ဒီလိုနဲ့ ရေပြင်ထဲက မြို့ရယ်၊ ကုန်းပေါ်က မြို့နယ်ဆိုပြီး လှပတဲ့ ကော်ဒိုဗာ

မြို့နှစ်မြို့ဖြစ်ပေါ်နေပါတော့တယ်။

တောဘိယ။ ။ ရှေးဟောင်းပုံပြင်တစ်ခု အဆိုအရ အေဖရိမ်အမျိုးသား တောဘိတ်ကို အသူရာတွေကဖမ်းသွားတယ်။ တစ်ည သူမျက်စိကန်းသွားလေတော့ ဒေဝထံသေပါရစေတော့လို့ ဆုတောင်းတယ်။ အလားတူ ဆာရာဆိုတဲ့ မုဆိုးမ တစ်ဦးကလည်း သေပါရစေ ဆုပန်နေတယ်။ ဒါနဲ့ တမန်နတ်မှူး ရာဖေလ်ကို မြေကြီး ပေါ်လွှတ်လိုက်တဲ့အခါ နတ်မင်းရဲ့ လုပ်ဆောင်ချက်ကြောင့် တောဘိတ်ရဲ့သား တောဘိယနဲ့ ဆာရာတို့ လက်ဆက်ကြရပြီး တောဘိတ်မျက်စိအလင်းပြန်ရတယ်။ ကော်ဒိုဗာက ရာဖေလ်ရဲ့ အမည်ကို ခံယူထားတဲ့မြို့ ဖြစ်လေတော့ လော်ရကာက ကော်ဒိုဗာက ချာတိတ်လေးတွေကို တောဘိယရဲ့ သာဝကများလို့ ခေါ်လိုက်တာပါ။

မာလင်း ။ ။ ဥရောပ ပုံပြင် အများအပြားမှာ ဇာတ်လမ်းအမျိုးမျိုးနဲ့ တွေ့ရတဲ့ ဇာတ်ကောင်ပါပဲ။ ကဗျာဆရာ၊ စာဆို၊ မှော်ဆရာ၊ လူနတ်တစ်ပိုင်း၊ မိစ္ဆာဒိဋ္ဌိစသဖြင့်။ မာလင်းပုံပြင်အမျိုးမျိုး ဖြစ်ပေါ်လာခဲ့ရာက ၁၄ရာစုလောက်မှာ ဖြင့် ပြင်သစ်နဲ့ အင်္ဂလန်မှာ မာလင်းစနည်းတစ်ဘောင်များရယ်လို့ ပေါ်ခဲ့တယ်။ ကလေးတွေက ငါးလေးကို စကားထာဝှက်ကြသမို့ မာလင်းကလေးများလို့ လော်ရကာ ကဆိုလိုဟန်တူပါရဲ့။

❖

## စပိန်ပြည်သူ့တပ်ဖွဲ့တေးသံ

**မြင်းတွေက အနက်တွေပါ။**
**မြင်းခွာကတွေက အနက်တွေပါ၊**
**မင်နဲ့ ဖယောင်း အစွန်းအစက်များ**
**သူတို့ ဝတ်ရုံပေါ် လင်းလက်နေရဲ့၊**
**ခဲနဲ့လုပ်ထားတဲ့ ဦးခေါင်းခွံ့ရှိကြတယ်၊**
**ဒါကြောင့် သူတို့ မငိုကြတာပ၊**
**သားရေနက်ဝိညာဉ်တွေနဲ့**
**လမ်းတစ်လျှောက် လာနေကြတယ်၊**
**ခါးကုန်းကုန်း-ညဆန်ဆန်နဲ့ (သူတို့ဟာ)**

ထင်းရှူးပင်ရိပ်
ရော်ဘာအနက် ငြိမ်ဆိတ်ခြင်းနဲ့
သဲမှုန်ကြောက်စိတ်များကို
သွားလေရာရာမှာ အမိန့်ပေးသွားကြတယ်။
ဖြတ်သန်းလိုရာ ဖြတ်သန်းသွားကြကာ၊
သဏ္ဍာန်မဲ့ ပစ္စတိုများရဲ့
မှုန်ဝါးဝါး နက္ခတ်ပညာတစ်ခုကို
ခေါင်းထဲမှာ ဝှက်ထားကြတယ်။

❖

အို ဂျစ်ပဆီတို့ရဲ့ မြို့တော်ငဲ့၊
လမ်းထောင့်မှာ၊ အလံတွေ၊
လဝန်းရယ်၊ ထိန်းသိမ်းထားတဲ့
ချယ်ရီတွေနဲ့ ဖရုံသီးရယ်။
အို ဂျစ်ပဆီတို့ရဲ့ မြို့တော်ငဲ့၊
ဘယ်သူသင့်ကို မြင်ရပြီး မေ့ပစ်နိုင်မလဲ။
သစ်ဂျပိုးရောင် မျှော်စင်တွေနဲ့၊
ဝမ်းနည်းမှုနဲ့ ကတိုးမြို့တော်ငဲ့။

❖

ညချဉ်းကပ်လာတဲ့အခါ
ညက ညမှုပြုလိုက်တဲ့ ညမှာ၊
ဂျစ်ပဆီတို့ဟာ သူတို့ဖားဖိုများမှာ
နေများ၊ မြှားများ သွန်းလုပ်နေကြတယ်၊
ဒဏ်ရာပြင်းစွာရလာတဲ့ မြင်းတစ်ကောင်
တံခါးအားလုံးမှာ ခေါက်လှာတယ်။
ဟေရေ့ဇ်ဒေလာ ဖရောန်တေရာမှာ

ဖန်သား ကြက်ဖများ တေးသီကြပေါ့၊
အုံ့အားသင့်ခြင်းရဲ့ ထောင့်ကို
လေက ဝတ်လစ်စလစ် လုပ်လိုက်တယ်၊
ည၊ ငွေရောင်ည၊
ညက ညမှုပြုလိုက်တဲ့ ညမှာပေါ့။

❖

မယ်တော်(မာရီ)နဲ့ ရှင်ယောသပ်
သူတို့စည်းလိုက်တဲ့ ပျောက်ပျောက်သမို့
ဂျစ်ပဆီတွေများ ရထားလေမလား ကြည့်ဖို့
သူတို့ကို ရှာဖွေနေကြတယ်။
တာဒန်သီး လည်ဆွဲနဲ့
ချော့ကလက် စက္ကူနဲ့ (လုပ်ထားတဲ့)
မြို့တော်ဝန်မ ဝတ်ရုံကို
မယ်တော်က ဝတ်ပြီး လာတယ်။
ရှင်ယောသပ်ကတော့ သူ့လက်များကို
ပိုးဝတ်ရုံအောက်မှာ လှုပ်ရှားတယ်။
ပါးရှားက ဆူလတန် သုံးပါးနဲ့အတူ
ပေဒရို ဒိုမက်နောက်က လိုက်လာတယ်။
ကြိုးကြာရဲ့ ဈာန်ပီတိကို
လခြမ်းက အိပ်မက်မက်နေလေရဲ့။
အလံများ - မီးအိမ်များက
အမိုးပြာတို့ဆီ ကျူးကျော်နေကြပေါ့၊
ကြေးမုံရွှေ့မှာတော့၊ ငိုနေလေရဲ့
တင်ပါးမရှိတဲ့ ကချေသည်မလေးများ။

ထင်းရှူးပင်ရိပ်
ရေနဲ့အရိပ်၊ အရိပ်နဲ့ရေ
ဟေရေဇ်ဒေလာ ဖရောန်တေရာမှာ။

❖

အို ဂျစ်ပဆီတို့ရဲ့ မြို့တော်ငဲ့၊
လမ်းထောင့်မှာ အလံတွေ၊
သင်တို့ရဲ့ မီးစိမ်းများကို ငြိမ်းလိုက်ကြ၊
ပြည်သူ့တပ်ဖွဲ့လာနေပြီ၊
အိုဂျစ်ပဆီတို့ရဲ့ မြို့တော်ငဲ့၊
ဘယ်သူ သင့်ကိုမြင်ရပြီး မေ့ပစ်နိုင်မလဲ၊
ခေါင်းဖီးစရာ ဘီးမပါဘဲ၊
ပင်လယ်နဲ့ ဝေးရာမှာ သူ့ကို ထားပစ်ခဲ့ပါ၊

❖

နှစ်ယောက်စီတန်းစီကာ ချီလာနေကြတယ်၊
ပွဲတော် မြို့တော်ဆီကိုပေါ့၊
အမတ တရားရဲ့ ညည်းတွားသံ
သူတို့ကျည်ဆန်ခါးပတ်များဆီ ချဉ်းနင်းဝင်နေရဲ့၊
နှစ်ယောက်စီ တန်းစီကာ ချီလာနေကြတယ်၊
ညမို့ အဝတ်အစားက နှစ်ထပ်၊
ကောင်းကင်ဟာ ဖနောင့်ဆူး ပြခန်းတစ်ခုလို့
သူတို့က အောက်မေ့နေကြတယ်လေ၊

❖

မြို့တော်ဟာ၊ ကြောက်စိတ်ကင်းမဲ့စွာ၊
သူ့တံခါးများကို တိုးပွားပစ်လိုက်တယ်၊
ပြည်သူ့တပ်ဖွဲ့ဝင်လေးဆယ်က

ဖျက်ဆီးဖို့ ဝင်သွားတော့တယ်၊
နာရီတွေ ရပ်သွားတော့တယ်၊
ပုလင်းထဲက အရက်များလည်း
သက်ာမကင်းမှု မဖြစ်ရလေအောင်
နိဝင်ဘာလယောင် ဆောင်လိုက်ကြတယ်၊
ရှည်လျားတဲ့ အော်ဟစ်သံ အတန်းတတန်း
ခေါင်မိုးဆီမှာ ထွက်ပေါ်လာလေတယ်၊
ခွာများက တက်နင်းခြေလိုက်တဲ့
လေပြည်တို့ကို ဓားရှည်များက ခုတ်ပိုင်းတော့တယ်၊
မှောင်မည်းမည်း လမ်းများတစ်လျှောက်မှာ
အိပ်ချင်မူးတူး မြင်းများ၊
ပိုက်ဆံအိုးများနဲ့အတူ
ဂျစ်ပဆီ အမယ်အိုများ ပြေးနေကြတယ်၊
မတ်စောက်တဲ့ လမ်းအထက်သို့
ကြောက်ဖွယ်သရဲ ဝတ်ရုံများ သွားကြရာ
တိုတောင်းတဲ့ ကတ်ကြေးလေပွေများ
နောက်မှာ ကျန်ရစ်ခဲ့ကြတော့တယ်၊
ဘက်လင်ဟမ် မြို့တံခါးမှာ
ဂျစ်ပဆီတွေ စုရုံးမိကြတယ်၊
ဒဏ်ရာ အပြည့်နဲ့၊ ရှင်ယောသပ်က
လုံမလေးတစ်ဦးကို အဝတ်လွှမ်းပေးနေရဲ့၊
ထက်မြက်ခေါင်းမာတဲ့ သေနတ်များ
တစ်ညလုံး မြည်ဟည်းနေတော့တယ်၊
ကြယ်တို့ရဲ့ တံတွေးရည်နဲ့

ထင်းရှူးပင်ရိပ်
မယ်တော်က ကလေးများကို ကုမပေးနေတယ်၊
ဒါပေမယ့် ပြည်သူ့တပ်ဖွဲ့ဟာ
မီးလျှံပိုျုးကြယင်း လာလေတယ်၊
အဲဒီတွင် နုနုပျိုပျို ဝတ်လစ်စလစ်နဲ့
စိတ်ကူးယဉ်ခြင်း လောင်ကျွမ်းသွားရတော့တယ်
ကမ္ဘောရီသြက ရိုဆာဟာ
တံခါးဝမှာ ထိုင်လို့ ငိုနေတယ်၊
အဖြတ်ခံခဲ့ရတဲ့ သူ့ရင်သားနှစ်မွှာဟာ
ဗျက်တစ်ခုပေါ်မှာ တင်ထားလေရဲ့၊
တခြား မိန်းကလေးများကတော့
ကျစ်ဆံမြီးလေးတွေ နောက်က လိုက်လို့
လေထဲမှာ ပြေးနေကြတယ်၊ အဲဒီလေထဲမှာ
ယမ်းအနက်နှင်းဆီပွင့်များ ပေါက်ကွဲသွားတယ်၊
အိမ်ခေါင်မိုးအားလုံးဟာ
မြေပေါ်မှာ ထယ်ကြောင်းတွေမျှဖြစ်လာတဲ့ခါ၊
ကျောက်တုံး သဏ္ဌာန်ရှည်လျားလျားနဲ့
အရုဏ်ဦးဟာ ပခုံးတွန့်လိုက်တော့တယ်၊

အိုဂျစ်ပဆီတို့ရဲ့ မြို့တော်ငဲ့၊
သင့်ကို မီးလျှံများ ဝိုင်းပတ်ထားစဉ်
ငြိမ်ဆိတ်ခြင်း လှိုင်ခေါင်းထဲကနေ
ပြည်သူ့ တပ်ဖွဲ့ ထွက်သွားပါပေါ့၊

အိုဂျစ်ပဆီရဲ့ မြို့တော်ငဲ့၊
ဘယ်သူသင့်ကို မြင်ရပြီး မေ့ပစ်နိုင်မလဲ၊
ငါ့နဖူးပေါ်မှာ သင့်ကို မြင်တွေ့ကြရပါလို့မ်မယ်၊
လနဲ့ သဲတို့ရဲ့ မြူးတူးမှု၊

ဂျစ်ပဆီတွေရဲ့ ရပ်ကွက်တစ်ခုမှာ ဘာသာဘာဝ ပွဲတော်ကျင်းပနေတယ်။ စီတန်းလှည့်လည်ပွဲမှာ တစ်ယောက်ကမယ်တော် မာရီလိုဝတ်စား၊ တစ်ယောက်က ရဟန္တာရှင်ယောသပ်လိုဝတ်စား၊ တချို့ကပါးရှန်ဘုရင်တွေလို ဝတ်စားကာ လှည့်လည် ကြတယ်၊ မီးတွေတထိန်ထိန်၊ အလံတွေတလူလူနဲ့၊ ကမယ့်သူကလည်း ကဖို့ပြင်ဆင်နေပြီ။ အဲဒီအချိန်မှာ ရုတ်တရက်စပိန်ပြည်သူ့တပ်ဖွဲ့ ရောက်လာပြီး ဝင်ရောက်တိုက်ခိုက်၊ လူတွေသတ်၊ မိန်းကလေးတွေမတရားကျင့်၊ အိမ်တွေမီးရှို့ လုပ်သွားကြပုံကို ဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်ဖြစ်ပါတယ်။ စကားသုံးလွယ်ကူသလောက် ရုပ်ပုံလေးတွေ အင်မတန် ကောင်းပါတယ်။ ဥပမာ ဘာမှဆင်ခြင်ဉာဏ်မရှိ၊ အမိန့် အတိုင်းလိုက်နာဖို့သာတတ်တဲ့ စပိန်တပ်သားတွေကို ‘ခဲနဲ့ လုပ်ထားတဲ့ ဦးခွံရှိတယ်’ ဆိုတာမျိုး။‘သားရေနက် ဝိညာဉ်တွေနဲ့’ဆိုတာမျိုး၊ ‘သဏ္ဍာန်မဲ့ ပစ္စတိုများရဲ့ မှုန်ဝါးဝါး နက္ခတ်ပညာတစ်ခုကို ခေါင်းထဲမှာ ဝှက်ထားကြတယ် ဆိုတာမျိုးကို ဖြစ်ပါတယ်။ မယ်တော်မာရီနဲ့ ရှင်ယောသပ်တို့ကို သရုပ်ဖော်ပုံဟာ ဟာသဖြစ်သလို အိပ်ချင်မူး တူးမြင်းတွေဆဲ၊ ပိုက်ဆံအိုးတွေပိုက်ပြီး ပြေးလွှားနေတဲ့ အမယ်အိုတွေ၊ အဖြတ်ခံထား ရတဲ့ ရင်သားနှစ်မွှာကို ဗျတ်ထဲထည့်ပြီး တံခါးဝထိုင်ငိုနေတဲ့ မိန်းကလေး၊ ဒီမြင်ကွင်း တွေဟာ စိတ်ထိခိုက်စရာကောင်းပါပေတယ်။

❖

## ခဲ့ကြစို့

ငါသေရင်

လသာဆောင်ကို ဖွင့်ထားပါလေ။

**သူငယ်လေး လိမ္မော်သီးတွေ စားနေတယ်၊**
**(ငါ့ လသာဆောင်ကနေ သူ့ကိုမြင်ရတယ်)**
**တံစဉ်သမားက စပါးရိတ်နေတယ်**
**(ငါ့လသာဆောင်ကနေ သူ့အသံကြားရတယ်)**

**ငါသေရင်**
**လသာဆောင်ကို ဖွင့်ထားပါဘိ။**

[‘ကန်သိယောနဲစ်’ ၁၉၂၇]

**ထင်းရှူးပင်ရိပ်**

တိုတိုလေးနဲ့ အင်မတန်ထိမိတဲ့ ကဗျာလေးတစ်ပုဒ်ဖြစ်ပါတယ်။ ဖြုန်းခနဲ ကြည့်လိုက်လျှင်တော့ သေခြင်းဖွဲ့ကဗျာတစ်ပုဒ်ပါပဲ။ တကယ်ကတော့ သေခြင်းဖွဲ့ မဟုတ်ပါဘူး။ ဘဝကို စွန့်ခွာရခါနီး လူတစ်ဦးက ဘဝကိုမြင်ရပုံ၊ ဒီဘဝပြီးတဲ့နောက် ဟိုတစ်ဖက်မှာ ဘာရှိတယ်ဆိုတာ မတင်ပြဘဲနဲ့ ဒီကမ္ဘာမြေရဲ့ မြတ်နိုးတပ်မက်ဖွယ် ရှိပုံကို သဘောပေါက်စွာနဲ့ တင်ပြထားခြင်းဖြစ်ပါတယ်။ လူ့ဘဝရဲ့ ရုပ်ပုံတွေ အများအပြားရှိတဲ့အနက်က နှစ်ခုပဲထုတ်ပြထားတယ်။ တစ်ခုက အပူအပန်မရှိ ကလေးဘဝရဲ့ ပျော်မြူးဖွယ်ကောင်းပုံနဲ့ တစ်ခုကရင့်ကျက်လာတဲ့အရွယ်မှာ အဓိပ္ပာယ်ရှိရှိအလုပ်လုပ်ရပုံ။ ကွင်းစကွင်းပိတ်နဲ့ ပြထားတဲ့စကားတို့ရဲ့ အဓိပ္ပာယ်က၊ ကမ္ဘာလောကရဲ့ ဘဝဇာတ်လမ်းထဲမှာ သူလည်းပါဝင်နေဆဲပဲရှိတယ်။ မြင်နိုင်တာကို မြင်၊ ကြားနိုင်တာကို ကြားနေသေးတယ်။ ဘဝက ခွဲခွာခါနီးမှာ ဘဝကိုသူ သူ့ ရှုထောင့်ကနေ(သေခါနီး လူမမာရဲ့ ရှုထောင့်ကနေ) သိမြင်ခံစားနေရသေးတယ်ဆို တာ တင်ပြထားတာပါပဲ။ ရုပ်ပုံနှစ်ခုကို ဖေါ်ပြပြီးတဲ့နောက် အာမေဋိတ်နဲ့ ဆိုလိုက်ခြင်းအားဖြင့် ဘဝကိုသူအခုခံယူပုံဟာ အရင်ကထက် ပိုမိုထက်သန်လာမိ ကြောင်း ပြနေပါတယ်။ လသာဆောင်ဖွင့်ဖို့ တောင်းပန်တာကတော့ အတိအကျ အဓိပ္ပာယ်ကောက်ဖို့မဟုတ်ပါဘူး။ အလင်္ကာသဘောမျှပါ။ သေရတော့မယ်လို့ သိသာထင်ရှားနေချိန်မှာတောင် ဘဝဟာ ခံယူချင်စဖွယ်၊ တောင့်တအပ်ဖွယ်ဖြစ်ပုံ တင်ပြလိုရင်းပါပဲ။

ဒီလိုကဗျာမျိုးမှာ အဓိပ္ပာယ်ဟာ တစ်ခုမက အများပဲကောက်ယူပြီး ဖတ်ရ မယ်ဖြစ်ပါတယ်။ ရှင်းလင်းလွယ်ကူသလို လျှို့ဝှက်နက်နဲနေပါတယ်။ ပုံသဏ္ဍာန်က 'မော်ဒန်'မဟုတ်ပေမယ့် ချိန်သားကိုက်အောင်၊ အလှယ်အလှယ်ဖြစ်အောင် လုပ်ထား ပုံ။ နိမိတ်ပုံတွေဟာ ရိုးရိုးလွယ်လွယ်နဲ့ သင်္ကေတသဘောဆောင်နေပုံတို့ဟာ အင်မတန်အတုယူဖွယ်ကောင်းပါတယ်။

■

## နေရူဒါ

ပါဘလို နေရူဒါ (၁၉၀၄-၁၉၇၃)ရဲ့ နာမည်ရင်းက နဲဖတာလီရီကာဒို ရဲယဲစ် ဖြစ်ပါတယ်။ ချီလီပြည် ပါရာလ်အရပ်မှာ မွေးဖွားခဲ့ပြီး သံတမန်လုပ်ငန်းထဲ ဝင်ရောက်ခဲ့တယ်။ ချီလီနိုင်ငံရဲ့ ကောင်စစ်ဝန်အဖြစ်နဲ့ အရှေ့အာရှ၊ ဥရောပနဲ့ တောင်အမေရိကတို့မှာ လှည့်လည်အမှုထမ်းခဲ့ရတဲ့အတိုင်း မြန်မာပြည်မှာ ၁၉၃၇နှစ် လောက်ဆီက နေထိုင် သွားခဲ့သူဖြစ်ပါတယ်။ သူ့ကဗျာစာစ်ချို့မှာ အရှေ့အာရှဖွဲ့တွေ ပါနေတာလည်း တွေ့ကြရတယ်။ အင်မတန် ခရီးသွားခဲ့၊ သံတမန်လုပ်ခဲ့၊ နိုင်ငံရေးထဲ ဝင်ခဲ့သမို့ လူနဲ့ လူ့ကိစ္စ အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိမြင်နှံ့စပ်သူ တစ်ဦး ဖြစ်တယ်။

နေရူဒါဟာ တော်တော်ငယ်ငယ်ကပဲ ကဗျာစရေးတယ်။ အဲဒီဆီကတော့ ကိုယ်တွေ့ခံစားချက်တို့၊ ရိုးရိုး လိရိကကဗျာတို့ပေါ့။ အသက် ၂၀မှာ 'အချစ်ကဗျာ နှစ်ဆယ်နဲ့ စိတ်ပျက်မှု သီချင်းတစ်ပုဒ်' ဆိုပြီး ကဗျာစာအုပ်တစ်အုပ် (၁၉၂၄) ထုတ်တယ်။ သူ့ကိုယ်တွေ့ဆန္ဒတို့၊ စိတ်တက်ကြွမှုတို့၊ အထီးကျန်မှုတို့ဆိုတဲ့ အကြမ်းစားခံစားမှုတွေ ဖေါ်ကျူးထားတာပါပဲ။ ဆယ်နှစ်လောက်အရှိမှာ (၁၉၃၃) ထုတ်တဲ့ "မြေကြီးပေါ်မှာ နေထိုင်ခြင်း"ကလည်း အဲသလိုမျိုး ခပ်ဆင်ဆင်ပါပဲ။ ဒါပေမဲ့ အမှန်လွန်ဝါဒ ရုပ်ပုံတွေ သုံးလာတယ်။ မြန်မာပြည် ဂျာဝါးကျွန်းတို့ကို

သံတမန်အဖြစ် ရောက်လာရာက 'အရှေ့တိုင်းအသုဘ'ဆိုတာကို ထုတ်တယ်။ အရှေ့တိုင်း ရှုခင်းတွေ စရိုက်တွေ ဖော်ကျူးတာများပါလေရဲ့။

နေရူဒါရဲ့ ဘဝအမြင်ကို လုံးဝပြောင်းလဲသွားစေတာကတော့ စပိန်ပြည်တွင်းစစ်ပါပဲ။ အဲဒီအချိန်က နေရူဒါဟာ စပိန်ပြည်မဒရစ်မြို့မှာ ချီလီပြည်ရဲ့ ကောင်စစ်ဝန်အဖြစ်နဲ့ရှိနေတယ်။ သူ့မိတ်ဆွေလော်ရကာကိုလဲ ဖက်ဆစ်လူသတ်သမားတွေက သတ်သွားပြီ။ စပိန်ပြည်သူတွေက ဖက်ဆစ်ဖရန်ကိုကို ဆန့်ကျင်တိုက်နေတာကလဲ အောင်မြင်နေတယ်။ ချီလီကောင်စစ်ဝန်ဟာ ကြားနေခဲ့ဖို့ ကောင်းသော်လဲ စပိန်ပြည်သူတွေဖက်က ပါလိုက်တော့တယ်။ သူတတ်နိုင်သမျှ အကူအညီတွေ ပေးတယ်။ ဒါနဲ့ နောက်ဆုံးသူ့ကို ချီလီပြည် ပြန်ခေါ်လိုက်ရတော့တယ်။ ချီလီရောက်တဲ့အခါ သူ 'ငါ့နှလုံးသားထဲက စပိန်'ကဗျာစာအုပ်ကို ရေးသားထုတ်ဝေပါတယ် (၁၉၃၇)။ဘာသာတွေပြန်ကြ၊ အကြိမ်ကြိမ်ရိုက်ရနဲ့ အင်မတန်နာမည်ကြီးသွားပါတော့တယ်။

စပိန်ပြည်တွင်းစစ်ကတည်းက ကွန်မြူနစ်တွေနဲ့ ရဲဖော်ရဲဖက်ဖြစ်လာခဲ့တဲ့ နေရူဒါဟာ ဒုတိယကမ္ဘာစစ်ဖြစ်လာတဲ့အခါမှာတော့ လုံးလုံးကွန်မြူနစ်ဖြစ်သွားပါတော့တယ်။ ကွန်မြူနစ်တွေ ထောင်ထဲ တအားသွင်းထည့်နေချိန်၊ လက်ဂျာသမားတွေ လက်ခမောင်းခတ်ပြီး ကွန်မြူနစ်တွေကို ပုတ်ခတ်နေကြချိန်၊ ၁၉၃၉ ဆောင်းဦးမှာ နေရူဒါက စတာလင်ခေါင်းဆောင်တဲ့ ဆိုဗီယက်ပြည်သူတွေကသာ ဥရောပတိုက်ကို ဖက်ဆစ်အန္တရာယ်က ကာကွယ်လိမ့်မယ်လို့ ထုတ်ဖော်လိုက်ပါတယ်။ ၁၉၄၂မှာ နေရူဒါဟာ မက္ကဆီကို မြို့တော်မှာ ချီလီကောင်စစ်ဝန်လုပ်နေတယ်။ တစ်မနက် မြို့သူမြို့သားတွေအိပ်ရာကထကြတော့ နံရံတွေအပေါ်မှာ ထူးထူးဆန်းဆန်း ပိုစတာတွေ တွေ့ရပါသတဲ့။ နေရူဒါဟာ သံတမန်စည်းကမ်းကို ချိုးဖောက်ပြီး စတာလင်ဂရဒ်မြို့တော်ဖွဲ့ သူ့ကဗျာကို လိုက်ကပ်ထားခဲ့တာကိုး။

ချီလီပြန်လာတဲ့အခါ နေရူဒါဟာ ကွန်မြူနစ်ပါတီထဲ ခြေစုံပစ်ဝင်ပါတော့တယ်။ ဟောပြော၊ ရေး၊ လယ်သမား၊ အလုပ်သမားတွေ စည်းရုံး။ ဒီလိုနဲ့ သူ ဆီးနိတ်လွှတ်တော်အမတ်ဖြစ်လာတော့တယ်။ သမ္မတရွေးကောက်ပွဲ ဖြစ်လာတဲ့ခါ ကွန်မြူနစ်တွေကဂွန်ဇာလေဇ် ဗီဒေလာကို ထောက်ခံကြတော့ နေရူဒါလည်း မဲဆွယ်ပေးရတော့တာပေါ့။ ဗီဒေလာသမတဖြစ်သွားတယ်။ ကွန်မြူနစ်သုံးယောက် အစိုးရအဖွဲ့ထဲ ပါတယ်။ နေရူဒါတိုင်းပြည်အနှံ့ခရီးထွက်ပြီး လုပ်သားပြည်သူတွေဘဝ လေ့လာတယ်။ စစ်အတွင်းမှာ သူရဲ့အမိက လက်ရာဖြစ်တဲ့ 'အများတကာတေးသံ' ကို

ရေးဖို့အကြံရတယ်။ အမေရိကတိုက်ရဲ့ ရာဇဝင်ကို သမိုင်းမပေါ်မီ ခေတ်ကနေ ကနေ့ထိ အပိုင်းပိုင်းခွဲပြီး ရေးခြယ်ထားတဲ့ အက်ပစ်ကဗျာဖြစ်ပါတယ်။ ဒါပေမယ့် အလုပ်များလွန်းလို့ မရေးဖြစ်ဘူး။ ၁၉၄၇ မှာ ကွန်မြူနစ်ပါတီက နေရူဒါကဗျာ ရေးတာက ပြည်သူတွေအဖို့ ပိုအရေးကြီးတယ်ဆိုပြီး သူ့ကို နိုင်ငံရေးလုပ်ငန်းက တစ်နှစ်နားခွင့်ပေးလိုက်တယ်။ ဒီတော့မှ သူ "အများတကာတေးသံ"ကို စတင်ရေးတယ်။

ဒါပေမဲ့ ဂွန်ဇာလေဇ်ဗီဒေလာရဲ့ အာဏာသိမ်းပွဲဖြစ်လာပြီး နိုင်ငံရေးအခြေအနေ ဆိုးလာပြန်တော့ နေရူဒါကဗျာကို စွန့်ပစ်ရပြန်တယ်။ သူဟာ တိုင်းပြည်တွင်း သာမက ကမ္ဘာတစ်ဝန်းမှာ ကျော်ကြားနေသူဖြစ်လေတော့ အာဏာသိမ်းပွဲနဲ့ ပတ်သက်ပြီး ဖွင့်ချတဲ့ အိတ်ဖွင့်ပေးစာ တစ်စောင်ရေးတယ်။ စာအဆုံးမှာ 'ကျူပ် အသတ်ခံရလျှင်၊ ကျူပ်သွေးဟာ ချီလီအစိုးရခေါင်းပေါ်မှာ၊ အထူးသဖြင့် ဂွန်ဇာလေဇ် ဗီဒေလာရဲ့ ခေါင်းပေါ်မှာ' (=သူတို့ တာဝန်ဖြစ်တယ်) လို့ရေးခဲ့တယ်။ မကြာမီ နေရူဒါ့အိမ် မီးရှို့ခံရတော့တာပါပဲ။ နေရူဒါကိုလည်း နိုင်ငံတော်လုပ်ကြံမှုနဲ့ ရုံးတင်စစ်ဆေးတယ်။ မြန်မာပြည် လွတ်လပ်ရေးရပြီးလို့ နှစ်ရက်အကြာမှာ နေရူဒါကို ရုံးတင်တဲ့အခါ နေရူဒါက ဂွန်ဇာလေဇ်ဗီဒေလာကို နိုင်ငံတော် လုပ်ကြံမှုနဲ့ တန်ပြန် စွဲချက်တင်ပြီး လျှောက်လဲသွားတာဟာ ရင်တုန်စရာကောင်းပါတယ်။

အဲသလို ရုံးတင်ပြီးတဲ့နောက် နေရူဒါကို လက်တင်အမေရိကတိုင်းပြည် အများကပဲသူတို့ဆီလာနေဖို့ဖိတ်ခေါ်ကြတယ်။ဒါပေမယ့် နယ်စပ်တွေအလစ်မရလေအောင်ပဲ တင်းတင်းကျပ်ကျပ်အစောင့်တွေချထားတယ်။ နေရူဒါကဗျာတွေဆက်ရေးတယ်။ ၁၉၅၄မှာ စတာလင်ငြိမ်းချမ်းရေးဆုချီးမြှင့်ခံခဲ့ရပါတယ်။ ၁၉၇၃မှာ ကွယ်လွန်ခဲ့တယ်။

ထင်းရှူးပင်ရိပ်
**တတိုင်းမွှေးပန်းသို့ တမ်းချင်း**

ဟောသည်မှာ သိပ်သည်းတဲ့
ဘရာဇီလ်ပြည်ရဲ့ တောနက်ထဲမှာ
တတိုင်းမွှေးပင် တစ်ပင်၊
မည်းနက်နက် မြွေပွေးတို့
ပမာ
အမြစ်များ
တက်လာကြ၊
ပင်စည်များကတော့
ရှင်းမပြနိုင်တဲ့
ဆူးခတ်ကျောက်တိုင်ကြီးများ
ပါပဲ၊
သရက်ပင်တို့ရဲ့
ထိပ်ဖျားများ
ပတ်လည်မှာ
ကျယ်ပြောတဲ့
မြို့ကြီးများ၊
လသာဆောင်တွေမှာ
ငှက်များ
နဲ့ပျားများက
နေကြလို့ပဲ၊
ပြာအရောင်
သစ်ရွက်တို့
ကြားမှာ လွင့်ကျနေတဲ့

အိုမင်းတဲ့ ဆံပင်များ
ဝါးစားတတ်တဲ့ ပါးစပ်တွေနဲ့
ကြောက်ဖွယ်ပန်းပွင့်များ၊
ဝန်းကျင်တစ်ခုလုံးမှာ
တိရိစ္ဆာန်တို့ရဲ့၊ ကိုက်တတ်တဲ့
သွားတို့ရဲ့
ငြိမ်ဆိတ်တဲ့
ကြောက်ဖွယ်ဟန် ပေါ်ထွက်နေတယ်၊
သွေးနဲ့ အစိမ်းရောင် အရိပ်တို့ရဲ့
စိတ်အားငယ်ဖွယ် တိုင်းပြည်ပါပဲ၊
သန့်စင်တဲ့
တတိုင်းမွှေးပင်တစ်ပင်
မိုးပွင့်
စက်ပန်းထစ်ခုလို ဝိုင်းလို့
ငါ့ပြတင်းဆီ တက်လာကာ
ငါ့ကိုသူ့အလှဆီ ပြန်ပေါင်းဖက်ပေးတယ်၊
(နီညိုညိုနဲ့ အစိမ်း)
ချောမွတ်မွတ်အရွက်တို့ကြားမှာ
ပိတ်ထားတဲ့ခါ
နတ်ဘုံက
ငှက်ဥလို
ပြည့်စုံပေရဲ့၊
ပွင့်အာတဲ့အခါ
ကျောက်စိမ်း

ထင်းရှူးပင်ရိပ်
တုံးပါပဲ။
မွေးပျံ့တဲ့ အဖရောဒိုက်
ပလက်တိနမ် ဂြိုဟ်ပါပဲ။
သူရဲ့ကြီးမားတဲ့ ပွင့်ချပ်များက ငါ့ကို
မေတ္တာရဲ့
ပထမလရဲ့
အရွက်များကို သတိရစေတယ်။
သူရဲ့ထောင်မတ်နေတဲ့
ဝတ်မှုန်တိုင်က
ပျားတို့ရဲ့
လက်ထပ်ပွဲ မျှော်စင်ပါပဲ။
အို အဖြူတို့ရဲ့
ကြားက
အဖြူငဲ့၊
မေတ္တာဝင်းဖိတ်ဖိတ်
အပြစ်မဲ့သူ တတိုင်းမွေးငဲ့၊
သံပရာနဲ့
မိုးပွင့်ဖြူတို့ရဲ့ ရနံ့ငဲ့။
အရှက်ဦးရဲ့
အတွင်းရေးအတွင်းဝန်ငဲ့၊
ငန်းတို့ရဲ့
အမိုးခုံးငဲ့၊
တောက်ပတဲ့ နာနာဘာဝငဲ့။
ဘယ်လိုများငါ

မင်းရဲ့
အသန့်စင်ဆုံး အသားအရေကို
မထိဘဲ၊
မင့်အကြောင်းတေးသီ
မင်းအလှရဲ့
ခြေရင်းမှာ
သာ
မင့်ကိုချစ်ပြီး၊
ဝင်းပပ၊ ပွင့်အာရက်၊
အိပ်မက်များရဲ့
တောမှောင်မှောင်အထက်မှာ
တဖိတ်ဖိတ်တောက်ရက်
အိပ်ပျော်ရက်လေး
မင့်ကို
ငါ့ဝိညာဉ်ရဲ့ သစ်ပင်ဆီ
သယ်ဆောင်သွားနိုင်ပါ့မလဲ။

❖

## မြောက်အမေရိကသို့

ဒါကြောင့်၊ အာကင်ဆောက ချာတိတ်ရေ၊ ဒါမှမဟုတ်လည်း
မင်း၊ ဝက်စ်ပွိုင့်က ရွေးချထားတဲ့ သူငယ်၊ နို့မဟုတ်လည်း
မင်း - ဒက်ထရွိုက် စက်ပြင်ဆရာလေး၊ နို့မဟုတ်ရင်လည်း
မင်း - နယူးအော်လီးန်စ်မြို့ပေါင်းက ကုန်တင် ကုန်ချသမားရေ၊ မင်းတို့အားလုံးကို
ငါဒါပြောပြလိုတယ်၊ တင်းမတ်မတ်ပဲ လမ်းလျှောက်ပါ၊

ထင်းရှူးပင်ရိပ်
မင်းတို့နားရွက်ကို ကျယ်ပြောတဲ့ လူ့လောကဆီ ပွင့်လိုက်ပါ၊
မင့်ကိုပြောပြနေသူက
နိုင်ငံခြားရေးဌာနက ယဉ်ကျေးတဲ့ လူကြီးမင်းများလည်းမဟုတ်၊
ရက်စက်ကြမ်းကြုတ်တဲ့ သံမဏိအမတ်ကြီးတွေလည်း မဟုတ်ဘူး။
အမေရိကတိုက် တောင်ပက်များက ကဗျာဆရာတစ်ဦးပါ၊
ပါတာဂိုနီယာက မီးရထားလမ်း၊ အလုပ်သမားတစ်ဦးရဲ့ သား၊
အင်ဒီးစ်တောင်ပေါ်က လေလိုပဲ အမေရိကန် ပီသပါရဲ့။
ခုတော့ ထောင်၊ ညှဉ်းပန်းမှု၊ ဒုက္ခတို့သာ စိုးမိုးနေကြပြီး၊
ကြေးနီနဲ့ ရေနံဟာ နိုင်ငံခြားသခင်ကြီးများအတွက်
ရွှေအဖြစ် တစ်စတစ်စပြောင်းလဲသွားရာ
တိုင်းပြည်တစ်ပြည်က ဝါးရမ်းပြေးတစ်ဦးပေါ့ကွာ။ မင်းတို့ဟာ
လက်တစ်ဖက်က ရွှေကိုကိုင်ပြီး ကျန်တစ်ဖက်က
ဗုံးကိုကိုင်တဲ့ ရုပ်တုမဟုတ်ကြဘူး။ မင်းတို့ဟာ
ငါဖြစ်နေတာ၊ ငါဖြစ်ခဲ့တာ၊ ငါတို့ကာကွယ်ရမယ့်ဟာ၊
စစ်မှန်တဲ့ အမေရိကရဲ့ ခင်မင်ရင်းနှီးတဲ့
အောက်မြေလွှာ၊ လမ်းများ - လမ်းမများ
ပေါ်က သာမန်လူတွေပဲဖြစ်တယ်။
ငါ့အစ်ကိုဂျူအန်ဟာ မင့်အစ်ကို
ဂျွန်လိုပဲ ရှူးဖိနပ်ရောင်းတယ်၊
ငါ့နှစ်မ ဂျူအာနာက မင့်အစ်မ
ဂျိန်းလိုပဲ အာလူးကို အခွံနွှာတာပဲ၊
ငါ့သွေးဟာလဲ မင့်သွေးလိုပဲ၊ သတ္တုတွင်း
အလုပ်သမား - သင်္ဘောသား သွေးပါ၊ ပီတာရဲ့။
မင်းရဲ့ ကန့်လန့်ကာများထဲကနေ

အူရာလ် လေတိုက်ခတ်လာနိုင်လေအောင်
တံခါးများကို မင်းနဲ့ ငါဖွင့်ကြမယ်။
စိတ်ဆိုးသွားသူကို မင်းနဲ့ ငါက ပြောကြမယ် -
ဒီမှာ ကိုယ့်လူရေ၊ ဒီလောက်ပဲ - ရှေ့မတိုးလေနဲ့'လို့။
ဟိုတစ်ဖက်ဆီမှာ၊ မြေကြီးဟာ ငါတို့ပိုင်တယ်။
အဲဒီမှာ စက်သေနတ်ရဲ့ လေချွန်သံလည်း ကြားရလိမ့်မယ်မဟုတ်ဘူး။
သီချင်းတစ်ပုဒ်၊ နောက် သီချင်းတစ်ပုဒ်၊ နောက် တစ်ပုဒ်ပဲ (ကြားရလိမ့်မယ်)။
ဒါပေမယ့် ဟယ် မြောက်အမေရိက၊ သင့်တပ်တွေကိုသင် လက်နက်တပ်ပေးပြီး။
ဒီသန့်စင်တဲ့ နယ်ခြားကို ဖျက်ဆီးပစ်မယ်၊
ငါ့တို့ချစ်တဲ့ တေးဂီတနဲ့ အစဉ်အလာကို
စိုးမိုးဖို့ ရှီကာဂို လူသတ်သမားကို လွှတ်လိုက်မယ် ဆိုရင်တော့
ငါတို့ကျောက်တုံးတွေနဲ့ လေထဲက ထွက်လာပြီး
နင့်ကိုကိုက်ကြမယ်၊
ငါတို့နောက်ဆုံးပြတင်းပေါက်က ထွက်လာပြီး။
နင့်ကို သေနတ်နဲ့ ပစ်ကြမယ်၊
ငါတို့အနက်ရှိုင်းဆုံးလှိုင်းတွေထဲက ထွက်လာပြီး။
နင့်ကိုဆူးတွေနဲ့ထိုးကြမယ်၊
ငါတို့ထယ်ကြောင်းတွေထဲက ထွက်လာကြမယ်၊ ဒါမှ
မျိုးစေ့ဟာကိုလမ်ဘီယာ လက်သီးလိုရိုက်ခွဲနိုင်လိမ့်မယ်။
ငါတို့ထွက်လာပြီး နင့်ကိုပေါင်မုန့်နဲ့ ရေငြင်းဆန်ကြမယ်။
ငါတို့ထွက်လာပြီး နင့်ကိုငရဲမှာ မီးရှို့မယ်။

နေရူဒါရဲ့ 'အများကတော့ တေးသံ' ရာဇဝင်ကဗျာရှည်ကြီးထဲက ခုခေတ်ပိုင်းကို ဖေါ်ကျူးတဲ့ 'သစ်ခွဲသူ နိုးကြားစေတော့' ဆိုတဲ့ ကဗျာထဲက ကောက်နုတ်ချက်ဖြစ်ပါတယ်။ ကဗျာမှာ စာဆိုက တစ်ဖက်ကလည်း အရင်းရှင် နယ်ချဲ့သမားတွေ

ချယ်လှယ်လာနေသလို၊ တဖက်ကလည်း ပြည်သူတွေ နိုးကြားလာနေကြပြီ။ ဒါကြောင့် ကျူးကျော်မယ် စိတ်မကူးနဲ့လို့ အမေရိကန်ကို သတိပေးထားပါတယ်။ ကဗျာမှာ အမေရိကန် ကို နှစ်မျိုးခွဲပြီး ပြောထားကြောင်း သတိပြုပါ။ တစ်ဦးက အလုပ်သမား လယ်သမား၊ သာမန်အမေရိကန်ပြည်သူ၊ တစ်ဦးက အမေရိကန် နယ်ချဲ့။ ခုကောက်နုတ်ချက် ပထမပိုဒ်မှာ နေရှုဒါစကားဆိုနေတာက သူနဲ့ဘဝတူ ဖြစ်တဲ့ အမေရိကန်ပြည်သူပါ။ ဒုတိယအပိုဒ်မှာ ကြိမ်းပ လွှတ်နေတာကတော့ အမေရိကန် နယ်ချဲ့သမားဖြစ်ပါ တယ်။ ကျူးကျော်လာလျှင် ဘယ်လိုခုခံမယ်ဆိုတာ သူကြိမ်း ပကား ထားတယ်ဆိုတာ နားထောင်ကြည့်ပါဖိ။ သူတို့လက်တင်အမေရိက ပြည် ကလေးတွေနဲ့ မြောက်အမေ ရိကနဲ့စာလိုက်လျှင် ဘီလူးကြီးနဲ့ ချာတိတ်မျှ ဖြစ်သော်လည်း ရရာလက်နက် ဆွဲပြီး ဒေါသတကြီးနဲ့ အရှူးအမူးဘယ်လို ခုခံကာကွယ် တိုက်လွှတ်မယ်ဆိုတာ ကြက်သီး ထလောက်အောင် ကြုံရပါလိမ့်မယ်။

■

# အိတလိကဗျာ

## လီယိုပါဒီ

ဂီယာကိုမို လီယိုပါဒီ(၁၇၉၈-၁၈၃၇) ဟာ လတ်တလော ရာစုနှစ်များအတွင်းမှာ အကြီးမားဆုံး ကဗျာဆရာဖြစ်ပါတယ်။ မှုန်မတ်မျိုးရိုးမှာ မွေးဖွားလာသူဖြစ်ပြီး၊ အတော်အသင့် အဆင့်အထိ အလွတ်နည်းနဲ့ ပညာသင်ကြားခဲ့တယ်။ နောင်တော့ အရွယ်နဲ့မလိုက်အောင် ကိုယ့်ဟာကိုယ် ကြိုးစားအားထုတ်ပြီး ပညာရှာမှီးလေ့လာခဲ့တယ်။ နဂိုကမှ လူကချိချိနဲ့နဲ့ကလေးဟာ စာပေပညာလိုက်စားလွန်းအားကြီးတော့ ကျန်းမာရေးအခြေအနေပိုပြီးဆိုးရွားလာခဲ့ရတယ်။ ၁၈နှစ်သားအရွယ်မှာကိုပဲ လူပုံက အရွယ်နဲ့မလိုက်အောင် ပျက်နေပြီ။ ထိတွေ့ခံစားလွယ်သူဖြစ်ပြီး၊ မိန်းမတို့ရဲ့မေတ္တာနဲ့ ယုယမှုလိုအပ်နေချိန်မှာ သူ့ခမျာစိတ်ဝင်စားမယ့်သူမရှိဘူး။ ခါးကကုန်းကုန်း၊ မစွမ်းမသန်ဒုက္ခိတသာသာ။ တစ်ခါတလေ အလင်းရောင်အပြောင်းအလဲ၊ လေ အပြောင်းအလဲဖြစ်ရုံနဲ့ကို သူကနာကျင်နေတော့တယ်။ ဒီလိုအတွေ့အကြုံထဲ ကနေ လီယိုပါဒီဟာ စိတ်ပျက်အားငယ်တဲ့ ဒဿနကို ပေါက်ဖွားယူပါတော့တယ်။ ဒါပေမယ့်သူက ဘဝဆိုတာ ဒုက္ခပဲ၊ စိတ်ပျက်စရာပဲလို့ ပြောလေ့ရှိပေမယ့် သူ့ကဗျာကတော့ အကြောင်းအရာအမျိုးမျိုးဖြစ်ပြီး ရံဖန်တောက်ပဝင်းလက်တဲ့ အတွေးအမြင်တွေ ပြည့်နေတာတွေ့ကြရတယ်။ သူ့ဘဝအမြင်က ဘဝကို ငြင်းပယ်တာထက်ဘဝရဲ့ တန်ဖိုးကို အလွန်အကျူးဆင်ခြင်သုံးသပ်ပစ်တာပါရယ်လို့ တချို့ကဆိုကြတယ်။

အများတကာက ရောမန္တိကဖြစ်နေကြတဲ့ ခေတ်ထဲမှာ လီယိုပါဒီဟာ တော်တော်ကြာတဲ့ထိ ဂန္တဝင်သမားပဲဖြစ်နေခဲ့တယ်။ အရေးကြီးတဲ့ သူ့စာပေလက်ရာများကတော့ သူ့ကဗျာများ (ကဗျာတွေကို စုပေါင်းပြီး 'တေးများ'ရယ်လို့ ထုတ်ခဲ့ပါတယ်)နဲ့ စကားပြေ စာတမ်းတွေ စုပေါင်းထားတဲ့ 'ကျင့်ဝတ်အရေးအသားများ' (၁၈၂၇) ဖြစ်ပါတယ်။ ကဗျာတွေနဲ့စကားပြေ အရေးအသားတွေဟာ အတွေးအခေါ်နဲ့အနှစ်သာရ အတူတူဖြစ်ကြပြီး တစ်ခုက တစ်ခုကိုလင်းပြနေသလိုရှိပါတော့တယ်။

## ပယက်စတာရဲ့ ညနေခင်း

ညဟာနူးညံ့ကြည်လင်ပြီး လေကင်းမဲ့နေတယ်၊<br>
အမိုးများပေါ် - ဥယျာဉ်တို့ကြား ငြိမ်ဆိတ်စွာနဲ့<br>
လဝန်းတန့်ရပ်နေတယ်၊ အဝေးဆီမှာ ပေါ်လာနေရဲ့<br>
တည်ငြိမ်တဲ့ တောင်တန်း၊ အို ငါ့သခင်မငဲ့<br>
ခု လမ်းတိုင်းငြိမ်နေပြီ၊ လသာဆောင်ပြတင်းများကနေ<br>
ည မီးအိမ်များ ကျိုးတို့ကျဲတဲ လင်းနေကြတယ်၊<br>
မင်းအိပ်နေပြီ၊ သက်သာတဲ့ အိပ်ငိုက်ခြင်းဟာ မင်းကို<br>
တိတ်ဆိတ်တဲ့ မင်းအခန်းထဲမှာ စိုးမိုးသွားပြီ၊<br>
မင်းကို သောကက ညှဉ်းဆဲခြင်းမရှိ၊ ငါ့ရင်အုံအလယ်မှာ<br>
ဘယ်လို ဒဏ်ရာမျိုး မင်းပေးခဲ့ပြီဆိုတာလည်း မင်းသိလည်းမသိ၊<br>
စဉ်းလဲမစဉ်းစား၊

မင်းအိပ်နေပြီ၊ အမြင့်မှာ သိပ်ကြင်နာဟန်ထင်ရတဲ့<br>
ဒီကောင်းကင်ကို နှုတ်ဆက်ဖို့ ငါထွက်ခဲ့တယ်<br>
ပြီး ငါ့ကို ဒုက္ခအတွက် ဖန်ဆင်းလိုက်တဲ့ အနန္တတန်ခိုးရှင်<br>
သဘာဝတရားဟောင်းကိုရောပေါ့၊ 'ငါမင့်ကိုမျှော်လင့်ချက်၊<br>
မျှော်လင့်ချက်ကိုတောင်ငြင်းတယ်၊ မျက်ရည်ကလွဲလို့ တခြား<br>
ဘာမှမပါလို့မို့ မင့်မျက်လုံးတွေ မတောက်ပစေနဲ့' လို့သူ<br>
ငါ့ကိုပြောတယ်၊

ဒီနေ့က ပွဲတော်ပဲ။ အခုပျော်ဖွယ်ရာများကနေ<br>
မင်းနားနေတယ်၊ ဒီနေ့မင်းဘယ်နှစ်ယောက်ကို ပျော်မြူးစေခဲ့တယ်၊<br>
မင်းကဘယ်နှစ်ယောက်ကို ပျော်မြူးစေတယ်ဆိုတာ အိပ်မက်ထဲမှာ

ထင်းရှူးပင်ရိပ်

သတိရနေရော့လား။ ငါကလဲ မမျှော်လင့်ပါဘူး။ ငါကတော့
မင့်စိတ်ထဲ လာပြန်ရဦးမယ် မဟုတ်ပါဘူး။ ဒါထက် ငါအသက်ရှင်နေဖို့
ဘယ်လောက်ကျန်သေးလဲ မေးမြန်းကာ၊ ဒီကမြေကြီးပေါ်မှာ
ငါပစ်လှဲချပြီး၊ အော်ဟစ်၊ တုန်ရီနေမိတော့တယ်။ အိုခုလို
စိမ်းလန်းတဲ့ရာသီမှာ ကြောက်ဖွယ်နေ့များပါပဲ၊ ဩော်လမ်းပေါ်မှာ
မလှမ်းမကမ်းဆီမှာ၊ ပျော်ပွဲပြီးတဲ့အခါ သူ့အိမ်စုတ်သို့
ညဉ့်နက်သန်းကောင်မှာ ပြန်လာနေတဲ့ သူရင်းငှားရဲ့
လွမ်းဖွယ့်တေးကို ငါကြားရတယ်။
ကမ္ဘာပေါ်ရှိအရာအားလုံးကွယ်ပျောက်ရတယ်၊ ခြေရာတောင်
မကျန်ရစ်ရဘူးဆိုတာ စဉ်းစားမိတဲ့အခါ ကြောက်ဖွယ်လိလိ
ငါ့နှလုံးသား ကျုံ့သွားမိတော့တယ်။ ကြည့်လေ၊ ပွဲတော်
နေ့ရက်ကွယ်လွင့်သွားကာ သာမန်အလုပ်ရက်က
နောက်ကလိုက်လာပေါ့၊ အချိန်ဟာလူ့ကိစ္စတိုင်းကို
သယ်ပြေးတယ်။ အတိတ်က ဟို နိုင်ငံတွေရဲ့အသံ
ခု ဘယ်မှာလဲ။ ကျော်ကြားတဲ့ ငါတို့ဘိုးဘွားများရဲ့
အော်သံ၊ တန်ခိုးကြီးလှတဲ့ ရောမနိုင်ငံရဲ့အသံ
လက်နက်တို့ရဲ့အသံ၊ ကုန်းရေပင်လယ်ပါ
ပြန့်လွင့်လေတဲ့ညံသံဟာ ခုဘယ်မှာလဲ။
အားလုံးငြိမ်းချမ်း၊ ငြိမ်ဆိတ်နေပေါ့၊ ချုပ်ငြိမ်းကုန်ပေါ့။
ကမ္ဘာရော၊ သူတို့အကြောင်း ပြောဆိုကြသံပါ ကွယ်ခဲ့ပေါ့။
ငါ ငယ်စဉ်အခါက၊ ပွဲတော်ရက်ကို
တတောင့်တတ မျှော်လင့်ခဲ့ရပြီး၊ နောက်
ကုန်လွန်သွားပြန်တဲ့ခါ၊ ပူဆွေးဝမ်းနည်း၊ နိုးကြားလျက်
အိပ်ရာပေါ် လျောင်းနေမိတယ်။ ညရဲ့နက်ရှိုင်းမှုထဲမှာ
လမ်းလေးတွေတစ်လျှောက် ကြားခဲ့ရပြီး၊ ဝေးသထက်
ဝေးကာသွားရင်း၊ တဖြည်းဖြည်းချင်း ပျောက်သွားတဲ့
တေးသံတသံဟာ တစ်ခါကလည်း ငါ့နှလုံးကို ခုလိုလာလို့ ဆွဲကိုင်ပေရဲ့။

['တေးများ' ၁၈၃၅]

လီယိုပါဒီယာ ဝိုးတဝါးမှုကို အင်မတန်ကြိုက်တယ်။ နိမိတ်ပုံကလဲ ဝိုးတဝါး၊ စကားလုံးကလဲ ဝိုးတဝါးမှ သူကသဘောကျတယ်။ ‘အသေးဆုံး ဝိုးတဝါး အတွေးလေးက ရှင်းလင်းပြတ်သားတဲ့၊ ပိုကြီးကျယ်ခမ်းနားတဲ့ အတွေးထက် မြတ်တယ်’လို့ သူကပြောဖူးတယ်။ ဒါကြောင့်သူဟာကလေးဘဝအမှတ်တရကိစ္စမျိုးကို ရေးဖွဲ့ရတာမျိုး အတော်ဝါဒနာထုံတယ်။ ၁၈၂၀လောက်က ရေးခဲ့တဲ့ ခုကဗျာမှာလည်း ဒီသဘောကို တွေ့ကြရတယ်။ ကဗျာမှာ သိပ်ခက်ခဲတာမရှိပါဘူး။ ပထမညရှုခင်းလေးကိုဖွဲ့တယ်။ အစစ ငြိမ်သက်လို့။ ဒီလိုချိန်ခါမှာ လူ့သဘာဝအတိုင်း အသည်းနှလုံးက တောင့်တသံထွက်လာတယ်။ ရှိတ်စပီးယား ဆန်ဆန် ‘အို ငါ့သခင်မငဲ့’ ဆိုတဲ့ ခေါ်သံလေး ထွက်လာတယ်။ ကျေးရွာ ပျော်ရွှင်မြူးတူးမှုလေး တွေမြင်ယောင်မိတယ်။ ကြည်နူးစရာလွမ်းစရာကို စဉ်းစားမိရင်း မိမိရဲ့အဆင် မပြေတဲ့ချစ်ရေးကို စဉ်းစားမိပြန်တယ်။ လုံမကတော့ ပျော်လို့ပ။ သူမှာတော့ တစ်ကိုယ်တည်း ဆွေးနေရပေါ့။ သူ့မှာ မျှော်လင့်ချက် အရိပ်အယောင်တောင် မရှိပဲဘဝပါတဲ့။ပြီးတော့ သူ့ကဗျာမှာ အမြဲခုလို ကဗျာဆန်ဆန် တွေးယင်းက ဒဿန ဆန်သွားတာတွေ တွေ့ရမြဲအတိုင်း ဒဿနတစ်ရပ်ကို ပြောနေပြန်တော့တယ်။ ပြီး ပွဲတော်ချိန်မှာ သူဆွေးနေရပုံကို အလေးအနက် တင်ပြပြန်တယ်။ အဲဒီအခါမှာ လမ်းပေါ်က ခရီးသွားတစ်ဦးရဲ့ တေးကြော်သံ ကြားမိရင်း၊ ဆွေးသွားလိုက်၊ အတိတ်ကို ထင်မြင်ယောင်လိုက် ဖြစ်ကာ၊ ရောမနိုင်ငံကြီးများတောင် ထည့်စဉ်းစား လိုက်မိတယ်။ အစစဘာမှမမြဲပါလား။ ဘယ်မလဲ ရောမမြို့ရဲ့ အသံဗလံတွေ။ အဖြေကတော့ ကဗျာအစမှာ ဖေါ်ပြခဲ့သလို ငြိမ်သက်ကုန်ပေါ့တဲ့။ လီယိုပါဒီ အဖို့ အလေးနက်ဆုံး အတွေးဟာ ကလေးဘဝက အကြောင်းစဉ်းစားရင်း လာမြဲမို့ခုလည်း သူငယ်စဉ်က ကြုံဖူးတဲ့ ညတစ်ညကြားရတဲ့တေးသံကို သတိရမိပြန်တယ်။ ဒီရှုခင်းက ငြိမ်သက်တယ်၊ တေးသံဟာ တဖြည်းဖြည်း တိုးသွားတယ်။ ပြီး ခုလက်ရှိငြိမ်ဆိတ် နေချိန်ခံစားနေရပုံနဲ့ ရောယှက်သွားတယ်။ ဒီလိုစိတ်အခြေအနေလေးတွေ တစ်ခုပြီးတစ်ခု ပြောင်းလဲတင်ပြယင်း ညီညွတ်မှု ဖန်တီးယူတာဟာဖြင့် လီယိုပါဒီရဲ့ ကဗျာရဲ့ အံ့ဖွယ်အရည်အချင်းတစ်ခုပါပဲ။

■

# ရသျကမျာ

## ပုရှ်ကင်

အလက်ဆန္ဒာ ဆယ်ရဂယ်ယဲဗိချ် ပုရှ်ကင် (၁၇၉၉-၁၈၃၇)ဟာ ရုရှ်ပြည်မှာ နာမည်ထင်ရှားတဲ့ မှူးမတ်မျိုးရိုးက မွေးဖွားလာသူဖြစ်တယ်။ မအေနဲ့ဖအေက သားသမီးတွေကို ဂရုစိုက်နေနိုင်တဲ့ မိဘစားမျိုးမဟုတ်ဘူး။ ပုရှ်ကင်ကို ပြင်သစ်စာပြဆရာတွေနဲ့ပဲ လွှတ်ပေးထားတယ်။ ပုရှ်ကင်လေးဟာ သူ့အဖေရဲ့ စာကြည့်ခန်းထဲက ၁၇နဲ့ ၁၈ရာစု ပြင်သစ်စာပေတွေ တအားတွန်းဖတ်နေလေ့ရှိတယ်။ ဒီလိုနဲ့သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ရုရှ်စာတတ်ပေတတ်တွေ စာပေအကြောင်း ဆွေးနွေးလျှင် နားထောင်နိုင်တဲ့ အဆင့်ရှိလာတယ်။ ရှေးရိုးစဉ်လာ ရုရှ်စာပေကိုတော့ သူ့အဘွားနဲ့ သူ့အထိန်းမကြီးဆီက အခြေခံ အများကြီးရခဲ့တယ်။ ၁၈၁၁မှာ ဘုရင်အလက်ဇန္ဒာ ၁ က လူရည်ချွန်လေးတွေကို ရွေးပီး အထက်တန်းအစိုးရ အမှုထမ်းနဲ့ စစ်တပ်အရာရှိ လုပ်ဖို့ သင်တန်းပေးရာ တက္ကသိုလ်မှာ တက်ခွင့်ရတယ်။ ခြောက်နှစ်နေခဲ့ရတဲ့အတွင်းမှာ ပုရှ်ကင်ဟာ အစစထူးချွန်ခဲ့သပေါ့။ အဲဒီ တက္ကသိုလ်မှာ စာပေကိုလည်း အားပေးလေတော့ ပုရှ်ကင်ဟာ ကဗျာဆရာပေါက်စ ဖြစ်လာခဲ့ရတယ်။ ပြင်သစ်နဲ့ ရုရှ်ကဗျာတွေတုပြီး ရေးတာများတာပါပဲ။ ဒါပေမယ့် အတော်နာမည်ထွက်နေပြီဖြစ်တဲ့အတွက် စာပေမှာ အတွေးအခေါ်သစ်တွေ မြှင့်တင်ဖို့ဆိုပြီး ဖွဲ့ခဲ့တဲ့အသင်းတစ်ခုမှာ အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရတယ်။ အဖွဲ့ကတော့ သုံးနှစ်ပဲ သက်ဆိုးရှည်ရှာပါတယ်။

၁၈၁၇မှာ စစ်တက္ကသိုလ်က ထွက်တော့ နိုင်ငံခြားရေးဌာနမှာ ဝင်ရောက်အမှုထမ်းတယ်။ မြို့တော်မှာ နေရတာဖြစ်လေတော့ အရက်တွေ အလွန်အကျွံသောက်၊ ကာမဂုဏ်လိုက်စားနဲ့ ပျက်စီးနေခဲ့တာပါပဲ။ ဒါပေမယ့် ဒီအထဲကပဲ ပုသျှကင်ဟာ ကဗျာတွေ ရေးနိုင်ခဲ့တယ်။ အဲဒီအချိန်ပိုင်းက သူ့စာပေအသိုင်း အဝိုင်းကလူတွေက လျှို့ဝှက်နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေတဲ့လူတွေ။ ဒီလိုနဲ့ သူနိုင်ငံရေး လူမှုရေး ကဗျာတွေရေးတော့တယ်။ သူကိုယ်တိုင်ကတော့ လျှို့ဝှက်အဖွဲ့ထဲကပါတာ မရှိဖူး။ ဒါပေမယ့် သူ့တော်လှန်ရေး ကဗျာတွေကို လူတိုင်းလောက်အလွတ်ရကြတယ်။ သူ့ ကဗျာဖတ်ပြီး တော်လှန်ရေးထဲ ပါလာတဲ့လူတွေရှိခဲ့တယ်။ သူ့ကဗျာတွေကို လက်ရေးနဲ့ကူးပြီး လက်ဆင့်ကမ်းဝေခဲ့တာ ဖြစ်လေတော့ ပထမမှာ အာဏာပိုင်တွေက မသိဘူး။ ၁၈၂၀မှာတော့ သူဟာတောင်ပိုင်းဒေသဆီ 'နယ်နှင်' ခံရတော့တယ်။ အဲသလိုနဲ့ နှစ်နှစ်ခွဲနေခဲ့ရာမှာ ကဗျာတွေရေးခဲ့တာဟာဖြင့် ရောမန္တိကဗျာ၊ ဘိုင်ရွန်ယောင်ယောင်ကဗျာတွေပါပဲ။ ဘိုင်ရွန်ကို အကြီးကျယ်ဖတ်ပြီး အားကျမိရာက သူဟာ 'ကော့ကဆပ် အကျဉ်းသမား'လို ကဗျာမျိုးတွေ ရေးပါတယ်။ နောက်ဆုံးနှစ် (၁၈၂၃-၁၈၂၄) မှာမှ သူဟာ ဘိုင်ရွန်ဩဇာကို ခွာချပြီး တကယ့်ပုသျှကင် ကဗျာစစ်စစ်တွေ ရေးနိုင်ခဲ့တယ်။ ဒါတောင် နည်းနည်းပါးပါး ကြွင်းကျန်သေးတယ်။ သူရဲ့ နာမည်ကျော် 'ယက်ဗဝဲနီဩနီဂင်'ကဗျာဝတ္ထုကို အဲဒီတုန်းက ဩဒက်ဆာမှာ စတင်ရေးခဲ့ခြင်းဖြစ်ပါတယ်။

၁၈၂၄ ဇူလိုင်မှာတော့ သူ့မိဘများပိုင် လယ်မြေတွေရှိရာ အနောက်မြောက်ရုသျှကို ပြောင်းရွှေ့နေထိုင်ခဲ့တယ်။ ရဲမျက်စေ့ အောက်မှာပဲ နေရခြင်းပါ။ ဒီအချိန်ပိုင်းက ရေးတဲ့ကဗျာတွေမှာတော့ ပုံစံသစ်ရှာလာတာတွေ့ရတယ်။ လူထုကဗျာနည်းတွေ အတုခိုးရေးကြည့်တယ်။ ရှိတ်စပီးယားကို ပြင်သစ်ဘာသာပြန်နဲ့ ဖတ်ရရာက ရာဇဝင်ပြဇာတ် စမ်းရေးတယ်။ 'ယက်ဗဂဲနီဩနီဂင်'ကို ဆက်ရေးတယ်။ တော်လှန်ရေး စိတ်ဓါတ်တွေ အားလျော့စပြုလာတာတွေ့ရတယ်။ ၁၈၂၅ ဒီဇင်ဘာ အရေးအခင်း မအောင်မြင်တဲ့အခါမှာတော့ အများကြီးစိတ်ပျက်သွားတော့တယ်။

၁၈၂၆ မှာ သူမော်စကိုပြန်ခွင့်ရတယ်။ ဇာဘုရင် အသစ်(နီကိုလပ်စ်၂) က သူ့ကို 'သင်ပုန်းချေ'လိုက်ပါတော့တယ်။ စိန့်ပီတာစ်ဘုဂ်ကလွဲလို့ နေရာတကာ လွတ်လွတ်လပ်လပ် သွားနိုင်ခွင့်ရတယ်။ ဒါပေမယ့်ရဲမျက်စိ အောက်မှာပဲ ရှိနေသေးတယ်။ နောင်မှာတော့ သူရေးသမျှ ဇာဘုရင်ဆီတင်ပြရမယ်ဆိုတာမျိုးထိ ဖြစ်လာတယ်။ ပုသျှကင်လည်းစိတ်ပျက်ပျက်နဲ့ အရက်သောက်၊ ဖဲရိုက်၊ မိန်းမပိုး

လုပ်နေခဲ့တယ်။ ကဗျာသိပ်မရေးဖြစ်ဖူး။ ခရီးထွက်ခွင့်တောင်းတယ်၊ မရဘူး။ ၁၈၂၉မှာမှ တူရကီတွေနဲ့ စစ်တိုက်ဖို့ သွားတဲ့စစ်တပ်နဲ့အတူ တရန်ကော့ကဆပ်ကို လိုက်ပါသွားခွင့်ရတယ်။ လေးလကြာတော့ မော်စကို ပြန်ရောက်တယ်။ စိန့်ပီတာစ်ဘုဂ်သွားပြီး မိတ်ဆွေတစ်ယောက်နဲ့အတူ 'စာပေဂေဇက်'စာစောင် ထုတ်ဝေနေခဲ့တယ်။ ဆောင်းကုန်တော့ မော်စကိုပြန်လာတဲ့အခါ လှပတဲ့နာတာလိယာဂွန်ချာရော့ကို လက်ထပ်ခွင့်တောင်းတယ်။ လက်ခံလိုက်တယ်။ ၁၈၂၈က သူတွေ့ဖူးခဲ့တဲ့ မိန်းကလေးပါပဲ။ မိဘတွေက ဝမ်းသာပြီး မြေတွေအမွေပေးတော့ မြေရှိရာ ခရိုင်ကို သွားကြည့်ရတယ်။ အဲဒီဒေသမှာ ဝမ်းရောဂါဖြစ်နေခိုက်နဲ့ကြုံလို့ တော်တော်နဲ့ ပြန်မလာနိုင်ဖူး။ သုံးလလောက် 'သောင်တင်'နေချိန်မှာ တော်တော်အရေးပါတဲ့ ကဗျာတွေကို ရေးဖြစ်ခဲ့တယ်။ နှစ်မကုန်ခင် မော်စကိုပြန်လာ၊ ၁၈၃၁မှာ လက်ထပ်ခဲ့ပါတယ်။

ပုရှ်ကင်ခမျာ အိမ်ထောင်ရေး သုခကို သိပ်မရရှာပါဖူး။ မိန်းမက ခပ်ပျံ့ပျံ့။ သူ့လင်ရဲ့ စာပေလုပ်ငန်းမှာလည်း စိတ်မဝင်စားဘူး။ ကလေးနှစ်ယောက်ရတယ်။ ဒီအတွင်းမှာ မိန်းမကဆိုရှယ်ပွဲလမ်းတွေထဲ မျှောနေ၊ လင်က စိန့်ပီတာစ်ဘုဂ်နဲ့ မော်စကိုကူးပီး ၁၈ရာစုရုရှ်ရာဇဝင်ကို လေ့လာနေတယ်။ ၁၈၃၃မှာ ကာဇန်နဲ့ ဥရာလ်ကို ခရီးသွားခွင့်ရလို့သွား၊ ပြန်အလာသူ့လယ်ယာမှာ ခဏဝင်၊ ကဗျာတွေရေးတယ်။ စကားပြေရာဇဝင်ကျမ်း(ပူဂါချက်သူပုန်)လည်း အပြီးသတ်တယ်။ သူ့နာမည်ကျော် 'ကြေးဝါမြင်းသည်တော်'ကို ပုံကြမ်းလောင်းနိုင်ခဲ့တယ်။ ပုရှ်ကင်ရဲ့ နောက်ဆုံးသုံးနှစ်ကတော့ ဒုက္ခပြွမ်းတဲ့ကာလပိုင်းပါပဲ။ ၁၈၃၃မှာ ဇာဘုရင်က လူငယ်တွေကိုသာ ပေးတဲ့ရာထူးတစ်ခုသူ့ကိုပေးပြီး 'နှိမ်'တယ်။ ပုရှ်ကင်မကျေမနပ်ဖြစ်ရတယ်။ သူ့စာပေးစာယူတွေကိုလည်း ဖောက်ဖတ်နေကြတာ သူသိရပြန်တယ်။ သူ့မိန်းမကို ပိုးတဲ့လူတွေကလည်း ဒုနဲ့ဒေး။ သူ့ကဗျာကိုလည်း လူတွေက တယ်ဂရုမစိုက် ကြတော့ဘူး။ ကြွေးတွေပိုင်းပြီး၊ ငွေရေးကြေးရေးကြောင့် စိတ်ဒုက္ခ ရောက်ရပြန်တယ်။ ရာထူးကထွက်ပြီး၊ တောပြန်လယ်လုပ်နေဖို့ အခွင့်တောင်း တော့လည်း မရဘူး။ သုံးလ တစ်ကြိမ်ထုတ် စာစောင်တစ်ခု ထုတ်ခွင့်ရပေမယ့် မအောင်မြင်ဘူး။ စာအရေးနည်း သွားတယ်။ သူ့နာမည်အကြီးဆုံး ဝတ္ထုတို 'စပိတ်ကွင်း'နဲ့အခြားဝတ္ထုအချို့နဲ့ ကဗျာ အချို့ပဲ ရေးနိုင်တယ်။ ဒုက္ခတွေ ပင်လယ် ဝေနေချိန်မှာ မြင်းတပ်က ဗိုလ်လေးတစ်ယောက်က သူ့ဇနီးကို အတင့်ရဲရဲ လာပြီး ပိုးနေတော့တယ်။ ဒီသတင်းဟာ ဟိုးလေးတကျော် ဖြစ်လာပါလေရော။ သည်းမခံနိုင်တော့တဲ့အဆုံးမှာ ပုရှ်ကင်

က နှစ်ဦးချင်း သေနတ်ပစ်ကြဖို့ စိန်ခေါ် လိုက်တယ်။ အဲဒီပစ်ပွဲက ဒဏ်ရာနဲ့ပဲ နှစ်ရက်အကြာမှာ ပုသျှကင်ဆုံးခဲ့ရပါတယ်။

ပုသျှကင်ရဲ့ကဗျာဟာ အကြောင်းအရာမျိုးစုံသလို ဟန်ကိုလည်းအမျိုးမျိုး အလှယ်လှယ်သုံးထားတာတွေ့ရတယ်။ အကြောင်းအရာက ကြွယ်ဝသလောက် ဘာသာစကား လိုက်ဖတ်ပေးနိုင်တာကို တွေ့ကြရတယ်။ ပုသျှကင်က ရှေးဟောင်း ရုသျှစာပေတွေ၊ ပြစ်သစ်စာပေတွေ ပိုင်နိုင်သူပီပီ၊ ဒီ စာပေတွေရဲ့ ခန့်ညားတဲ့ စကားကိုလိုအပ်သလို ယူသုံးလေ့ရှိတယ်။ သူ့ဘာသာစကားဟာ သာမန်ပြည်သူသုံး ပုံစံမျိုးမဟုတ်ပါဘူး။ ဒါပေမယ့်လိုအပ်တဲ့အခါ ဒီလိုစကားတွေသုံးချင်လည်းသုံး ပါတယ်။ ဗန်းစကားတွေတောင်သုံးတယ်။ ပုသျှကင်ဟာ ရှေးဟောင်း အစဉ်အလာကို ဖယ်ရှား ပြီး အသစ်ဖန်တီးယူခဲ့ခြင်းဖြစ်ပါတယ်။ သူ့နောက်လူတွေအပေါ် အများကြီး ဩဇာ ညောင်းခဲ့တယ်။ ဒေါ်စတာယက်စကီးက 'ကျုပ်တို့မှာရှိနေတာတွေ အကုန် ပုသျှကင့် ဆီကလာတယ်'လို့ ပြောဖူးတယ်။ ဆိုဗီယက် ဝေဖန်ရေးဆရာတွေက 'ပုသျှကင် နောက်မှာ ၁၈ရာစုအစဉ်အလာ စာပေတွေဘာတ် လှည့်စရာမလိုတော့ဘူး။ ပုသျှကင်ရဲ့ စာကရှေ့ကသွားနှင့်တဲ့ စာပေတွေကို အစားထိုးလိုက်ပြီ' လို့ပြောပါ တယ်။

**ဆောင်းလမ်း**

**လှိုင်းထနေတဲ့ နှင်းထုထွင်း**
**လမင်းထိုးဖောက် ဝင်သွားကာ၊**
**ကြေကွဲနေတဲ့ မြုံနွယ်ထက်**
**ရောင်ဝါဖျန်းပက် ကြေကွဲစွာ။**

**ငြီးငွေ့ဖွယ် ဆောင်းလမ်းပေါ်မှာ**
**ထရွိုက်ကာ သွက်သွက်ပြေးနေခဲ့၊**
**ဆည်းလည်းသံ တစ်သံတည်းသာ**
**ပျင်းစရာ မြည်နေရဲ့။**

**လွမ်းဆွတ်ဖွယ်လို ကြားရပါ**
**ရထားဆရာရဲ့ တေးသံတွဲ့တွဲ့၊**
**မြူးကြွဖွယ် ပေါ်လိုက်တစ်ခါ**

ထင်းရှူးပင်ရိပ်
နှလုံးသားမှာ လွမ်းစရာတစ်လှည့်။

မီးရောင်မမြင်၊ တဲမည်းမည်းမှ မမြင်၊
လွင်ပြင်နဲ့ နှင်းပဲ . . . . တစ်လမ်းလုံးလည်း
ငါတွေ့ရသမျှများဟာ
မိုင်တိုင်ကျားကျားတွေပဲ။

ပျင်းရိစရာ၊ ညဉ်းစရာချည့် . . . . နက်ဖြန်နီနာ
နက်ဖြန်ခါ ချစ်သူ့ထံ ပြန်ရင်တော့
မီးဖိုဘေးမှာ မေ့ပစ်မယ်ကွယ်
ငေးနေမယ် မမောတမ်းပေါ့။

ကျယ်လောင်လောင်နဲ့ နာရီလက်တံဟာ
တိုင်းတာဝန်းဝိုင်း ပြည့်တော့မှာဘဲ၊
တို့ရဲ့ ပျင်းဖွယ်တွေ ဖယ်ရှားကာ
သန်ကောင်ဟာ တို့ကိုခွဲမှာမဟုတ်ပဲ။

ဆွေးပါ နီနာ၊ ငါ့ခရီးကငြီးငွေ့စရာ
ငိုက်မျဉ်းရင်းသာ ငါ့ရထားမှူးဆိတ်ပေါ့၊
ခေါင်းလောင်းလေးက ပျင်းဖွယ်မြည်နေရှာ
လဝန်းမျက်နှာ နှင်းမြူဖုံးပေါ့။ [၁၈၂၆]

ထရွိုက်ကာဆိုတာ မြင်းသုံးကောင်က ရထားပါ။ ဒီရထားလေးမှာ တစ်ယောက်တည်း စီးနင်းပြီး ဆောင်းရာသီနှင်းပွင့်တွေ ကျနေတဲ့အချိန် ခရီးသွားလာရပုံ ကို ဖွဲ့ထားတဲ့ ကဗျာလေးတစ်ပုဒ်ပါပဲ။ ဒီကဗျာ ရေးချိန်က ပုသျှကင်ဟာ 'နယ်နှင် ဒဏ်' ခံရင်းခရီးလှည့်နေရချိန်ပေါ့။

❖

## ဆိုက်ဗီးရီးယားသို့

ဆိုက်ဗီးရီးယား သတ္တုတွင်းများရဲ့ အနက်များထဲမှာ
မောက်မာတဲ့ ဇွဲနပဲကို ထိန်းသိမ်းထားကြ၊
သင်တို့ရဲ့ ကြေကွဲဖွယ် အလုပ်ကြမ်းနဲ့ စိတ်ဓါတ်ရဲ့

မြင့်မားတဲ့ မျှော်ခေါ်ချက်များ အချည်းနှီးမဖြစ်စေရ။

ကံဆိုးမိုးမှောင်ကျခြင်းရဲ့ ညီမကောင်း
မျှော်လင့်ခြင်းဟာ မြေအောက်မှောင်မည်းမည်းထဲမှာ
ခွန်အားနဲ့ ရွှင်လန်းမှုကို နှိုးဆွပေးပါလိမ့်မယ်၊
စောင့်ရကြာတဲ့ အချိန်ရောက်လာရမှာပါ၊
မေတ္တာစိတ်နဲ့ မိတ်ဆွေစိတ် သင်တို့ဆီကို
မှောင်မည်းမည်း မင်းတုံးများကို ဖြတ်ပြီးရောက်လာမယ်၊
သင်တို့ရဲ့ အကျဉ်းတိုက် တွင်းများဆီ
ငါရဲ့ လွတ်လပ်တဲ့အသံ ရောက်လာသလိုပေါ့၊
လေးလံလံ သံခြေကျင်းများ ပြုတ်ကျရမယ်၊
ထောင်တွေပြိုလဲကြရမယ်၊ လွတ်လပ်ခြင်းဟာ
သင်တို့ကို တံခါးဝက ဝမ်းပန်းတသာ ကြိုနေမယ်၊
ညီနောင်များက သင်တို့ကို ဓားတွေပြန်နှင်းကြမယ်၊

[၁၈၂၇]

ဆိုက်ဗီးရီးယား အကြောင်းကိုတော့ အားလုံးသိကြပါတယ်။ ရာဇဝင်အဆက်ဆက်မှာ ရုသျှမျိုးချစ်တွေ၊ တော်လှန်ရေးသမားတွေကို 'မဲဇာပို့'ရာ အလွန်အေးစိမ့်တဲ့ လူမနီးသူမနီး 'ငှက်တော ခွေးတော'ပေါ့။ အဲဒီမှာ သတ္တုတွင်းတွေရှိတယ်။ အကျဉ်းသားတွေဟာ သတ္တုတွင်းတွေမှာ အလုပ်လုပ်ကြရတယ်။ ၁၈၂၅ ဒီဇင်ဘာမှာ ပုန်ကန်လှုပ်ရှားမှုကလေး ပြိုကွဲသွားတော့ ပါဝင်သူတွေဟာ ဆိုက်ဗီးရီးယား အပို့ခံရတယ်။ ဒီကဗျာဟာ အဲဒီရဲဘော်တွေကို ရည်ညွှန်းပြီး ရေးတဲ့ကဗျာပါ။

## အညီဂင်ရဲ့ စရိုးမှကောက်နုတ်ချက်

အဲဟိုမှာ၊ တာတာတို့ရဲ့ တဲများကြားမှာ . . . . .
ဘယ်လိုစိတ်မျိုး ငါ့မှာ နိုးကြွလာရပါ့၊
ဘယ်လိုစွဲမက်ဖွယ် လွမ်းစိတ်မျိုးနဲ့
ထက်သန်တဲ့ ရင်ခွင်ဟာ ညှဉ်းဆဲခံရခြင်းပါ့၊
ဒါပေမယ့် မူဆင့်၊ အတိတ်ကို မေ့လိုက်ပါလေ၊

ထင်းရှူးပင်ရိပ်
ဘယ်လို ခံစားမှုမျိုးတွေ ထိုစဉ်ကငါ့မှာ
လွှမ်းနေခဲ့ပါစေ - ခု မရှိတော့ဘူးလေ။
လွန်သွားကြပြီ ဝါ ပြောင်းလဲကုန်ကြပြီ . . .
သင်တို့ ငြိမ်းချမ်းပါစေ၊ အတိတ်က စိတ်လှုပ်ရှားမှုတို့၊
အဲဒီအချိန်က ငါ့မှာကန္တာရတွေ၊ လှိုင်းတို့ရဲ့
ပုလဲအထွတ်တွေ၊ ပင်လယ်ရဲ့အသံ၊
ကျောက်ဆောင် အပုံကြီးတွေ၊ မာနခဲ လုံမရဲ့
မျှော်ခေါ်ချက်၊ အမည်မဲ့ ဒုက္ခတွေ လိုမယ်ထင်ခဲ့မိတယ်၊
မတူတော့တဲ့ နေ့များ၊ မတူတော့တဲ့ အိပ်မက်များ၊
မင်းတို့ တည်ငြိမ်လာကြပြီ၊ ငါ့နွေဦးရဲ့
မြင့်မြင့်မားမား စိတ်ကူးယဉ်မှုတို့ရေ့၊
ငါ့ကဗျာဖလားခွက်ထဲကို
ရေတွေငါအများကြီး လောင်းထည့်ခဲ့ပါပြီ၊
တခြားရုပ်ပုံကားတွေကို ငါလိုလာတယ်၊
သဲထူတဲ့ တောင်စောင်းလေးကို ချစ်မိတယ်၊
တဲကလေးရှေ့က သံလွင်ပင်နှစ်ပင်၊
သစ်ခက်တံခါး၊ ပြိုပျက်နေတဲ့ ဝင်းထရံ၊
ကောင်းကင်မှာ ပြာမွဲမွဲ တိမ်တိုက်များ၊
တလင်းပြင်ရှေ့မှာ ကောက်ရိုးပုံ
ထူထဲထဲ မိုးမခပင်ရိပ်မှာ ရေကန်ကလေး
ဘဲပျိုလေးတွေ လွတ်လပ်ရာပေါ့၊
အရက်ဆိုင် တံခါးခုံရှေ့မှာ
မူးမူးနဲ့ထရယယ်ပေါက် ခြေဆောင့်နင်းသံ၊
ဘာလာလိုက်ကာ - (ဒါတွေပဲ) ငါအခု မြတ်နိုးတယ်၊
ငါရဲ့အခုတောင့်တချက်က အိမ့်ရှင်မ၊

**ငါ့ ဆန္ဒများ ငြိမ်သက်ကုန်ပါပြီ။**

*စွတ်ပြုတ်တစ်ခွက်နဲ့ ကိုယ့်ဟာကိုယ်သခင်ပေါ့။*

ဒီကဗျာကို မူရင်း ရည်ရွယ်တာကတော့ 'ယက်ဗဂဲနီဩညီဂင်'ကဗျာဝတ္ထုရဲ့ အခန်းရှစ်မှာထည့်ဖို့ပဲ။ နောက်တော့ အသစ်တစ်ခုရေးပြီး ထည့်ခဲ့တယ်။ အခုကဗျာကိုတော့ ဒီခေါင်းစဉ်နဲ့ပဲ ပုံနှိပ်တယ်။ ဩညီဂင်ဟာ မော်စကိုကနေ ညိဂျနီနော့ဗဂေါ့ရဒ်၊ အဲဒီကမှ ကော့ကဆပ်နဲ့ ကရိုင်းမီးယားတို့ကို ခရီးထွက်နေခြင်းဖြစ်တယ်။ ပုသျှကင်က သူ့အတိတ်ကို ပြန်လည်တင်ပြနေတာပါပဲ။ သူရဲ့ တောရပ်ပန်းချီကားလေးကို တစိမ့်စိမ့် ရှုပါဘိ။

## EXEGI MONUMENTUM

ငါ့ဖို့လက်နဲ့ မလုပ်ရတဲ့ အထိမ်းအမှတ်တိုင် ငါထူလိုက်ပြီ၊
လူတွေသွားတဲ့ လမ်းကလေးမှာ ခြုံနွယ်ပေါက်မယ် မဟုတ်ဘူး။
အနိုင်မခံတဲ့ သူ့ဦးခေါင်းကို အလက်ဇန္ဒာရဲ့ ကျောက်တိုင်
ထက်ပဲ မြင့်အောင် မြှင့်ထားလေရဲ့။

မဟုတ်ပါ၊ ငါ လုံးလုံးသေမယ်မဟုတ်ပါ - စောင်းအမွှန်မှာ ဝိညာဉ်ဟာ
ငါ့မြေမှုန်ထက် တာရှည်ခံပြီး ပျက်ယွင်းမှုက လွတ်လိမ့်မယ်၊
လရောင်အောက်က ကမ္ဘာမြေမှာ ကဗျာဆရာ တစ်ယောက်ပဲဖြစ်ဖြစ်အသက်ရှင်
ကျန်နေသေးသမျှ ငါကျော်ကြားနေလိမ့်မယ်။

ငါ့ဂုဏ်သတင်းဟာ ရုသျှပြည်ကြီးတစ်ခုလုံး ပြန့်နှံ့သွားကာ
နေထိုင်သူပြည်သူအပေါင်း ဟာ ငါ့နာမည်ကို ပြောကြလိမ့်မယ်။
မာနထန်တဲ့ ဆလပ်အနွယ်တွေ၊ ဖင်းန်တွေ၊ ရိုင်းစိုင်းတဲ့
တွန်ဂုစ်တွေ မြတ်ခင်းပြင်ရဲ့ အဆွေကာလ်မိက်တွေ။

အရှည်ပဲ ငါဟာ ပြည်သူတွေရဲ့ချစ်ခြင်းခံရလိမ့်မယ်၊
မေတ္တာ စိတ်ဓာတ်များကို ငါ့စောင်းနဲ့ နှိုးဆွပေးခဲ့ခြင်း၊
ငါရဲ့ရက်စက်တဲ့ ခေတ်မှာ လွတ်လပ်မှုကို အမွှမ်းတင်ခဲ့ခြင်း

**ထင်းရှူးပင်ရိပ်**
**ကျဆုံးရသူများအတွက် သနားစိတ် တောင်းခံခဲ့ခြင်းတို့ကြောင့်ပါပဲ။**

**ဖုရားရဲ့ ပညတ်တော်ကို နားဆင်ပ့ါ အို မူဆင့်၊**
**စော်ကားမှုကို မကြောက် ဆုလာဘ်ကို မတောင်းခံဘဲ**
**ချီးမွမ်းတာရော ကဲ့ရဲ့တာကိုပါ ဥပေက္ခာနဲ့ ခံယူ**
**သူရူးနဲ့ မငြင်းခုံလေနဲ့။**

[၁၈၃၆]

ပုသျှကင် မသေခင်နှစ်က ရေးခဲ့တဲ့ ကဗျာဖြစ်တယ်။ သူ့ကိုယ်သူ နိမိတ်ဖတ်သွားသလိုပဲလို့ ပြောကြတယ်။ ခေါင်းစဉ်လာတင်စာကြောင်းရဲ့ အဓိပ္ပာယ်က 'အထိမ်း အမှတ်တိုင် ထူခဲ့ပြီ'လို့ အဓိပ္ပာယ်ရတယ်။ စတုတ္ထအပိုဒ်ကို မော်စကိုက ပုသျှကင်အထိမ်းအမှတ် ကြေးရုပ် ကျောက်တိုင်မှာ ရေးထိုးထားလေရဲ့။

ဒီကဗျာမှာ သူဆိုလိုတဲ့ သဘောကတော့ ဂည်ထယ်နဲ့ခပ်ဆင်ဆင်ပဲ။ 'လက်နဲ့ လုပ်ရတဲ့ ကျောက်တိုင်' မဟုတ်ဘဲ လုပ်ဆောင်ချက်ဆိုတဲ့ 'ကျောက်သား' နဲ့ ဆောက်ထားတဲ့ ကျောက်တိုင်ကို ဆောက်ခဲ့ပြီလို့ဖြစ်ပါတယ်။ သူက ပြည်သူကို အကျိုးပြုခဲ့တော့ ပြည်သူတွေက သူ့ကို အစဉ်သတိရနေကြမယ်။ ပြည်သူတွေရဲ့ အသည်းနှလုံးထဲမှာ ကျောက်တိုင်ထူခဲ့ပြီပေါ့။

■

## ဘလော့က်

အလက်ဆန္ဒရ် အလက်ဆန္ဒရောဗစ်ချ် ဘလော့က် (၁၈၈၀-၁၉၂၁)ကို စိန့်ပီတာရစဘုဂ် (ဆိုဗီယက်ခေတ် လီနင်ဂရဒ်)မှာ မွေးခဲ့တယ်။ ဖအေကဥပဒေပါမောက္ခ မှူးမတ်မျိုးရိုး၊ စိန့်ပီတာရစဘုတ် ဥပဒေနဲ့ ဝိဇ္ဇာတက္ကသိုလ်မှာ ပညာသင်ခဲ့တယ်။ သူ့ပထမဆုံးကဗျာစာအုပ်က 'မိန်းမလှတစ်ဦးဖွဲ့ ကဗျာများ' (၁၉၀၄)ဖြစ်ပါတယ်။ မင်ဒဲလဲယဲဗာဆိုတဲ့ အမျိုးသမီးတစ်ဦးကို ရည်ညွှန်းရေးခဲ့တာပါပဲ။ ဒီအမျိုးသမီးကိုပဲ ၁၉၀၃မှာ လက်ထပ်ခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသမီးက သူ့ကိုစွန့်သွားလေတော့ သူ့ဘဝဟာ မျှော်လင့်ချက်ကင်း၊ ပူဆွေး၊ ဒုက္ခရောက်တဲ့ဘဝဖြစ်သွားရတယ်။ သူ့ရဲ့ ဒုတိယကဗျာညွှန့်ပေါင်းစာအုပ် (၁၉၀၄-၁၉၀၈)မှာ ဒီအမျိုးသမီးကို ထူးဆန်းတဲ့ မိန်းမအဖြစ် ပြောင်းလဲရေးဖွဲ့လိုက်တယ်။ ဒုတိယစာအုပ်မှာ လီရိက ကဗျာတွေဟာ ပထမဆုံးအကြိမ်ထက် အာရုံခံစားမှု ပြည့်ဝလာ တာတွေ့ရတယ်။ ပုသျှကင်ဆန်တာ လည်း တွေ့ရတယ်။

ဘလော့က်က ၁၉၁၇ တော်လှန်ရေးကို လက်ခံတယ်။ မိန်းမလှကို စိန်ကူးယဉ်ချစ်နေရာက ရုသျှပြည်ကို ချစ်တဲ့ မေတ္တာအဖြစ် ပြောင်းလဲသွားခဲ့ရတယ်။ သူရဲ့ အကြီးမားဆုံးကဗျာလို့ဆိုကြတဲ့ 'တစ်ဆယ့်နှစ်' (၁၉၁၈)မှာ သူ့ရဲ့ခရစ်ယာန် အယူနဲ့ ကွန်မြူနစ်ဝါဒကို ပေါင်းစပ်ထားလိုဟန်ပဲ။ 'စကူသီယန်'ကဗျာမှာတော့

**ထင်းရှူးပင်ရိပ်**

အာရှနဲ့ ဥရောပ ဆန့်ကျင်ဖက်ကမ္ဘာနှစ်ခုကို သရုတ်ဖော်ထားတယ်။ 'ရုပ်သေးပွဲ' (၁၉၀၇)ကတော့ သူ့ရဲ့မိန်းမလှအချစ်ကို သရော်ထားပြီး အဓိပ္ပာယ်က လျှို့ဝှက်လွန်းတယ်။ လီရိကကဗျာအနေနဲ့ အောင်မြင်တယ်။ 'နှင်းဆီရဲ့လက်ဝါးကပ်တိုင်' (၁၉၁၃)ကလည်း အောင်မြင်တဲ့ လီရိက ကဗျာတစ်ပုဒ်ပါပဲ။

ဘလောက်ကိုရုရှသင်္ကေတဝါဒီတွေထဲမှာ အကြီးဆုံးလို့ခေါ်ကြတယ်။ သူက 'ရိုးစင်းတဲ့သရုပ်မှန်ဝါဒနေကြီးက ကွယ်ခဲ့ပါပြီ။ သင်္ကေတဝါဒရဲ့ အပြင်ဖက်ကနေ တစ်စုံတစ်ရာကို သိမြင်ခံစားဖို့ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဖူး'လို့ ပြောပြဖူးတယ်။ သူဟာ ရုရှသင်္ကေတဂိုဏ်းရဲ့ ခေါင်းဆောင်ပါပဲ။ သူ့ရဲ့နိုင်ငံရေးခံယူချက်ကိုတော့ ဒီသူ့စကားများမှာပဲ ဖတ်ကြည့်ကြပါတော့. . . .

> 'ယုံကြည်ချက်ဆိုတာရှိရမယ်။ မြေကြီးပေါ်မှာ မတွေ့ရတဲ့ဟာကို ယုံတာမျိုးမဟုတ်ပဲ၊ မြေကြီးပေါ်မှာ ဘယ်လိုဖြစ်သင့်တယ်ဆိုတာကို ယုံတာမျိုးဖြစ်ရမယ်။ လောလောဆယ်မှာ အဲသလိုမဖြစ်သေးဘဲ ရင်လည်းရှိမယ်။ တော်တော်လေးကြာတဲ့ထိ မဖြစ်သေးဘဲ ရှိနေချင်လည်းနေမယ် . . . တကယ့်တော်လှန်ရေးဟာ ဒီထက်လျော့ပြီး မရည်ရွယ်အပ်ဘူး။ . . . တော်လှန်ရေးရဲ့ ရည်မှန်းမျှော်ခေါ်ချက်က နှင်းခဲတွေအောက်မြုပ်နေတဲ့မြေကြီးတွေဆီကို ပူနွေးတဲ့လေတွေ၊ လိမ္မော်ပင်အုပ်တို့ရဲ့ မွှေးရနံ့တွေ သယ်ပေမယ့်၊ တောင်ပိုင်းကနေလောင်လို့ ခြောက်သွေ့နေတဲ့ လွင်ပြင်တွေကို မြောက်ပိုင်းဒေသတွေက လန်းလန်းဆန်းဆန်း မိုးရေတွေနဲ့ ဖျန်းပေမယ့် မုန်တိုင်းတစ်ခု ပေါ်အောင်လုပ်ဖို့ပဲ။'

**တစ်ဆယ့်နှစ်**

(၁)

**မည်းနက်တဲ့ည၊**
**ဖြူဖွေးတဲ့နှင်း၊**
**လေ လေ၊**
**လမ်းသွားလို့ ရလိမ့်မယ် မဟုတ်ဖူး၊**
**လေ၊ လေ၊**
**ဒေဝရဲ့ကမ္ဘာတစ်ဝန်းမှာ တိုက်ခတ်နေရဲ့၊**
**ဖြူဖွေးတဲ့နှင်းကို**

လေကရက်ကန်းရှယ်နေတယ်။
ညီရေခဲက အောက်က ချောင်းကြည့်နေတယ်။
လူးကာလိမ့်ကာ
ချော်ကြလဲကြရတယ်။
သနားစရာပေပ. . . .

လမ်းဆုံ လမ်းခွမှာ လေက ရိုက်ခတ်နေတယ်
ဆီးနှင်းက အရိုးခိုက်အောင် ကိုက်ပေရဲ့။
နှာခေါင်းကို ကော်လာထဲမြှုပ်ကာ
ဘူဇွာတစ်ယောက် အထီးတည်းရပ်နေရဲ့။

ဒါကဘယ်သူလဲ သူ့ဆံရှည်ကို ခါယမ်းနေတဲ့ကောင်၊
တလွမ်းတဆွေး ညည်းတွားနေတဲ့ အကောင်၊
'သစ္စာဖောက်တို့၊
ရှုသျှသေပီတဲ့'
ကလောင်တွန်းထည့်လေ့ရှိတဲ့ လူစားတစ်ယောက်လေ
လူယဉ်ကျေးတဲ့။

ဟောဒီမှာ သက်န်းရုံတစ်ဦး၊ မည်းလို့၊ ဝလို့၊
တိရစ္ဆာန် တစ်ကောင်လို ခပ်ကုပ်ကုပ်လှမ်းလို့။
ဘယ့်နှယ် သုန်မှုန်နေရသတုန်း၊
ရဲဖော်ဘုန်းကြီးရဲ့။
အရင်က ရင်ကော့သွားခဲ့တာပဲ၊
မှတ်မိရဲ့ မဟုတ်လား၊
ဗိုက်ပေါ်မှာ လက်ဝါးကပ်တိုက်က တွဲရရွဲ၊
ဝင်းလို့ ပြောင်လို့ပါပဲ။

မိုးချုပ်ပြီ။
လမ်းမပေါ်မှာ မှိတ်တုတ်မှိတ်တုတ်
မီးခွက်တစ်ခွက်၊ ခေါင်းငိုက်စိုက်နဲ့ တေလေတစ်ဦး

ထင်းရှူးပင်ရိပ်
ကုပ်ကုပ် ကုပ်ကုပ် ဖြတ်သွားတယ်၊
စူးရှတဲ့လေများ တရှိုးရှိုး မြည်နေကြရဲ့၊

'ဒီလာခဲ့
သနားစရာ့ကောင်မလေး၊
တို့ကိုနမ်းကွယ်'၊
'ပေါင်မုန့်ပေးပါ၊'
'ဟယ်၊ သွားတော့'၊
ပိန်းပိတ်နေတဲ့ ကောင်းကင်၊ ကြယ်မရှိ၊ မြေပုံလည်းမပါ၊
အမုန်း၊ ကြေကွဲဖွယ် အမုန်းက
နှလုံးသားကို ပေါက်ကွဲစေတယ်၊
မည်းနက်၊ မွန်မြတ်တဲ့အမုန်း၊
ရဲဘော်
သတိထားသွားဟေ့၊

(၉)

မြို့တော်ရဲ့ အသံဗလံဟာ ဝေးလေရဲ့၊
မည်းနက်တဲ့ ငြိမ်ဆိတ်ခြင်း၊ နီဗာမြစ်ကမ်းပေါ် ကျလာတယ်
ရဲတွေမရှိတော့ဘူး၊ သောက်စရာရေတစက်မရှိပေမယ့်
တို့ပျော်နိုင်ကြပြီရဲဘော်တို့၊

ဘူစွာတစ်ယောက်၊ တစ်ယောက်တည်း ဆွေးနေသူတစ်ဦး၊
နှာခေါင်းကို အမွေးထဲမှာ မြှုပ်လို့၊
လမ်းထောင့်မှာ မျက်စိလည်ရပ်နေတယ်၊
အမြီးကုပ်နေရှာတဲ့ ခွေးဝဲစားတစ်ကောင်၊

ခွေးငတ်တစ်ကောင်ပမာ ဘူဇွာဟာ
ရပ်တောင်းနေရဲ့၊ ငြိမ်ဆိတ်တဲ့ ပြဿနာတစ်ခုပါပဲ၊
အိုးအိမ်မဲ့ ခွေးပမာ၊ ကမ္ဘာဟောင်းဟာ
အမြီးကို ခြေနှစ်ချောင်းကြား သွင်းလို့ ရပ်နေရှာရဲ့

(၁၂)

ရွှေ့သို့ ကြွားကြွားဝင့်ဝင့် သူတို့ချီတတ်သွားကြတယ်၊
ဟိုး၊ ဘယ်သူလဲ၊ ထွက်ခဲ့စမ်း၊
လေပါ၊ အလံကို ပွဖောင်းလာစေတဲ့ လေပါ၊
အလံနီကို ဝှေ့ယမ်းနေတဲ့လေပါ၊

ရှေ့တည့်တည့်မှာ မိုးမိုးမတ်မတ် နှင်းပွင့်တစ်ပုံ၊
နှင်းပုံထဲ ပုန်းနေတာ ဘယ်သူလဲ၊ ထွက်ခဲ့စမ်း၊
ငတ်မွတ်နေတဲ့ ခွေးတစ်ကောင် နောက်ပိုင်းက ထွက်လာတယ်၊
ရိုက်မှာ ကြောက်သလို ထော့နဲ့ ထော့နဲ့နဲ့၊

'မြန်မြန်လာစမ်း၊ မလာယင် မင့်ဝဲစားနေတဲ့ အမွေးကို
ဟောဒီ ယားကျိကျိလှံစွပ်နဲ့ ဆွလိုက်မယ်'၊
ကမ္ဘာဟောင်းဟာ ခွေးဝဲစားမျိုးပဲ . . . .
ရိုက်ချက်တွေပဲ မင်းတို့ကို ဆုအဖြစ်ပေးရမယ်၊

ငတ်မွတ်တဲ့ သွားဖြီးနဲ့ သွားတွေ ဖြီးပြကာ
ရှုံ့တွန့်တွန့်နဲ့ သူ့နောက်က လိုက်လာတယ်၊
ခွေးကောင်ဟာ ဆွေမရှိ မျိုးမရှိ . . . .
'ဟေး၊ ဘယ်လဲသူလဲ၊ မြန်မြန်ဖြေစမ်း၊ မြန်မြန်၊'

'ဘယ်သူလဲ အလံနီကို ဝှေ့ယမ်းနေတာ၊ မမြင်ရဖူးဟေ့
မှောင်ထဲမှာ၊ မျက်စေ့စူးတဲ့ နှင်းထဲမှာ၊
တစ်ယောက်ယောက် တိတ်တဆိတ် လှုပ်ရှားနေတယ်၊
အရိပ်ထဲမှာ၊ လျှို့ဝှက်စွာ - ဖြေးညင်းစွာနဲ့၊'

'မင်းရော မင့်ရဲဘော်တွေရော တို့ မိမှာပဲ၊
အသက် ရှင်နေသေးတုန်း လက်နက်ချတာ အကောင်းဆုံး၊
ရဲဘော် - မင်းအဖို့ အခြေဆိုးလိမ့်မနော်၊
ထွက်ခဲ့၊ နို့မို့ရင် တို့ ပစ်သတ်ရလိမ့်မယ်၊'

ဒက်-ဒက်-ဒက်၊ တစ်ကိုယ်တော် ပဲ့တင်သံ တစ်သံ

ထင်းရှူးပင်ရိပ်

ပြိုလဲနေတဲ့ အိမ်တွေဆီက ပြန်ထူးနေတယ်၊
လေမုန်တိုင်းကတော့ ရှူးမူး - ရှင်မြူးလို့
နှင်းပွင့်တွေထဲကနေ ရယ်မောနေလေတော့တယ်၊

ဒက်-ဒက်-ဒက်၊
ဒက်-ဒက်-ဒက်၊

ရှေ့သို့ကြွားကြွားဝင့်ဝင့် သူတို့ချီတက်လာကြတယ်၊
ခွေးငတ်တစ်ကောင်က နောက်က လိုက်လာတယ်၊
အောင်လံရဲ့ လေတဖူးဖူး အနီကို သယ်ဆောင်ကာ၊
နှင်းပွင့် ကန့်လန့်ကာတို့ ဟိုသည် လှုပ်ရှားနေရာ
အမှောင်ထဲမှာ ကျည်ဆန်ကို တားလို့ မရရာမှာ၊
မုန်တိုင်းထဲမှာ အသာအယာ ပစ်လွှင့်လိုက်လို့၊
နှင်းစိန်ပွင့်များ လွင့်လာတဲ့ပမာ၊
နှင်းလိုဖြူတဲ့ နှင်းဆီပွင့်များနဲ့ ပန်းခွေစွပ်ရင်း -
ခရစ်တော် ချီတက်လာတယ်၊ ဆယ့်နှစ်ဦးကို ဦးဆောင်လာတယ်၊

ဘလောက်ရဲ့ 'တစ်ဆယ့်နှစ်'ထဲက ကောက်နုတ်ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ စကားလုံးတွေက အင်မတန်ရိုး၊ အင်မတန်စင်းသော်လည်း လမ်းပေါ်က လူတွေရဲ့စကား၊ စက်ရုံအလုပ်သမားတွေရဲ့ ဗန်းစကားများကို သုံးထားတဲ့အတွက် အင်မတန် ဘာသာပြန်ရ ခက်ပါတယ်။ ခုဘာသာပြန်ဟာ စီ၊ အမ် ဘောင်ရာရဲ့ အင်္ဂလိပ် ဘာသာပြန်နဲ့ ဘေးဘက်ဒွိုက်နဲ့ ယာမော်လင်စကီတို့ရဲ့ ဘာသာပြန်ကို ယှဉ်ကြည့်ပြီး မြန်မာလိုပြန်လိုက်ခြင်းပါ။ မူရင်းမှာ စကားပြောဟန်တွေ၊ လက်ာနည်းအတိုင်း အသံစနစ်ကို အလှယ်အလှယ် လုပ်ထားတာတွေက အင်မတန်ထိပါတယ်။ ကဗျာကို ရောမန္တိက၊ သရုပ်မှန်နဲ့ သင်္ကေတနည်းတွေ ရောမွှေရေးထားတယ်။ ကဗျာဆရာ ရဲ့ လောကဟောင်းကို မုန်းစိတ်၊ ဘဝကိုငြီးငွေ့စိတ်၊ တိုင်းပြည်ချစ်စိတ်၊ အဖြစ်အပျက်တွေ လှုပ်ရှနေတာကြည့်ပြီး မြူးတူးစိတ် အပျက်အစီးကြားက ကမ္ဘာလောကသစ်တစ်ခုပေါ်ထွက်လာမှာကို မျှော်ခေါ်စိတ်တို့ကိုလည်း အလားတူ ရောမွှေထားလေရဲ့။

အကြောင်းအရာကတော့ တော်လှန်ရေးကာလ၊ ပြည်တွင်းစစ်ကာလတုန်း

က ပီထရိုဂရဒ်မြို့ လမ်းမများကို ဘော်လရှီဗစ် တပ်သား ဆယ့်နှစ်ဦး ကင်းစောင့်လှည့်လည်ပုံပါပဲ။ ကဗျာမှာ အပိုင်း ၁၂ပိုင်းပါတယ်။ တစ်ပိုင်းနဲ့တစ်ပိုင်း အသံရော သဏ္ဌာန်ရော ဖွဲ့ပုံချင်းမတူဖူး။ ဘာသာစကားကလည်း ဇာတ်ကောင်တွေရဲ့ စရိုက်နဲ့ ကိုက်ညီတယ်။ မူရင်းမှာ ကင်းစောင့်လှည့်ကြတော့ လူအမျိုးမျိုးတွေ့ရပုံ (ခုကောက်နုတ်ချက်မှာတော့ ဘူဇွာတစ်ယောက်၊ ဘုန်းကြီးတစ်ပါးပဲ ပါတယ်) ကာတျာဆိုတဲ့ မကောင်းတဲ့မိန်းမလေးနဲ့ တွေ့တဲ့အခါ တပ်သားတစ်ယောက်က ချစ်မိပုံ၊ နောက်တစ်ယောက်ကလည်း ပိုးနေတော့ သူ့ကို ပစ်ရင်းက ကာတျာကို မှန်သွားပြီး သေရှာရပုံ၊ ပစ်မိသူ ရဲဘော်ခမျာ စိတ်ထိခိုက်မိပုံများပါတယ်။ ဒီလိုနဲ့ သူတို့ချီတက်သွားရာမှာ ခရစ်တော်က သူတို့နဲ့အတူ လိုက်ပါနေပါသတဲ့။

ခရစ်ယန် ဆန့်ကျင်တဲ့လေမျိုး သုံးနှုန်းထားပြီးတော့ ဒီလိုရေးတာဟာ ဆန်းနေတယ်။ တကယ်တော့ ခရစ်ယန်ဝါဒဆိုတာလည်း တရားမျှတရေး၊ လူသားချင်း မေတ္တာထားရှိရေးတို့ကို ကြွေးကြော်နေတာဖြစ်လေတော့ ဒီနေရာမှာဖြင့် တော်လှန်ရေးရဲ့ စိတ်ဓါတ်နဲ့ တူနေတယ်။ ဒါကြောင့် အဲဒီတော်လှန်ရေးရဲ့ ဝိညာဉ်ကို ခရစ်တော်လို့ သင်္ကေတပြုပြီးရေးတာဖြစ်လိမ့်မယ်နဲ့ တူပါတယ်။ 'တစ်ဆယ့်နှစ်' ဆိုတာကလည်း ခရစ်တော်ရဲ့ သာဝက ၁၂ပါးကို တမင်ရည်ညွှန်းတင်စားလိုဟန်ရှိပါတယ်။ ဒါပေမယ့် ဘလောက့်ရဲ့ 'တစ်ဆယ့်နှစ်'ကို အမျိုးမျိုး အဓိပ္ပါယ်ဖွင့်လို့ ရပါတယ်။ ကမ္ဘာကျော်ကဗျာ တစ်ပုဒ်ဖြစ်နေပါပြီ။

■

## မာယာကော့ပစကီးယ်

ဗလာဒီမီရ် ဗလာဒီမီရောဗစ်ချ် မာယာကော့ဖစကီးယ် (၁၈၉၃-၁၉၃၀)ကို ကာကဆပ်နယ်၊ ဘဂ်ဒါဒီမြို့မှာ မွေးခဲ့တယ်။ ဖအေက သစ်တောအုပ်ပါ။ ပန်းချီဆရာလုပ်မယ်စိတ်ကူးပြီး ၁၂ နှစ်သားအရွယ်မှာ မော်စကိုတက်လာခဲ့တယ်။ အသက်၁၄ နှစ်ရွယ် (၁၉၀၈)မှာ အဲဒီအချိန်က လျှို့ဝှက်လှုပ်ရှားနေရတဲ့ ရုရှားဆိုရှယ် ဒီမိုကရက်လေဘာပါတီ(ဘော်လရှီဗစ်)ထဲဝင်တယ်။ မုန့်ဖုတ်သမားတွေ၊ အဲဒီနောက် ဖိနပ်ချုပ်သမားတွေ၊ နောက်ဆုံး စာပုံနှိပ်လုပ်ငန်းသမားတွေကြားမှာ ဝါဒဖြန့်ချိရေးလုပ်ငန်း လုပ်ဆောင်ရတယ်။ ဒီလှုပ်ရှားမှုကြောင့် ၁၉၀၈-၁၉၀၉ အတွင်းမှာသုံးကြိမ်အဖမ်းခံရပြီး ထောင်ထဲ နေခဲ့ရတယ်။ ၁၉၁၀ ခုနှစ်မှာ မော်စကို အနုပညာတက္ကသိုလ်မှာ ဝင်ရောက် ပညာဆည်းပူးတယ်။ အနုပညာကျောင်းသား တစ်ဦးဖြစ်လာပြီး အနာဂတ်ဝါဒသမားတွေနဲ့ ပေါင်းမိရာက အနာဂတ်ဝါဒ ကြေညာစာတမ်းရေးဆွဲသူတွေထဲမှာ တစ်ဦးအပါအဝင်အဖြစ် ထင်ရှားလာပါတယ်။ သူရဲ့ ပထမဆုံးထင်ရှားတဲ့ ကဗျာကတော့ 'ဘောင်းဘီဝတ်မိုးတိမ်' (၁၉၁၆)ပါပဲ။ သူရေးတဲ့အလွမ်းပြဇာတ်တစ်ပုဒ်ဖြစ်တဲ့ 'ဗလာဒီမီရ်မာယာကော့ဖစကီးယ်'ကို ၁၉၁၃ခုနှစ်ကပီတာရစဘုဂ်မြို့မှာ အနုပညာရှင်များအသင်းတစ်သင်းက ကပြခဲ့တယ်။ ပြဇာတ်တွေ၊ ကဗျာတွေတောက်လျှောက်ရေးလာခဲ့တယ်။ ၁၉၁၇အောက်တိုဘာ တော်လှန်

ရေး အောင်မြင်ပြီးတဲ့နောက်မှာတော့ မာယာကော့ဖစကီးယ်ဟာ ဝါဒဖြန့်ချိရေး တပ်ဦးမှာ တစ်အင်တစ်အား ပါဝင်လုပ်ဆောင်ပါတော့တယ်။ ဆိုဗီယက်အစိုးရရဲ့ တရားဝင်ဝါဒဖြန့်ချိရေးမှူးကြီးပါပဲ။ ပြဇာတ်နဲ့ ကဗျာကနေ ကလေးကဗျာ၊ ပိုစတာ စာတမ်းအထိ သူရေးတယ်။ 'လဲဖ်'နဲ့ 'မာဖ်'မဂ္ဂဇင်းတို့ကို ထူထောင်သူလည်း ဖြစ်တယ်။ နိုင်ငံရပ်ခြားခရီးလှည့်လည်ခဲ့ပြီး ၁၉၂၅မှာ အမေရိကန်ကို ရောက်ခဲ့တယ်။ ၁၉၃၀မှာ မာယာကော့စကီးယ် သူ့ကိုယ်သူသတ်သေသွားတယ်။ ဘာကြောင့် သတ်သေရတယ် ဆိုတာကို အမျိုးမျိုးဝေဖန်ကြ၊ အကြောင်းရှာကြပါတယ်။ တချို့ကလည်း သူ့စာပေကို ဆိုရှယ်လစ်စော်မနံ့ဖူး၊ ဘာညာဝေဖန်ကြလို့ စိတ်ပျက်ပြီး သတ်သေတယ် လို့ပြောတယ်၊ တစ်ချို့ကလည်း လီလီဘရစ်က်ဆိုတဲ့ အမျိုးသမီးကို အသေအလဲ ချစ်မိရာက အချစ်ဒဏ်မခံနိုင်တော့တဲ့ အဆုံးသတ်သေသွားတယ်လို့ ပြောကြရဲ့။ စတာလင်က မယာကော့ဖစကီးယ်ကို 'ဆိုရှယ်လစ်ခေတ်ရဲ့ ကဗျာဆရာ' လို့ ဂုဏ်ပြုခေါ်ဝေါ်လိုက်ပါတယ်။

မာယာကော့ဖစကီးယ်ဟာ အနာဂတ်ဝါဒသမား (ဖျူးချားရစ်)အနေနဲ့ ကဗျာကို စရေးခဲ့သူဖြစ်တယ်။ ရှေးရိုးအစဉ်အလာတွေ၊ ပုံသေကားချနည်းတွေကို အင်မတ်ရှုံ့မုန်းသမို့ အသစ်အဆန်းထွင်တယ်။ သင်္ကေတဝါဒကိုတိုက်တယ်၊ အထူး သဖြင့် သင်္ကေတဝါဒရဲ့ 'မိန်းမဆန်တဲ့' သဘောတွေကို သူက တိုက်ခိုက်ပါတယ်။ သူက ပိုပြီး ကြည်လင်ပြတ်သားတဲ့၊ ရုပ်ဝတ္ထုကျတဲ့၊ သန်မာအားကောင်းပြီး စစ်အသွင် ဆောင်တဲ့ကဗျာမျိုး၊ အတွေးအခေါ်ရော စကားအသုံးအနှုန်းရော ကြမ်းတမ်းခက်ထန် ပစေ၊ မတွန့်တဲ့ကဗျာမျိုးကို သူကတောင်းဆိုတယ်။ ဒီလိုနဲ့ သူခေါင်းဆောင်တဲ့ အနာဂတ်ဝါဒီတွေက ရှသျှဆန်းဂိုဏ်း၊ စကားလုံးဖွဲ့စည်းမှု၊ ဝါကျဖွဲ့ထုံးတို့ကို တော်လှန်ရေးလုပ်ဖို့ကြိုးစားခဲ့ကြတယ်။ တချို့ကဆိုလျှင် အသံနဲ့ ရစ်သမ်ရဲ့ အဓိပ္ပယ်ဆောင်မှုကို အားကိုးပြီး ဘာသာစကား အသုံးအနှုန်း တစ်မျိုးဖြစ်အောင် တောင်ကြိုးစားကြသေးတယ်။ မာယာကော့စကီးယ်ကတော့ ဒီလောက်ထိမသွားပါ ဘူး။ သူက စင်မြင့်ပေါ်က တရားဟောတဲ့ ကဗျာမျိုးလိုချင်သူ ဖြစ်လေတော့ ကဗျာကို ဆန်းဂိုဏ်းအချုပ်အချယ်က လွတ်စေပြီး စကားပြောအသံ အတက်အကျကို အခြေခံ ဖွဲ့သီဖို့အားထုတ်ပါတယ်။ သူ့ရစ်သမ်စနစ်ဟာ ရှေးရိုး သုတိသာယာမှု စံနစ်မျိုး မဟုတ်တော့ဘဲ သီးခြားစကားလုံးတစ်လုံးစီရဲ့ ခွန်အားကို အားကိုးလာပါတော့တယ်။ ဒီတော့စကားတန့်ရပ်ရာတို့၊ ဝိဘတ်သွယ်ရာတို့၊ ပုဒ်မခြားရာတို့မှာ စကားပြောလာ တယ်။ နေရာခွဲ ပုဒ်မပြနည်းဆိုတဲ့ စကားလုံးတွေ စာတစ်မျက်နှာလုံး ဖြန့်ရတဲ့နည်းမျိုး

ကို သင်္ကေတဝါဒီတွေက စတင်ခဲ့ပြီးပါပြီ။ ဒါကို မာယာကော့စကီးယ်က သူ့ရည်ရွယ်ချက်နဲ့သူ ယူသုံးခဲ့တာ လုံးဝအောင်မြင်ခဲ့ရပါတော့တယ်။

အဲဒီနောက် မာယာကော့ဖစကီးယ်က အများဆုံး'ထိထိရောက်ရောက်' ဖေါ်ကျူးနိုင်ရေးဆိုတာကို အားထုတ်ပြန်တယ်။ အဋ္ဌုတ္တအမှန်ဆိုတာကို ဖေါ်ကျူးလိုတဲ့ သင်္ကေတဝါဒီတွေနဲ့ ဆန့်ကျင်ပြီး သူကဗဟိဒ္ဓအရာဝတ္ထုတွေကို အားကောင်းကောင်းနဲ့ ဖေါ်ထုတ်ပေးတဲ့နည်းကိုသုံးလာတယ်။ ဒီလိုနဲ့ သူ့ကဗျာစကား၊ သူ့ဥပမာ၊ မျှော်လင့်မိစရာမရှိတဲ့ နှိုင်းယှဉ်ပြမှု ဆက်စပ်ပြမှုတွေဟာ ရက်ရက် စက်စက် 'တွေ့ထိ'လို့ ရနေပါလေတော့တယ်။ ကာရန်ကိုလည်း သူက ကမောက်ကမ လုပ်လာတယ်။ ပြတ်တောင်းပြတ်တောင်းလေကိုလည်းသုံးတယ်။ ကဗျာကို ကဗျာနဲ့ မတူအောင် ဗန်းစကား၊ လမ်းပေါ်ကစကား၊ အရက်ဆိုင်ထဲက စကားတွေ ညှပ်သုံးလာတယ်။ အတိသယဝုတ္တိအလင်္ကာ(လွန်ကဲဆိုတဲ့ နည်း)ကိုလည်း တမင်တကာသုံးတယ်။ (ကဗျာတစ်ပုဒ်မှာ ဆိုလျှင် သူဟာနေကိုမျက်မှန်လုပ်တပ်။ နပိုလီယန်ကို ခွေးလိုနောက်က ကြိုးနဲ့ဆွဲခေါ်လာရင်း လမ်းလျှောက်ထွက်လာတယ် လို့ရေးပါတယ်) ဒီတော့ သူကဗျာဟာ အင်မတန်အားကောင်းပြီး ပြောလိုရာကို ထိထိ မိမိပြောလာနိုင်ပါတော့တယ်။

တရင်းတနှီးစကားပြောဟန်ထဲမှာ လျှောင်တာသရော်တာလေးတွေ ထူးထူးဆန်းဆန်းပုံပြင်ဆန်တာတွေထည့်၊ အသေးအဖွဲ့နဲ့ ဟာသဆန်ဆန်ကြီးကျယ်ခန်းနားမှု ပေါင်းစပ်ပေးတဲ့နည်းဟာလည်း မဟာကောဖစကီးယ်ရဲ့ နည်းတစ်နည်းပါပဲ။ သူ့ပါရီသွား ကဗျာတစ်ပုဒ်မှာဆိုရင် သူကအိုက်ဖလ်မျှော်စင်နဲ့ အလ္လာပသလ္လာပ ပြောရင်း၊ ဒီ 'ဖာပေါ ကဗျာဆရာပေါ၊ နိုင်ငံခြားငွေ ဈေးကွက်ပေါ'တဲ့ ပါရီကို စွန့်ပြီး ဆိုဗီယက် ရုသျှလိုက်ခဲ့ပါ။ သက်တောင့်သက်သာ နေရမယ်။ သူက ဗီဇာရအောင် လုပ်ပေးမယ်စသဖြင့် ရေးထားပါတယ်။ ကဗျာတစ်ပုဒ်မှာတော့ ပူအိုက်အိုက် ဇူလိုင်လတစ်ရက်မှာ သူကနေကိုမိုးပေါ်ကဆင်းပြီးသူ့ရဲ့ လက်ဖက်ရည်သောက်လှည့်ပါလို့ နောက်နောက် ပြောင်ပြောင်နဲ့ ဖိတ်လိုက်တာ နေက အဟုတ်ဆင်းလာတယ် လို့ရေးသားထားပါတယ်။ ဒီနည်းတွေသုံးပြီး မာယာကော့ဖစကီးဟာ သူ့ပြည်သူကို သူကဗျာနဲ့ စည်းရုံးခဲ့လေရဲ့။ ဒီလိုနဲ့ပဲ သူဟာ သူ့ပြည်သူတွေရဲ့ 'အသည်းကျော်' ဖြစ်လာခဲ့လေရဲ့။

မောင်သာနိုး

## ငါတို့ချီတက်ပွဲ

ရင်ပြင်ထဲမှာ သူ့ပုန်ခြေလှမ်းလှမ်းကြ။
မော့ထား၊ မာန်ဝင့်တဲ့ ဦးခေါင်းတသီတတန်း။
ဒုတိယ'ရေလျှံ'ရဲ့ လှိုင်းလုံးတွေနဲ့ ငါတို့
ကမ္ဘာ့ မြို့များကို ဆေးကြောကြမယ်။

နေ့နွားသိုးဟာ ပြောက်ပြောက်ကျားကျား။
နှစ်လှည်းဟာ နှေးနှေးကွေးကွေး။
ငါတို့ဒေဝက မြန်ဆန်မှု။
အသည်းနှလုံးက ငါတို့ ဗုံမောင်း။

ငါတို့ ရွှေထက် နတ်ဘုံဆံတဲ့ ရွှေရှိရဲ့လား။
ကျည်ဆန် ပျားက တို့ကို တုတ်နိုင်ရဲ့လား။
ငါတို့မှာ လက်နက်က ငါတို့သီချင်းများ။
ငါတို့မှာ ရွှေက တကြော်ကြော် အသံများ။

မြက်ခင်းတို့၊ မြက်လွှမ်းထားကြ။
နေ့များအတွက် ကွင်းပြင်ကို ဖြန့်ထားကြ။
သက်တံငဲ့၊ နှစ်များရဲ့
အပြေးမြန်တဲ့ မြင်းများကို ကကြိုးဆင်ပ။

ကြည့်၊ ကြယ်များရဲ့ ကောင်းကင် ပျင်းသွားပြီ။
သူ့မပါဘဲ တို့ တေးတွေကို ရက်လုပ်ခဲ့ကြရဲ့။
ဟေး ခုနှစ်စင်ကြယ်ငဲ့၊ ငါတို့ကို အသက်ရှင်ရက်
မိုးပေါ်ခေါ်သွားဖို့ တောင်းဆိုလိုက်ပါကွဲ့။

ထင်းရှူးပင်ရိပ်
ပျော်ရွှင်မှုကို သောက်သုံးကြ၊ တေးဆိုကြ။
သွေးကြောတွေထဲမှာ။ နွေဦး စီးဆင်းနေပေါ့၊
နှလုံးသားငဲ့၊ စစ်ပွဲဆီ ခုန်လိုက်ပ။
ငါတို့ ရင်အုံဟာ ကြေးနီလင်းကွင်းပေါ့။

❖

## အတ္တလန်တိတ် သမုဒ္ဒရာ

စပိန်ကျောက်တုံးက မျက်စိစူးလှ၊ ဖြူဖွေးလှတယ်၊
မြို့ရိုးတွေက လွှရဲ့ သွားတွေပါပဲ၊
သင်္ဘောဟာ  ဆယ့်နှစ်နာရီထိ ကျောက်မီးသွေးကို စားကာ
လတ်ဆတ်တဲ့ ရေကို သောက်နေတယ်၊
သံလွှမ်းထားတဲ့ ဦးပိုင်းကို သင်္ဘောလှုပ်ရှားလာ၊
တစ်နာရီမှာ
သက်ပြင်းရှူ ကျောက်ဆူးတင်ပြီး အပြင်းနှင်းပါရော၊
ဥရောပ သေးသွားတယ်၊ ပျောက်သွားတယ်၊
နှစ်တို့တမျှကြီးမားတဲ့
ရေအစိုင်အခဲကြီးများဟာ ဘေးက ပြေးနေကြရဲ့၊
ငါ့အထက်မှာ ငှက်တွေ၊ ငါ့အောက်မှာငါးတွေ၊
ဝန်းကျင်မှာတော့ ရေ၊
ရက်သတ္တပေါင်းများစွာ မိမိရဲ့ ဗလမောင် ရင်အုံထဲကနေ
(တော်ကြာ အလုပ်ကြိုးစားသူ၊ တော်ကြာ အလွန်အကျွံ အရက်မူးသူ)
အတ္တလန်တိတ် သမုဒ္ဒရာဟာ ညည်းဟိုက်လိုက်
ထစ်ချုန်းလိုက်နဲ့ပဲ၊
'ငါက ဆာဟာရထိ တွားသွားလိုက်ချင်တာ

မောင်တို့ရဲ့။
သွားချေ၊ တံတွေးထွေးချေ
သဘော်တစ်စင်း အောက်မှာလေ။
ငါနှစ်ချင် နှစ်ပစ်နိုင်တယ်။
ငါ ခေါ်ချင် ခေါ်သွားနိုင်တယ်။
ခြောက်ခြောက်ကလေး လာခဲ့ . . .
ငါးဟင်း ကျွေးမယ်။
လူတွေကို ငါ့တို့မလိုပါဖူး -
သေးလွန်းလို့ မစားလောက်ပါဘူး
မထိပါဖူး . . . . ကောင်းပါပြီ . . . .
သွားကြပါစေတော့ -
လှိုင်းများဟာ စိတ်လှုပ်ရှားရာမှာ ပါရဂူတွေပဲ။
ကလေးဘဝကို သတိရစေနိုင်တယ်။ တစ်ချို့ကိုတော့လည်း ချစ်သူ့အသံကိုပေ့ါလေ။
အင်းကျုပ်အဖို့တော့ အလံတွေ လွင့်ထူချင်လာစေရဲ့။
ဟော - စလာပြီ၊ မြည်လာပြီ၊ ထစ်ချုန်းလာပြီ။
ပြီးတစ်ခါ၊ ကြည်လင်လှတဲ့ ရေဟာငြိမ်ကျသွားပြန်တယ်။
ဘယ်သူဘယ်ဝါကိုမှ ယုံမှား ဒွိဟမရှိတော့ဘူး။
ပြီး ဖြုန်းဆို ၊ ဘယ်ဆီကမှန်းမသိ - မာရ်နတ်တော့ သိပေလိမ့် -
နက်ရှိုင်းရာတို့ဆီကနေ ရေ တော်လှန်ရေးကော်မတီ ပေါ်လာတော့တယ်
ပြီးရေစက်ရေပေါက် တပ်ဖွဲ့များ - ငရေ ပါတီဝင်များဟာ
သမုဒ္ဒရာရဲ့ အနက်ထဲက တက်လာကြကာ၊
မိုးထိခုန်ကြ၊ ပြီးပြန်ကျကြနဲ့။
ရေမြှုပ် မင်းဝတ်တန်ဆာကို အပိုင်းပိုင်းဆုတ်ဖြပစ်ကြတော့တယ်။
ပြီး ရေတွေ တညီတညွတ် ပေါင်းစည်းသွားကြကာ

ထင်းရှူးပင်ရိပ်
လှိုင်းကိုထကြွဖို့ ခေါင်းဆောင်ပမာ အမိန့်ပေးလိုက်တော့တယ်၊
လှိုင်းလုံးကြီးလည်း မိုးတိမ်အောက်မှာ အောက်ခြေထိ ပြိုကွဲသွားတယ်၊
အမိန့်စာတွေ ကြွေးကြော်သံတွေကို မိုးလိုရွာချတော့တယ်၊
လှိုင်းတို့လည်း ရေလုံးဆိုင်ရာ ဗဟိုကော်မတီကို သစ္စာဆိုကြတယ်၊
အောင်ပွဲရတဲ့ထိ လက်နက် မချကြပါဘူးလို့၊
ခုတော့ အောင်ပွဲရပြီ - ဆိုဗီယက် ရေစက် ရေပေါက်တို့ရဲ့
အကန့်အသတ်မဲ့ အာဏာဟာ အီကွေတာကို ဝန်းရံထားပေါ့၊
နောက်ဆုံး လှိုင်းတို့ရဲ့ အစည်းအဝေးငယ်များက
ကြီးကျယ်ခမ်းနားတဲ့ လေနဲ့ တစ်စုံတစ်ရာ ဟစ်ကျွေးနေရဲ့၊
အခု သမုဒ္ဒရာဟာ ရေမိုးချိုးပြီးလို့ ပြုံးနေတယ်၊
တစ်ခဏတော့ဖြင့် အေးဆေးငြိမ်းချမ်းစွာ ငြိမ်ကျနေတယ်၊
တန်းပေါ်က ငါကြည့်မိတယ်၊ ကြိုးစားကြ၊ အဆွေတို့ရေ၊
လက်တန်းလွတ် တံတားလို မိုးနေတဲ့ သင်္ဘောလှေကားအောက်မှာ
သမုဒ္ဒရာရဲ့ ကိစ္စနဲ့ပဲ
တစ်စုံတစ်ခုကို ရေ ဒေသစိတ် ကော်မတီက ချေးပြန်နေရဲ့၊
ရေအောက်မှာတော့ အလုပ်ဆန်စွာ ငြိမ်ဆိတ်စွာနဲ့
သန္တာ အဝန်းအဝိုင်း တစ်ခုဟာ နန်းတော်လို ပေါ်ပေါက်လာလေတယ်၊
အလုပ်လုပ်သူ ဝေလငါးမ၊ လုပ်သားကြီး ဝေလငါး၊ ကျောင်းသားရွယ်
ဝေလကလေးတို့အဖို့ ဘဝပိုမိုသာယာအောင်လို့ပဲ၊
လဝန်းကိုလည်း လမ်းပမာ ဆွဲချထားခဲ့ပြီးပြီ၊
ကုန်းပေါ်မှာလို၊ ဝမ်းလျားမှောက် တွားသွားလို့တောင်ရမယ်၊
ဒါပေမယ့်ရန်သူလာမစွက်ပါဖူး၊ ကောင်းကင်ဆီ၊ သတိနဲ့
မျက်တောင်မခတ်ဘဲ၊ အတ္တလန်တိတ် မျက်လုံးက ငေးနေရဲ့၊
လရဲ့ ဆေးရောင်ရဲ့ တောက်ပမှုထဲမှာ အေးစိမ့်လာလိုက်၊

**ရေမြှုပ်ရဲ့ ဒဏ်ရာထဲမှာ ရွှဲရွှဲစိုကာ၊ ညဉ်းတွားလိုက်နဲ့၊**
**ငါကြည့်နေတယ်၊ ကြည့်နေတယ်၊ အမြဲထာဝရ တစ်ပုံစံတည်းပါပဲ၊**
**သင့်ထစ်ချုန်းသံကို အမြဲပဲ ငါ့နားက ထိန်းသိမ်းထားမယ်၊**
**မျက်လုံးထဲမှာ ဝမ်းမြောက်ဝမ်းသာနဲ့ သင့်ကို ထည့်သွင်းထားမယ်၊**
**ကျယ်ပြောရာမှာ၊ အလုပ်မှာ၊ သွေးမှာ၊ စိတ်ဓါတ်မှာ -**
**ငါ့တော်လှန်ရေးရဲ့ နောင်တော်ပါပဲ၊**

ပင်လယ်ရပ်ခြား ခရီးထွက်ခဲ့တဲ့ မာယာကော့ဖစကီးယ်ရဲ့ သမုဒ္ဒရာဖွဲ့ ကဗျာ ဖြစ်ပါတယ်။ သူ့ခေတ် သူ့အခါက ဆိုရှယ်လစ်စနစ်တည်ဆောက်စမှာ ဘာကော်မတီ၊ ညာကော်မတီတွေနဲ့ ရှုပ်ရှက်ခပ်နေတာကို သရော်လိုဟန်လည်းရှိရဲ့။ (မာယာကော့ ဖစကီးယ်ဟာ ကော်မတီတွေ၊ အစည်းအဝေးတွေအကြောင်းကို မကြာခဏ ကဗျာနဲ့ သရော်ဖူးပါတယ်) ဒါပေမယ့် ဟာသဉာဏ်ဖော်ပြီး ခပ်သောသော ကလေး ရေးဖွဲ့သွားရင်းက နောက်ပိုင်းမှာ အလေးအနက် တင်ပြထားတာကို တွေ့ရပါလိမ့်မယ်။

■

## ပါစ်တာနာ့ခ်

ဘောရစ် လီယောနီဒိုဗစ်ချ် ပါစ်တာနာ့ခ်(၁၈၉၀-၁၉၆၀)ဟာ ဖခင် ပန်းချီဆရာ၊ မခင် ဂီတဆရာတို့က မွေးဖွားလာခဲ့သူဖြစ်တယ်။ မော်စကို ဇာတိပါပဲ။ မော်စကို တက္ကသိုလ် ဘာသာဗေဒဌာနမှာ ပညာဆည်းပူးပြီး ဘွဲ့ရခဲ့တယ်။ အဲဒီနောက်မာရဘုဂ် တက္ကသိုလ်မှာ ဒဿနသင်တယ်။ ငယ်စဉ်ကဂီတကိုလည်း သင်ခဲ့ဖူးတယ်။ ၁၉၁၄မှာ မာရဘုဂ်က ပြန်ရောက်လာခဲ့တယ်။ စစ်ကြီးဖြစ်လာတော့ သူ အူရာလ်တောင်တန်းဒေသစက်ရုံတစ်ခုမှာ အလုပ်လုပ်တယ်။ အဲဒီနောက် ပညာရေးဝန်ကြီးဌာနရဲ့ စာကြည့်တိုက်မှာလုပ်တယ်။ သူ့ ပထမဆုံးကဗျာစာအုပ်ကို ၁၉၁၄ခုနှစ်မှာ ထုတ်ခဲ့ပါတယ်။ ဂျာမနီသွားစဉ် ရီလကယ်နဲ့ မိတ်ဆွေဖြစ်ခဲ့ရတယ်။ ၁၉၂၂မှာ 'ငါ့နှမတော် ဘဝ'၊ ၁၉၂၃မှာ 'သိမ်းနဲ့ ပဒေသာသဘော' တို့ကိုထုတ်တယ်။ ပထမ ကမ္ဘာစစ်နောက်ပိုင်းကဗျာဆရာတွေအနက် မာယာကော့ဖစကီးယ်နည်းတူ နာမည်ကြီးလာခဲ့တယ်။ ဒါပေမယ့် သူ့ကဗျာတွေ စိတ်ပိုင်းဆန်လွန်းတယ်။ ဆိုရှယ်လစ်ခေတ်နဲ့ မကိုက်ညီဘူးလို့ သူ့တိုင်းပြည်မှာ အကြီးအကျယ်အဝေဖန်ခံရတယ်။ ၁၉၃၅ ကနေ ၁၉၄၃အထိ ပါစ်တာနာ့ခ်ဟာ ဘာသာခြားစာပေတွေကို ရုရှဘာသာ ပြန်ဆိုနေခဲ့တယ်။ အထူးသဖြင့် ရှိတ်စပီးယားရဲ့ အဆွေးပြဇာတ်တွေကို ဘာသာပြန်ရာမှာ နာမည်ကြီးပါပဲ။ သူ့ 'ဒေါက်တာရှီဗာဂိုတ္တုကို

ဆိုဗီယက် အစိုးရက ထုတ်ခွင့်မပြုခဲ့ဖူး။ နိုင်ငံခြားကိုပို့တော့ ပထမ၁၉၅၇မှာ အီတလီ ဘာသာပြန်အဖြစ်နဲ့ ထွက်လာတယ်။ အဲဒီ ဝတ္ထုအတွက်ပဲ ၁၉၅၈ခုနှစ်မှာ နိုဘယ်ဆု ချီးမြှင့်ခံရတယ်။ ဆိုဗီယက် အစိုးရလို့ ဆုကိုတော့ သွားမယူခဲ့ဖူး။

သူ့ စောစောပိုင်းက ကဗျာတွေဟာ အားလုံးလိုလို သင်္ကေတဝါဒီနဲ့ အနာဂတ်ဝါဒ သဘောတွေ ပါနေတဲ့အတွက် သာမန်စာဖတ်ပရိသတ်က နားမလည် ကြဘူး။ အောက်တိုဘာ တော်လှန်ရေးပြီးတဲ့နောက်မှာတော့ မာယာကော့ဖစကီးယ်က ကဗျာဆရာတွေကို တော်လှန်ရေးကို အလုပ်အကျွေးပြုကြပါလို့ တိုက်တွန်းလာတဲ့ အခါမှာ ပါစ်ကျရနာက်ဟာ အကြောင်းအရာနဲ့ အများနားလည်ရေးကို ကြိုးစားလာ ခဲ့တယ်။ လီနင်အကြောင်းသီကုံးတဲ့ '၁၉၀၅'နဲ့ ၁၉၀၅ တော်လှန်ရေး အကြောင်းရေး တဲ့ 'လျှူတဲ့နန်ရှမစ်'တို့ကို ၁၉၂၆-၂၇ခုနှစ်ဆီက ရေးတယ်။ ဒါပေမယ့်ဒီကဗျာတွေ မှာတောင် လီရိကပုံစံတွေသုံးပြီး ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ကံကြမ္မာဆိုတာကို အလေးပေး ဖေါ်ကျူးထားတာတွေ့ကြရတယ်။ သူ့ဒဿနနဲ့တော်လှန်ရေးအပေါ် သူ့အမြင်ကို တော့ ဒေါက်တာရှီဗာကိုမှာ တင်ပြထားလေရဲ့။

**ဆောင်းည**

**နှင်း၊ မြေပြင်တစ်ခုလုံးမှာ နှင်းကွယ်၊**
**နယ်နိမိတ် အားလုံးမှာပါပဲ၊**
**စာပွဲပေါ်မှာ ဖယောင်းတိုင် ကျွမ်းနေတယ်၊**
**ဖယောင်းတိုင် ကျွမ်းနေဆဲ။**

**နွေအခါမှာ ပိုးဖလံတစ်အုပ်၊**
**မီးလျှံဆီ ပျံလာကြသလို၊**
**နှင်းဖတ်တွေဟာ အုပ်ဖွဲ့**
**ပြတင်းဆီ ပျံလာနေကြသကို။**

**နှင်းမုန်တိုင်းက ပြတင်းမှန်ပေါ်မှာ**
**အဝန်းများ - မြှားများလုပ်ပေးနေရဲ့။**

ထင်းရှူးပင်ရိပ်

စားပွဲပေါ်မှာ ဖယောင်းတိုင် ကျွမ်းနေတယ်၊
ဖယောင်းတိုင် ကျွမ်းနေရဲ့။

တောက်ပနေတဲ့ မျက်နှာကျက်မှာ
မှောင်ရိပ်များ ကျလာတယ်။
လက်ကွေ့ကွေ့များ၊ ခြေကွေ့ကွေ့များ၊
ကံကြမ္မာ ကောက်ကောက်များ။

ဝုန်းခနဲဆို ကြမ်းပေါ်ကို
ဖိနပ်နှစ်ဖက် ကျလာတယ်။
ညဆီမီးက ဖယောင်းစက်များဟာ
အဝတ်ပေါ် မျက်ရည်ယိုကျနေတယ်။

မွဲပြာရောင် - အဖြူရောင် နှင်းမြူထဲမှာ
အားလုံး ပျောက်ကွယ်နေတော့တယ်။
စားပွဲပေါ်မှာ ဖယောင်းတိုင် ကျွမ်းနေတယ်၊
ဖယောင်းတိုင် ကျွမ်းနေတယ်။
ထောင့်ဆီက မီးလျှံကို လေဝင်တိုက်တယ်။
သွေးဆောင်ခြင်း အပူရှိန်ဟာ
တမန်နတ်ပမာ၊ လက်ဝါးကပ်တိုင်သဏ္ဍာန်
တောင်ပံနှစ်ခု ဖြစ်ပေါ်စေတယ်။

ဖေဖော်ဝါရီမှာ တစ်လလုံး နှင်းကျနေတယ်၊
ခဏခဏဆိုသလိုပဲ
စာပွဲပေါ်မှာ ဖယောင်းတိုင် ကျွမ်းနေတယ်၊
ဖယောင်းတိုင် ကျွမ်းနေရဲ့။

**မောင်သာနိုး**

ဆောင်းတွင်းည။ ကဗျာဆရာရဲ့ အခန်းထဲမှာ ဖယောင်းတိုင်လေး ထွန်းထားတယ်။ နှင်းမုန်တိုင်းက အပြင်မှာတိုက်ခတ်နေတယ်။ တော်ကြာ အခန်းထဲ လေဝင်လာပြီး၊ ဖယောင်းတိုင်မီးလေး လုပ်လီလုပ်လဲ့ ဖြစ်သွားရပုံကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။

❖

**ဟဲမလက်**

ဆူသံငြိမ်ပေါ့၊ ငါဇာတ်စင်ပေါ် ထွက်လာခဲ့တယ်၊
တံခါးဘောင်ကို မှီလိုက်ရင်း၊
ငါ့ဘဝမှာ ဘာများဖြစ်လာလေဦးမလဲလို့
အဝေးက ပဲ့တင်သံမှာ ဖွေရှာကြည့်မိတယ်၊

မှန်ပြောင်းတွေအထောင်ထောင်တို့ကနေ
ညရဲ့အမှောင်ဟာ ငါ့အပေါ် လာစုတော့တယ်၊
ဖြစ်နိုင်မယ်သာ ဆိုရင်ဖြင့်၊ အဗ္ဗဖခင်ငဲ့၊
ဒီဖလားကို ငါ့ထံမှ ယူသွားတော်မူပါ၊

သင်ရဲ့ခေါင်းမာတဲ့အစီအစဉ်ကို ငါချစ်ပါတယ်၊
ဒီအခန်းကို ကပြဖို့လည်း ကျေနပ်ပါတယ်၊
ဒါပေမယ့် အခုတခြားဇာတ်တစ်ခုက နေပါတယ်၊

ထင်းရှူးပင်ရိပ်
ဒီတစ်ကြိမ်တော့ဖြင့် ငါ့ကိုခွင့်လွှတ်ပါ။
ဒါပေမဲ့ ပြကွက်တို့ရဲ့ အစဉ်လည်းစဉ်းစားပြီးပြီ၊
လမ်းရဲ့အဆုံးဟာလဲ မလွှဲရှောင်သာပြီဘူး။
ငါတစ်ကိုယ်တည်းပါ၊ အားလုံးဟာ ဖာရီရှဲဘဝမှာ မြုပ်ခဲ့ပေါ့၊
ဘဝကိုဖြတ်သွားရတာဟာ လယ်ထဲလျှောက်ရတာမဟုတ်ဘူးပေါ့။

တစ်တိုင်းပြည်လုံးက ဆိုရှယ်လစ် ဖြစ်နေချိန်မှာ သူ့လိုဘူဇွာ အယူအဆနဲ့ ပုဂ္ဂိုလ်တစ်ဦး အနေရခက်နေပုံကို သီကျူးပြထားတဲ့ ကဗျာပါပဲ။ သင်္ကေတနှစ်ခုကို ပေါင်းစပ်သုံးထားတယ်။ တစ်ခုက ရှိတ်စပီးယားရဲ့ ဟဲမလက်၊ တစ်ခုက လက်ဝါး ကပ်တိုင် တက်ရခါနီး ယေရှုခရစ်။ ဟဲမလက်ဆိုတာ ဒုစရိုက်မှုကြီး (လူသတ် နန်းလုခြင်း) တစ်ခု လုပ်ရခါနီး ချီတုံချတုံ ဝန်လေးနေရသူ၊ ယေရှုခရစ်ကတော့ အဖ ဒေဝသခင်အလိုတော်အရ လူသားတို့ကိုယ်စား ဒဏ်ခံရမှာ မလွှဲမရှောင်သာ ဖြစ်နေတာကို သိသော်လည်း တုန်လှုပ်မိသူ။

ကဗျာကို ဟဲမလတ်က ပြောဟန်ရေးထားတယ်။ တကယ့်ရာဇဝင် ပုဂ္ဂိုလ် ဟဲမလက်မဟုတ်ဖူး။ ပြဇာတ်ထဲမှာ ဟဲမလက်နေရာက ကပြရသူ ဇာတ်ကောင် အနေမျိုးလုပ်ထားတယ်။ ဇာတ်စင်ပေါ် တက်လာတော့ ပွဲကြည့်ပရိသတ်က မှန်ပြောင်းတွေနဲ့ ဝိုင်းကြည့်နေကြတာကို ခံရပြီး သူကပြရမယ့်အခန်းကို ဝန်လေးနေပုံ ညည်းတွားပြီး ဒေဝကို တိုင်တည်လိုက်တယ်။ ဒီနေရာမှာ လေဟာ ဟဲ့မလတ်ကနေ ခရစ်တော်လေပြောင်းသွားတယ်။ သမ္မာကျမ်းစာပါတဲ့အတိုင်း သေရခါနီး၊ အညှဉ်း ဆဲခံရခါနီး ခရစ်တော်က ဒေဝကို တိုင်တန်းပုံအတိုင်း အတိအကျလိုက်ရေးထား တယ်။ အားလုံးစီစဉ်ပြီး ဖြစ်နေမှန်းသိပေမယ့် ဒုက္ခခံရမှာ ဝန်လေးလွန်းလို့ အခုဖြင့် ချမ်းသာပေးပါဦး တောင်းပန်ပုံ။ နောက်ဆုံး အပိုဒ်မှာ ပါစ့်ကျရနာက်က ကွန်မြူနစ် တွေကို 'အုပ်ထည့်'လိုက်တယ်။ ဖာရရှဲဆိုတာ ခရစ်ဆန့်ကျင်သူ ရဟူဒီ မိစ္ဆာဒိဋ္ဌိ လူညာတွေပေါ့။ တစ်ပြည်လုံးဒီ ဒိဋ္ဌိတွေ လက်ထဲရောက်သွားပြီ။ သူတစ်ယောက် တည်း ဖြစ်နေပါပေါ့တဲ့။ နောက်ဆုံးစာကြောင်း 'ဘဝကိုဖြတ်သွားရတာဟာ လယ်ထဲ လမ်း လျှောက်တာမဟုတ်ဘူး'ဆိုတာက ရုသျှစကားပုံပါ။

■

## ယက်ဖတူရှင်ကို

ယက်ဗဂယ်နီ ယက်ဖတူရှင်ကို (၁၉၃၃) ဟာ ဆိုရှယ်လစ်တော်လှန်ရေးဆိုတာ ရာဇဝင်ပြတိုက်ထဲ ရောက်ခါနီးနေချိန်မှာ လူဖြစ်လာရတဲ့ ရုသျှလူငယ်လေး တစ်ဦးပါ။ ဆိုက်ဗီးရီးယား မီးရထားလမ်း နဘေးက ဇီမား ရွာကလေးမှာ မွေးခဲ့တယ်။ အူခရိုင်း၊ ရုသျှ၊ တာရ်တာရ်သွေးမျိုးစုံ နှောနေတဲ့ လယ်သမားမိသားစုမှာ မွေးခဲ့ခြင်း ဖြစ်တယ်။ အဖေက ဘူမိဗေဒသမား ၁၅နှစ်သားလောက်ကပဲ သူဟာ ဘူမိဗေဒ ခရီးတွေမှာ ပါခဲ့ဖူးတယ်။ အားကစားဝါသနာပါတယ်။ စက်ဘီးစီး၊ ပင်ပေါင် ဘော်လုံး ကန်အစုံပါပဲ။ သူ့ ပထမဆုံးကဗျာတွေကို ၁၉၄၉က အားကစားဂျာနယ်တစ်ခုမှာ စတင် ပုံနှိပ်ခဲ့ခြင်းဖြစ်တယ်။ ကဗျာပါရမီကတော့ အဲဒီအလျင်ကတည်းက ထုတ်ဖော် ပြပြီးပါ။ စစ်ကြီးအတွင်းက ကလေးဘဝမှာ ကရုခုန်ရတဲ့အခါ သူကကဗျာတွေ လက်တန်းစပ်နိုင်ခဲ့ပါသတဲ့။ ခုလည်းသူ့ကဗျာအတော်များများကို သီချင်းဖြစ်ဖို့ မရည်ရွယ်ခဲ့ပေမယ့် ဂီတသံသွင်းသီချင်းလုပ် ဆိုနေကြပါပြီ။ မော်စကိုစာပေသိပ္ပံမှာ ဝင်ရောက်သင်ကြားခဲ့တယ်၊ မအောင်မြင်လှဘူး။ ငယ်ငယ်ကတည်းက ကဗျာရေးခဲ့ တာဖြစ်ပေမယ့် အတန်ကြာမှ ရင့်ကျက်လာခဲ့ရသူလည်းဖြစ်တယ်။ သူ့ရဲ့ ပထမဆုံး ကဗျာစာအုပ်ကို ၁၉၅၅မှာ ထုတ်တယ်။ အဲဒီနောက်ပိုင်းမှာ သူ့ကဗျာတွေ ပြောင်မြောက်လာတယ်လို့ ဆိုကြတယ်။ တစ်ပုဒ်ထက်တစ်ပုဒ်လည်း ကောင်းလာ တယ်။ လူလည်း နာမည်ကြီးလာပါတော့တယ်။

ယက်ဖတူရှင်ကိုရဲ့ ကဗျာက ပြည်သူတွေ ဘာတွေ ဘေးချိတ်ပြီး ဆိုရှယ်လစ် တိုင်းပြည်ကြီးတစ်ခုတွင်းကနေ အတ္တကို ရှေ့တန်းထုတ်လာတဲ့ ကဗျာဆရာဆိုတော့ သူ့ကဗျာတွေဟာ တစ်ဖက်က ကျော်ကြားသလို တစ်ဖက်ကလဲ အကြီးအကျယ်ဝေဖန်တိုက်ခိုက်ခြင်းခံရပါတော့တယ်။ သူ့ကိုယ်တိုင်ရဲ့ အထုပ္ပတ္တိကို ရေးဖွဲ့ထားတာဖြစ်တဲ့ 'ဇီမားဘူတာ'ထွက်ပြီး တဲ့ နောက်မှာဖြင့် (၁၉၅၆)သူဟာ ကွန်ဆိုမိုလ်(ကွန်မြူနစ်လူနယ်) အဖွဲ့ကတောင် ယာယီနုတ်ပယ်ခြင်း ခံခဲ့ရတယ်။ ဒီကဗျာဟာ သူ့ရဲ့အရှည်ဆုံးနဲ့ အကောင်းဆုံးကဗျာပါပဲ။ အဲဒီနောက် ၁၉၅၉မှာ နောက်ထပ်ကဗျာစာအုပ် နှစ်အုပ်ထုတ်တယ်။ 'ဇီးမားဘူတာ'လောက် မကောင်းတော့ဘူး။ ဒါပေမယ့် အုပ်ရေ ၂၀,၀၀၀ ရိုက်တာ ချက်ချင်းကုန်သွားပါသတဲ့။ နောက်တစ်အုပ်ထုတ်ပြန်တယ်။ သူတို့လည်း တယ်မစွံကြတော့ပါဘူး။ ငယ်စဉ်က ကဗျာလို အသက်ဝင်နေခြင်း မရှိလှဘူး။

၁၉၆၀ က စပြီးယက်ဖတူရှင်ကိုဟာ ကမ္ဘာလှည့်ခရီးထွက်ခဲ့တယ်။ ပြင်သစ်၊ အာဖရိက၊ အမေရိကန်ပြည်ထောင်စု၊ ကျူးဗား၊ ဗြိတိန် တော်တော်စုံစုံရောက်ခဲ့တယ်။ ဒီလိုနိုင်ငံခြားခရီးထွက်သွားပြီးတဲ့နောက်ပိုင်းမှာ သူ့အတွေ့အကြုံသစ်ရပြီး ကဗျာ ဉာဏ် ရှင်လာထင်ပါရဲ့။ ၁၉၆၂က ထုတ်တဲ့ စာအုပ်မှာပါတဲ့ ကဗျာတွေဟာ အရည်အသွေးတိုးတက်လာတယ်။ စာအုပ်ကိုလည်း အုပ်ရေ ၁၀၀,၀၀၀ ထိ ရိုက်လာရတယ်။ ခု ဆိုယင်တော့ သူဟာ ကဗျာအပြင် စကားပြော ရေးဖို့လည်း ကြိုးစားနေတယ်။ ရုပ်ရှင်ရိုက်ဖို့လည်း စိတ်ကူးနေတယ်။ သူ့ ကဗျာတွေကိုလည်း လိုက်ရွတ်ပြနေရတယ်။

ယက်ဖတူရှင်ကို့ရဲ့ ကဗျာဟာ အသစ်ဆိုရပေမဲ့ ထူးထူးခြားခြား ဖြစ်လောက်အောင် သစ်ဆန်းခြင်း မရှိလှပါဘူး။ အတိတ်ဆီက အမွေကိုလဲ အများကြီး မှီခိုအားထားရပါတယ်။ အတိတ်ကဗျာတွေက ကောင်းတာတွေကို သန့်ယူထားတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီတော့ ၂၀ ရာစုအစက ကဗျာဆရာတွေလို မှုန်ဝါးဝါးဖြစ်တာမျိုးတွေ မတွေ့ရဘူး။ ခေတ်ပေါ်ကဗျာဆရာတွေထဲက သူအနှစ်ခြိုက်ဆုံးက ဘလောက်၊ မာယာကော့ဖစကီးယ်၊ ယယ်ဆယ်နင်၊ ပါစ်ကျရနာက်တို့ဖြစ်ပါသတဲ့။ သူဟာ ဟန်အရာမှာ မာယာကော့ဖစကီးယ်ကို အတုခိုးဆုံးပါပဲ။ ရွတ်လို့ကောင်းတဲ့၊ အားအင်ပါတဲ့၊ စကားပြေဆန်တဲ့ ကဗျာဟန်ဟာ မာယာကော့ဖစကီးယ်ဆီက ရတာပေါ့။ ဒါပေမယ့် ယက်ဖတူရှင်ကိုမှာ သူပိုင်မှုရှိပါတယ်။ သူ့ပင်ကိုအရည်အချင်းရှိပါတယ်။ သူဟာ လူ့အဖွဲ့အစည်းနဲ့စပ်တဲ့ အကြောင်းအရာကနေ သူတစ်ဦးချင်းရဲ့

ပုဂ္ဂလိက အကြောင်းဆီ၊ အများအကြောင်းဟန်ကနေ လိရိကဟန်ဆီကို အားထုတ်မနေရဘဲ မသိမသာကူးပြောင်းသွားပြီး၊ ဒီကွဲပြားနေတဲ့ အချင်းအရာနှစ်ခုကို ကဗျာတစ်ပုဒ်ထဲမှာ ပေါင်းစပ်ပေးနိုင်သူဖြစ်ပါတယ်။

**အပေါ်**

သူလေးဟာ ကြမ်းတမ်းတဲ့ တာရိုးအပေါ် ထိုင်နေတယ်၊
ကြီးလွန်းနေတဲ့ ခြုံထည်လေးကို သားမွေးထုံးလေးနဲ့
ခပ်ဆန်းဆန်း ဦးထုပ်လေးပေါ် ဖြစ်ကတတ်ဆန်း ဆွဲတင်ထားတယ်၊
သူ့မျက်လုံးတွေက မျှော်လင့်ချက်ကင်းမှု မျက်ရေတွေလျှံလို့၊
ရုံဖန်လိပ်ပြာတစ်ကောင် ရထားသံလမ်းပေါ်
ပူနွေးနွေး တောင်ပံလေးတွေ ခတ်ရင်း ဝဲပျံလာတယ်၊
ခြေအောက်က အုတ်ခဲတွေက အရောင်ရင့်လိုက် လက်ပန်းတွေပေ့ါ၊
ဂျာမန်တွေက ရထားကို ထိုးဆင်းဗုံးကြဲရာမှာ
ငါတို့ဟာ ဖွားဖွားတို့နဲ့ အဆက်ပြတ်သွားတော့တယ်၊
ကာတျာတဲ့သူ့နာမည်က၊ အသက်ကကိုးနှစ်၊
သူနဲ့ပတ်သက်ပြီး ငါဘာလုပ်ရမှန်း မသိဘူး၊
ဒါပေမယ့် ဒွိဟကို ချက်ချင်းဖြေရှင်းပစ်လိုက်ရတယ်၊
ဒီဥစ္စာလေးကို ငါ့တောင်ပံအောက် စောင့်ရှောက်သွားရမှာပဲ၊
မိန်းကလေးဆိုတာ တနည်းအားဖြင့်လည်း လူသားပဲလေ၊
လူသားတစ်ယောက်ကို စွန့်ပစ်ထားခဲ့လို့ မဖြစ်ဖူးပ၊
လေထဲက တဝီဝီအသံများ၊ ပေါက်ကွဲသံများလည်း
အဝေးဆီသို့ တဖြည်းဖြည်း လွင့်ပါးသွားတော့တယ်၊
ငါက ကလေးမလေးရဲ့ တတောင်ကို သွားထိလိုက်တယ်
'လာခဲ့၊ ကြားရဲ့လားဟင်၊ မင်းဘာစောင့်နေတာလဲ'
ကမ္ဘာမြေကဖြင့် ကြီးပေရဲ့၊ ငါတို့ကမကြီးကြဘူး၊

ထင်းရှူးပင်ရိပ်
ကမ္ဘာပေါ် ဖြတ်လျှောက်ရတာ ငါတို့အဖို့ ကြမ်းတမ်းဖိခြင်း။
သူ့လေးမှာ ခြေအိတ်ရော သက္ကလတ် ဘွတ်ဖိနပ်ပါ စွပ်ထားတယ်။
ငါက တစ်ပတ်နွမ်း ဘွတ်ဖိနပ် တစ်ရန်စီးထားတယ်
ငါတို့ဟာ ချောင်းတွေကူး၊ တောတွေဖြတ်သွားကြတယ်၊
ငါ့ခြေထောက်ဟာ တစ်လှမ်း လှမ်းလိုက်တိုင်း
ဘွတ်ဖိနပ်ထဲမှာ အငယ်စား တစ်လှမ်း လှမ်းရပြန်တယ်။
'ဟင့် - အင့်' တဲ့၊ 'မောလိုက်တာ'တဲ့ ပြောတော့မယ်။
မကြာခင်ပဲ သူမောတော့မယ်လို့ ငါအတပ်သိနေတယ်၊
ဒါပေမဲ့ တကယ်ဖြစ်လာတော့ မောသူက ငါရယ်။
ရှေ့ဆက်မသွားတော့ဘူးလို့ ငါညည်းတွားလိုက်တယ်၊
ပြီး ဖြုန်းဆိုဝင်းထရုံဘေးနား ထိုင်ချလိုက်တယ်၊
'ဘာ ဖြစ်ရတာလဲ' တဲ့ သူက ဆိုပါတော့တယ်၊
'မမိုက်နဲ့လေ၊ ဘွတ်ဖိနပ်ထဲ မြက်တွေထည့်ပေးလိုက်၊
တစ်ခုခုစားချင်လို့လား၊ ဘာလို့မပြောလဲ၊
ဒီ သံပူးကိုင်ထား၊ အဲဒါပုစွန်လုံးပဲ၊
တို့အစာစားကြတာပေါ့၊ မင်းတို့ကောင်လေးတွေဟာ
အမြဲပဲ သတ္တိကောင်းလေဟန် ဟန်ဆောင်တတ်ကြတယ်'၊
အဲဒီနောက် မိနစ်အနည်းငယ်အတွင်းမှာ ငါဟာစူးရှရှ ရိုးပြတ်လယ်တောကို
သူ့ဘေးနားက လှမ်းယင်း ဖြတ်သွားရတော့တယ်၊
ယောကျ်ားမာနဟာ ငါ့စိတ်ထဲမှ ညည်းတွားနေတယ်၊
ရှိသမျှ ခွန်အားလေးတွေ ဖျစ်ညှစ်ကာ ကြွံကြွံခံယင်း၊
သူ ပြောဆိုမှာကို ကြောက်နေမိတယ်၊ လေတောင်ချွန်မိသေး၊
ငါ့ဘွတ်ဖိနပ်အစုတ်တွေကနေ မြက်စတွေ ထိုးထွက်နေလေရဲ့၊
ဒီလိုနဲ့ ဆက်ကာ ဆက်ကာ

နားနေမယ် စိတ်မကူးဘဲ ငါတို့ရှောက်လာခဲ့ကြတယ်။
မီးတောင်တွေကိုကျော်၊ မီးလျှံတွေဖြတ်
၄၁ ခုနှစ်ရဲ့ လှုပ်ခါနေတဲ့ ကောင်းကင်အောက်မှာ
မီးခိုးတိုင်ကြီးတွေပေါ် အရှူးအမူး ဒယီးဒယိုင် လှမ်းခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရှုခင်းလေး တစ်ခုပါ။ အဲဒီတုန်းက ယက်ဖတူကိုက ရှစ်နှစ် ကိုးနှစ်ရွယ် ကလေးငယ်လေး။ သူ့ အဘွားတွေနဲ့အတူ ခရီးသွားကြခိုက်၊ မီးရထားကို ဂျာမန်လေယာဉ်ပျံတွေ ဗုံးလာကြဲတာနဲ့ ထွက်ပြေးကြရာမှာ အဘွားလုပ်သူများနဲ့ ကွဲသွားတယ်။ ယက်ဖတူရှင်ကိုလေး တစ်ယောက်တည်း လျှောက်သွားနေတုန်း ကလေးမလေးတစ်ယောက်ကို တွေ့ရတယ်။ သူ့နဲ့ရွယ်တူလောက်ပါပဲ။ သနားတာနဲ့အတူ ခေါ်သွားမှပဲဆိုပြီး ခေါ်လာခဲ့တယ်။ ကလေးမလေးတော့ မောပြီးငိုတော့မှာပဲလို့ သူကထင်နေခဲ့တယ်။ တကယ့်တကယ်ကျတော့ ယက်ဖတူရှင်ကိုသာ မောသွားတာမို့ ကလေးမလေးက သူ့ကိုလူကြီးဟန်နဲ့ မာန်မဲတာ၊ ချော့မော့တာ ခံလိုက်ရပုံ။ သူလည်းယောကျ်ားတို့ မာနကြောင့် အောင့်အည်းမာန်တင်းပြီး ကလေးမလေးနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ မနည်းကြိုးပမ်းခဲ့ရပုံကို ချစ်စဖွယ် ရွှင်မြူးဖွယ် ရေးဖွဲ့ထားတဲ့ ကဗျာလေးတစ်ပုဒ်ပါပဲ။

❖

**စောင့်ရခြင်း**

ငါ့ချစ်သူလာလိမ့်မယ်
လက်လေးတွေ ဆန့်တန်းဖွင့်လှစ်လိုက်ကာ ငါ့ကိုဖက်သိုင်းလိမ့်မယ်။
ငါ့ကြောက်စိတ်များကို နားလည်မယ်၊ ငါ့အပြောင်းအလဲတွေကို လေ့လာလိမ့်မယ်။
သွန်းချလာတဲ့ အမှောင်ထဲကနေ၊ ပိန်းပိတ်မှောင်တဲ့ ညထဲကနေ
တက္ကစီတံခါးကိုတောင် ဆောင့်မပိတ်အားတော့ဘဲ
ဆွေးမြေ့နေတဲ့ တံခါးမုတ်ကို ဖြတ်ကာ အပေါ်ထပ်ကိုအပြေးကလေး တက်လာမယ်။
မေတ္တာရယ်၊ မေတ္တာရဲ့ ချမ်းမြေ့မှုရယ်နဲ့ လောင်ကျွမ်းလို့ပဲ။
ရေ တစက်စက်ကျရင်းအပေါ်ကို ပြေးတက်လာမယ်။ တံခါးကို မခေါက်တော့ဘူး။

ထင်းရှူးပင်ရိပ်
ငါ့ဦးခေါင်းကို သူ့လက်ကလေးတွေနဲ့ ပွေ့ယူလိုက်မယ်၊
ပြီးသူ့အပေါ်အင်္ကျီကို ကုလားထိုင်ပေါ် ပစ်ချလိုက်တဲ့ခါ
ကြမ်းပြင်အပေါ်ကို လျှောကျသွားပြီး ပြာလဲ့လဲ့အပုံတစ်ပုံ ဖြစ်သွားလိမ့်မယ်။

ချစ်တဲ့သူ လာမယ်ဆိုလို့ 'မျှော်မျှော်သူ မောရရှာ'တဲ့အကြောင်း ဖွဲ့ကျူးထားတဲ့ ကဗျာတစ်ပုဒ်ဖြစ်ပါတယ်။ ချစ်သူရဲ့ယုယကြင်နာမှု သရုပ်ဟာ လူငယ်တွေအဖို့ စိတ်ကူးယဉ်စရာ ကောင်းပါဘိခြင်း။

❖

မွေးနေ့
အမေ၊ အမေ့သားရဲ့ မွေးနေ့မှာ
အမေ့ကို နှုတ်ခွန်းဆက်ပါရစေ။
အမေက သူ့အတွက် သိပ်ပူနေတာပါပဲ။ ဒီမှာလေ သူ့လျှောင်းရက်၊
ဝင်ငွေက နည်းပါး၊ လက်ထပ်လိုက်တာကလည်း အဆင်မပြေ၊
အရပ်က ရှည်ရှည်၊ ပိန်လို့လည်းလာနေပြီ၊ မုတ်ဆိတ်လည်း မရိတ်ရသေးဘူး၊
အို၊ ဘယ်လို စိတ်ပျက်နေတဲ့ ချစ်မေတ္တာအကြည့်ပါလိမ့်၊
အမေ့ ဒုက္ခအိုးလေးရဲ့ မွေးနေ့မှာ ဖြစ်နိုင်ရင်
အမေ့ကို နှုတ်ခွန်းဆက်ချင်ပါတယ်၊ အမေ၊
ဒီခေတ်အပေါ်မှာ ကြင်နာမှုကင်းစွာ ကိုးကွယ်တာကို
သူအမေ့ဆီက အမွေရခဲ့ခြင်းပါ၊
ယုံကြည်ချက်မှာ ဟိတ်ဟန်များများ၊ ခွကျတတနဲ့
အမေ့ဆီကပဲ ယုံကြည်ချက်ကို သူ့အမွေရတာပါ၊ တော်လှန်ရေးလေ၊
အမေက သူ့ကိုချမ်းသာအောင်၊ နာမည်ကျော်အောင်လည်း လုပ်မပေးခဲ့ဘူး၊
ကြောက်စိတ်ကင်းခြင်းပဲ သူ့ရဲ့ တစ်ခုတည်းအရည်အချင်း၊
သူ ပြတင်းပေါက်တွေ ဖွင့်ပေးလိုက်ပါ၊
သစ်ရွက်ဝေ အကိုင်းအခက်များကြားက တကျီကျီမြည်သံလေးဝင်လာပါစေ၊

သူ့ မျက်လုံးတွေကို နမ်းပြီး ဖွင့်ပေးလိုက်ပါ။
သူ့ ဗလာစာအုပ်ရယ်၊ မှင်အိုးရယ် ပေးလိုက်ပါ။
နွားနို့တစ်ခွက်တိုက်လိုက်ပါ၊ ပြီး သူထွက်သွားတာ ကြည့်နေလိုက်ပါ။

သူ့ အယူအဆနဲ့ ဆိုဗီယက် လူဘောင်မှာ အနေကျပ်နေတဲ့ ကဗျာဆရာရဲ့ ညည်းချင်းဖြစ်ပါတယ်။ မိမိရဲ့ မွေးနေ့မှာ အမေကို တိုင်တည်ဟန် ရေးထားပါတယ်။ ၁၉၅၆က ရေးခဲ့တာဖြစ်လေတော့ သူ့ကိုဝေဖန်စပြုနေကြချိန်ပါပဲ။ ဒါကြောင့် အမေကစိတ်ပူ၊ 'အမေ့ ဒုက္ခအိုးလေး' ဖြစ်နေပါပြီလို့ ရေးတာဖြစ်ပါတယ်။ သူ့ကိုယ်သူလည်း 'ကြောက်စိတ်ကင်းခြင်း'ဆိုတဲ့ တစ်ခုတည်းသော အရည်အချင်း ရှိသူလို့ ကြွေးကြော်ထားတယ်။ တော်လှန်ရေး ယုံကြည်ချက်ကို အမေ့ဆီက အမွေရထား တယ်ဆိုတဲ့အတွက် သူ့အမေကတော့ လူကြီးမိဖတို့တံထွာ 'တက်တဲ့ အစိုးရ တို့အစိုးရ' ဆိုသလို ပြည်သူစားမျိုးဖြစ်ချင်လည်းဖြစ်မယ်။ တော်လှန်ရေး ကာလကကြီးပြင်းခဲ့သူ ဖြစ်လို့မို့ တော်လှန်ရေးကို တကယ်ယုံကြည်သူလည်းဖြစ်နိုင် ပါတယ်။ အခုတော့ အဖွားကြီးခမျာ ဘာမှ နိုင်ငံရေးတွေ ဘာတွေ နားမလည်ရှာ တော့ဘူး။ သားအတွက်ပူတာပဲ ရှိတယ်နဲ့တူပါတယ်။ အဲဒီသားကတော့ သူ ယုံကြည် ရာရေးမှာပဲ၊ ဆက်လုပ် မှာပဲ၊ အမေမပူပါနဲ့တဲ့။ ဒါကိုနောက်ဆုံး စာနှစ်ကြောင်းမှာ ဖော်ပြထားပါတယ်။

**မုသား**

လူငယ်တွေကို မုသားပြောတာ မှားတယ်၊
မုသားကို မှန်ပါတယ်လို့ သက်သေပြနေတာလည်းမှားတယ်၊
ကောင်းကင်မှာ ဒေဝသခင် စံနေတယ်၊
ကမ္ဘာလောက အေးချမ်းပေတယ်လို့ သူတို့ကိုပြောတာ မှားတယ်၊
ခင်ဗျားတို့ ဘာဆိုလိုတယ်ဆိုတာ လူငယ်တွေက သိတယ်၊
လူငယ်တွေဟာ ပြည်သူတွေပဲ၊
အခက်အခဲတွေ မရေမတွက်နိုင်အောင် ရှိနေတယ်ဆိုတာ သူတို့ကိုပြောပြပါ၊
နောင်ဘာဖြစ်မယ်ဆိုတာသာ သိမြင်ခွင့် မပြုလိုပါနဲ့၊

ထင်းရှူးပင်ရိပ်
ဒီ ပစ္စက္ခခေဟ်ကိုလဲ ရှင်းရှင်းလင်းလင်းမြင်ကြပါစေ။
အနှောင့်အယှက်တွေ ရင်ဆိုင်စရာရှိနေတယ် ပြောပြပါ။
ဝမ်းနည်းစရာ ကြုံရတယ်၊ ခက်ခဲစရာ ဖြစ်နေတယ် ပြောပြပါ။
အကျိုးနည်းပါပဲ။ ပျော်ရွှင်ချမ်းသာရဲ့ တန်ဖိုးဟာ
မပျော်ပေဘူးလို့ ဘယ်သူသိလိမ့်လဲ။
ကိုယ်သိမြင်လာတဲ့ အမှားကို ခွင့်မလွှတ်လေနဲ့။
ထပ်ကြော့နေဦးမယ်၊ တိုးပွားနေဦးမယ်၊
နောင်သောအခါများမှာ ငါတို့တပည့်များဟာ
ငါတို့ခွင့်လွှတ်ခဲ့တာကို ငါတို့မှာ ခွင့်လွှတ်ကြမယ် မဟုတ်ပေဘူး။

■

## စာရေးသူနဲ့ ခေါင်းစဉ် အညွှန်း


အင်္ဂလန်ရောက် ဒေါန် ဟွန် ၈၉
အင်နစ်ဖရီ ရေအိုင်ကျွန်း ၁၆၄
အတ္တလန်တိတ် သမုဒ္ဒရာ ၃၇၃
အနောက်လေသို့ တမ်းချင်း ၁၀၈
အပေါ်လီနယ် ၂၆၇-၂၈၀
အဖော် ၃၈၄
အဘိုးအို တစ်ဦးဖို့ စာကြောင်းများ ၁၈၇
အရှက်ဦး ၂၃၁
အရှူး တေး ၃၃
အလောင်းကို ရေဆေးခြင်း ၃၀၈
အလို နေကြာပန်းငဲ့ ၃၁
အလှသို့ တေးသံ ၂၁၂
အာရာဂွန် ၂၈၁-၂၈၅
အိပ်နေသူ ၂၅၆
အဲလိယတ်၊ တောမာစ် စတန်း ၁၇၁-၁၉၂
ဩညီဂင်ရဲ့ ခရီးမှ ကောက်နုတ်ချက် ၃၅၈
Exegi Monumentum ၃၆၀
ကဗျာဆရာရဲ့ အိပ်မက် ၁၁၉
ကဗျာ လက်ဆောင် ၂၄၆
ကိတ်စ်၊ ဂျွန် ၁၂၉-၁၅၉
ကောက်ရိတ်သမ ၄၀
ကူဗလခန် ၆၈
ကိုးလရစ် ၆၅-၇၄
ကျားသစ် ၁၁၃
ကျောင်းက ကလေးများ ကြားမှာ ၁၆၅
ကြေးမုံ ၃၁၁
ခေါမ ကျောက်အိုးဖွဲ့ တမ်းချင်း ၁၃၈
ချစ်ကံခေသူ တေး ၂၇၂
ခြေလှမ်းများ ၂၆၄
ခွဲကြစို့ ၃၃၄
ခွဲခွာချိန် ၇၈

ဂည်ထယ် ၂၈၇-၃၀၅
ဂီတ ၁၁၈
ဂျေ-အဲလဖရဒ် ပရူးဖရောက်ရဲ့ အချစ်သီချင်း ၁၇၅
ဂွန် ကိတ်စ် ၁၂၉-၁၅၉
Green ၂၃၈
ငန်း ၂၄၉
ငါတို့ ချိတက်ပွဲ ၃၇၂
ငါ ဖွဲ့တဲ့ ဒီပေါင်မုန့် ၁၉၆
စပလီးန် ၂၁၈
စပိန် ကချေသည် ၃၁၅
စပိန် ပြည်သူ့ တပ်ဖွဲ့ တေးသံ ၃၂၈
စာရွက်ကို လက်မှတ်ထိုးတဲ့ လက်ဟာ မြို့ကို ဖျက်တယ် ၁၉၈
စောင့်ရခြင်း ၃၈၆
ဆက်သွယ်နေမှုများ ၂၀၉
ဆည်းဆာ ၂၀၀
ဆန် ရာဖေလ် ၃၂၄
ဆောင်းည ၃၇၈
ဆောင်းလမ်း ၃၅၆
ဆိုက်ဗီးရီးယားသို့ ၃၅၄
ဆွန်းနတ် ၁၃၆
ညဥ့်သို့ ၉၇
ညနေကြယ်သို့ ၂၇
ညလို လှသူ ၈၀
တစ်ဆယ့်နှစ် ၃၆၃
တတိုင်းမွှေးပန်းသို့ တမ်းချင်း ၃၃၉
တမ်းချင်း (မသေခြင်းတရား) ၄၆
တေး ၂၉
တောက်ပတဲ့ ကြယ်လေး ၁၅၇
တို့ နောက်ကို မလည်ကြတော့ဘူးကွယ် ၉၂
ဒီလန် တောမာစ် ၁၉၃-၂၀၃
ဒဲဖဒီလ ၄၄
နီတိ ကဗျာများ ၃၀၁
နေရှုဒါ ၃၃၆-၃၄၅
နိုက်တင်ဂေးလ်သို့ တမ်းချင်း ၁၄၇
ပင်လယ်နားက သီချင်း ၂၅၈
ပရူးဖရောက်ရဲ့ အချစ်သီချင်း ၁၇၅
ပရောမိသယပ်စ် ၁၂၀
ပရောမိသယပ်စ် (ဂည်ထယ်) ၂၉၁
ပါစ်ကျရနာက် ၃၇၇-၃၈၁

ပီတိနဲ့ ဆန္ဒ ၂၉၈
ပုသျှကင် ၃၅၃-၃၆၁
ပြတ်ရတဲ့ ဂီတ ၃၂၃
ပွဲတော် ၂၇၀
ဖယက်စတာရဲ့ ညနေခင်း ၃၄၈
ဖျားတဲ့ နှင်းဆီ ၃၂
ဗယ်ရလန်း ၂၃၄-၂၄၃
ဗာလေရီ ၂၅၄-၂၆၆
ဘလိတ်၊ ဝီလျံ ၂၅-၃၅
ဘလောက် ၃၆၂-၃၆၈
ဘိုင်ရွန် ၇၅-၉၃
ဘို့ဒလယ် ၂၀၅-၂၂၀
မာဂုတ္တိ့ရဲ့ ခရီး ၁၈၉
မာယာကောဖ်စကီးယ် ၃၆၉-၄၇၆
မာလာမေ ၂၄၄-၂၅၃
မာ့ဒ်မွဇလ် မာလာမေရဲ့ နောက်ယပ်တောင် ၂၅၁
မိတ်ဆွေစစ် ၂၉၈
မုသား ၃၈၈
မိုးဆွေငှက်သို့ ၁၀၀
မျှော်လင့်ခြင်းဟာ ကောက်ရိုးတစ်စလို ၂၄၂
မြောက်အမေရိကသို့ ၃၄၂
မွေးနေ့ ၃၈၇
ယက်ဖတူရှင်ကို ၃၈၂-၃၈၉
ယိတ်စ်၊ ဝီလျံ ဘတ္တလာ ၁၆၀-၁၇၀
ရိလကယ် ၃၀၆-၃၁၇
ရဲန်ဘိုး၂၂၁-၂၃၃
ရောမ ညည်းချင်းများမှ ၂၉၅
ရှယ်လီ ၉၄-၁၂၈
ရှိလုံး ရဲတိုက်ဖွဲ့ ၈၂
လဆုတ်ရက် လ ၁၁၉
လရောင် ၂၃၆
လသာဆောင် ၂၁၅
လသို့ ၁၁၈
လာ ဘဲလ် ဒမ် ဆောန် မဲရစီ ၁၄၃
လီယိုပါဒီ၃၄၇-၃၅၀
လူစီ ၄၂
လော်ရကာ ၃၁၉-၃၃၅
လိုင်းလက်များနဲ့ နှင်းဆီများ ၂၈၂
လွင်ပြင်ရဲ့ အဆုံးမဲ့ ၂၄၀

လှပတဲ့ ခေါင်းနီနီ ၂၇၅
ဝဒ်စဝသ်၊ ဝီလျံ ၃၆-၆၄
ဝါတာလူး ၈၃
ဝီလျံ ဘလိတ် ၂၅-၃၅
ဝီလျံ ဝဒ်စဝသ် ၃၆-၆၄
သတိရခြင်း ၂၂၄
သနားစရာ့ ဆူဇန်ရဲ့ စိတ်ကူး ၃၈
သို့ ၁၁၇
ဟဲမလက် ၃၈၀

## *Index of authors and titles*


*Ah! Sunflower* 32
*Among School Children* 165
Apollinaire 267-280
Aragon 281-285
*Atlanticheskiy Okean* 373
*Aube* 231
*Aus den Romischen Elegien* 295
*Autre Erentail* 251
Baudelaire 205-220
Blake, William 25-35
Blok 362
*Bright Star, Would I were Stedfast* 157
Byron 75-93
*Castle of Chillon* 82
*Clair de lune* 236
Coleridge 65
*Correspondances* 209
*Daffodils* 44
*Dans l'interminable* 240
*Der Panther* 313
*Despedida* 334
*Don du Poemė* 246
*Don Juan in England* 89
*Dvenadtsat 363*
Dylan Thomas 193-203
*El concierto Interruppido* 323
Eliot, T.S. 171-192
*Epigramme* 301

*Exegi monumentum* 360
*Fête* 270
*Gamlet* 380
Goethe 287-305
*GREEN* 238
*Hymn a la Beautie* 211
*Journey of the Magi* 189
Keats 129-159
*Kubla Khan* 68
*La Belle Dame Sans Merci* 143
*La dormeuse* 256
*La Jolie Rousse* 275
*La Sera del dì di festa* 348
*Le Balcon* 215
*Le chanson du mal-aime* 272
*Le cimetiere marin* 258
*Leichen-wasche* 308
Leopardi 347-350
*Les lilas et les roses* 272
*L'espoir lui comme un brin de Paille* 242
*Les Pas* 264
*Le veritable ami* 290
*Le vierge, le vivace* 249
Lorca 319-335
*Lines to an Old Man* 187
*Lucy* 42
*Mad song* 33
Mallarmé 244-253
Mayakovsky 368-476
*Memoire* 224
*Moya lyubimaya priyedet* 386
*Music* 118
*Nash* Marsh 372
*Ne nado govorit nepravdu detyam* 388
Neruda, Pablo 336-345
Norteamerica 342

*Oda a Magnolia* 339
*Ode on a Grecian Urn* 138
*Ode (on Immortality)* 46
*Ode to a Nightingale* 147
*Ode to the West Wind* 108
*On a Poet's Lips I* Slept 119
Pasternak 377-381
*Pozdraviyayu vas, Mama*`387
*Prometheus* 120
*Prometheus* (Goethe's) 291
Pushkin 353-361
*Reverie of poor Susan* 38
Rilke 306
Rimbaud 221-233
*Romance de la Guardia Civil Española* 328
*San Rafael (Cordoba)* 324
*Selige Sehnsucht* 298
*She Walks in Beauty, Like the Night* 80
Shelly 94-128
*Song* 29
*Sonnet* 136
*So, We'll Go No More A Roving 92*
*Spanische tanzerin* 315
*Spiegel* 311
*Spleen* 218
*Sputnitsa* 384
*The Bread I Break* 196
*The Hand that Signed the Paper Felled a City* 198
*The Lake Isle of Innisfree* 164
*The Love Song of J. Alfred Prufrock* 175
*The Reaper* 40
*The Waning Moon* 119
*To* 117
*To a Skylark* 100
*To Night* 97
*To the evening star* 27

*To the Moon* 118
*Twilight* 200
Verlaine 234-243
*Vo glubine Sibirskih rud* 357
*Waterloo* 83
*When we two parted* 78
Wordsworth, William 36-64
Yeats 160-170
Yevtushenko 382-389
*Zimnyaya doroga* 356
*Zimnyaya noch* 378

"ကျွန်တော့် အတွေ့အကြုံအရ ကဗျာဝါသနာပါသူ တစ်ယောက်ကို အမြင်နဲ့ ခံစားမှု ပြောင်းလဲသွားစေသော စာအုပ် တစ်အုပ်ကို ပြပါ ဆိုလျှင် ဆရာ မောင်သာနိုး၏ **ထင်းရှူးပင်ရိပ်**ကို ပြသမိမည် ဖြစ်ပါသည်။ ကဗျာနောက်ကို တကောက်ကောက် လိုက်နေချိန်တွင် **ထင်းရှူးပင်ရိပ်**ကို တွေ့လိုက်ရခြင်းသည် အဝေးပြေးလမ်းမကြီးကို တွေ့မြင်လိုက်ရသလိုမျိုးပင် ဖြစ်ပါသည်။ ရှုလေတိုင်း တစ်မျှော်တာစ်ခေါ် . . .။

"သတ္တမတန်း သို့မဟုတ် အဋ္ဌမတန်းလောက်တွင် **ထင်းရှူးပင်ရိပ်**ကို ကျွန်တော် ဖတ်ဖြစ်ခဲ့သည်။ ထိုစာအုပ်ကို ကျောင်း စာကြည့်တိုက်မှ ငှားရမ်းခဲ့စဉ်က ဘာစာအုပ်မှန်းပင် မသိခဲ့။ စာအုပ်အမည်ကို သဘောကျ၍ ငှားရမ်းခဲ့ခြင်း ဖြစ်သည်။ **ခေတ်ပေါ် ကဗျာဆရာတွေအပေါ် ဩဇာ ကြီးမားလှသော စာအုပ် တစ်အုပ်** ဟူ၍ကား ထိုစဉ်က မသိခဲ့ပါ။ ဖတ်လေ . . . ဖတ်လေ . . . အံ့ဩလေ . . . နှစ်သက်လေ . . . နားမလည်လေ . . . ဖြစ်ပါသည်။ ကျွန်တော်တို့အတွက် ထိုသို့သော စာအုပ်မျိုး အမှန်တကယ်ပင် လိုအပ်ပါသည်။"

လူငယ် ကဗျာဆရာ နေမျိုး၊
"၂၀ ရာစု အထူးခြားဆုံး စာအုပ်"မှာ

၄၀ ၊ က ၊ သံလွင်လမ်း ၊ ဗဟန်း ၊ ရန်ကုန်မြို့။
ဖုန်း – ၅၃၈၁၆၄ ၊ ၅၂၄၁၆၇ ၊ ၅၃၉၇၃၇ ။